


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# မဟာရာ(လှိုင်ကော်)

## နောင်လေတဲ့ငွေပိုးမျှင်


တာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၀၉၁၀၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၂၆၉၁၁၁၀

၂၀၁၁ ခုနှစ်၊ မတ်လ

ဒုတိယအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... [illegible]၊ ဝေဘာနာစာပေ
အမှတ်(၅၉)၊ ၁၅-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်ဆိုင်(၅၅၇၃)၊ ဝေဘာနာ-OFFSET
အမှတ်(၅၉)၊ ၁၅-လမ်း၊ ရန်ကုန်။

၈၉၅.၈၃

မဟာရာ(လှိုင်ကော်)

နောင်လေတဲ့ငွေပိုးမျှင်/မဟာရာ(လှိုင်ကော်)-ရန်ကုန်။

ဝေဘာနာစာပေ၊ ၂၀၁၁။

[illegible] - စာ၊ ၁၂×၁၈ စင်တီ။

(၁) နောင်လေတဲ့ငွေပိုးမျှင်



### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပြဋ္ဌာန်းပေါ်ပေါက်လာရေး
- ပြဋ္ဌာန်းပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်၌သာ ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


www.burmeseclassic.com

www.burmeseclassic.com







# မဟူရာ (လှိုင်ကော်)


## နှောင်းလေတဲ့ နွေမိုးမျှင်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ကျေးဇူးတင်လွှာ


ဆေးပညာရပ်နှင့် ပတ်သက်၍ ရှင်းလင်းပြောပြပေးသော ဆရာမဒေါက်တာဒေါ်ခင်စည်သူအား စာရေးသူမှ များစွာ ကျေးဇူးတင်ရှိအပ်ပါသည်။

မဟူရာ(ရွှေမိုင်ကော်)

www.burmeseclassic.com

www.burmeseclassic.com









ထပ်ထပ်ရစ်တည်
ပိုးငွေချည် သူလေ ရစ်လေတော့
မြန်နိုင်ပေါ့ နှလုံးတွင် ...။

သံမဏိမျှင်
သူ နိုင်ချင်မှ နိုင်လေမယ်
ငွေပိုးသွယ် ထပ်ထပ်နွယ်လျှင်ဖြင့်
ရုန်းမဖြစ်တယ် ...။

ချစ်သခင် ပိုးမျှင်လေးလိုပဲ
တစ်သက်တွင် ရစ်တွယ်ရှေးနိုးဆဲပေါ့
တရွရွ တငင်ငင်
သူလေလျှင် ရစ်ချည်စွမ်းပေရဲ့

ဪ ...
နှောင်လေတဲ့ ငွေပိုးမျှင် ...။



www.burmeseclassic.com

www.burmeseclassic.com





ဥယျာဉ်မှူးဖြစ်သော အဘက ပြောဖူးသည်။

မိန်းကလေးဆိုတာ ပန်းကလေးတစ်ပွင့်နှင့် တူသည်တဲ့လေ။

ဝတ်မှုန် ... ဝတ်လွှာ ... ထုံနံ့သာနှင့် နူးညံ့သိမ်မွေ့သော အလှတရားများစွာသည် ပန်းပွင့်လေးတွေမှာ ရှိသည်တဲ့။

သိမ်မွေ့နူးညံ့ခြင်း၊ လှပနွဲ့နှောင်းခြင်းများဖြင့်ရှိသော မိန်းကလေးသည် ပန်းကလေးတစ်ပွင့်နှယ် နုနုထွေးထွေး လန်းလန်းဆတ်ဆတ်ဖြင့် အမြင်တင့်တယ်စွာ ရှိတတ်ချေသည်တဲ့။

အဘ ပြောသည့်နှယ်ဆိုလျှင် ...

ခင်မွေ့သည်လည်း ပန်းလေးတစ်ပွင့်ပဲလေ။

သို့ပေမဲ့ ...

အမည်နှင့် လိုက်ဖက်စွာ ပူပြင်းလောင်မြိုက်သော ဘဝကို ပိုင်ဆိုင်ရပါသည့် ခင်မွေ့သည် ပန်းလေးတစ်ပွင့် ဖြစ်လျှင်သော်မှ အမှီအတွယ် မရှိလျှင်မဖြစ်သည့် ပန်းပွင့်လေးသာ ဖြစ်မြဲမည်။

သစေင်နှယ် ...။ သစ်ခွနှယ် ...။ စိမ့်ကြီးမြိုင်ယံတွင် သစ်ပင်မြင့်မြင့်များ၌ တွယ်ကပ်မှီတွယ် ပေါက်ရ ပွင့်ရပါသည့် အမှီအတွယ်ကို အားပြုရပါသော ပန်းမျိုးသာလျှင် ဖြစ်မြဲမည်။

www.burmeseclassic.com

www.burmeseclassic.com



မိုမိုအားထားရာ သစ်ပင် သစ်ခက် မရှိသည်နှင့် ခြေဖြင့်လျှောက်ရှုံးခြောက်ရချေမည့်အဖြစ်။

တကယ်တော့ ... ခင်မွှေးသည် မိမိခြေဖြင့် မိမိရပ်တည်ရှုန်းကန်နိုင်စွမ်း မရှိပါသည့် မိန်းကလေး။

ဘာဆိုဘာမျှ မြင်နိုင်စွမ်း မရှိပါသည့် မိန်းကလေး။

မျက်မမြင်ဟူသော အမည်သတ်မှတ်မှု အောက်ဝယ် အမှောင်ကို အဖော်ပြုရပါသည့် မိန်းကလေး။

သည့်အတွက် ...

ခင်မွှေးသည် သစ်ခွလေးတစ်ပွင့်နှင့်တူသည့် မိန်းကလေး။

သစ်ပင်တစ်ခက်နှင့်တူသည့် မိန်းကလေးဟု ဆိုရပါချေမည်။

❋ ✱ ❋



# ၁

"ပိုင် ... ငါတို့အိမ်ကို ရောက်လာတဲ့ မာလီဦးဘညွန့်ဆိုတာမှာ သမီးတစ်ယောက် ပါတယ်ကွ"

ဤနေ့တွင် ဥယျာဉ်မှူးအသစ် ရောက်လာမည့်ဆိုတာတော့ ပိုင်သန့် သိထားသည်။

မနေ့ညနေ ထမင်းဝိုင်းမှာပဲ ဖေဖေ ပြောပြခဲ့သည်ပဲ။

အိမ်မှာရှိသည့် လူဟောင်းဥယျာဉ်မှူး ဦးဆောင်းက ရွာပြန်သွားသည်။

ခြံကျယ်ကျယ်၊ ပန်းတွေကလည်း များများမို့ ဥယျာဉ်မှူးဆိုတာ မရှိမဖြစ်သည်မို့ ဥယျာဉ်မှူးအသစ်တစ်ယောက် ဖေဖေ ရှာနေခဲ့သည်။

ဖေဖေ့မိတ်ဆွေတစ်ယောက်၏ အဆက်အသွယ်ဖြင့် ဥယျာဉ်မှူး အသစ်တစ်ယောက် ရခဲ့ပြီဟု ဖေဖေ မနေ့က ထမင်းဝိုင်းမှာ မေမေ့ကို ပြောနေတာ ပိုင်သန့် ကြားခဲ့ရပြီးပြီ။

စနေနေ့ ကျောင်းပိတ်ရက်မို့ သူငယ်ချင်းတွေနှင့် စာသင်ကျောင်း ဘောလုံးကွင်းထဲမှာ မိုးထဲရေထဲ ပေရေနေအောင်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးကန်ပြီး ပြန်လာသည့် ပိုင်သန့်ကို ပန်းခြံရေငုတ်တိုင်တွင် ခြေဆေးနေနိုက် နိုင်သန့်က လာပြောခြင်းပါ။ ပေရေနေတာတွေနှင့် အိမ်ထဲဝင်လျှင်ဖြင့် မေမေ အရမ်းဆူမှာ သေချာသည်မို့ ပိုင်သန့် ဘောလုံးကန် ပြန်လာတိုင်း ခြေလက်တွေ သေချာဆေး၊ အိမ်ထဲဝင် အခြမ်းဆုံး ရေချိုးခန်းထဲပြေး၊ ရေမိုးချိုးရမည့် တာဝန်တွေက အစီအရီ ရှိနှင့်နေပြီ။

"မင်းက မနက်ကော်ဖီသောက်ပြီးတာနဲ့ ဘောလုံးပြေးကန်တာပဲ၊ နေ့လယ်စာတောင် ဒီလောက် နောက်ကျမှ လာစားရလား"

ပိုင်သန့် ပြုံးသည်။ နိုင်သန့်ကတော့ ဒီလိုပါပဲလေ။ အစ်ကိုဖိဖိ ဆရာလုပ်ရတာကိုလည်း ဝါသနာကြီးသည်။ ပြီးတော့ ယောကျ်ားလေးပေမယ့် ဘောလုံးကန်တာမျိုးမရှိ၊ အဝတ်သန့်သန့်ဝတ်၊ ကြွကြွရွရွနေ၊ စာအုပ်တစ်အုပ်ကိုဖတ်။ မျက်မှန်ထူကြီးပါကြောင့် စာစာတာပ်ဖြစ်တာဟု ပိုင်သန့် တွေးသည်။

လူကလည်း ပိန်သေးသေး၊ အရပ်က ရှည်ချင်သေးသည်။

"ကိုနိုင် အဲလိုနေလို့ ဒီလို ပိန်ပိန်ရှည်ကြီးနဲ့ ငှေါင်နေတာ၊ ပိုင့်ကိုကြည့် ... ဗလနဲ့ ဘာနဲ့"

အားကစားသမားကြီးဟန်ဖြင့် ပိုင်သန့် ပြော၏။

အသက်က တစ်ဆယ့်လေးနှစ်ပဲ ရှိသေးသည်။ အသက်ထက်စာလျှင် ပိုင်သန့်က ပို၍ထွားချင်နေသည်။ ပိန်ရှည်ကြီး နိုင်သန့်က တစ်ဆယ့်ခြောက်နှစ်အရွယ် ဆိုပေမယ့် ပိုင်သန့်ထက် အငယ်ဟု ထင်ရလောက်သည်။



မနေ့ကကတည်းက ဘောလုံးကွင်းထဲ ရောက်နေသည့် ပိုင်သန့်ထက်စော၍ ဥယျာဉ်မှူးအသစ်ကို နိုင်သန့် တွေ့ဖြစ်ခဲ့သည်။ အိမ်မှာ နိုင်သန့်က ရှိနေခဲ့သည်ကိုး။

ဦးအုညွန့်ဟူ၍ အမည်သညာ မှတ်သားလျက် နိုင်သန့် ကိုယ်တိုင် ညီဖြစ်သူကို တကူးတက လာပြောနေသည်မို့ ဤဥယျာဉ်မှူး ရောက်ရှိလာသည့်အဖြစ်ကို နိုင်သန့် အတော်ကြီး စိတ်ဝင်တစား ရှိနေသည်ဟု ပိုင်သန့် သိနေသည်။

"ကောင်မလေးက ဆယ့်နှစ်နှစ်လောက် ရှိပြီကွ၊ ဖြူဖြူသေးသေးလေး၊ အဲဒါ ကန်းနေတယ်တဲ့ အကန်းတဲ့"

ပိုင်သန့် ခြေလက်ဆေးနေရာမှ ဆတ်ခနဲ မော့ကြည့်လိုက်မိသည်။

နားထဲတွင် ဆန်းနေသည်။ အကန်းဆိုသော စကားကလည်း နင့်သီးလွန်းနေသလို ခံစားရ၏။

"ဒီတိုင်း ကြည့်လို့ကတော့ အကန်းလို့ မထင်ရဘူးကွ၊ မေမေက ဒီလို အကန်းပါလာတာကို သိပ်မကြိုက်ချင်ဘူး၊ ဖေဖေက မေမေ့ကိုပြောတယ်၊ အိမ်မှာလိုတာ ဥယျာဉ်မှူးပဲတဲ့၊ ဒီကလေးကို သူ့အဖေက တာဝန်ယူထားတာပဲတဲ့၊ ဘာတာဝန်မှ သိရှိငြိမ် အတွက် တာဝန်ပိုမလာပါဘူးတဲ့"

နိုင်သန့် ပြောနေသမျှ သူ ငြိမ်၍ နားထောင်သည်။ ကောင်မလေးကို သူ မမြင်ရသေး။

ဒါပေမဲ့ မျက်မမြင်လေးအဖြစ် ကရုဏာဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေက မေမေ့လိုမဟုတ်၊ နည်းနည်း ပစ္စည်းဂုဏ် ပြချင်သည်။ မိဘမျိုးရိုးအလိုက် ချမ်းသာလာခဲ့သည်မို့လည်း မေမေ စိတ်ထက်တာကို အပြစ်ပြောရှုလည်း မရပါ။

အရာရာ လိုတရခဲ့သည်ပဲလေ။

ဖေဖေကျတော့လည်း လူချမ်းသာထဲကပဲ ဖြစ်နေသည်မို့ မေမေ့ဩဇာသည် အဖေအပါးတို့အပေါ် ပို၍ညောင်းခဲ့သည်။

ပွဲစားအလုပ်ကို လုပ်သည်ဆိုခြင်းက ဝါသနာကြောင့်ရော၊ ရတနာတွေကို အမြဲထိတွေ့လုပ်ကိုင်ရသည့် အလုပ်မို့ရော မေမေ ပျော်နေခြင်းပါ။

ဖေဖေကတော့ မိဘလက်ငုတ် ဆီစက်၊ ဆန်စက်နှင့် ပွဲရုံအလုပ်ဖြင့် မအားမလပ် ရှိတတ်သည့်သူ၊ စိတ်ထားပြည့်ဝသူ။ ဒါကြောင့်မို့ ဉယျာဉ်မှူးကြီး၏သမီး မျက်မမြင်လေးအတွက် ဖေးဖေးမမ ပြောပေးတာဖြစ်မည်။

ဖြူဖြူပိန်ပိန်နှင့်ရှိသော နိုင်သန့်က မေမေ့လိုစိတ်မာတ်မျိုး။ ချမ်းသာသူမှ ဆက်ဆံချင်သည့်သူ။

ပိုင်သန့်ကတော့ အသားညိုညို ထွားထွားမြင့်မြင့်နှင့် ဖေဖေနှင့် ရုပ်ချင်းတူသလို စိတ်ချင်းလည်းတူသည်။

"အကန်းလေးတစ်ယောက် အိမ်မှာရှိတာကို မေမေက မကြိုက်ဘူးကွ၊ မီးရေး ထင်းရေးဆိုတာ အန္တရာယ်ရှိတယ်တဲ့၊ အဲဒါ ဦးဘညွန့်က ချက်ရေးပြုတ်ရေးကိစ္စ သူ့အိမ်က မီးဖိုချောင်ကို သူပဲလုပ်မှာပါလို့ ပြောတာ ပါကြားခဲ့ရတယ်၊ အဲဒီတော့မှ ခေခ သဘောတူလိုက်တာ"



ဧြလက်ဆေးခြင်းကိစ္စ ပြီးပြီမို့ ပိုင်သန့် ရေငုတ်တိုင်မှခွာသည်။

ပန်းကိုအလှကြည့်ရုံ၊ အလှခံစား ကြည်နူးရုံသာ ကြည့်တတ်ပြီး ၁န်းကို မပြုစုတတ်သည့် ဤအိမ်မှာ ဉယျာဉ်မှူးဆိုတာ မရှိမဖြစ် လိုအပ်နေသည်ပဲလေ။

မေမေက ဉယျာဉ်လှလှ ပိုင်ဆိုင်သော အိမ်ကြီးရှင်အဖြစ် မိတ်ဆွေများအလယ်တွင် အရမ်းဂုဏ်ယူချင်တတ်တာလည်း ပိုင်သန့် အသိ။

"မိုက်ဆာပြီကွာ၊ ငါ ရေပြေးချိုးဦးမယ်"

အိမ်ထဲ ပိုင်သန့် ပြေးဝင်ခဲ့သည်။

ရေချိုးခန်းနှင့် အိမ်သာက အိပ်ခန်းနှင့်တွဲလျက်ရှိသည်မို့ အခန်းထဲ တောက်လျှောက်ပြေးဝင်သည်။

အခန်းတံခါးကို ချက်ချပိတ်လိုက်ပြီး ရေမချိုးသေးဘဲ ခုတင်ပေါ် ပစ်လှဲလိုက်ရင်း ကျောနှင့်ခါးကို ဆန့်သည်။

ခြေထောက်နှစ်ဖက်လုံးကို တွဲလွဲချထားလျက် ခုတင်ကို ကန့်လန့်ဖြတ် လှဲနေရင်း ကွေးရျိုဆန့်ချိနှင့် ခြေထောက်ကို အညောင်းဖြေလိုက်သေးသည်။

"အကန်း ... အကန်းတဲ့၊ သနားပါတယ်"

သူ ခပ်တိုးတိုးပြောလိုက်မိလျက် လက်နှစ်ဖက်ကို ခေါင်းအောက်လျှို၍ ပက်လက်လှဲနေမိသည်။ စိတ်ထဲတွင် ရေမချိုးသေးဘဲ ကောင်မလေးကို သွားကြည့်ချင်စိတ် ပေါ်လာသည်မို့ ပုခိုးကောက်ဝတ်လိုက်ပြီး နောက်ဖေးဘက်တံခါးမှ ထွက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပိုင် ... ထမင်းစားတော့မလို့လား"

ထမင်းချက် ဒေါ်မိကို လက်ကာပြပြီး ...

"ဟူး ... ပိုင် ရေမချိုးရသေးဘူး၊ ရေမချိုးဘဲ ထမင်းအုပ်ရင် မေမေ ဆူလိမ့်မယ်၊ ခဏမှ စားမယ်၊ မေမေ အပေါ်ထပ်မှာ မဟုတ်လား"

"အပြင်သွားမလို့တဲ့၊ ပိုင်လေး ပြန်မရောက်လို့ စောစောက ဆူနေတယ်၊ ဟုတ်လည်း ဟုတ်ပါရဲ့ ပိုင်လေးရယ်၊ မနက်ကတည်းက ထွက်သွားလိုက်တာ ခုမှ ပြန်လာရသလား"

နေ့လယ်စာစားချိန်ကို ကျော်ပြီးမှ ပြန်လာသည်မို့ ဒေါ်မိ မဆူသာ ဆူသာလေး ဆူမိသည်။ ပိုင်လေးကိုတော့ ဒေါ်မိ ချစ်သည်မှာ အမှန်။

အစဉ်အမြဲ တက်ကြွဖျတ်လတ်လျက် ရွှင်ကြည်နေသည်မို့ ပိုင်လေးကို ဒေါ်မိ ချစ်သည်။

စိတ်သဘော မနောကလည်း ကောင်းသည့် ပိုင်လေး မဟုတ်ပါလားလေ။

"ပိုင်လေး ... အခု ဘယ်သွားမလို့လဲ"

နောက်ဖေးဘက် တံခါးကို ခြေလှမ်းပြင်နေသည့် သူ့ကို မေးလာတော့ ...

"ဟိုကောင်မလေး သွားကြည့်မလို့ ခဏ ... ခဏ"

ဦးဘညွန့် သမီးလေးကို သွားကြည့်မယ်ဆိုတာ ဒေါ်မိ သိလိုက်သည်။



"အေးဟယ် ... ကောင်မလေးက ဖြူနုနုလေးရယ်၊ ရုပ်ကလေးကလည်း ချောလိုက်တာ၊ ကြီးလာရင် အတော်ချောမယ့်ကလေး၊ ဒေါ်မိဖြင့် သနားမိပါရဲ့ဟယ်"

ဒေါ်မိ ပြောနေဆဲမှာပင် နောက်ဖေး မီးဖိုချောင်တံခါးမှ လှေကားသုံးထစ်ကို လွှားခနဲ ကျော်၍ဆင်းပြီး ခပ်လှမ်းလှမ်းမှ သစ်သားတန်းလျားလေးဆီသို့ သူ လျှောက်ခဲ့သည်။

မိုးများမှိုင်းအုံ့နေသောနေ့တွင် ဤမိန်းကလေးသည် သီရိဂြိမ်သို့ စတင်ရောက်ရှိခဲ့သည်။

စိုစွတ်နေသော မြေပြင်တိုနင်းလျက် ခြေလှမ်းသွက်သွက်ဖြင့် သူ လျှောက်ခဲ့ပါ၏။

❀ ✱ ❀

www.burmeseclassic.com

www.burmeseclassic.com



## ❀၆ ၂ ၆❀

"တစ်ပြား နှစ်ပြား၊ လင်ပန်းပြား
ပြားလန်းစက္ကူ၊ ဖလံဖြူ၊ ပိုးချွေကြက်တူ
ပလုပလဲ ပိုးတောင်တဲ
ဒဲရင်ကောက်၊ နို့ရေသောက်
တောက်တီးတောက်တဲ့ပဲနံ့သာ
နသာမင်းကြီး အောက်ကဆီး
မင်းကြီးရွှေတောင်၊ မင်းရွှေတောင်
ဒေါင်ဒင် နင်တစ်ဖက် ငါတစ်ဖက်
ထွက်ကြစို့ လက်"

သစ်သားလက်ရန်းတပ် သုံးထစ်မျှရှိသော လှေကား လေးအတိုင်း သူ တက်လာစဉ် ချိုနွဲ့သော အသံလေးကို ဦးစွာ ကြားရ၏။

တံခါးမကြီးအနီးကို ရောက်တော့ သူ ကိုယ်ကိုကိုင်း ညွတ် ခေါင်းပြူ၍ အခန်းထဲကို ကဲ၍ကြည့်သည်။

ဖျာတစ်ချပ်ပေါ်မှာ ကောင်မလေး ထိုင်နေသည်။



ရှင်မြီးအကျီ ဖြူဖြူလေးနှင့် ချည်ထည်ကြမ်းထဘီ နီနီလေးကို ဝတ်ထားသည်။

အသားလေးက ဖွေးနနေ၏။ ဆံရစ်ဝိုင်းလေးကို သပ်သပ်ရပ်ရပ်ပုံလေးဖြင့် တွေ့ရသည်။

မျက်ခုံးထူထူ ခုံးခုံးလေးက စိမ်းနေ၏။ မျက်လွှာ လေးချ၍ ရှိနေသည်မို့ မျက်တောင်ရှည်ကြီးကို ထင်ထင်ရှားရှား ပိုမြင်ရသည်။

နှုတ်ခမ်းလေးက စိုရဲနေ၏။ အတော့်ကို ချစ်စရာ ကောင်းသည့် ချာတိတ်မလေး။

နဖူးပြင်ပေါ် ညီညီတိတိလေး ဖြတ်ချထားသည့် ဆံစလေးများအောက်ဝယ် မျက်နှာလေးက ချစ်စဖွယ်လေး ဖြူဝင်း နေသည်။

အပြစ်ကင်းစင်သော မျက်နှာလေး။

ဘယ်ဘက်လက်လေးကို ဖျာပေါ်အလိုက်သင့်တင် မှောက်လျက် တင်ထားပြီး ညာဘက်လက်ညှိုးလေးဖြင့် ဘယ်ဘက် လက်ချောင်းလေးများအပေါ် တတောက်တောက် ထိခတ်တို့ထိနေ ရင်း စာစာက ကဗျာလေးကို ရွတ်နေသည်။

ဒေါင်ဒင် နင်တစ်ဖက် ငါတစ်ဖက် ထွက်ကြစို့ လက်ဟု ဆိုမိုက် ဘယ်ဘက်လက်ညှိုးလေးမှာ အဆုံးသတ်သည်မို့ ချာတိတ်မလေး ပြုံးလိုက်ရင်း လက်ညှိုးလေးကိုခေါက်၍ ထားလိုက် ရင်း ကျန်လက်လေးချောင်းကိုဆက်၍ ...

"တစ်ပြား နှစ်ပြား၊ လင်ပန်းပြား"ဟု အစချီကာ ပြန်ရွတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... တစ်ယောက်တည်း ကစားနေရှာသည့် ချာတိတ်မလေး။

သူ သနားစိတ်ဖြင့် ငေးစိုက်ကြည့်ရင်း စိတ်ထဲ ထိထိခိုက်ခိုက် ခံစားလိုက်ရသည်။

သူ့ခမျာ သူတစ်ပါးလို သူတစ်ပါးကလေးများလို ပျော်ရွှင်အော်ဟစ် ကစားရအောင် မျက်စိနှစ်ကွင်းမှ မမြင်ရရှာ ရချေပဲလေ။

တစ်ယောက်တည်းထိုင်။ ကိုယ့်လက်လေးတစ်ဖက်ကို ရှေ့မှာချ၊ လက်တစ်ဖက်ဖြင့် လက်ချောင်းကလေးတွေကို လိုက်ထိရင်း ပျော်အောင်ကစားနေရရှာသည့်အဖြစ်။

သူ့ညီမလေးသာဆိုလျှင် ဟူသော အတွေးဖြင့်ပင် သူ့ အရမ်းကို ထိခိုက်ခံစားရပါပြီ။

အသာအယာ သူ့အခန်းတွင်းသို့ ဝင်သည်။

ခြေသံနည်းနည်း ထွက်သွား၍လားမသိ။ ကောင်မလေး ခေါင်းလေးမော့လာသည်။

မျက်လွှာလေး ပင့်မော့လာလျက် အသံလာရာတံခါးဘက်ကို မမြင်ရသော မျက်လုံးလေးများဖြင့် မှန်းဆကြည့်လာသည်။

မျက်သားလေးက ပြာလဲ့နေလျက်၊ မျက်ဆန်နက်နက်က ရွှန်းတောက်နေသည်။

ကိုနိုင် ပြောတာ ဟုတ်သည်။ မသိလျှင် ဤချာတိတ်မလေးကို မျက်မမြင်ဟု ထင်ရက်စရာမရှိ။

"ဘယ်သူလဲဟင် ..."



ကောင်မလေး ခပ်တိုးတိုးမေးသည်။

သူ ... ကောင်မလေးဆောတွင် သွားထိုင်၏။

"ငါ့နာမည်က ပိုင်သန့်လို့ ခေါ်တယ်၊ ဒီအိမ်ကပဲပေါ့၊ မင်းရဲ့အဖေက ငါတို့ဆီမှာ အလုပ်လာလုပ်တာဆို၊ အစ်ကို ပိုင်လို့ ခေါ်ပေါ့၊ ပိုင့်ကို မကြောက်နဲ့နော် ပိုင်က သဘောကောင်းပါတယ်၊ မင်းနာမည် ဘယ်လိုခေါ်လဲဟင်"

ချာတိတ်မလေး မကြောက်အောင် သူ လေသံအေးအေးဖြင့် ညင်ညင်သာသာပြောပြီး နာမည်လေးကို ဆက်မေးတော့ ချာတိတ်မလေး မျက်တောင်တစ်ချက် နှစ်ချက် ခတ်လိုက်ပြီးမှ ...

"ခင်နွေ"

ဟု ခပ်တိုးတိုးဖြေသည်။

"ခင်နွေ ... ဟုတ်လား၊ သိပ်လှတဲ့ နာမည်လေးပဲကွ၊ ခင်နွေ့နာမည်လေးက လှတယ်၊ ခင်နွေ့ ရုပ်လေးကလည်း လှတယ်၊ အခု တစ်ယောက်တည်း ကစားနေတာလား"

သူ မေးတော့ ခင်နွေ ခေါင်းညိတ်ပြသည်။

ခင်နွေ့ရင်ထဲမှာ ပျော်လာမိသည်။

စောစောက သူ့စိမ်း၏ခြေသံကို သိသည်မို့ နည်းနည်းလန့်သွားမိသေးသည်။

အဘခြေသံကိုတော့ ခင်နွေ သိထားသည်ပဲလေ။

ယခု ခင်နွေ့အနီးမှာ ရှိနေသည့် အစ်ကိုပိုင်ဆိုသူ၏ အသံက အေးအေးချမ်းချမ်း ရှိသည်။ ခင်နွေ့ကို ခင်ခင်မင်မင် ရှိပုံလည်းရသည်။ ခင်မင်၍သာ ခုလို စကားတွေလာပြောနေသည် ပဲလေ။ ဤသို့ပင် ခင်နွေ နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ့မှာ စကားပြောဖော်ဟူ၍ ဘယ်တုန်းကများ ရှိခဲ့ဖူးလို့လဲလေ။

အဘတစ်ယောက်ပဲ ရှိသည်လေ။

“ခင်နွေ့ အသံလေးက သိပ်ကောင်းတာပဲ၊ စောစောက ဆိုနေတဲ့ ကဗျာလေးနဲ့ လက်ချောင်းလေးတွေထိပြီး ကစားနေတာလေ၊ နားထောင်လို့လဲ ကောင်းတယ်၊ ကြည့်လို့လဲ ကောင်းတယ်”

“အစ်ကိုပိုင် တကယ် ပြောတာလားဟင်”

ခင်နွေ့ မျက်ဝန်းလေးတွေ ရွှန်းလက်လာကာ အားတက်သရောမေးသည်။

ခင်နွေ့ကို နေရာပေး အလေးထား၍ ခုလို အပြောခံရတာကိုလည်း ခင်နွေ ဝမ်းသာနေမိရှာသည်လေ။

“တကယ်ပေါ့ကွ၊ နောက်ထပ် ဘာတွေဆိုတတ်သေးလဲ ပိုင့်ကို ဆိုပြပါလားကွ”

“တကယ်နားထောင်မှာလားဟင်”

“တကယ်ပေါ့ ခင်နွေရ၊ တကယ်”

သူ ခင်နွေ့ရှေ့ မျက်နှာချင်းဆိုင်မှာ ပြောင်း၍ တင်ပျဉ်ချိတ်ထိုင်ပြီးပြောတော့ ခင်နွေ့မျက်နှာလေး ကြည်သန့်လာလျက် လည်ချောင်းလေးတစ်ချက်ရှင်းသည်။

နောက် ချက်ချင်းမဆိုသေးဘဲ မျက်ခုံးလေးတွန့်၍ မျက်တောင်လေး အောက်စိုက်ကာ ငြိမ်စဉ်းစားနေသည်။



ခင်နွေ ရွာမှာ နေတုန်းကရော ပြီး … အဘအရင်လုပ်ခဲ့ဖူးသည့် အိမ်ကြီးမှာ နေခဲ့တုန်းကရော ခင်နွေ ဆိုခဲ့ဖူးသည့် ကဗျာလေးတွေတော့ ရှိခဲ့သည်ပဲ။

ဒါပေမဲ့ ဘယ်တစ်ပုဒ်က အကောင်းဆုံးဖြစ်နေမည်လဲဆိုတာ ရွေး၍မရဘဲ ဖြစ်နေသည်။

လောလောဆယ် ခင်နွေ့ကို လာတွေ့ပြီး စကားတွေလာပြောနေသည့် အစ်ကိုပိုင် ဆိုသူထံမှ အရမ်းချိုးကျူးလာမည့် စကားကို ခင်နွေ ကြားချင်နေသည်လေ။

ခင်နွေ့ မျက်ဝန်းလေး ရွှန်းလက်လာသည်။ ကဗျာလေးကို ရွေးမိပြီ။ လည်ချောင်းလေးကို တစ်ချက်ထပ်ရှင်းသည်။

လက်ကလေးပိုက် ရှေ့တည့်တည့်မှထိုင်လျက် ခင်နွေ၏ မျက်နှာလေးကို ကရုဏာစိတ်ဖြင့် တိတ်ဆိတ်စွာ ကြည့်နေသည့် ပိုင့်မှာ အဖော်မဲ့စွာ ရှိခဲ့ရပါသည့် ခင်နွေ့ အပေါ် ပို၍ ပို၍ သနားခင်မင်လာမိရပါပြီ။

သူ ရောက်လာသည့် အတွက်ရော ခုလိုစကားတွေ ပြောပေးနေသည့်အတွက်ရော ခင်နွေ အရမ်းပျော်သွားရှာတာကို သူ နားလည်မိသည်နှင့်အမျှ ထိခိုက်ခံစားမိရပါပြီ။

အဘယ်မျှကြာစွာ အဖော်ကင်းမဲ့လျက် တစ်ယောက်တည်း ကဗျာလေးတွေရွတ်ရင်း ကစားခဲ့ရရှာပါလိမ့်မလဲလေ။

ခင်နွေ ထိုင်နေရာမှ ဖျာလေးပေါ် ထရပ်သည်။

လက်ကလေးတစ်ဖက်ကို ခါးလေးပေါ်ထောက်လိုက်ကာ ကျန်လက်တစ်ဖက်ကို လက်ညှိုးလေးထောင် ခေါင်းလေးငုံ့ဆိုက်ရင်း …

www.burmeseclassic.com

www.burmeseclassic.com



"အမေဆိုဆဲ ဝါဆိုပွဲ
လှည်းကလေးနဲ့ သွားရအောင်
ကုက္ကိုပင် မြန်မြန်ခုတ်လို့
လှည်းလုပ်ပါမောင်
လှည်းလုပ်ရင် ကြာမြန်တော့မယ်
မဘုတ်ဆုံ တင်ဆုံကြီး
လှည်းလုပ်လို့စီး"

လှည်းကလေးနှင့် သွားမည့်ဟန်၊ ကုက္ကိုပင် မြန်မြန်ခုတ်နိုင်းသည့်ဟန်၊ လှည်းလုပ်လျှင် ကြာမည်မို့ မဘုတ်ဆုံတင်ဆုံကြီးကို လှည်းလုပ်စီးမည့်ဟန် လက်ကလေးဝိုင်း၍ လုပ်ပြဆိုပြနေသည့် ခင်နွေ့ကို ငေးစိုက်ကြည့်ရင်း ...

ရယ်လည်းရယ်မိ သနားလည်း သနားသွားမိလျက် ...

"ခင်နွေရယ်"

ဟု ခေါင်းလေးကိုသပ်၊ ပခုံးလေးကို ကိုင်လိုက်မိရင်း ...

"ညီမလေးကို အစ်ကိုပိုင် အမြဲအဖော်လုပ်ပါ့မယ်ကွာ"

ဟု ရင်ထဲ တကယ်ခံစားရသည့်အတိုင်း ထိထိနိုက်နိုက်ကြီး ပြောမိလိုက်ရပါပြီ။

ခင်နွေ မျက်စိမမြင်ဘူးဆိုဟူသော အမေးမျိုးကိုပင် သူ မမေးရက်ခဲ့ ... အဆုံးစွန် ခင်နွေ မျက်စိမမြင်ရှာတာကို သူ သိနေသည်ဆိုတာကိုပင် ဖွင့်မပြောရက်ခဲ့။

ဒါပေမဲ့ ခင်နွေသည် အလွန်အကင်းပါးရှာသည့် ကလေးပါ။



သဘာဝကပေးသော အသိတရားဖြင့်ပင် ခင်နွေ့ကို မျက်မမြင်အဖြစ် အစ်ကိုပိုင် သိထားပြီးဖြစ်သည်ဆိုတာကို ခင်နွေ နားလည်ခဲ့သည်ပါပဲလေ။

တကယ်တော့ ...

ခင်နွေ့ကို မြင်တွေ့လိုက်ရပြန်တော့လည်း ကရုဏာအပြင် ကြင်နာရခြင်းများက သံယောဇဉ်ဖြည့်လျက် နှလုံးအိမ်တွင်းသို့ နက်ရှိုင်းစွာ တည်ရှိဖြစ်တည်ခဲ့ရပါချေသည်တကား။

ထိုအခိုက် ပန်းခြံတွင်းမှ လျှောက်လာလျက် အိမ်လေးပေါ် တက်လိုက်ပါသည်။ အဘဦးဘညွန့်မှာ သမီးငယ်လေးကို အဖော်ပြုစကား ဆိုနေပါသည့် အိမ်ကြီးရှင်၏သားကို တွေ့လိုက်ရပါ၏။

ဤသူငယ်လေး၏ မျက်ဝန်းအကြည့်များက ကြင်နာမှုများဖြင့် ပြည့်နေသည်ကို ဦးဘညွန့် သိမြင်နားလည်လိုက်ပါ၏။

ဦးဘညွန့် ရင်ထဲတွင် ကြည်နူးသွားရသည်။

ဘာပဲဖြစ်ဖြစ် သမီးလေးအတွက် အဖော်ဆိုတာတော့ ဤသီရိဂြိမ်တွင် ရှိလာချေပြီဟု နားလည်လိုက်မိရပါ၏။

❄ ✱ ❄

www.burmeseclassic.com

www.burmeseclassic.com



## ၃

မနက်စောစောထပြီး စပို့ရှပ်အဖြူ၊ ဘောင်းဘီရှည် အဖြူလေးနှင့် ကျန်းမာရေး အပြေးလေ့ကျင့်ခန်းလုပ်ပြီး ပြန်ခဲ့ရာမှ သီရိဗြိမ်ထဲ ပြန်ရောက်သည်နှင့် ဒေါ်မိ ဖျော်ထားပေးသော ကော်ဖီနှင့် ပေါင်မုန့်ဆင်းဒဝစ်ချ်ကို စားသည်။

"ကိုနိုင်ရော"

"မထသေးဘူး ပိုင်လေး၊ နိုင်လေးက ည,ညစာဖတ်တာ များတာကိုး။ မနက်ကျတော့ စောစော ဘယ်မှာထနိုင်လို့ လဲကွယ်

သူ ကော်ဖီပူပူကို မှုတ်သောက်သည်။

"အလကားပါ၊ အိပ်ပုပ်ကြီးတာပါ"

"ဟဲ့ ... အစ်ကိုလုပ်သူကို အဲလိုမပြောရဘူးလေ ပိုင်လေး"

"ပိုင်လဲ စာကျက်တာပါပဲ၊ အတန်းထဲမှာ ပထမ၊ ဒုတိယ ချိတ်နေတာပဲဥစ္စာ၊ ကိုနိုင်က အလကား မိုင်ပိုနေတာ၊ စာကျက်တယ်ဆိုတာ စိတ်ပါလက်ပါ ကျက်ရတာမျိုး၊ အိုက်တင်ပေးပြီး လူလုံးပြကျက်တာမျိုးနဲ့တော့ အလကားပဲ"



"ဒီလိုမပြောရဘူးလေ၊ ပိုင်လေးက ဉာဏ်ကောင်းတာကိုး၊ နိုင်လေးခမျာ လူပုံကလဲနွဲ့နွဲ့ စာကလဲ အရမ်းတော်ချင်ဆိုတော့ ကျန်းမာရေး ချူချာချင်တဲ့ကြားက ကြိုးစားရတာ၊ သူလည်း အတန်းထဲမှာ အဆင့်တစ်ဆယ်အောက်တော့ မရောက်ပါဘူးကွယ်"

ဒေါ်မိမှာ နိုင်သန့်နှင့် ပိုင်သန့် ညီအစ်ကို,ကို ငယ်ကတည်းက ထိန်းကျောင်းခဲ့ရတာမို့ သွေးသားရင်းလိုချစ်နေ သံယောဇဉ်ကြီးနေရသူပါ။

ကြွပ်ဆတ်ဆတ်နှင့် ရှိတတ်ပေမယ့် မှန်တာကို လုပ်တတ်သည့် ပိုင်သန့်ကိုကျတော့တစ်မျိုး၊ အချစ်ပိုရသလို လူပုံနွဲ့နွဲ့နှင့် မျက်မှန်ကြီးတပ်လျက် လူကြီးဂိုက်ဖမ်းချင်သော နိုင်သန့်ကို ကျတော့လည်း တစ်မျိုးချစ်ရသည်ပါပဲ။

"ကိုနိုင်ကို အဲဒါကြောင့် အားကစားလုပ်ပါဆိုလဲ ဘယ်မှာလုပ်လို့လဲ၊ သူ့ကိုယ်သူ တသ,သနဲ့ ဖူးရှနေအောင် နေနေလိုက်တာ၊ မနှစ်ကလဲ စာမေးပွဲဖြေခါနီးမှ ဖျားတော့ ခုဆယ်တန်းမှာပဲ ပြန်နေရရော မဟုတ်လား"

ကိုးတန်းကျောင်းသား ဖြစ်နေပြီဖြစ်သည့် ပိုင်သန့်စကားကို ဒေါ်မိ လက်ညှိုးထောင်ပြရင်း ...

"အဲလို မပြောရဘူး ဆိုမှကွယ်၊ နိုင်လေး သနားပါတယ်၊ သူ ပြန်ကြားသွားရင် မကောင်းဘူး၊ ခမျာ စာမေးပွဲမဖြေလိုက်ရလို့ စိတ်မကောင်းဖြစ်ခဲ့ရတာ"

ဒေါ်မိကတော့ ဒီလိုပါပဲလေ၊ ပိုင်သန့် ပြောသမျှ သိုက်လိုက်သတိပေး သွန်သင်ပေးနေလိုက်ရသည်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ကိုနိုင် မကြားပါဘူး ဒေါ်ဒေါ်မိရဲ့ ဒေါ်ဒေါ်မိက စိုးရိမ်ကြီး တာကိုး၊ ဒီအခန်းထဲမှာ ပိုင်ရယ်၊ ဒေါ်ဒေါ်မိရယ်ပဲ ရှိတဲ့ ဥစ္စာ၊ ကြားလဲ ပိုတောင်ကောင်းသေး၊ ဒါမှမခံချင်ဖြစ်ပြီး ဘောလုံးတွေကန်၊ အပြေးတွေကျင့်နဲ့ ဗလတွေဘာတွေ ထွက်လာမှာ၊ ခြေသလုံးတွေ တောင့်လာမှာ"

နောက်ထပ် ကော်ဖီတစ်ခွက်သောက်။ ပေါင်မုန့်နှစ်ချပ် ထပ်စားပြီးမှ ပိုင်သန့် ထရပ်သည်။

"မေမေရော"

"ပိုင်လေး ဖေဖေနဲ့အတူ ဘုရားသွားကြတယ်"

"သြော် ... ဟုတ်ပါရဲ့၊ ဒီနေ့ ဖေဖေ့မွေးနေ့ဖြစ်တဲ့ တနင်္လာ နေ့ပဲ၊ ဒေါ်ဒေါ်မိ မေမေကလေ မိုလ်သာကျတာ ဖေဖေ့ ကျတော့ ဂရုအစိုက်သားဗျ၊ တနင်္လာနေ့တိုင်း ဖေဖေနဲ့ အတူ ဘုရားသွားတယ်၊ ပြီးတော့ ဖေဖေနဲ့အတူ သက်သတ်လွတ် လိုက်စားတယ်၊ အဲလိုကို ဖေဖေ့ကိုချစ်တာ"

အပြောအဆို ပွင့်လင်းလွန်းသည့် ပိုင်သန့်ကို ဒေါ်မိ ပြုံး၍ကြည့်ရင်း ...

"ခင်လေးက သားတို့ဖေဖေကို နွဲ့ဆိုး ဆိုးတတ်တာပါကွယ်၊ ချစ်ရှာတာတော့ ဒေါ်မိလဲ သိပါတယ်"

ဟု ပြောသည်။

မေမေ ဒေါ်ခင်လေးမြတ်ကို ဒေါ်မိက ခင်လေးဟု ပဲခေါ်သည်။ တူမသားချင်းလိုလည်း ချစ်ရှာသည်။

မေမေက မာန်မာနရှိသော်လည်း မေမေ အပျိုရွယ် ကတည်းက မေမေ့ဆီမှာ အိမ်ဖော်လုပ်လာသည့် အစ်မကြီးအရွယ်



ဒေါ်မိကိုကျတော့ ချစ်သည်။ ခင်လေးဟု ဒေါ်မိ ခေါ်တာကို ကြည်ဖြူကျေနပ်စွာ အခေါ်ခံသည်။

"ရေချိုးတော့မယ် ဒေါ်ဒေါ်မိ"

ပြောပြီး သူ့ အခန်း ထဲ ပြေးဝင်သည်။

ကိုနိုင်ကတော့ အပေါ်ထပ်မှာနေသည်။ သူကတော့ အပေါ်ထပ်ရတာကို ခြေညောင်းသည်ဟု သဘောပိုက်ကာ အောက် ထပ် အိပ်ခန်းကိုပဲ ယူသည်။

အတက်အဆင်း သက်သာသည်။ ခြေသံပြင်းမှာကို လည်း မပူရ။ တဒုန်းဒုန်း ပြေးချင်သလောက်ပြေး လွတ်လပ် သည်။

ပိုင်သန့် အိမ်ပေါ်ထပ်တက်ချိန်ဆို၍ ညအိပ်ခါနီး ဘုရားရှိခိုးချိန်နှင့် ဖေဖေနှင့်မေမေ့ကို ကန်တော့ချိန်ရယ်၊ မနက် စောစော ဘုရားခန်းဝင် ဘုရားရှိခိုးချိန်ရယ်ပဲရှိသည်။

တစ်အောင့်လောက်နားပြီး ရေချိုးခန်းထဲ ရေပန်း ဖွင့်ကာ ခေါင်းရော ကိုယ်ရော ထိုးခံပြီး ရေအေးအေးကို ဖိမ်နှင့် ချိုးသည်။

နှုတ်ထဲတွေ့ရာသီချင်းကို အော်ဆိုသည်။ ခေတ် ဟောင်းသီချင်းလည်း ပါသည်။ ခေတ်ပေါ်စတူရီယိုတေးတွေလည်း ပါသည်။

အမြဲလွတ်လပ်ပေါ့ပါး ပျော်ရွှင်နေသော ပိုင်သန့် အဖြစ် မပြောင်းမလဲ တည်ရှိနေသည့် အဖြစ်ပဲလေ။

အဝတ်အစားလဲ ရေစိုနေသည့် ဆံပင်တွေကို မွေး ပွတာဘက်ကြီးနှင့်ပွတ်။ နဖူးပေါ် ဝဲကျနေသည့် ဆံပင်ထူထူအုပ်

www.burmeseclassic.com

www.burmeseclassic.com



အုပ်လေးကို ဘီးနှင့်ဖြီး။ ပြီးသည်နှင့် ခင်နွေ့ရှိရာ အိမ်လေးဆီသို့ သူ ထွက်ခဲ့သည်။

"ဟိတ် ... ချာတိတ်မ၊ အံမယ် ... အိုးတွေခွက်တွေတိုက်လို့ပါလား ဘယ်ဆိုးလို့လဲ"

မီးဖိုခန်းအနီးရှိ အုတ်ကန်လေးဘေးမှာ အိုးခွက်တွေတိုက်နေသည့် ခင်နွေ့ဘေးတွင် ဝင်ထိုင်လိုက်ရင်း ချစ်စနိုးလေး ပြောမိသည်။

လုပ်ကျင့်ကိုင်ကျင့် ရှိနေ၍လားမသိ။ မီးသွေးမှုန့်ထည့်ထားထားရာခွက်လေး၊ ဆပ်ပြာခဲထားရာ ပလတ်စတစ်ခွက်လေးကို လက်မှန်းနှင့် ခင်နွေ ယူနိုင်သည်။ အုန်းဆံဖတ်မှာ ဆပ်ပြာပွတ်တိုက် ယူပြီးသည့်နောက် မီးသွေးမှုန့်ထည့်ထားရာ ခွက်လေးထဲ အုန်းဆံဖတ်ကို ထိပွတ်ယူလိုက်ပြီး အိုးခွက်တွေကို အကျအန တိုက်သည်။

ရှေ့မှ ရေအင်တုံ ဇလုံလေးထဲမှာ အိုးခွက်တွေ့ကို သပွတ်အူနှင့်ပွတ်၍ ဆေးသည်။ မမြင်ရပေမယ့် စေ့စေ့စပ်စပ် အထပ်ထပ် ပွတ်တိုက်သည်မို့ အိုးလေးတွေမှ အတွင်းရောအပြင်ရော ပြောင်လက်နေ၏။

မမြင်ပါဘဲနှင့် တတ်စွမ်းသမျှ လုပ်ကိုင်ရှာသည့် ခင်နွေ့ကို သူ ဘေးမှာထိုင်ငေးကြည့်လျက် သနားစိတ် ဖြစ်လာရသည်မို့ ...

"ဖယ် ... ဖယ် ... ပိုင် တိုက်ပေးမယ်"

ကျန်နေသည့် အိုးခွက်တွေဆွဲ၍ တကယ်တမ်း သူ တိုက်ပေးမည်ဆိုတော့ ခင်နွေ ခေါင်း ခလေးယမ်းသည်။



"အစ်ကိုငိုင် ... ခင်နွေ လုပ်နေကျပါ၊ အစ်ကိုပိုင်က ဒီအိမ်က သူဌေးကြီးရဲ့သားဆို၊ အိုးတိုက်လို့ ဘယ်ဖြစ်မှာလဲ"

ခင်နွေ ပြောပေမယ့် ခင်နွေ လက်လှမ်းမမီရာကို ရွှေ့ကာ သူ ဖွတ်အိုးတွေကော ်တိုက်ပေးနေတော့ ခင်နွေ့မှာ အိုးတိုက်သံ ကြားနေရာဘက်ကို လိုက်ရွှေ့ရင်း လက်ကလေးတဆန့်ဆန့်နှင့် ...

"မလုပ်ပါနဲ့ အစ်ကိုပိုင်ရယ်၊ ခင်နွေ အိုးတိုက်နေကျပါ၊ အဘက ထမင်းရော ဟင်းရော ချက်ပေးရတာ၊ ခင်နွေ မီးတွေဘာတွေနဲ့ အလုပ်လုပ်လို့ မဖြစ်ဘူး မဟုတ်လား၊ အိုးခွက်ပန်းကန်တော့ ခင်နွေ အမြဲဆေးနေကျပါ"

ခင်နွေ့ကို သူ ကြည့်သည်။

သေးသေးနွဲ့နွဲ့လေးနှင့် ဆံရစ်ဆံတောက်လေးကို သပ်သပ်ရပ်ရပ်လေး ဖြီးထားသည့် ခင်နွေ့ကိုကြည့်ရင်း ရင်ထဲ၌ မကောင်းနိုင်။

ဤချာတိတ်လေးကို သူ တတ်စွမ်းသမျှ ကူညီပေးချင်သည်။

တိုက်လက်စအိုးကို သူ့ဘေးမှာ ခဏချသည်။ လက်ကို အင်တုံထဲနှစ်၍ ဆေးသည်။

ပြီး ... ခင်နွေ့ လက်ကလေးကိုဆွဲ၍ ခေါ်သည်။

"လာခဲ့ ... ဒီမှာထိုင်"

မီးဖိုခန်းမှဆင်းသော လှေကားထစ် အိုးထစ်၏ အလယ်ထစ်မှာ ချာတိတ်လေးကို ထိုင်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေလက်လေးတွေကအစ ဖြူနုနေလျက် သေးသွယ် ဖြူနွဲ့နေသည့် ခင်နွေ့မှာရှိရင်း အသက်ဆယ့်နှစ်နှစ် အရွယ်လေး ထက်ပင် ပို၍သေးနွဲ့နေသည်။

နဖူးရှေ့တွင် တိတိညီညီလေး ဖြတ်ချထားသည့် ဆံပယ်ဉ်လေးများကို သပ်တင်ပေးလိုက်ရင်း ...

"ပိုင်က အိမ်မှာ ဒေါ်ဒေါ်မိကို ကူနေကျ၊ အိုးတွေခွက် တွေလဲ ကောက်တိုက်ပေးလိုက်တာပဲ၊ အိုးတိုက်တယ်ဆို တာ အစ်ကိုပိုင်အတွက် ဘာမှမထူးဆန်းဘူး၊ ခင်နွေ့က ပိုင့်ညီမလေးပဲဥစ္စာ၊ ပိုင့်ညီမလေးကို ပိုင်က ကူညီတာလေ၊ ပိုင့်ညီမက ..."

မျက်စိမှ မမြင်တာဟု ပြောမိရမည့် စကားအတွက် ဆက်မပြောဖြစ်ဘဲ သူ ခေတ္တငြိမ်သွားသည်။

သူ ခင်နွေ့မျက်နှာလေးကို ကြည့်လိုက်တော့ ရင်ထဲ ပို၍ကျင်ခနဲ ခံစားလိုက်ရသည်။

ခင်နွေ့မျက်ဝန်းလေးတွေမှာ မျက်ရည်လေးတွေ ဝိုင်းလည်နေသည် မဟုတ်ပါလား။

သူ့အသံ လာရာဘက်ကို မျက်နှာလေးမော့ကြည့် နားထောင်နေတာမို့ သူ့မျက်နှာကို မော့ကြည့်တွေ့မြင်နေသည့် အသွင်မျိုးလေး ဖြစ်နေသည်။

ခင်နွေ့က ပိုင့်ညီမလေးပဲဥစ္စာ ဟူသော စကားက ခင်နွေ့ရင်ထဲ ကြည်နူးစရာ ဝမ်းသာစရာ စီးဝင်လာသည်။ တစ် ဆက်တည်း ကြေကွဲအားငယ်စိတ်ကလည်း ဖြစ်တည်ရပြန်သည်။



"ခင်နွေ့က မျက်စိမမြင်ပေမယ့် အိုးတိုက်နေကျပါ အစ်ကို ပိုင်ရယ်၊ ခင်နွေ့ တိုက်တတ်ပါတယ်၊ ဒါပေမဲ့လေ အစ်ကို ပိုင်က ခင်နွေ့ကို ညီမလေးလိုချစ်တာ သိရတော့ ခင်နွေ့ သိပ်ဝမ်းသာတာပဲ၊ ခင်နွေ့က တစ်ယောက်တည်းရှိနေရတာ"

ပြောရင်း မျက်ရည်ဥလေးတွေ စီးသွယ်ကျလာတော့ သူ ခင်နွေ့ပါးမှာ ကပ်ထိုင်လိုက်ရင်း ...

"မငိုရဘူးလေ၊ ဒါ ငိုစရာမှ မဟုတ်တာ၊ ပိုင်က ခင်နွေ့ကို မြင်မြင်ချင်း ညီမလေးလို ချစ်တာ၊ ဟော ... အစ်ကိုပိုင်နဲ့ ဒီက ညီမလေးနဲ့က မောင်နှမ၊ ညီမလေးကို အစ်ကိုက ကူညီတာ ချစ်လို့ဟုတ်ဘူးလား၊ ကဲ ... ပိုင် အိုးတိုက်ပေး မယ် ညီမလေးက ဒါကိုစား"

အိတ်ကပ်တွင်းမှ ချော့ကလက်ပြားလေးကို စက္ကူပတ် ခွာပြီး ခင်နွေ့ပါးစပ်အနီး တေ့ပေးလျက် ...

"ကဲ ... ပါးစပ်ဟ၊ ဟုတ်ပြီ ... စားကြည့်"

ခင်နွေ့နှုတ်ခမ်းလေး ဟလာတော့ ချော့ကလက်ကို ပါးစပ်ထဲ ခွံ့ကျွေးသည်။

မျက်ရည်လေးတွေ စီးရိုသွယ်လျက် လိမ့်ကျနေတာ ကိုလည်း သူ သုတ်ပေးသည်။

"အဲဒါ ဘာလဲဟင်"

ဘယ်တုန်းကမှ မစားဖူးတာမို့ ခင်နွေ့ ခေါင်းလေး မော့ကြည့်မေးသည်။

အရမ်းကို အရသာရှိသည့်မုန့်။ လျှာပေါ်မှာအရည် တွေ ပျော်ပျော်ပါလာတာကိုက ချိုစိမ့်မွှေးပျံ့နူးညံ့လှသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချောကလက်လို့ခေါ်တယ်၊ ကဲ ... စား"

ပြောပြီး သူ အုတ်ကန်လေးအနီး ပြန်သွားထိုင်ကာ အိုးတွေကောက်၍ သုတ်သုတ်တိုက်သည်။ အိုးတွေခွက်တွေ ရေသန့်နှင့်ဆေးပြီးတော့ မီးဖိုခန်းရှိ စင်လေးပေါ်မှာ သူ သွားတင်သည်။

"ရော ... ချောကလက်တွေ ခင်နွေ စားချင်တဲ့အချိန်စား၊ ခင်နွေ့ အဘရော"

"ဈေးသွားတယ်"

ဦးဘညွန့်က အိမ်လေးတွင် ထင်းမီးဖိုလေးနှင့် ထမင်းဟင်းချက်စားသည်။

"အစ်ကိုပိုင်"

ခင်နွေ သူ့ကိုမော့၍ခေါ်တော့ သူပြုံး၍ ငုံ့ကြည့်ရင်း ...

"ဘာလဲ ... ဘာမေးမလို့လဲ မေးလေ"

ခင်နွေ တစ်ခုခု မေးချင်မှန်း သူ သိသည်မို့ ပြုံး၍ ငုံ့ကြည့်ပြောမိသည်။

နဖူးပြင်ပေါ် မည်းမည်းတိတိလေး ပျော့ခွေ့ကျနေသော ဆံယဉ်နုလေးများကို သဘောကျသလိုလည်း စိုက်ကြည့်မိသည်။ ခင်နွေ့ အဘ ဖြတ်ပေးထားတာဖြစ်မည်။

"အစ်ကိုပိုင် အသက် ဘယ်လောက်ရှိပြီလဲဟင်"

အသက်တွေ ဘာတွေ မေးလာတော့ သူ သဘောကျစွာ အသံထွက်၍ ရယ်သည်။

"ဆယ့်လေးနှစ်ဗျ၊ ဘာလုပ်မလို့လဲ"



ခင်နွေ ပြုံးသည်။ လက်ကလေးကို ရှေ့သို့မသိမသာလေး ဆန့်တန်းလာတော့ အလိုက်တသိ သူ့လက်ကို ခင်နွေ့လက်လေးထဲ ထည့်ပေးသည်။

ခင်နွေ သူ့လက်ချောင်းလေးတွေ လက်မောင်းအိုးကြီးတွေကို ဖြည်းဖြည်းလေး စမ်းကြည့်သည်။

"အစ်ကိုပိုင်က အရပ်အမြင့်ကြီးလားဟင်၊ လက်မောင်းကြီးတွေက ကြီးတယ်နော်"

"ပိုင်က အားကစားသမားလေ၊ ဘောလုံးကန်တယ်၊ ပြေးတယ်၊ ဒါကြောင့် အသားတွေ မာတာပေါ့"

ကလေးတစ်ယောက်ကို စိတ်ရှည်လက်ရှည် ရှင်းပြသလိုမျိုး သူ ရှင်းပြသည်။ တကယ်တော့ ခင်နွေသည် ကလေးမဟုတ်ပါလားလေ။

"အစ်ကိုပိုင်က သိပ်သဘောကောင်းတာပဲနော်၊ ရုပ်လဲချောမှာပဲ၊ ဟုတ်တယ်၊ ဒီလောက် သဘောကောင်းတာ ရုပ်ချောမယ်လို့ ခင်နွေ ထင်တယ်"

သူ ရယ်သည်။ ခင်နွေ့လက်လေးကို ယူလိုက်ပြီး မျက်နှာပေါ် တင်ပေးသည်။

"စမ်းကြည့်လေ အစ်ကိုပိုင့် မျက်နှာကို စမ်းကြည့်၊ ပိုင်က သိပ်ချောတာ"

ခင်နွေ ဖြည်းဖြည်းလေး ဖွဖွညင်ညင် စမ်းကြည့်သည်။ မေးဖျားလေးတွေ၊ နှာတံလေးတွေ၊ မျက်ခုံးထူထူကြီးတွေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ဝန်းတွေကို ခင်နွေ့လက်လေးတွေ ရောက်လာတော့ အသာအယာ မျက်လွှာပိတ်ချလိုက်ရင်း သူ ငြိမ်သက်ခံယူသည်။

ဆံပင်ထူထူကြီးတွေနား ခင်နွေ့လက်လေး ရောက်လာပြီးသည့်နောက် ...

"ဟင် ... ဆံပင်ကလဲ အထူကြီး၊ အဲ ... ကန်တော့နော်"

ဟု ခင်နွေ ပြောတော့ သူ ရယ်မိသည်။

နောက် ... ချက်ချင်း စိတ်ထဲမကောင်း ဖြစ်ရပြန်သည်။ ကြင်နာသနားစိတ်က ရင်ထဲမှာ ဖိတ်လျှံနေရပြန်ပါပြီ။

မမြင်နိုင်သည့် ဘဝလေးမှာ သူ့မျက်နှာကို မြင်ဖူးလိုက်ရသည့်နှယ် သိမြင်ချင်လွန်းသည့်စိတ်ဖြင့် လက်လေးနှင့် စမ်းသပ်ကြည့်ရှာသည့် ခင်နွေ။

ကလေးပီပီ သိချင်ဇောလေးနှင့် စမ်းကြည့်ရှာသောမယ့် ဘယ်လို တိတိကျကျ ဤမျက်နှာကို ပုံဖော်နိုင်ရှာပါမည်လေ။

"အစ်ကိုပိုင်က နှာခေါင်းလေးကလဲ ချွန်တယ်၊ မျက်ခုံးကလဲထူတယ် ချောမှာပဲ၊ ဟို့ အစ်ကိုပိုင်က အသားဖြူလားဟင်"

စိတ်ကူးလေးဖြင့် သူ့အစ်ကိုပိုင်ကို လှချောသောအဖြစ် မြင်မြင်ပေးနေရှာသော ဒုက္ခိတမလေးကို သူ ဆံစလေးများ တယုတယ သပ်ပေးလိုက်မိရင်း ...

"အစ်ကိုပိုင်က အသားညိုတယ် ညီမလေးရဲ့"

ဟု ခပ်တိုးတိုး ဖြေသည်။



"အသားညိုလဲ အစ်ကိုပိုင်က ချောမှာပါပဲ၊ ခင်နွေ မြင်ဖူးချင်လိုက်တာ"

သူ ဘယ်လိုမှစိတ်မကောင်းနိုင်တော့၊ ခင်နွေ့ ကိုယ်လေးကို ဆွဲပွေ့လိုက်ရင်း ခေါင်းလေးကို သပ်ပေးလိုက်မိလျက် ...

"ညီမလေးရယ်"

ဟုပဲ ခပ်ညည်းညည်း ခေါ်လိုက်မိသည်။ အဘယ့်ကြောင့်များ ခင်နွေ့မျက်ဝန်းလေးတွေမှ အမြင်အာရုံကို ကံကြမ္မာက သိမ်းယူဖယ်ထုတ်သွားလိုက်ရပါလိမ့်။ သနားစရာ ခင်နွေလေးဆို သူ အရမ်းသနားရ သံယောဇဉ်ဖြစ်ရပါပြီ။

"ခင်နွေလေ ... ရွာမှာတုန်းက ခင်နွေ့သူငယ်ချင်းတွေက ခင်နွေ့ကို မျက်ကန်းဆိုပြီး မခေါ်ချင်ကြတော့ဘူး၊ အဖော်လဲ မလုပ်ကြတော့ဘူး၊ နောက် အဘ မြို့မှာ ပန်းပင်တွေစိုက်တဲ့အလုပ်ကိုလုပ်တော့ ဘယ်သူငယ်ချင်းတွေနဲ့မှ တွေ့ရတယ်ဆိုတာ မရှိတော့ဘူး၊ ခင်နွေ့ကို အဘကမဲ ဂရုစိုက်တာ၊ အခု အစ်ကိုပိုင်က ခင်နွေ့ကို ခင်တော့လေ သိပ်ဝမ်းသာတာပဲ"

သူ့လက်ကို ဆုပ်ကိုင်လျက် ခင်နွေ ရိုးရိုးလေး ခံစားရသည့်အတိုင်း ပြောရှာသည်။

"ခင်နွေ့ကို ကြာကြာခင်ရရင် အစ်ကိုပိုင် ပျင်းသွားမှာလားဟင်၊ မခေါ်ချင်ဘဲ ဖြစ်သွားမှာလား၊ ခင်နွေ ကဗျာလေးတွေ ရွတ်ပြမယ်လေ၊ ဒီကဗျာလေးတွေကို အဘက သင်ပေးတာ၊ ဟိုးငယ်ငယ်တုန်းက ကျောင်းမှာလဲ သင်ခဲ့ရသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ ခင်နွေ့လက်လေးကို အသာအယာ ထွေးဆုပ်လိုက်ရင်း ...

"ပိုင် ဘယ်တော့မှ ခင်နွေ့ကို မခေါ်ချင် မဖြစ်ပါဘူး ကလေးရယ်"

ရင်ထဲမှာ ခင်နွေ့ကို သနားနေရတာတွေပဲ ရှိနေသည်။ ထိထိခိုက်ခိုက်လည်း ခံစားရသည်။

"ခင်နွေ ကျောင်းနေရသေးလား"

သူ အံ့ဩစိတ်ဖြင့်မေးတော့ ...

"အင်းပေါ့၊ နေရတာပေါ့၊ သိပ်ပျော်တာပဲ၊ အဲဒီတုန်းက ခင်နွေ သိပ်ပျော်တာပဲ"

ပြောရင်း ခင်နွေ့ အသံလေး တိမ်ဝင်သွားသည်။ မျက်စိမမြင်ဘဲ ကျောင်းနေတယ်ဟု အံ့ဩစိတ်ဖြင့် သူ မေးမည် လုပ်ခိုက်မှာပင် တအိအိ မျက်ရည်လေးတွေ လိမ့်ကျလာသည့် ခင်နွေ့မျက်နှာလေးကို မြင်ရတော့ မမေးရက်နိုင်တော့။

ခင်နွေ့ အသွင်လေးက ကျောင်းနေခဲ့သည့် ကာလလေးကို လွမ်းမောတမ်းတစွာ သတိရနေသည့်အသွင်။ ထိခိုက်ခံစားနေရသည့်အသွင်။

"အဲဒီတုန်းကလေ ခင်နွေ သိပ်ပျော်တာပဲ အစ်ကိုပိုင်ရယ်"

မျက်ရည်လေးကို လက်ခုံလေးဖြင့် ပွတ်သုတ်လိုက်ရင်း ရှိုက်သံလေးဖြင့် ခင်နွေ ပြောရှာသည်။ ခင်နွေ့ စိတ်လေးတွေ အတိတ်မှ ကျောင်းနေရသည့် ကာလလေးတွေဆီ ပြေးလွှားရောက်သွားကြပြီဆိုတာ သူ နားလည်သည်။



နောက် သတိလေးဝင်လာတော့ ကြေကွဲထိခိုက်နေရှာပြီဆိုတာလည်း သူ နားလည်သည်။

"အဲဒီတုန်းကလေ ခင်နွေ သူငယ်ချင်းတွေနဲ့ ကစားရတယ်၊ အုန်းလက်နွှားလေးလဲ စီးကစားကြတယ်၊ သူတို့ကလဲ ခင်နွေ့ကို ခေါ်ချင်ကြတယ်၊ နောက်တော့မှ ..."

ခင်နွေ့ နှုတ်ခမ်းလေး မဲ့လာသည်။ ဆတ်ဆတ်တုန်လာသည်။

"နောက်တော့မှ မခေါ်ကြတော့တာ ခင်နွေက ကန်းနေတာကိုး"

သူ မကြားရက်။

ဤကလေးငယ်လေးမှာ စိတ်အားငယ်ခြင်းဆိုသည့် ဝေဒနာသည် အင်နှင့်အားနှင့် ခိုင်မာစွာ နလုံးအိမ်နုနုကလေးမှာ တည်မြဲရှိနေနှင့်ပြီးပြီ ဆိုတာ သူ နားလည်လာသည်။

ခင်နွေ့ ဆံနွယ်လေးများကို သူ သပ်တင်ပေးသည်။ မျက်ရည်လေးများကို သူ သုတ်ပေးသည်။

"အခု အစ်ကိုပိုင် ရှိပြီလေ၊ အစ်ကိုပိုင်နဲ့ စကားတွေပြောမယ်၊ ခင်နွေ့ကို အလုပ်တွေ လုပ်ကူမယ်၊ ခင်နွေ့ကို ကဗျာအသစ်လေးတွေ သင်ပေးမယ်၊ ဟော ... ကစားလဲ ကစားမယ်၊ ပြီးရောပေါ့နော် ..."

သူ နှစ်သိမ့်ဖျောင်းဖျပြောတော့ ခင်နွေ့ မျက်နှာလေး သန်းကြည်လာပြန်သည်။

"အင်း ... အင်း ... ဟုတ်တယ်၊ အစ်ကိုပိုင်က ခင်နွေ့ အစ်ကိုပဲ၊ ခင်နွေ့ကို ချစ်တာပဲနော်၊ မှန်လဲ ကျေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အဖော်လဲလုပ်တယ်၊ ခင်နွေ့ကိုလဲ ချစ်တယ်၊ ဟုတ်တယ်နော် ... ပြီးတော့ အစ်ကိုပိုင်က ချောလဲချောတယ်"

ခင်နွေ့ အမြင်အာရုံမှာ သူ့ကို အရမ်းချော့မောစွာ စိတ်ကူးဖြင့် ပုံဖော်ထားပြီးခဲ့ပြီ ဆိုတာ သူ နားလည်၏။

"ဟုတ်တာပေါ့၊ သိပ်ချောတာပေါ့၊ ပိုင်နဲ့ ခင်နွေက မောင်နှမပဲဥစ္စာ ခင်နွေကလဲချောတယ်၊ အစ်ကိုပိုင်ကလဲ ချောတယ်"

ပြောပြီး သူ ရယ်တော့ ခင်နွေ လိုက်ရယ်သည်။

သွားညီညီဖြူဖြူလေးတွေက လှစ်ဟရယ်မောလိုက်တော့ ပါးချိုင့်လေးနစ်ဖက် ခွက်ဝင်သွားတာကို သူမြင်၏။

သူ နာရီကို ငုံ့ကြည့်မိသည်။ ကျောင်းချိန်နီးပြီ။

လောလောဆယ် ခင်နွေ ပြုံးပြုံးရယ်ရယ်လေး ပြန်ဖြစ်လာတာမို့ သူ့စိတ်ထဲ သက်သက်သာသာ ပြန်ဖြစ်သွားရသည်။

"ကဲ ... ပိုင် ကျောင်းသွားရတော့မယ်၊ စာအုပ်တွေ လွယ်အိတ်ထဲတောင် မထည့်ရသေးဘူးဗျ၊ အစ်ကိုပိုင် သွားလိုက်ဦးမယ်၊ ညနေကျမှ လာခဲ့မယ် ဟုတ်လား၊ ဘာမုန့်စားချင်လဲ ဝယ်ခဲ့မယ်လေ"

"ချောကလက်"

ခံတွင်းထဲ အရသာတွေ့နေသည့် ချောကလက်ကိုပဲ ခင်နွေမှာသည်။ ပြီးတော့မှ ရှက်သလို ရယ်ပြသည်။

"ဈေးကြီးလားဟင်"

ဟုလည်း မေးသည်။



"ချောကလက်ဆိုတာ ဈေးအပေါဆုံးဗျ"

ဟု သူပြောတော့လည်း ခင်နွေ ယုံလိုက်သည်ပါပဲ။

သူ ထ,ပြန်တော့ ခင်နွေ မျက်နှာလေး ညှိုးခနဲဖြစ်၏။

နောက်မှ လက်ကလေးမြှောက်ပြကာ ...

"တာ့တာ"

ဟု နှုတ်ဆက်သည်။

သူ ခင်နွေ့ ခေါင်းလေးကိုပုတ်၍ နှုတ်ဆက်ပြီးမှ အိမ်လေးပေါ်မှ ဆင်းခဲ့၏။

တကယ်တော့ ခင်နွေနှင့် သူသည် ကလေးဘဝကတည်းက သံယောဇဉ်ကြီးခဲ့ကြသည့်သူများပါ။

တိုတောင်းသော ကာလလေးမှာပင် သံယောဇဉ်အင်အားကြီးခဲ့ရသည်။ သနားကြင်နာရမှု အတိုင်းအတာ မြင့်မားခဲ့ရသည်။ ကူညီလိုစိတ်က အစဉ်အမြဲ ရှိနေခဲ့ရသည်။

ဤသံယောဇဉ်သည် နှောင်ကြာလေ ပိုနိုင်မြဲလေ ဖြစ်ရမည်ဆိုတာကို ထိုစဉ်ကတည်းက သူ နားလည်ခဲ့ပြီး ဖြစ်ပါချေသတည်း။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဟုတ်ပြီ၊ လာ ... ဒီဘက်ကို ခြေလှမ်း လေးလှမ်း လှမ်းလိုက်ရင် ဟောဒီမှာ မြက်ခင်းစပ်ကို ရောက်ရော"

ညနေပိုင်း ခင်နွေ့ကို လက်လေးတွဲခေါ်လျက် မြဲထဲအနဲ့ သူ လိုက်ပြသည်။

ဦးဘညွန့်မှာ သမီးလေးကို အဖော်လုပ်ပေးပါသည့် ပိုင်သန့်ကို ကျေးဇူးတင်မဆုံးပါ။ ဥယျာဉ်ထဲမှာ ပန်းတွေ တကုန်းကုန်းနှင့် ပြုပြင်ပေါင်းသင်လေးနေရာမှ ကြည်နူးနေရှာသည်။

"ဟင် ... ဒီနေရာလေးက မွေးလိုက်တာနော်"

မြက်ခင်းနုနုလေးပေါ် ဖြတ်လျှောက်လာပြီးသည့်နောက် ခင်နွေ ပြောတော့ သူ ပြုံးရှုံကြည့်သည်။

ခင်နွေမှာ ခေါင်းငေးတင့်ငှဲနှင့် လေပြည်တွင်ပါလာသည့် ရနံ့လေကို ရှူရှိုက်နေသည်။ ရနံ့က သင်းသည်။

"လာ ... ပိုင့်နောက်ကို လိုက်ခဲ့"

လက်မောင်းအိုးလေးကို သူ ဆုပ်ကိုင်လျက် ခင်နွေ့ကို သူ ခေါ်လာသည်။

"ဒီနေရာမှာ ပိုပြီး မွေးလာတယ် အစ်ကိုပိုင်"



မြက်ခင်းက မှဲဆုံးသေး။ ခြေဖဝါးလေးတွေက နူးညံ့သော မြက်ခင်းလေးပေါ်မှာ ခြေစုံရပ်နေသည်။

မြက်ခင်းလေးပေါ် ရောက်ကတည်းက ခင်နွေ ဖိနပ်လေးကို ငုံ့ချွတ်လိုက်ပြီး နူးညံ့သော မြက်ခင်းပြင်ပေါ် ခြေထောက်ဖြူဖြူလေးတွေနှင့် နင်းဖွလျှောက်ခဲ့သည်လေ။

သူ ခင်နွေ့ကို ကြည့်ရင်း သဘောကျမိသည်။

ခင်နွေ့ အသွင်လေးက အရာရာကို စူးစမ်းချင်သည့် အသွင်လေး။

ပြီး ... စိတ်ကူးတရ လုပ်တတ်သည့် အသွင်လေး၊ ယခုပဲကြည့်၊ ဖိနပ်ကလေးကို ချွတ်ကိုင်ပြီး မြက်ခင်းလေးပေါ် ဖွဖွလျှောက်လျက် ...

"သိပ်နူးညံ့တာပဲ"

ဟု ပြောတတ်သည်။

ပြီး ... မွှေးပျံ့သော ပန်းရနံ့လေးကိုလည်း တရှိုက်ရှိုက်ရှူလိုက်ရင်း ...

"ဘာပန်းတွေလဲဟင် အစ်ကိုပိုင်"

ဟု ခင်နွေ မေးသည်။

"အဲဒါ အကျော့်ပင်လို့ခေါ်တယ်၊ အဝင်က သိပ်မမြင့်ဘူး၊ သိပ်လဲမနိမ့်ဘူး၊ အကိုင်းတွေက ဘေးကို ထိုးပြန့်ပြန့်ဖြာသလိုလဲ ဖြာထွက်တယ်၊ မိုးကောင်းကင်မြင့်ရှိရာဘက်ကိုလဲ မော့ပြီးဖြာတတ်တယ်၊ ဒါပေမဲ့ အမြင့်ကြီး မထိုးတတ်ဘူး ခင်နွေ၊ အပင်မှာ တစ်ပင်လုံး မွှေးနေအောင်ပွင့်တာ သိပ်လှတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်ကိုက စိတ်ရှည်လက်ရှည်ဖြင့်ပါ။ ခင်နွေ့လက်ကလေးကိုဆွဲလျက် ခေါ်သွားပြီးမှ ...

"ဒီမှာထိုင်၊ မြက်ခင်းပြင်က မဆုံးသေးဘူး၊ ထိုင်ချလိုက်၊ ဟုတ်ပြီ ... ကျောကို မှီကြည့်လိုက်၊ ဟုတ်ပြီ"

ခင်နွေ မြက်ခင်းပြင်လေးပေါ် အသာအယာ ထိုင်ချသည်။ အစ်ကိုပိုင် ပြောသလို ကျောပြင်လေးကို မှီလိုက်မိသည်။ ပင်စည်တစ်ခုနှင့် ကျောပြင်လေး ထိသွား၏။

"ဘာပင်လဲဟင် အစ်ကိုပိုင်"

ခေါင်းလေးမော့မေးပြီး နောက်ဘက်ကို လှည့်လိုက်ကာ စောစောက မှီလိုက်မိသည့် ပင်စည်ကို လက်လေးဖြင့်စမ်းသည်။ ပင်စည်က မြမြိုင်နိုင်နိုင်ရှိသည်။ လုံးပတ်ကလည်း ခင်နွေ့လက်လေးနှင့် သုံးထွာပတ်လည်ရှိသည်။ ပင်စည်အသားက ချောနေ၏။ တချို့နေရာလေးတွေမှာ ဖုဖုထစ်ထစ် သစ်ဖုလေးယောင်ယောင် ရှိနေတာကိုလည်း စမ်းမိသည်။

သူ ခင်နွေ့ဘေးတွင်ထိုင်လျက် အရာရာကို စူးစူးစမ်းစမ်းလေး လုပ်နေရှာသည့် အသွင်လေးကို သနားမဆုံးနိုင်စွာငေးစိုက်ကြည့်မိပါချေ၏။

"ဒီနေရာမှာ ပိုမွေးတယ် မဟုတ်လား၊ ခင်နွေ့ရဲ့လက်လေးတွေ[illegible] အောက်ကို ချကြည့်လိုက်ပါဦး၊ မြက်ခင်းကိုစမ်းမိတ[illegible]ဟုတ်လား၊ ဟုတ်ပြီ ... ဟိုဘက်ဒီဘက်တွေကို လျှောက်စမ်းကြည့်စမ်း"

သူ ပြောသည့်အတိုင်း ခင်နွေ လိုက်လုပ်သည်၊ လက်ချောင်း ဖြူဖြူသွယ်သွယ်လေးတွေက စိမ်းမြသော မြက်ခင်း



လေးပေါ် ဟိုသည်စမ်းသည်။ ခင်နွေ့မျက်နှာလေးမှာ ပျော်ရွှင်ရိပ်ကလေးများ ဖြတ်ပြေးနေ၏။

ခုလို ခြံကျယ်ကြီးထဲ လျှောက်ရတာ ...

နေရာသစ်လေးကို မှ ဒီနေအောင် အမှတ်အသားလေးတွေဖြင့် အစ်ကိုပိုင်က စိတ်ရှည်လက်ရှည် ရှင်းပြနေတာ၊ အားလုံး ခင်နွေ အရမ်းပျော်နေမိသည်မှာ အမှန်ပါပဲလေ။

"အဟင်း ... ဟင်း ... ဘာတွေ ရှိနေလို့လဲ အစ်ကိုပိုင်ရဲ့"

ရယ်သံလေးနှင့် စိတ်လှုပ်ရှား ပျော်မြူးစွာ ခင်နွေ မေးနေပုံလေးကို ငုံ့ကြည့်လျက် သူပါရောၡ ပျော်မိကြည်နူးနေမိရသည်။

"တွေ့မှာပေါ့ ခင်နွေရ၊ ဟုတ်ပြီ ... ရှေ့ကို နည်းနည်းတိုးလိုက်"

"ဟာ"

သူ့နှုတ်မှ ဟောဟု ပြောနေစိုက်မှာပင် ခင်နွေ့လက်နုနုလေးတွေက ပွင့်ဖတ်လေးတွေကို စတင်ထိတွေ့မိပြီ။

ခင်နွေ့ ပွင့်ဖတ်လေးတွေကို ဖွဖွထိမိပြီးတော့ လက်လေးဖြင့် ညင်ညင်သာသာ ပွင့်ကြွေလေးကို ကောက်ယူသည်။

ပွင့်ညှာတံလေးကသေး၍ ချောပြောင်နူးညံ့နေသည်။ လက်ဆစ်လေး နှစ်ဆစ်လောက် ရှိမည်။ ပြီးတော့ ပွင့်ဖတ်လေးတွေက ဘေးသို့ဖြာ၍ ကားကားလေး ဖြန့်သွားကာ အဖျားလေးတွေ ကော့ညွတ်ငိုက်ကျသွားသည်။ ပွင့်ဖတ်လေးတွေက နူးညံ့သည်နှင့်အမျှ ကော့ရှော့လေးလည်းရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



စောစောက ရှုရှိုက်ရခဲ့ရနံ့က ပို၍နီးကပ်လာသည်သို့ ခင်နွေ ခံစားရသည်။

ပွင့်ကြွေလေးကို ခင်နွေ နမ်းရှိုက်လိုက်မိပါ၏။ ဟုတ်သည်။ စောစောက ခင်နွေရသည့်ရနံ့သင်းသင်းလေး ယခုတော့ ပို၍နှာဖျားလေးထိ နီးနီးကပ်ကပ် ရှုရှိုက်လိုက်ရသည်။

ပန်းလေးကို ခင်နွေ ခပ်ဖွဖွ လက်ဖျားလေးနှင့် ထိစမ်းကြည့်မိသည်။

"အပွင့်က ကြွေသွားတာလားဟင်၊ ဒါပေမဲ့ လန်းနေတယ်နော် အစ်ကိုပိုင်"

ကလေးတစ်ယောက်လို ခင်နွေ ပြောနေသမျှ သူ ငြိမ်သက်စွာကြည့်၍ နားထောင်နေမိသည်။

"ဒါ ဘာပန်းလို့ ခေါ်လဲဟင်"

"အကျော်ပန်း၊၊ အကျော်ပွင့်လို့ ခေါ်တယ်"

သူ ပြောပြတော့ ခင်နွေ ပြုံးသည်။

"ဘာအရောင်လဲဟင် အစ်ကိုပိုင်"

သူ ပန်းကြွေလေးများကို ငေးခနဲကြည့်သည်။ ပြီး... အပင်ပေါ်တွင် အနိုင်လိုက် ပွင့်နေကြပါသော အကျော်ပွင့်များကိုလည်း မော့ကြည့်မိသည်။

ဩော် ... မြင်နိုင်စွမ်း မရှိပါသော ခင်နွေ့ကို အမြင်စွမ်းအားတွေ ရှိလိုက်စေချင်လှပါဘိ။

"အပွင့်က အဖြူရောင်လေး ခင်နွေရဲ့၊ ပွင့်ဖတ်ရဲ့အလယ်မှာ အဝါရောင် ပြေပြေလေးလည်းရှိတယ်၊ တကယ့်ကို ပြေပြေလေး၊ ငင်နွေ့သားမှာ အဲဒီ အပွင့်ကြွေလေးတွေ



အများကြီး ရှိနေတယ်၊ ဒီပန်းကလေ ကြွေနေရင်လဲ လန်းနေ လှနေသေးတယ်၊ မွှေးလဲမွှေးနေသေးတယ်"

သူ ပြောပြသမျှ ငြိမ်၍နားထောင်နေရာမှ ခင်နွေ့ကိုယ်လေး လှုပ်လှုပ်ရှားရှား [ သာကာ ...

"ဟင် ... ဟုတ်လား၊ အများကြီး ကြွေနေသေးလား၊ ဘယ်မှာလဲဟင်၊ ဘယ်မှာလဲ"

ထက်ထက်သန်သန်လေးမေးရင်း လက်လေးတွေက ဟိုဟိုသည်သည် စမ်းသည်။

တဖြုတ်ဖြုတ် ကြွေကျလာသော ပန်းလေးတွေ၊ ကြွေကျနှင့်နေပြီးသော ပန်းလေးတွေကို ခင်နွေ မြက်ခင်းပြင်လေးထက်မှာ စမ်းမိသည်။

မြက်ခင်းစိမ်းမြမြထက်တွင် ဖြူနုသေးသွယ်သော ကလေးမငယ်ငယ်လေး၏ ရုပ်သွင်လေးက ချစ်သနားဖွယ် ပေါ်နေသည်။ မည်းနက်သော ဆံရစ်ဝိုင်းလေးနှင့် နဖူးပြင်လေးပေါ် ညီညီတိတိလေး ဖြတ်ချထားသော ဆံနုယဉ်လေးများက ဖြူနုသော အသားကြောင့် ပို၍ မည်းနက်ပေါ်လွင်နေသည်။

အကျော်ပွင့်ကြွေလေးများကြားဝယ် ပန်းကြွေလေးများကိုလိုက်၍ စမ်းကောက်နေပုံလေးကို သူ ရင်တနင့်နင့်ဖြင့် သနားမဆုံးအောင် ငေးစိုက်ကြည့်နေမိသည်။

"ဟော ... အများကြီးနော်"

ပွင့်ကြွေလေးများကို စမ်းမိသမျှ ကောက်ပြီးဝိုင်နေသော ပေါင်လေးပေါ်မှာ ပုံနေအောင် တင်ထားသည်။ အရမ်းကို ပျော်နေသည့် ခင်နွေ။

www.burmeseclassic.com

www.burmeseclassic.com



သူ ခင်နွေ့အားတွင်ထိုင်ရင်း မြင်ကွင်းကိုပဲ မျက်တောင်မခတ် ငေးစိုက်ကြည့်နေမိလျက် ကြင်နာရ စိတ်များက အတောမသတ် စီးကျယိုဖိတ်ရပါချေ၏။

"ဒီနေရာလေးကို ခင်နွေ မှတ်ထားပေါ့ ဟုတ်လား၊ နွေလယ်ဘက်ဆိုရင် ဒီမြက်ခင်းလေးမှာ လာထိုင်၊ ဒီပန်းတွေလေးတွေကို ကောက်ပေါ့၊ ပြီးတော့ ဒါလေးကို ကိုင်ကြည့်စမ်း"

အိတ်ကပ်ထဲမှာပါလာသည့် ဘာဂျာလေးကို သူ ထုတ်၍ ခင်နွေ့လက်ထဲ ထည့်ပေးသည်။ ခင်နွေ ဘာဂျာလေးကို လက်ချောင်းလေးများဖြင့် လိုက်စမ်း၏။

ရှည်မျောမျောပုံလေး၊ ပြီးတော့ အနားတစ်ဖက်မှာ အပေါက်သေးသေးလေး တောင့်လေးတွေ အများကြီးပါနေသည်။

ပစ္စည်းအသစ်အဆန်းတစ်ခုကို ထိကိုင်နေမိရသည်မို့ ခေါင်းလေးမော့လိုက်မိလျက် စိတ်အားထက်သန်သန်လေးဖြင့် မေးမိရပြန်သည်။ ခင်နွေ့ မျက်ဝန်းလေးတွေ တဖိတ်ဖိတ်လက်လျက် ရွှန်းတောက်နေကြသည်။

"အဲဒါ ဘာလဲဟင် အစ်ကိုပိုင်"

"ဘာဂျာလို့ခေါ်တယ် ခင်နွေ"

"ဘာဂျာ ဟုတ်လား၊ အဲဒါ ဘာလုပ်လို့ရလဲဟင်"

သူ ရယ်သည်။ ပြီးတော့ ခင်နွေ့လက်ချောင်းလေးများကို ဆွဲယူ၍ ဘာဂျာမှုတ်ရမည့်ဘက်ကို လက်ချောင်းလေးများနှင့် ထိတွေ့စေသည်။



"တွေ့လား အပေါက်လေးတွေလေ၊ လေးထောင့်လေးတွေ၊ ဟော ... အလယ်မှာကလဲ အတန်းလိုက်လေးရှိနေတယ်"

ဘာဂျာမှုတ်ရသည့် မျက်နှာပြင်အနား နေရာကို မှတ်မိအောင် သူ သေသေချာချာပြပေးသည်။ ခင်နွေ အရမ်းကို ပျော်နေဆဲ။

ခင်နွေ အသံထွက်အောင် ရယ်သည်။ စိတ်ထဲမှာ ပစ္စည်းအသစ်အဆန်းလေးနှင့် ပျော်နေပုံမှာ အရမ်းသိသာနေသည်။

"ခင်နွေ တစ်ယောက်တည်းရှိတဲ့အခါ၊ ပျင်းတဲ့အခါ ဒီဘာဂျာလေးကို အဖော်လုပ်ပေါ့နော် ဟုတ်လား"

သူ ခင်နွေ့ခေါင်းလေးကို ဖွဖွပုတ်၍ပြောတော့ ဘာဂျာလေးကို တယုတယပွတ်သပ်နေရင်း ခင်နွေ ရယ်သည်။

ပျော်လွန်း၍လားမသိ။ ခင်နွေ့မျက်ရည်လေးတွေ ရွှန်းလဲ့တောက်ကြည်နေသည်။ ပြီးတော့ မျက်ရည်လေးတွေလည်နေသည်။

ဝမ်းသာအားရလေး ဘာဂျာလေးကို ငုံ့နမ်းလိုက်တာ မြင်တော့ သူ ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရသည်။

အဖော်မဲ့ရှာသည့်ကလေး။

အဖော်အဖြစ်ရလိုက်သည့် ဘာဂျာလေးကို အရမ်းမြတ်နိုးဝမ်းသာ နမ်းလိုက်ရှာသည့်ကလေး။

"အစ်ကိုပိုင် ... ခုနကမှုတ်တဲ့ သီချင်းက ဘာနာမည်လဲဟင်"

ထုံးစံအတိုင်း ခင်နွေ သီချင်တာကိုမေးသည်။ သူက လည်း စိတ်ရှည်လက်ရှည် ဖြေမြဲအတိုင်းဖြေသည်။

"သီချင်းနာမည်က - နွေတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ မျက်ဝန်းလေးတွေ လက်ခနဲဖြစ်လျက် ...

"နွေ ... ဟုတ်လား ဟင်၊ ခင်နွေနဲ့ တူတူပဲပေါ့နော်၊ ခင်နွေ့ကိုလေ နွေရာသီမှာမွေးလို့ ခင်နွေလို့နာမည်ပေးထားတာတဲ့၊ အဘကပြောပြတယ်"

စိတ်ပါလက်ပါပြောလျှင် ခင်နွေ့မျက်ဝန်းလေးတွေက ပို၍ ရွှန်းရွှန်းတောက်တောက်ရှိသည်။ မျက်မမြင်ဘဝဖြစ်ရပါသည့် ခင်နွေ၏အတွင်းစိတ်ထဲမှာ ပျော်နေတာ၊ ကြည်နူးနေတာ၊ ဝမ်းနည်းနေတာ အားလုံးကို ခင်နွေ မျက်ဝန်းလေးတွေနှင့်ပင် နားလည်သိမြင်စေနိုင်သည်။

ယခု ခင်နွေ ပျော်နေသည်လေ။

"အဘကပြောတယ်၊ နွေဆိုတာ သိပ်လှတာပဲတဲ့၊ ပန်းတွေလည်းပွင့်တယ်တဲ့၊ ပိတောက်ပန်းဆိုတာ နွေမှာပွင့်တဲ့နှစ်သစ်ကူးပန်းတဲ့၊ သစ်ခွတွေလည်း ပွင့်တယ်တဲ့၊ ပေါက်ပန်းတို့ ပျဉ်းမပန်းတို့ ကံ့ကော်ပန်း သရဖီပန်းတို့ဆိုတာလည်း နွေမှာပဲ ပွင့်ကြတာတဲ့၊ နွေဦးမှာပွင့်တာ၊ နွေလယ်မှာပွင့်တာ နွေကုန်ခါနီးမှာပွင့်ကြတာပဲ ကွာတယ်တဲ့"

စကားပြောဖော်ရလာသည်မို့ ခင်နွေ စိတ်ပါလက်ပါ စိတ်လက်ပေါ့ပါးစွာ စကားတွေပြောနေမိသည်။ ခင်နွေ့ကို အစ်ကိုပိုင် ပန်းကလေး ထိုးပန်ပေးလိုက်တာကိုလည်း သိနေ၏။ ခင်နွေ အရမ်းကိုပျော်နေမိသည်။ ခုလို ... ခင်နွေကို ချစ်ပြီး စိတ်ရှည်သည့် အစ်ကိုတစ်ယောက် ရလိုက်တာကို အရမ်းဝမ်းသာရပါသည်။

"အဲလို သိပ်လှတဲ့နွေမှာ ခင်နွေ့ကို မွေးလို့ ခင်နွေကလဲ ချစ်စရာကောင်းတယ်တဲ့၊ လှတယ်တဲ့၊ ဟုတ်လားဟင်"



"ခင်နွေက လှလား၊ ချစ်စရာရော တကယ်ကောင်းရဲ့လား"

ခင်နွေ၏အပြစ်ကင်းစင်သော မျက်နှာလေးကို သူ ငေးစိုက်ကြည့်မိလျက် အံ့သြာအယာ ပါးလေးကို ချစ်စနိုးဆွဲလိမ်လိုက်ရင်း ...

"လှတာပေါ့ ခင်နွေ၊ ချစ်စရာလဲကောင်းတာပေါ့၊ ခင်နွေဆိုတဲ့နာမည်လေးနဲ့ သိပ်လိုက်တာပေါ့"

ရယ်မောလျက် သူပြောလိုက်ရပေမယ့် ရင်ထဲမှာ မကောင်း။

ခင်နွေဆိုသည့် အမည်အတိုင်း၊ ပူလောင်သည့်ဘဝကိုများ ပိုင်ဆိုင်ရချေမည်လားဟု သူ စိုးထိတ်မိရသည်။

မျက်မမြင်ဆိုသည့် ဘဝလေးမှာ ခင်နွေ ဘယ်လို ချမ်းမြေ့ပျော်ရွှင်နေနိုင်ပါ့မည်လဲလေ။

သူ စိတ်ထဲ ကြေကွဲသနားနေမိရတာကို ခင်နွေ မမြင်နိုင်စွမ်းသည်မို့လည်း ကရုဏာငွေ့များ ယှက်ဖြာစွာကြည့်နေသည့် သူ့ဘက်ကို မှန်းဆမော့ထားသော ခေါင်းလေးကို ငုံ့လိုက်လျက် ခင်နွေ ရယ်မောနေရှာသည်။

ကလေးပီပီ ခင်နွေ့ကို ချစ်စရာကောင်းသည်ဟု အပြောခံလိုက်ရတာကိုလည်း ကျေနပ်နေရှာသည်လေ။

"အစ်ကိုပိုင် ... အဲဒီနွေသီချင်း ဆိုပြပါလားဟင်"

ခင်နွေ့ကို စိတ်ချမ်းသာစေချင်တာက သူ့စေတနာအရင်းမှန်ပါပဲလေ။

မြင်မြင်ချင်း ခင်နွေ့ကို သူ အရမ်းသနားခဲ့ရသည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သူ နွေကို ဆိုပြသည်။

"နွေရောက်ပြီလေ ... ရိုးတံကျဲကျဲ ... ပင်အိုတို့ အလှချင်း လဲပြိုင် ... လေရူးလေးအဝှေ့ ... ရွက်ဝါတွေ လိပ်ပြာတွေရယ် အလှချင်း ပြိုင်နေသလိုပေ"

သြော် ... ခင်နွေ့ကို နွေသီချင်း သူ သီဆိုပြရပါချေ သည်။

နွေလှသလို ခင်နွေ့ဘဝကိုလည်း လှစေချင်ပါသည်။

လောင်မြိုက်ခြောက်သွေ့သော နွေလို ခင်နွေ့ဘဝကို မဖြစ်စေချင်။

သြော် ... ပန်းလေးတွေပွင့်သော နွေ၊ လှသော နွေအဖြစ်သာ ခင်နွေ့ဘဝလေးကို လှစေချင်ပါသည်။ ရှိစေချင်ပါ သည် ခင်နွေ။

❀ ✱ ❀



## ၁

အိမ်ရှေ့လှေကားထစ်လေးမှာ ဖင်ချထိုင်လျက် ဘာ ရှာကို ဒွာန်ကရိုင်းမကျ တပွမ်ပွမ်မှုတ်နေသည့် ခင်နွေ့နားထဲ ရယ်သံကို ကြားလာရ၏။ ရယ်သံက လှောင်ထေ့ထေ့ရယ်သံ။

"ဟား ဟား ... တကယ့် ဂီတအနုပညာသည်လေးပါလား ဟေ့၊ ဒီနားမှာတော့ ကြွက်ကြောက်၊ ငှက်ကြောက်မယ့် အသံ ရောက်နေတာကိုး"

ခင်နွေအတွက် စိမ်းသောအသံ။

ဘာဂျာလေးကို တင်းတင်းဆုပ်ကိုင်ထားမိရင်းမှ ...

"ဘယ်သူလဲ ဟင်"

ဟု ခပ်တိုးတိုးမေးမိသည်။

ရယ်သံက ထပ်ပေါ်လာ၏။

"နိုင်သန့်တဲ့ကွ၊ ဒီအိမ်က ဦးမင်းသန့်နဲ့ ဒေါ်ခင်လေးမြတ်ရဲ့ သားလေ၊ မင်းက ဒီအိမ်က မာလီရဲ့သမီး မဟုတ်လား၊ မင်းကို ငါ မင်းစရောက်တဲ့နေ့ကတည်းက တွေ့ပြီးသားပါ"

ခင်နွေ ပျော်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုပိုင်နှင့် ညီအစ်ကိုတော်သည့် သူကို ထပ်တွေ့ရသည်ကိုး။

"ဒီနေ့မနက် ငါ စောစောနိုးတာ၊ မျက်နှာသစ်နေတုန်း ဒီပွမ်ပွမ်သံကိုကြားလို့ ဆင်းလာခဲ့တာ၊ ဘယ်ဆိုးလို့လဲ တကယ့်ပညာရှင်နဲ့ တိုးတာကိုး"

ခင်နွေ ပြုံးလိုက်မိသည်။

အစ်ကိုပိုင်၏ အစ်ကိုဆိုတော့ အစ်ကိုပိုင့်လိုပဲ သဘောကောင်းမှာပဲ တွေးမိ၏။

"မှတ်ပြပါလား ဟင် အစ်ကိုနိုင်၊ ခင်နွေ့ကို ဒီဘာဂျာ မှတ်ပြပေးပါလား၊ ရော့ ... ရော့လေ"

ဘာဂျာလေး ကမ်းပေးတော့ နိုင်သန့် လက်ကာသည်။

လက်ကာတာကို မမြင်သည့် ခင်နွေကတော့ ဆက်၍ ကမ်းပေးနေမြဲ။

"မမှုတ်ပါရစေနဲ့ ချာတိတ်ရယ်၊ မင်းပါးစပ်နဲ့ ထိမှုတ်ထားတာ တံတွေးတွေ စိုနေမှာ၊ ပြီးတော့ မင်းက ကန်းနေတာ၊ တစ်ကိုယ်ရေသန့်ရှင်းရေးလဲ လုပ်တတ်မှာမဟုတ်ပါဘူး၊ မင်း သွားတိုက်ရဲ့လား"

ခင်နွေ့မျက်နှာလေး ညှိုးသွားသည်။ ဘာဂျာလေးကို ယို့ယို့ကုပ်ကုပ်လေး ပြန်၍ အောက်ချထားလိုက်ရင်း ...

"ခင်နွေ အမြဲတမ်း ဆားနဲ့ မီးသွေးမှုန့်နဲ့ သွားတိုက်ပါတယ်ရှင့်"

ဟု တရိုတသေလေးဖြေသည်။



"ဒီဘာဂျာကို ဘာကိစ္စနဲ့ ဒီလောက်နားငြီးအောင်မှုတ်နေတာလဲကွ၊ ဘယ်ကရတာလဲ"

တကယ်တော့ နိုင်သန့် ကိုယ်တိုင်ကလည်း ခင်နွေ့ကို နောက်ချင်စချင်စိတ်ဖြစ်နေမိသည်မို့ မေးခြင်းပါ။

"အစ်ကိုပိုင် ပေးတာပါ၊ ခင်နွေ့အတွက် အဖော်တဲ့"

နိုင်သန့် ပြုံးသည်။

ပိုင်က ဒီအကန်းလေးကို လူရေးလူရာသွင်းလို့ ဆုလည်း တွေးလိုက်မိသေးသည်။

"ပိုင်က ပေးတာလား ... ဟုတ်လား၊ အဖော်ဟုတ်လား၊ တော်သေးတာပေါ့ကွာ၊ နဲ့ကြိုးပေးမထားလို့ နဲ့သံဆို ပိုဆိုးမှာ"

ပြောပြီး နိုင်သန့် ထပ်ရယ်သည်။ ပြောသည့်စကားထဲမှာ ရယ်စရာလည်း ဘာမှပါတာမဟုတ်။

ဒါနဲ့များ အစ်ကိုနိုင်သန့်က တစ်ယောက်တည်း သူ့စကားကိုသူ ပြန်သဘောကျပြီး ရယ်နေသည့်အတွက် ခင်နွေ အံ့ဩသည်။

"အစ်ကိုပိုင်ရောဟင်"

"မနက်တိုင်း ပြေးနေကျပဲဥစ္စာ၊ လမ်းပေါ်မှာပြေးကောင်းတုန်းပေါ့၊ ကဲ ... ပေးစမ်းပါဦး ညည်းရဲ့ဘာဂျာလေး"

ခင်နွေ ကမ်းပေးတော့ နိုင်သန့် ယူသည်။

ဘာဂျာလေးကို စံပယ်ရုံလေးဆီမှာ သွားချသည်။

"ကဲ ... ညည်းပစ္စည်းကို တွေ့အောင်ရှာစမ်း"

ခင်နွေ မျက်နှာလေး မဲ့ကျသွားကာ ...

"မလုပ်ပါနဲ့ အစ်ကိုရယ်၊ ခင်နွေမှ မမြင်ရတာ၊ ပြန်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ဘာဂျာလေးကို အသံလေးကအစ စွဲလမ်းချစ်နေရတာမို့ ခင်နွေ ငိုမဲ့မဲ့လေးပြောမိသည်။ ဘာဂျာလေးကို ရှာမတွေ့မှာလည်း ကြောက်သည်။ ပြီးတော့ အစ်ကိုနိုင်သန့်က ယူသွားလိုက်မှာလည်းစိုးသည်။

"ဟ ... ဒီအိမ်မှာ ညည်းနေနေတာပဲ၊ စံပယ်ရုံလေးကို မင်း သိမှာပေါ့၊ အဲဒီဘေးမှာ ချထားတာ ရှာကြည့်လေ"

နောက်ချင်စိတ်နှင့် နိုင်သန့် ပြောပြီး အိမ်ဘေးမှ မာလကာပင်စည်ကို လက်ဖြင့် မှေးထောက်ရင်း သဘောတကျကျဖြင့် ကြည့်နေသည်။

"စံပယ်ပင်လေးက ဘယ်နားမှာလဲဟင်"

နိုင်သန့်၏ အသံလာရာဘက်ကို မျက်နှာလေးလှည့်၍ ညှိုးငယ်စွာမေးလာသော ခင်နွေ့ကို နိုင်သန့် ပြုံး၍ကြည့်သည်။

"အဲဒီလှေကားကဆင်း၊ ညာဘက်ကိုလျှောက်၊ ခပ်ဖွေဖွေလေးလျှောက်၊ စံပယ်ရုံလေး တွေ့မှာပေါ့"

ခင်နွေ လှေကားလေးပေါ်မှဆင်းသည်။ ညာဘက်ကို မပ်ဖွေဖွေ လမ်းကြောင်းလေးအတိုင်း လျှောက်သည်။ မြေပြင်ပေါ် ငုတ်တုတ်လေးထိုင်၍ စံပယ်ရုံလေးကို လက်ဖြင့်လိုက်စမ်းသည်။ ဟိုဟိုသည်သည် စမ်းနေတာကို ပြုံး၍ကြည့်နေရာမှ နိုင်သန့် မျက်နှာမှာ အပြုံးပျောက်သွား၏။

ခင်နွေ့မျက်နှာလေးကို တစ်ချက်စိုက်ခနဲကြည့်လိုက်မိရာမှ ချက်ချင်း ဘာဂျာလေးကို သွားယူကောက်ပေးလိုက်မိသည်။



ထစမ်းစမ်းနှင့် ဘာဂျာလေးကို ခင်နွေ လိုက်စမ်းနေတာကို စောစောပိုင်းက နောက်ချင်စိတ်ဖြင့် ပြုံးပြီးကြည့်နေမိခဲ့သော်လည်း စိတ်မကောင်းဖြစ်လိုက်မိရသည်လေ။

"ရော့ ... ညည်းဥစ္စာ၊ ငါက ခင်လို့နောက်လိုက်မိတာ၊ ညည်းက ဝမ်းနည်းလွယ်လိုက်တာကွာ၊ မျက်ရည်တွေ ဘာတွေ ဝိုင်းနေပါလား၊ မင်းဥစ္စာကို ငါ ဖျောက်မပစ်ပါဘူးကွ၊ မင်းကို တမင်နောက်လိုက်မိတာပါ"

ဘာဂျာလေး လက်ထဲပြန်ထည့်ပေးရင်း နိုင်သန့် ပြောတော့ ခင်နွေ မျက်ရည်ဝဲနေသည့်ကြားထဲမှ ပြုံးလာသည်။

ဝမ်းသာအားရလေး ဘာဂျာလေးကိုယူကာ တယုတယပွတ်သပ်ကြည့်သည်။

ဤသို့မြင်ရတော့လည်း နိုင်သန့် သနားသလိုလိုလေး ဖြစ်လာရသည်လေ။

"ညည်းအဖေရော"

"အဘ အိမ်ရှေ့က ဥယျာဉ်လေးကိုသွား့မယ်ပြောပါတယ် အစ်ကို"

အပြောအဆိုလေး ယဉ်ကျေးတာကိုတော့ နိုင်သန့် သဘောကျသည်။

ထိုအခိုက် ခြေသံကို ကြားရတာမို့ နိုင်သန့် လှည့်ကြည့်သည်။ ပိုင်သန့်ကို ဘောင်းဘီရှည်အဖြူ စပို့ရှပ်အနီလေးနှင့် တွေ့ရ၏။ လည်တွင် မျက်နှာသုတ်ပဝါဖြူလေးကို သိုင်းထားသည်။ ပိုင်သန့် အပြေးကျင့်ပြီး ပြန်လာတာဖြစ်မည်။ ထို့နောက်မှ ဤနေရာလေးကို လာခဲ့ဟန်တူ၏။

www.burmeseclassic.com



"ကိုနိုင်လည်း ခင်နွေ့ဆီ ရောက်နေတာကိုး"

ပိုင်သန့် အသံကြားသည်နှင့် ခင်နွေ့မျက်နှာလေး ဝင်းကြည်သွားကာ ...

"အစ်ကိုပိုင် ..."

ဟု ဝမ်းသာအားရလေး ခေါ်သည်။

"ဘာဂျာသံလေး တပွီပွီ တပွမ်ပွမ်ကြားလို့ ဒီဘက်ကို လာလိုက်တာ ပိုင်ရ၊ ကောင်မလေးဆီက ဘာဂျာကို ဖွက်ထားပြီး လိုက်ရှာနိုင်းတာ မျက်ရည်တွေကိုဝဲရော၊ တကယ့် ကောင်မလေး"

နိုင်သန့် ပြောပြီးရယ်တော့ ပိုင်သန့် အစ်ကိုလုပ်သူကိုကြည့်ပြီး မျက်နှာမကောင်း။ နိုင်သန့်နှင့် အတူလည်း လိုက်ပြီးမရယ်။

ခင်နွေ့မျက်နှာလေးကို ကြင်နာစိတ်ဖြင့်ကြည့်ပြီး ...

"ကိုနိုင်ကလဲ သနားပါတယ်ဗျာ၊ ကလေးကို အဲလိုမနောက်ပါနဲ့၊ သူတစ်ပါးရဲ့အားနည်းချက် အဲလို အနိုင်ယူပြီး စတာမျိုးက မကောင်းပါဘူး"

နိုင်သန့် မျက်မှောင်ကြီးချီသွားကာ ...

"ဒီအကန်းကိုများကွာ လူရေးလူရာသွင်းပြီး ပြောနေလိုက်တာ၊ ငါကလည်း နောက်ချင် ပြောင်ချင်တာလေးနဲ့ လုပ်လိုက်မိတာပါ၊ တမင်ညစ်ပတ်ပြီးလုပ်တာ မဟုတ်ပါဘူးကွ၊ မင်းရဲ့ချာတိတ်ကလည်း အကဲပါလွန်းပါတယ်၊ သူ့ဘာဂျာကို ငါက ဝါးစားမျိုချသွားမှာကျနေတာပဲ"



စောစောက ခင်နွေ့ကို သနားမိခဲ့တာကို နိုင်သန့် မမေ့သေး။

ဒါပေမဲ့ ပိုင်သန့် မျက်စိမျက်နှာပျက်လျက် အပြစ်တင်သလိုပြောလာတာကိုခံရတော့ မကျေမနပ်ကြီး နိုင်သန့် ပြန်ပြောမိကာ နေရာမှ ချက်ချင်းလှည့်ထွက်ခဲ့လေ၏။

ရှူးရှဲနှင့် ကိုနိုင် လှည့်ထွက်သွားကာ သူ ခပ်အေးအေးပဲ ရပ်ကြည့်နေမိသည်။ ခင်နွေ့ပခုံးလေးပေါ် လက်တစ်ဖက်ကို အသာတင်ထားမိ၏။

"အစ်ကိုပိုင် ... အဲဒီအစ်ကိုနိုင်က စိတ်ဆိုးသွားသလားဟင်၊ သူက ခင်နွေ့ကို ဘာဂျာလေး ပြန်ယူပေးပါတယ်"

ခင်နွေ့ မျက်နှာငယ်လေးနှင့်ပြောတော့ သူ ဖြီးရှုံ ခေါင်းလေးကို ပုတ်လိုက်မိသည်။ ကိုနိုင် စိတ်ဆိုးသွားမှာ ခင်နွေ့ အရမ်းကြောက်နေကြောင်း သူ နားလည်သည်ပေါ့။

"လာ ခင်နွေ့၊ စောစောက ဘာဂျာ ဘယ်နားမှာမှုတ်နေတာလဲ"

"လှေကားထစ်မှာ"

လှေကားထစ်လေးရှိရာသို့ ခင်နွေ့နှင့်အတူ သူ လျှောက်ပြီး ပြန်ထိုင်သည်။

"အစ်ကိုပိုင် ဘာဂျာမှုတ်ပြမယ်၊ တစ်ပုဒ်ပဲ မှုတ်မှာနော်၊ အစ်ကိုပိုင်က ကျောင်းသွားရဦးမှာ၊ ရေလဲမချိုးရသေးဘူး၊ မနက်ကတည်းက ဘာမှလဲ မစားရသေးဘူး၊ ညီမလေးဆီ အရင်ဆုံးလာခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှည်လက်ရှည်လေး သူ ပြောပြတော့ ခင်နွေ ဘာဂျာလေးကို လက်လေးဖြင့် ပြန်ပြီး သူ့လက်ထဲမှယူသည်။

"နေပါစေ အစ်ကိုပိုင် ဗိုက်ဆာရောပေါ့၊ ခင်နွေ့ကို နောက်မှပဲ မှုတ်ပြတော့လေ ... နော်"

သူ ရယ်သည်။ ခင်နွေ သိတတ်ပုံလေးကိုလည်း ချစ်မိသည်။

"ခင်နွေက မကျွေးဘူးလား"

ချစ်စနိုးလေး သူ ခေါင်းလေးပုတ်မေးတော့ ...

"ထမင်းကြမ်းကို ငါးပိရည်ဖျော်နဲ့ ရေတ်သီးစိမ်းထောင်းနဲ့ စားထားတာ၊ ထမင်းကြမ်းကလဲ ကုန်သွားပြီလို့ အဘက ပြောပြသွားလို့ပါ အစ်ကိုပိုင်၊ ထမင်းကြမ်းကျန်ရင်တော့ အစ်ကိုပိုင် စားမယ်ဆိုရင် ခင်နွေက ကျွေးပါတယ်"

သူ ပြုံးနေရာမှ မျက်နှာတည်သွားသည်။ တကယ့်ကို ဆင်းရဲရှာသည့် ခင်နွေလေးကို ကရုဏာစိတ်ဖြင့် ငေးခနဲစိုက်ကြည့်မိသည်။

"ကဲ ... အစ်ကိုပိုင် မဆာသေးပါဘူး ခင်နွေရ၊ နွေသီချင်းပဲ နားထောင်မယ်မဟုတ်လား၊ မှုတ်ပြမယ် နားထောင်"

ခင်နွေ့လက်ထဲမှ ဘာဂျာလေးကိုပြန်ယူပြီး သူ စိတ်ပါလက်ပါ ဘာဂျာလေးကို မှုတ်ပြသည်။ တကယ်တော့ ခင်နွေ့ကို ငယ်စဉ်ကတည်းက သူက အလိုလိုက်၍ ညာတာခြင်းဖြင့် စိတ်ချမ်းသာမှုကို ဖြစ်တည်စေလိုသည့်သူအဖြစ် တည်ရှိခဲ့ရသည်။



အစ်ကို နိုင်သန့်ကတော့ ခင်နွေ့ကို နောက်ပြောင်ကျီစယ်ရင်းဖြင့် အားနည်းမှုကိုနင်း၍ ဆက်ဆံခဲ့ချေသည်ပဲ။

ခင်နွေ့လက်ထဲ ဘာဂျာလေး ပြန်ထည့်ပေးခဲ့တာမို့ သနားစိတ်တော့ ခင်နွေ့အပေါ် နိုင်သန့် ထားရှိခဲ့တာကိုတော့ သူ သတိပြုမိလိုက်တာအမှန်။

ခင်နွေသည် နိုင်သန့်အတွက် အပျင်းပြေနောက်ပြောင်စရာ ကလေးမအဖြစ် ရှိခဲ့ရပေမယ် ...

ပိုင်သန့်အတွက်မှ သနားစရာ ညီမငယ်လေးအဖြစ် သံယောဇဉ်ကြီးစွာ ထားမိရပါသည့် ချာတိတ်လေးဖြစ်နေခဲ့ရသည်လေ။

❁ ✱ ❁

www.burmeseclassic.com

www.burmeseclassic.com



## ၆

"လုံမ အဘ ပန်းမျိုးတွေ သွားဝယ်လိုက်ဦးမယ်၊ အိမ်ထဲမှာပဲ နေနော် သမီး"

"ဟုတ်ကဲ့ အဘ၊ အဘ ပြောင်းဖူးပြုတ်လေးဝယ်လာနော်"

စံပယ်ပန်းလေးတွေကို နှီးစမျှင်လေးဖြင့် သီနေရင်း ခင်နွေ ပြောသည်။

စံပယ်ရုံတန်းလေးရှိရာသို့ မနက်တိုင်း ခင်နွေ သွားတတ်နေပြီ။

စံပယ်ပွင့်လေးကို ဖွဖွညင်ညင်ခူးတတ်သည်။ ပြီးတော့ ပန်းလင်ပန်းလေးဖြင့် အိမ်ဘိုပြန်လာကာ ပန်းလေးတွေ သီ၏။ နှီးစလေးကို မျှင်မျှင်လေးရအောင် အဘက လုပ်ပေးသည်။ တစ်နည်းဆိုရလျှင် ပန်းသီသည့် နှီးကြိုးမျှင်လေး။

"ဪ ... သမီးလေး၊ သူ့ခမျာ သူ့စိတ်ကို ဖြေသိမ့်တတ်အောင် နေရှာတယ်၊ ပန်းလေးတွေသီရင်း အချိန်လေးတွေ ကုန်လိုက် ဘာကျာလေးမှတ်လိုက်၊ ကဗျာလေးတွေရွတ်လိုက်နဲ့ အဘသမီးလေး ကံဆိုးရှာလိုက်ပါကွယ်"



သမီးဖြစ်သူကို ကြေကြေကွဲကွဲ ငေးစိုက်ကြည့်လျက် ဦးဘညွန့် မျက်ရည် ကျိတ်၍ကျသည်။

အဘ မျက်ရည်ကျသည်ကို မမြင်နိုင်သည်မို့ ခင်နွေ မျက်နှာလေး ပြုံးနေဆဲ။

"လှတယ်နော် အဘ"

ပန်းကုံးလေးကို ဆံရစ်ဝိုင်းထုံးထားသည့် နေရာလေးမှာ ခွေဝိုက်ပန်လိုက်ရင်း ခင်နွေ ပြောတော့ ...

"လှတာပေါ့ သမီးရယ်၊ အဘ သမီးလေးက ဒီစံပယ်ပန်းလေးတွေထက်တောင် လှသေးတယ်"

ပန်းကုံးလေးကို ပိုနိုင်အောင် သေချာပန်ပေးရင်း အဘ ဖြေရှာ၏။

လှသည်ပြော၍ ခင်နွေကတော့ သဘောကျနေသည်။ သနပ်ခါးကျောက်ပျဉ်လေးရှိရာကို သွား၍ သနပ်ခါးသွေးသည်။

ဘယ်နေရာမှာ ဘာရှိသည်ဆိုတာကိုတော့ ခင်နွေ အလွတ်ရနေပြီပဲလေ။ ကျောက်ပျဉ်လေးထက်မှာ သနပ်ခါးတုံးကို တင်၍ ဘေးတွင် အသင့်ရှိသော ရေပုလင်းလေးထဲမှ ရေကို ကျောက်ပျဉ်ပေါ် အစက်လိုက်တင်သည်။ အဘက ရေပုလင်းအဖုံးလေးကို အပေါက်ဖောက်ထားတာမို့ ရေစက်လေးတွေကို ပုလင်းလေးမှောက်လိုက်လျက် အစက်လိုက်ချနိုင်သည်လေ။

သနပ်ခါးသွေးပြီးတော့ ခင်နွေ့မျက်နှာလေးပေါ် လူးသည်။ တို့ပတ်ဖြင့် တဖတ်ဖတ်ရိုက်သည်။ သွားရွတ်သံလေး နှင့် မျက်ခုံးတန်းလေးမှာရှိသည့် သနပ်ခါးလေးတွေကို ခြစ်ချသည်။

www.burmeseclassic.com

www.burmeseclassic.com



မှန်ကြည့်စရာမလိုဘဲ သနပ်ခါးလိမ်းခြင်းကိစ္စသည် ပြီးမြောက်၏။

"လှလားဟင် အဘ၊ ညီလား ဟင်"

သနပ်ခါးလိမ်းထားတာ ညီ မညီ ခေါင်းလေးမော့မေးသည့် သမီးလေး၏ ခေါင်းလေးကို တယုတယပွတ်သပ်ပေးရင်း မျက်ရည်ဝဲလျက် ...

"လှတာပေါ့ သမီးရယ်၊ သနပ်ခါးကလဲ ညီနေတာပဲ၊ လုံမက သနပ်ခါးကို ကြော့မော့နေအောင် လူးတတ်တာ"

ခင်နွေ သဘောတကျကျနှင့် အသံလေးထွက်အောင် တခစ်ခစ်ရယ်သည်။

"ကဲ ... အဘ သွားမယ်နော်၊ ထမင်းဆာရင် စားနှင့်၊ မီးဖိုထဲမှာ မီးမရှိတော့ဘူး၊ အဘ ငြိမ်းသတ်ပြီး ဟင်းအိုးကို ဂရုစိုက်ပြီး ဖုံးခပ်နော်၊ အဘ ကြာချင်မှကြာမှာပါ၊ ဒါပေမဲ့ သမီး ဆာရင်စားနှင့်၊ ထမင်းကို အဘအတွက် ဦးချဖယ်ထားပြီး စားထားလိုက် ဟုတ်လား"

"ဟင့်အင်း ... အဘကို စောင့်မှာပေါ့၊ ခင်နွေ မနက်က အဘနဲ့အတူ ထမင်းကြော်စားထားတာပဲဥစ္စာ၊ ခင်နွေ စောင့်နေမယ်နော် အဘ၊ အဘနဲ့ပဲ အတူစားမယ်၊ နှစ်ယောက်အတူစားမှ စားလို့ချိုတာ အဘရ"

ဦးဘညွန့် ရယ်သည်။ ဒုက္ခိတလေးမို့လားမသိ ချစ်အောင် ပို၍ ပြောတတ် ဆိုတတ်ဟန်တူသည့် သမီးလေး အသနားက အချစ်တွေထက် ပိုကဲလာရသည်။ ခြော် ... ချစ် သနားလိုက်ရပါသည့် သမီးလေး။



"ဒါဖြင့် အဘ သွားမယ်၊ ပန်းလေးတွေသီနေပေါ့၊ ပျင်းရင် ဘာဂျာလေးမှုတ်နေ ဟုတ်လား"

"ဟုတ်ကဲ့ပါ အဘ၊ ပြောင်းဖူးပြုတ်မမေ့နဲ့နော် အဘ"

ကလေးပီပီ ပြောင်းဖူးပြုတ်ကို မမေ့နိုင်ဘဲ ထပ်မှာတော့ ဦးဘညွန့် ရယ်သည်။

"အေးပါ လုံမရဲ့၊ အဘ မမေ့ပါဘူး"

သမီးလေးကို ခေါင်းလေးပုတ်ပြီး ဦးဘညွန့် အိမ်လေးပေါ်မှဆင်းသည်။

သဇင်ဥတွေနှင့် ခြံထဲမှာ ပုဏ္ဏရိက်ပင်များ အတန်းလိုက်ထပ်စိုက်တော့မည်ဟု ဦးဘညွန့် တွေးသည်။ နှင်းဆီခင်းနှင့် ဂန္ဓမာခင်းအကြားတွင် ပုဏ္ဏရိက်တန်းကို စည်းရိုးလေးအဖြစ် ခြားထားမည်ဟု စိတ်ကူးထားသည်လေ။

ခင်နွေမှာ ပန်းလေးတွေသီရင်း ကျန်ရစ်ခဲ့၏။

"ယိုးလေးရယ်ယို၊ ချိုပေါက်တဲ့နွား ...
တို့လယ်ဝင်လာစား ကြီးတော်ရဲ့နွား"

အသံလေးကို ချိုနွဲ့နွဲ့လေးဆွဲဟ ခင်နွေ ကဗျာလေးကိုဆိုသည်။ ပြီးတော့ ပြုံးသည်။

"တို့လယ် ဝင်လာစား ... ကြီးတော်ရဲ့နွား"

ဟု ထပ်ဆိုသည်။ ပန်းလေးတွေ သီနေရင်းမှ ခင်နွေ ငယ်ဘဝက နေခဲ့ရသည့် ရွာကလေးကို ပြန်လွမ်းမိ၏။

အဘ၏လယ်ထဲကို နွားဝင်စားစဉ်က နွားမောင်းခဲ့ရဖူးတာတွေကိုလည်း ပြန်သတိရမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုတုန်းက ခင်နွေဆိုတာ အရမ်းကို ပျော်ခဲ့သည်ပဲ လေ။

စိမ်းနုနု ပျိုးခင်းတွေ၊ နောက် ... မြစိမ်းရောင် တောက်နေသည့် လယ်ကွင်းတွေ၊ ပြီးတော့ ... ရွှေဝါရောင် စပါးနှံတွေမှည့်နေသည့် လယ်ကွင်းတွေ၊ လယ်ကန်သင်းရိုးတွေ၊ စာချောက်ရုပ်နှင့် ငှက်ကလေးတွေ။

ခင်နွေ့မျက်နှာလေး ညှိုးသွားသည်။ ပိုတုန်းကလို ခင်နွေ ပြန်ဖြစ်လိုက်ချင်သည်။ ဆုံးရှုံးခဲ့ရပြီးသော အတိတ်မှအရာကို ခင်နွေ ပြန်လည်၍ တောင်းခံယူချင်သည်။

ခင်နွေ့မျက်ဝန်းမှ မျက်ရည်လေးများ တလိမ့်လိမ့် စီးကျလာကြပြန်ပါ၏။

ပန်းကုံးလေးတွေကိုလည်း ဆက်မသီဖြစ်တော့။

ငေးရီရီလေး ငြိမ်နေမိသည်။ ထိုအခိုက် အိမ်ခေါင်မိုးသွပ်ပြားပေါ်သို့ မိုးပေါက်လေးတွေ ကျလာသံကို ကြားရ၏။

မိုး ...။ မိုးရွာချေပြီ။

တဖြည်းဖြည်း မိုးပေါက်တွေသည်းလာတာကို ခင်နွေ သိနေရသည်။

ခင်နွေ ဖြည်းဖြည်းထ၍ ပြတင်းပေါက်ရှိရာသို့ လက်ဖြင့် ရှေ့ကိုစမ်းတန်း၍ သွားသည်။ ပြတင်းပေါက်ပေါင်ကို လက်ဖြင့်ထိမိတော့ ပြတင်းတံခါးရွက်များကို လိုက်ပိတ်၏။

မိုးပေါက်တွေ အိမ်ထဲကို ပက်ဝင်လာမှာ ခင်နွေ စိုးသည်လေ။



အိမ်ရှေ့လှေကားဆီမှ ခြေသံလိုလိုကြားလိုက်ရသည်မို့ ခင်နွေ ခေါင်းလေးအငဲ့မှာပင် ကြီးမားကျယ်လောင်သော မိုးထစ်ချုန်းသံကြီး ထွက်ပေါ်လာသည်။

"အား ..."

ခင်နွေ အခန်းနံရံကို ကြောက်လန့်တကြား မှီကပ်လိုက်မိလျက် မျက်နှာကို လက်ဖြင့် ကယောင်ကတမ်းကာလိုက်ရင်း ချောက်ချောက်ချားချား အော်လိုက်မိပါပြီ။ ရင်တစ်ခုလုံး ခုန်ပေါက် ထွက်ကျသွားတော့မတတ် တဒိန်းဒိန်းဆောင့်ခုန်နေသည်။

အားအင်ဟူသမျှ ကိုယ်ခန္ဓာထဲမှ နုတ်ယူသွားလိုက်သလို ကိုယ်လေး တဖြည်းဖြည်း အောက်သို့ လျှောကျလာသည်မို့ ကြမ်းပြင်မှာ အခန်းနံရံနှင့် တစ်လျှောက်လုံး လျှောတိုက်ထိတွေ့နေသည်။ ခင်နွေ့မျက်ဝန်းအိမ်မှ မျက်ရည်တွေက စီးကျနေဆဲ။ လက်ဖျားလေးတွေ တဆတ်ဆတ်တုန်ခါနေဆဲ။

ခြေလှမ်းသုတ်သုတ်လှမ်းလာသံကို ခင်နွေ ကြားရသည်။ မကြာမလင့်မှာပင် သန်မာသောလက်အစုံက ခင်နွေ့ ခုံးလေးကို ထိကိုင်လာသည်။ နောက် ... တဆတ်ဆတ်တုန်နေသော ခင်နွေ့ကိုယ်သေးသေးလေးကို ရင်ခွင်ထဲ သိမ်းကျုံးဖွေ့ပိုက်လိုက်တာကိုလည်း ခင်နွေ ခံစားလိုက်ရသည်။

"ခင်နွေ ညီမလေး ... သိပ်ကြောက်သွားလားဟင်၊ မိုးခြိမ်းလိုက်တာပါ ခင်နွေရဲ့၊ မကြောက်နဲ့နော်၊ ဖြစ်ရလေ ကလေးရယ်၊ ခင်နွေ တစ်ယောက်တည်းရှိနေတာကိုး၊ မကြောက်နဲ့နော်၊ အစ်ကိုပိုင် ရှိနေတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ မျက်ရည်တွေကျနေဆဲ။ တတွတ်တွတ်ရေ မော့နှစ်သိမ့်ရင်း ခင်နွေ့မျက်ရည်လေးများကို ပိုင်သန့် သုတ်ပေးနေမိသည်။ ချာတိတ်လေးကို ပိုင်သန့် အရမ်းသနားနေမိရပါပြီ။ မိုးခြိမ်းသံကြီးကြောင့် ခင်နွေ အရမ်းကို ချောက်ချားကြောက်လန့်သွားတာကို သူ မြင်လိုက်ရသည်လေ။

ကျောင်းကပြန်ရောက်သည်နှင့် အဝတ်အစားလဲပြီး ခင်နွေ့ထံ လျှောက်လာမိသည်။ မိုးလေးတွေကျလာတော့ သူ ပြေးခဲ့၏။ မိုးက ချက်ချင်း ကောက်သည်းလာတာမို့ သူ သွက်သွက်ပြေးရသည်။ လှေကားထစ်များကိုတက်ပြီး တံခါးနားအရောက်တွင် လျှပ်စီးလက်လိုက်သည့် အလင်းရောင် ဖျတ်ခနဲ တစ်ချက်လင်းပြီးသည့်နောက် မိုးခြိမ်းသံကြီးပေါ်လာ၏။ အတော်ကြီးကိုကျယ်သည့် မိုးထစ်ချုန်းသံ။

ခင်နွေ အရမ်းကိုကြောက်လန့်အော်လိုက်တာ သူ မြင်လိုက်ရတော့ ချက်ချင်း ပြေး၍ ခင်နွေ့ကိုယ်လေးကို သူ ဖွေ့ပိုက်လိုက်မိခြင်းပါ။

သူ့ရင်ခွင်ထဲမှာ ခင်နွေ ကြောက်ကြောက်နှင့် အတင်းဖက်ထားသည်။

ခင်နွေ့မျက်နှာလေးကို ဖွဖွညင်ညင် သူ ပွတ်ပေးရင်း ...

"မကြောက်နဲ့နော်၊ လာ ... ခဏထိုင်ရအောင်"

ခင်နွေ့ကို ဖျာလေးပေါ်ထိုင်ခိုင်းပြီး သူ ရေတစ်ခွက်ခပ်သည်။ ခင်နွေ့ပါးစပ်လေးနားမှာ တေ့ပေးသည်။

"သောက်လိုက်နော်၊ အမောပြေသွားအောင် သောက်လိုက်"



အကြောက်ပြေအောင် ရေအေးအေးလေးကို သူ တိုက်ခြင်းပါ။ ခင်နွေ့လက်လေးတွေ ရေခွက်ကို ထိစမ်းလာပြီး တကျိုက်ကျိုက် မော့သောက်သည်။

ခင်နွေ ရေသောက်ပြီးတော့ သောက်ရေခွက်ကို ရေအိုးစင်မှာ ပြန်၍ သူ သွားထားသည်။ နောက် ... ခင်နွေ့နားတွင် ပြန်လာထိုင်သည်။ ပခုံးလေးကို လက်ဖြင့်သိုင်းဖက်ထားပြီး ကျောလေးကိုပုတ်ပေးသည်။

ခင်နွေ့မျက်နှာလေး အနီရောင်ကဲနေတာ အရောင်ဖျော့လာသည်။

အကြောက်နည်းနည်းပြေလာပြီဆိုတာ သူ နားလည်၏။ သူ ရောက်လာသည်မို့လည်း ခင်နွေ အကြောက်ပြေသွားရှာမှန်း သူ နားလည်သည်။ ရင်ထဲတွင် ခင်နွေ့ကို သနားရလွန်းသည့်စိတ်တွေက ပြည့်လျှံလွန်းမက ပြည့်လျှံနေပါချေသည်။

"အစ်ကိုပိုင် မပြန်သေးနဲ့နော်"

ခင်နွေ ခပ်တိုးတိုးလေးပြောတော့ ဆံစလေးများကို သူ သပ်တင်ပေးရင်း ကြင်ကြင်နာနာ သူ ပြောသည်။

"မပြန်ပါဘူး ကလေးရယ်၊ အဘရော ဟင် ..."

"ပန်းမျိုးသွားဝယ်တယ်"

ခင်နွေ ခပ်တိုးတိုးဖြေသည်။ ပြီး ... သူ့ရှိရာဘက်ကို မျက်နှာလေးမော့ကြည့်လာရင်း ...

"ခင်နွေ အဲဒီအသံကြီးကို ကြောက်တယ် အစ်ကိုပိုင်၊ ခင်နွေလေ အဲဒီ အသံကြောင့်၊ ပြီးတော့ မိုးတွေရွာနေလို့ မျက် ... မျက်စိ မမြင်ရတော့တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် …"

ခင်နွေ့ ပြောပြီး တရှိုက်ရှိုက်ငိုနေစဉ် သူ အံ့ဩ စိတ်နှင့်အတူ နားမလည်နိုင်သလိုလည်း ဖြစ်လိုက်ရပါချေ၏။

"ဘာပြောတယ် ခင်နွေ့၊ မိုးတွေရွာ၊ မိုးခြိမ်းသံတွေကြောင့် ဒီလိုဖြစ်ရတယ် … ဟုတ်လား"

ဟု သူ မေးလိုက်ချင်သည်။ ဒါပေမဲ့ စိတ်ဓာတ် ချောက်ချားအားငယ်နေသော ခင်နွေ့ကို သူ ချက်ချင်း မမေးရက်။

ခင်နွေ့ကိုယ်လေးကို ရင်ခွင်ထဲ ပိုက်ထွေးလိုက်ရင်း ခေါင်းနှင့် ကျောပြင်လေးကိုပဲ နှစ်သိမ့်ပေးသည့်သဘောဖြင့် ပွတ်သပ်ပေးနေမိသည်။

ထိုအခိုက် မိုးရေများစိုရွှဲနေလျက် ဦးဘညွန့် အိမ်ပေါ်ရောက်လာ၏။

ပလတ်စတစ်ခြင်းနီထဲမှာတော့ ပန်းမျိုးတွေ ပါလာသည်။ မျိုးစေ့ထုပ်တွေလည်း ပလတ်စတစ်နှင့် ထုပ်ပတ်လျက်ရှိနေ၏။ ပြီးတော့ ပြောင်းဖူးပြုတ်နှစ်ဖူး။

ရေစက်ပေါက်စိုနေသည့်ထီးကို အခန်းထောင့်မှာ ဦးဘညွန့် ထောင်သည်။

"တော်သေးတာပေါ့ မောင်ရယ်၊ အဘ လုံမတစ်ယောက်တည်းရှိနေမှာတွေးပြီး စိတ်ပူလိုက်ရတာ၊ အမြန်ဆုံးပြန်ခဲ့တာပဲ၊ ကားငှားမရလို့ ကြာသွားရတာ"

ဦးဘညွန့် အငှားကားနှင့် ပြန်ခဲ့ဟန်တူ၏။ မိုးကြီးလွန်းတာမို့ ခြံတံခါးဝမှ အိမ်ငယ်လေးအထိ လမ်းလျှောက်ပြန်လာရတာနှင့်ပင် မိုးပက်အားဖြင့် စိုရွှဲသွားရဟန်တူသည်။



"ပြီးမှ အဘ ပြောပြမယ်၊ အဘ သမီးလေး ဒီလို မိုးတွေကြီး၊ မိုးခြိမ်းသံတွေကြားရင် ခုလို ချောက်ချောက်ချားချား ဖြစ်ရတဲ့အကြောင်းလေးတွေကိုပေါ့၊ အဘ အဝတ်လဲလိုက်ဦးမယ်၊ ကဲ … လုံမ မကြောက်နဲ့နော်၊ အဘတို့ရှိတာပဲ ဟုတ်လား"

သမီး၏ကျောပြင်လေးကို လာပွတ်သပ်ပေးနေသည့် ဦးဘညွန့်၏မျက်ဝန်းအိမ်ဝယ် ထိခိုက်ကြေကွဲရပါသော မျက်ရည်များဝဲနေပါလေ၏။

ဦးဘညွန့် အဝတ်အစားလဲရန် အခန်းထဲသို့ ဝင်သွားချိန် သူ ခင်နွေ့မျက်နှာလေးကို စိုက်ကြည့်ရင်း သက်ပြင်းရှိုက်လိုက်မိသည်။

ရင်ထဲတွင် ဤချာတိတ်လေးကို သနားရတာတွေက အတိုင်းအဆ ခန့်မှန်းရမှာ ခက်ခဲနေရလောက်အောင်ကို များပြားနေမိရပါချေသည်။

ကရုဏာတရားသည် ရင်၌ နိုင်းမရအောင် ဖြစ်တည်နေပါလေ၏။

❋ ✱ ❋

www.burmeseclassic.com

www.burmeseclassic.com



## ၇

"လုံမရေ ... လာ ထမင်းစားမယ်ဟေ့"

လယ်တဲလေးရှိ ကပြင်လေးပေါ်မှ လှမ်း၍ ဦးဘညွန့် အော်ခေါ်တော့ လယ်ကန်သင်းလေးအတိုင်း ခင်နွေ ပြေးလာသည်။

ခင်နွေ့နောက်မှ နက်ကျော်ကလည်း အမြီးတထောင်ထောင်ဖြင့် ပြေးလိုက်လာ၏။

"အဘ ... ခင်နွေ လုပ်ပေးမယ်"

ခင်နွေ ချွေးတွေကို ရှင်မီးအင်္ကျီ၏ အောက်နားစဖြင့် မ,၍ မျက်နှာမှာ သုတ်ပစ်ရင်း ပြေး၍ ရေအင်တုံလေးမှာ လက်ဆေးသည်။ ထင်းရှူးသေတ္တာလေးထဲမှာ ရှိနေသည့် သံပန်းကန်ပြား နှစ်ချပ်ကိုထုတ်သည်။ ပူပူစားရအောင် မီးခဲပေါ် နှပ်တင်ထားဆဲဖြစ်သောထမင်းအိုးကို လက်နှီးဖြင့်မ,၍ ထမင်းအိုးတင်သည့် ကွန်း ခွေလေးပေါ်တင်သည်။ ထမင်းအိုးအဖုံးကို လက်နှီးအဝတ်ဖြင့် ဖွင့်၍ ထမင်းအိုးအဖုံးပေါ်မှာရှိနေသည့် ထမင်းချွေးတွေကို ခါသည်။

ထဘီတိုတို ချည်ကြမ်းလေးနှင့် ရှင်မီးအင်္ကျီလေး ဝတ်ထားသည့် ခင်နွေမှာ သေးသေးနွဲ့နွဲ့လေးရှိလျက် အသားလေးက ဖြူဝင်းနေသည်။



အသက်ရှစ်နှစ်အရွယ်လေးပေမယ့် ခင်နွေ အဘကို ချစ်လည်းချစ် ရိုလည်းရိုသေသည်မို့ ထမင်းချက် ဟင်းချက်ကအစ လုပ်ကိုင်ပေးနေတတ်မြဲ၊ အမိမဲ့သမီးလေးကို ဦးဘညွန့် ချစ်လည်း ချစ်၊ သနားလည်း သနားပိုမိရသည်ကအမှန်။

သစ်သားယောက်မတိုလေးဖြင့် ထမင်းကို ခူးခပ်၍ နှစ်ပန်းကန်ထည့်သည်။ ကန်စွန်းရွက်ချဉ်ရည်ဟင်းတွင် ပုစွန်ဆိတ် သေးသေးလေးတွေက နီရဲရဲလေး ကျွဲကျွဲသေးသေးရှိနေ၏။ ပြီးတော့ ... ဖားသားဟင်းက ဆီနည်းနည်းနှင့် အရောင်တင်ငရုတ် နီနီ၊ ငရုတ်စိမ်းနှင့် စားချင့်စဖွယ်။

ထုံးစံအတိုင်း ငါးပိရည်ဖျော်ကတော့ပါသည်။ တို့ စရာအဖြစ် လယ်ပတူရွက်နှင့် ကနဖော့ရွက်။

အဘကိုယ်တိုင် ထင်းရှူးပြားဖြင့် ရိုက်ထားသော ထမင်းစားပွဲပုလေးကို တဲထောင့်မှာ ထောင်ထားသည့်နေရာမှ ခင်နွေ သွားယူသည်။ အဘလုပ်ထားသည့် ထမင်းစား စားပွဲလေး ကို ရေဆွတ်ထားသောအဝတ်နှင့် ထမင်းစားပြီးတိုင်း သုတ်ထား ... ဖြူစင်သန့်ရှင်းနေသည်။

"အဘ စားရအောင်"

နက်ကျော်ကတော့ တဲအောက်မှာ ရှေ့လက်နှစ်ဖက် ဆန့်၍ ဝပ်ပြီး လက်ပေါ်မေးတင်၍ ထမင်းပွဲပြီးလျှင် စားရ ... ထမင်းကျန် ဟင်းကျန်ကို အမြီးနှံ့၍ မျှော်နေပြီ။

သားအဖနှစ်ယောက် ထမင်းစားကြ၏။

ပုစွန်ဆိတ်သေးသေးလေးတွေပါသည့် ချဉ်ရည်ဟင်း၊ ... စပ်နှင့် ဖားသားဟင်း၊ အရသာပူရှိန်းရှိန်းဖြင့်ရှိသော

www.burmeseclassic.com



ကနဖော့ရွက်ကို ငါးပိရည်ဖျော်ဆမ်း၍ မြှုပ်တို့စားရတာ ခင်နွေ ကြိုက်သည်။ အဘကတော့ လယ်ပတူရွက်ကို ပို၍ တို့မြှုပ်စားသည်။

အဘ စားမြိန်တာကိုတွေ့တော့ ခင်နွေ ပျော်နေမိတာအမှန်။ လယ်လုပ်ရသည့် အဘ၏အသားတွေက ညိုမှောင်လျက် ကျစ်နေသည်။

"အဘသမီးက အချက်အပြုတ်ကောင်းဗျ"

ဟု ရွာမှ ဦးကြီးများကို ကြွားတတ်သည်လေ။

ခုလို လယ်ချိန်ဆိုလျှင် အဘ လယ်တဲမှာပဲနေသည်။ ခင်နွေလည်း အဘလိုပဲ လယ်တဲမှာပဲနေဖြစ်သည်။ ရွာကအိမ်လေးကို တံခါးပိတ်ထားခဲ့ကြသည်။

ကျောင်းသွားစရာရှိလျှင်လည်း လယ်တဲကနေပြီးပဲ ကျောင်းသို့ ခင်နွေ သွားသည်။ စားသောက်ပြီးတော့ ထမင်းကျန်နှင့် ဟင်းနည်းနည်းရော၍ တဲအောက်မှ နက်ကျော်ကို ခင်နွေ အင်တုံတစ်ခုထဲ ထည့်ကျွေးသည်။

စိမ်းမြမြနှင့် လေအနွဲ့တွင် တနွဲ့နွဲ့ယိမ်းနေကြသော စပါးခင်းကြီးကို အဘ တဲထက်မှ မျှော်ငေးကြည့်နေစဉ် ခင်နွေက ပန်းကန်တွေ ဆေးမှောက်ထားပြီးပြီ။

"စားကောင်းလား အဘ"

ရေနွေးကြမ်းခွက်ကိုချလျက် အဘ ပြုံးသည်။

"လယ်သမား ထမင်းဝိုင်းကို ဘယ်လိုဟင်းကောင်းတွေကမှ လိုက်မမီနိုင်ပါဘူး လုံမရယ်၊ အဘတို့လယ်သမားတွေ အတွက် ဟင်းကောင်းဆိုတာ ဝေးဝေးရှာစရာမလိုပါဘူး



ကွယ်၊ ဖားဆိုတာလဲ ရှာရိုက်လိုက်တာနဲ့ ရတာပဲ၊ ဟော... ပုစွန်ဆိတ်ဆိုတာလဲ လယ်သမားတွေရဲ့ဟင်းတွေမှာ ခဏ ခဏ ပါပါလာတယ်၊ တို့စရာ မြှုပ်စရာဆိုလဲ လယ်ပတူတို့ ကညွတ်တို့ ကနဖော့တို့ဆိုတာ ဒီလယ်ကွက်တွေထဲ ကန်သင်း တွေနားက ရေစပ်စပ်ရှိတဲ့နေရာတွေမှာ အချိန်မရွေး ရနိုင် တယ်"

အဘကတော့ အစဉ်အမြဲ အေးချမ်းသည့်စိတ်ထားရှိသည့်သူပါ။

"ရိုးတစ်လျှောက် ဖြိုးမောက်ပါတဲ့ လယ်ပတူ အရွက်ချွန်း ကန်စွန်း ပုစွန်စာနှင့် လွန်တရာ ကညွတ်ပေါတယ်၊ တောဖြစ် လို့ထူ ... မှိုနတို ငွေရောင်ပြောင်ငယ်နှင့် ရွှေကနဖော့ကြာရိုး ဖြူ၊ ချိုးယူလို့ မကုန်ခန်း ... ပတ္တမြားရောင် ဖားကဖောင် သံလွင်နှင့် ရွှေညံပင် ရှုပ်မရှင်းတယ် ကွင်းပြည့်ခမန်း"

အဘ သံနေသံထားနှင့် သီချင်းဆိုပြတော့ ခင်နွေ အသောတကျကျနှင့် တခစ်ခစ် လိုက်ရယ်ရင်း နားထောင်သည်။

အဘက ဤသို့ပါပဲလေ။ တောသူတောင်သားနှင့် ဆိုင်သည့် သီချင်းတွေ ဆိုဆိုပြတတ်သည်။

သီချင်းဆုံးတော့လည်း လိုက်ရယ်သည်။

ခင်နွေ့ပခုံးလေးကို ပုတ်လိုက်ရင်း ...

"အဲဒါ မြို့က လူချမ်းသာတွေတောင် မစားရဘူးတဲ့ ဟင်း ကောင်း စားမြိန်တဲ့ ထမင်းပွဲကွယ့်"

ဟုပြောသည်။ အဘ ဆေးလိပ်ညှိသောက်နေခိုက် ...

www.burmeseclassic.com

www.burmeseclassic.com



"အဘ ခင်နွေ လယ်ကန်သင်းတွေပေါ် လျှောက်သွားလိုက်ဦးမယ်"

ခင်နွေ ပြောပြီး တဲလေးပေါ်မှဆင်းသည်။

"တအောင့်လောက်နေရင် ရေချိုးချေဦး လုံမ၊ ရေနက်ထဲရောက်အောင်လဲ ကြာတွေ လိုက်ချိုးမနေနဲ့ဦး"

"ဟုတ်ကဲ့ပါ အဘ"

ခင်နွေတို့ လယ်ကွက်နှင့် သိပ်မလှမ်းသော နေရာမှာ ရေကန်တစ်ကန်ရှိသည်။ ကြာတွေကလည်းပွင့်သည်။

ခင်နွေ ရေချိုးလျှင် နက်ကျော်က အဖော်လိုက်သေ မြဲ။

ခင်နွေ ရေကူးလျှင် နက်ကျော်လည်း လိုက်ကူးသည်။ လယ်ကန်သင်းတွေအတိုင်း ခင်နွေ နက်ကျော်နှင့် ပြေးလွှားခု ပေါက်ရင်း စောစောက အဘဆိုသည့် သီချင်းတစ်ပိုင်းတစ်စ လိုက်ဆိုသည်။

"ရိုးတစ်လျှောက် ဖြိုးမောက်ပါတဲ့ လယ်ပတူ အစွက်ချွန် ကန်စွန်း ပုစွန်စာနှင့် လွန်တရာ ကညို့ပေါတယ် တော်ဖြ လို့ထူ"

ခင်နွေ ပြုံးသည်။ ရေစပ်စပ်ရှိနေသော လယ်ကွင်း တွင် အလေ့ကျပေါက်နေသော လယ်ပတူရွက်များကလည်း တကယ့်ကို ထူထပ်စွာ ပေါက်နေကြသည်လေ။ ကညို့နှင့် ကန ပင်များကိုလည်း တွေ့နေရသည်။

"မှိုနတို ငွေရောင်ပြောင်ငယ်နှင့် ရွှေကနဖော့ ကြာရိုးဖြ



ခင်နွေ သံကုန်လေးဟစ်၍ အော်အော်ပြီး သီချင်းကို ဆက်ဆိုသည်။ နက်ကျော်ကလည်း တဝုတ်ဝုတ်ဟောင်သံပေး၍ ခုန်ပေါက်ပျော်နေသည်။

ခင်နွေသည် အမိမဲ့သမီးပေမယ့် ငြိမ်းချမ်းစွာနေ တတ်၊ လောဘကင်းတတ်သော အဖ၏အရိပ်တွင် ပျော်ရွှင်စွာ လွတ်လပ်ပေါ့ပါးစွာနေတတ်သော ကလေးမငယ်လေးဖြစ်ပါချေ၏။

အဘယ်သူသည် ဤမျှ ပျော်ရွှင်စွာနေတတ်သည့် ဤကလေးမလေးအပေါ် ကံကြမ္မာဆိုးကြီး ကျရောက်လာလိမ့်မည်ဟု ကြိုတင်မျှော်လင့်မိနိုင်ပါမည်နည်း။

❋ ✱ ❋

www.burmeseclassic.com

www.burmeseclassic.com



"ကြက်ဖတိမ်ညင်တောကိုဝင် မောင်ရင်လာ လေးနဲ့ပစ် မပစ်ပါနဲ့ မောင်ရင်ရယ်၊ ကြက်တက်စူးလို့သေပါမယ်၊ ဘယ်ဘက်ကစူးစူး၊ ညာဘက်စူးစူး ခွပ်လိုက်ကြစို့သူငယ် ချင်း၊ အောက်အီးအီးအွတ်"

ခင်နွေနှင့် ငွမ်းပုံတို့ ရွာကျောင်းရှိ ညောင်ပင်ကြီး အောက် မြေတလင်းမှာ ကြက်ဖခွပ်တမ်းစကားကြသည်။ အေးက သူ့ဘက်ကိုယ့်ဘက် အုပ်စုလိုက် အားပေးကြသည်။ သေးသလောက် သန်သော ခင်နွေ့ကို ငွမ်းပုံ နောက်ဆုံးကျတော့ ရှုံး၏။ ချွတ် ထားသော ဖိနပ်လေးကို ခင်နွေ ပြန်စီးနေစဉ် ခင်နွေ့ဘက်က သူငယ်ချင်းကောင်မလေးတွေက ...

"ငါတို့ကြက်ဖနိုင်နိုင် ရွှေဖလားနဲ့ ကြက်သားကိုင်၊ သူတို့ ကြက်ဖရှုံးရှုံး၊ ကြေးဖလားနဲ့ကြက်သားတုံး"

ဟု အော်ကြဟစ်ကြသည်။ ညနေပိုင်း ကျောင်းဆင်း ပြီးချိန် တစ်ကျော့တစ်ခါ ကစားကြပြီးသည့်နောက် ခင်နွေတို့ အုပ်စု လမ်းခွဲ၍ ပြန်ကြသည်။



ငွမ်းပုံတို့ ရွှေတိုးတို့က ရွာထဲရှိ အိမ်ကိုပဲ ပြန်ကြ သည်။ လယ်တဲရှိရာဘက်ကိုတော့ ခင်နွေတစ်ယောက်ပဲ ပြန်ဖြစ် သည်။

ခင်နွေ့အဖော်က နက်ကျော်။ တစ်ကိုယ်လုံး ပြောင် လက်နေအောင်နက်လျက် မျက်လုံးအထက်တွင် အညိုရောင်အမွေး လေးတွေက မျက်လုံးလေးတွေလိုရှိနေသည့် နက်ကျော်။ မျက်စိ လေးလုံးလေးလို ရှိနေတာမို့ ခင်နွေ့သူငယ်ချင်းတွေက နက်ကျော် ကို လေးလုံးဟုလည်း ခေါ်ကြသည်။ ခင်နွေ ကျောင်းလာလျှင် နက်ကျော် လိုက်လာတတ်ကာ ကျောင်းတက်ချိန်ဆိုလျှင် ညောင် ပင်ကြီးအောက်မှာ အိပ်၍နေတတ်သည်။ ခင်နွေ ကျောင်းဆင်းပြန် ချိန်ဆိုလျှင် ခုန်ပေါက်လျက် တကောက်ကောက်လိုက်ပြန်တတ်၏။ ခင်နွေနေသော မူလတန်းကျောင်းမှ ဆရာဦးမြင့်ပင်လျှင် နက်ကျော် သိမ္မာပုံကို ချစ်နေရသည်လေ။

"နက်ကျော်ရေ ... မြန်မြန်ပြန်မှဟ၊ မိုးတွေညို့လာပြီ၊ လယ်တဲပြန်မရောက်ခင် မိုးမိနေမယ်ဟ"

ခင်နွေပြောတော့ နက်ကျော် အမြီးနှံ့ပြသည်။ နား လည်သည် မလည်သည်ကို မသိပေမယ့် ခင်နွေကတော့ ခင်နွေ့ စကားကို နက်ကျော် နားလည်သည်ဟုပဲထင်သည်။ မိုးကောင်းကင် ကြီး ပြိုညိုဆင်းလာတာကို ခင်နွေ မော့ကြည့်ပြောတော့ နက်ကျော် ကလည်း လိုက်မော့ကြည့်သည်လေ။

"ပြေးကြရအောင် နက်ကျော်ရေ"

လွယ်အိတ်လေးကို စလွယ်သိုင်း၍ ပြုတ်မကျအောင် ဆွဲယ်လိုက်ပြီး ခင်နွေပြေးတော့ နက်ကျော်ကလည်း လိုက်ပြေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မရှာဘဲ မမည်းပါနဲ့ ရွှေမိုးညို၊ အိမ်ကလူ အနေကျူ့အောင် မှိုင်းအုံးလှသကို၊ ရှာတော့ရှာမလို့လိုနဲ့ ရွှေမိုးညိုမြောက်မြေ ထူးဆီက ချုန်းသင့်ပါဘူး"

ပြိုညိုဆင်းလာသည့် မိုးကောင်းကင်မှာ တိမ်လိပ်ကြီးတွေကိုကြည့်လျက် ခင်နွေ သီချင်း အော်ဆိုလိုက်သေးသည်။ ဤသီချင်းကလည်း အဘ လယ်ထဲမှာ မကြာမကြာဆိုတတ်သည့် သီချင်း။

မိုးပေါက်တွေကျလာတော့ ခင်နွေ ပိုပြေးသည်။ လယ်တဲကိုရောက်ဖို့ အတော်ကြီးလိုသေးသည်။

မိုးရေ လေရေ ပါလာတော့ ခင်နွေ့ထဘီလေး မိုးရေတွေနှင့်ကပ်ကုန်သည်။

ခြုံထားသော မိုးကာလေးပင် လေနှင့်လွင့်ပါသွားတော့မယောင်ထင်နေရသည်။ မိုးရေထဲပြေးနေသည့် နက်ကျော်၏ အမွေးများမှာ နေစိုပြီး နက်ပြောင်ချောနေ၏။

အုံ့ဆိုင်းသောသရက်ပင်ကြီးအောက်သို့ ခင်နွေ မ[illegible] ပြေးခိုရသည်။ လေကလည်း အတော်ကြီးတိုက်၏။ မိုးပေါက်[illegible]လည်း ကြီးသည်။ မိုးသည်းလွန်းနေတာမို့ ခင်နွေ ဘယ်လို[illegible] လယ်တဲလေးကိုရောက်အောင် မပြေးနိုင်တော့။

မိုးစဲအောင် ဤအခက်မြိုင်သော သရက်ပင်[illegible] အောက်မှာပဲ ခဏမိုးခိုလိုက်တော့မည်ဟု တွေးသည်။ တော[illegible] ပင်ကြီးက လေမိုးကြားဝယ် သစ်ကိုင်းသစ်ခက်တို့ ယိမ်းခါနေ[illegible]

"နက်ကျော် ... လာ ... လာ"



ပင်စည်ဘက်တိုးကပ်လိုက်ရင်း နက်ကျော်ကို ခင်နွေ ခေါ်သည်။ လျှပ်စီးတလက်လက်၊ မိုးထစ်ချုန်းသံတွေကလည်း မကြာခဏပေါ်နေသည်။

နက်ကျော်မှာ ခင်နွေ့ဘေးတွင် ကုပ်ကုပ်လေးထိုင်နေ၏။ ခင်နွေကြည့်သလို မိုးပေါက်ကြီးတွေကို ကြည့်သည်။ သစ်ကိုင်းသစ်ခက်တွေ တဟူးဟူး တဟဲဟဲမြည်နေတာကိုလည်း ခင်နွေ့နည်းတူ နက်ကျော် မော့မော့ကြည့်သည်။

မိုးက မှောင်မည်းလာ၏။ ခင်နွေ ချမ်းနေပြီ၊ မိုးကာဆေးကို တင်းတင်းဆွဲစေထားမိ၏။ မိုးကာစက သိပ်ကြီးတာ မဟုတ်။ တကယ်လုံး ရွဲနေပြီ။

"ဒုက္ခပါပဲ နက်ကျော်ရေ"

ခင်နွေ ခပ်ညည်းညည်းလေးပြောမိသည်။ ထိုအခိုက် လျှပ်စီးလက်လိုက်သည့် အလင်းရောင်ကြီးက အတော်ကြီးကို [illegible]င်းထိန်သွားသည်။ နောက် ကျယ်လောင်သော မိုးထစ်ချုန်း[illegible]က်သံကြီးကပေါ်လာ၏။ လေပြင်းကလည်း အတော်ကြီးဆောင့်တိုက်[illegible] ခပ်ကြမ်းကြမ်းတိုက်သည်။

ဖြောင်းခနဲ သစ်ကိုင်းကျိုးကျလာသံကို ကြားလိုက်[illegible]သည်မို့ အလန့်တကြား ခင်နွေ မော့ကြည့်မိုက် သရက်ကိုင်း[illegible] အရှိန်နှင့်ကျလာတာကို မြင်မိရခိုက် ထိတ်လန့်ချောက်ချား[illegible] နောက်သို့ တိုးကပ်ခုန်ဆုတ်လိုက်မိသည်။

သရက်ကိုင်းကြီးက ရှေ့မှ ရိပ်ခနဲကျသွား၏။ သစ်[illegible]းကြီးနှင့် မထိလိုက်သေမယ့် ကိုင်းဖျားကိုင်းနားတွေက ခင်နွေ့[illegible]နှာကို ဖြတ်ရိုက်မိသည်။ နောက်သို့ အဆုတ် ခင်နွေကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကိုမထိန်းနိုင်ဘဲ လဲအကျ ဗင်စည်နှင့်ခေါင်း ရိုက်မိလိုက်တာကိုပဲ ခင်နွေ နောက်ဆုံးသိလိုက်ရပါ၏။

ခင်နွေ ခြုထားသည့် မိုးကာစလေး လေထဲမှာ လွင့်၍ပါသွားသည်။

ငြိမ်သက်နေသော ခင်နွေ့ဆီးမှာ နက်ကျော်ပဲရှိနေသည်။ နက်ကျော်လည်း သစ်ကိုင်းကြီးနှင့်လွတ်အောင် ခုန်ကျော်လိုက်နိုင်သည်။

"ဝုတ် ... ဝုတ်"

စလွယ်သိုင်းလျက်ရှိသော ခင်နွေ့လွတ်အိတ်ကြိုးကိုကိုက်ဆွဲ၍ နက်ကျော် ဟောင်သည်။

မရတော့ ခင်နွေ့ကိုယ်လေးကို နှုတ်သီးဖြင့်ထိုး၍ အတင်းဟောင်သည်။

အတန်ကြာအောင် ဟောင်နေရာမှ နက်ကျော် ချွင်းချင်း ခြေကုန်ပြေးသည်။

လယ်တဲထဲသို့ နက်ကျော် မိုးတွေရွဲလျက် တဝုတ်ဝုတ်ဟောင်ပြေးလာတော့ ဦးဘညွန့် ခင်နွေ့အတွက် အရမ်းစိတ်ပူနေသည့်အချိန်ဖြစ်နေပြီ။

ရွာထဲမှာပဲ သမီးလေး မိုးခိုနေလေမည်လား။ ဒါမှမဟုတ် လမ်းမှာပဲ မိုးမိနေလေမည်လား။ လေရောမိုးရော အတော်ကြီးကြမ်းတာမို့ ဦးဘညွန့် စိတ်ပူသည်။

"မိုးရိပ်တွေ ညို့နေတာ၊ သမီးလေး ရွာထဲက သူ့သူငယ်ချင်း ငွမ်းပုံတို့နဲ့ပဲ လိုက်သွားမယ်ထင်ပါရဲ့၊ ဒါမှမဟုတ် လမ်းမှာ မိုးများခိုနေမလား၊ မဖြစ်ပါဘူး လိုက်သွားမှပဲ"



ပက္ကလားကိုဆောင်း၍ ဦးဘညွန့် ထွက်မည်ပြုခိုက်မှာပင် နက်ကျော် ရောက်လာခြင်းပါ။

ဦးဘညွန့်၏ပုဆိုးစကို အတင်းကိုက်ဆွဲ၍ မိုးရေထဲ နောက်ကြောင်းပြန်ပြေး ပြေးပြနေကတည်းက ဦးဘညွန့် စိတ်ပူနေပြီ။ သမီးလေး တစ်ခုခုဖြစ်နေပြီထင်၏။

သူ လိုက်လာတော့ နက်ကျော်ရှေ့မှ ဦးဆောင်၍ ပြေးသည်။

ခဏခဏရပ်၍ ဦးဘညွန့်ကိုကြည့်ကာ ရပ်ရပ်စောင့်နေသေးသည်။ နောက် ဆက်ပြေးပြန်၏။

အတန်လျှောက်လာတော့ သရက်ပင်ကြီးဆီ နက်ကျော် တန်း၍ပြေးနေတာ ဦးဘညွန့် မြင်နေရသည်။ ဦးဘညွန့်ကိုယ်တိုင်လည်း ခြေကုန်သုတ် ပြေးနေသည်ပါပဲ။

နီးလာတော့ ကျိုးကျနေသော သရက်ကိုင်းကြီးကို လှမ်းမြင်ရ၏။

ဦးဘညွန့် ထိတ်ခနဲဖြစ်သည်။ သမီးလေးကို သရက်ကိုင်းကြီးပိနေလေပြီလား။

သရက်ကိုင်းဆိုတာမျိုးက မိုးထိုးတတ်သည်။ မိုးသေနှင့်ဆိုလျှင် သရက်ကိုင်းတွေ ကျိုးကျိုးကျတတ်သည်။

ပူပန်ကြီးစွာ ဦးဘညွန့် ပြေးလာခိုက် ခပ်လှမ်းလှမ်းအရောက်တွင် ငြိမ်သက်စွာလဲနေသော ခင်နွေ့ကိုယ်လေးကို မြင်ရ၏။

"သမီး ... လုံမ"

www.burmeseclassic.com

www.burmeseclassic.com



ပြေး၍ ပွေ့ထူခေါ်လိုက်စဉ် ထူမ,လိုက်သော ဦးဘညွန့်၏လက်မောင်းဝယ် သွေးတွေ စွန်းထင်လာတာကို ချောက်ချားစွာတွေ့မြင်၏။

သမီးလေး ခေါင်းကွဲသွားချေပြီ … ဟု တုန်လှုပ် ချောက်ချားစွာ ဦးဘညွန့် သိလိုက်ချိန်တွင် ဘာဆိုဘာမျှ မမြင် နိုင်တော့ဘဲ သမီးလေး၏ကိုယ်ကို ကောက်ပွေ့၍ ရွာထဲရှိ ကျန်း မာရေးဆေးခန်းရှိရာသို့ အားကုန်ပြေးမိပါချေ၏။

သမီးလေးအတွက် ပူပင်ရသောဇောက မောဟိုက် ခြင်းဆိုတာကို လုံးဝ မခံစားစေနိုင်တော့။ အားအင်များစွာသည် ဦးဘညွန့်၏ခြေလှမ်းတိုင်းတွင် ရှိနေကြပါချေ၏။

နက်ကျော်ကတော့ မိုးရေထဲတွင် ဘောမှယှဉ်၍ ပြေးလိုက်လာနေဆဲ …။

❋ ✱ ❋



## ❀ ၆ ❀

"သမီးလေးဟာ လေးငါးရက်လောက်ကို အဖျားဝင်ပြီး သတိလည်မလာနိုင်ခဲ့ဘူး၊ ကျန်းမာရေးဆရာမလေးကလဲ ဂရုစိုက်ရှာပါတယ်၊ လယ်တဲကို မပြန်ဖြစ်တော့ဘဲ ရွာက အိမ်မှာပဲ သမီးလေးကို ဆက်ကုတယ်၊ သမီးလေး သတိရ လာတော့မှ အဘ ရင်ကျိုးရတော့တာပါပဲ၊ အဲဒီကတည်း က ခင်နွေ ဘာမှ မမြင်နိုင်ရှာတော့ပါဘူးကွယ်၊ ခေါင်းက ရလိုက်တဲ့ဒဏ်ရာကြောင့် အာရုံကြောထိသွားတယ်လို့ ဆရာမက ပြောတာပဲ၊ အဖျားကလဲ ဝင်ခဲ့သေးတာကိုး"

ဦးဘညွန့် ရင်ထဲ၌မချိ။ မျက်ရည်များကျလာသည်။

ပိုင်သန့်မှာ ငြိမ်သက်၍ တိတ်ဆိတ်စွာ နားထောင်ရင်း င်နွေ့ကို သနားမဆုံး။

ကံဆိုးရှာသည့်အဖြစ်ကို ကြားနေရတာကို မကြား က်တော့သလို ဖြစ်လာရသည်။

"အအေးမိပြီးဖျားတဲ့အဖျားကိုပဲ မနည်းအချိန်ကြာအောင် ကုယူရတယ် မောင်ရယ်၊ သမီးလေး နေကောင်းဖြစ်စ

www.burmeseclassic.com

www.burmeseclassic.com



တုန်းကတော့ သူငယ်ချင်းတွေ လာကြ လည်ကြပါသေးတယ်၊ နောက်ပိုင်း မျက်စိမမြင်တဲ့ကာလ ကြာလာတော့ ဘယ်ဆက်ဆံချင်ကြတော့မလဲ မောင်ရယ်"

ပိုင်သန့် ဘာမှ ဝင်မပြော။ စောစောက သွေးဆေးတိုက်ပြီး အိပ်ရာထဲလှဲနေနိုင်းထားသည်မို့ စောင်လေးကြားထဲမှာ ကွေးနေရင်း အိပ်ပျော်သွားရှာသည့် ခင်နွေ့မျက်နှာလေးကိုပဲ ငေးကြည့်နေမိသည်။ ပိုင်သန့် ထိုင်နေသည်က အိပ်ခန်းကိုကူးသည့် တံခါးအနီးမှာမို့ ခင်နွေ့ကို လှမ်းမြင်နေရသည်။

"ကစားကြတဲ့အခါလဲ မမြင်မကန်းဆိုတော့ ကစားလို့ အဆေးအယူမဖြောင့်၊ ပျော်စရာကမကောင်းတော့ဘူးမဟုတ်လား၊ ပြီးတော့ မျက်မမြင်တစ်ယောက်နဲ့ ကစားရတယ်ဆိုတာက ဟိုဟာမမြင်တော့ ယူပေးရ၊ ဒီဟာလုပ်ပေးရတာမျိုးဆိုတော့ ကြာတော့လဲ ငြီးငွေ့လာကြမှာပေါ့လေ၊ ဘယ်သူမှ သမီးလေးနဲ့ လာမကစားကြတော့ဘူး"

ဦးဘညွန့် သက်ပြင်းရှိုက်သည်။ ခြင်းထဲတွင်ရှိနေဆဲဖြစ်သော ပြောင်းဖူးပြုတ်ကို ငေးကြည့်နေရှာ၏။

"နောက်ဆုံး သမီးလေးက တုတ်ဓလေးထောက်ပြီး စမ်းတဝါးဝါးနဲ့ သူတို့ဆီသွားရင်တောင် အဖက်မလုပ်ချင်ကြတော့ဘူးလေ၊ သမီးလေးကို လယ်တဲကိုပဲ ခေါ်သွား လိုက်တော့တယ်"

သူ ဘယ်လိုမှ စိတ်မကောင်းနိုင်။ အဖော်မဲ့စွာနေရှာသည့် ခင်နွေ့ကို ကရုဏာပိုဖြစ်ရသည်။ အဘယ်မျှ သနားစရာကောင်းလိုက်ပါသလဲလေ။ အမြဲရွှင်လန်းပျော်မြူးနေတတ်သည့်



ကလေးလေး။ မျက်မမြင်ဘဝနှင့် ရှိနေရရှာတာကို အဘယ်မျှထိနိုက်ကြေကွဲရှာလေမည်လဲ။ အားငယ်ရှာလေမည်တဲ့လေ။

"ဆေးရုံတင်ခွဲစိတ်ကုသဖို့ဆိုတာ အဘမှာ ငွေကြေးမှမရှိတာ၊ လုပ်နေတဲ့ လယ်ကလဲ သူများလယ်ကို သီးစားပေးလုပ်ရတာမျိုး၊ လယ်တဲရောက်တော့ သမီးခမျာ နက်ကျော်နဲ့ပဲ အဖော်လုပ်နေရရှာတာ၊ အဲဒီမှာ နက်ကျော်က သမီးလေးကို ခွဲသွားပြန်ရှာတော့ ရှူးမတတ်ကျန်ခဲ့ရရှာတယ်၊ သိပ်သနားဖို့ကောင်းတာ"

"ဟင် ... နက်ကျော် ဘာဖြစ်သွားတာလဲ အဘ"

သူ ကမန်းကတန်းမေးမိသည်။ မမြင်ဖူးသော်လည်း လိမ္မာလွန်းသည့် ခွေးမို့ သူ့စိတ်ထဲမှာ သံယောဇဉ်လိုဖြစ်နေမိရသည်လေ။ ဦးဘညွန့် မျက်ရည်ဝဲလာသည်။

"သမီးလေးနဲ့အတူ လယ်ကန်းသင်းမှာ လမ်းလျှောက်ကြတာ တုတ်လေးထောက်ပြီး လုံမကလမ်းလျှောက်ရင် နက်ကျော်က အမြဲပါတတ်တယ်၊ အနေကြာလာတဲ့နေရာလဲဖြစ်၊ သွားနေကျလာနေကျမို့ လုံမ အဲလိုပဲ လမ်းလျှောက်နေကျပါ၊ အဲဒါ တစ်ညနေမှာ နက်ကျော်ဟောင်သံရော မာန်ဖီသံရော ကြားရတာကြောင့် အဘ လိုက်သွားတော့ မြွေတစ်ကောင်ကိုခဲထားတဲ့ နက်ကျော်ကို တွေ့ရတယ်"

ဦးဘညွန့် မျက်တောင် တဖျပ်ဖျပ်ခတ်၏။

"တိရစ္ဆာန်ပေတဲ့ လိမ္မာလိုက်တဲ့ နက်ကျော်ကို အဘ ဘယ်တော့မှမေ့နိုင်မှာမဟုတ်ဘူး၊ သူ့ကျေးဇူးတွေကြီးလှပါတယ်ကွယ်၊ ကိုယ်က မွေးထားတဲ့ခွေးဆိုပြီး အဘရဲ့ကျေးဇူးရှင်

www.burmeseclassic.com



လို့ပြောတော့ မောင် အံ့ဩမယ်၊ သမီးလေးရဲ့အသက်ကို နှစ်ကြိမ်ကယ်တဲ့ နက်ကျော်က အဘနဲ့သမီးလေးရဲ့ ကျေးဇူးရှင်လို့ဖြစ်နေတော့တာပဲပေါ့၊ လုံမ သွားတဲ့လမ်းမှာရှိတဲ့ မြွေကို နက်ကျော် ဝင်ခဲတယ်၊ မာန်ဖီပြီး လုံမကို ရှေ့မှာ ရန်ရှိတယ်ဆိုတာကို ပြခဲ့တယ်၊ မြွေက ရန်မမူနိုင် အောင်ဝင်ခဲရင်း သူ့ကိုပါ မြွေပေါက်ခံပြီး အသေခံသွား ရှာတယ်"

ဦးဘညွန့် ကြေကွဲစွာ ပြောပြသမျှ သူ နားထောင်ရင်း စိတ်ထဲ ထိထိခိုက်ခိုက် ခံစားရပါ၏။

ဩော် ... မျက်မမြင် သခင်မလေးကို အသက်စွန့်ကယ်သွားရှာပါသည့် နက်ကျော်။

"အဘ မျက်စိရှေ့တင် နက်ကျော် မြွေဆိပ်တက်ပြီးသေရှာတာ၊ အဘရော၊ လုံမရော အတော်ကြီးစိတ်ထိခိုက်ခဲ့ရတယ်၊ ကိုယ့်သားချင်းထဲက ဆုံးပါးသွားသလိုလို ခံစားကြရတယ်၊ လုံမဆိုတာ ပိုဆိုးတာပေါ့၊ သူ့အဖော်မဟုတ်လား။ ဖျားကိုဖျားယူတယ်"

ဦးဘညွန့် သက်ပြင်းရှိုက်သည်။

"အဘ စဉ်းစားတယ်လေ၊ မြွေအန္တရာယ်ဆိုတာက လုံမအတွက်ရှိနေတတ်မယ်ကိုစွ မမြင်မစမ်းနဲ့ မဟုတ်လား၊ ရွာထဲနေရအောင်ကလဲ အဖက်လုပ်မယ့် အဖော်မရှိရှာတော့ ကလေးစိတ်ခေါက်ကျမယ်၊ ဒါကြောင့် နောက်ဆုံး အဘလယ်ယာအလုပ်ကို မလုပ်တော့ဘဲ မြို့က အသိတစ်ယောက်ရဲ့ အဆက်အသွယ်နဲ့ပဲ ဥယျာဉ်မှူးအလုပ်ကို လုပ်ခဲ့တော့တယ်"



အဘ ဆေးလိပ် ဆက်ဖွာသည်။

"ဒီအိမ်မရောက်ခင် နှစ်အိမ်လောက် လုပ်ခဲ့ဖူးပြီးပြီ၊ ဝန်ထမ်းအရာရှိတွေဆိုတော့ အပြောင်းအရွှေ့သွားကြရင်း အဘလဲ နေရာပြောင်းခဲ့တာပေါ့၊ အလုပ်ရှင်ဟောင်းက အဘအတွက် နေရာသစ်ကိုတော့ ဆက်သွယ်ရှာကြပေးသွားကြပါတယ်၊ အခုတော့ မောင်ရင်တို့ဆီ အဘ ရောက်လာရပြီပေါ့"

အဘ ပြောပြီး ဆေးလိပ်ဆက်ဖွာတော့ သူ ငေးကြည့်သည်။

ညိုးဖျော့သောမျက်နှာလေးဖြင့် အိပ်မောကျနေရှာသော ခင်နွေ။

ရင်ထဲတွင် သနားကြင်နာရခြင်းနှင့် ကရုဏာအဟုန်တို့က တန့်ဆည်မရအောင် ရှိနေကြရပါပြီ။

ညကျတော့ မေမေ့ကို ခင်နွေ့အကြောင်း ပြောပြမိသည်။

"ခင်နွေ့ကို ဆေးကုပေးရင် မကောင်းဘူးလား မေမေ"

ဖြစ်ချင်တာကို သူပြောတော့ မေမေ မျက်မှောင်ချို၍ကြည့်သည်။

"ဒီမှာ ဖိုးပိုင်သန့်၊ မျက်ကန်းတစ်ယောက်ကို ခြံထဲမှာ လက်ခံထားရတာနဲ့ပဲ တော်လောက်ပါပြီ၊ သူ့အဖေရှိတယ်၊ သူ့သမီးကို ဆေးကုချင်ရင် ရတဲ့ပိုက်ဆံကိုစုပေါ့၊ လူတစ်ယောက်ကို မျက်စိပြန်မြင်အောင် ကုသပေးရမယ့်အတွက် ကုန်ကျစရိတ်ကို တော်ရုံတန်ရုံမှတ်သလား"

www.burmeseclassic.com

www.burmeseclassic.com



“မဟုတ်ပါဘူး မေမေရယ်၊ စုံစမ်းကြည့်ပါဦး၊ သိပ်ပြီး ကုန်ကျချင်မှကုန်ကျမှာပါ၊ အဘက တောသားမဟုတ်လား သွားတတ်လာတတ် မေးမြန်းတတ်မှာမဟုတ်ဘူး မေမေ၊ သနားပါတယ် မေမေရာ”

ဒေါ်ခင်လေးမြတ် ခပ်ပြတ်ပြတ်ပြောသည်။

“မေ့မေ ပြောပြီးပြီနော် ပိုင်၊ အဲဒီကောင်မလေးမှာ အမေ တစ်ယောက်လုံးရှိတယ်၊ အဲဒီတာဝန်က သူ့အမေတာဝန်၊ မေမေ ရှာနေတာ ကိုယ့်မိသားစုအတွက်ပဲ၊ သူစိမ်းအတွက် အကုန်အကျခံရအောင် ရှာဖွေနေတာမဟုတ်ဘူး”

သူ လက်လျှော့လိုက်ရပါ၏။

မေမေ မကြည်ဖြူဘဲနှင့်ဟော့ သီရိငြိမ်မှာ ဘာကိစ္စ မှဖြစ်မလာနိုင်မည့်အတူတူ မေမေ့ကိုလည်း ဤအကြောင်း ပြော ပြမနေချင်တော့။

ရင်ထဲတွင် ခင်နွေ့ကို သနားနေမိရတာပဲ ရှိနေသည်။

❁ ✱ ❁





အဖြူမှာ အဝါစွက်ကာပ
ဝါဖျော့ဖျော့ ပွင့်ညှာရယ်
လှပစွာ လှိုင်ကြူသင်းပေမယ့်
ဗွေးယူတာ ဘယ်သူမွှေးချင်လို့
အိမ်နီးမှိုစံ အကျော်ပန်းကိုဖြင့်
လှမ်းလှင့်တာ ဘယ်သူနမ်းချင်လို့
ဝဲစီမ့်စီမ့် ကြွေကျက်ရည် ...။

အပွင့်နိုင်နိုင်
ပင်မြင့်မှာ လှိုင်လှိုင်ပွင့်ကာပ
ရူးမှာလာ ချော်လင့်ချင်
သူမခင် ... သူ မရူးလေတော့
ပွင့်ဖူးညှာ ကြွေကာချပေးပါရဲ့
လန်းနေတဲ့ ပွင့်ဖြူလွှာ
တောက်ကာသာ နမ်းလေဦးမှာလားရယ်လို့
နှမခင်ဖုန်းမှာဖြင့် ချော်လင့်ချင် ...။



www.burmeseclassic.com

www.burmeseclassic.com





အပွင့်တွေ အနေလန်းပေမယ့်
ဂုဏ်တင့်မလေ ... သည်ငွေပန်းတို့ဖြင့်
လှမ်းလင့်လို့ သူ မယူ
မကြည်ဖြူမျက်နှာတိမ်းရှင်လဲ
ဘဝမွဲကိုယ့်အခြေ
ကိုယ့်အနေကိုယ်သာသိသည်မို့
တောက်ယူစေ တွေတာလေးသူမှာ
ဝေဒနာလေးတွေနဲ့
ကြော် ...
ပြေသိမ့်ခဲ့မယ် ...။ ။

❀ ❀ ❀





## ၁၀

မြင်ကွင်းကို သူ ငေးကြည့်လျက် ခင်နွေ၏ အလုပ်တရားများကို သူ အသိအမှတ်မပြုဘဲ မနေလိုက်နိုင်တော့။

မြက်ခင်းလေးပေါ်မှာ ခင်နွေ ထိုင်နေသည်။

အကျော်ပန်းဖြူဖြူများကို နီးကြိုးမျှင်ဖြင့် သီနေသည်။ ထုံးစံအတိုင်း ပန်းသီသည့်နီးကြိုးမျှင်ကို အဘပဲ နီးစကို ဓားဖြင့် သေးမျှင်မျှင် ဖြာစိမ့်၍ လုပ်ပေးထားချေမည်။ လုပ်နေကျ သီနေကျ ခင်နွေ ပန်းကုံးလေးတွေကို သီနေသည်။ နီးကြိုးမျှင်လေးတွေက ခင်နွေ့ဘေးမှာ အစီအရီရှိနေ၏။ တစ်ကြိုးကုန်လျှင် နောက်နီးကြိုးလေးဖြင့် ပန်းတွေသီနေသည်။

ပန်းလေးတွေ လက်နုနုသွယ်သွယ်ကလေးများဖြင့် ခမ်းကောက်လိုက် သီလိုက်နှင့် ခင်နွေ့ အသွင်လေးက စိတ်လေးတွေ ပန်းသီခြင်းမှာပဲ နစ်ဝင်နေတာ သိသာ။

"လှလိုက်တာ ခင်နွေရယ်"

မြက်ခင်းစပ်မှာပဲ ရပ်နေလျက် တိတ်ဆိတ်စွာ သူ ငေးစိုက်ကြည့်နေမိဆဲ။

www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းလေးကို မပြောင်းမလဲ ဤသို့ပင် အကြာကြီး သူ ကြည့်နေချင်သည်။

ရှည်လျားနက်မှောင်သော ဆံနွယ်လေးများက ကျစ်ဆံမြီးရှည်ကြီးအဖြစ် ရှိနေကာ မြက်ခင်းစိမ်းဝယ် ခွေခွေဝိုက်ဝိုက် တင်နေ၏။

ဝိုင်စ အဝါနုရောင်လေးကို လက်တိုလေးချုပ်ကာ ဝတ်ထားသည်မို့ လုံးဝန်းဝင်းဝါသည့် လက်မောင်းအိုးလေးများကို လှမ်းလင့် မြင်နေရသည်။

ညိုညိုရိုရိုနုသော မွေးညင်းစိမ်းသဲ့သဲ့သည် လက်မောင်းတွင် ရိပ်ရိပ်ထင်နေ၏။

သွယ်နွဲ့သော်လည်း အလှတရားများဖြင့် ပြည့်ဝနေပါသည့် ကိုယ်လေးက ပန်းချီဆန်သည်။ တစ်နည်းဆိုရလျှင် နန်းဆန်သည်။

ချည်ထည်ထဘီလေးက အညိုရောင် အစင်းလေးများပါသော ထဘီလေး။

အရောင်အသွေးကိုတော့ ခင်နွေ ရွေးနိုင်စွမ်း မရှိရှာ။ တွေ့ရာ သင့်ရာ အဝတ်ကို ကောက်ဝတ်လိုက်တာ သူ နားလည်သည်။

ဒါပေမဲ့ ဤနေ့တွင် ခင်နွေ ဝတ်ထားတာလေးက အဆင်ပြေနေသည်။

ဘာပဲဝတ်ဝတ် ခင်နွေ၏အလှတရားများကတော့ ထင်းနေတတ်၊ အောင်မြင်သူဘိုင်း ပေးစေနိုင်စွမ်းသည်ပါပဲလေ။



တစ်ဆယ့်ခုနစ်နှစ် အရွယ်ဆိုသည့် ရွှေရည်သိမ်းသစ် အလှတရားသည် နုညက်ကြည်စင်စွာ ရှိနေတတ်သည်ဟု သူ ထင်သည်။

"ခင်နွေ"

ခေါ်သံ' သူ ပြုတော့ ခင်နွေ ခေါင်းလေး သူ့ဘက် လှည့်လာ၏။ မျက်နှာလေး ကြည်စင်သွားတာကို သူ မြင်သည်။

"ဟော ... အစ်ကိုပိုင် ကျောင်းက ပြန်လာပြီ၊ ခင်နွေ မျှော်နေတာ"

သူ ရယ်လိုက်ရင်း ခင်နွေ့ဘေးတွင် ထိုင်သည်။ သနပ်ခါးနံ့သင်းသင်းကို သူ ရှူရှိုက်မိသည်။ သူ ဘယ်လောက်ငေးကြည့်ကြည့်၊ ခင်နွေ မသိနိုင်သည်မို့လည်း တစိမ့်စိမ့်နေအောင် သူ မျက်တောင်မခတ် ငေးစိုက်ကြည့်မိသည်။

"ပိုင်လည်း ပြန်ရောက်တာနဲ့ ခင်နွေ့ဆီ လာတာပဲလေ၊ ကျောင်းက ပြန်ရောက်ပြီ ဆိုတာနဲ့ ခင်နွေ့ဆီ ရောက်ဖို့ပဲ စိတ်ထဲမှာ ရှိနေတာ"

တကယ်က ကျောင်းမှာ အတန်းပြီးမည့် နောက်ဆုံးအချိန်ဆိုလျှင် ခင်နွေ့ကို အရမ်းပို၍ သတိရနေ၊ တွေ့ချင်နေတာပါ။ ဒါပေမဲ့ သူ ဖွင့်မပြော။

"ဒီမှာကြည့်၊ ခင်နွေ သီထားတာ"

ခင်နွေ ပန်းကုံးလေးတွေကိုစု၍ လက်ဖဝါးလေး ပေါ်တင်ပြီး သူ့ဘက်လှည့်ပြသည်။

"သိပ်လှတာပဲ ခင်နွေ၊ ဒီနေ့ ဘယ်နှကုံးရလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ ပြုံးသည်။ သူ့ဘက်ကို ခေါင်းလေးမော့လိုက်ရင်း ...

"ခုနစ်ကုံးတောင်မှရတယ်၊ အစ်ကိုပိုင့်ကို ဒီမှာ လာစောင့်ရင်းသီတာ ခုနစ်ကုံး၊ အရင်နေ့က ခြောက်ကုံးရတဲ့အချိန်မှာ အစ်ကိုပိုင် ရောက်လာတာ၊ ဒီနေ့ ပိုပြီး အစ်ကိုပိုင်နောက်ကျတယ်"

ခင်နွေ ပြောတော့ သူ ကြည်ကြည်နူးနူး ရယ်သည်။ ခင်နွေ့လက်နုနုထက်မှ ပန်းကုံးလေးတွေကို ယူသည်။ သူ့ကိုစောင့်ရင်း ခင်နွေ ပန်းကုံးသီတတ်သည့် အဖြစ်အတွက်လည်း ညနေတိုင်း သူ အရမ်းကြည်နူးစွာ ခံစားနေခဲ့ရသည်ပဲလေ။

ဤသည်က ခင်နွေ၏ ပြုနေကျအဖြစ်။ သူလည်း အမြဲခံစားနေရမြဲ။

ငယ်ကတည်းက ခင်နွေ ဤသို့ပင် ပန်းလေးတွေကို သီရင်း ညနေတိုင်း ကျောင်းဆင်းလာမည့်အချိန်ကို စောင့်မျှော်နေတတ်သည်လေ။

ဟိုကလေးဘဝတုန်းကနှင့် မတူတာတစ်ခုပဲရှိသည်။ ခင်နွေ သူ့ကို ယခုလိုမျှော်နေတတ်တာကို ရင်ခုန်စွာ သူ ခံစားကြည်နူးတတ်လာသည့် ခံစားမှုအသစ်ကို သူ့နှလုံးသားမှာ ဖြစ်တည်နေစေခဲ့ပြီးပြီ။

"မဟုတ်ဘူး ခင်နွေ၊ ပိုင်ရောက်တာ ဒီအချိန်ပါပဲ၊ မနေ့ကလဲ ဒီအချိန်၊ ဒီနေ့လဲ ဒီအချိန်ပဲ၊ ခင်နွေက ဒီနေရာလေးကို မနေ့ကထက်စောပြီး ရောက်လာလို့၊ ပန်းကို စောစောသီဖြစ်လို့ ပန်းတစ်ကုံးကို ပိုသီလိုက်နိုင်တာပါ"



ခင်နွေ မျက်တောင်းလေးခဲ့သည်။ သြော် ... မိန်းကလေးတို့မှာ မျက်စောင်းကို ချစ်ဖွယ်ခဲ့တတ်သည့်အကျင့်သည့်အလိုလိုရှိတတ်ချေသည်ပဲဟု သူ ကြည်နူးစိတ်နှင့် ချစ်စနိုးကြည့်ရင်း တွေးဖြစ်၏။ မျက်မမြင်မလေး ခင်နွေ၏ မျက်စောင်းထိုးလိုက်ပုံလေးကို သူ သဘောကျသလိုလည်း ကြည့်ဖြစ်၏။ ပြီး ... သနားလည်းသနားရပါတယ်။

သူ ပန်းကုံးလေးတစ်ကုံးကို ရွေးချယ်သည်။ အလှဆုံးပန်းကုံးလေး အကျော့ပန်း၏ ရနံ့က သင်းသင်းလေးရှိနေသည်။

ပြီး ခင်နွေ့ဆံနွယ်လေးမှာ ခွေဝိုက်ပန်ပေး၏။

"တကယ်ပါ ခင်နွေရ၊ ပိုင်က နောက်မကျပါဘူး၊ ဟော ... ကြည့်၊ အရင်ကအချိန်ပဲ"

နာရီကိုကြည့်၍ ပြောလိုက်မိတာကို သူ ကျိတ်၍ ပြုံးမိသည်။ ခင်နွေက သူ့နာရီမြှောက်ပြ၍ လက်မောင်းမြှောက်လိုက်တာကို ဘယ်လိုသိနိုင်မည်လဲလေ။

"ထားပါလေ ... ခင်နွေက အချိန်ဆိုတာကို မြင်နိုင်တာမှ မဟုတ်ဘဲ၊ အစ်ကိုပိုင် လာခါနီးတဲ့အချိန်ကို မှန်းပြီး ဒီကို လာရတာကိုး"

ခင်နွေ ပြောလာတော့ ခင်နွေ့လက်လေးကို ဆုပ်ကိုင်လိုက်မိသည်။

"ဘာလို့ အဲဒီလိုစကားမျိုး ပြောရတာလဲခင်နွေရယ်၊ ပိုင်စိတ်မကောင်းအောင်၊ ပြီးတော့ ပိုင့်ကို ဒီလိုမပြောရဘူးလေ၊ ခင်နွေ့ကို ပိုင် အရမ်းဂရုစိုက်တယ်ဆိုတာ ခင်နွေသိသင့်ပါတယ်ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ခုံးနေသော မျက်ခုံးစိမ်းထူထူလေးကို သူ အပေါ်စီးမှ မိုး၍ မြင်နေရသည်။ ကော့ညွတ်သော မျက်တောင်ထူကြီးများ အောက်မှ မျက်ဝန်းရိပ်သည် အလှဆုံးသော မျက်ဝန်းအဖြစ် နက်မှောင်စိုလဲ့စွာ ရှိနေသည်။

သေးသွယ်သော နှာတံစင်းစင်းလေးအောက်မှ နှုတ်ခမ်းနှစ်လွှာက နီမြန်းလျက်။ အဘယ်ပန်းချီသည် ဤအလှကို တုမီဆွဲနိုင်ပါအံ့။ မီနိုင်အံ့မထင်။

"ခင်နွေ"

သူ ခပ်တိုးတိုး ခေါ်သည်။

"နောက်ကို ဒီမမြင်ရတဲ့ကိစ္စကြီးကို သတိတရကြီးလုပ်လုပ် မပြောနဲ့ကွာ နော်၊ ပိုင်လဲ မကြားချင်ဘူး၊ ခင်နွေ့ကိုလဲ မပြောစေချင်ဘူး၊ အားငယ်တယ်ဆိုတာ မကောင်းဘူး ခင်နွေ၊ တစ်နေ့ကျရင်လေ ပိုင် ခင်နွေ့ကို အကောင်းဆုံး ဘဝလေးတစ်ခုကို ဖန်ဆင်းပေးမယ်ဟုတ်လား"

သူ ဘွဲ့ရ၊ အလုပ်တွေရလျှင် ခင်နွေ့ကို မျက်စိပြန် မြင်အောင် ကုသပေးမည်ဟု ဆုံးဖြတ်ထားသည်။ လောလောဆယ် မေမေ့ကို အတိုက်အခံလုပ်၍ ခင်နွေ့ကို ဆေးကုပေးရအောင် ကိုယ်ပိုင်ငွေဆိုတာ ဘာမှရှိတာမဟုတ်။

မေမေကလည်း စိုက်ထုတ်ပေးမှာမဟုတ်။ မေမေနှင့် အတိုက်အခံလုပ်နေခြင်းဖြင့် ဘာမှ အကြောင်းထူးလာမှာမဟုတ်။ ခင်နွေ့အပေါ် မေမေ မကြည်မလင်ဖြစ်လာလျှင် အခြေအနေ ပိုဆိုးဖို့ပဲရှိသည်။ သီရိငြိမ်မှ ခင်နွေတို့သားအဖကို ထွက်ခွာသွား စေလိုက်မည့်ကိစ္စမျိုး မဖြစ်စေချင်။



ဘာပဲဖြစ်ဖြစ် လောလောဆယ် သီရိငြိမ်၏ ခြံဝင်း လေးထဲမှ တန်းလျားအိမ်လေးမှာ ခင်နွေတို့သားအဖ နေခွင့်ရနေ သည့်အတွက် သူ ကျေနပ်နေရမည်။

ခင်နွေနှင့် မဝေးကွာရှိနေရသည့် ဘဝလေးထက် ဘယ်အရာကမှ သူ့အတွက် အရေးမကြီး။

"အစ်ကိုပိုင် ... ခင်နွေ့ကို အမြဲအားပေးဂရုစိုက်တဲ့ အစ်ကိုပိုင် ကိုလေ ခင်နွေ သိပ်မြင်ဖူးချင်တာပဲသိလား၊ ဒါပေမဲ့လေ ... ဘယ်တော့မှ တွေ့နိုင်တော့မှာ မဟုတ်ပါဘူး"

ခင်နွေ့အသံလေး တုန်ခါသွားတာကို သူ မကြား ချင်။ ခင်နွေ့လက်လေးကို ထွေးဆုပ်လိုက်ရင်း ဆုပ်ညှစ်ထားလိုက် မိသည်။

"ဘာလို့ မမြင်ရမှာလဲ ခင်နွေ၊ တစ်နေ့ကျရင် မြင်ကိုမြင် ရမယ်၊ အဲဒါ ယုံထား ခင်နွေပြန်မြင်တဲ့တစ်နေ့မှာ အစ်ကို ပိုင်က ရှုံးတွေ မိုးတွေနဲ့ ခင်နွေ့ရှေ့မှာ လက်ကြီးပိုက်ပြီး ခပ်ကြွားကြွားရပ်ပြမှာဗျ"

သူပြောတော့ ခင်နွေ ရယ်သည်။ ပါးချိုင့်လေးခွက် သွားတာကို ငေးကြည့်ရင်း ပါးပြင်နုနုလေးကို လက်ဖျားလေးနှင့် သူ တို့ထိလိုက်ချင်သည်။

"အဘကပြောဖူးတယ် အစ်ကိုပိုင်၊ မိန်းကလေးဆိုတာ ပန်းပွင့်လေးတွေနဲ့တူတယ်တဲ့၊ အဲလိုဆိုရင် ခင်နွေလေ တွေးမိတယ်"

ခင်နွေ တွေးတွေးဆဆလေး လုပ်ပြောတော့ သူ မြတ်တနိုး စိုက်ကြည့်ရင်း ပြုံးလျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ … ပြောပြပါဦး မမလေးရယ်"

သူ့ဆီသံမှာ အကြင်နာငွေ့တွေ အရမ်းသိသာစွာပါနေမှန်း သူကိုယ်တိုင်ပင် သိနေသည်။

"အဘာ စိုက်ထားတဲ့ သစ်ခွတွေ၊ သဇင်တွေကို ခင်နွေ ကိုင်ကြည့်ဖူးတယ်၊ အဲဒီနေရာတွေကို ခင်နွေ ခဏခဏပဲ ရောက်ဖူးတယ်"

သီရိဗြိမ်၏ ပန်းခြံထဲမှာ ခင်နွေ သွားလာနေကျမို့ နေရာတွေကို သွားတတ်လာတတ်နေပြီ။ နေသည့်ကာလကလည်း ကြာခဲ့ပြီပဲလေ။ အမြင်အာရုံမရှိပေမယ့် မှတ်ဉာဏ်အားမှာတော့ ခင်နွေ ထက်မြက်သည်။

"အဘကပြောတယ်၊ မိန်းကလေးဆိုတာ ပန်းလေးတွေလိုပဲ တဲ့ အလှလဲရှိတယ်၊ ရနံ့သင်းသင်းလေးနဲ့ သိမ်မွေ့တဲ့ဂုဏ်လဲရှိတယ်တဲ့၊ နူးညံ့လှပတယ်တဲ့လေ၊ ခင်နွေတော့လေ …"

မျက်ဝန်းရိပ်လေးတွေမှာ ရီဝေဖျော့ရိပ်ကို သူ မြင်လိုက်ရသည်နှင့် အားငယ်သည့် ရင်ဖွင့်စကားကို ကြားရတော့မည်ဆိုတာ သူ သိနှင့်၏။ ခင်နွေ့မျက်နှာကလေးကို ကြည့်မြင်မိရုံမျှဖြင့်ပင် ခင်နွေ့ရင်ကို သူ မြင်တတ်နေတာ ကြာခဲ့ပြီပဲလေ။

"အဲဒီ သဇင်တွေ၊ သစ်ခွတွေဟာ လှတယ်၊ မွှေးတယ်လို့ အဘကပြောတယ်၊ တကယ်တော့ ခင်နွေလဲ မြင်ဖူးပါတယ်။ ရွာမှာ သစ်ခွတွေ သဇင်တွေ သစ်ပင်တွေပေါ်မှာရှိတယ်လေ"

ရွာလေးကို ပြန်အမှတ်ရပြီဆိုလျှင် ခင်နွေ၏ ငယ်ဘဝက ပျော်စရာ ပြေးလွှားဆော့ခဲ့တာတွေကိုလည်း ပြန်၍ တမ်းတနေမည်ဆိုတာ သူ ကြင်နာစိတ်နှင့် နားလည်မိရသည်။



ဤမိန်းကလေးသည် သူ့ရင်ထဲမှ အကြင်နာတရားကို အရယူပိုင်စိုးလျက် ချစ်မြတ်နိုးရခြင်းကို ဖြစ်တည်စေနိုင်စွမ်းသည့်မိန်းကလေး။

သူ ရင်နှင့်အမျှ မြတ်နိုးချစ်မိနေရပါသည့် မိန်းကလေး။

"အဲဒီပန်းလေးတွေဟာ ခင်နွေနဲ့တူတယ်အစ်ကိုပိုင်၊ သူတို့ဟာ သစ်ပင်ကြီးတွေကို မှီပြီးမှ နေကြရတာ၊ အမှီအတွယ်မရှိရင် ဘယ်လိုမှ ရပ်တည်မနေနိုင်ဘူးလေ၊ ဒီခြံထဲမှာလဲ သစ်ခွအိုးတွေ၊ သဇင်တိုင်တွေနဲ့ နေရတာပဲမဟုတ်လား၊ ဘယ်မှာ သူ့ဘဝကို သူ ရပ်တည်နိုင်လို့လဲ"

ခင်နွေ ပြောသမျှ နားထောင်ရင်း မကြားရက်နိုင်တော့။

ဘာလို့ ဒီလောက်ပြောတတ်ရတာလဲ ခင်နွေရယ်ဟု ဝင် သူ မမေးရက်နိုင်။

ခံစားရချက်များ ပြင်းထန်ကြာညောင်းလာလျှင် ခံစားရသမျှကို ပြောတတ်လာတတ်သည် မဟုတ်ပါလားလေ။

ခင်နွေ အဘယ်မျှ သိုသိပ်ခံစားနေခဲ့ရမည်လဲ။ အဘယ်မျှ အားငယ်နေရဟာမည်လဲ။ သူ မျှဝေနားလည်ပေးပါသည်။

"ခင်နွေ့ဘဝကိုကြည့်၊ အဘမရှိရင် ခင်နွေ ဘယ်လိုရပ်တည်နိုင်မှာလဲ၊ ပြီးတော့ အစ်ကိုမရှိရင် ခင်နွေ ဘယ်လိုရပ်တည်နိုင်မှာလဲ၊ ခင်နွေ့ကိုချစ်တာ ဂရုစိုက်တာ အဘနဲ့ အစ်ကိုပိုင်ပဲရှိကြတာ"

www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်လိုမှ ဆက်လက်ကြားနိုင်စွမ်းမရှိ။

ခင်နွေ့ပခုံးလေးကို သူ့ဘက် စိတ်လွတ်လက်လွတ်ဖြင့် ဆွဲယူလိုက်မိရင်း ...

"မပြောနဲ့တော့ ခင်နွေ မပြောနဲ့၊ ခင်နွေ့ဘဝမှာ အစ်ကိုပိုင်မရှိတော့ဘူးဆိုတာ ဘယ်တော့မှ ဖြစ်မလာဘူး၊ အဲဒါ အမြဲယုံထား"

စိတ်ထိခိုက်ရလွန်း၍ သူ့အသံတွေ တုန်နေသည်။

ခင်နွေ့မျက်နှာလေး မော့နေလျက် မျက်ရည်များဝိုင်းလည်လာ၏။

"...ကယ်လား အစ်ကိုရယ် ..."

ဟု ခပ်တိုးတိုး မေးနိုက် မျက်ရည်ကို သုတ်ပေးမိသည်။

"ကဲ ... စောစောက ခင်နွေပြောတယ်၊ အစ်ကိုပိုင့်ကိုမြင်ဖူးချင်တယ်ဆို၊ ငယ်ငယ်တုန်းကလို ခင်နွေ အစ်ကိုပိုင်မျက်နှာကို လက်နဲ့စမ်းကြည့်လေ၊ ဟိုတုန်းက ကိုးတန်းကျောင်းသား ပိုင်၊ ခုကျတော့ စက်မှုတက္ကသိုလ် စတုတ္ထနှစ်ကျောင်းသားကြီး ပိုင်၊ ခု ပိုချောလာတယ်ဗျ"

ခင်နွေ စိတ်ပြောင်းအောင် သူ ပြောပြီး ခင်နွေ့လက်ဖဝါးလေးတွေကို သူ့မျက်နှာပေါ် အသာအယာတင်ပေးမိသည်။

ခင်နွေ ပြုံးလိုက်ရင်း သူ့မျက်နှာကို ဖွဖွညင်ညင်စမ်းကြည့်၏။

နူးညံ့နုထွေးသော လက်ဖဝါးလေးတွေက သူ့မျက်နှာပြင်တွင် သိမ်မွေ့ညင်သာ ထိတွေ့နေ၏။ သူ့မျက်ခုံးတွေ၊



သူ့ပါးပြင်တွေ၊ သူ့နှာတံလေးတွေ၊ မေးဖျားမေးရိုးတွေကို စမ်းသပ်ကြည့်သည်။

သူ ခင်နွေ့မျက်နှာလေးကို မျက်တောင်မခတ်စိုက်ကြည့်နေရင်း ငြိမ်သက်ခံယူသည်။ ရင်ထဲ၌ မကောင်းနိုင်။ မျက်ရည်က ဝဲလာချင်ပြီ။

ခင်နွေ့လက်လေးတွေ သူ့မျက်ဝန်းတွေနား ရောက်လာတော့ ဟိုးအခါတုန်းကလိုပင် မျက်လွှာကို ပိတ်ချခံယူလိုက်မိသည်။

ခင်နွေ့လက်လေးတွေ ရပ်ခနဲ တန့်သွား၏။

စိုစွတ်သောအရာလေးများကို အစ်ကိုပိုင့်မျက်တောင်များမှာ စမ်းသပ်ထိတွေ့နေမိရသည်သို့ရှိ၏။

"အစ်ကိုပိုင်"

တိုးညင်းလှုပ်ခါသော အသံလေးကို ခင်နွေ ပြုလာတော့ သူမျက်လွှာကို အသာဖွင့်မိသည်။ သူ့မျက်နှာထက်မှ ခင်နွေ့လက်လေးကိုလည်း သူ့လက်ဖြင့် အုပ်မိုးဖိကိုင်ထားမိသည်။

"အစ်ကိုပိုင် မျက်ရည်ကျနေတာလားဟင်"

သူ မဖြေ။ ခင်နွေ့မျက်နှာလေးကို မမိုတ်မသုန်ငေးစိုက်ကြည့်နေမိသည်။

သူ့မျက်နှာထက်မှာရှိနေသည့် ခင်နွေ့လက်လေးပေါ်မှ သူ့လက်လေးကိုလည်း မရုပ်မိသေး။

"ခင်နွေပြောမိတဲ့စကားတွေအတွက် အစ်ကိုပိုင် စိတ်ထိခိုက်သွားလားဟင်၊ ဒါဆို နောက် ခင်နွေ မပြောတော့ဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ တောင်းပန်သလိုပြောလာတော့ သူ ခေါင်းယမ်းသည်။

"မဟုတ်ဘူး ခင်နွေ၊ ပိုင်လေ ခင်နွေ့ကို အရမ်းသနားတယ်၊ အရမ်းသနားတယ်ကွာ"

ပြောရင်း ခင်နွေ့လက်နုနုလေးကို သူ့မျက်ဝန်းပေါ် ဖိအုပ်စေလျက် သူ့လက်ဖြင့် ဖေးအုပ်ထားလိုက်မိသည်။

ရင်နှင့်အမျှ ခံစားနေရပါသည့်စကားကို သူ ခပ်တိုးတိုးဆက်၍ပြောသည်။

"ခင်နွေ ခံစားနေရတာတွေ ခင်နွေ့ကြေကွဲအားငယ်မှုတွေကို ပိုင် နားလည်တယ်၊ သိတယ်၊ မမြင်ရက်ဘူး၊ မကြားရက်ဘူး၊ ခင်နွေ့ကို ပိုင် ဘယ်တော့မှ ခွဲမသွားဘူး၊ [illegible] ရက်ဘူး၊ ခင်နွေဟာ သစင်လေးပဲဖြစ်ဖြစ်၊ သစ်ခွလေးဖြစ်ဖြစ် ဒီပန်းလေးကို ဘယ်တော့မှအမှီအတွယ် မပျောက်စေရဘူး၊ အဲဒါကို ယုံကြည်ထားပါ ခင်နွေရယ်"

သူ့မျက်နှာကို မမြင်ရသည့်အတွက် မြင်ချင်စိတ်တကြီးရှာပါသည့် ခင်နွေ။

တဖွဖွ သူ့မျက်နှာလေးကို ညင်သာသိမ်မွေ့စွာ စမ်းကြည့်နေတာလေးကို သူ မျက်တောင်မခတ် ငေးစိုက်ကြည့်နေရင်းမှ သနားရစိတ်တို့ တန့်ဆည်မရ ကြေကွဲခံစားခဲ့ရသည့်အဖြစ်။

ခင်နွေသည် သူ့နှလုံးသားတွင် တော်ဝင်သည့် ပန်းလေးအဖြစ် တည်ရှိနေတာကို တစ်နေ့တွင် သူဖွင့်ပြောပြမည်



ထိုနေ့သည် ခင်နွေ သူ့ကို တွေ့မြင်ရသည့်နေ့ဖြစ်စေမည်။

"အစ်ကိုပိုင်ရယ် ..."

ခပ်တိုးတိုး ခင်နွေ့ခေါ်သံလေးကို ကြားလိုက်ရပါ၏။ ပြီး ... ရှိုက်သံလေး။

သင်းပျံ့သော ပန်းရနံ့က သူတို့အပါးဝယ် ဝေ့ဝိုက်လျက်ရှိကြပါချေ၏။

"မြန်မြန်ကြစို့ ခင်နွေ ... ထ ... ထ၊ ပိုင် လိုက်ပို့မယ်၊ စိတ်မညစ်ရဘူးနော်"

သူပြောလျက် ခင်နွေ့လက်လေးကို ဖေးယူလျက် တွဲထူလိုက်မိပါ၏။

❋ ✱ ❋

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

"အဘ အညောင်းပြေပါပြီ သမီးရယ် နားတော့"

အဘကို ခင်နွေ နှိပ်ပေးနေတာ အတော်လေးကြာသွားတာလည်း အမှန်။

တစ်နေ့ကုန် ပေါင်းသင် မြက်နုတ် ပန်းပင်လေးတွေ မြေတောင်မြှောက်နှင့် တကုပ်ကုပ် နေရရှာသည့် အဘခမျာ ညောင်းညာကိုက်ခဲမည်ကို ခင်နွေ နားလည်သည်။ အဘကို အရမ်းလည်းသနားသည်။

အဘခမျာ စားရေးသောက်ရေးကအစ ချက်ပြုတ်ရှာတာ။

သီရိဥဒြိမ်၏အိမ်ရှင်မ အန်တီ ဒေါ်ခင်လေးမြတ်က ခင်နွေ့ကို မီးဖိုကိစ္စတွေ၊ ချက်ပြုတ်စားတာတွေ မလုပ်စေရဟု ဆိုထားသည်လေ။ ဒါက ခင်နွေ့တို့အသားအဖ ဤနေရာလေးကို စရောက်ခဲ့ရသည့် နေ့ကတည်းက ချမှတ်ထားသည့် စည်းကမ်းချက်။ မမြင်မကန်းနှင့် မီးရေးထင်းရေး ချက်ပြုတ်လျှင် မီးလောင်နိုင်သည်ဟု ဆိုထားတာကလည်း မှန်နေတာပါပဲလေ။



အဘခမျာ မနက်စောစော ထမင်းဟင်းချက်ပြုတ်ရရှာသည်။

ခင်နွေ ချက်ပြုတ်ပေးချင်ပေမယ့် မျက်မမြင်ဒုက္ခိတအဝမို့ ဘာမှမတတ်နိုင်။

"အဘကို ခင်နွေ ကန်တော့ပါတယ်"

ညတိုင်း ခင်နွေ ကန်တော့နေကျ။ အဘခမျာ သမီးလေးကို မရှိုတင်ကဲ အမြဲကြည့်ကာ မျက်ရည်ဝဲရတာအူကြိမ်ကြိမ်။

ဤသမီးလေးအတွက် အမြဲနောက်ဆံတင်းနေရသည်ပေါ့။

အကယ်၍များ သူသာ မျက်စိနှစ်လုံး ပိတ်သွားလျှင် ဤဒုက္ခိတသမီးလေး ဒုက္ခရောက်ရရှာမည်။

"သာဓု ... သာဓု ... သာဓုပါ သမီးရယ်၊ အဘသမီးလေး ဘေးမသီရန်မခ ဘဝအေးချမ်းရပါစေ၊ မျက်စိနှစ်ကွင်း အလင်းပြန်ရတဲ့ဘဝကို ပိုင်ရပါစေကွယ်"

ဦးဘညွန့် တုန်ယင်လိုက်လှဲ့စွာ မျက်ရည်ဝဲ၍ ဆုပေးသည်။ သမီးလေး၏ ဆံနွယ်လေးများကိုလည်း သပ်ပေးသည်။

ခင်နွေ မျက်ရည်ကျလာတာမြင်တော့ သက်ပြင်းရှိုက်၏။

"ကဲ ... လုံမ၊ ခဏထိုင်ဦး၊ အဘပြောမယ်၊ လုံမမှာ အမြင်အာရုံချို့တဲ့လို့ ကံမကောင်းရှာတာအမှန်ပဲ၊ ဒါပေမဲ့ အားမငယ်ရဘူး သမီး၊ ရှေးဘဝက ဝဋ်ကြွေးကြောင့် ဒီလို ဖြစ်ရတယ်လို့ ဖြေယူ၊ ဝဋ်ကြွေးကျေရင် သမီး မျက်စိမြင် ရမှာပါကွယ်၊ ဘုရားမှာ အမြဲဆုတောင်း လုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သမီးလေး အားမငယ်ရအောင် အမြဲ ဦးဘညွှ
ပြောဆိုဆုံးမသည်။ အားပေးနှစ်သိမ့်သည်။ တရားပြနား
ရင်ကို ငြိမ်းစေသည်။

"မနုဿဘာဝေါ ဒုလ္လဘောတဲ့ သမီး၊ လူ၏အဖြစ်ကို
၏တဲ့၊ သမီးဟာ ကံကောင်းလို့သာ လူအဖြစ်ကိုရခဲ့တာ
မဟုတ်လား၊ သဗ္ဗေသတ္တာကမ္မသကာတဲ့၊ အလုံးစုံသေ
သတ္တဝါတို့သည် ကံသာမိမိ ဥစ္စာရှိကြကုန်၏တဲ့၊ သမီး
ကံမှာ ဒီလိုဖြစ်ရမယ်လို့ပါလာလို့ ဒီလိုဖြစ်လိုက်ရတ
လို့ တရားနဲ့ဖြေ ဟုတ်လား လုံမ"

အဘ တရားပြနားချ နှစ်သိမ့်သမျှ ခင်နွေ မျက်
လေးဝဲ၍ နားထောင်သည်။

"ဟုတ်ကဲ့ အဘ"

"အေး ... ဒီလိုဖြစ်ရလို့ အားမငယ်ရဘူး သမီး၊ အတ္တ
အတ္တနော နာထောတဲ့၊ မိမိသည်သာ မိမိ၏ကိုးစားရာ
ဘယ်တော့မှ အားမလျှော့ရဘူး ကြားလား လုံမ"

"ဟုတ်ကဲ့ပါ အဘ"

ခင်နွေ ခေါင်းရလေးငုံ့၍ အသံတုန်လေးနှင့်ဖြေသည်

ခင်နွေ့ကို စိတ်အားမငယ်ရအောင်၊ စိတ်မဆင်
အောင် အမြဲတရားနှင့်ယှဉ်၍ ပြောဆိုနှစ်သိမ့်တတ် ဆုံးမတတ်
သည်။

"ကဲ ... လုံမ ဘုရားကန်တော့ချေတော့"

ဘုရားစင်ရှေ့တွင် ခင်နွေ သွား၍ ကျုံ့ကျုံ့
လျက် ဘုရားကို အာရုံပြု၏။



ဘုရားစာကို စိတ်မှတ်ဖြင့် ခပ်တိုးတိုးဆို၏။

အမြဲ ခင်နွေ ဘုရားဝတ်ပြုနေကျမို့ ဤအိမ်လေး၏
ဘုရားစင်ရှေ့နေရာလေးမှာ ခင်နွေ၏သောက၊ ခင်နွေ၏ဆန္ဒ၊
ခင်နွေ့၏ အသနားခံမှုများကို မြတ်ဘုရားထံ ခယဝပ်တွား ဆု
တောင်းရသည့်နေရာလေးအဖြစ် အားကိုးရာတစ်ပါး ရှိနေရမြဲ
ပါ။

"ဘုရားတပည့်တော်မ၏ ဖခင်ဖြစ်သူ အမြဲကျန်းမာ အသက်
ရှည်လျက် ရှိရလိုပါ၏။ ဘုရားတပည့်တော်မ၏ ဖခင်အား
ကျေးဇူးဆပ်ရပါသော သမီး၏ဘဝကို ရယူရလိုပါ၏။
ဘုရားတပည့်တော်မ၏ ဆုံးရှုံးခဲ့ရသော အမြင်အာရုံကို
ပြန်လည်ရရပါလို၏ အရှင်ဘုရား"

ခင်နွေ ဆုတောင်းရင်း မျက်ရည် စိမ့်ခနဲဖြာကြ၏။
အဘမသိအောင် ရှိုက်သံကို မထွက်စေရ။ ဒါပေမဲ့ အဘမြင်ချင်
သည်းမြင်နေမည်သာ။

အဘ ခင်နွေ့ကို ကြည့်နေမည်ဟု ခင်နွေ သိနေရ
သည်လေ။

ခင်နွေ ဦးသုံးကြိမ်ကို ပျပ်ဝပ်စွာ ထိခြင်းငါးဖြာဖြင့်
မြတ်ဘုရားအား ရှိခိုးကန်တော့သည်။

"လုံမ အိပ်ချေတော့၊ အဘ ပုတီးစိပ်လိုက်ဦးမယ်"

ခင်နွေ၏ကျောပြင်လေးကို ဖွဖွညင်ညင် သပ်ပေးပြီး
သည့်နောက် ဆံစလေးများကို သပ်ပေးကာ အဘပြောသွားပါ
၏။

www.burmeseclassic.com

www.burmeseclassic.com



ဤသမီးလေး၏အဖြစ်ကို နေ့စဉ်မြင်နေရသည့်အဖြစ်ကိုက ဦးဘညွန့်၏ရင်ကို ဆုပ်ညှစ်ထုရိုက်ထားသည့်နှယ် နာကျင်ခံစားရစေပါ၏။ ကြေကွဲထိခိုက်စေပါ၏။ ခင်နွေ အိပ်ခန်းလေးထဲဝင်သွားတော့ ဦးဘညွန့် သက်ပြင်းရှိုက်လိုက်ရင်း ဘုရားစင်ရှေ့တွင် တရားမှတ်၍ ထိုင်လေသည်။

❊ ✱ ❊



## ❀ ၁၂ ❀

လေပုကားထစ်အတိုင်း ခြေသံပြင်းပြင်းနှင့် နင်းတက်လာသံကို ကြားရသည်နှင့် အစ်ကိုနိုင်သန့်ဆိုတာ ခင်နွေ အလိုလိုသိသည်။

အစ်ကိုပိုင်သန့်က ဤသို့ ခြေသံမှ မကြမ်းတမ်းပဲလေ။

ပြီးတော့ ... အစ်ကိုနိုင်သန့်က ခင်နွေ့ဆီကိုရောက်ခဲ့သည်။ ကိစ္စရှိမှ၊ အဘကို ခိုင်းစရာရှိမှ ရောက်လာတတ်သည်လေ။

ရေပတ်အဝတ်လေးနှင့် ကြမ်းပြင်တွေကို တိုက်နေရာမှ ခင်နွေ တံခါးရှိရာဘက်ကို မော်၍ လှမ်းမျှော်သည်။

နိုင်သန့်မှာ တံခါးဝတွင်ရပ်လျက် ခင်နွေ့ကို ယခုမှ ရေတစိုက်ကြည့်လိုက်မိသည်။

ဤကောင်မလေး အတော်ကြီးလှပါလားဟု သိသိမှတ်မှတ်ပြုလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေစိုအဝတ်စကို ကြမ်းတစ်လျှောက် တိုက်နေသည့် ခင်နွေ၏ ကိုယ်နွဲ့နွဲ့လေးက ကျောက်ဆစ်လက်ရာလေးလို အရှမ်း လှပပြေပြစ်နေသည်။

မျက်နှာလေးကလည်း အပြစ်ဆိုစရာမရှိအောင် လှ နိုင်လွန်းသည်။ ချွေးစလေးတွေစို့နေသည့် မျက်နှာလေးမှာ ဝင်း ကြည်စိုလဲ့နေ၏။ မှဲ့ပြောက်သော်မှုမထင်။

ယခင်နေ့တွေတုန်းကတော့ မျက်မမြင်မလေးအဖြစ် သတ်မှတ်လျက် သိပ်ပြီး အလေးတယူလည်းမရှိ။

ဤနေ့ကျမှ မျက်စိမမြင် ဘာမမြင်နှင့် ကြမ်းကျ တော့ တိုက်နေသားဟု အတွေးဖြင့် ငေးငေးစိုက်စိုက်ကြည့်လိုက်မိ ရင်း ဤသူငယ်မ အရှမ်းကို ချောပါလားဟု ခံစားသိမြင်လာမိ သည်။ ဤမျှ ချောမွန်နည်းနေသည့် မိန်းကလေးသည် သိရှိ ငြိမ်မှာ ကာလကြာမြင့်စွာကပင် ရှိနေသည့်အဖြစ်ကို သူ အဘယ် ကြောင့် မသိမမြင်နိုင်မိခဲ့ရပါလိမ့်။

ဖိနပ်ချွတ်တွင် ဖိနပ်ကိုချွတ်၍ နိုင်သန့် အိမ်ထဲဝင် သည်။

"အစ်ကိုနိုင်လားဟင်"

ခင်နွေမေးတော့ နိုင်သန့် ပြုံး၍ ခပ်နွေ့ရှေ့တွင်ထိုင် လိုက်ရင်း ခင်နွေ့မျက်နှာလေးကို စေ့စေ့စူးစူးစိုက်ကြည့်လျက်

"အေး ... ညည်း ဘယ်လိုလုပ်သိလဲ ကောင်မလေး" ဟု မေးမိသည်။

မေးနေရင်းလည်း ခင်နွေ့နဖူးစပ်တွင် စို့သီးနေသော ချွေးစက်လေးတွေကို လှမ်းသုတ်ပေးလိုက်ချင်နေမိပြန်သည်။



နီးနီးကြည့်လေ စေ့စေ့ကြည့်လေ ဤကောင်မလေး ပိုချောနေလေပါလားဟု ရင်ထဲမှာ ပြောပြောနေမိရပါပြီ။

"အစ်ကိုနိုင့်ခြေသံကို ခင်နွေ သိတယ်လေ"

နိုင်သန့် ရယ်သည်။ သူ့ခြေသံကိုသိသည်ဆို၍လည်း ကျေနပ်သွားသည်။

"အလဲ့ ... ဘယ်ဆိုးလို့လဲ၊ ငါက တစ်ခါတလေမှ ဒီကို လာတာ၊ ဒါတောင်မှ ငါ့ခြေသံကို ညည်းလေးက မှတ်မိ နေတယ်ပေါ့၊ တယ်တော်ပါလားကွ"

သဘောကောင်းစွာ ရယ်မောပြောဆိုနေသော အစ်ကို နိုင်သန့်ကို ခင်နွေ အံ့ဩချင်သည်။ ယခင်တုန်းကဆိုလျှင် ဝုန်း ဒိုင်းနှင့် ပြေးတက်လာ။ အဘကိုမေး၊ ဈေးသွားလိုက်သည်ဟုဖြေ လျှင်လည်း အဘပြန်လာတာနှင့် သိရိငြိမ်ကိုလာဖို့ မှာပြီး ပြန်ချ သွားလိုက်သည်ပါပဲ။ အဘ ဈေးမှပြန်လာလျှင် အစ်ကိုနိုင်သန့် မှာခဲ့တာကို ခင်နွေက ပြန်ပြောပြရသည်။ တကယ်တမ်းကျတော့ လည်း သစ်ခွတွေ နှင်းဆီတွေကို လှလှလေးတွေ ရွေးချယ်ပေးဖို့ အဘကို အစ်ကိုနိုင်သန့် ခိုင်းတာပါပဲလေ။ ပန်းစည်းကိုယူ၍ အစ်ကိုနိုင်သန့်မိတ်ဆွေ ကောင်မလေးတွေကို သွားသွားပေးဖို့ ယူယူသွားတာတွေကို အစ်ကိုပိုင်သန့်က ခင်နွေ့ကို ပြန်ပြောပြတတ် သည်။

"ကဲ ... ဆိုစမ်းပါဦး၊ ဘယ့်နယ်လုပ်ပြီး ငါ့ခြေသံကို မှတ် မိရတာလဲ"

"အစ်ကိုနိုင်က ခြေသံပြင်းတယ်လေ၊ ဝုန်းဒိုင်းနဲ့ ပြေးတက် လာတတ်တာ၊ အစ်ကိုပိုင်ကျတော့ ခြေသံက ညင်သာတယ်"

www.burmeseclassic.com

www.burmeseclassic.com



နိုင်သန့် မျက်မှောင်ကြီး တွန့်ကျသွားရင်း ...

"ဒီမှာသာညင်သာနေတာပါဗျာ၊ အိမ်မှာများ အားကစား သမားလို့မပြောရဘူး၊ ခြေသန်သန်နဲ့ ပြေးလွှားဝင်လိုက် ပြေးဆင်းသွားလိုက်နဲ့ ဒီကောင် ခြေသံအပြင်းဆုံး"

ဟုတ်ချင်လည်းဟုတ်မှာပါဟု ခင်နွေ တွေးသည်။

အစ်ကိုပိုင် ခြေသံပြင်းပြင်းကြီး ကြားလိုက်ရင် ခင်နွေ ရုတ်ခနဲလန့်သွားမှာစိုးလို့ဟု အစ်ကိုပိုင်က ခင်နွေ့ကို ပြောဖူးသည်မဟုတ်ပါလား။

ခင်နွေက မြင်ရတာမှမဟုတ်တာ။ ဖြုန်းခနဲဆို ခြေ သံပြင်းပြင်းကြားလိုက်ရင် လန့်သွားတော့ ဘယ့်နှယ်လုပ်မလဲ အစ်ကို ိုင်သန့် ပြောခဲ့သည်လေ။ '

အစ်ကိုပိုင်ကတော့ ခင်နွေ့ကို 'အရမ်းဂရုတစိုက် တာ ခင် အသိပါ။

"အစ်ကိုနိုင် အဘကို လာရှာတာလားဟင်၊ သစ်ခွရုံ ဘက်သွားမယ်လို့ပြောတယ် အစ်ကိုနိုင်၊ အဲဒီကို လိုက်သွား ပါလား"

နိုင်သန့် ထိုအခါမှ လာရင်းကိစ္စကို သတိရ

"ငါက နှင်းဆီခင်းတွေဘက်ပဲ ကြည့်မိတာကွ၊ မ တော့ ဈေးများသွားလိုက်ပြီလားလို့ ထင်တာနဲ့ ညည် လာခဲ့တာ၊ ဟော်လန်သစ္စာတွေ ငါ ယူချင်လို့ ခူး မလို့"

ချမ်းသာသည့် သူများမှာ ကိုယ့်ခြံထဲကပန်းကို ကိုယ်တိုင်ခူးဖို့ကိစ္စကို ပင်ပန်းသည်ဟု ထင်တတ်ကြသည်။ ဥယျာ ဉ်ကိုပဲ ခူးခိုင်းလိုက်သည်။ ကိုယ်တိုင်ကိုယ်ကျ လုပ်ရမှာကို စိတ်ထဲမပါတတ်ကြတာကို ခင်နွေ နားလည်ပါသည်လေ။



ခင်နွေသာဆိုလျှင် မျက်စိလည်းမြင်သည့်ဘဝသာဆို လျှင် ကိုယ်ကြိုက်သည့်ပန်းကို သေချာ စိတ်ကြိုက် ရွေးချယ်ခူး လိုက်မှာပါပဲ။

ခင်နွေ့ရှေ့မှ ရေစိုကြမ်းတိုက်ဝတ်က နိုင်သန့်ခြေ အားနားမှာ ရှိနေသည်။

"ညည်းက မမြင်ဘဲနဲ့ ကြမ်းတွေဘာတွေတိုက်တယ် ဟုတ် လား"

ရယ်သံဖြင့် မေးခြင်းကိုခံလိုက်ရတော့ ခင်နွေ မျက် နှာလေးဝဲချင်သည်။

"ဒါကတော့ အစ်ကိုနိုင်ရယ် ... ဒီအိမ်လေးမှာ ခင်နွေနေ တာ နှစ်တွေကြာလှပြီပဲ၊ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ ခင်နွေ သိတယ်၊ ပြီးတော့ ... ဒီလိုရေပတ်ဝတ်နဲ့ ကြမ်း လိုက်တိုက်တာမျိုးကျတော့ လုပ်နေကျဖြစ်လာရင် အခက် အခဲမှမရှိတော့တာ၊ နေ့တိုင်းတိုက်တော့ ပြောင်နေမှာပဲပေါ့၊ အဘက ပင်ပန်းရှာတယ် အစ်ကိုရဲ့၊ ဒီလိုအိမ်ကြမ်းတိုက် တံမြက်လှည်းတာမျိုးကျတော့ ခင်နွေ စမ်းပြီး မှန်းပြီး လုပ်ကိုင်သွားလို့ရတယ်၊ မမြင်တာတော့မမြင်ဘူးပေါ့ အစ်ကို နိုင်ရယ်"

ခင်နွေ မျက်ဝန်းရွှန်းလဲ့လဲ့လေးမှာ မျက်ရည် သားတွေဝဲစို့လာပုံလေးကိုက အရမ်းလှနေသည်။ စိတ်အားငယ် စွာ ပြောနေပုံလေးကလည်း သနားစရာ။

www.burmeseclassic.com

www.burmeseclassic.com



နိုင်သန့် ငေးခနဲ ကြည့်မိပြန်၏။

ဘုရားရေ ... ဤသူငယ်မလေးကို သူ အရမ်းစိတ်ဝင်စားနေမိချေပြီလား။

ကျောင်းမှာ ကောင်မလေး တော်တော်များများနှင့် ရင်းနှီးတတ်သော၊ တကယ်လည်း ရုပ်ချောလူချမ်းသာလေးအဖြစ် မိန်းကလေးများ၏ စိတ်ဝင်စားခြင်းကို ခံရပါသော၊ ကိုယ်တိုင်ကလည်း ထိုအဖြစ်မှာ မွေ့လျော်ပျော်ပိုက်နေမိပါသော နိုင်သန့်၏ ရင်ထဲသို့ ဤသူငယ်မလေး ရုတ်ခြည်းဝင်ရောက်လာပုံက အံ့ဩစရာလိုဖြစ်နေသည်။

ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်နိုင်။

"ငါ စိတ်ထဲတွေးမိရာကိုပြောမိလိုက်တာပါ ခင်နွေရာ ညည်းစိတ်မကောင်းအောင် ပြောလိုက်သလိုဖြစ်သွားတာ ငါ စိတ်မကောင်းပါဘူး၊ အင်း ... ညည်းမှာလဲ ဒုက္ခပါပဲ လား"

နိုင်သန့် ခပ်ညည်းညည်းပြောမိလျက် ထရပ်သည်။

"ကဲ ... ညည်း အဘဆီ ငါ သွားလိုက်ဦးမယ်၊ ညည်း ထဘီအောက်နားတွေလဲ စိုနေပြီ၊ အအေးမိနေဦးမယ် သုတ်သုတ်လုပ်ပြီး အဝတ်ခြောက်နဲ့ လဲဝတ်လိုက်ဦး၊ မမြင်ပါဘူးဆိုမှ ထပ်ဖျားနေရင် ဟုတ်ပေ့ဖြစ်နေဦးမယ်"

နိုင်သန့်အကျင့်ကိုက ဤသို့ပါပဲ။ ပြောချင်လျှင် ပြောချလိုက်မိတတ်သည့်အကျင့်။

ပြောပြီးမှ စကားလွန်သွားပြီလားဟု ပြန်တွေးရင် တွေးမိရတတ်သည့် နိုင်သန့်။



ယခုလည်း ပြောပြီးမှ ခင်နွေ မျက်စိမမြင်တာချည်းကိုပဲ နင်းပြီး ခဏခဏပြောနေမိသလို ဖြစ်နေတာကို သတိပြုမိသည်။

"ကဲ ... ငါ သွားလိုက်ဦးမယ်"

ဟု ပြောပြီး ထုံးစံအတိုင်း ခြေလှမ်းကျဲကျဲနှင့် အိမ်ပေါ်မှ ဆင်းချသွားသည်။

ကြမ်းတိုက်အဝတ်ကို ရေ့မှချလျက် ခင်နွေ ငေးငေးလေးကျန်ခဲ့၏။

မမြင်ပါဘူးဆိုမှ ထပ်ဖျားနေရင် ဟုတ်ပေ့ဖြစ်နေဦးမယ်ဟူသော စကားကို ပြန်ကြားယောင်မိလျက် ...

"ဒီမျက်မမြင်ဘဝဆိုးကြီးက ဘယ်တော့မှ လွတ်မြောက်ပါ့မလဲလေ၊ ပြန်မမြင်တော့ဘူးထင်ပါရဲ့"

ဟု တွေးမိကာ မျက်ရည် အိုင်ခနဲကျလာလျက် ဒူးလေးတုတ် ခေါင်းငုံ့မျက်ရည်သုတ်လိုက်မိရပါပြီ။

"ခင်နွေ ..."

အစ်ကိုပိုင့် အသံ။ ခင်နွေ ခေါင်းလေးမော့ကာ မျက်ရည်ကို ခြောက်အောင် ကမန်းကတန်းလေးသုတ်သည်။

ပိုင်သန့် မျက်နှာကြီး တင်းမှုန်နေ၏။ စောစောက နိုင်သန့် ဤအိမ်လေးပေါ်မှ ပြေးဆင်းသွားတာကို သူ ဤအိမ်လေးဆီကိုလာနေရင်း လှမ်းမြင်လိုက်ရသည်လေ။

ခင်နွေ့ကို ချိုးချိုးနှိမ်နှိမ်နှင့် ပြောသွားပြန်ပြီထင်၏။

"အဲဒီ အကန်းမလေးကိုများ မင်းမို့ လူရေးလူရာသွင်းလို့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မကြာမကြာ နိုင်သန့် ပြောတတ်သည်မဟုတ်ပါလားလေ။

"ကိုနိုင် ခင်နွေ့ကို စိတ်ညစ်အောင် ပြောသွားပြန်ပြီလား"

ခင်နွေ့ကို မကြာမကြာ အမြဲပြောမြဲဖြစ်သည့် နိုင်က မျက်စိမှမမြင်တာဟဲ့ နိုင်သန့် လက်သုံးစကားကြီးကို ခင်နွေ့ကလည်း အမြဲကြားနေရမြဲ စိတ်အားငယ်ရမြဲဆိုတာ သူ သိထားပြီးသည့်ကိစ္စ။

"ဘာလာလုပ်တာတုံးလဲ"

သူ မျက်နှာကြီး မှုန်လျက်မေးသည်။

"အဘကို လာရှာတာ၊ ဟော်လန်သစ္စာပန်း လိုချင်လို့တဲ့"

"သူ့အိမ်မဟုတ်တာကျနေတာပဲ၊ ကိုယ့်အိမ်ကိုယ့်ခြံထဲက ပန်းကို သူကိုယ်တိုင်ရွေးယူပေါ့၊ အလကား ဘဝင်ကိုင်နေတာ အိမ်မှာကျတော့ သူ့လက်နဲ့ ဘာကိုမှ မထိမတို့ချင်ဘူး သူ့ကောင်မလေးတွေခိုင်းတာကျ ပျော်နေတာပဲ၊ လုပ်ပေးချင်နေလိုက်တာ၊ ဟိုကောင်မလေးတွေကလဲ အတူတူပဲ၊ သူ့ကိုဆို ချွဲ့နွဲ့နေလိုက်ကြတာ၊ သိပ်မျက်စိနောက်ဖို့ကောင်းတဲ့ဥစ္စာတွေ"

ဒေါတပွပွနှင့် သူ ပြောသည်။

ဥပဒေပဥ္စမနေ့စ်ကျောင်းသားကြီး ကိုဖိုးစွံ အစ်ကိုဖြစ်သူ နိုင်သန့်ကို သူ တစ်ခါတစ်ခါ အမြင်ကတ်ချင်၏။

တည်တည်တံ့တံ့ ရည်းစားသနံရယ်လို့လည်း မထားဘဲ ဟိုတစ်ယောက်နှင့်လည်းတွဲတွဲ၊ သည်တစ်ယောက်နှင့်လည်းတွဲတွဲ



နှင့် သူငယ်ချင်းလည်းမဟုတ်၊ ချစ်သူလည်းမဟုတ်နှင့် အလွန်ခြေရှုပ်ချင်သည့် နိုင်သန့်ကို သူ တစ်ခါတစ်ခါ မျက်စိစူးသည်။

"ပြောပါဦး၊ ခင်နွေ့ကို မျက်စိမမြင်တာပဲ နောက်ပြောင်ပြောသွားတာပဲဟုတ်လား"

ခင်နွေ့သောကြမ်းပြင်တွင် တင်ပျဉ်ခွေ၍ ထိုင်ချလိုက်လျက် သူမေးတော့ ခင်နွေ ပြုံးသည်။ ခင်နွေ့မျက်နှာလေးကိုပဲ သူ ငေးစိုက်ကြည့်လျက် စိတ်ထဲ မကောင်းနိုင်။ ထုံးစံအတိုင်း ကိုနိုင့်ကို စိတ်မဆိုးအောင် ခင်နွေ့ သူ့ကိုပြောတော့မည်ဆိုတာ သူ သိနှင့်သည်။

"အစ်ကိုနိုင်က ပျော်တတ်တော့ နောက်ပြောင်ပြောတာပါ၊ အစ်ကိုပိုင်ရယ်၊ ခင်နွေ့ကိုက ဆိုးတာပါ၊ နည်းနည်းဆို စိတ်ပျော့ပြီး မျက်ရည်က ကျကျလာတတ်တာပါ"

"အို … ဒါ နောက်စရာလား၊ လူတစ်ယောက်ရဲ့အားနည်းချက်ကို ထောက်တာ၊ နောက်တာ၊ နှိမ်တာ အရှမ်းမုန်းဖို့ကောင်းတယ်၊ မဖြစ်ပါဘူး၊ ကိုနိုင့်ကို သတိပေးမှပါ"

"မလုပ်ပါနဲ့ အစ်ကိုပိုင်ရယ်၊ အစ်ကိုနိုင် ခင်နွေ့ကို စိတ်ဆိုးသွားပါ့မယ်၊ ဒီလောက်လေးနဲ့ ငိုနေလိုက်တာဆိုပြီး မုန်းသွားမှာ"

သူ ဒေါပွနေတော့ ခင်နွေ မျက်နှာငယ်လေးနှင့် တောင်းပန်ရှာသည်။

သူ သက်ပြင်းရှိုက်လျက် ခင်နွေ့ကို ကြင်နာစိတ်ဖြင့် ကြည့်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ခင်နွေတို့ခမျာ ဤသီရိဂြိမ်မှ အိမ်သားတိုင်း၏ အငြိုအငြင်ကို မခံယူလိုသည့်သူတွေပဲလေ။ ဒါမှလည်း သီရိဂြိမ်၏အရိပ်တွင် အနေမြဲရချေမည်ပေါ့။ ဒါကို သူ နားလည်ပါသည်။ နားလည်၍လည်း ပို၍ သနားရခြင်းပါ။

"ဟော ... ထသီအောက်နားတွေလဲစိုလို့၊ သွား အဝတ်လဲလိုက်၊ ကျန်တဲ့နေရာတွေကို ပိုင်ပဲ တိုက်လိုက်တော့မယ်"

ရေစိုအဝတ်ကို ဆွဲယူပြီး သူ ကြမ်းတိုက်သွားတော့ ခင်နွေ လိုက်လုပါ၏။ မမြင်မစမ်းနှင့် လိုက်လုနေတာကို လွတ်အောင် သူ ရှောင်ရတာ လွယ်ကူလှပါ၏။

"သွားဆိုနော် ... ပိုင် ဆူထည့်လိုက်တော့မယ်"

သည်လိုကျတော့လည်း ခင်နွေ မျက်နှာငယ်လေးဖြစ်သွားရှာပါ၏။

"ဘယ်ကောင်းမလဲ အစ်ကိုပိုင်ရယ်၊ အန်တီလေး သိရင် ခင်နွေ့ကို ဆူမှာ"

အစ်ကိုပိုင့်မေမေ အန်တီ ဒေါ်ခင်လေးမြတ်ဆိုတာ အကြိမ်ပေါင်း ဆယ်ကြိမ်လောက်ပဲ ကြုံဖူးတာရှိမည်။ ခြံထဲဆင်းလာရင်း ခင်နွေတို့အိမ်လေးကို ရောက်ဖူးတာဆို၍ အကြိမ်အရေ သိပ်မရှိဖူးခဲ့၊ ခင်နွေဆိုတာက သီရိဂြိမ်အိမ်ကြီးထဲကို တစ်ခေါက်သော်မျှ မရောက်ဘူး၊ အန်တီဒေါ်ခင်လေးမြတ် လာသည်ဆိုတာကလည်း မီးဖိုထဲမှာ ချက်ပြုတ်တာ အဘမှ ဟုတ်ရဲ့လားဟု တစ်ချက်စစ်ဆေးသည့် သဘောမျိုးနှင့် စိတ်ကူးရသည့်အခါမျိုးမှာ လာကြည့်တတ်တာမျိုးပါ။



လေသံတင်းမာစွာပြောတက်သည့် ဒေါ်ခင်လေးမြတ်ကို ခင်နွေ ကြောက်ပါသည်။ အစ်ကိုပိုင်တစ်ယောက် လာလာ၍ အိမ်အလုပ် ကောက်လုပ်ပေးသွားတာမျိုး ကြုံတိုင်း ခင်နွေ ကြောက်မိရသည်က ဒေါ်ခင်လေးမြတ်နှင့် ဆုံသွားမှာကိုပါ။

"မေမေလား တွေ့မှာ၊ မနက်စောစောကြီးကတည်းက ပွဲစားကိစ္စနဲ့ ကားတစ်စီးနဲ့ သွားလိုက်ပေါ့၊ အဲဒါ မိုးချုပ်မှ ပြန်ရောက်တာ"

သူ ပြောပြီးရယ်သည်။

မေမေက စီးပွားရေးကိစ္စကိုပဲ အရမ်းအာရုံထားတာ သူအသိပါ။ ဖေဖေကတော့ လူအေးပိပိ မနက် ဘုရားရှိခိုး၊ ကော်ဖီသောက်၊ ပြီးတော့ ဆန်စက်နှင့် ပွဲရုံကိုသွား၊ ဤကား ပုံမှန်ပါပဲလေ။

"အဝတ်သွားလဲလေ"

ခင်နွေက ဆိုသည်။

"စောစောကလဲ အစ်ကိုနိုင်က အဲဒါပဲ ဆူသွားတာ"

ခင်နွေက ပြောပြတော့ သူ ပြုံးသည်။

"ကိုနိုင်က ပူပူပင်ပင်နဲ့ ဆူသွားတယ် ဟုတ်လား"

ခင်နွေ ခေါင်းညိတ်တာကိုကြည့်လိုက်မိရင်း သူ မျက်မှောင်တွန့်၏။

စိတ်ထဲတွင် လေးခနဲဖြစ်သည်။ ခင်နွေ့ကိုလည်း ငေးကြည့်မိ၏။

ခင်နွေက အရမ်းလှသည်။ ဤအလှကို ကိုနိုင် မမြင်ဘဲနေပါ့မည်လား။

www.burmeseclassic.com

www.burmeseclassic.com



အလှအပကို အလွန်နှစ်သက်လျက် အလှအပများ ကြားဝယ် ပျော်မွေ့တတ်ပါလေသော ကိုနိုင့်အကျင့်စရိုက်ကို သူ အသိဆုံး။ ရင်ထဲတွင် လေးလံရှုပ်ထွေးသွားရသည်။

အတွင်းခန်းလေးထဲ အဝတ်လဲဖို့ ခင်နွေ ဝင်သွားခိုက် သူတစ်ယောက်တည်း အိမ်ရှေ့ခန်းလေးထဲမှာ ငိုင်တွေ၍ ကျန်ရစ်ခဲ့ပါလေသည်။

❁ ✱ ❁



## ၁၃

"ခင်နွေ ဒီမှာ ညည်းတို့သားအဖအတွက် ငါးပိချက်နဲ့ ကန်စွန်းရွက်ကြော်၊ ဒီဟင်းက ခင်လေးတို့မိသားစု စားကြတဲ့ ဟင်းမဟုတ်ဘူး၊ ငါ့အကြိုက်စားချင်လွန်းလို့ ချက်ထားတာ၊ တည်းသီးတို့စရာလည်းပါတယ်၊ ညည်းတို့သားအဖ ဖွယ်ဖွယ်ရာရာလေး စားရအောင် လာပို့တာအေ့"

ဒေါ်လေးမိကတော့ ဤသို့ပါပဲလေ။ သူ့အကြိုက် ငါးပိချက်တို့၊ ငါးပိရည်ကျိုတို့ တည်းသီးဆားစိမ်၊ တည်းသီးပြုတ် တို့စရာတို့ ချက်ပြုတ်စားတတ်သည်။ ပြီးတော့ ခင်နွေတို့သားအဖ တို့လည်း လာပို့တတ်သည်။

မျက်စိမမြင်ရှာသော ခင်ခင်နွေ့ကိုလည်း အသနားပိုမိသည်မှာ အမှန်ပါ။

ထမင်းဟင်းအိုးတွေ တိုက်နေသည့် ခင်နွေ့အနီးတွင် ခေါ်ခေါ် ထိုင်မိသည်။

မျက်စိသာမမြင်သည်။ အိုးတွေခွက်တွေများ တိုက်ထားသည်မှာ ပြောင်လက်နေ၏။

ဒေါ်မိမှာ ခင်နွေ့အိုးခွက်တွေကို ကြည့်ရင်း ...

www.burmeseclassic.com



"ညည်းကတော့ အဟုတ်ကြီးအော့၊ တိုက်ထားလိုက်တာများ လက်လက်ကိုတောက်ရော"

ခင်နွေ ရယ်သည်။

"မမြင်ရတော့လည်း ပိုပြီး စေ့စေ့စပ်စပ် စိတ်ရှည်ရှည် ဖိတိုက်ရတာကိုး ဒေါ်လေးမိရဲ့၊ ဒေါ်လေးမိ လက်ရာ စား ရတော့မယ်ဆိုတော့ ခင်နွေဖြင့် ထမင်းတောင်ထပ်စားချင် စိတ်ပေါက်လာရော"

ဒေါ်မိ ရယ်လိုက်ရင်း ခင်နွေ့ခေါင်းလေးကို ... အောင်ခေါက်သည်။

"သိပ်ကျေးဇူးတင်တာပဲ ဒေါ်လေးမိရယ်၊ ခင်နွေ... ငယ်ငယ်တုန်းကတော့ ဟင်းတွေ ဘာတွေ ချက်ဖူးတာ... သိလား၊ လယ်ထဲကရတဲ့ဖားတို့ ဘာတို့နဲ့ပေါ့၊ ငါးပိချက်... ငါးပိရည်ကျိုဆိုတာကတော့ အမြဲပါနေကျ၊ လယ်ပ... ကနဖော့ရွက်တွေလဲ အများကြီး၊ အဘစိုက်ထားတဲ့ သ... စင်က သခွားသီးတွေလဲ အရမ်းထွားတာ၊ ချိုမှချို အရည်... ရွှမ်းနေရော"

"ကဲ ... ဒီအိုးတွေခွက်တွေ ဒေါ်လေးမိပဲ အိမ်ပေါ်တင်... မယ် ထ"

ဆေးကြောပြီးသည့် အိုးခွက်တွေကို ဒေါ်... သိမ်းပေးမည်ဆိုတော့ ခင်နွေ ခေါင်းလေးယမ်းလျက် ...

"ခင်နွေ သိမ်းနေကျပါ ဒေါ်လေးမိရဲ့ ရပါတယ်၊ ထိုင်... လေ ဒေါ်လေးမိ၊ ဒေါ်လေးမိအလုပ်တွေလုပ်ဖို့ အိမ်ပြ... ကျန်နေခဲ့သေးလားဟင်"



ဒေါ်မိ ရောက်လာသည့်အခါမျိုးဆိုလျှင် ခင်နွေ အရမ်းကိုပျော်သည်။ စကားပြောဖော်ရကာ ဒေါ်မိပြောသည့် ဆုံးမ စကား၊ ထွေထွေရာရာစကားတွေကို နားထောင်ရတာရော ခင်နွေ ပျော်သည်လေ။

"ကဲ ... ဒါဖြင့် ဒီချိုင့်ထဲက ယူလာတဲ့ဟင်းတွေ ငါ ပန်းကန် ထဲ ထည့်လှယ်လိုက်ဦးမယ်၊ တကယ် ထမင်းစားမလား၊ ငါ ပန်းကန်ထဲ ထမင်းခူးထားလိုက်မယ်လေ၊ ဟိုမှာ လုပ်စရာ မကျန်တော့ပါဘူးအေရယ်၊ ငါလဲ ညောင်းကိုက်ကိုက်ရှိတာမို့ ညည်းကို အနှိပ်ခိုင်းမလို့တောင် စိတ်ကူးလာတာ၊ အချိန်ရပါ တယ်အေ့၊ ငါနဲ့ ညည်းနဲ့ အကြာကြီးစကားပြော ဖြစ်မှာ ပါ"

ခင်နွေ့ရင်ထဲမှ ဆန္ဒလေးကိုသိသည်မို့ ဒေါ်မိ ပြော ပြီးရယ်လိုက်လျက် အိမ်ပေါ်တက်သည်။ မီးဖိုခန်းလေးမှာရှိသည့် ပန်းကန်စင်လေးထက်မှ ဟင်းပန်းကန်လုံးလေးတွေထဲ ငါးပိချက် တစ်ခွက်၊ ကန်စွန်းရွက်ကြော်တစ်ချက်ကို ထည့်ကာ သံပန်းကန် ပြားလေးထဲသို့ တညင်းသီးပြုတ်တို့စရာတွေကို ထည့်သည်။ ပြီး ကြောင်အိမ်ငယ်လေးထဲ ဟင်းခွက်တွေကိုထည့်၏။

ခင်နွေ အိုးတွေနှင့် အိမ်ပေါ်တက်လာကာ အိုးတွေ ...အရှိထားရာ စင်လေးမှာ သွားထားသည်။

"ခင်နွေ ညနေမှပဲ အဘနဲ့အတူ စားတော့မယ် ဒေါ်လေးမိ၊ အဘက အဲဒီငါးပိချက်ဆိုရင် သိပ်ကြိုက်တာ၊ အကြော်ပဲ တညင်းသီးတို့စရာလဲ အဘကြိုက်တာပဲ၊ အဘမှာ အလုပ် များတော့ တမင်တညင်းသီးပြုတ်စားနေဖို့ အချိန်မရှိရှာဘူး

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အလွန်ဆုံး တညင်းသီးဆားစိမ်လောက်ပဲ ဈေးကဝယ်ပြီး တို့စားရတာ"

အဘာမပါဘဲ ခင်နွေ ဘယ်တုန်းကမှ ဦးဦးဖျားဖျား မစားတတ်တာ ဒေါ်လေးမိကလည်း သိပြီးသားပါ။ ဒေါ်လေးမိလက် ရာကို စားရတော့မယ်ဆိုတော့ ခင်နွေဖြင့် ထမင်းတောင်ထပ်စား ချင်စိတ်ပေါက်လာပြီဆိုတာက အမြဲ ခင်နွေ ပြောနေကျစကား ဒါပေမဲ့ ဘယ်တော့မှ မစားတာလည်း ဒေါ်မိအသိ။

"ညည်းလေးဟာလေ၊ တကယ့်ကို ချစ်အောင်သနားအောင် အပြောကောင်းတဲ့ မိန်းကလေး"

ဒေါ်မိ ချစ်စနိုးပြောတော့ ခင်နွေ ပြုံးသည်။ သနပ်ခါး မညီတညီရှိနေသော မျက်နှာဝင်းဝင်းလေးမှာ အပြစ်ကင်းစင်သော ကလေးလေး၏ အသွင်မျိုးလေးပါ။ ဟန်ဆောင်ခြင်းကင်းစင်သည့် မျက်နှာလေး။

"မဟုတ်ပါဘူး ဒေါ်လေးမိရဲ့၊ ခင်နွေက တကယ်ပြောတာ ပါ၊ ဒေါ်လေးမိ ခုလိုကျွေးတော့ ခင်နွေတို့ ဝမ်းသာတာပေါ့ ဒေါ်လေးမိရဲ့ စေတနာကို ခင်နွေတို့သိတာပေါ့၊ ခင်နွေ လေ ဒေါ်လေးမိကို သိပ်ချစ်တာ"

တကယ့်ကို အားကိုးစရာ ဒေါ်ကြီးတစ်ယောက် ချစ်သလို ခင်နွေ ချစ်တာလည်းအမှန်ပါ။

ဒေါ်မိ၏ ခြေကြောကို ခင်နွေ နှိပ်ပေးနေရင်း စကားလေးတွေ တတွတ်တွတ်ပြောသည်။

"ခင်နွေက အဘကို နှိပ်ပေးနေကျမဟုတ်လား၊ ပြီးတော့ မျက်စိမမြင်ရပေမယ့် စိတ်ထဲက ဒီလိုနေရာတွေ နာနေမှာပဲ



ကိုက်နေမှာပဲဆိုပြီး လက်ကလေးတွေနဲ့ စမ်းစမ်းပြီးနှိပ်ပေး ရာက တဖြည်းဖြည်း နှိပ်တတ်လာရော ဒေါ်လေးမိရဲ့"

"ဟုတ်ပါ့တော်၊ တကယ့်ကို အကြောတွေထိတယ် ခင်နွေရဲ့၊ ညည်း တစ်ခါလောက် နှိပ်ပေးလိုက်ရင် တစ်ပတ်လောက် တော့ အညောင်းအညာလွတ်ကရောပဲ"

ပြောပြီး ဒေါ်မိ ဆေးလိပ် မီးညှိရှိုက်ဖွာသည်။

"ဒီနေ့တော့ ခင်လေးလည်း အိမ်မှာနေတယ်၊ ဒီနေ့ နေ့ လယ်စာ အိမ်မှာလာစားဖြစ်တယ် ခင်နွေရဲ့၊ အင်း ... ပွဲစားလုပ်တယ်ဆိုတာ ပါးစပ်လေး ရင်းရတာဆိုပေမယ့် ပင်ပန်းသားဟဲ့၊ စားချိန်က အိမ်မှာခပ်နည်းနည်း၊ နေ့လယ် စာဆိုတာ ထမင်းဆိုင်ကောင်းကောင်းတစ်ဆိုင်ရှေ့ ကား ထိုးရပ်ပြီး စားလိုက်ရတာ ခပ်များများပဲ၊ မောင်သက်ဖေ ဆိုတာ ကားတစ်စီးနဲ့ လိုက်မောင်းပို့နေရတာ နည်းတဲ့အိမ် တွေလား၊ ခင့်လေးကလဲ ပွဲစားအလုပ်နဲ့ အကိုက်၊ အသိက များ၊ သိတာကလဲ လူချမ်းသာတွေမဟုတ်လား၊ သူ့ရဲ့ ရတနာပစ္စည်းတွေ ဝယ်ကြတာပေါ့"

"ဒေါ်လေးမိ ဖျာပေါ်လှဲလိုက်ပါလားဟင်၊ နေ ... နေ၊ ခင်နွေ ခေါင်းအုံးယူလာပေးမယ်"

ခင်နွေ ခေါင်းအုံးလေး သွားယူလာကာ ခင်းထားသော သင်ဖြူးဖျာလေးပေါ်ချသည်။ ဒေါ်လေးမိ မှောက်လျက် ဆက်၍ အနှိပ်ခံ၏။

ခါးတွေ ကျောတွေကို ခင်နွေ တံတောင်လေးနှင့် ဖိအားရှည်လက်ရှည် နှိပ်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးမိ အဲဒီ အန်တီဒေါ်ခင်လေးမြတ်က ချောလား ဟင်"

"ချောသပေါ့အေ၊ လူချမ်းသာဆိုတော့ နုနုငြိမ်းငြိမ်းနေရတာ အရွယ်လဲတင်တယ်၊ အင်း ... ညည်းလဲ ချောတာပါပဲ။ ညည်းကမှ အပြင်အဆင်လွတ်ကိုချောတာ"

ခင်နွေ ရယ်သည်။ ချောသည်အပြောခံရ၍ ရှက်သလိုလိုလည်း မျက်နှာလေးရဲချေသေး၏။

ဒေါ်မိမှာ ရုပ်ရည်လေးလှလှနှင့် မျက်စိမမြင်ရှာသည့် ဘဝကိုပိုင်ဆိုင်ထားရှာပါသည့် ခင်နွေ့မျက်နှာလေးကို လှည့်၍ ငဲ့ကြည့်ရင်း ရင်ထဲမကောင်းနိုင်။

ခင်နွေကတော့ စိတ်ရှည်လက်ရှည် ခါးတွေမှ ထောက်တွေ၊ ခြေဖဝါးတွေအထိ လိုက်နှိပ်ပေးသည်။

"ဩော် ... ဒေါ်မိက ဒီကိုရောက်နေတာကိုး၊ ခင်လေး ခေါင်းကိုက်လွန်းလို့ အောက်ထပ်ဆင်းရှာတာ မတွေ့လို့ ခြံထဲဆင်းလာခဲ့တာ၊ ဦးဘညွန့်နဲ့ ပန်းခြံထဲမှာတွေ့တော့ ဒီဘက်ကို ဒေါ်မိ သွားတယ်ထင်တယ်လို့ပြောလို့ လိုက်လာတာ၊ တကယ်ရောက်နေတာကိုး"

အိမ်ရှေ့မြေကွက်လပ်လေးဆီမှ ပြောလာသည့် စကားသံကို ကြားလိုက်သည်နှင့် အန်တီ ဒေါ်ခင်လေးမြတ်ဆိုတာ ခင်နွေ သိလိုက်သည်။ အသံသြဇာရိပ်ညောင်းသည့်အသံ။ ပြီး ... လေသံက ပြတ်သားသည့်လေသံမျိုး။

"ဟုတ်တယ် ခင်လေး၊ ဒေါ်မိ ညောင်းလွန်းလို့ လာအနှိပ်ခိုင်းလိုက်တာ"



ခင်နွေကတော့ ဆက်မနှိပ်တော့ဘဲ ငြိမ်ငြိမ်လေးထိုင်နေသည်။ ဒေါ်လေးမိကည်း လှဲနေရာမှ ထထိုင်နေချေပြီကိုး။

"သူက အနှိပ်ကောင်းလေးလား"

ဒေါ်ခင်လေးမြတ်၏ မေးသံကို ကြားရ၏။

"ဒေါ်မိတော့ သူ့လက်နဲ့တွေ့ပြီးရင် တစ်ပတ်လောက်တော့ အကိုက်အခဲ အညောင်းအညာနဲ့ ဝေးသွားတာပဲ ခင်လေး"

"ဒါဖြင့် သူ့ကို ခင်လေးဆီခေါ်လာခဲ့ဦး၊ ခင်လေး ခေါင်းတွေကိုယ်တွေ ကိုက်နေတာ၊ ဒါကြောင့် ဒီနေ့ နေ့လယ်ဘက် အိမ်ကိုပြန်လာတာ၊ သူ့နာမည်က ဘာတဲ့၊ ခင်နွေ ... ဟုတ်လား"

ခင်နွေ မဖြေရဲ။ ခင်နွေ့ကို မေးတာလား။ ဒေါ်လေးမိကိုပဲ လှမ်းမေးတာလားမှ မသိဘဲလေ။

"ဟုတ်တယ် ခင်လေး၊ သူ့နာမည်က ခင်နွေ"

"အင်း ... ဟုတ်ပြီ ခင်နွေ၊ ဒေါ်မိနဲ့ လိုက်ခဲ့ ဟုတ်လား"

ဤတစ်ခါတော့ ခင်နွေ့ကို လှမ်းပြောတာမှန်း ခင်နွေ သိသည်မို့ တရိုတသေ လက်ကလေးပိုက်လိုက်လျက် ...

"ဟုတ်ကဲ့ပါရှင့်"

ဟု ဖြေသည်။ ဘာပဲဖြစ်ဖြစ် ကျေးဇူးရှင်ဖြစ်သော အန်တီဒေါ်ခင်လေးမြတ်ကို နှိပ်ပေးရမည်ဆိုတော့ ခင်နွေ ဝမ်းသာသည်။ ဘာလို့ဆို အန်တီ ဒေါ်ခင်လေးမြတ်တို့၏အရိပ်တွင် ခင်နွေတို့သားအဖ နေခွင့်ရသည် မဟုတ်ပါလား။

"ကဲ ... ခင်နွေ၊ ခင်လေးတော့ ပြန်သွားလေရဲ့၊ ဟုတ်ပါရဲ့အေ ခင်လေး မျက်နှာလေးရဲနေတာပဲ၊ ခေါင်းအတော်ကိုက်

www.burmeseclassic.com

www.burmeseclassic.com



နေပုံရတယ်၊ ညည်းနိုပ်တတ်ပုံ စိတ်ရှည်ပုံလေးနဲ့တော့ မကြာမကြာ ခေါ်တော့မှာသေချာတယ် ခင်နွေ့"

ဒေါ်မီအပြောကို ခင်နွေ့ ရယ်ပြီးလျက် နားထောင်သည်။

ကျေးဇူးရှင်ကို တတ်စွမ်းသမျှ ပြုစုရကာ ကံကောင်းလွန်း၍ဟုပင် မှတ်ထင်ကြည်နူးနေရတာ အမှန်ပါ။

ပြီး ... ခင်နွေ့ အရမ်းစိတ်လှုပ်ရှားနေမိသည်လေ။

ခင်နွေ့ တစ်ကြိမ်မျှ မရောက်ဖူးရပါသည့် သီရိပြုံ အိမ်ကြီးသို့ ပထမဆုံးအကြိမ် ရောက်ဖူးရချေဦးတော့မည်။

❊ ✱ ❊



## ၁၄

အတန်းပြီး၍ ကျောင်းမှအိမ်ပြန်ရောက်သည်နှင့် ခေါင်းကယ်ကို ဂိုဒေါင်ထဲထိုးထားပြီး ခြေလှမ်းကျဲဖြင့် အခန်းထဲဝင်၊ ကျောတ်ခနဲ စာအုပ်တွေကို စားပွဲပေါ် ချ၊ အပေါ်မှ ဂျာကင်အပါးလေး ချွတ်ပြီးသည်နှင့် အကျော်ပင်ရှိရာ မြက်ခင်းဆီသို့ ပိုင်သန့် ချသွက်သွက်သွားသည်။

ဤနေ့တွင် ယခင်နေ့တွေထက် သူ အိမ်ပြန် နည်းနည်းနောက်ကျသွားရသည်။ အတန်းဖော် မျိုးဆက်က ညဉ်ဦးနေသည်နှင့် လက်ဖက်ရည်နှင့်မုန့်ကို စိတ်မပါဘဲနှင့် ကျွေးမွေးနေခဲ့သည်။

ဒါကြောင့် အပြန်နောက်ကျရပြီ၊ ခင်နွေ့ကတော့ ပန်းကုံးလေးတွေကို ပြပေးဦးတော့မည်။

"ဒီနေ့ ပန်းကုံးရှစ်ကုံးတောင်ရတယ် အစ်ကိုပိုင်"

ဟုများ ရန်တွေ့နေလေဦးမလား၊ ဘာပဲဖြစ်ဖြစ် ခင်နွေ၏ ဆိုးနွဲ့ပုံလေးကို ငေးစိုက်ကြည့်ရင်း သူ မကြည့်ရနေမိမှာပါလေ။

www.burmeseclassic.com

www.burmeseclassic.com



မြက်ခင်းလေးရှိရာသို့ရောက်တော့ သူ မျက်မှောင်ကြီး တွန့်သွားရသည်။

အကျော်ပွင့်ဖွေးဖွေးလေးများ ကြွေသက်ရာ မြက်ခင်း မြင် စိမ်းမြမြသည် အမြင်ရှင်းနေ၏။ မြင်နေကျ ခင်နွေ့ကို မမြင်ရ။

ခင်နွေ ဘာဖြစ်ပါလိမ့်ဟု ဦးစွာ ရင်၌ပူ၏။ နေများ မကောင်းဖြစ်နေချေသည်လား။

သူ ချက်ချင်း ခင်နွေ့အိမ်လေးကို ခြေလှမ်းကျဲကြီး နှင့် လျှောက်ခဲ့သည်။

အိမ်ရှေ့ဝရန်တာလေးဘက်တွင် ခြေစုံရပ်လျက် အိမ် လေး၏ တိတ်ဆိတ်နေပုံကို စိတ်လှုပ်ရှားစွာ တွေးမရဖြစ်နေမိပြန် ၏။

ခင်နွေ့ကို မမြင်ရ။ သူ အိမ်လေးထဲဝင်သည် ဟိုဟိုသည်သည်ကြည့်သည်။ အိမ်လေးက အခန်းလည်း သိပ်မများ ခဏလေးနှင့်ပင် တစ်အိမ်လုံး အခန်းပေါက်စေ့ ကြည့်ပြီးသွားပြီ။

သူ နောက်ဖေး အုတ်ကန်လေးရှိရာသို့ လျှောက်ခဲ့မိ ပြန်၏။

"ခင်နွေ"

သူ ဟိုဟိုသည်သည်ကြည့်၍ ခေါ်မိသေးသည် ထူးသံလည်းမကြား။ ခင်နွေ့ကိုလည်းမတွေ့။ ခင်နွေများ သူ့ကို နောက်ပြောင်ပြီးများ ပုန်းအောင်းနေသည်လားဟု တွေးမိသေးသည် မဖြစ်နိုင်။ ဤမျှကြာအောင်တော့ ခင်နွေ ပုန်းနေမှာမဟုတ်။

အဘကိုလည်း ခြံထဲမှာ မတွေ့ခဲ့ရ။



ရတ်ခနဲ သူ စိတ်ပူမိရပါပြီ။ ခင်နွေတို့သားအဖများ ဤသိရိုငြိမ်တွင် မရှိတော့ချေတော့ပြီလား။ မေမေက စိတ်အလွန် မြန်သည့် မေမေပါ။ စိတ်ထဲ မကြိုက်တာများရှိသွား၍ အလုပ်များ ဖြုတ်ပစ်လိုက်ချေပြီလား။

မီးဖိုလေးထဲ သူရပ်လျက် တွေခနဲ စဉ်းစားသည်။ မီးဖိုလေးထဲမှာ အိုးတွေ၊ ခွက်တွေ၊ ပန်းကန်ခွက်ယောက်တွေက တော့ ယခင်အတိုင်း။ ဘာမျှ မပြောင်းလဲ၊ သူ စဉ်းစား၍မရနိုင်။ ဘာကြောင့် ခင်နွေ့ကို မတွေ့ရပါလိမ့်။ အဘက ပန်းမျိုးဝယ်ဖို့ ဤအချိန်မှာ ထွက်သွားတတ်တာတော့ရှိသည်။ ဒါပေမဲ့ ခင်နွေ ဘယ်နေရမည်လေ။

သူ နေထိုင်၍မရအောင် ရင်ထဲမှာ ယောက်ယက် ခတ်နေသည်။

"ခင်နွေ မရှိတော့ဘူးလား၊ သူတို့သားအဖ မရှိကြတော့ ဘူးလား၊ ဟာ ... ဒုက္ခပဲ"

ရင်ထဲတွင် နေမရအောင် ချောက်ချားစိတ်ဖြစ်ရ သည်။

ခင်နွေမရှိလျှင် သူ ဘယ်လိုမှ နေတတ်မှာမဟုတ်။ သူ့ရင်ထဲမှာ ရတနာဦးလေး ခင်နွေ။ အချစ်၏ရွှေစင်ဦးလေး ခင်နွေ။ သူ၏ မျှော်လင့်ချက် ခင်နွေ။ ခင်နွေ့ကို ဆေးကုဖို့ဆိုတာ သူ၏ အကြီးမားဆုံးသော မျှော်လင့်ချက်။

ခင်နွေ့ကို ထာဝရပိုက်တွေး မြတ်နိုးဖို့ဆိုတာ သူ၏ အကြီးမားဆုံးသော မျှော်လင့်ချက်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ မရှိ၍မဖြစ်။ နောက်ဆုံး ဤနေရာ၌ ခင်နွေ မရှိလျှင် အဘယ်အရပ်၌ ခင်နွေ ရှိနေသည်ဆိုတာကိုတော့ အ… သိရမှဖြစ်မည်။

ရင်ထဲတွင် ဖြေမရ နေမရအောင် ဟာကျန်နေသည်။

ခြေလှမ်းကျဲကြီးနှင့် သူ သီရိငြိမ်သို့ ပြန်ခဲ့သည်။ ဒေါ်ဒေါ်မိကိုမေးလျှင်တော့ အဖြစ်သနစ်ကိုသိရမည်။ ဟုတ်သည်။ ဒေါ်ဒေါ်မိထံ အမြန်သွားမေးရမည်။

"ဒေါ်ဒေါ်မိ"

ထမင်းအိုးငှဲ့နေသော ဒေါ်မိအားတွင် သူ မျက်… ပျက်ပျက်နှင့်ထိုင်ချခါတော့ ဒေါ်မိ သူ့ကို ခေါင်းငဲ့ကြည့်သည်။

ဒေါ်မိ မျက်နှာကိုကြည့်ရတာ သီရိငြိမ်မှာ အ… ထူးထူးခြားခြားဖြစ်တာမရှိသည့်ပုံ။

ဒါပေမဲ့ ခက်သည်က ခင်နွေက ပျောက်နေသည်…

"ဒေါ်ဒေါ်မိ ခင်နွေရော ..."

သူ စိတ်ပူပင်စွာမေးတော့ ဒေါ်မိ သူ့ကိုကြည့်သည်… နောက် ထမင်းအိုးအဖုံးကိုဖွင့်၊ သစ်သားယောက်မကြီးနှင့် ထ… အောက်မွှေပြီးမှ ထမင်းအိုးကို မီးခဲဖြင့် နှပ်သည်။ သူ စိတ်မ… နိုင်။

"ပြောပါ ဒေါ်ဒေါ်မိရ၊ ခင်နွေရောလို့ ..."

ဒေါ်မိ ပြုံးလိုက်တာမြင်တော့ သူ့ရင်ထဲ အနည်း… အေးသွားရသည်။

ဒေါ်မိက ခင်နွေ့ကို ချစ်သည်ပဲလေ။ ခင်နွေ … လျှင် ဤသို့ ပြုံးနိုင်မှာမဟုတ်။



"ရှိပါတော် ... ရှိပါ"

သူ မျက်နှာကြီးပြုံးသွားရသည်။ ခင်နွေ ရှိနေသည်ဆို …သည့်အဖြေက သူ့ရင်ကို ချက်ချင်း ငြိမ်းအေးသွားစေသည်လေ။

ဒါပေမဲ့ ခင်နွေ သူ့ကို ဘာကြောင့် အကျော်ပင် …အောက်မှာ မစောင့်ရပါလိမ့်။

"ရှိတယ်ဆိုရင် ဘယ်မှာလဲဗျ"

ဒေါ်မိ အပေါ်ထပ်သို့ လက်ညှိုးထိုးပြသည်။

"အပေါ်ထပ်မှာ ပိုင့်မေမေ အခန်းမှာ၊ နှိပ်ပေးနေတယ်၊ နှိပ်နေတာမှ ကြာလှပေါ့ အိမ်ပေါ်ထပ်ထိ ခင်လေးအခန်း အရောက် ဒေါ်မိကိုယ်တိုင် တွဲပို့ပေးခဲ့ရပါတယ်တော်"

သူ့မျက်နှာတွင် အုံ့ညှိုရိပ်ထင်၏။

ခင်နွေ့ကို မျက်စိမမြင်သူအဖြစ် မေမေ နှိမ်ချကြည့် …ချက် ဆက်ဆက်ဆံဆံပင် လုပ်ခဲ့တာမဟုတ်၊ သီရိငြိမ်သို့လည်း …ခေါက်သော်မျှ ဝင်ဖို့ ပြောခဲ့ခွင့်ပြုတာမဟုတ်။

"ဘာလုပ်ဖို့ခေါ်တယ် ပြောပါဦး"

သူ စောစောက ဒေါ်မိပြောတာကို လုံးထွေးနေသလို …ားနေရလျက် ထပ်မေးမိသည်။

"ခင်လေးက ခေါင်းကိုက်တယ်လေ၊ အဲဒါ ခင်နွေ အနှိပ် ကောင်းတယ်ဆိုတာ သိလို့ ခေါ်နှိပ်ခိုင်းတာ"

သူ့ရင်ထဲ၌ မကောင်းနိုင်။ အစေအပါးပမာ ခင်နွေ့ …ကို ဆက်ဆံတာပါလားဆိုတာကို နားလည်၏။ တကယ်တော့ ခင်နွေသည် ဤအိမ်ကြီး၏ အစေအပါးမဟုတ်။ အဘဦးဘညွန့်က ဤသီရိငြိမ်၏ ဥယျာဉ်မှူး။ အဘ၏သမီးအဖြစ် လာနေရသည့်

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေသည် အစေအပါးအဖြစ် လခယူလျက် သီရိငြိမ်မှာ ရှိနေသူ မဟုတ်ချေဘဲ။

ဒါပေမဲ့ အနှိပ်ခံသူက သူ့မေမေ ဖြစ်နေသည် မေမေ့ဝေဒနာကို သက်သာဖို့အတွက် ခင်နွေက နှိပ်ပေးနေရသည် လေ။ ဤအတွက် သူ စိတ်ထဲ ငြိုငြင်၍မသင့်။ ဖြစ်လည်းမဖြစ် သင့်။

ဒါပေမဲ့ သူ သိသည်လေ။ အစေအပါးပမာ ခင်နွေ့ကို မေမေ သဘောထားသည်ဆိုတာကို သိသည်။ ဤ ရှိနေတာကို သူ့ရင်ထဲမှာ မချိ။

ဤသည်က ခင်နွေ့ကို သူ အရမ်းမြတ်နိုးသော အ စိတ်ကြောင့်ပင်ထင်သည်။

သူ အပေါ်ထပ်သို့ ခြေသံဖွ၍ တက်ခဲ့သည်။

မေမေ အခန်းတံခါး ခန်းဆီးစကို အသာလေး ၍ သူ ချောင်းကြည့်သည်။

မေမေက အိပ်ရာထက်တွင် လှဲနေ၏။ မေမေ့ တွေ ခြေထောက်တွေကို ခင်နွေ စုန်ဆန်နှိပ်ပေးနေတာကို မြင် သည်။

မေမေ့ချွေးမလေးအဖြစ် ခင်နွေ ရှိနေတာ ဤ မေမေ့ကို ခင်နွေ ပြုစုနေရတာကို မြင်လျှင် သူ ကြည်နူးမိမည် အမှန်။

ယခုကျတော့ အစေအပါးလေးပမာ ညှိုးငယ် ငယ်စွာ နှိပ်ပေးနေတာကိုမြင်ရတော့ ရင်ထဲတွင် ခင်နွေ့ သနားနေမိရသည်။



ခုတင်ထက်မှာ ခင်နွေ ရှိနေတာမဟုတ်။ ခုတင်ထက် မှာရှိနေသည့် မေမေ့ကို ခုတင်ဘေးတွင် ကြမ်းပြင်ပေါ် ဒူးလေး ထောက်လျက် ခုတင်စွန်းတွင် မှေးမှိကာ မေမေ့ကို ကြမ်းပြင်မှနေ ၍ နှိပ်နယ်ပေးနေရခြင်း၊ တကယ့် အစေအပါးအသွင်လေး။

ဒေါ်မိ စောစောက ပြောသည့်အထဲတွင်ပါသည့် ...

"ပိုင့်မေမေ အခန်းမှာ နှိပ်ပေးနေတယ်၊ နှိပ်နေတာမှ ကြာ လှပေါ့"

ဆိုသော စကားကို ပြန်အမှတ်ရလျက် ခင်နွေလေး ညည်းမှုကြာအောင် ယခုလို ဒူးလေးထောက်ကာ နှိပ်ပေးနေရရှာ ချေမည်လဲဟု တွေးမိလျက် ရင်ထဲမှာ ထိနိုက်ရသည်။

သနားထိနိုက်ရသမျှ သူ မြင်ကွင်းကို ဆက်မကြည့် ရက်သလိုဖြစ်လာ၏။

မျက်နှာတွင် ချွေးစလေးများ စို့နေသော ခင်နွေ့ မျက်နှာလေးကို တစ်ချက်ကြည့်မိပြီးသည့်နောက် သူ တိတ်ဆိတ် စွာ ခြေသံမကြားအောင်နေရာမှ လှည့်ထွက်ခဲ့၏။

သူ ချောင်းကြည့်ရာ တံခါးခန်းဆီးဘက်ကို မေမေ ကျောပေးထားတာမို့ သူ့ကို မေမေ မမြင်။ ခန်းဆီးစလေးကို ဘေးသို့ အနည်းငယ်လေးသာဟ၍ ချောင်းကြည့်တာမို့လည်း တံခါးဘက် မေမေ မျက်နှာမူနေလျှင်သော်မှ သူ့ကို မြင်နိုင်မည် မဟုတ်။

သူ လှေကားထစ်တွေအတိုင်း ခြေလှမ်းနှေးနှေးဖြင့် စိတ်နင်းလျှောက်လာကာ သူ့အခန်းထဲဝင်၍ အိပ်ရာထက် ပစ်လှဲ လိုက်ရင်း ခင်နွေ့မျက်နှာလေးကိုသာ တဝဲဝဲမြင်ယောင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ခင်နွေ့ကို ချစ်မြတ်နိုးနေသည့်အဖြစ်ကို တစ်နေ့ မေမေ့ကို ဖွင့်ပြောရချေမည်။ ထိုနေ့သည် ခင်နွေ့မျက်စိ ပြန်မြင်ပြီးသည့်အချိန်ဖြစ်မည်။ ထိုသို့ ယခင်က သူတွေးခဲ့ဖူးသည်။ သို့သော် သူ တိတိပပ နားလည်လာသည်။ ခင်နွေနှင့် သအေး တူမည်မဟုတ်။

ခင်နွေနှင့် သူ တရင်းတနှီးရှိနေတာကိုလည်း မေမေ မသိနိုင်ခြင်းမှာ မေမေ့ပွဲစားအလုပ်ကိစ္စနှင့် နေ့စဉ် မနက်အိမ်မှ ထွက် ညနေစောင်းမှ ပြန်ရောက်လာနေရသည့် အခြေအနေမို့သာ ပြီးတော့ မေမေရှိနေချိန်ဆိုလျှင် သူကလည်း အကဝင်းပါးမှာ ခင်နွေ့ထံ မသွားသေးဘဲနေခဲ့သည်လေ။

မေမေ့အတွေးထဲမှာလည်း သူ့လိုသားတစ်ယောက်က ခင်နွေ့လို မျက်စိမမြင်သူလေးအပေါ် မေတ္တာစိတ်တွေကဲ၍ ချစ်မြတ်နိုးနေချေမည်ဟုလည်း စိုးစဉ်းမျှ မထင်တာကြောင့်လည်း ဖြစ်ချေမည်။

အဘယ်ယောကျ်ားသည် မျက်စိမမြင်သော မိန်းက လေးတစ်ယောက်ကို လက်ထပ်ယူဖို့အထိ စွန့်စားစွာ ဆုံးဖြတ်ခဲ့ ပါမည်လဲလေ။

ဒါပေမဲ့ ထိုယောကျ်ားမျိုးထဲမှာ သူ မပါတာ မေမေ ဘယ်သိမည်လဲလေ။

"ခင်နွေ ... မင်းကို ပိုင် အမြဲ ချစ်နေမှာပါ၊ ခင်နွေ့မျက်စိတွေ ပြန်မြင်လာအောင် ပိုင် ကုပေးမယ်၊ အကယ်၍များ မပြောကောင်းမဆိုကောင်း ခင်နွေ ကံမကောင်းလို့ ဘဝ ပေးအကျိုးမကောင်းလို့ ကုသပေမယ့် မျက်စိမမြင်ရင်လဲ



ခင်နွေ့ကို ပိုင် လက်ထပ်မှာပါပဲ၊ ပိုင် ပညာဆုံးခန်းတိုင်တဲ့အထိ ပိုင့်လစာရတဲ့အထိ ခင်နွေ့ကို ဒီလိုထားနေရတာ ပိုင် အရမ်းစိတ်မကောင်းဖြစ်နေရပါတယ် နွေလေးရယ်"

သို့ အိပ်ရာထက်တွင် ဘယ်ညာလိမ့်ပတ်လိုက်ရင်း ရင်ထဲမှာ ခင်နွေ့ကို သနားနေမိရတာတွေကို ခံစားနေရသည်။

သူ စိတ်ထဲနေထိုင်မရ။ ခင်နွေ့ကို သနားနေမိစိတ်ဖြင့် ထ,ထိုင်မိကာ မြက်ခင်းလေးရှိရာသို့ သွားမိသည်။

ဤနေ့တွင် မေမေ ခေါင်းတွေကိုက်၍ အိမ်ကို နေ့လယ်ဘက် စောပြန်လာတာဖြစ်မည်။ မေမေ့ကို အခန်းထဲဝင်မတွေ့ဖြစ်ခဲ့တာက မေမေ့ရှေ့မှာ ခင်နွေနှင့် တရင်းတနှီးနေ၍ဖြစ်တာမှမဟုတ်ဘဲလေ။ ခင်နွေနှင့် တရင်းတနှီးကြီးပြောဆိုပြနေလျှင် မေမေ့မှာ သံသယတွေ ဖြစ်တည်လာနိုင်သည်။ ဤသို့ ဖြစ်လာပါက ရှေ့အလားအလာမကောင်းနိုင်။ ခင်နွေတို့သားအဖလည်း သီရိခြံမှာ ဆက်မရှိနိုင်တော့။ မေမေ့အခန်းထဲဝင်ပြီးမှ ခင်နွေ့ကို မသိကျိုးကျွန်ဖြင့် ခပ်မှန်မှန်ဆက်ဆံပြန်လျှင်လည်း စိတ်အားငယ်တတ်သည့် ခင်နွေ့စိတ်ထဲမှာ တစ်မျိုးဖြစ်ရာချေမည်ဆိုတာ သူ နားလည်၏။

ဒါကြောင့် သူ အခန်းထဲမဝင်ဖြစ်တော့။

မြက်ခင်းတွင် ထိုင်မိကာ အကျော်ပွင့်ကြွေလေးတွေကို ကောက်၍ မြက်ပင်ရှည်၏ ရိုးတံဖြင့် ပန်းလေးကို ကောက်သီနေမိသည်။

ပန်းကုံးလေးတွေကို သီရင်း သူ အချိန်ကိုကုန်လွန်စေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဘကို ပန်းမျိုးစေ့တွေ ဝယ်ထည့်လာသည့် ပလ[...]စတစ်ခြင်းပြာလေးနှင့် ခြံဝင်းတံခါးဆီမှ ဝင်လာတာကိုမြင်[...] စောစောပိုင်းက သူ စိတ်ပူကြီးမိပုံကို သတိတရဖြစ်မိရပြန်သည်။

ခင်နွေ့ အိမ်လေးကို လှမ်းမြင်နိုင်သည့် တမာရိပ်[...] ဆီသို့ သူ လျှောက်ခဲ့သည်။

သူ့လက်ထဲမှာ အကျော်ပွင့်များကို သီထားသည့် ပန်းကုံးလေးနှစ်ကုံး ပါလာ၏။

ခင်နွေ့ကို ဒေါ်မိ တွဲခေါ်လျက် သီရိဂြိမ်မှ ပြန်[...]တာကို သူ လှမ်းမြင်ရ၏။

ခင်နွေ့လက်ထဲမှာ ကိုင်နေကျဝါးတောင်ဝှေး[...] ပါလာသည်။

ခင်နွေ့ အိမ်လေးအနီးရောက်တော့ ခင်နွေ့ဘာသာ[...] ဆက်လျှောက်မည်ဟု ဒေါ်မိကိုပြောဟန်တူ၏။ ဒေါ်မိက တွဲထား[...]သည့်လက်ကို ခင်နွေ့ပခုံးလေးပေါ်မှ ဖယ်လိုက်တာကို သူ လှ[...] မြင်နေရသည်။

ခင်နွေ့ အိမ်လေးပေါ်သို့ တက်သွားပြီး ခဏတွင်[...] ဒေါ်မိ ပြန်သွားတာမြင်၏။

ညနေစာစားဖို့ကိစ္စ ထမင်းပွဲပြင်ဖို့ ဒေါ်မိမှာ အလု[...] ရှိနေသည်လေ။

သူ အိမ်လေးရှိရာသို့ လျှောက်ခဲ့၏။ အဘကတော့[...] ဥယျာဉ်လေးထဲမှာပဲ ရှိနေဆဲ။

ခင်နွေ့ကို ညှော်ခန်းနံရံလေးကို မှီလျက် ထိုင်နေတာ[...] သူ မြင်သည်။



လှေကားထစ်တွေအတိုင်း ခြေသံကို မကြားရအောင် သူ နင်းတက်ခဲ့တာမို့ သူရောက်နေတာကို ခင်နွေ့ မသိ။

လက်ချောင်းလေးတွေကို ခင်နွေ့ နှိပ်နယ်နေတာ[...]တော့ အတော်လေး ညောင်းနေရှာမည်ဆိုတာ သူ နားလည်[...]က် သနားမိရပြန်သည်။

သူ ညှော်ခန်းလေးထဲ ဝင်သည်။ ခြေသံနည်းနည်း[...]း မြည်သွားတော့ ခင်နွေ့ ခေါင်းလေးမော့လာသည်။

“အစ်ကိုပိုင်လား ဟင်”

သူ ခင်နွေ့ဘေးတွင် တိတ်ဆိတ်စွာ ဝင်ထိုင်သည်။ ခင်နွေ့လက်လေးကို အသာအယာ ဆုပ်ကိုင်လိုက်ရင်း လက်ချောင်းလေးများကို ဖွဖွညင်ညင်နှိပ်နယ်ပေးမိသည်။

“ညောင်းနေလားဟင်”

သူ ဖွဖွမေးတော့ ခင်နွေ့ ပြုံးသည်။

“ဟင့်အင်း ... မညောင်းပါဘူး အစ်ကိုပိုင်၊ ခင်နွေ့လေ ဒီနေ့ သိပ်ပျော်တာပဲသိလား၊ အန်တီဒေါ်ခင်လေးမြတ်ကို ခင်နွေ့ နှိပ်ပေးရလို့လေ၊ အန်တီက ခင်နွေ့ကျေးဇူးရှင်လေ၊ အန်တီကိုယ်တိုင်က ခင်နွေ့ကို လိုလိုလားလားနှိပ်ခိုင်းခဲ့တာ သိလား”

ကြမ်းပြင်တွင် ဒူးလေးထောက်၍ မေမေ့ကိုနှိပ်ပေးခဲ့သည့်အဆင့်ဖြင့်ပင် ခင်နွေ့ အရမ်းဝမ်းသာနေရှာတာကို မျက်တောင်မခတ် ငေးစိုက်ကြည့်လျက် ရင်ထဲမှာ ထိခိုက်ခံစားနေရတာ ခင်နွေ့ ဘယ်လို သိနိုင်ပါမည်လဲလေ။

www.burmeseclassic.com

www.burmeseclassic.com



ပီတိအဟုန်ဖြင့် ကြည်နူးစွာပြောနေပုံလေးကို ကြည့်နေရင်း သူ့ရင်ထဲမှာ နင့်နင့်နဲနဲ ထိခိုက်ခံစားနေရမိရတာတွေကိုလည်း ခင်နွေ သိနိုင်ရှာမည်မဟုတ်။

မေမေ့ကို အန်တီဟု ခေါ်မှကြိုက်သည်ဟု ခင်နွေ့ကို မေမေ ပထမဆုံး စတွေ့သည့်နေ့ကတည်းက ပြောခဲ့ပြီးသည့်နောက် မေမေ့ကို အန်တီဟုပင် ခင်နွေ ခေါ်ခဲ့သည်။

"အစ်ကိုပိုင်တို့အိမ်ကြီးက အရမ်းကြီးကျယ်မှာနော်၊ ခင်နွေဖြင့် ဒေါ်လေးမိ တွဲခေါ်တဲ့နောက်ကို လိုက်ခဲ့ရတာ မေးကြည့်တော့လေ အကျယ်ကြီးပေါ့အေလို့ ဒေါ်လေးမိက ဖြေတာသိလား၊ ပစ္စည်းတွေကလဲ အများကြီးတဲ့၊ အဲဒါ မတိုက်မိအောင် ဒေါ်လေးမိ တွဲခေါ်တဲ့အတိုင်းလိုက်ဆိုလို့ လိုက်သွားရတာ လှေကားကြီးကလဲ အထစ်တွေ အများကြီးပဲနော်"

အပေါ်ထပ်တက်သည့် လှေကားထစ်များတာကအစ ခင်နွေ ကလေးလေးလို ပြောနေသမျှ သူ ငြိမ်၍သာ နားထောင်သည်။ တစ်ချိန်လုံးလည်း ခင်နွေ့မျက်နှာလေးကို မျက်တောင်မခတ်ငေးစိုက်ကြည့်နေမိသည်။ ရင်ထဲတွင် ခင်နွေ့ကိုချစ်ရသည့်အချစ်မျှတွေ ထုထည်အင်အား ကြီးမားစွာဖြင့် ပြည့်လျှံလွှမ်းမကာ ရှိနေကြရပါပြီ။

ခင်နွေ့လက်လေးကို သူ ဖွဖွညင်ညင်ဆုပ်ပေးနေဆဲ။ လက်ဖရောင်းလေးများက နည်းကျလွန်းလှသည်မှာ အမှန်။

"အစ်ပိုင့်ကို ဒီနေ့ အကျော်ပင်အောက်မှာ မစောင့် လိုက်ရဘူးနော်၊ အစ်ကိုပိုင် အဲဒီကိုသွားသေးလားဟင်"



သူ ဘာမျှ ပြန်မဖြေ။ ခင်နွေ့လက်ဖဝါးကို သူ အသာအယာ ဆုပ်ကိုင်ထားမိသည်။

"ခင်နွေရယ်"

ခပ်ညည်းညည်း သူ ခေါ်လိုက်မိသည်မှအပ ဘာမျှ ဆက်မပြောမိ။

ပြောမိလျှင်လည်း ရင်ထဲက ချစ်မြတ်နိုးရမှုတွေ ရှင့်အန်ကျလာတော့မှာ သူ သိနေသည်။ ဤအချိန်တွင် သူ မပြောသင့်။ ပြောရန် အချိန်မသင့်သေး။ သူ့ဘဝသူ့ခြေမှာ ရပ်တည်နိုင်သည့်အခြေမဟုတ်သေး။ ပညာရေး ဆုံးခန်းမတိုင်သေး။ မိဘ၏အရိပ်ကို မှီခိုနေရဆဲ။ မေမေ လက်မခံနိုင်မည့်ကိစ္စကို ဆောလောဆယ် လုပ်နိုင်မည့်အခြေအနေလည်း မရှိ။ အရေးအကြီးဆုံးက ခင်နွေ့ကို ဆေးဝါးကုသပေးနိုင်ဖို့ သူ့မှာ အလုပ်အကိုင်ဆိုတာရှိနေရမည်။ ထိုအချိန်သို့တိုင်အောင် သူ့ရင်ထဲမှ မေတ္တာကို သိုဝှက်ထားရဦးမည်သာ။

ခင်နွေ့ကို သူ ပန်းကုံးလေးတစ်ကုံးဖြင့် နေ့စဉ်ပန်ပေးနေကျအတိုင်း ကေသာမျှင် မိုးချည်နွယ်လေးများမှာ ပန်ဆင်ပေးသည်။

"ပိုင် ပြန်တော့မယ် ခင်နွေ"

ဆံနွယ်လေးများကို သူ အသာအယာ သပ်တင်ပေးမိချက် မြတ်နိုးစွာ သူ ပြောမိသည်။ သူ့အသံက အရမ်းကြီးညင်းလျက် ကြင်နာမှုများက သိသာစွာစွက်လျက် ပါဝင်နေတာ သူ အလိုလိုသိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တယုတယ ဖွဖွညင်ညင် ခင်နွေ့ခေါင်းလေးကို သူ သပ်ပေးသူခိုက် သူ့မျက်ဝန်းဝယ် မျက်ရည်စတို့ ခိုဝဲနေကြပြီ။

သနားလိုက်တာ ခင်နွေလေးရယ် ... ဟု ရင်ထဲမှာ ခံခံစားစားကြီး အထပ်ထပ် ရိုက်ခတ်မြည်နေရသမျှ သူ တစ်ယောက်သာ သိစေတော့။

ဪ ... သိစေဦးတော့ ခင်နွေရယ်။

သူ အသာထ,ရပ်ကာ အိမ်လေးပေါ်မှ ဆင်းခဲ့ပါလေ၏။

ခင်နွေ့ကို အဘယ်မျှထိ လေးနက်နက်ရှိုင်းစွာချစ်နေမိသည်ကို ကြာလေသိလာရလေပါ။

ခင်နွေသည် သူနှင့် ဘယ်လိုမှ ခွဲခွာ၍မရနိုင်သော ဝိညာဉ်အဖြစ် သူ့ရင်တွင်ရှိနေပြီ။ တစ်နည်းဆိုရလျှင် သူ၏ အသက်အဖြစ် ရှိနေပြီ။ ခင်နွေ မရှိဘဲနှင့် ဘယ်လိုမှ သူ့ဘဝသည် ရပ်တည်နိုင်စွမ်းမည်မဟုတ်။

ငြိမ်းအေးနိုင်ချေမည်မဟုတ်။

❀ ✱ ❀



## ❀ ၁၅ ❀

ဝေါခနဲ ပြိုင်စက်ဘီးထိုးရပ်လိုက်သံကို ကြားလိုက်ရပြီးသည့်နောက် အစ်ကိုနိုင်သန့်အသံကို ခင်နွေ ကြားရသည်။ ထုံးစံအတိုင်း လှောင်ထေ့ထေ့လေသံမျိုး။

"ဟ ... ဘုရားပန်းတွေ ဘာတွေ လဲလို့ပါလား"

အိမ်ရှေ့ဝရန်တာလေးမှာ စားပွဲဝိုင်းလေးချ၍ ရေပုံးလေးတစ်ပုံးစားပွဲဘေးမှာ အရန်သင့်ထားကာ ဘုရားပန်းလဲဖို့ ခင်နွေ လုပ်နေခြင်းပါ။

မနက်စောစော ဘုရားပန်းအိုးတွေ သေချာဆေးပြီး ရေပုံးလေးတစ်ပုံးကို အိမ်ရှေ့ဝရန်တာလေးဆီသို့ နောက်ဖေးထုတ်တန်းမှ ခင်နွေ ခပ်လာခဲ့သည်လေ။

အဘ ဈေးကဝယ်လာသည့် သဇြေပန်းတွေနှင့် ခြံထဲမှ အဘ ခူးလာပေးသည့် ဟော်လန်သစ္စာတွေကို စားပွဲဝိုင်းလေးပေါ် အလိုက်သင့် ခင်နွေ တင်ထားသည်။ စက်ဘီးခေါက်ထောက်လိုက်သံကို ကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း လှေကားသုံးထစ်ကို အသံမြည်အောင် နင်း၍ နိုင်သန့် တက်လာသည်။ ခင်နွေ့အားမှာ ထိုင်လိုက်တာကိုလည်း ခင်နွေ သိ၏။

ဘုရားပန်းအိုးလေးအိုးထဲသို့ ရေပုံးထဲမှ ရေဖလားလေးဖြင့် ရေကိုခပ်လောင်း၍ ခင်နွေထည့်သည်။ လုပ်နေကျမို့ ခင်နွေ လုပ်တာကိုင်တာက စပ်တပါးပါးဖြစ်မနေ။

"အစ်ကိုနိုင် ကျောင်းမသွားဘူးလားဟင်"

ခင်နွေမေးတော့ နိုင်သန့် ရယ်သည်။

"ဟား ဟား … ညည်းတစ်ယောက်ပဲ မေးဖော်ရတယ် ဖေဖေကလဲ အစောကြီးအလုပ်ကိုသွား၊ မေမေကလဲ အစောကြီး အလုပ်ကိုသွား၊ ပိုင်ကလဲ ကျောင်းကို ဆိုင်ကယ်နဲ့လစ်၊ ငါကလဲ ငါ့ကျောင်းကို ဆိုင်ကယ်နဲ့လစ်၊ ဟုတ်လို့ ဒီနေ့ ငါကျောင်းမတက်တာ ဖေဖေရော မေမေရော မသိလိုက်နိုင်ကြဘူးလေ"

တကယ်က နိုင်သန့် ဤနေ့ အတန်းမတက်တာက မေ၏ မွေးနေ့ပွဲသို့သွားရမည့်အတွက်ပါ။

မေ့မွေးနေ့က မနက်ဆယ်နာရီလောက်မှာမှ စမည်လေ။ ဒါကြောင့် အတန်းတက်ဖို့ကိစ္စကို ဖျက်ပစ်လိုက်သည်။ မေ့မွေးနေ့ကိုတော့ မသွား၍မဖြစ်။

မေဆိုတာ နိုင်သန့်နှင့် တွဲနေသည့် သူငယ်ချင်း ပြီးတော့ တရင်းတနှီးရှိသည့် သူငယ်ချင်း။ ချစ်သူတွေဟု၍ပင် အတန်းဖော်များက၍ မှတ်ယူနေသည့် သူငယ်ချင်း။ လှလည်းလှသည်မို့ မေ့ကိုတော့ နိုင်သန့် ပို၍ အတွဲများသည်။



"ငါ ဒီနေ့ပျင်းလို့ ကျောင်းမတက်တော့တာဟ"

ပြောပြီး နိုင်သန့် ရယ်နေသည်။

ပဌမနှစ် ဥပဒေကျောင်းသားကြီး ဖြစ်နေသည့်တိုင် နိုင်သန့်ထံမှာ လှောင်ထေ့ထေ့ရယ်သံက ရှိနေတတ်ဆဲ။

ပြီးတော့ ခင်နွေ ဘုရားပန်းအိုးပြင်နေတာကို ကြည့်နေမိ၏။

"အစ်ကိုနိုင်ကလဲ ကျောင်းတက်မပျင်းနဲ့ပေါ့၊ ခင်နွေဆို ကျောင်းသိပ်နေချင်တာ၊ ကံမကောင်းလို့ ကျောင်းကိုဆက်မနေခဲ့ရတာ၊ အစ်ကိုနိုင်တို့က မျက်စိလဲမြင့်တယ်၊ ပိုက်ဆံလဲရှိတယ်၊ ပညာကို ကြိုက်သလောက်သင်နိုင်တဲ့ဥစ္စာ"

ဆုံးဆုံးမမလေးပြောနေသည့် ခင်နွေ့မျက်နှာကို ပြုံးထေ့ထေ့ဖြင့် နိုင်သန့်ကြည့်သည်။ ခုလို ဆုံးဆုံးမမ အပြောခံနေရတာကိုလည်း ရင်ထဲမှာ ထူးဆန်းနေသည်။

နိုင်သန့် တွဲနေသည့် မိန်းကလေးသူငယ်ချင်းတွေကသည်း အစစ နိုင်သန့်စိတ်ကြိုက်ပဲ ခေါင်းညိတ်ထောက်ခံတတ်ကြတာ။ နိုင်သန့်ပေးသည့် လက်ဆောင်တွေကို မငြင်းတမ်းယူလျက် နိုင်သန့်ပြောသမျှကို ထောက်ခံနေတတ်ကြတာ။

ယောက်ျားလေး သူငယ်ချင်းတွေကျတော့လည်း နိုင်သန့်နှင့်အတူ လက်ဖက်ရည်ဆိုင်ထိုင်လျက်၊ စားလိုက် သောက်လိုက်နှင့် ဆိုင်ကယ်ကိုယ်စီနှင့် လည်ပတ်မကုန်နိုင်အောင် ကျက်စားလက်ညီရှိနေတတ်ကြတာ။ မေမေကတော့ ပိုက်ဆံလိုသလောက်ကို ထုတ်ပေးနေတတ်သည်ပါပဲ။

www.burmeseclassic.com



ဖေဖေတစ်ယောက်ပဲ စာကျက်ကွဟု ညညတွေမှာ လာလာပြောတတ်တာ တစ်ခုပဲရှိသည်။

ဗိုင်သန့်တစ်ယောက်သာ တကုပ်ကုပ်နှင့် စာကို အရမ်းကြိုးစားတာ နိုင်သန့် မြင်၏။ ဗိုင်သန့်ပုံက စာမေးပွဲကို တစ်နှစ်မှ အကျမခံနိုင်သည့်ပုံ။

"ညည်းပဲ ငါ့ကို ဆုံးဆုံးမမရှိနေတာ ခင်နွေရ၊ အိမ်မှာ တော့ ငါသဘောပဲ၊ စာမေးပွဲကလဲ အောင်နေတာပါပဲဟ"

ခင်နွေ၏လက်လေးတွေကို နိုင်သန့် လိုက်ကြည့်ရင်း ပြောသည်။ သပြေခက်တွေကို ဘုရားပန်းအိုးမှာ ထိုးလိုက်တာ။

ဟော်လန်သစ္စာပွင့်တွေကို ဖွဖွလက်ဖြင့် စမ်းကြည့်ပြီး ပန်းအိုးထိုးတာတွေကို နိုင်သန့် တိတ်ဆိတ်စွာကြည့်နေမိသည်။

ဘုရားပန်းအိုးတွေက သပြေခက်တွေနှင့်ဟော်လန်သစ္စာသုံးခက်စီဖြင့် လှလှပပလေး ဖြစ်သွားသည်။ ဟော်လန်သစ္စာတွေက ပန်းအိုးမျက်နှာစာဘက်မှာ အပွင့်မြိုင်မြိုင်ဖြင့် ရှိနေ၏။

"အလို့ ... ဘယ်ဆိုးလို့လဲဟ"

နိုင်သန့် နှုတ်မှ ချီးကျူးသည်။

"ခင်နွေက ဗုဒ္ဓဘာသာမိန်းကလေးလေ ဘုရားပန်းကပ်တာ ဆွမ်းတော်ကပ်တာ၊ သောက်တော်ရေလဲတာ လုပ်တတ်အောင် ကြိုးစားရမှာပေါ့"

ခင်နွေ ပြောပြီး ဘုရားပန်းအိုးတွေကို တစ်အိုးချင်း အခေါက်ခေါက်ယူကာ ဘုရားစင်တွင် ဘုရားပန်းပူဇော်သည်။

ဘုရားသောက်တော်ရေ ဖန်ခွက်လေးများမှာ ကြည်စင်နေ၏။



ဆွမ်းတော်ကပ်ထားတာကိုလည်း တွေ့ရသည်။

နိုင်သန့် ရင်ထဲ အေးကြည်သွားသယောင်ပါ။

ခင်နွေ ဘုရားပန်းကပ်ပြီး ဘုရားစင်ရှေ့တွင် ကျုံ့ကျုံ့ထိုင်လိုက်ကာ ဘုရားရှင်ကို ဖျပ်စပ်စွာ ဦးချတာကိုလည်း ငေးစိုက်ကြည့်နေမိသည်။

ရင်ထဲတွင် အေးမြခြင်းကို ခံစားလိုက်ရ၏။ ဟုတ်သည်။ အေးမြချမ်းငြိမ်းခြင်း။

ခင်နွေ၏အိမ်မှ ဘုရားစင်သည် သန့်ရှင်းစင်ကြယ်လျက် ပန်း ဆီမီးဖြင့် သပ္ပာယ်လှသည်မှာ အမှန်။

ခင်နွေ လုပ်ကိုင်သွားပုံလေးမှာ သေသပ်ညင်သာလွန်းလှသည်မို့ ခင်နွေ့ကို မျက်မမြင်လေးဟုပင် မထင်နိုင်စရာပါ။

နိုင်သန့် ရင်ထဲ ခင်နွေ့ကို အထင်တကြီးဖြစ်လာမိရပါပြီ။

မျက်စိမမြင်ပါဘဲလျက် ဘုရားပန်းကပ်၊ ဆွမ်းတော်တင်၊ သောက်တော်ရေလဲ အစရှိသည်ဖြင့် လိမ္မာယဉ်ကျေးသော မိန်းကလေး။

ခင်နွေ လုပ်ကိုင်နေပုံလေးကို လိုက်ကြည့်နေရသည်ကိုက ရင်ထဲမှာ ငြိမ်းအေးနေသည်သို့ ခံစားရသည်။

ခင်နွေ့မျက်နှာလေးကို နိုင်သန့် ခပ်စိုက်စိုက်ကြည့်မိပါ၏။

သနပ်ခါးရေကျဲလေးကို လူထားသည့် ခင်နွေ့မျက်နှာလေးထက်မှ အချို့နေရာ၌ မညီတညီရှိနေ၏။ သနပ်ခါးစင်း

www.burmeseclassic.com



ကြောင်းလေးတွေက ထူချင်သည့်နေရာလေးမှာ ထူချင်နေသည်။ ဒါပေမဲ့ ဝင်းမွန်နုညက်သော အသားလေးက လှပနေသည်ပါပဲ။

ဆံကျစ်ရှည်ကြီးကို ကျစ်ချထားကာ အဖျားကို ထုံးထားသည့်တောင်မှ ဒူးဆစ်တိုင်အောင် ရှိနေသေးသည့် နက်မှောင်သောကေသာမျှင်။

မေတို့နှင့် ဆက်ဆံရသည့်အချိန်များမှာ ရင်ခုန်လှုပ်ရှားရသည့် ဝေဒနာမျိုးနှင့် မတူသော ခံစားမှုအသစ်တစ်မျိုးကို နိုင်သန့် ရင်မှာ ခံစားမိရပါပြီ။

ငြိမ်းအေးသောခံစားမှု။

ခင်နွေ့မျက်နှာလေးကို မြင်နေရသည်က ကြာပန်းလေးတစ်ပွင့်ကို မြင်တွေ့ရသည့်အခါ ဖြစ်တည်ရသော ခံစားမှုမျိုးကိုဖြစ်စေသည်။

စိတ်အေးချမ်းစေလျက် ကြည်နူးစေခြင်း။ ဟုတ်သည်။ ဤဝေဒနာကို ဤတစ်ကြိမ်သာ မိန်းကလေးတစ်ယောက်ကို ကြည့်မြင်လျက် နိုင်သန့် ခံစားဖူးလိုက်ရသည်။

ခင်နွေ့မျက်နှာလေး အရမ်းကို တည်ငြိမ်လှပတာကိုလည်း နိုင်သန့် ဂရုမထားဘဲမနေနိုင်။

"ဒီကောင်မလေး မျက်စိသာ မြင်လိုက်ရင် ဘယ်လောက်များ ကောင်းလိုက်မလဲ"

ပထမဆုံးအကြိမ် ခင်နွေ့ကို သီရိမြိုင်မှ သူဆင်းရဲဥယျာဉ်မှူး၏သမီး မျက်မမြင်အဖြစ်သာ စိတ်လက်မဝင်စားဘဲ ရှိခဲ့တာအမှန်။



တလောကမှ ခင်နွေ့ဆိုတာ အလှစားလေးပဲဟု မှတ်မှတ်ထင်ထင်ဖြစ်ခဲ့ဖူးသည်။ ဒါပေမဲ့ ဤနေ့လို ခင်နွေ့ကို ကြည့်ပြီး ရင်ထဲမှာ ငြိမ်းအေးစွာ မခံစားခဲ့စဖူး။

ဟုတ်သည်။ ကောင်မလေး မျက်စိသာမြင်လျှင် ကြိုက်သူတွေ ဝိုင်းဝိုင်းလည်နေမှာဟု တွေးမိ၏။

မျက်စိမမြင်ပါဘဲလျက် မိန်းကလေးပီသပါသည့် ခင်နွေ့၏ လိမ္မာယဉ်ကျေးသော မိန်းကလေးဆန်သော အလှများကို မြင်လိုက်ရသည်မို့ နိုင်သန့် ရင်ထဲမှာ ခင်နွေ့ကို အထင်တကြီးဖြစ်လာရသည်လေ။ သနားလည်းသနားစိတ်ဖြစ်ရသည်။

တိတ်ဆိတ်စွာရှိနေသည့် အစ်ကိုနိုင်သန့်ကို ခင်နွေ့ အံ့သြစိတ်ဖြစ်ရသည်။

ယခင်တုန်းကဆို ခင်နွေ့ကို လှောင်ဖော့ထေ့နှင့် မျက်စိမမြင်တာကို ပြောပြောနေကျပါ။

"အစ်ကိုနိုင် အဘကို လာရှာတာလားဟင်၊ အဘ ခင်နွေ့အတွက် အကျႌထူလေး သွားဝယ်နေတယ်"

ခင်နွေ့မှာ အကျႌထူ အဟောင်းလေးပဲ ရှိတော့တာမို့ အဘ အသစ်တစ်ထည် ထပ်ဝယ်ပေးခြင်းပါ။

နိုင်သန့် ခင်နွေ့ကို ငေးခနဲကြည့်မိပြန်သည်။ ဟုတ်သည်။ ခင်နွေ့ အဝတ်အစားလေးတွေက ဟောင်းနေကြပြီ။

ရင်စေ့အကျႌ စိမ်းနုရောင်လေးမှာ အရောင်ပေါ်မရှိတော့။ ပွင့်ရိုက်ထဘီလေးကလည်း အရောင်ဖျော့နေပြီ။ ဒါပေမဲ့ သန့်ရှင်းဖြူစင်၏။

www.burmeseclassic.com



"ခင်နွေ့အတွက်ကတော့ သစ်တာ၊ ယောင်းတာ သိပ်အရေးမကြီးပါဘူး အစ်ကိုနိုင်ရယ်၊ ဘယ်အဆင်ဆိုတာလဲ မမြင်ရ ဘာအရောင်ဆိုတာလဲ မသိရ၊ လှတာမလှတာလဲ မမြင်ရတဲ့ ဒီအဝတ်တွေကို ခင်နွေ သစ်တာ၊ ယောင်းတာ စိတ်မဝင်စားတော့ပါဘူး၊ အဘကသာ မနေနိုင်လွန်းလို့ ဝယ်ဝယ်ပေးနေတာ"

နိုင်သန့် ခင်နွေ့အပြောလေးကို နားထောင်ရင်းနှင့်ပင် ခံစားလိုက်ရသည်။

ဪ ... ခင်နွေရယ်။

ဖူးဖူးစင်စင်လေးလှနေသော ခင်နွေ့မျက်နှာလေးကို ကြင်နာစွာ ကြည့်ဖြစ်၏။

"အစ်ကိုနိုင် အဘကို ဘာပြောချင်လို့လဲဟင်"

အဝတ်ခြောက်တွေကို ခင်နွေ ဖျာလေးပေါ်မှာ လက်လေးနှင့်သပ်၍ ခေါက်နေသည်။

လျှော်ဖွပ်ထားသော အဝတ်တွေကို ခင်နွေ မီးပူတိုက်ခွင့် အဘ မပြုခဲ့။

မီးနှင့်ဆိုသည့် အလုပ်ဟူသမျှ သမီးအတွက် စိုးရိမ်စိတ်ဖြင့် အဘ ခွင့်မပြုရှာ။

ဒါကြောင့်လည်း ခင်နွေ အဝတ်တွေကို လက်ဖြင့် သပ်သပ်ရပ်ရပ်ဖြစ်အောင် ခေါက်သည်။ လက်လေးဖြင့် စမ်း၍ ချုပ်ရိုးအနားတွေကို ခင်နွေ စမ်းပြီး သေသပ်စွာ သပ်၍ ခေါက်သည်။



အဘ အဝတ်တွေကို သပ်သပ်ထားကာ ခင်နွေ့ အဝတ်တွေကိုလည်း သပ်သပ်ထားသည်။ ပြီးလျှင် အဝတ်ခေါက်လေးတွေကို အဘ အဝတ်ဆိုလျှင် အဘအိပ်ရာ အိပ်ရာခင်းအောက်မှာ ထားရမည်။

ခင်နွေ့အဝတ်တွေကိုလည်း ခင်နွေ့အိပ်ရာ ကျောပြင်လောက်မှာ အိပ်ရာခင်းမွေ့ရာအောက်မှာ ထားရမည်လေ။

သေသေသပ်သပ် ခေါက်ပြီး အိပ်ရာအောက်ထားသည်မို့ အဝတ်လေးတွေကတော့ အတန်အသင့် ပြန့်ပြန့်ရန့်ရန့် ရှိမည်ဟု ခင်နွေ ထင်သည်။

"ညည်းကိုကြည့်ရတာ ငါ စိတ်ထဲ မကောင်းဘူး ခင်နွေ"

ရင်ထဲမှာ ရှိသည့်အတိုင်း နိုင်သန့် ညင်ညင်သာသာ ပြောမိလိုက်ရသည်။

"ညည်းသာ မျက်စိမြင် ပညာတတ် ချမ်းသာရင်လေ ညည်းဘေးမှာ ခင်ချင်တဲ့လူတွေ၊ သိချင်တဲ့လူတွေ၊ ချစ်တဲ့သူတွေ ဝိုင်းလည်နေကြမှာ"

ဟု ဖွင့်မပြောဖြစ်ဘဲ ရင်ထဲမှာသာ တွေးမိသည်။

"အဘကို ငါ ပန်းခြံထဲကပဲ သွားစောင့်တော့မယ်၊ သစ်ခွတွေ လိုချင်လို့ ခင်နွေရ၊ ငါ့မိတ်ဆွေ မွေးနေ့ပွဲမှာ ရေမွှေးပုလင်းနဲ့ပန်းစည်း လက်ဆောင်ပေးမလို့၊ ဘယ်လိုသစ်ခွက ပိုပြီး တန်ဖိုးကြီး ရှားပါးတယ်ဆိုတာ ငါ နားမလည်ဘူး၊ အဘပဲသိတာ၊ အဲဒါကြောင့် အဘကိုပဲ မေးပြီး သစ်ခွတွေ အနိုင်လိုက်ဖြတ်ခိုင်းမလို့"

www.burmeseclassic.com



လာရင်းကိစ္စကို ယခုမှ နိုင်သန့် ပြောဖြစ်သည်။

ခင်နွေ့အတွက်ကတော့ မထူးဆန်းပါ။ အစ်ကိုနိုင်သန့် အဘကို လာရှာသည့်အခါတိုင်းမှာ ပန်းချီဆိုင်းဖို့ကိစ္စပဲ များတတ်သည်လေ။

အစ်ကိုနိုင့်သူငယ်ချင်း မိန်းကလေးတွေအတွက်ချည်းလည်း ဖြစ်နေတတ်သည်။

နိုင်သန့်မှာ ခင်နွေ့မျက်နှာလေးကို ကြည့်နေမိရာမှ သနပ်ခါးစင်းလေး ထင်နေသည့် ပါးပြင်ထက်မှ သနပ်ခါးကြောင်းလေးကို လက်ဖြင့် ပွတ်ဖျက် ပေးလိုက်ချင်သလို ဖြစ်လာရသည်။

ဒါပေမဲ့ ခင်နွေ့မျက်စိမမြင်တာကို သိနေရသည့် နိုင်သန့်ရင်ထဲမှာ အသီးအတားတစ်ခု ခြားထားသလိုလည်း ဖြစ်နေရပြန်သည်။

နိုင်သန့် ထိုင်ရာမှ ထရပ်လိုက်သည်။ ခင်နွေ့ကို အထင်ကြီးနေစိတ်တွေက ဖျောက်၍မရဘဲ ရင်ထဲမှာ ကပ်ပါလာနေတာကို အံ့ဩစိတ်ဖြင့် သိနေရပြန်သည်။

နိုင်သန့် ခင်မင်သိကျွမ်းရပါသည့် သီတာ၊ မေမော်လီ၊ ခင်ခင်နှင်းနှင့် အခြားအခြားသော မိန်းကလေးမိတ်ဆွေများသည် ချမ်းသာကြပါ၏။ ခေတ်၏ရှေ့ပြေး အပြင်အဆင်များလည်းရှိကြပါ၏။ ဒါပေမဲ့ အစေအပါးများ လုပ်ပေးသမှုကိုသာ ခံယူ၍ အိမ်မှုကိစ္စကို လုံးဝ နားမလည်သည့်သူများသာ ဖြစ်ကြချေသည်။



ထိုမိန်းကလေးတို့၏ အိမ်များကိုလည်း နိုင်သန့်ရောက်ဖူးသည်။ အစေအပါးများကိုသာ ခိုင်းစေတတ်သည့် အဖြစ်ကို နိုင်သန့် မြင်ခဲ့ရမြဲ။

ယခု ခင်နွေ့ကျတော့ ထိုသို့မဟုတ်။ ဘဝကံအကျိုးဆားမကောင်း၍ မမြင်နိုင်သည့်ကြားမှပင် မိန်းကလေးဆန်၏။ မိန်းကလေးပီသ၏။ ယဉ်ကျေးသိမ်မွေ့၏။ ရိုးစင်းသော အပြင်အဆင်၊ နွမ်းပါးသောအဝတ်လေးများဖြင့်ပင် အလှက ထင်းပနေ၏။

နိုင်သန့် သူ့ကိုယ်သူ နားမလည်နိုင်။ အဘယ်ကြောင့် ခင်နွေ့ကို ဆက်၍ ငေးမောကြည့်နေချင်ရပါလိမ့်။

ခင်နွေ့မျက်နှာလေး ပိုပို၍ လှပစွာ နိုင်သန့်အမြင်မှာ စွဲစွဲထင်ထင် ဖြစ်ဖြစ်နေရပါလိမ့်။

"နင် အဝတ်တွေခေါက်နေတာ ငါ ကူပြီးတော့ လုပ်ပေးချင်ပါရဲ့၊ ဒါပေမဲ့ ငါ မလုပ်တတ်ဘူး ခင်နွေ့ ကဲ ... ငါ သွားမယ်၊ အဘကို ခြံထဲကပဲ စောင့်တော့မယ်"

ပြောပြီး နိုင်သန့် လှေကားထစ်တွေပေါ် ထုံးစံအတိုင်း ခြေသံပြင်းပြင်းဖြင့် ပြေးဆင်း၏။

လှေကားထစ်က သုံးထစ်တည်းသာရှိသည်မို့ လှေကားရင်း မြေပြင်လေးထက်မှာ ခြေစုံရပ်မိခိုက် ခင်နွေ့ကို လှည့်ပြန်ကြည့်ချင်စိတ်သည် ရင်၌ ဖြစ်တည်၏။

ကျောင်းတက်ဖို့၊ ကျောင်းမပြေးဖို့၊ စာကြိုးစားဖို့ ပြောပေးသည့် ခင်နွေ့၏ ဆုံးဆုံးမမ စကားလေးတွေကို ပြန်ကြားမိတ်ဖြစ်ရသည်။ ရင်ထဲမှာ ကြည်နူးစွာဖြစ်တည်ခံစားရသည် ... တပ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



လှေကားရင်းရောက်မှ လှေကားလက်ရန်းလေးပေါ် လက်တင်၍ ခင်နွေ့ကို အတန်ကြာ ငေးစိုက်ကြည့်နေပါသည့် နိုင်သန့်အဖြစ်ကို ခင်နွေ ဘယ်လိုသိနိုင်ပါမည်လဲလေ။

❋ ✱ ❋



## ၁၆

"ဟော ... အဝတ်တွေ လျှော်လို့ပါလား ခင်နွေ"

အစ်ကိုပိုင့်အသံကို ကြားလိုက်ရတာနှင့် ခင်နွေ ရင်ထဲမှာ ကြည်နူးပျော်ရွှင်သွားရတာပါပဲ။

ပြီးတော့ ... ရင်ထဲမှာ နွေးနွေးထွေးထွေးလေးလည်း ခံစားရသည်။

"လာလေ ... အစ်ကိုပိုင်၊ ဒီနေ့ နေပွင့်တယ် အစ်ကိုပိုင်ရဲ့၊ ဒါကြောင့် ခင်နွေ အဘအဝတ်တွေ လျှော်လှန်းမလို့"

ခင်နွေ့အပြောလေးကြောင့် ပိုင်သန့် ပြုံးမိသည်။

ဒီနေ့ နေ့ပွင့်တယ်ဆိုသော ခင်နွေ့စကား။

"နေပါဦး ... မင်းလေးက နေပွင့်တာ ဘာညာနဲ့ တယ် ပြီးပြောဆိုတတ်နေပါလားကွယော"

ခင်နွေ့ဆားတွင် ထိုင်ချလိုက်ရင်း သူပြောတော့ ခင်နွေရယ်သည်။ ပါးချိုင့်လေး ခွက်ခနဲဝင်သွားတာကို သူ ခဏမေ့ ဘာမော ငေးကြည့်လိုက်မိပြန်သည်။ ပါးပြင်လေးထက်တွင် ညိုနီရှိန်း မိန်းမြသော အကြောမျှင်လေးများကို မြင်တွေ့နေရသည်။ လှပသော

www.burmeseclassic.com

www.burmeseclassic.com



လည်တိုင်ကြောကြောရှင်းလေးထက်မှာလည်း မြကြောမျှင်တို့ ရှိုးရှိုး ထင်၏။

ဖရောင်းရုပ်လေးကို လက်ရာမြောက်စွာ အနုစိတ် သွန်းလုပ်ထားသည့် ရုပ်ထုလေးနှယ် လှလွန်းပါသည့် ခင်နွေ။

'နေသာတယ်ဆိုတာက အိမ်ပြင်ထွက်ရပ်လိုက်ရင် သိသာတာပဲ အစ်ကိုပိုင်ရဲ့။ နေရောင်ရဲ့ နွေးတဲ့အရသာ၊ ပူတဲ့အရသာကို ခင်နွေ ခံစားရတာပဲဥစ္စာ"

"ဟုတ်ပါပြီဗျာ ... ဟုတ်ပါပြီ"

သူ ရယ်လိုက်လျက် ထ,ရပ်ကာ အုတ်ကန်ထဲမှ ရေကို ဖလားဖြင့်ခပ်၍ ဒန်ဇလုံကြီးထဲ လောင်းထည့်သည်။

"ဒါတွေ လျှော်ပြီးသားတွေမဟုတ်လား၊ ပိုင် ရေကျင်းပေးမယ်"

"မဟုတ်တာ အစ်ကိုပိုင်ကလဲ ဒါတွေ ခင်နွေ လုပ်နေကျပါ။ ခင်နွေ့ဘာသာ ခင်နွေ လုပ်ပါ့မယ်၊ အစ်ကိုပိုင်က ခင်နွေ့ကို စကားပြောရင်း အဖော်ပဲလုပ်ပေးနော်"

ခင်နွေ့အပြောလေးကို သူ နှစ်သက်ခုံမင်စွာ နားထောင်သည်။

စကားပြောရင်း ခင်နွေ့ကို အဖော်လုပ်ပေးဟု ပြောသော အပြောလေးက နားထဲသို့ ချိုလွင်စွာစီးဝင်၏။

ခင်နွေ့မျက်နှာလေးကို သူ စိုက်ခနဲကြည့်သည်။

ခင်နွေ့ကို သူ ချစ်မြတ်နိုးရသည့် အကြောင်းရင်းထဲတွင် ခင်နွေ၏ အပြစ်ကင်းစင်သော ဟန်မူသွင်လေးတွေကလည်း ပါဝင်သည်။



ဟုတ်သည်။ ခင်နွေ့မျက်နှာလေးမှာ ဟန်ဆောင်မှုဆိုတာမရှိ။ ပကတိရိုးသားရှင်းသန့်စွာ ပြောဆိုပြုမူတတ်သည်လေ။

သူ့ကို ခင်မင်ချစ်ခင်တာကိုလည်း ခင်နွေ့မျက်နှာလေးမှာ တွေ့မြင်နိုင်သည်။

ဝမ်းနည်းအားငယ်လျှင်လည်း ခင်နွေ့မျက်နှာလေးကို မြင်လိုက်ရုံနှင့်သိသာသည်။

ပျော်ရွှင်နေ၍လည်း ခင်နွေ့မျက်နှာလေး ကြည်သန့်နေတာကို မြင်ရုံဖြင့် သိနိုင်သည်။

ယခုလည်း သူရောက်လာတာကို ခင်နွေ ပျော်သွားတာ သိသိသာသာပါ။

"ဟော ... အစ်ကိုပိုင်ကလဲ ရေကျင်းနေပြန်ပြီ"

လျှော်လက်စအဝတ်ကို အောက်ခံသမံတလင်းလေးဆီ ပုံချထားလိုက်ပြီး ခင်နွေ့လက်လေး ရေ့ဆန့်၍ သူ ရေကျင်းနေသည့်နေရာကို တယမ်းယမ်းဖြင့် လိုက်စမ်းသည်။ ရေကျင်းသံက ဆီနေသည်ကိုး။

"ရပါတယ် ခင်နွေရဲ၊ မြန်မြန်ပြီးတော့ မြန်မြန်သစ်ရိပ်အောက်သွားပြီး ဘာဂျာမှုတ်ပြမယ်လေ၊ ခင်နွေက သီချင်းဆို"

ခင်နွေ ရယ်သည်။

"ခင်နွေက အသံမှ မကောင်းတာ"

ပြောပြီး သူ့လက်ထဲမှအဝတ်တွေကို ခင်နွေ လှမ်းဆွဲကြိုးစားသည်။ သူကလည်း ပြန်မပေး။ ခင်နွေ့ လက်လေးတွေ

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်နှင့် ထိသွားကြခိုက် သူကသာ ရင်ထဲ လှုပ်ခတ်သွားရသည်။ ခင်နွေကတော့ အဝတ်တွေ ရလိုဇောပဲ ကပ်နေတာမို့ ခေါင်းလေးတခါခါနှင့် ...

"ခင်နွေ ကျင်းပါမယ်ဆို၊ ဒါတွေက ခင်နွေ လုပ်နေကျပါ"

"လုပ်တတ်ကိုင်တတ်မှန်း တော်မှန်း သိပါတယ် မမရယ်။ ကူညီတာပါနော်၊ ကူညီတာပါ၊ ကြီးကျယ်မနေပါနဲ့၊ အဲဒီမှာ လျှော်စရာရှိ လျှော်တာမဟုတ်ဘူး၊ ဒါဖြင့် ပိုင် ယူ လျှော်လိုက်ရမှာလား"

ဤသို့ကျတော့လည်း ခင်နွေ ကမန်းကတန်းလေး လျှော်လက်စ အဘအင်္ကျီကို ကောက်ယူလျှော်ဖွပ်ပါ၏။ မတတ်နိုင်။ အစ်ကိုပိုင် အဝတ်လျှော်၍တော့ ကောင်းပါမည်လား။

ရေပဲကျင်းစေတော့ဟု စိတ်လက်လျှော့ချလိုက်ရသည်လေ။

မျက်စိမမြင်ရသူမို့ အဝတ်ကို လျှော်သည့်အခါ ပို၍ စေ့စေ့စပ်စပ် ဆပ်ပြာတိုက်၊ ပွတ်လျှော်ရသည်။ ဒါကြောင့်မို့ ခင်နွေ လျှော်သည့်အဝတ်တွေက ပို၍ပင် ဖြူဖြူစင်စင်ရှိသည်ဟု ထင်၏။

အဝတ်တွေ ရေကျင်းနေပေမယ့် သူ့အကြည့်က ခင်နွေ့ထံမှာပဲ မကြာမကြာ ရောက်ရောက်နေမိတာအမှန်။ ခင်နွေ မျက်နှာလေးကို ဘယ်လောက်ကြာအောင်ကြည့်ကြည့် မဝနိုင်တာ သူ့အဖြစ်ပါ။

"သိပ်ချစ်တာပဲ ခင်နွေရယ်"

ဟူ၍ ရင်ထဲမှာ မြတ်နိုးစွာ ပြောနေမိရသည့်အဖြစ်



ရေကျင်းပြီးသမျှ အဝတ်တွေကို ကြိုးတန်းမှာ တဖြန်းဖြန်းခါ၍ သူ သွားလှန်းသည်။

"ဩော် ... ဒီကောင်မလေး ဖိနပ်ကိုစီးထားတာ မဟုတ်ဘူး၊ အောက်က သမံတလင်းနဲ့ဥစ္စာ၊ ရေတွေကလဲရှိသေး တစိုစွတ်စွတ်နဲ့ ခြေထောက်ကို အအေးကိုင်သွားတော့မှာပဲ၊ အဲဒါ ရာဘာဖိနပ်ကို စီးထားပါလား"

အဝတ်လှန်းပြီး ပြန်လှည့်ကာမှ ခင်နွေ ခြေထောက်မှာ ဖိနပ်မစီးထားဘဲရှိတာကို သူ မြင်မိ သတိထားမိလိုက်တာမို့ ဆူဆူကြိမ်းကြိမ်းလေး လုပ်လိုက်မိရသည်။

"ရပါတယ် အစ်ကိုပိုင်ရ၊ ခင်နွေ လျှော်နေကျပါ"

"ပြောလိုက်ရင် ရပါတယ် အစ်ကိုပိုင်ရ၊ ခင်နွေ လုပ်နေကျပါ၊ လျှော်နေကျပါ... သိပ်စကားများ ဆင်ခြေကြီးတဲ့ ကောင်မလေး၊ ဖျားတဲ့အခါကျမှပြောပေါ့ ဖျားနေကျပါလို့"

သူ ဖျစ်တောက်ဖျစ်တောက်ရွတ်၍ ခင်နွေ့ရာဘာဖိနပ်လေးကို ခင်နွေ့ရှေ့ချပြီး မျက်နှာထားကြီးနှင့် ...

"စီး၊ အဲဒီဖိနပ် မစီးရင် ပိုင်ကိုယ်တိုင် ခြေထောက်မှာစွပ်ပေးထည့်လိုက်မှာနော်"

ဆူဆူကြိမ်းကြိမ်းလုပ်တော့လည်း ခင်နွေ ကြောက်သည်။ ချက်ချင်းကောက်၍ ဖိနပ်လေးကိုစီးသည်။

အုတ်ကန်ဘေးပတ်လည်တွင် နှစ်ပေလောက် သမံတလင်းပတ်လည် ခင်းထားကာ အနားဘက်မှာ ရေစီးရန် အုတ်မြောင်းလေး ဖော်ထားတာမို့ အဝတ်ကောင်းကောင်းလျှော်၍ရသည်လေ။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးလျှော်ဖွပ်ပြီးစီးတော့ နှစ်ယောက်သား အိမ်ပေါ်တက်ခဲ့ကြသည်။

"အန်တီလေးရောဟင်၊ ခုတလော ခင်နွေ့ကို အနှိပ်မခိုင်းတော့ပြန်ဘူး နေကောင်းနေလားဟင်"

"ကိုနိုင်နဲ့ အပြင်ထွက်သွားကြတယ်၊ ဖေဖေက ပွဲရုံကိုသွားတယ်၊ ကိုနိုင်နဲ့မေမေကတော့ ရွှေထည်ပစ္စည်းတွေကို ကိုနိုင်နဲ့အတူသွားပြီး အရောင်းအဝယ်ပွဲစား အလုပ်လုပ်ကြမှာလေ၊ ကိုနိုင့်ကို အဲဒီအလုပ် နားလည်စေချင်တယ်တဲ့"

တုနက်နွေနေ့ ကျောင်းအားရက်များတွင် မေမေက ကိုနိုင့်ကို ခေါ်သွားတာမို့ ပဋ္ဌမနှစ်ဥပဒေကျောင်းသားကြီး ကိုနိုင်လည်း စိတ်ဓာတ်ကျနေတာ သူ့ကို လာညည်းဖူးသည်။

ဒါပေမဲ့ မေမေက ဤပွဲစားအလုပ်ကို ကိုနိုင့်ကို တတ်စေချင်သည်တဲ့လေ။

"စဉ်းစားကြည့်ကွာ ပိုင်ရာ၊ ယောကျ်ားကြီးလုပ်ပြီး အဲဒီရတနာပွဲစားအလုပ်ကို လုပ်ရမှာတဲ့၊ မေမေကလေ ဘာမှန်းလဲမသိဘူး"

ဟူ၍ ညည်းဖူးသည်။

"ပိုင်ကတော့ အင်ဂျင်နီယာလုပ်မယ် မေမေ၊ ကျောက်မျက်ရတနာအကြောင်း နားလဲမလည်ဘူး၊ ကိုနိုင်က အဲဒါတွေစိတ်ဝင်စားတယ်"

ဟု မေမေ့ကိုပြောခဲ့ကာ ကိုနိုင်မှ မကြားဘဲလေ။

"ကိုနိုင်ရယ် ရတနာအကြောင်း၊ ရွှေအကြောင်း၊ စိန်အကြောင်းနားလည်အောင် မေမေက ခေါ်တာပါ၊ ရတနာ



နဲ့ရွှေဆိုင် မေမေ ဖွင့်ပေးမှာပေါ့၊ ရတနာဆိုင်မှာ ထိုင်ရင်းလဲ ပွဲစားအလုပ်ကို လုပ်လို့ရပါတယ် ကိုနိုင်ရဲ့"

ဟု မေမေ ပြောခဲ့စဉ် ကိုနိုင် မျက်နှာကြီး ရှုံ့မဲ့သွားတာကို ပြန်မြင်ယောင်မိဆဲ။

"ဟင် ... ခင်နွေ ထမင်းမစားသေးဘူးလား"

ထမင်းအိုးလေး အဖုံးသွားဖွင့်နေတာကိုမြင်မှ ကိုနိုင့်အကြောင်းတွေးနေတာကို ရပ်၍ သူ မေးမိသည်။

"ဟုတ်တယ် အစ်ကိုပိုင်၊ အဘ နေ့လယ်စာ လာစားတော့ ခင်နွေ့က အဝတ်တွေ လျှော်နေတာလေ၊ အဘကို စားနှင့်ဖို့ ခင်နွေပြောလိုက်ရတာ"

ထမင်းကို သံပန်းကန်ထဲ ယောက်မလေးနှင့် ခူးထည့်ပြီး ပဲကြီးနှင့်ဆူးပုတ်ဟင်းရည်ကို ထမင်းပန်းကန်လေးထဲ ဇွန်းနှင့်ခပ်လောင်းထည့်သည်။

ပြီး ဒယ်အိုးလေး အဖုံးဖွင့်ကာ ငါးခြောက်နှင့် ခရမ်းချဉ်သီးချက်ထားတာကို ဇွန်းလေးနှင့် ခပ်ထည့်၏။

ထိုင်ခုံပုလေးမှာထိုင်ချရင်း ဒူးလေးပေါ် သံပန်းကန်လေးတင်ကာ ခင်နွေ ထမင်းစ,စားသည်။

"စားဦးမလား အစ်ကိုပိုင်၊ ကောင်းတယ်"

သခွားသီးစိပ်လေးတွေကို ပန်းကန်စင်ထက်မှ ပန်းကန်ပြားလေးထဲမှ စမ်းယူရင်း ခင်နွေပြောတော့ သူ ခင်နွေ့ဘေးတွင် သွားထိုင်သည်။

အနားမှာရှိသည့် လက်ဆေးဇလုံလေးမှာ လက်ကို နှစ်၍ ဆေးသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ ခင်နွေ ပန်းကန်လေးထဲမှ ထမင်းကို နှစ်လုတ်သုံးလုတ် သူ ယူ၍ထား၏။

ခင်နွေနှင့် စုလို ထမင်းတစ်ပန်းကန်ထဲ တူတူစား လိုက်ရာကို သူ ပျော်သည်။ ကြည်နူးသည်လေ။

သူ ယူစားတော့ ခင်နွေ မျက်နှာလေးမှာ ကျေနပ် ရိပ်ကို တွေ့ရသည်။

"ခင်နွေ ထမင်းတစ်ပန်းကန် ခူးလိုက်မယ်လေ"

"နေ ... နေ၊ ပိုင် တော်ပါပြီ၊ အိမ်မှာ စုပဲစားခဲ့တာ၊ ခင်နွေ ထမင်းစားနေပုံလေးက မြိန်လွန်းလို့ ပိုင် ဝင်စား ကြည့်တာပါ"

ပြောပြီး သူ လက်ဆေးသည်။

ပြီး ... ခင်နွေ ထမင်းစားပုံလေးကို တိတ်ဆိတ်စွာ ငေးကြည့်နေမိပါ၏။ ဆူးပုတ်ရွက်လေးများနှင့် ရောချက်ထားသည့် ပဲကြီးဟင်းနှင့် ငါးခြောက်ချက်မှုအနှစ်ကို နယ်ဖတ်၍စားနေပုံလေး မှာ ချစ်စရာ သနားစရာလေးပါ။ မသိလျှင် မျက်စိမမြင်ရသူဟု ထင်စရာမရှိ။

သြော် ... ထင်ရက်စရာပင်မရှိ။ ငါးခြောက်ဖတ် လေးကိုလည်း နည်းနည်းလေး ဖဲ့၍ ဖဲ့၍ ထမင်းလုတ်လေးထဲ မြှုပ်စားပုံလေးမှာ ချွေချွေတာတာစားရှာမှန်း သိသိသာသာလေးပါ။

တကယ်တော့ ခင်နွေ့ကို သူကိုယ်တိုင် ခွံ့ကျွေးလိုက် ချင်သည်။

ဒါပေမဲ့ အခွင့်အရေးဆိုတာ အရမ်းယူသလိုဖြစ်သွား လျှင်မကောင်း။



ချစ်ရလွန်း စိတ်အရင်းခံဖြင့် သူ လုပ်လိုက်ချင်တာက အခွင့်အရေးယူလိုက်သလို ဖြစ်ဖြစ်သွားမှာကို သူ စိုးရိမ်သည်။

သူ့အချစ်၏ သန့်စင်မွန်မြတ်မှုကို နည်းနည်းလေး သော်မှ အပွန်းအပဲ့မခံနိုင်။ အထင်သေးမခံနိုင်။

ခင်နွေ့အတွက် အဝတ်အစားလေးကအစ သူ ဝယ် ပေးချင်သည်။ ဒါပေမဲ့ အဘ စိတ်ထဲမှာ တစ်မျိုးတစ်မည်ထင်မှာ စိုးသည်လေ။

ခင်နွေနှင့် စုလို တရင်းရနှီး ရှိသည်ဆိုတာက ငယ် ကတည်းကမို့ အဘ စိတ်ထဲမှာ ဟန့်တားမှာမဟုတ်။ ပြီးတော့ အဖော်မဲ့ရှာသည့် သမီးလေးအတွက် အဖော်ရတာမို့လည်း ကျေ နပ်နိုင်သည်။

ဒါပေမဲ့ မာနကြီးသောအဘသည် သမီးလုပ်သူကို ပိုင်သန့်မှ အဝတ်အစားဝယ်ပေးတာမျိုးကို လက်ခံနိုင်မှာမဟုတ် ဆိုတာ ပိုင်သန့် နားလည်သည်ပေါ့။

ခင်နွေ ထမင်းစားပြီးတော့ ပန်းကန်ကိုဆေး၍ ပန်းကန်စင်လေးမှာ မှောက်ထားသည်။

"ကဲ ... ခင်နွေ၊ အပြင်မှာ နေလဲပူတယ်၊ အိမ်ရှေ့ဝရန် တာလေးမှာပဲ နားပြီး နေကြရအောင်၊ ပိုင်က ဘာဂျာမှုတ် ပြမယ်၊ မမလေးက အမောပြေနားထောင် ဟုတ်လား"

သစ်ရိပ်ဆီသို့ မသွားတော့ဟု သူ ဆုံးဖြတ်လိုက် ကာ ဝရန်တာလေးမှာပဲ သူ ထိုင်သည်။

ခင်နွေက သူ့ဘေးမှာ ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်လျှော်ပြီးစမို့ ခင်နွေ့ ခြေချောင်းလက်ချောင်း လေးတွေက ဖြူနုနေသည်။ ဖွေးဥသော ခြေဖဝါးလေးတွေက ပန်းရောင်ပြေပြေပြေး၏။ ဖွေးစင်လျက် ပန်းနုရောင်လဲ့လဲ့ရှိသည့် ခြေသည်းလေးကအစ သူ ကြည့်မိသည်။

ဤခြေအစုံသည် သူနှင့် ဘဝခရီးတစ်လျှောက်တွင် သူ၏ နောက်တော်ပါး၌ မခွဲမခွာ လိုက်ပါမည့်ခြေအစုံ။

ဤသွယ်ဖရောင်းလေးများသည်လည်း သူ့ဘဝတစ် လျှောက်လုံးတွင် သူ၏လက်ကို မြဲမြဲစွာ ဆုပ်ကိုင်လက်တွဲသွား မည့်လက်အစုံ။

ခင်နွေ့သည် သူ၏ဘဝသခင်သာ ဖြစ်ရုံမျှမည်။

နွေသီချင်းကို သူ ဘာဂျာမှုတ်သည်။

"နွေရောက်ပြီလေ ... ရိုးတံကျဲကျဲ ပင်အိုတို့အလှချင်းလဲပြိုင် လေရူးလေးအဝေ့ ရွက်ဝါတွေ လိပ်ပြာတွေရယ် အလှချင်း ပြိုင်နေသလိုပေ"

ခင်နွေ့ ခပ်တိုးတိုးလေး လိုက်ဆိုသည်။ ခင်နွေ့ အသံလေးက လွင်သည်။ ပြီးတော့ ငြိမ်းအေးသည်။ ဝရန်တာလက် ရန်းလေးကိုမှီ၍ ခင်နွေ့ သီချင်းဆိုသည်။ ဆံနွယ်မျှင်များက ခင်နွေ့ ကျောပြင်ကို ဖြတ်၍ ကြမ်းပြင်တွင် ခွေဝိုက်တင်နေသည်။

ဖွေးနုသော လက်မောင်းလေးများမှအစ အရိုးအဆစ် ကို မမြင်ရ။

ဆံနယ်ဥလေးများက ခင်နွေ့နဖူးစပ်တွင် ညှင်းညှင်း နစ်မ်းစွာရှိနေ၏။



"လွမ်းစရာ နွေပန်းချီကား တိမ်ညိုမိုလွှာဆေးရေးခြယ်ထား တိမ်သားမီးမိုး လွင့်မျောမဆုံးပေ နွေရဲ့ကောင်းကင် ကြည် လင်စွာ လှပနေတယ်လေ ..."

ခင်နွေ့၏ တေးသံလေးက သူ့ရင်သို့တိုင် စီးဝင်၏။

သူ ဘာဂျာလေးကို ဆက်မှုတ်သည်။

ခင်နွေ့ကို သူ ပထမဆုံး မှုတ်ပြခဲ့ဖူးသော သီချင်း။

ခင်နွေ့အတွက် အဖော်အဖြစ်ရှိလေသော ဘာဂျာ လေး၊ တစ်ယောက်တည်း ပျင်းရိန်လေးများမှာ ဘာဂျာလေးကို မှုတ်၍ ခင်နွေ့ နေတတ်သည်လေ။

ခင်နွေ့ ကိုယ်တိုင်လည်း နွေသီချင်းကို မှုတ်တတ် နေပြီ။

ငှက်ကလေးတွေ၏ ကျီကျီ ကျာကျာ အော်သံလေး တွေက အိမ်ခေါင်မိုးထက်ဆီမှ ကြားရ၏။ ဘာဂျာသံလေး ... နှင့်ချိုငြိမ်းအေးသော တေးသံလေးနှင့် ငှက်လေးများ၏ တေးသံ သာလေးက ... ကြည်နူးသာမောဖွယ် လွင့်ပျံ့ချေသည်တည်း။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com



## ၁၇

သားအဖနှစ်ယောက် မနက်စောစော ထမင်းကြ နှင့် ငါးပိရည်ကျို တညင်းသီးတို့စရာနှင့် စားကြသည်။

ဤနေ့ အဘ ထမင်းစားမြိန်သည်ဟုဆို၏။

"အင်း ... သမီးလေးအတွက် အဘ ပိုက်ဆံစုထား နှစ်ထောင်ကျော်တော့ရှိလာပြီ လုံမရဲ့၊ သမီးကို ဆေး လေ၊ ဘယ်လောက်ကုန်မလဲမသိတော့ ခက်သား၊ ကိစ္စကျတော့ အဘလဲ ပေါက်ပေါက်ရောက်ရောက်မရှိ တစ်နေ့မှ ဦးမင်းသန့်ကို မေးကြည့်မှပဲ၊ ဘယ်ဆေး သွားရတယ်၊ ဘယ်ဆရာဝန်နဲ့ ကုရမယ်၊ ဘယ်လော ကုန်ကျမယ်ဆိုတာပေါ့"

အဘပြောတော့ ခင်နွေ မျှော်လင့်ချက်လေးဖြင့်

"ခင်နွေ မျက်စိပြန်မြင်ရရင် အဘကို အလုပ်တွေလုပ်ကျွေး ဒီမျက်စိက မြင်အောင် ပြန်ကုလို့ရတယ်တဲ့လားဟင်"

ဦးဘညွန့်မှာ အဖြေကို ရေရေရာရာမသိ။ မြင် မမြင်မည်ကိုလည်း မပြောတတ်။



ဒါပေမဲ့ သမီးလေး စိတ်ချမ်းသာအောင် ...

"ပြန်မြင်မှာပေါ့ လုံမရဲ့"

ဦးဘညွန့် ဖြေပြီး ခေါင်းပေါင်းကို ပေါင်းသည်။

"ကဲ ... အဘ ခြံထဲသွားတော့မယ်၊ ဒီနေ့ ဒေစီပန်းခင်းတွေကို မြေဆွပေးရမှာ"

အဘအိမ်ပေါ်မှ ဆင်းသွားသံကြားရ၏။ ခင်နွေ ပန်းကန်တွေဆေးပြီး ကြမ်းပြင်ကို ရေပတ်အဝတ်နှင့် တိုက်နေခိုက်မှာပင် ခြေသံကြားရပြန်သည်။

"လုံမရယ် ... အဘ ဖက်ကြောတွေတက်ပြီး ခေါင်းတွေ မူးနောက်နောက်ဖြစ်လိုက်တာ ရင်ထဲမှာ မကောင်းဘူး"

အဘအသံက မောသံပါနေသည်။ ဝေဒနာခံစားနေရတာသိသာ၏။

ခင်နွေ ထိတ်ခနဲ ပူလျက် ကမန်းကတန်းလေး လက်ထဲမှရေစိုဝတ်ကို ကြမ်းပေါ်ချထားလျက် အဘ၏အသံရှိရာသို့ လျှောက်သည်။ အဘမှာ အိမ်တံခါးပေါက်ကို လက်ဖြင့် အားပြုကိုင်လျက်ရပ်နေတာ ခင်နွေ လက်ဖြင့်စမ်းကြည့်ရင်း သိလိုက်သည်။

"လာ ... အဘ၊ ခင်နွေ့ကိုတွဲထား၊ အိပ်ရာထဲလှဲနေရအောင်"

မမြင်မကမ်းနှင့် တွဲရသည့် သမီးလေးကို ဦးဘညွန့် စိတ်ထိခိုက်စွာ ကြည့်မိသည်။

ရင်ထဲတွင်နောက်နေသည်က အနေရဆိုးလှချေ၏။ သွေးတိုးရောဂါရှိတာကို ဦးဘညွန့် မသိခဲ့ရှာ။

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးအတွက် ရင်ထဲ လေးခနဲဖြစ်ရသည်။ မတော်တဆ သူသာ ကတိမ်းကပါးဖြစ်လျှင် ဤသမီးလေး အား ကိုးရာမဲ့ရချေတော့မည်။

စိတ်ထိခိုက်လာတော့ ရင်ထဲမှာ ငို၍ ဆိုးလာ၏။

"နေ ... နေ ... သမီး၊ အဘ ညှော်ခန်းက ဖျာပေါ်မှာပဲ လှဲတော့မယ်"

ကြာကြာရပ်မနေနိုင်သည်မို့ ညှော်ခန်းက ခင်းထား သော သင်းဖြူးဖျာလေးပေါ်မှာပဲ ဦးဘညွန့် လှဲသည်။ ခင်ငွေ ခေါင်းအုံးလေးယူလာ၏။ အဘ အိပ်ရာရှိရာကိုတော့ ခင်ငွေ သွား လာနေတတ်ပြီးသားပါ။

ခေါင်းအုံးကို ယူလာကာ အဘ၏ ခေါင်းရှိရာကို လက်ဖြင့်စမ်းပြီး ခေါင်းကိုမ၍ ခေါင်းအုံးကို ထိုးပေးသည်။ ပြီး ဇက်ကြောတွေကို နှိပ်ပေးနေ၏။ ခင်ငွေ့အသွင်လေး ချောချော ချောက်ချားချားလေး ဖြစ်နေသည့်ဟန်။ စိုးရိမ်စိတ်လွှန်ကဲနေသည့် ဟန်။

သမီးလေး၏ ဆောက်တည်ရာမဲ့ ပူပင်နေသည့်အမြင် ကို ဦးဘညွန့် ကြည့်နေရင်းဖြင့်ပင် အမြင်က ဝေဝါးလာသယောင် ခံစားရ၏။ မျက်မမြင်ဘဝမို့ အဖေလုပ်သူ၏ အခြေအနေကို ခင်ငွေ မသိနိုင်ရှာ။

"အဘ ဇက်တွေထိုးတာ သက်သာရဲ့လားဟင်"

ဇက်ကြောကို နှိပ်ပေးနေရာမှ ခင်ငွေ မေးသည်။ ဦးဘညွန့်မှာ သမီး၏လက်ကလေးကိုသာ အနိုင်နိုင်ဆုပ်ပြ ပြုနိုင်ရှာသည်။



"လုံမ ... ရေတစ်ခွက် တိုက်စမ်းကွယ်"

ရင်ထဲ ပူလောင်လာသလိုမို့ ဦးဘညွန့် ပြောသည်။ သတိကို မပြတ်နိုင်အောင် ဂရုပြုအားယူနေရသည်ကိုက ပင်ပန်း လာသည်။ ခင်ငွေ ရေအိုးလေးရှိရာသို့ သွားကာ ရေတစ်ခွက်ခပ် သည်။

"အဘ ... ရေ"

ခင်ငွေ ကမ်းပေးသည့် ရေခွက်သည် ဦးဘညွန့် လှမ်းယူသည်။ ဒါပေမဲ့ လက်မမြဲ။

ရေခွက်မှောက်ကျသံ ကြားလိုက်ရပြီ။ ရေတွေ ဖိတ်စဉ်တော့ ခင်ငွေ ရင်ထဲထိတ်ခနဲဖြစ်ကာ ကြောက်လန့်စိုးထိတ် စွာ အဘကိုယ်ကို စမ်းသည်။

"အဘ ... အဘ"

ဦးဘညွန့်ထံမှ ထူးသံကိုမကြားရ။ ခင်ငွေ ဒိုက်ခနဲ ဖြစ်သွားရသည်။ အဘ ဘာဖြစ်ပါလိမ့်။ ဘာတွေဖြစ်နေပါလိမ့်။ အဘ ခင်ငွေ့ကို မထူးနိုင်တော့ပြီ။

"အဘ ... အဘ"

ခင်ငွေ အဘကိုယ်ကို လှုပ်၍ခေါ်သည်။ မျက်စိ မမြင်ရသည်မို့ ဘာတွေဖြစ်ပျက်နေသည်ကိုလည်း မသိမမြင်နိုင်။ ဘယ်ကိုပြေးခေါ်ရမည်လဲ။

အစ်ကိုပိုင်တို့၏ ဖေဖေ အန်ကယ်ဦးမင်းသန့်နှင့် အန်တီလေးတို့ကို ပြေးခေါ်မှဖြစ်မည်။ ဒါပေမဲ့ အဘကို ဤအတိုင်း ထားခဲ့ရမှာလည်း ရင်ထဲ မဖြောင့်။

www.burmeseclassic.com



စောစောကပဲ အဘ ရေသောက်ချင်သည်ဟု ...
သေးသည်လေ။ အဘကို ရေတိုက်ရမှာ ရှိသေးသည်။ ဒါ...
အဘ ရေမသောက်ဘဲ ရေခွက်တောင် လွတ်ကျသွားပြီပဲ။ ဒါ...
အဘကို ခင်နွေ ပွေ့ထူခေါ်ငင်မည်။ ချက်ချင်း ခင်နွေ အဘ...
ပွေ့ပိုက်လိုက်မိရင်း ...

"အဘ ... အဘ ခင်နွေ့ကို ပြန်ထူးပေးပါလား အဘရေ...
အဘ ပြန်ထူးပေးပါလား"

ခင်နွေ အရူးမလေးလို သောကကြီးစွာငိုရှိုက်ပြော...
မိသည်။ သို့သော် အဘထံမှ ဘာသံမျှထွက်မလာ။

"ဟင် ... အဘ ... အဘ"

ဆောက်တည်ရာမဲ့စွာ ခင်နွေ့ အဘကို ပွေ့ထား...
ဆဲ။ ဘာဆိုဘာမျှ မမြင်နိုင်စွမ်းသည့်ဘဝမှာ ကူကယ်ရာမဲ့သ...
ဖြစ်လာရသည်။

ခင်နွေ အဘကိုယ်ကို ဖြည်းဖြည်းပြန်ချ...
နောက် အိမ်ပေါ်မှ ပြေးဆင်းသည်။ တအားကုန်ပြေးသည်။ ...
ငြိမ်အိမ်ကြီးရှိရာဘက်သို့ ဦးတည်၍ပြေးသည်။

ပြေးလမ်းပေါ်မှာရှိနေသည့် အုတ်ခဲတစ်လုံးကို ...
မိလျက် ခင်နွေ ရှေ့ကို ဟတ်ထိုးလဲကျသွားသော်လည်း ချက်...
ရုန်းထသည်။ လက်ဖဝါးတောင်မှာ ပွန်းပဲ့နာကျင်နေတာ၊ ဒူး...
ပွန်းပဲ့နေကျင်နေတာတွေကို ဂရုမပြုနိုင်။

နာနေမှန်းလည်းမသိ။ မျက်ရည်တွေက အရှိန်...
ကျနေသည်။ အဘအတွက် ပူပင်သောကဖြစ်နေတာဝဲ ခင်...
သိသည်။ အဘမရှိတော့မှာကို ချောက်ချားနေတာပဲ ခင်နွေ သိသ...



ရုတ်ခနဲ ခင်နွေ့ကိုယ်လေးကို ဆီးပွေ့လိုက်တာ
...ခင်နွေ ခံလိုက်ရ၏။ မွှေးပျိုက်စွာ အသက်ကို ပြင်းပြင်းရှူလျက်
...မျက်ရည်များသွန်ကျနေကာ စိတ်တွေ အရမ်းလှုပ်ရှားနေသည့်
...ခင်နွေ့မျက်နှာလေးကို စိုးရိမ်တကြီး ငုံ့မိုးကြည့်သူသူမှာ ပိုင်သန့်
...။

"ခင်နွေ ... ခင်နွေ ဘာဖြစ်တာလဲ"

စိုးရိမ်တကြီး မေးနေသည့် အစ်ကိုပိုင်သန့်၏ ရင်ခွင်
...ခင်နွေ ခေါင်းဝင်မိလျက် အားကိုးတကြီး ငိုရှိုက်ပြောနေမိရ
...။

"အဘ ဘာဖြစ်မှန်း မသိဘူး အစ်ကိုပိုင်၊ ခေါ်လို့မရတော့ဘူး၊ အဘကို လိုက်ကြည့်ပေးပါ၊ လာပါ လိုက်ကြည့်ပေးပါ"

ရင်ခွင်မှ ချက်ချင်း ခေါင်းလေးထောင်မော့လာကာ
...လက်ကို ခင်နွေ ဆွဲ၍ အိမ်လေးရှိရာကို သွားမည်လုပ်နေတော့
...ခင်နွေ့လက်လေးကို ဆွဲ၍ ထိန်းရသည်။ သူ ကိုယ်တိုင်လည်း
...အဘအတွက် စိတ်ပူလာသည်က အမှန်။

"ဒီလိုရှေ့က အရမ်းကြီးစွတ်မပြေးနဲ့လေ ခင်နွေ၊ ခင်နွေက မြင်ရတာမှမဟုတ်တာ၊ လာ ... လာ ပိုင့် လက်မောင်းကိုကိုင်ထား"

ခင်နွေ့ကို သူ့လက်မောင်းကြီးကိုင်ထားစေပြီး ခြေ
...လှမ်းကျဲကြီးနှင့် သူ လျှောက်သည်။ လှေကားထစ်ကို ဖြတ်ခြင်း
...တက်၍ အိမ်လေးထဲ ဝင်လိုက်တာနှင့် သူ စိတ်ပူသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဘညွန့်မှာ ခေါင်းအုံးလေးထက်တွင် ခေါင်းလေးစောင်း၍ ငြိမ်သက်နေချေပြီ။

သူ ဦးဘညွန့်၏ဘေးတွင် ထိုင်ချလိုက်သည်။

"အဘ ..."

သူ ခေါ်ပေမယ့် ဦးဘညွန့် မထူးတော့နိုင်။ သေချာကြည့်တော့ ဦးဘညွန့်၏ နှာခေါင်းတွင်းမှ အညိုရောင်အရည်များ စီးကျနေသည်ကိုမြင်ရ၏။

သူ ချက်ချင်း သဘောပေါက်သည်။ ဦးဘညွန့်၏ အခြေအနေ မကောင်းတာကို နားလည်လာသည်။

သူ ခင်နွေ့ကိုကြည့်မိသည်။ အားကိုးတကြီးပုံလေးဖြင့် ထိုင်ကာ သူ့ထံမှ အဖြေကို စောင့်နေသည့် ခင်နွေ့ကို မကြည့်ရက်သလိုဖြစ်လာရသည်။

ဘြော် ... ခင်နွေရယ်ဟု တိတ်ဆိတ်စွာ ရင်မှာညည်းမိရပါပြီ။

"ခင်နွေ ခဏစောင့်၊ ပိုင် ဖေဖေတို့ကို သွားခေါ်လိုက်ဦးမယ် ဟုတ်လား၊ အဘကို ငြိမ်ငြိမ်လေးပဲ လှဲနေပါစေ ဟုတ်လား"

ခင်နွေ ခေါင်းညိတ်ပြသည်။

"အဘ ဘာဖြစ်တာလဲဟင်၊ နေကောင်းသွားမှာလား"

မျက်နှာလေးဖြူဖျော့ ညှိုးကျလျက် ချောက်ချားနေသည့် ခင်နွေ့ခေါင်းလေးကို သူ သပ်ပေးမိလျက် ...

"မောနေတာဖြစ်မှာပါ၊ ဆရာဝန် ခေါ်ရမယ်လေ"



ပြောပြီး သူ့အိမ်ပေါ်မှအပြေးဆင်းသည်။ မနက်ပိုင်း ခင်နွေ့ထံလာနေကျမို့ သူ ထွက်လာခဲ့ခြင်းပါ။ ခင်နွေ အရူးမလေးလို အားကုန်ပြေးလာနေတာကို သူ လှမ်းမြင်ရသည်မို့ စိုးရိမ်တကြီး သူ ပြေးလာကာ ခင်နွေ့ကို ဆီးကြိုပွေ့ယူပြီး ဆိမ်လေးသို့ ပြန်လာခဲ့ခြင်းပါ။

ဦးဘညွန့်၏အခြေအနေမှာ မျှော်လင့်ချက်မရှိတော့တာကို နားလည်လာသည်။ အသက်မှ ရှိသေးရဲ့လားဟုလည်း သံသယဖြစ်၏။

ဖေဖေနှင့် မေမေ့ကို ပြေးခေါ်တော့ နိုင်သန့်ပါ ရောပြီး လိုက်ပါလာသည်။ သူ အိမ်လေးပေါ် ပြန်ရောက်တော့ မြင်ကွင်းကို ရင်နင့်အောင်ခံစားရင်း တွေ့မြင်လိုက်ရပါချေ၏။

အဖေ၏ခြေထောက်တွေကို နှိပ်နယ်ပေးလျက် တိတ်ဆိတ်စွာမျက်ရည်ကျနေရှာသော ခင်နွေ။ ခြေသံတွေကြားတော့ အားကိုးတကြီးပုံလေးဖြင့် မော့လိုက်လျက် ...

"အဘကို ခင်နွေ ခေါ်ကြည့်တယ်၊ မထူးတော့ဘူး"

ဟုပြောပြီး မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာသည်။ ပြီး ... အဖေလုပ်သူ၏ခြေသလုံးတွေကို နှိပ်နယ်ပေးနေပြန်၏။

သူ ရင်ထဲမှာ ဆို့တက်လာရသည်။

ဦးမင်းသန့်မှာ ဦးဘညွန့်၏ဘေးတွင် ထိုင်လိုက်ကာ သက်ကောက်ဝတ်ကို စမ်းကြည့်သည်။ အခြေအနေက အသက်မရှိတော့ပြီဆိုတာ သိသာ၏။

"နိုင်သန့် အိမ်ကကားနဲ့ ဒေါက်တာထွန်းမြင့်ကို သွားပင့်လာခဲ့၊ မြန်မြန်လုပ်"

www.burmeseclassic.com

www.burmeseclassic.com



နိုင်သန့် ထွက်သွားတော့ ဦးမင်းသန့်မှာ ဦးဘညွန့်ကို ကြည့်ကာ ခေါင်းယမ်းလိုက်တာမြင်၏။ ဆရာဝန်ကိုပင့်ခေါ်ရခြင်းမှာ အသက်များရှိနေဦးမည်လားဟူသော မျှော်လင့်ချက်မှျင်မှျင်လေးကြောင့် ဖြစ်သော်လည်း ဆုံးနေပြီဆိုတာတော့ အရပ်သားအသိဖြင့်ပင် နားလည်ထားမိပြီးပြီ။

ဒေါ်ခင်လေးမြင့်မှာ ခင်နွေ့မျက်နှာလေးနှင့် ဦးဘညွန့်ကို တစ်လှည့်စီကြည့်လျက် စိတ်မကောင်းဖြစ်နေရသည်။

ခင်နွေမှာ လူတွေရောက်လာသည်မို့ အားကိုးစရာတွေ့လိုက်ရသည့် မျက်နှာလေးဖြင့် အဖေလုပ်သူကို ခြေသလုံးလေးတွေ လက်တွေကို နှိပ်နယ်ပေးနေသည်။

ဤအဖေမှတစ်ပါး အားကိုးရာဟူ၍ မရှိရှာပါသည့် မျက်မမြင်လေး။

အဖေဖြစ်သူ မည်သည့်အခြေအနေရောက်နေပြီဆိုသည်ကိုမှ မသိနိုင်ရှာပါသည့် မိန်းကလေး။

မြင်ကွင်းကို သူ ကြာရှည်မကြည့်ရက်။ ရင်ထဲမှာ ဆို့ကျပ်နေသည်။ သူ နေရာမှခွာကာ ဝရန်တာလေးမှာ ထွက်ရပ်နေမိ၏။

နိုင်သန့်နှင့် ဒေါက်တာဦးထွန်းမြင့်တို့ ရောက်လာတော့ ...

"ကြွပါ ဒေါက်တာ၊ ဒါ ... ကျွန်တော့် ဥယျာဉ်မှူးပါ။ ဘယ်လိုဖြစ်တယ်တော့မသိပါဘူး၊ သူ့သမီးလေး ငိုပြီးလာတာနဲ့ သိရတာပါ"



ဆရာဝန်လာပြီဆိုတာနှင့် ခင်နွေ့မှာ အားကိုးရာတောင်ကြီး ပေါ်လာသလို မျက်နှာလေးမှာ မျှော်လင့်အားကိုးရိပ်တွေထင်းခနဲပေါ်လာ၏။

ကိုယ်လေး နောက်သို့ယို့ကာ ဆုတ်ပေးပြီး သွားထိုင်သည်။ အဘကို ဆရာဝန် ကြည့်နိုင်အောင် ဆုတ်ပေးမှန်းပိုင်သန့် နားလည်သည်။

ဆရာဝန် လက်ကောက်ဝတ်ကိုစမ်းကြည့်၏။ မျက်နှာကိုကြည့်သည်။ ပြီးတော့ နားကြပ်နှင့်စမ်းသည်။

နောက် ... ခေါင်းယမ်း၏။

"ဆုံးပြီးပြီ"

ဆရာဝန်ထံမှ အဖြေစကားကို ခင်နွေ ကြားလိုက်ရချိန် မျက်နှာလေး ဖြူဖျော့ကျသွားသည်။ မမြင်နိုင်သော မျက်ဝန်းအစုံက ရှေ့တည့်တည့်ကို မလှုပ်မယှက် စူးစိုက်ထားသည်။ မယုံကြည်နိုင်သလို ခေတ္တငြိမ်သက်နေသည်။ ပြီးမှ ...

"ဟင် ... အဘ ဆုံးပြီ ဟုတ်လား"

ဟု တိုးဖျော့စွာမေးသည်။

ချက်ချင်း မျက်ရည်ပေါက်ကြီးများ အဆက်မပြတ်စီးကျလာလျက် ရှေ့သို့ လက်ကိုဆန့်တန်းကာ မမြင်မစမ်းဖြင့် ...

"အဘ ... အဘရယ်"

အဘ၏ကိုယ်နှင့် လက်လေးတွေ ထိတွေ့မိတော့ ခင်နွေ ရှိုက်လျက်ခေါ်သည်။ အဘ၏ လက်တွေ၊ ခြေထောက်တွေ၊ ကိုယ်တွေကို လိုက်စမ်းသည်။ စောင်းနေသော အဘဦးခေါင်းကို ရင်မှာပွေ့အပ်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အဘရယ် ... ခင်နွေ့ကို ထားခဲ့ပြီလား အဘရယ်၊ အဘ
ကို ခင်နွေ မခွဲနိုင်ဘူး၊ မခွဲနိုင်ဘူး အဘ"

ခင်နွေ တိုးတိုးလေး ပြောနေလျက် မျက်ရည်တွေ
သာ တန့်ဆည်မရကျလာနေသည်။ ရင်ခွင်ထဲမှ အဖေ၏ကိုယ်
ကို လွှတ်မချနိုင်သလို တင်းတင်းဖွေ့ပိုက်ထားလျက် ...

"ပြန်လာပါ အဘရယ်၊ ခင်နွေ့ဆီကို ပြန်လာပါ အဘ
မသွားလိုက်ပါနဲ့၊ အဘမရှိရင် ခင်နွေ ဘယ်လိုနေရပါ့မလဲ
အဘ ခင်နွေ့ကို ခွဲမထားခဲ့ပါနဲ့"

ခင်နွေ ပြောနေသမျှကို ကြားရသူတိုင်း ဘယ်လို
စိတ်မကောင်းနိုင်။ မြင်ကွင်းကို ထိခိုက်ကြေကွဲခြင်းများဖြင့် တိ
ဆိတ်စွာ ကြည့်နေမိကြသည်။

ပိုင်သန့်မှာ ဆိုဖွယ်ရာမရှိ။ ခင်နွေ၏ရင်ထဲမှ အ
မီးကို နားလည်ခံစားမိလျက် မျက်ရည်တွေ ဝေခနဲ ကျလာရသည်

အားကိုးရာမဲ့ရှာသော ခင်နွေ။ အဖ၏မေတ္တာရိပ်
ဆုံးရှုံးလိုက်ရရှာပြီဖြစ်သည့် ခင်နွေ။

အဖေဖြစ်သူ ကွယ်လွန်သွားသည့်အဖြစ်ကို မိမိ
တွင် ဖြစ်ပါလျက် သူတစ်ပါးပြောပြမှ သိရပါသည့် ခင်နွေ

သူ ဘယ်လိုမှ မကြည့်ရက်တော့။

ဒေါ်ခင်လေးမြတ်မှာ ခင်နွေ့ဘေးတွင် သွား
သည်။

"စိတ်ကိုထိန်းပါ ခင်နွေ၊ အန်တီတို့ရှိပါတယ်ကွယ်၊ ခင်
အဘအတွက် အန်တီတို့လဲ စိတ်ထိခိုက်ရပါတယ်"



ဒေါ်ခင်လေးမြတ် မြင်ကွင်းကို ကြည့်ရင်း မျက်ရည်
ဝဲလာရသည်အထိပါ။

ခင်နွေဆိုတာ စိတ်ရှည်လက်ရှည်လေးဖြင့် ဒေါ်ခင်
လေးမြတ်ကို နှိပ်ပေးခဲ့တာ အကြိမ်တွေများလာတော့ သနားစိတ်၊
ခင်မင်စိတ်တော့ ဖြစ်တည်ရာရသည်ပေါ့။

ယခုလို မျက်မမြင်ဘဝဖြင့် မိတဆိုး ဖတဆိုးလေး
ဖြစ်လာရသည့် ခင်နွေ့ကို ဥပေက္ခာမပြုထားရက်နိုင်ပေ။

ခင်နွေ့မှာ လက်ရှိအခြေအနေကို မယုံနိုင်သလိုဖြစ်
နေဆဲ။

အဘ၏ လက်များကို ခင်နွေ စမ်းကြည့်သည်။
နွေးနေဆဲ။

"အဘ လက်တွေ နွေးနေသေးတယ်၊ အဘ အသက်ရှိနေ
သေးတယ်၊ ဟုတ်တယ် ... အဘကို ကြည့်ပေးကြပါဦး၊
အဘ မသေပါဘူး"

မျက်ဝန်းလေး ဟလည်လည်ဖြင့် ဘေးဘီကို အား
ကိုးတကြီး ကြည့်ယောင်ပြုလျက် ကူကယ်ရာမဲ့ ပြောနေရှာပုံလေး
ကို မြင်ရသူတိုင်း မျက်ရည်မကျဘဲမနေနိုင်တော့။

"အဘကို ပြန်ခေါ်ပေးကြပါ၊ ခင်နွေ့အဘကို ပြန်လိုချင်
တယ်၊ အဘကို ပြန်ခေါ်ပေးကြပါ၊ ကူပေးကြပါ ခင်နွေ
ရှိခိုးပါတယ်၊ အဘကို ပြန်ကုပေးကြပါ၊ ဘယ်မှာလဲဟင်
ဆရာဝန်လာတယ်ဆို၊ ဆရာ ... အဘကို ကယ်ပါဦး၊
အဘ မနက်ကပဲ အကောင်းကြီးပါ အဘ မသေနိုင်ပါဘူး၊
အဘ မသေနိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ့အသွင်လေးက ရူးတော့မလောက် ချောက်ချား... ခံစားနေရချေပြီ။

လက်အုပ်လေးတချီချီဖြင့် ဘေးမှ လူများကို အ... အညီတောင်းနေပုံလေးကို ကြည့်လိုက် ဘယ်လိုမှ ပိုင်သန့် ... ရတော့။

ခင်နွေ့ဘေးတွင် ထိုင်လိုက်ကာ ...

“ခင်နွေ သတိထားလေ ... သတိထားလေ”

ဟု လက်လေးကို ဆုပ်၍ တောက်လျှောက်... ခပ်တိုးတိုးလိုက်ပြောနေရသည်။

“အဘကို ပြန်ခေါ်ပေးပါ ... ခေါ်ပေးပါ”

ခင်နွေ တတွတ်တွတ်ပြောနေပေမယ့် အဘ... မည်သူမှ မကူနိုင်တော့သည့်အဖြစ်ကို ခင်နွေ နားလည်လာသ... အသည်းတို့ ကြေပြွန်းကွဲအက်သည်သို့ ပြင်းပြင်းထန်ထန် ... လိုက်ရသည်။

“အဘ ...”

ခင်နွေ့အက်ကွဲလိုက်ခါစွာ အော်ဟစ်ခေါ်လိုက်... သည့်နောက် အဘ၏ကိုယ်ပေါ်သို့ ခင်နွေ့ကိုယ်လေး ငိုက်... စိုက်ကျသွားသည်။

ခင်နွေ့မှာ သတိရှိမနေတော့။

❄ ✱ ❄



## ခန်း ၁၈

“ခင်နွေ ဘာလို့ ဒီမှာ တစ်ယောက်တည်းလာထိုင်နေရတာလဲ”

အိမ်နံရံလေးကို ကျောမှီထိုင်သည့် ခင်နွေ့အသွင်လေးက မလှုပ်မယှက်။

ရှေ့တည့်တည့်ကို မမြင်နိုင်သည့် မျက်ဝန်းများဖြင့် လှုပ်မယှက် ငေးစိုက်နေသည်။

သူ ခင်နွေ့ဘေးတွင် ထိုင်လိုက်ရင်း လက်လေးကို ညင်ညင်ဆုပ်ကိုင်မိ၏။

“ခင်နွေ ...”

သူ ခပ်တိုးတိုးခေါ်သည်။ ခင်နွေ ပြန်မထူး။ ဒါပေမဲ့ မျက်ရည်ဥတွေ မျက်ဝန်းအိမ်ဝယ် ဝိုင်းစုနေကြသည်။

နောက် သောခနဲ ကျလာ၏။

“ပိုင်လဲ စိတ်ထိခိုက်တာပါပဲ ခင်နွေ၊ အဘ မရှိတော့တဲ့ အဖြစ်ဟာ ဘယ်ထိ ခင်နွေ့ကို စိတ်ထိခိုက်စေမယ်ဆိုတာ ပိုင်လဲ နားလည်ပါတယ်ကွယ်၊ ဒါပေမဲ့ ဒီနေရာကို တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း လာလာပြီး ထိုင်နေတော့ ပိုပြီး ခင်နွေ
စိတ်ဆင်းရဲမှာပေါ့"

သူ တဖွဖွပြောသည်။ ဖျောင်းဖျောင်းဖျဖျ ပြောသည်။

"ဒီနေရာလေးမှာ ခင်နွေ ရှိနေရင် အဘနဲ့အတူနေရသလို
မို့ပါ အစ်ကိုပိုင်ရယ်"

ခင်နွေ ခပ်ဖျော့ဖျော့ပြောသည်။ တိုးသောအသံ
မှာ ကြေကွဲသံက လှိုက်ခါစွာပါလာနေကြပြီ။

ခင်နွေ့ကို သီရိငြိမ်သို့ ခေါ်ထားကာ ဒေါ်မီနှင့်
နေစေခဲ့သည်။ ဤသည်က မေမေ့အစီအစဉ်။ ဒေါ်မီ နေထိုင်
မီးဖိုဆောင်ဘေးမှ အခန်းထဲမှာ ခင်နွေ ရောက်ခဲ့ရသည်။

အဘ ကွယ်လွန်ဆုံးပါးသွားခြင်းသည် ခင်နွေ့
အားအင်ဟူသမျှကို နုတ်ယူသွားသည့်နယ်ပါ။

ပြောင်ရှင်းနေပြီဖြစ်သော ဤအိမ်ငယ်လေး
ခင်နွေ ရောက်လာကာ ငြိမ်သက်စွာ ထိုင်ရင်း အဘကိုသာ
ဆွတ်တမ်းတနေမိရတတ်သည်။

လမ်းလျှောက်သည့်အခါတိုင်း ကိုင်ဆောင်လာရ
တောင်ဝှေးလေးသည်ပင်လျှင် အဘနှင့် မကင်းနိုင်။ အဘကို
တိုင် လုပ်ပေးထားသည့် တောင်ဝှေးလေး။

"အဘရယ် ... ခင်နွေ သွားလေရာမှာ ဒုက္ခမဖြစ်ရအော
မကွဲမလဲရအောင် ဒီတောင်ဝှေးလေးကို လုပ်ပေးခဲ့တ
ခုတော့ အဘ မရှိတဲ့နောက်မှာ ခင်နွေ ဘယ်သူ့ကို
ကိုးရတော့မှာလဲ၊ အဘ ခင်နွေ့ကို မျက်စိပြန်မြင်အော
ဆေးကုပေးမလို့ဆို၊ အစားအသောက်ခြိုးခြံ ငါးပိရည်



ကို အမြဲစားခဲ့ရတာ အဘဆုံးတာ သွေးတိုးကြောင့်လို့
ဒေါ်လေးမိ ပြောပြတယ်၊ ငါးပိဆိုတာ သွေးတိုးနဲ့မတည့်
ဘူးတဲ့"

ကျိတ်၍တွေးရင်း ခင်နွေ ရင်ထဲ ဆို့တက်လာရ
သည်။

"အဘ ... ခင်နွေ့ကို ဆေးကုပေးချင်လွန်းလို့ ချွေတာစား
ခဲ့တာ ခင်နွေ့ကြောင့် အဘ သေရတာ"

ခင်နွေ ဖြေဆည်မရအောင်ခံစားလျက် မျက်နှာလေး
စိုက်ချလိုက်ကာ ...

"အဘရေ ..."

ဟု ခေါ်လိုက်မိသည်။

"ခင်နွေ မျက်စိမမြင်ချင်တော့ဘူး အဘရဲ့၊ ခင်နွေ မျက်စိ
မမြင်ချင်တော့ပါဘူး"

ဟု မရိုတင်ကဲပြောမိ ငိုလိုက်မိသည်။

အရူးမလေးလို ဖြစ်နေရှာပါသည့် ခင်နွေ၏ ဗျာပါဒ
မီးကို သူ မကြည့်ရက်နိုင်။

"ခင်နွေကလဲကွယ် ... ဒီလိုချည်းနေလို့ ဘယ်ဖြစ်မလဲ၊
ခင်နွေ့ကျန်းမာရေး ထိခိုက်လာမှာပေါ့၊ လာ ... ထ ပြန်
ကြရအောင်"

သူ ခေါ်တော့ ခင်နွေ ခေါင်းယမ်းသည်။

"ဟင့်အင်း ... ခင်နွေ ဒီမှာပဲနေချင်တယ်"

သူ သက်ပြင်းရှိုက်သည်။ ခေါ်မရမည့်အတူတူ သူပါ
ရော၍ ထိုင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အခန်းထဲမှာလဲ သူ့အဘ အဝတ်အစားတွေကို ကိုင်ကိုင်ကြည့်ပြီး ငိုနေတာပါပဲ ပိုင်လေးရယ်၊ ဒီကလေးတော့ သနားစရာပါ၊ ဒေါ်ဒေါ်မိဖြင့် ရူးသွားမှာတောင်စိုးတယ် အေးလေ ... အဖေတစ်ခု သမီးတစ်ခုဆိုတဲ့ အထဲမှာ မျက်မမြင်သမီးလေးကို ကြည့်လာ စောင့်ရှောက်လာတဲ့ အဖေမဟုတ်လား၊ ခင်နွေ ဘယ်လိုဖြေနိုင်ရှာပါ့မလဲ"

ဒေါ်မိ ပြောပြခဲ့တာတွေကိုလည်း သူ ပြန်ကြားယောင်နေမိသည်။

မျက်နှာလေး သိသိသာသာ ညှိုးဖျော့ကျသွားတာ ကိုယ်ခန္ဓာလေး သိသိသာသာ ပိန်သွယ်ကျသွားတာ။ သူ မြင်နေရသည်မို့ ခင်နွေ့ရင်ထဲမှ အပူမီးကို မှန်းဆသိနိုင်သည်နှင့်အမျှ သနားစိတ်တွေက လျှံကျလာချေသည်။

သောကမီးလောင်မြိုက်နေသည့် တွယ်ရာမဲ့ပမာ အားငယ်နေရှာပါသော ခင်နွေ့ကို သူ့မေတ္တာဖြင့် အေးငြိမ်းစေချင်သည်။ ဒါပေမဲ့ ယခုလိုအချိန်မှာ သူ ဖွင့်ပြောရှုမသင့်ပြန်။ ခင်နွေ့မှာ အဖေ ဆုံးပါးထားတာ လောလောလတ်လတ်ပဲ ရှိသေးသည်။

ခင်နွေ အားငယ်နေတာကိုလည်း သူ သိသည်။

"ခင်နွေ့မှာ တစ်ယောက်တည်းလို့ အားမငယ်ရဘူးလေ ပိုင်ရှိတာပဲ၊ ပိုင်လေ ... ခင်နွေ့ကိုချစ်တယ်၊ လက်ထပ်ယူဖို့အထိလဲဆုံးဖြတ်ထားတယ်၊ အရင်တုန်းကတော့ ပိုင်ဘွဲ့ရပြီး အလုပ်ရပြီးမှ ဖွင့်ပြောမယ်လို့ ဆုံးဖြတ်ထားတာ ခင်နွေ့ကို ဆေးကုပေးပြီးမှပြောမယ်ပေါ့၊ ဒါပေမဲ့ ခုတော့ ဖွင့်ပြောလိုက်ပြီ ခင်နွေ"



ဟု ရင်ထဲ ခံစားရသမျှတွေ ဖွင့်ပြောလိုက်ချင်သည်။

ဒါပေမဲ့ အရမ်းကို စိတ်နလုံးချောက်ချား ထိခိုက်နေသည့် ခင်နွေ့မျက်နှာလေးကို ကြည့်ပြီး ဘယ်လိုဖွင့်ပြောနိုင်ပါမည်လဲလေ။

တစ်ယောက်တည်း ... ဟူသော အတွေးနှင့် ခင်နွေ အားငယ်နေတာကို သူ နားလည်သည်။ ဒါပေမဲ့ လောလောဆယ် အချိန်မှာ သူ ဖွင့်မပြောသင့်သေးတာကို နားလည်ထားရပြန်သည်မို့ ရင်ထဲမှ မေတ္တာထုကို သူဖွင့်မပြောဖြစ်။

"ခင်နွေ ထမင်းစားရသေးဘူး မဟုတ်လား၊ လာ ထမင်းပြန်စားရအောင်၊ ပိုင်လဲ မစားရသေးဘူး၊ အတူစားကြရအောင်နော်"

ခင်နွေ ခေါင်းယမ်းသည်။ သူ ခင်နွေ့ကို ငေးစိုက်ကြည့်ကာ သက်ပြင်းရှိုက်လျက် ထရပ်သည်။ အိမ်လေးပေါ်မှ ဆင်းလာလျက် သီရိငြိမ်မှ ထမင်းချိုင့်လေးထဲ ထမင်းနှင့်ဟင်း ခူးခပ်ထည့်ကာ ပြန်လာ၏။

ခင်နွေ့ဘေးတွင် သူ ပြန်ထိုင်သည်။ ဖွားလေးက တော့ ယခင်တုန်းကလိုပင် အိမ်လေးမှာ ခင်းထားဆဲ။ ကျန်တာကတော့ တစ်အိမ်လုံး ပြောင်ရှင်းနေပြီ။ အဘပင် ရက်လည်ဆွမ်းကပ်ပြီးခဲ့ပြီပဲလေ။

"ကဲ ... ခင်နွေ၊ ပိုင် ထမင်းရော ဟင်းရော ခူးလာခဲ့တယ်၊ ထမင်းစားလိုက်နော် ပိုင် ကျွေးမယ် ... ဟုတ်လား"

ကလေးတစ်ယောက်ကို ချော့သလိုမျိုး သူ ချော့ချော့ မော့ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပိုင် ဘယ်လောက်ထိ ခင်နွေ့ကို သံယောဇဉ်ရှိတယ် ကူညီချင်တယ်၊ သနားတယ်၊ ချစ်တယ်ဆိုတာ ခင်နွေ သိတယ်မဟုတ်လား၊ ခင်နွေ့ကို မြင်စကတည်းက ပိုင် သံယောဇဉ် ကြီးခဲ့တာ၊ သနားတာ၊ အဖော်လုပ်ခဲ့တာ လေ"

သူ ပြောသမျှ ခင်နွေ နားထောင်နေတာမြင်တော့ သူ ထပ်၍ ကြိုးစားဖျောင်းဖျပြောသည်။

"ပိုင်က ခင်နွေ့အဖော် ... အမြဲတမ်းရှိနေတဲ့ အဖော်လေ အခု ခင်နွေ ခံစားနေရသလို ပိုင်လဲ ခံစားနေရတာပါ ခင်နွေ ပျော်တဲ့အခါတုန်းက ပိုင်လဲ လိုက်ပျော်ခဲ့တယ် ခု ခင်နွေ စိတ်ထိခိုက်နေတဲ့အချိန်မှာ ပိုင်လဲ စိတ်ထိခိုက် တယ်၊ ပိုင်ဟာ ခင်နွေနဲ့ ဘယ်လိုမှ ခွဲခွာကင်းကွာလို့ မ တဲ့ အဖော်ဆိုတာ ယုံသလားဟင်"

ခင်နွေ့မျက်ဝန်းလေးတွေ သူ့ဘက်ရွေ့လာတာ သူ မြင်နေရ၏။ သူ ခင်နွေ့နှလုံးသားထဲမှ အားငယ်စိတ်တွေ ဖျောင်းဖျနားသွင်း အေးငြိမ်းစေလိုသည့် စေတနာဖြင့် အားတက် သရော ဆက်၍ ပြောရသည်။

"ပိုင် ပြောနေတာကို ကြားတယ်မဟုတ်လား ခင်နွေ။ ပိုင့် စေတနာနဲ့ မေတ္တာကို နားလည်တယ်မဟုတ်လား၊ ခင် ခင်နွေ ဘာမှမစားဘဲ ထိခိုက်ခံစားနေရတာကို မြင်ရ ပိုင်၊ ပိုင်က ပျော်နေနိုင်မယ်လို့ ခင်နွေ ထင်နေသလား ဟင်၊ ပိုင်လဲ အရှမ်းစိတ်ဆင်းရဲနေရတာပါပဲ"



ခင်နွေ ခေါင်းလေးငုံ့လျက် နားထောင်နေတာကို ကြည့်၍ သူ ဆက်၍ ညင်ညင်သာသာ ပြောသည်။ စိတ်ရှည်လက်ရှည် ပြောသည်။

"ခင်နွေ ဒီအတိုင်းနေသွားရင် ခင်နွေ လဲလိမ့်မယ်၊ ခင်နွေ တစ်ခုခုဖြစ်ရင် ပိုင် ရူးသွားလိမ့်မယ် ခင်နွေ"

ရင်ထဲမှာ ရှိသည့်အတိုင်း သူ ဝန်ခံမိခြင်းပါ။

ခင်နွေ ခေါင်းလေးမော့လာတာ သူ မြင်၏။

"ခင်နွေ တစ်ခုခုဖြစ်ရင် ပိုင် ရူးလိမ့်မယ် ခင်နွေ"

ခင်နွေ့နားထဲမှာ အစ်ကိုပိုင့်အသံလေးကို အထပ် ထပ်ပြန်ကြားနေမိရသည်။ အစ်ကိုပိုင် ခင်နွေ့ကို ချစ်သည်ဟူ၍ များ ပြောလေသည်လား။

"ခင်နွေ ... ပိုင်လဲ ထမင်းမစားရသေးဘူး၊ ခင်နွေရယ် ပိုင်ရယ် ထမင်းအတူစားကြရအောင်နော်"

ပြောပြီး သူ ထမင်းစားချိုင့်ကိုဖွင့်သည်။ ဇွန်းနှင့် ထမင်းနှင့် ဟင်းကို ခူးခပ်ပြီး နယ်ဖတ်ကာ ခင်နွေ့ပါးစပ်လေးမှာ တေ့ပေးသည်။

"စားလေ ... ခင်နွေ၊ ပိုင့်စကားကို နားထောင်ပါ ခင်နွေ ရယ် ... နော်"

ကလေးတစ်ယောက်ကို စိတ်လက်ရှည်စွာ ချော့မော့ ကျွေးသလို အစ်ကိုပိုင်သန့် ပြောနေတော့ ခင်နွေ မငြင်းရက်နိုင် တော့။ နှုတ်ခမ်းလေးကိုဖွင့်လျက် ထမင်းစ,စားသည်။

"ပိုင်သိတာပေါ့ ခင်နွေ၊ ခင်နွေက ပိုင့်စကားကို နားထောင် မယ်ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးစွာပြောရာမှန်း ခင်နွေ နားလည်သည်။ အစ်ကိုပိုင်နှင့်ပတ်သက်လျှင် အစ်ကိုပိုင့် လေယူလေသိမ်း၊ အသံ ကြားရသည်နှင့် အစ်ကိုပိုင် ပျော်နေတာ၊ ကြေကွဲဝမ်းနည်းနေတာ စိတ်ထိခိုက်နေတာ၊ အားလုံး ခွဲခြားနားလည်နိုင်သည့် ခင်နွေပဲလေ။

"အစ်ကိုပိုင် စားလေ"

"အင်း ... စားမှာပေါ့ ခင်နွေရ၊ ခင်နွေ ခုလိုစားတော့ ပိုင် စိတ်ချမ်းသာရတာ"

ခင်နွေ မျက်ရည်ဝဲစွာ အစ်ကိုပိုင်ရှိရာဘက်ကို မျက်နှာမူလျက် မမြင်နိုင်စွမ်းပါသည့် မျက်ဝန်းများဖြင့် ...

"ခင်နွေ့မှာ အစ်ကိုပိုင်တစ်ယောက်တည်း ရှိနေသလိုပဲ အစ်ကိုပိုင်ရယ်"

ဟု တိုးတိတ်အားငယ်စွာ ပြောလိုက်မိသည်။

ယခင်တုန်းကတော့ ခင်နွေ့ကို နားလည်ချစ်ခင် သော အဘရှိသည်။ ပြီးတော့ ... အစ်ကိုပိုင်ရှိသည်လေ။ ခုတော့ အဘက ခင်နွေ့ကို ချန်ရစ် ခွဲထွက်သွားရပြီ။

ခင်နွေ့မှာ အားကိုးရာဟူ၍ အစ်ကိုပိုင်တစ်ယောက် သာ ရှိသည်သို့ ခံစားရသည်။

"ခင်နွေ ..."

သူ ခင်နွေ့မျက်နှာလေးကို ကြင်နာမြတ်နိုး စိုက်ကြည့်နေမိလျက် ညင်ညင်သာသာခေါ်မိသည်။

"ခင်နွေ့ကိုလေ ... ပိုင် ဘယ်တော့မှ ခွဲမထားရစ်ခဲ့ဘူး ချန်မထားရစ်ခဲ့ဘူး၊ ခင်နွေ့အတွက် ပိုင်ဟာ အမြဲရှိနေမယ် အဲဒါ ထာဝရအတွက်ပြောနေတာနော်၊ အားမငယ်ရဘူး



တစ်ယောက်တည်းပဲရှိတယ်လို့ တွေးပြီး မကြောက်ရဘူး၊ အားငယ်စရာ တွေးမိတိုင်း ခင်နွေ့မှာ အစ်ကိုပိုင် ရှိနေတယ် လို့ ဖျက်ချင်းတွေး ... ယုံကြည်ထား"

ခင်နွေ့ကို နားထဲစွဲသွားအောင် စိတ်ထဲစွဲသွားအောင် သူ ပြောသည်။

ပြီး ခင်နွေ့ကို ထပ်၍ ထမင်းတစ်လုတ်ကို ခွံ့ကျွေး ပြန်၏။ တယုတယ၊ ကြင်ကြင်နာနာဖြင့်ပါ။

ခင်နွေ့ကိုချစ်သောအချစ်က ဝသုန်မြေကို တိုင်တည် ၍ သစ္စာဆိုရပါသည့်အချစ်မျိုး။ ဩော် ... သစ္စာ တိုင်ဝံ့ပါသည့် အချစ်မျိုးပါတကား။

❁ ✱ ❁

www.burmeseclassic.com

www.burmeseclassic.com





မြတ်နိုးရက်ရှည်
ချစ်မိနေပြီ တွယ်တာရည်စူး၊
ငယ်ချစ်ဦးတည် ...
သခင်သိလှည့် ယုံစေချင်။

ချစ်တိုးသက်သေ
မေတ္တာတွေကြည့်၊ ရင်ထဲထိလေ
အချစ်တွေပြည့် ...
ဘဝင်ငြိမ့်ယုံ့ ကိုယ်ခုံမင်။

ထပ်တိုးချစ်နေ
သစ္စာတွေလည်း၊ အသည်းထဲမှာ
တိုးလျှက်သာရှိ ...
သခင်ကြည့်လှည့် ဝသုန်မြေတစ်ခွင်။
ဪ ...
သခင်ကြည့်လှည့် ဝသုန်မြေတစ်ခွင်။ ။





သီရိငြိမ်၏ ဧည့်ခန်းဆောင်ကို ခင်နွေ့ အုန်းခွံဖြင့် ကြမ်းတိုက်နေတာ မြင်တော့ ရင်ထဲမှာ အနည်းငယ်ပျော်သွားရသည်။

ဘာပဲဖြစ်ဖြစ်။ ခင်နွေ့စိတ်တွေ အလုပ်ထဲ ပြန်နစ်ခင်လာသည်မဟုတ်ပါလား။ ခင်နွေ့ကို အလုပ်မလုပ်စေချင်။ ဒါပေမဲ့ ခုလို လုပ်နေတာကိုက လောလောဆယ် စိတ်ငြိမ်စေသည်မို့ မတားမြစ်မိတော့။

ခင်နွေမှာ မမြင်ရပါဘဲလျက် ကြမ်းပြင်ကို အုန်းခွံဖြင့် ဆော့စပ်စပ် ပွတ်တိုက်သွားသည်မှာ ကြမ်းပြင်တစ်လျှောက် လက်ဆောက်နေသည်။

ကြမ်းတိုက်နေသည့် နေရာလေးနှင့် မလှမ်းကမ်းမှာ သူ ရပ်ကြည့်နေသည်။

ခင်နွေ့လက်ကလေးတွေက ဖြည်းဖြည်း သူ့ခြေထောက်အနား ရောက်လာ၏။

အုန်းခွံက သူ့ခြေထောက်ကို လာထိတော့ ခင်နွေ့ ကြမ်းတိုက်တာ ရပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ပြီး၍ ထိုင်ချလိုက်ရင်း ခင်နွေ့မျက်နှာလေး
ပြုံးကြည့်သည်။ သူ့မျက်ဝန်းတွေ ရွှန်းကြည်နေသည်။

"ခင်နွေ ကြမ်းတွေတိုက်ထားတာ လက်တောက်နေတာ
သိလား၊ မမောဘူးလားဟင်"

"ခင်နွေ လုပ်လို့ရတာလေးကို လုပ်ကြည့်တာပါ အစ်ကိုပိုင်
တကယ်ပဲ ကြမ်းတွေ လက်နေတာလားဟင်"

နဖူးပြင်မှ ချွေးလေးတွေကို လက်မောင်းဖြင့် ပင့်၍
သုတ်ရင်း ခင်နွေ မေးတော့ ...

"မှန်ကြည့်ဖို့မလိုတော့ဘူး ခင်နွေ"

ခင်နွေ နေသားတကျပြန်ဖြစ်လာတာကို သူအရမ်း
ဝမ်းသာနေသည်။ အိမ်ပေါ်ထပ်မှ ဆင်းလာသော ဒေါ်ခင်လေးမြင်
အား မော့ကြည့်လိုက်မိလျက် ...

"မေမေ ဒီမှာ ခင်နွေ ကြမ်းတွေဘာတွေ တိုက်လို့"

ဟု ပြောမိလိုက်သည်။

ဒေါ်ခင်လေးမြတ်မှာ ပြုံးရင်း ...

"အေးလေ ... ဒီလို အပြောင်းအလဲလေးဖြစ်လာတာ
စိတ်ချမ်းသာရတာပါပဲလေ"

ဟု ဆိုသည်။

ခင်နွေနှင့်ပတ်သက်၍ မိဘမဲ့အဖြစ် မေမေ ကရု
သက်တာကိုတော့ သူ နားလည်သည်။

ဒါပေမဲ့ မေမေ့သနားစိတ်က အိမ်မှာ သနားကရု
ဖြင့် မွေးမြူထားသည့် ခွေးကလေး၊ ကြောင်ကလေးတွေကို
သည့်အနေအထားမျိုးဆိုတာကို သူ နားလည်လာသည်။



ခင်နွေ့ကို ထမင်းကျွေးရုံ၊ သီရိဂြိမ်မှာ ဒေါ်မိနှင့်
အဆင့်တူထားရှိ နေခွင့်ပေးရုံမျှသာ မေမေ အသိအမှတ်ပြုထား
တာ သူ သိနားလည်လာ၏။

ခင်နွေ အလုပ်လေးတွေ လုပ်လာတာကို မြင်၍
ဝမ်းသာအားရ မော့ပြောလိုက်မိချိန်မှာ မေမေ့မျက်နှာက သာမန်
အသိအမှတ်ပြုပုံလေးမျှသာဆိုတာ သူ မြင်လိုက်ရသည်လေ။

တကယ်တော့ မေမေ့စိတ်အာရုံထဲမှာလည်း အရောင်း
အဝယ်ကိစ္စသာ အရေးပါအလေးထားစရာ ဖြစ်နေခဲ့သည်လေ။

သားတွေအတွက် အိမ်အတွက်ဟု ဆိုကာ ငွေကြေး
ရှာသာနေသည့်ကြားမှ အရောင်းအဝယ်လုပ်ငန်းဖြင့် အလုပ်များ
အိမ်မကပ်နိုင်လောက်အောင် ဖြစ်နေရသည်။

ပွဲစားအလုပ်ကို ကားတစ်စီးဖြင့် ရတနာနှင့် ရွှေထည်
ချည်းများ တန်ဖိုးများစွာကို ယူဆောင်လုပ်ကိုင်နေသည့် မေမေ့အာရုံ
မှာ ခင်နွေသည် ကြာကြာ ဘယ်လိုရှိနေနိုင်ပါမည်လဲလေ။

"ကိုသက်ဖေ ကားအဆင်သင့် ဖြစ်ပြီမဟုတ်လား"

ဟု လှမ်းမေးတာနှင့် အိမ်တံခါးအနီးရှိ လေ့ကားထစ်
ထားမှာ အသင့်စောင့်နေသည့် ဒရိုင်ဘာ ဦးသက်ဖေမှာ ချက်
ချင်း ထ,ရပ်ကာ ...

"ဟုတ်ကဲ့ပါ မမ"

ဟု ဖြေပြီးသားဖြစ်သွားရသည်။

"ဩော် ... ခုမှ သတိရတယ်၊ ဒေါ်မိ ခင်လေးရဲ့အခန်း
စားပွဲပေါ်မှာ စက္ကူအိတ်တစ်လုံး တင်ထားတယ်၊ ခင်နွေ့
ကို ယူပေးလိုက်ပါဦး၊ ကောင်မလေးအတွက် အင်္ကျီနဲ့ထဘီ

www.burmeseclassic.com



ချုပ်ထားတယ်၊ အဝတ်အစားက သိပ်ေဟာင်းနေပြီ၊ အိမ်ကို လူတွေ၊ ဧည့်သည်တွေပါလာရင် ဒီလိုအဟောင်းနဲ့ဆိုတော့ မြင်မကောင်းဘူးလေ"

မေမေ ပြောပြီး အိမ်ပေါ်မှဆင်းသွားတော့ သူ ငိုင်၍ ကျန်ရစ်သည်။

သြော် ... မေမေသည် ခင်နွေ့ကို အစေအပါးသာသာ ပဲ ထားချေသည်ပကား။

ခင်နွေ့မျက်နှာလေးကို ကြင်နာသနားစွာ သူ ငဲ့ကြည့်မိသည်။

ပကတိ အရိုးခံမျက်နှာလေးဖြင့် ...

"အန်တီလေးက ခင်နွေ့အတွက် အဝတ်အစားကအ ဝယ်ပေးနေရတာ သိပ်အားနာဖို့ကောင်းတာပဲ အစ်ကိုရ ရယ်၊ ခင်နွေ့ကို နေစရာ၊ စားစရာပေးထားရင်ပဲ ကျေးဇူး ကြီးလှပါပြီ"

ဟု သိတတ်လွန်းစွာ ပြောရှာတာကို ကြားရပြန်တော့ သူ ပို၍ စိတ်ထိခိုက်ရသည်။

ဒေါ်မိကတော့ ခင်နွေ့အတွက် ဝယ်ပေးသည့် အဝတ် အစားကို ဝမ်းသာအားရ သွားယူလာကာ ...

"ဟယ် ... လှတယ် ခင်နွေ့ရဲ့၊ အင်္ကျီလေးကလေ အသား လေးကို နနေတာပဲ၊ ဘာပါလိမ့် ... အဲ ... ပိုင်စ ဖြူ ပါရဲ့၊ ပိုင်စ ပန်းရောင်လေးရယ်၊ အနီရောင်လေးရယ်၊ အ ရောင်လေးရယ်၊ ချုပ်ပြီးသားလေးတော်၊ ညည်းနဲ့ နည်းနည်းပွမယ်ထင်ပါရဲ့၊ ကြည့်ရတာ စက်ဆိုင်က တော



မလေးတစ်ယောက်နဲ့ ညည်းကိုယ်လုံး ခပ်ဆင်ဆင်ရှိလိမ့် မယ်၊ အဲဒီအတိုင်းပဲ ချုပ်ခိုင်းတာဖြစ်မှာ"

ဒေါ်မိ ဝမ်းသာအားရ ခင်နွေ့ရှေ့ ကြမ်းပြင်မှာပဲ ထိုင်ချရင်း အင်္ကျီလေးတွေကို ထုတ်ပြပြောဆိုနေမိသည်။

တကယ်တော့ ... ခင်နွေ့ကို တကူးတက ကားနှင့် ခေါ်သွားပြီး အင်္ကျီကိုယ်တိုင်းပေးဖို့လောက်အထိ မေမေ အရေး အရာထားခြင်းမရှိတာကို သူ နားလည်သည်လေ။

ခင်နွေ့ကတော့ ဘာမျှ မသိရှာ။ အားနာမဆုံးနိုင်သည့် မျက်နှာလေးဖြင့်သာ ရှိနေရှာသည်။

"ထဘီလေးကလဲ အဆင်လှလေးပဲ၊ ဒါက ချည်ထည်ပွင့် ရိုက်လေး ခင်နွေ့။ အပွင့်လေးတွေက အဝါနဲ့အညိုလေးတွေ ဟဲ့၊ အခံက အပြာရောင်လေး၊ ညည်းနဲ့လိုက်မှာ"

ခင်နွေ့ ပြုံးပြုံးလေး နားထောင်သည်။

"အရောင်အသွေးဆိုတာ ခင်နွေ့အတွက် အရေးမကြီးပါဘူး ဒေါ်လေးမိရယ်၊ အဆင်လှတာ မလှတာဟာလဲ ခင်နွေ့ အတွက် စိတ်ဝင်စားစရာ ဖြစ်မနေပါဘူး"

ဟု ရင်ထဲမှာ ကြေကွဲစွာတွေးမိနေရတာကို ဘယ်သူ သိနိုင်ပါမည်လဲလေ။

"ဒါက အိန္ဒိယပါတိတ်၊ ဒါက တရုတ်ပါတိတ်လေး၊ အဆင်လေးတွေကတော့ လှတာချည်းပါပဲ၊ ကိုင်ကြည့်စမ်း ပါအေ"

ဒေါ်လေးမိ ခင်နွေ့လက်ထဲထည့်ပေးတော့ ခင်နွေ ပြုံးလေး လက်ဖြင့်စမ်းကြည့်သည်။ အသားလေးတွေက ချော

www.burmeseclassic.com

www.burmeseclassic.com



ရောညက်ညက်ရှိတာ ခင်နွေ ထိတွေ့သိနားလည်ရပါ၏။ ဒါ
ခင်နွေ့ရင်ထဲမှာ အဘကို တမ်းတနေမိရတာ။ အဘ၏ မေတ္တာ
ကို လွမ်းနေမိရတာ။ ဘယ်သူ သိနိုင်ပါမည်လဲလေ။

"ဒီမှာ ... လုံမအတွက် အဘ ဝယ်လာတာ"

ဟု ကြည်နူးစွာဖြင့် လက်ထဲအထိ ထည့်ပေးလျ
အဘ ခင်နွေ့ပခုံးလေးကို သပ်ပေးခဲ့တာတွေကို ခင်နွေ ဘယ်
မှမေ့ပျောက်နိုင်ပါမည်လဲလေ။

ထိုစဉ်တုန်းက ခင်နွေ ဝမ်းသာအားရ အဘ
ဖက်၍ ...

"အဘကို သိပ်ချစ်တာပဲ၊ အဘ ပိုက်ဆံတွေ အများ
ကုန်သွားပြီလားဟင်၊ နောက်ကို မဝယ်နဲ့တော့နော်"

ဟု ပြောတတ်ခဲ့တာ။ အဘက ခေါင်းလေး
လျက် ...

"အဘ သမီးကို ချစ်လို့ဝယ်ပေးတာ၊ ဈေးကြီးတာတွေ
မဟုတ်ဘူးပေါ့ သမီးရယ်၊ ဒါပေမဲ့ အဘ သမီးနဲ့လိုက်
အဆင်အသွေးလေးတွေတော့ အဘ တတ်သမျှ မှတ်သ
ရွေးဝယ်လာပေးတာ"

ဟု ပြောခဲ့တာ ပြန်လည်၍ ကြားယောင်မိ
အဘ ...။ ခင်နွေ၏ အဘသည် ဘယ်သော
ထိုသို့ ခင်နွေ့ကို ချစ်နိုင်ခွင့် မရှိချေတော့။ ခင်နွေသည်
ဘယ်သောအခါမှ အဘ၏ မေတ္တာများကို ခံယူနိုင်ခွင့်မရှိ
သူတစ်ပါးပေး၍ ရလာသည့်ပစ္စည်းဆိုတာ အားနာရတာ
ယူလိုက်ရမှာကို မဝံ့မရဲဖြစ်ရတာတွေ ရှိတတ်သည်လေ။



အဘ ဝယ်ပေးတုန်းကတော့ အဘ ပိုက်ဆံတွေ
ကုန်ရှာမှာကို သနားစိတ်ဖြင့် မဝတ်ရက် မယူရက်တာပဲရှိသည်။
အားနာရတာ၊ မဝံ့မရဲဖြစ်ရတာမျိုးမရှိ။ သားအဖဆိုတာမှာ ထို
အရာတွေမှ မရှိနိုင်ဘဲလေ။

"အဘကို ခင်နွေ သတိရလိုက်တာ အဘရေ၊ ခင်နွေ
အဘကို လွမ်းလိုက်တာ၊ ခင်နွေလေ ... အဘနဲ့ အတူပဲ
နေချင်တယ်၊ အဘဆီကရတဲ့မေတ္တာမျိုး အေးမြတဲ့ဘဝမျိုးကို
ခင်နွေ ဘယ်သူ့ဆီကမှ ရနိုင်တော့မှာ မဟုတ်ပါဘူး အဘ
ရယ်"

ဆို့နင့်နေသောရင်က လည်ချောင်းတစ်လျှောက်ထိ
တက်လာ၏။ အံကို တင်းတင်းခဲထားလျက် နှုတ်ခမ်းလေးကို
ခိုင်းနေအောင် ဖေ့ပိတ်ထားမိသည်။

ခင်နွေ အရှုံးမပိုရဲတော့။

တစ်နေ့ညနေက ဒေါ်လေးမိထံ အန်တီ ဒေါ်ခင်လေး
မြတ် မီးဖိုခန်းအထိလာ၍ ...

"ကောင်မလေးကို သိပ်ငိုမနေဖို့ပြောဦး၊ အိမ်မှာ မျက်ရည်နဲ့
မျက်ခွက်လုပ်နေတဲ့သူရှိရင် အရောင်းအဝယ်လာဘ်တိတ်
တယ် ဒေါ်မိရဲ့၊ ခုတလော အရောင်းအဝယ်အလုပ်ကို
မဖြစ်ဘူး"

ဟု ပြောခဲ့တာ ခင်နွေ နေရသည့် အခန်းလေးထဲမှ
အတိုင်းသားကြားခဲ့ရသည်လေ။ သည့်နောက်တော့ ခင်နွေ လူသိ
အောင် မငိုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးနေရင်းပဲဖြစ်ဖြစ်၊ အများအိပ်မျိုန်ပဲဖြစ်ဖြ
ခင်နွေ ကျိတ်၍ မျက်ရည်ကျသည်။ အဘ စုထားသည်ဆိုသေ
ခင်နွေ့မျက်စိကို ကုဖို့ဆိုသည့် ငွေသားနှစ်ထောင်ကျော်ကို မ
မကိုင်ရက်တော့ဘဲ ဘုရားမှာ လှူပေးဖို့ အစ်ကိုပိုင့်လက်ထဲ အ
ပေးဖို့လည်း ခင်နွေ ဆုံးဖြတ်ထားပြီးသားပါ။

ခင်နွေငိုတာ မကြိုက်ဟုသိရကတည်းက ခင်နွေ့မ
ထဲမှ သောကဗျာပါဒမီးကို အပြင်လူမသိအောင် သိုဝှက်ခံစားသည

မနက်စောစောထ၍ အိုးခွက်တွေတိုက်။ ကြမ်းေ
တိုက်သ...။

ခင်နွေ့ကြောင့် အန်တီဒေါ်ခင်လေးမြတ် စိတ်ထဲ
အရောင်းအဝယ်ကိစ္စအတွက် စိတ်မသန့်တာမျိုး မဖြစ်စေချင်ပ

ပြီးတော့ ... အန်တီဒေါ်ခင်လေးမြတ်မှာ ခင်
ကျေးဇူးရှင်ပါ။ တကယ်တော့ သီရိငြိမ် တစ်အိမ်သားလုံးသ
ခင်နွေ့ကျေးဇူးရှင်ပါ။

ငြိမ်သက်စွာဖြင့် အင်္ကျီနှင့်ထဘီလေးများကို ဖွ
သပ်ကြည့်ရင်း မျက်နှာလေး ပြုံးထားပါသည့် ခင်နွေ့မျက်နှာလေ
ပိုင်သန့် ကြည့်နေမိသည်။

ခင်နွေ့စိတ်ကလေးတွေ အဝတ်အစားမှာ ရှိမနေ
သူ သိသည်။ နောက် သူ တစ်ခုထပ်သိထားတာရှိသည်။

ခင်နွေ အဘကို သတိရနေရှာသည်ဆိုသည့် အ

"ခင်နွေလေးရယ် ... မင်း ဟန်ဆောင်ကောင်းလိုက်
တကယ်တော့ ခင်နွေ့ရင်ထဲမှာ အပူမီး မငြိမ်းသေး
ဒါပေမဲ့ ခင်နွေ ပုံမှန်ပြန်ဖြစ်တဲ့ ပုံမျိုးလေးဖြစ်အောင်



ဆောင်ကြိုးပမ်းထားပါလားကွယ်၊ စောစောက ပိုင် မသိလိုက်
ခဲ့ဘူး၊ ခုမှ ရိပ်မိရတော့တယ်"

ဟု ရင်ထုမနာကြီးတွေးမိလျက် ဘယ်လိုမှ စိတ်မ
ကောင်းနိုင်တော့။

"ခက်တာပဲ ပိုင်လေးရယ်၊ ခင်လေးက ကောင်မလေးကို
မငိုဖို့ပြောပေးဖို့ ဒေါ်မိကို ပြောခိုင်းတယ်၊ ဘယ်လိုလုပ်
ပြောရက်ပါ့မလဲဟယ်၊ ကလေးခများ အရွှေတစ်ဝက်လောက်
ဖြစ်မတတ် စိတ်နှလုံးထိခိုက်ထားရရှာတာ၊ အဲလို ငိုငိုနေ
တာ လာဘ်တိတ်တယ်တဲ့လေ"

ဟု မနေ့ကပဲ ဒေါ်မိ သူ့ကို ကျိတ်၍ ပြန်ပြောပြခဲ့
သေးသည်။ ခင်နွေ မမေ့စကားကိုများ ကြားသွားရှာချေသည်လား။

"ခင်နွေ အဝတ်တွေ ဝတ်ကြည့်လေ"

ဒေါ်မိမှာလည်း ခင်နွေ့ကို စိတ်ပြေလက်ပျောက်
အရမ်းဖြစ်စေချင်တာ အမှန်ပါ။ စိတ်အပြောင်းအလဲလေးဖြစ်
အောင် အဝတ်တွေ ဝတ်ခိုင်းနေသည်။ ဒေါ်ခင်လေးမြတ်မှာ
ခင်နွေ့အတွက် အဝတ်အစားလေးတွေ ဝယ်ပြုပေးတာကိုလည်း
ဝမ်းသာနေရှာသည်။

"ခင်နွေ ရေချိုးပြီးမှပဲ ဝတ်တော့မယ် ဒေါ်လေးမိရယ်၊
အစ်ကိုပိုင် ခင်နွေ တစ်ခုပြောချင်တယ်၊ အဘ စုထားတဲ့
ငွေနှစ်ထောင်ကျော်ရှိတယ်၊ နှစ်ထောင်ကျော်ဆိုတာက အဘ
ပြောပြထားလို့သိရတာပါ၊ အဲဒါ အဘက ခင်နွေ့ကို မျက်စိ
ပြန်ကုပေးဖို့လို့ပြောတယ်၊ အဘ ဆုံးမယ့်နေ့မှာပဲ မနက်ကြီး
မှာ ပြောခဲ့တာ"

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ့အသံလေး တိမ်ကျသွားသည်။ သို့သော် မျက်ရည်မကျ။ မကျအောင်လည်း ဖွတ်တင်းထားရသည်မို့ထင် မျက်နှာလေးမှာ နီမြန်းလာသည်။

"အဲဒါ အဘအတွက် ကုသိုလ်ကောင်းမှုအနေနဲ့ ဘုရားမှာ လှူချင်တယ်၊ အစ်ကိုပိုင် ယူသွားပြီး အဘအတွက် လှူပေးပါ"

"ခင်နွေရယ် ..."

သူ ကြေကွဲထိခိုက်ရလွန်း၍ စကားမဆက်နိုင်အောင် ဖြစ်လာရပါပြီ။

"ပိုင် ဘယ်လို ဆက်ကြည့်ရက်နိုင်ပါတော့မလဲ ခင်နွေလေးရယ်"

ဟု ရင်ထဲမှ မချိတင်ကဲ ခံစားတွေးမိနေပါပြီ။

"မိန်းကလေးရယ် ... ညည်းအဖေက ညည်းကို မျက်စိကွယ်လွန်းလို့ ရည်စူးပြီး စုခဲ့ရှာတာ၊ သေသူရဲ့ဆန္ဒပြည့်အောင် ညည်း မျက်စိကုတဲ့အခါကျတော့ သုံးပေါ့အေ"

အလှူအတန်းကိစ္စ မတားကောင်းမှန်း ဒေါ်မိ သိ(ပါ)သည်။ ဒါပေမဲ့ သေသူ၏ ရည်စူးထားတာကို တွေးမိနားလည်ရတာမို့ ဝင်ပြောမိရခြင်းပါ။

ခင်နွေ ခေါင်းပဲခါသည်။

ခင်နွေ မျက်စိကုဖို့ဆိုတာ ဘယ်လို ဖြစ်လာနိုင်ပါ(တော့)မည်လဲ။ မည်သူက ဦးဆောင်စီမံပေးပါမည်လဲလေ။ ခင်နွေ့အတွက် စဉ်းစားပေးမည့် အရင်းအချာရယ်ဟူ၍ ဘယ်သူ ရှိချေသည်မဟုတ်ချေဘဲ။



သီရိခြိမ်မှ ခင်နွေ့ကို နေခွင့်ပေးထားသည်ကပင် ကျေးဇူးကြီးလှပါပြီ။

ပြီးတော့ ခင်နွေ မျက်စိလည်း ပြန်မမြင်ချင်တော့ပါ။

"ခင်နွေ လှူပါရစေ ဒေါ်လေးမိရယ်၊ အဘအတွက် ခင်နွေ ကောင်းမှုပြုပါရစေ၊ ဒီငွေကိုမှမသုံးရင် ခင်နွေ ဘယ်မှာ နောက်ထပ် ရှာဖွေလှူဒါန်းနိုင်ပါ့မလဲ၊ အဘစုခဲ့တာလေးကို အဘအတွက်ကောင်းမှုအဖြစ် ခင်နွေ ပြုပါရစေ" ...

မျက်ရည်ဝဲနေလျက် ခင်နွေ ခပ်တိုးတိုး ပြောသမျှ နားထောင်နေရင်း သူ့နှလုံးတို့ ဆုပ်ညှစ်ခံလိုက်ရသလို တင်းကျပ်နာကျင်လာရသည်။

"ကဲပါ ဒေါ်လေးမိရယ်၊ ခင်နွေ ဖြစ်ချင်တာဖြစ်ပါစေ၊ ခင်နွေ အစ်ကိုပိုင် လုပ်ပေးမယ်၊ ဟုတ်လား"

ခင်နွေ စိတ်ချမ်းသာဖို့သာ အဓိကမဟုတ်လား။

သူ ဝင်ပြောတော့ ခင်နွေ ကျေးဇူးတင်စွာ ပြုံး၍ သူ့ဘက်သို့ ခေါင်းလေးငဲ့ရင်း ...

"အစ်ကိုပိုင့်ကို သိပ်ကျေးဇူးတင်တာပဲ"

ဟု ဆိုသည်။ နောက် ခင်နွေ အဝတ်အစားလေးတွေကို ငုံ၍ အခန်းလေးရှိရာသို့ လျှောက်သွားသည်။ သီရိခြိမ် အောက်ထပ်ကိုတော့ ခင်နွေ သွားလာနေတတ်ပါပြီ။

ခင်နွေ့အခန်းထဲရောက်တော့ သေတ္တာလေးကိုဖွင့်သည်။ တုန်ယင်နေသော လက်ချောင်းလေးများဖြင့် အဘ၏ ငွေထုပ်လေးကို စမ်း၍ ယူသည်။

www.burmeseclassic.com



အဝတ်စလေးဖြင့် သေချာ ကျစ်ကျစ်လျစ်လျစ်စွာ ထုပ်ထား ထားသည့် ငွေထုပ်လေးကို မြတ်နိုးယုယစွာ ရင်မှာအပ်မိသည်။

အဘ ရှာဖွေစုဆောင်းခဲ့သည့် ချွေးနဲစာငွေ။

"ခင်နွေ့ဘဝက မျက်စိမမြင်တဲ့သူမို့ ငွေကို ဘယ်မှာ ရှာမရတဲ့သူပါ အဘရယ်၊ အဘကိုလေ ခင်နွေ ရည်စူး ကောင်းမှုပြုချင်လွန်းလို့ အဘ ခင်နွေ့အတွက် ထားရစ် တဲ့ငွေကို အဘအတွက် ခင်နွေ ရည်စူးလှူဒါန်းပါရစေ ရောက်လေရာဘဝက သာစေပါ အဘရယ် ..."

ခင်နွေ တိုးတိုးလေးပြောမိရင်း ကျိတ်၍ ငိုရှိုက်သည် ဘယ်လိုမှ ခင်နွေ ထိန်းထားနိုင်စွမ်းမရှိ။

ဤအခန်းလေးမှာ ဘယ်သူမှ မရှိချေသည်ဘဲလေ

နင့်နင့်သည်းသည်း ငိုမိသည်။ ရင်နှင့်မဆံ့ ထိခိုက် ခံစားရလေသမျှ ကြေကြေကွဲကွဲ ငိုလိုက်မိသည်။ သို့သော် အသံ ကို ကျယ်ကျယ်မထွက်စေရ။

ကျိတ်၍ငိုရှိုက်ရသည်မို့ ရင်တစ်ခုလုံး ကြေမွ ထားသည်လို့ ကျပ်ခဲ့လာရသည်။

သို့သော် ... အခန်းဝတွင် မလှုပ်မယှက်ရပ်လျက် ကြီးစွာသော စိတ်ထိခိုက်ခြင်းဖြင့် မျက်ရည်ဝဲလျက် တိတ်ဆိတ်စွာ ကြည့်နေပါသည့် ပိုင်သန့်နှင့် ဒေါ်မိကို ခင်နွေ အဘယ်သို့ မြင် နိုင်ပါမည်လဲလေ။

"ခင်နွေရယ် ..."

သူ ဘယ်လိုမှ မကြည့်ရက်နိုင်။ ခင်နွေ ရှိရာသို့ သွားမည်ပြုတော့ ဒေါ်ဒေါ်မိ သူ့လက်ကို လာရောက်ဆုပ်ကိုင်



ထားမြစ်သည်။ သူ ဒေါ်မိကို ကြည့်တော့ မျက်နှာရိပ်ဖြင့် မသွား ဖို့ပြသည်မို့ သူ တွေတွေကြီး ခင်နွေ့ကို ရပ်ကြည့်မိပါ၏။

ခင်နွေ ခံစားနေရတာကို လွတ်လပ်စွာ ခံစားနိုင်ဖို့ ဒေါ်မိ တားခြင်းဆိုတာ သူနားလည်သည်။

သူ နေရာမှ ချာခနဲ လှည့်၍ ခြေလှမ်းကျဲကြီးနှင့် ဧည့်ခန်းဆီသို့ ပြန်လျှောက်ခဲ့ပါ၏။ နှလုံးသား၏ အရှင်သခင် ခင်နွေ့အတွက် သူ့ရင်သည်လည်း ကြေကွဲကြေမွှန်းသည်သို့ ရှုံ့ ခံစားနေရပါချေသည်တကား။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## ၁၉

မနက်အိပ်ရာထတာ နောက်ကျတာကတော့ နိုင်သန့်အတွက် အစဉ်အလာလိုဖြစ်နေပြီ။ အပေါ်ထပ်မှ တဘက်ကလေးလည်မှာသိုင်း၍ ထုံးစံအတိုင်း ခြေသံတွေ ဆူညံလျက်ဆင်းလာတော့ အိမ်ရှေ့ပေါ်တီကိုအောက်တွင် ဆိုင်ကယ်နှင့် အပြင်ထွက်ရန် အသင့်ပုံစံမျိုးဖြင့် ရှိနေသော ပိုင်သန့်ကို လှမ်းမြင်ရသည်မို့ ...

"ဟော ... ပိုင် ဘယ်လဲကွ"

လှမ်းအော်မေးသံကြောင့် ပိုင်သန့် ဆိုင်ကယ်ကို စက်ပြန်သပ်လိုက်ရင်း ...

"ဘုရားသွားမလို့ ..."

ဟု ပြန်ဖြေသည်။ နိုင်သန့်မျက်နှာတွင် ထုံးစံအတိုင်း လှောင်ရိပ်ထင်လာလျက် ...

"တယ်ဟုတ်ပါလား၊ စောစောစီးစီး တရားမြဲနေတယ် ပေါ့"

လှောင်ထေ့ထေ့ ပြောတတ်တာကတော့ နိုင်သန့်၏ ဝမ်းတွင်းပါလိုဖြစ်နေပြီ။



ပိုင်သန့် ဘာမျှ ပြန်မဖြေတော့ဘဲ ဆိုင်ကယ်စက်နှိုးပြီးထွက်သွားတော့ ပခုံးတွန့်ပြုံးလိုက်ရင်း ဒေါ်ဒေါ်မိရှိရာ ထမင်းစားခန်းသို့ ထွက်ခဲ့သည်။

အပေါ်ထပ် အိပ်ခန်းမှာ ရေချိုးခန်းနှင့် ရေအိမ်ကတွဲလျက်မို့ မျက်နှာသစ်ကြွေခွက်တွင် သူ မျက်နှာသစ် သွားတိုက်ခဲ့ပြီးပြီ။ ကော်ဖီသောက်ဖို့ပဲ ကျန်တော့သည်လေ။

"ဒေါ်ဒေါ်မိ ကော်ဖီသောက်တော့မယ် ဆာပြီဗျ"

ကုလားထိုင်ကို ခွထိုင်လျက် နိုင်သန့်ပြောတော့ ဒေါ်မိ ကော်ဖီနှပ်ထားသော ကရားထဲမှ ကော်ဖီကို နွားနို့သကြားသင့်ရုံဖျော်စပ်ပေးပြီး နိုင်သန့်ရှေ့ ချပေးသည်။

ပေါင်မုန့်ကို ဒေါ်ဒေါ်မိ မီးကင်ပေးနေခိုက် ကော်ဖီတစ်ခွက်ကို နိုင်သန့် သောက်ပြီးပြီ။ ပေါင်မုန့်ကို ထောပတ်သုတ်ပေးပြီးနောက် ဒေါ်မိ ဒုတိယအကြိမ် ကော်ဖီဖျော်ပေးသည်။

"ပိုင်က မနက်စောစော ဘုရားသွားလို့ဗျ၊ ထူးထူးဆန်းဆန်း"

ပေါင်မုန့်ကို နှစ်ချပ်ထပ်၍ စားရင်းဝါးရင်း နိုင်သန့် ပြောသည်။

"ခင်နွေ့အဘ ထားခဲ့တဲ့ ငွေနှစ်ထောင်ကျော်ကို ခင်နွေ့က သူ့အဘအတွက် ရည်စူးလှူဒါန်းပေးပါဆိုလို့ သွားလိုက်တာ"

စားလက်စပေါင်မုန့်ကို ချထားလိုက်လျက် နိုင်သန့်မျက်နှာမကောင်း။

စိတ်မကောင်းဖြစ်သွားတာမှန်း သိသာသည်။

www.burmeseclassic.com



"ဒီကောင်မလေး သနားစရာဗျာ၊ အစက ဒီလောက်သနားစရာလို့ မထင်မိဘူး၊ ကြာလေလေ သနားဖို့ကောင်းလေဖြစ်ဖြစ်လာနေပြီ"

ဟု ညည်းသည်။

ဦးဘညွန့် ဆုံးပါးသွားစဉ်က ခင်နွေ၏ သောကမီးလောင်မြိုက်ခံစားရတာကို မြင်ရပြီးကတည်းက ခင်နွေ့ကို အရမ်းသနားသွားမိရသည်။ ခင်နွေ၏ သနားစရာဘဝလေးကိုလည်း မျက်ဝါးထင်ထင် မြင်ရသည်မို့ ကြင်နာစိတ် ယိုဖိတ်ရသည်လေ။

"အခု ကောင်မလေး ဘယ်မှာလဲ"

"မီးဖိုခန်းမှာ ကြမ်းကို ရေပတ်အဝတ်နဲ့တိုက်နေလေရဲ့ အလုပ်ကတော့ တကုပ်ကုပ်လုပ်ချင်တဲ့ ကလေး"

နိုင်သန့်သည် ကော်ဖီကို မော့သောက်သည်။ စားလက်စမုန့်ကိုချထားခဲ့ပြီး မီးဖိုဆောင်အခန်းဆီသို့ လျှောက်ခဲ့၏။

မီးဖိုခန်းက သမံတလင်းခင်းထားသည်။ ရေပုံးချထားခဲ့ပြီး ရေပတ်အဝတ်ဖြင့် ကြမ်းတိုက်နေတာကိုကြည့်ရင်း စိတ်မကောင်း။

"ဟော့ ... ကောင်မလေး၊ မပြင်မစမ်းနဲ့ ကြမ်းတွေတိုက်နေပြန်ပြီလား၊ လူကဖြင့် စိတ်ထောင်းကိုယ်ကြေနဲ့ ပိန်ညှပ်နေရတဲ့ကြားထဲ အရိုးပဲကျန်လိမ့်မယ်၊ မလုပ်နဲ့တော့"

ပြောတာဆိုတာ မပျော့ပျောင်းပေမယ့် စေတနာစကားဆိုတာတော့ ခင်နွေ နားလည်ပါသည်လေ။

ဒါပေမဲ့ ဒီလိုလုပ်နေခြင်းက ခင်နွေ့စိတ်ကလေးရဲ့ အတန်အသင့် နစ်ဝင်လျက် သောကဝန်ကို အနည်းအကျဉ်းလေး



တော့ လျှော့၍ ခံစားစေသည်ဆိုတာ အစ်ကိုနိုင်သန့် ဘယ်လိုသိနိုင်ပါမည်လဲလေ။

"ရပါတယ် အစ်ကိုနိုင်သန့်ရယ်၊ ခင်နွေ လုပ်နေကျပါ"

နိုင်သန့် တံခါးပေါင်ကို နောက်ကျောဖြင့် မှီရပ်လိုက်ပိုက်ကြည့်ရင်း ...

"ညည်း လုပ်တတ်ကိုင်တတ်တာ ငါ သိပါတယ်၊ မပြင်မစမ်းနဲ့လုပ်နေတာ ကြည့်မကောင်းလို့ပြောတာ၊ ညည်းအဘ ပိုက်ဆံကို လှူနိုင်းလိုက်တယ်ဆို၊ အေး ... ကောင်းတယ်၊ ညည်းအဘလဲ ကုသိုလ်ရတာပေါ့"

တကယ်တော့ ခင်နွေ့စိတ်ထဲ ကောင်းသွားအောင် ပြောပေးခြင်းပါ။ လှူလိုက်တန်းလိုက်ပြီး ကုသိုလ်ပွားများသည့်စိတ်ကိုမွေးတာ ကောင်းသည်လေ။

ခင်နွေ့ကိုကြည့်လျက် မပြုံးမပြင်ဘဲနှင့် လှနိုင်လွန်းပါသည့် မျက်နှာလေးကို ငေးခနဲ ကြည့်ဖြစ်သွားရသည်။

နိုင်သန့်ကိုယ့်ကိုယ်ကိုယ် နားမလည်ချင်။ ဤကောင်မလေးအကြောင်း ညညတွေမှာလည်း ခဏခဏ တွေးနေမိတတ်သည်။ သနားတာကလည်း အရမ်း။

"ဒေါ်ဒေါ်မိ ဒီကောင်မလေးဆီက ရေစိုအဝတ်နဲ့ ရေပုံးကြီး သွားယူလိုက်စမ်းပါဦး၊ မျက်စိကိုနောက်နေတာပဲ၊ ဟိုစမ်းစမ်း ဒီစမ်းစမ်းနဲ့"

စေတနာပါတာကို ပါမှန်းသိအောင် မပြောတတ်တာတော့ နိုင်သန့်အကျင့်။ ကြားရသူနားထဲ ကန့်လန့်ကြီး ဝင်သွားအောင် ပြောတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ့ကို မလှုပ်စေချင်တာကို စေတနာသံဖြင့်မပြော မာကြောကြောပြောသည်။

ဒေါ်မိမှာ ရေဇလုံကို ခင်နွေ့လက်ထဲမှ ကြမ်းတိုက် အဝတ်ကို သိမ်းသွားသည်။ သည်တော့လည်း ခင်နွေ့ လက်လေး ဆေးပြီး ဒေါ်မိနှင့် ခင်နွေ့ နေရာအခန်းလေးထဲ ဝင်သွားသည်ပါ။

“စေတနာနဲ့ပြောတာ ကောင်မလေးရဲ့ ညည်းကိုယ်ညည်း မမြင်ရလို့၊ ဘယ်လောက် ပိန်ညှောင်နေပြီဆိုတာ မသိတာ မြင်နိုင်တဲ့ ငါတို့မျက်စိထဲမှာ နင်ဟာ ပုစိကွေးလေးပဲကျ တော့တယ်”

ဟု နိုင်သန့် စေတနာသုံးတန်စကားကို မချော မှာ လှမ်းပြောဖြစ်အောင် ပြောလိုက်ချေ၏။

❋ ✱ ❋



နိုင်သန့် ဆိုတာ လှလှပပနေတတ်သည့် အကျင့်က ယ်ငယ်ကတည်းကပါ။ အဝတ်အစား ကောင်းကောင်းဝတ်သည်။ နှင့်မိုးနှင့်နေသည်။ ပင်ပန်းတာဆို ဘာမျှမလုပ်။ အဆုံးစွန် ားကစားပင် မလုပ်။ ပါးပါးလျားလျား ဖြူဝင်းစိုပြည်သော သားဖြင့်ရှိသည့် နိုင်သန့်ကို မိန်းကလေးအတော်များများကလည်း ျမ်းသာဂုဏ်ရှိန်ဝါရှိသည်မို့ အလေးထားစိတ်ဝင်တစား ရှိတတ် ကြတာ အမှန်။ ဒါပေမဲ့ နိုင်သန့်စိတ်တွေ ယခင်တုန်းကလို ဟုတ်ချင်။

အလှအပတွေစုံနေအောင် ပြင်ဆင်ခြယ်မှုန်းထား သည့် ကောင်မလေးတွေ မျက်နှာထက် အိမ်က မျက်မမြင်ကောင်မ လေး၏ လှပသောမျက်နှာလေးကိုပဲ မြင်မြင်နေမိနေတတ်သည်။

“ငါ ဘာဖြစ်နေတာလဲ၊ အဲဒီကောင်မလေးက ချူးတစ်ပြား မရှိအောင် ဆင်းရဲတာ၊ ရုပ်ချောပေမယ့် ကန်းနေတဲ့အကန်း၊ လူရာသူရာသွင်းလို့လဲ ရတဲ့ကောင်မလေးမဟုတ်ဘူး”

ဘယ်လိုတွေးတွေး မရ။ စာသင်နေချိန်များမှာပင် ခင်နွေ့မျက်နှာလေးပဲ တရေးရေး မြင်ယောင်နေမိခဲ့ရသည်။

www.burmeseclassic.com



ဦးဘညွန့် ကွယ်လွန်ချိန်က ခင်နွေ ရင်ကွဲမတတ

ချောက်ချားခံစားရရှာတာ။

တွယ်ရာမဲ့ ခိုကိုးရာမဲ့ ခံစားနေရရှာတာ။ ဘယ်လို

မေ့ပျောက်မရနိုင်ဗွာ ရင်ထဲမှာ နစ်ဝင်နေသည်။

"ခက်တာပဲ"

နှုတ်မှ ညည်းတွားယူရသည်အထိပါ။

အပေါ်ထပ်တက် ရေမိုးချိုး အဝတ်အစားလဲ

လွယ်အိတ်ထဲ စာအုပ်တွေထည့်၍ နိုင်သန့် ဆင်းခဲ့သည်။

"ဒေါ်ဒေါ်မိ နိုင် သွားပြီ"

အော်ပြောခဲ့ပြီး ဆိုင်ကယ်စီး၍ နိုင်သန့် ထွက်ခ

ရပေမယ့် ထုံးစံအတိုင်း ခင်နွေ့မျက်နှာလေးက ရင်ထဲမှာ ကပ

လာပြန်သည်။

"ဒီကောင်မလေးကို ငါ ဒီလောက် တမြင်တည်းမြင်နေ

မေမေသိရင် ဘယ်လိုမှ ကြိုက်မှာမဟုတ်ဘူး၊ ငါ သူ

ချစ်နေတယ်ဆိုရင်လဲ သဘောတူမှာမဟုတ်ဘူး၊ သူ

ငါ ယူလိုက်ရင်လဲ အမွေဖြတ်ပစ်မှာ၊ ငါ ဆင်းဆင်းရဲ

နေရမှာ၊ ပြီးတော့ သူက မမြင်မကမ်းနဲ့ရှိနေတာကြ

ငါ တစ်သက်လုံး ရင်ဆိုင်သွားရမှာ"

ဆင်းရဲဒုက္ခဆိုတာကို မခံချင်တာက နိုင်သန

စိတ်ထားရင်းမှန်။

ခင်နွေ့ကို ချစ်နေမိပြီလားဆိုတာ တွေးမိတိုင်း

ကိုယ်ကိုယ် ကြပ်ကြပ်မတ်မတ် ပြန်ပြန်ဆုံးမသတိပေးနေမိရ



"ဒါပေမဲ့ ကောင်မလေးက ကံအကျိုးပေးမကောင်းလို့သာ ကန်းနေရှာတာပါ၊ သူ့ကို ကုသရင် ပြန်မြင်ချင်မြင်မှာပေါ့၊ သူ့ခမျာ ဒီလိုပဲ ထမင်းစားကျွန်ခံဘဝမျိုးနဲ့ သိရိငြိမ်မှာ အကန်းဘဝနဲ့ နေသွား အဆုံးသတ်သွားရရှာမှာ သနားပါတယ်"

ဆိုင်ကယ်သာ စီးနေသည်။

စိတ်က တစ်စက်ကလေးမငြိမ်။

ခင်နွေ့ကို မချစ်ဖို့ တားမြစ်နေသည်က တစ်ဖက်။ ခင်နွေ့ကို ချစ်ဖို့ တိုက်တွန်းနေသည်က တစ်ဖက်။ အားပြိုင်လွန်ဆွဲနေသည်။

ကြံဖန်တွေးနေမိပေမယ့် သနားရုံသက်သက်မျှမဟုတ်တာကို မိမိကိုယ်ကို သိနေ၏။

❋ ✱ ❋

www.burmeseclassic.com

www.burmeseclassic.com



## ၂၀

"ခင်နွေ"

အကျော်ပင်ကြီးအောက်မှာ ထိုင်နေသည့် ခင်နွေ့ဘေး
တွင် ပိုင်သန့် ဝင်ထိုင်ရင်း ခပ်တိုးတိုးခေါ်သည်။

စိမ်းမြမြမြက်ခင်းပြင်ထက်တွင် ပန်းကြွေလေးများ
အနှံ့အပြားရှိနေကြသည်။

ဒါပေမဲ့ ယခင်တုန်းကလို ခင်နွေ ပန်းလေးတွေ
သိမထား။ ကောက်လည်းမကောက်။ ခင်နွေ့ဘေးတွင် အဘလှ
ပေးခဲ့သော တောင်ဝှေးလေးက လဲလျောင်းရှိနေသည်။

သူ ခင်နွေ့လက်လေးကို အသာအယာ ယူလိုက်
လျက် လက်ဖဝါးလေးကိုဖြန့်သည်။

နောက် ... အလှူငွေလက်ခံရရှိသည့် ဖြတ်ပိုင်းလေး
ကို ခင်နွေ့လက်ဖဝါးနုနုလေးထက်တွင် ထည့်ပေးသည်။

နောက် ... ခင်နွေ့လက်ကလေးကို သူ့လက်ဖြ
အုပ်မိုးထွေးဆုပ် ကိုင်ထားမိပါ၏။



"အဲဒါ ခင်နွေ လှူချင်တဲ့ငွေကို သွားလှူလာခဲ့လို့ရတဲ့
လက်ခံဖြတ်ပိုင်းလေးပဲ ခင်နွေ"

ခင်နွေ၏လက်ချောင်းတွေ တဆတ်ဆတ်တုန်ယင်
နေရှာတာကို သူ သိနေသည်။

ခင်နွေ့မျက်ဝန်းလေးမှာ မျက်ရည်လေးတွေ ရစ်ဝိုင်း
လာတာကိုလည်း သူ မြင်နေရသည်။

"အဘအတွက် ရည်စူးပြုခဲ့တဲ့ ကောင်းမှုကုသိုလ်အတွက်
အဘ ကြည်နူးသာဓုခေါ်ပါ အဘရယ် ... ခင်နွေ ပြုသမျှ
ကို ကုသိုလ်များကိုလဲ အဘအတွက်ရည်စူး အမျှပေးဝေပါ
တယ်၊ အဘရေ ... အမျှ ... အမျှ ... အမျှ ..."

တိုးညင်းသော်လည်း ရှိုက်သံများ ရောထွေးနေပါ
သည့် အသံလေး။

သူ စိတ်အထိခိုက်ကြီး ထိခိုက်နေရပါပြီ။ မျက်ရည်
ဥလေးတွေ လိမ့်ခနဲစီးကျလာတာ မြင်တော့ သူ တယုတယသုတ်
ပေးမိသည်။

သူ့ရှေ့မှာတော့ ခင်နွေ ငိုနေ၍ရသည်ဟူ၍ ခင်နွေ
အားလည်းထားဟန်တူသည်။

မျက်ရည်ကို ထိန်းမရနိုင်တော့၍လားမသိ။ ခင်နွေ
အတော့ မျက်ရည်သွန်ချလိုက်ရှာပြီ။

"ခင်နွေ တစ်ယောက်တည်းလို ဖြစ်နေပြီ အစ်ကိုပိုင်ရယ်"

ပွင့်အန်ကျလာသော စကား။

"မဟုတ်တာ ခင်နွေရယ် ..."

www.burmeseclassic.com

www.burmeseclassic.com



သူ ခင်နွေ့ပခုံးလေးကို သူ့ဘက်ဆွဲလှည့်လိုက်ရင်း စိတ်ထိခိုက်စွာ ပြောမိသည်။

"အစ်ကိုပိုင် ပြောဖူးတယ်မဟုတ်လား၊ အစ်ကိုပိုင်တစ် ယောက်လုံးရှိပါတယ်လို့၊ ဘာလို့ ဒီလိုအားငယ်စရာတွေး နေရတာလဲ ခင်နွေ့"

ခင်နွေ့ ဘာမှ ပြန်မဖြေတော့။

ယုံမိခဲ့ဖူးပါတယ် အစ်ကိုပိုင်ရယ်။

ဟိုး ... အရင်တုန်းက ခင်နွေ့ ယုံမိခဲ့ဖူးတယ်။ မျှော်လင့်အားကိုးမိခဲ့ဖူးပါတယ်။

ပညာမပြည့်စုံတဲ့ ... ဘာကိုမှ မမြင်ရတဲ့ ... ခင်နွေ့ ဟာ အမျှော်လင့်ကြီး မျှော်လင့်ခဲ့ဖူးတာ ရှိခဲ့ဖူးပါတယ်။

အစ်ကိုပိုင်ဟာ ငယ်ကတည်းက ခင်နွေ့ကို နားလည် တယ်။

ကြင်နာတယ်။ ခင်နွေ့သောကလေးတွေကို ဖြေဖြေ အောင် စွမ်းဆောင်ဖြေသိမ့်ပေးတယ်။

ခင်နွေ့အပေါ် အရမ်းလည်း စိတ်ရှည်ခဲ့တယ်။ ဒါကြောင့် ခင်နွေ့ မျှော်လင့်ခဲ့ဖူးတယ်။ တစ်နေ့မှာ အစ်ကိုပိုင် ဟာ အစ်ကိုပိုင့်ဘဝထဲကို ခင်နွေ့ကို ခေါ်ထားလိမ့်မယ်လို့ပါ။

ဘယ်လောက် မိုက်မဲလိုက်တဲ့ မျှော်လင့်ချက်လဲ အစ်ကိုပိုင်ရယ်။

သူဆင်းရဲမ ပညာမတတ်တဲ့ မျက်မမြင်မလေးတစ် ယောက် ဘယ်လောက်များ မိုက်မဲ မျှော်လင့်မိခဲ့သလဲကွယ်။



ခင်နွေ့ကို အစ်ကိုပိုင် တာဝန်ယူတယ်ဆိုတာ ဒီလို ငြိမ်မှာ နားခိုခွင့်။ စားသောက်ခွင့်။ အဲဒီလို အတိုင်းအတာ ပဲဆိုတာ ခင်နွေ့ နားလည်လာတယ်။

ခင်နွေ့လေ သိပ်ကို အားငယ်ရတဲ့အခါမှာ အစ်ကိုပိုင့် က မေတ္တာစကား ဖွင့်ဟလာမလားလို့ အားကိုးစိတ်နှင့် မျှော် င့်မိခဲ့ဖူးပါတယ်။

ဒါပေမဲ့လေ အဲဒါဟာ ဘယ်တော့မှ ဖြစ်လာနိုင် တော့မှာ မဟုတ်ပါဘူး။

ခင်နွေ့ဘဝဟာ ခင်နွေ့ရှေ့မှာ ကြွေလွင့်ကျနေမယ့် ကျော့ပွင့်လေးတွေလိုပဲ ရှိနေမှာပါ။ လှမ်းမချူချင်ရင်တောင်မှ လိုက်သင့် ကောက်ယူလေမလားရယ်လို့ ကြွေချပေးတဲ့ ပန်းလေး ပါ။

ဒါပေမဲ့လေ ဒီပန်းလေးကို ခင်နွေ့လို မိန်းကလေး ဆင်းရဲကသာ ကောက်ယူ ပန်ဆင်တတ်တာပါ။

ဖကယ့်တန်ဖိုးကြီး ဝန်းတွေကိုမှ တန်ဖိုးထားအလှ ဆင်လိုတတ်တဲ့သူတွေအတွက် ဒီပန်းဟာ ဘယ်လိုမှ အရေးပါ ရောက်လာနိုင်စရာ မရှိပါဘူးလေ။

တကယ်တော့ အစ်ကိုပိုင်ရယ် ...

ခင်နွေ့ကို ခုချက်ချင်း လက်ထပ်ပြီး အစ်ကိုပိုင့် ဝထဲကို ခေါ်ထားဖို့မဟုတ်ပါဘူး။

ဒါပေမဲ့လေ ဒီလောက်အားငယ်ချောက်ချားနေရ ခင်နွေ့ကို အစ်ကိုပိုင်ဟာ သာမန်သူဆင်းရဲမလေးအဖြစ် သဘောထားနေ ပဲ ဖြစ်တယ်ဆိုတာ နားလည်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ စိတ်ကူးယဉ်ခဲ့မိဖူးပါတယ်။ ဒါတွေဟာ ပြီးဆုံးခြင်းကို ရောက်ရှိသွားခဲ့ပါပြီ။

တကယ်တော့ ... သူဆင်းရဲမိန်းကလေးတစ်ယောက်ကို အရမ်းချမ်းသာတဲ့ သူဌေးသားလေးတစ်ယောက်က သနားတယ်၊ ကြင်နာစိတ်ရှည်တယ်ဆိုတာ အတိုင်းအတာတစ်ခုအထိပဲ ရှိမှာပေါ့။ ဘဝတစ်ခုလုံး ပေါင်းစပ်လို့ တစ်သက်တာအတွက် အဖော်မွန်အဖြစ် ရွေးချယ်ဖို့ထိတော့ ဘယ်သူ စွန့်စားစိတ်ကူးရဲပါ့မလဲ အစ်ကိုပိုင်ရယ်။

တကယ်တော့ အစ်ကိုပိုင် ခင်နွေ့ကို ချစ်မိချင်လဲ ချစ်မိလိမ့်မယ်။

ဒါပေမဲ့ စည်းစိမ်းဥစ္စာတွေ ဘယ်လိုမှ တူနိုင်းစရာ လောက်အောင် ကွာခြားလွန်းလှတဲ့ ခင်နွေ့ကို ဘယ်လိုလက်ထပ်နိုင်ပါ့မလဲ။ ဖွင့်ပြောနိုင်ပါ့မလဲ။

ဒါပေမဲ့လေ ...

မဖြစ်နိုင်မှန်းသိနေတဲ့ အတူတူ ခင်နွေ့ကို ဝေဒနာ ထပ်မတိုးစေချင်လို့ပဲဖြစ်ဖြစ် အဲလို စေတနာမျိုးနဲ့ ခင်နွေ့ကို ချစ်ခွင့်မပန်တော့တာဆိုရင်လည်း ခင်နွေ ကျေးဇူးတင်မိမှာ အမှန်ပါ။

တကယ်တော့ အစ်ကိုပိုင်ဟာ ခင်နွေ့ကို သာမန် သနားလို့ကြောင့်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ဘဝချင်း မနီးစပ်နိုင်မှန်း သိလို့ ချစ်မိတာကို ဖွင့်မပြောတော့တာကြောင့်ပဲဖြစ်ဖြစ်။

ခင်နွေ့ကို သိရှိငြိမ်မှာ နေထိုင်ခွင့်ပေးတဲ့ မိသားစုထဲက သူတစ်ယောက်ကို ခင်နွေ ကျေးဇူးတင်ပါတယ်။ စိတ်ထဲမှာလည်း မငြိုငြင်မိပါဘူးရှင်။



ခင်နွေ့ရင်ထဲမှာ အစ်ကိုပိုင်ကို ဘယ်လောက်ကြီးပဲ ချစ်နေမိပါစေ၊ ခင်နွေ့ကို အစ်ကိုပိုင့်ဘဝထဲမှာ ခေါ်ထားဖို့အထိ ဘယ်တော့မှ မမျှော်လင့်တော့ပါဘူး။

ခင်နွေ မျက်ရည်ကို သုတ်သည်။

မျက်နှာလေးကို တည်ငြိမ်အောင် ကြိုးစားထိန်းယူသည်။

"ခင်နွေ့အတွက် ဘုရားမှာ အဘအတွက် ရည်စူးအလှူငွေထည့်လှူဒါန်းပေးတဲ့ အစ်ကိုပိုင့်ကို ခင်နွေ သိပ်ကျေးဇူးတင်ပါတယ်၊ ခင်နွေ့ရင်ထဲမှာလေ ... ကျေနပ်သွားရပါပြီ၊ အဘအတွက် ခင်နွေ ကောင်းမှုကုသိုလ်ကို ရည်စူးလို့ မပေးနိုင်ခဲ့တဲ့အတွက်ပါ"

တည်တည်ငြိမ်ငြိမ်လေး ခင်နွေပြောသည်။ မျက်ရည်လည်း ထပ်မကျတော့။ သူ ခင်နွေ့ မျက်နှာလေးကို စူးစူးစိုက်စိုက်ကြည့်နေမိသည်။

ခင်နွေ့ ရင်ထဲမှာ ကြိတ်မှိတ်ကြေကွဲခံစားနေရသည်ဟု သူ ထင်သည်။ ခင်နွေသည် သူ၏နှလုံးသားကြေးမုံပြင်လေးပဲလေ။ ခင်နွေ့မျက်နှာလေးကို ကြည့်မြင်ရုံဖြင့် ခင်နွေ ကြေကွဲခံစားနေရတာကို သူ မျှဝေခံစားနာလည်ခဲ့သည်ကိုက ဟိုးယခင်ကတည်းက မဟုတ်ပါလားလေ။

"ခင်နွေ ... အစ်ကိုပိုင် ပြောမယ်၊ ခင်နွေ အားငယ်နေတယ်ဆိုတာ အစ်ကိုပိုင် သိတယ်၊ ခင်နွေ ဖြစ်ချင်တာတွေ ဖြစ်လိုတာတွေကို အစ်ကိုပိုင် ဘာမဆို လုပ်ကိုင်ပေးချင်တယ် ...

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုပိုင်လေ ကျောင်းမှာ အတန်းတက်နေရင်တောင်မှ စိတ်က ခင်နွေ့ဆီမှာပါ၊ နောက်ကို တစ်ယောက်တည်းဆိုတဲ့အတွေးမျိုး ထပ်မတွေးပါနဲ့တော့ ခင်နွေရယ်၊ ခင်နွေ့ကို အစ်ကိုပိုင် ဘယ်လောက်ထိ သံယောဇဉ်ကြီးတယ်ဆိုတာ နားလည်တယ်မဟုတ်လားဟင်”

သူ ခင်နွေ့စိတ်ထဲ နားလည်လာအောင် ကြိုးစားပြောပြသည်။ ညင်ညင်သာသာ ပြောပြနေမိသည်။

ခင်နွေ ပြုံး၍ ခေါင်းညိတ်ပြတာကို မြင်ရပေမယ့် မျက်နှာလေး လန်းမလာတာကို သူ မြင်နေရသည်။

“ခင်နွေလေ ... ဒီမှာ လာထိုင်တာ အဘကို သတိရလို့ပါ၊ ခင်နွေ ပြန်တော့မယ်”

အလှူမံဖြတ်ပိုင်းလေးကို တယုတယ ဆုပ်ကိုင်၍ ခင်နွေပြောတော့ သူ သက်ပြင်းရှိုက်သည်။ လောလောဆယ် ခင်နွေ့ကို ဘာမဆို အလိုကျပဲ ဖြစ်စေချင်သည်။ စိတ်မရှုပ်စေချင်။ ဒါကြောင့် သူ ခင်နွေ့လက်လေးကို တွဲယူလျက် ဆွဲထူပေးလိုက်မိပါ၏။

ခင်နွေ တောင်ဝှေးလေးကို လက်တစ်ဖက်ဖြင့် ဆွဲယူလျက်- ထ,ရပ်သည်။

ဆုပ်ကိုင်ပေးယူသည့် အစ်ကိုပိုင့်လက်ထဲမှ လက်ကလေးကို ခင်နွေ ဖြည်းဖြည်းလေး ဖုတ်ယူလိုက်မိသည်။

ဩော် ... သံယောဇဉ်တဲ့လား အစ်ကိုပိုင်ရယ်။

သံယောဇဉ်နဲ့အတူ ချစ်မြတ်နိုးနေရပါတယ်လို့ ဘာလို့မပြောခဲ့ရတာလဲဟင်။



ခင်နွေလေ ... သေသေချာချာကြီး သိလိုက်ပါပြီ။ ခင်နွေ့ကို အစ်ကိုပိုင် သနားတာပါ။ သံယောဇဉ်ကြီးတာပါ။

ဒါပေမဲ့ ... မချစ်ဘူး မဟုတ်လားဟင်။

အစ်ကိုပိုင့်အပေါ် ဟိုးအရင် ကာလကြာရှည်ကတည်းက မျှော်လင့်စောင့်စားခဲ့ ချစ်မြတ်နိုးအားကိုးခဲ့ရပါရတဲ့ အဖြစ်တွေဟာ ရုက်ရှဲ့ကြေကွဲစွာဝဲ လွင့်ပျောက်ဆုံးကုန်ရပါပြီရှင်။

❁ ✱ ❁

www.burmeseclassic.com

www.burmeseclassic.com



## ၂၁

"ခင်နွေ ... ဒီနေ့ နေလို့ကောင်းလားဟင်"

ညနေဘက် သီရိဥြမ်သို့ အတန်းပြီး၍ ပြန်ရောက်တာနှင့် ခင်နွေ့ကို သူက ဂရုတစိုက်မေးသည်။

ပို၍ ခင်နွေ့ကို အလေးတယူ ပြောဆိုဆက်ဆံရလည်း သူ သတိထားရသည်။ လောလောဆယ် ခင်နွေ့ရင်ထဲမှာ အားငယ်နေတာတွေပဲ စိုးမိုးနေမှာ သူ နားလည်သည်လေ။

ခင်နွေ အိုးတွေတိုက်နေသည့် နေရာလေးမှာ ထိုင်ရင်း သူမေးတော့ ခင်နွေ ပြုံးပြသည်။ ဒါပေမဲ့ ခင်နွေ့အပြုံးလေးက ညှိုးဖျော့နေ၏။

"ခင်နွေ နေကောင်းပါတယ် အစ်ကိုပိုင်၊ ဒီနေ့ စာတွေအများကြီး သင်လာခဲ့ရတာလားဟင်၊ အစ်ကိုပိုင် ခေါင်းကိုက်ရင် ညောင်းရင်ပြောနော်၊ ခင်နွေ နှိပ်ပေးမယ်"

အစေအပါးလေးပမာ ချိုးနှိမ်၍ပြောတာလေးကို သူ မကြည့်ရက်။ ခုတလော ခင်နွေ ပို၍ ချိုးနှိမ်၍ အစေအပါးပမာ ပြောဆိုနေတတ်တာကို သူ နားလည်လာသည်။



"ခင်နွေ ... ပိုင် ပြောမယ်၊ ခင်နွေဟာ ဒီအိမ်မှာ အစေအပါးမဟုတ်ဘူး၊ ခင်နွေ ခု လုပ်ကိုင်နေတာကိုလဲ ပိုင် ဝမ်းသာအားရ ကြည့်နေတာမဟုတ်ဘူး၊ အဲဒါကိုလွှမ်းတဲ့ စိတ်၊ ကြေကွဲအားငယ်နေတဲ့စိတ်တွေ အခိုက်အတန့်လေးမှာ အာရုံပြောင်းသွားအောင်ဆိုပြီးတော့သာ ပိုင် မတားဘဲကြည့်နေရတာ"

ခင်နွေ လက်ထဲမှ အိုးခွက်တွေကို ဆွဲလုပြီး တောက်လျှောက်ကြီး အိုးတွေတိုက်သွားရင်း သူပြောတော့ ခင်နွေ ငေးငေးလေး နားထောင်နေသည်။

"တခြားသူမဟုတ်တဲ့ ပိုင့်ကို အရှင်သခင်ကြီးကိုဆက်ဆံရသလိုမျိုး တရိုတသေလုပ်မပြနဲ့ ခင်နွေ ပိုင် သိပ်စိတ်ဆင်းရဲရတယ်"

စိတ်လိုက်မာန်ပါ လေသံတင်းလျက် ပြောလိုက်မိပြီးမှ စိတ်ကို ပြန်လျှော့ချလိုက်ရသည်။ တကယ်တော့ တရုဏာဒေါသောဖြင့် သူ ဆူလိုက်မိခြင်းပါ။

အိုးတွေခွက်တွေ အသံပလံမြည်စွာ ရေဆေးကျင်းဆေးကြောနေသည့် သူ့ထံမှ ခင်နွေ ယခင်တုန်းကလို အိုးခွက်တွေ လိုက်မလုရဲရှာ။ ငြိမ်ကုပ်နေသည်။ သူ ဆူမှတော့ ခင်နွေ ကြောက်သွားလေဟန်တူ၏။

ယခင်တုန်းကလို လိုက်လုရင်း ...

"ပေးပါ အစ်ကိုပိုင်ရဲ့၊ ဒါ ... ခင်နွေ လုပ်နေကျပါ"

ဟု ပြောဆိုသံလေးကို ပြန်၍တမ်းတမိသည်။ ခင်နွေနှင့် လုယက်၍ အိုးခွက်တွေလု၊ အဝတ်တွေ လုလျှော်နှင့် နေခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



တာလေးတွေကို လွမ်းမိသည်။ ထိုစဉ်တုန်းက ခင်နွေ့မျက်နှာလေး လန်းကြည်ရွှင်ပျနေတတ်သည်လေ။ အပြစ်ကင်းစင်စွာ ရယ်မောနေတတ်သည်။ သောကကင်းစင်စွာ ရယ်မောနေတတ်သည်။

ယခုတော့ ခင်နွေ့မျက်ဝန်းလေးတွေမှာ ညှိုးရိပ်လေးများကိုသာ တွေ့တွေ့နေရချေသည်။

"သွားအနားယူချေတော့ ခင်နွေ၊ ဒီအိုးခွက်တွေ ပိုင်ပဲ မီးဖိုခန်းထဲ သယ်သွားတော့မယ်၊ ပြော် ... ပိုင် အားကစားရုံကြီးကို ခဏသွားရဦးမယ်၊ ပိုင့်သူငယ်ချင်းတွေ ဂျူဒိုပြိုင်ပွဲအတွက် လေ့ကျင့်နေကြတာ ဒီနေ့ သူတို့ကို ပြုရမို့၊ အားပေးဖို့ ပူဆာကြတယ်လေ၊ ပိုင် ကျောင်းကပြန်မလာရင် ခင်နွေ မျှော်နေမှာစိုးလို့ ဒီကိုပြန်လာပြီးမှ ဟိုကိုသွားဖို့ ဆုံးဖြတ်ထားတာ"

ခင်နွေ့ကို ခွင့်တောင်းသလိုမျိုးလေး ပြောနေမိရသည့်အဖြစ်။ တကယ်လည်း ခင်နွေ သူ့ကို မျှော်နေမှာစိုးတာကြောင့် ပြန်လာခဲ့ရခြင်းပါ။

"ကဲ ... ခင်နွေ အနားယူ၊ ခြံထဲမှာ ဆင်းပြီး လမ်းလေး ဘာလေး လျှောက်ပေါ့၊ အညောင်းအညာပြေတာပေါ့"

သူပဲ စီစီမံမံလေးပြောလျက် အိုးတွေ၊ ခွက်တွေ မီးဖိုဆောင်ထဲ သယ်ချသွားသည်။ ခင်နွေ မီးဖိုဆောင်လေးထဲ နောက်မှလိုက်ဝင်လာ၏။ ပြီး ... ခင်နွေ့ အခန်းလေးထဲ ဝင်သွားသည်။

ခင်နွေ့ပုံလေးက အရမ်းကို အေးစက်စက်ဖြစ်နေတာကို သူ အားမရစွာ တွေ့မြင်နေရသည်။



အဘ ကွယ်လွန်သွားခြင်းသည် ခင်နွေ့ထံမှ အားအင်နှင့် မျှော်လင့်ချက်ဟူသမျှကို နုတ်ယူသွားသည့်နှယ်ပါ။

သူ အားကစားရုံသို့ သွားရမှာ စိတ်ထဲမပါသလိုဖြစ်လာရသည်။

ဒါပေမဲ့ သူငယ်ချင်း ထွန်းနိုင်နှင့် အောင်ဇင်လတ်တို့ ဝဏ္ဏနှင့် စိုးကြီးတို့က မျှော်နေကြမှာ သေချာသည်။

စိုးကြီး အိမ်မှာစုပြီး စောင့်နေဖို့ သူပဲ မှာခဲ့သည်လေ။

မသွားမဖြစ်သည်မို့ ရေမိုးချိုး အဝတ်အစားကောက်လဲပြီး ဆိုင်ကယ်နှင့် ထွက်ခဲ့သည်။ စိုးကြီးတို့ကလည်း ဆိုင်ကယ်နှင့်ပဲ သွားကြမည်။ တစ်စီးကို နှစ်ယောက်စီးမည်။

ဤသည်က ဆွဲပြီးသော အစီအစဉ်။

ခြံထဲမှာ ခင်နွေ့ကို တုတ်လေးထောက်၍ သွားလာနေတာကို မြင်ခဲ့ရတာမို့ စိတ်ပြေလက်ပျောက် လမ်းလျှောက်နေတာကို ဝမ်းသာရသေးသည်။

ဆိုင်ကယ်သံလေး ပျောက်သွားတော့ ခင်နွေ မြက်ခင်းလေးပေါ် ထိုင်ချသည်။

အကျော်ပန်း၏ရနံ့က သင်းပျံ့နေ၏။ ဤနေရာလေးမှာ ထိုင်လျှင် အစ်ကိုပိုင်နှင့် ပြောခဲ့၊ ဆိုခဲ့တာလေးတွေကို ငယ်ဘဝက စ၍ ပြန်ပြန်အမှတ်ရမိတတ်သည်။

အဘနှင့်အတူ သီရိငြိမ် အိမ်ကြီးသို့ ရောက်ခဲ့ရစဉ်က အစ်ကိုပိုင်နှင့် ပထမဆုံး စတွေ့ခဲ့ရသည်ပဲလေ။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ၂၂

ပန်းကြွေလေးတစ်ပွင့်ကို ခင်နွေ မြက်ခင်းလေးပေါ် မှ စမ်း၍ကောက်မိသည်။ နောက် ... ထရပ်ကာ အဘနှင့်အတူ နေခဲ့ရလေသော အိမ်လေးဆီသို့ လျှောက်လာမိခဲ့သည်။ အဘကို ခင်နွေ အရမ်းသတိရ လွမ်းနေမိရသည်လေ။

လက်မှ တုတ်လေးက အိမ်လေး၏ လှေကားရင်း ထိတော့ ခင်နွေ ခေတ္တရပ်နေမိသည်။

အဘ မကြာခဏ အတက်အဆင်းပြုရပါသည့် လှေကားလေး။

ခင်နွေနှင့်အဘ အတူတကွ နှစ်ပေါင်းအတော်ကြာ နေခဲ့ရပါသော အိမ်လေး။

အဘ၏အဆုံးအမကို နာခံခဲ့ရပါသော နေရာလေး။

နောက်ဆုံး ... အဘ ကွယ်လွန်ခဲ့ရပါသော နေရာလေး။

ရပ်နေလျက်မှ ခင်နွေ မျက်ရည်တွေ တန့်ဆည်ရ အသံမထွက်ဘဲ တောက်လျှောက် ဖြိုင်နေအောင် စီးကျလာကြသည်။



လက်လေးကို လှေကားလက်ရန်းတိုင်မှာ ဖေးတင် ...ထိုက်ရင်း ခေါင်းလေး ငိုက်ချကာ နဖူးပြင်ထိမိလျက် ...

"ခင်နွေ ... အဘကို လွမ်းလှပါပြီ အဘရဲ့"

ဟု ကလေးလေးလို ပြောငိုမိရပါပြီ။

အတန်ကြာ ခင်နွေ စိတ်လွတ်ကိုယ်လွတ် ငိုနေမိ ...သည်။ နောက်မှ ခေါင်းလေးကို မော့၍ မျက်ရည်ကို လက်ဖမိုးလေး ...နှင့် သုတ်၏။

လှေကားထစ်လေးတွေကို ခင်နွေ နင်း၍ တက်သည်။ ...ထစ်သော လှေကားထစ်လေးကို ကျော်လွန်လာခဲ့တော့ အိမ် ...ဝရန်တာလေးသို့ ရောက်၏။

တံခါးမကြီးရှိရာသို့ ရောက်တော့ လက်လေးကို ...သို့ဆန့်တန်း၍ စမ်းမိသည်။

တံခါးမကြီးက စေ့ရုံစေ့ပိတ်ထားသည်။ လက်နှင့် ...ထိတော့ ပွင့်သွား၏။

အိမ်လေးထဲ ခင်နွေ ဝင်သည်။ နံရံလေးကို ကျော ...မှီ၍ ထိုင်သည်။

ယခင်တုန်းကဆိုလျှင် ဤအချိန်မျိုးမှာ အဘ ဥယျာဉ် ...မှာ ရှိနေသည့်အချိန်။

ခင်နွေက အဘ အဝတ်အစားတွေကို ခေါက်နေမိ ...တတ်သည့်အချိန်။

ဒါမှမဟုတ်လျှင်လည်း အဘ အဝတ်တွေကို လျှော် ...မိတတ်သည့်အချိန်။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ်လျှင်လည်း ဝရန်တာလေးတွင် ထွက်ထိုင်ကာ အဘကို မျှော်ချင်လည်း မျှော်နေမိတတ်သည့်အချိန်။

အြော် … ထိုစဉ်တုန်းကတော့ ခင်နွေ့မှာ အဘရှိချေသည်လေ။

အဘ၏ ခင်နွေ့ကို ရုတ်ခြည်းချန်ရစ် ထွက်ခွာသွားပုံမှာ မယုံကြည်နိုင်စရာအဖြစ် တစ်ခုနှယ် ခင်နွေ့အတွက် ရှိနေရစ်ခဲ့ပြီ။

အဘ ပြန်လာလျှင် သားအဖနှစ်ယောက် စားပွဲဝိုင်းလေးနှင့် ထမင်း အတူစားခဲ့ကြသည်လေ။

"အဘရယ် … ခင်နွေ့ကို ဘယ်လိုမှ စိတ်မချနိုင်ခဲ့ဘူးဆိုတာ ခင်နွေ သိပါတယ် အဘရယ်၊ ခင်နွေ မမြင်ရလို့အဘမျော ရေတောင် သောက်မသွားခဲ့ရရှာဘူး၊ အဘဆေးဒနာ အရမ်းခံစားနေရတာ ရေတစ်ခွက်ကို မကိုင်နိုင်တော့တာတွေကို အကန်းမ မိနွေ မမြင်ရတဲ့အတွက် အဘ ရေတစ်ပေါက်တောင် မသောက်သွားခဲ့ရဘူး"

မချိရင်ကန် ခံစားရလေသမျှ မျက်ရည်တွေသာ ဖိုးဖိုးပေါက်ပေါက် ကျလာရသည်။

"ခင်နွေသာ မျက်စိမြင်ရရင် အဘကို ပွေ့ထူပြီး အဘနှုတ်ခမ်းမှာ ရေခွက်ကို တေ့ပေးနိုင်မှာပါ၊ အဘကို ရေတိုက်နိုင်မှာပါ၊ ခုတော့ အဘရယ် ကိုယ့်အဖေ သေငယ်ဇောနဲ့ မျောနေတာကိုမှ မမြင်နိုင်တဲ့ဘဝ၊ ကိုယ့်အဖေကို ရေတောင်မတိုက်နိုင်တဲ့ဘဝကြောင့် ဒီအကန်းမ ရင်ကွဲအောင်ခံစားပြီး ကြေကွဲနေရပါပြီ အဘရယ်"



ခင်နွေ အရူးမလေးလို ပြောမိ ငိုနေမိသည်။

"ခင်နွေလေ ဘယ်တော့မှ ဒီကြေကွဲစရာအဖြစ်ကို မမေ့နိုင်ဘူး အဘ၊ ခင်နွေလေ ဒီမျက်စိကို သိပ်စိတ်နာတယ်၊ အဘ ဆုံးလို့တောင် နောက်ဆုံးအကြိမ်အဖြစ် မမြင်ခဲ့ရတဲ့ အဖြစ်ဆိုးထက် ဘယ်အရာက ပိုဆိုးမှာလဲ အဘရယ်"

ခင်နွေ၏ ရင်တို့ ကြေပြွန်းလျက် မွမွစင်းသွားရသည့်နှယ်ပါ။

ထိုအခိုက် …

"ခင်နွေ … ခင်နွေရယ် …"

အစ်ကိုနိုင်သန့်၏ အသံ။

ဘယ်အချိန်ကများ အစ်ကိုနိုင် ဤနေရာလေးကို ရောက်လာပါလိမ့်။ ဘယ်အချိန်ကတည်းက ခင်နွေ ငိုရှိုက်ပြောဆိုနေတာကို ကြားနေပါလိမ့်။

ခြေသံက ခင်နွေ့အနီးမှာ ရပ်တန့်သွားသည်။

တကယ်တော့ နိုင်သန့် ရင်ထဲမှာ ခင်နွေ့ကို အရမ်း သနားမိရတာတွေပဲရှိနေသည်။ အတန်းပြီး၍ ပြန်လာတော့ ခင်နွေ့ကို သီရိဂြိမ်မှာ ရှာကြည့်မိသည်။ ပိုင်သန့်ကို မတွေ့ရ၍ မေးကြည့်တော့လည်း အားကစားရုံသို့သွားသည်ဟု ဒေါ်မိ ပြောသည်။

ခင်နွေ ပန်းခြံထဲသွားလိုက်သည်ဟု ဒေါ်ဒေါ်မိ ပြောတာမို့ ခြံထဲ လိုက်လာမိသည်လေ။

ဘာကြောင့်ရယ်မသိ။ ကျောင်းမှာကတည်းက ခင်နွေ့ကို အရမ်းတွေ့ချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ့ကို အိမ်လေးရှေ့မှာ ရပ်နေတာ၊ လှေကား လက်ရန်းတိုင်လေးမှာ ခေါင်းတင်ငိုရှိုက်နေတာ လှမ်းမြင်ရတော့ သူ ခြေလှမ်းကျဲကြီးနှင့် လျှောက်ခဲ့သည်။

သူ ရောက်တော့ ခင်နွေ အိမ်လေးထဲမှာ ထိုင်လျက် အဘကို တမ်းတငိုကြွေးနေတာ စိတ်ထိခိုက်စရာတွေ့မြင်လိုက် ရချေသည်။

သူ ဘယ်လိုမှ ထိန်းမထားနိုင်။ ခင်နွေ့ကို အရမ်းသ နားသွားရသည်။

ပြီး ခင်နွေ့ကို အရမ်းချစ်နေမိတာကိုလည်း နှလုံး သားက ဝန်ခံလိုက်မိရပါပြီ။

နိုင်သန့် ခင်နွေ့ဘေးမှာ ထိုင်လိုက်မိလျက် ခင်နွေ့ ပခုံးလေးကို ဆုပ်ကိုင်လိုက်မိလျက် သူ့ဘက်ကို ဆွဲလှည့်သည်။

"ခင်နွေရယ် ..."

နိုင်သန့် မျက်ရည်တွေကို တယုတယ သုတ်ပေး သည်။ လောလောဆယ် နိုင်သန့် ရင်ထဲမှာ ဘာမျှ ရှိမနေတော့ ခင်နွေပဲ ရှိနေသည်။ ခင်နွေ၏ သနားစရာ အဖြစ်ပဲရှိနေသည်။ ခင်နွေ့ကို ချစ်နေမိတာကိုပဲ သိနေသည်။

ခင်နွေ့ကိုယ်လေးကို ရုတ်ခနဲ ပွေ့လိုက်မိလျက် တင်းတင်းဖက်ထားလိုက်မိသည်။

ဖြစ်နိုင်လျှင် ခင်နွေ့ကို ရင်ခွင်ထဲမှာထား၍ ထာဝ အေးချမ်းလုံခြုံသွားစေချင်သည်။

"မင်းကို ငါ သိပ်ချစ်နေမိပြီ ခင်နွေ၊ သိပ်ချစ်နေမိပြီ"



တကယ်တမ်း ဆုံးဖြတ်ပြီးလိုက်သည့် နောက်မှာတော့ နောက်မဆုတ်တမ်း တတွတ်တွတ်ပြောလျက် ပါးပြင်လေးကို အထပ်ထပ်နမ်းမိသည်။ နဖူးပြင်လေးကိုလည်း နမ်းနေမိသည်။ မျက်ခွံလေးတွေကိုလည်း နမ်းနေမိသည်။

"ဟင့်အင်း ... ဟင့်အင်း"

ခင်နွေ ကြောက်လန့်တကြားလေး ရုန်းသည်။

ဘုရားရေ ...။ အစ်ကိုနိုင်က ခင်နွေ့ကို ချစ်နေသည် တဲ့။ ခင်နွေ မျှော်လင့်နေမိခဲ့ဖူးသည်က အစ်ကိုပိုင်။ တကယ်တမ်း ခင်နွေ့ကို ချစ်နေသည်ဟု ပြောလာသူက အစ်ကိုနိုင်။ ခင်နွေ အံ့ဩစိတ်နှင့်အတူ ချောက်ချားလာရသည်။ ခင်နွေမှ အစ်ကိုနိုင် ကို မချစ်တာ။

ဟုတ်သည်။ ခင်နွေ အစ်ကိုနိုင်ကို မချစ်နိုင်။ ခင်နွေ့နှလုံးသားထဲမှာ အစ်ကိုပိုင်ပဲ ရှိနေသည်။ ခင်နွေ့ကို ချစ်သည့် အစ်ကိုပိုင်ပဲ ရှိနေသည်။

"ခင်နွေ သွားပါရစေ ... သွားပါရစေ"

ခင်နွေ အတင်းရုန်းတော့ နိုင်သန့် လွှတ်ပေးသည်။ ခင်နွေ့မျက်နှာလေး ဖြူဖျော့သွားတာ။ အရမ်းကို ထိတ်လန့်သွား တာကို မြင်ရသည်မို့ ရင်ထဲမှာ ကျင်ခနဲ နင့်ခနဲ ခံစားလိုက်ရ သည်။ ဖွင့်ဟလေမိသော ချစ်ခြင်းများစွာကို ခင်နွေ ကြားလိုက် ရချိန် တုန်လှုပ်ချောက်ချားသွားတာကို မြင်တွေ့ရသည်မို့ နိုင်သန့် အရမ်းထိခိုက်ကြေကွဲရပါပြီ။

နိုင်သန့် လွှတ်ပေးလိုက်တာနှင့် ခင်နွေ အပြေးတစ် ပိုင်း အိမ်ငယ်လေးမှ ထွက်ဖို့ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ခင်နွေ၊ ငါ ပြောပါရစေ၊ ငါ နင့်ကို တကယ်
ချစ်တာပါ ယုံပါ"

နိုင်သန့်ဘက်မှ ကမ်းလင့်လိုက်သည်နှင့် လက်ခံမည့်မိန်းကလေးများစွာသည် နိုင်သန့်ဝန်းကျင်မှာရှိသည်။

ဒါပေမဲ့ ထိုမိန်းကလေးထဲတွင် ခင်နွေ မပါ။

ခင်နွေ့ကို အဘယ်မျှထိ ချစ်မိနေပြီဆိုတာ ယခုမှ နိုင်သန့် ပို၍ သဘောပေါက်လာသည်။

ခင်နွေ ငြင်းလိုက်တာကို ချောက်ချားစွာ သိလိုက်ရသည်နှင့်အမျှ ခင်နွေ့ကို လက်လွှတ်ဆုံးရှုံးမခံနိုင်တာကို ပို၍များလည်လာသည်။

ခင်နွေ့လက်လေးကို နိုင်သန့် လှမ်းဆွဲပြောမိထားမိသည်။

"ဟင့်အင်း ... ခင်နွေ ပြန်ပါရစေ ... ပြန်ပါရစေတော့
ခင်နွေ ကြောက်လို့ပါ၊ ကြောက်လို့ပါ အစ်ကိုနိုင်ရယ်"

ခင်နွေ ငိုရှိုက်ပြောလာတော့ ဝရန်တာမှာရပ်လျက်ဆုပ်ကိုင်ထားမိသည့် လက်မောင်းလေးကို သနားစိတ်ဖြင့် လွှတ်ပေးလိုက်မိသည်။

ယုန်ဖြူလေးနှယ် ခင်နွေ ကြောက်လန့်စွာ ပြေးဆင်းသည်။

ခင်နွေ့ခြေထောက်လေးတွေ လှေကားထစ်ကို မနင်းထိမိဘဲ ယိုင်ခနဲဖြစ်သွားတာ မြင်လိုက်ရသည်နှင့် ပျာခနဲ စိတ်ရှုပ်သွားရလျက် စိုးရိမ်တကြီးဖြင့် ...



"ခင်နွေ"

ဟု အော်လိုက်မိလျက် ကမန်းကတန်း ဖမ်းဆွဲထိန်းကိုင်လိုက်ရပေမယ့် ဘယ်လိုမှ ထိန်းမရနိုင်တော့။ နှစ်ယောက်သားလှေကားလေးမှ ဝရုန်းသုန်းကား ကျသွားရသည်။ လှေကားလက်ရန်းတိုင်နှင့် ဆောင့်မိလိုက်တာ၊ အောက်ကိုရောက်တော့ လှေကားရင်းဘေးမှ ကျောက်တုံးနှင့် ခေါင်းဆောင့်လိုက်မိတာ၊ ခင်နွေ့ကိုယ်လေး သူ့ကိုယ်ပေါ်မှာ တင်လျက် ငြိမ်သက်နေတာကို နိုင်သန့် သိနေသည်။ ခေါင်းမှ နွေးသောသွေးတွေ စီးကျလာနေသည်ကိုလည်း သိနေသည်။

"ခင်နွေ ..."

သူ တိုးတိုးခေါ်၍ ပခုံးလေးကို လှုပ်ခေါ်မိသည်။ ခင်နွေ ဘာများဖြစ်သွားပါလိမ့်။ ကြောက်လန့်နေရှာသော ခင်နွေထိုအခါမှ ကိုယ်လေးလှုပ်ရှားလာမိသည်။

"အစ်ကိုနိုင် ဘာဖြစ်သွားတာလဲဟင်"

ခင်နွေ စိတ်ပူပန်စွာမေးတာကို မြင်ရတော့ နိုင်သန့်ရင်ထဲမှာ ကြည်နူးမိသွားရသည်။

"ကိစ္စမရှိဘူး ခင်နွေ"

ခင်နွေ မယုံ၊ အစ်ကိုနိုင့်အသံက တိုးဖျော့နေသည်။ ခင်နွေ လက်လေးဖြင့် လိုက်စမ်းကြည့်မိသည်။ အစ်ကိုနိုင်က ထ,ထိုင်နိုင်စွမ်း မရှိတော့သည့်အသွင်။

"ဟင် ..."

နွေးသော စေးကပ်ကပ် အရာများ။

www.burmeseclassic.com

www.burmeseclassic.com



သွေးတွေ ဖြစ်ရမည်။ အစ်ကိုနိုင်ခေါင်းမှ တစ်စိမ့်စိမ့် ထွက်နေသည်။ သုတ်လိုက်တိုင်း ခင်နွေ့လက်ထဲမှာ စေးကပ်ပူနွေးစွာ ပါလာနေကြသည်။

"အစ်ကိုနိုင် ... အစ်ကိုနိုင်"

နိုင်သန့် မထူးနိုင်တော့။ မျက်စိတွေ ဝေဝါးလာသည်သို့ ခံစားနေရ၏။ ငြိမ်ဆိတ်သွားသော နိုင်သန့်၏ ကိုယ်ကြီးကို ခင်နွေ လှုပ်နှိုးနေမိသည်။

"အစ်ကိုနိုင် ... အစ်ကိုနိုင်"

ခင်နွေ ထိတ်လန့်စွာ ခေါ်နေမိဆဲ။

"ဒေါ်လေးမိ ... ဒေါ်လေးမိ"

ခင်နွေ ချောက်ချားစွာ အော်ခေါ်မိသည်။ အဘလိုများ အစ်ကိုနိုင် သေသွားလေပြီလား။

"ဒေါ်လေးမိ ... ဒေါ်လေးမိ"

ခင်နွေ ပြေး၍ အော်ခေါ်မိပြန်သည်။

ဒေါ်မိမှာ ခေါ်သံကြောင့် ...

"ဟေ ..."

ဟု ထူးသာထူးလိုက်ရသည်။ ကြောက်လန့်တကြား အော်သံဆိုရတာ သိသည်မို့ အပြေးအလွှား အသံလာရာဘက် ပြေးခဲ့ရပါ၏။ အသံက ခင်နွေ့အိမ်လေးဆီမှပါ။

"ဟယ် ... နိုင်လေး ဘယ်လိုဖြစ်တာလဲ၊ သွေးတွေနဲ့ပါလား"

ခင်နွေ့အင်္ကျီရင်ဘတ်မှာလည်း သွေးတွေနှင့် ငြိမ်သက်နေသည့် နိုင်သန့်ကိုမြင်တော့ ဒေါ်မိ ထိတ်ထိတ်ပျာပျာ ဖြစ်ရသည်။



"အံမယ်လေး ... ကိုယ့်ကျိုးတော့နည်းပါပြီ၊ နိုင်လေး ... နိုင်လေး ... သား"

ငယ်ကတည်းက ထိန်းကျောင်းချစ်ခဲ့ရတာမို့ ဒေါ်မိမှာ ချောက်ချားစွာ ခေါ်နေပါသည်။

"ဘယ်လိုဖြစ်တာလဲ ခင်နွေ၊ နိုင်လေး ဒီလို ဘယ်လိုဖြစ်သွားရတာတဲ့လဲ"

မချိတင်ကဲ မေးလည်းမေးသည်။ နိုင်သန့်ကိုယ်ကြီးကိုလည်း ရင်ခွင်ထဲ ပွေ့လျက်နှင့် ငိုသံပါကြီးဖြင့် ဒေါ်မိ မေးသည်။

ခင်နွေ့မျက်နှာလေးမှာ သွေးတစ်စက်မှ မရှိတော့သလို ဖြူရော်နေ၏။

"အစ်ကိုနိုင် ... သူ ... သူ ခင်နွေ့ကို ချစ်တယ်လို့ပြောတယ် ဒေါ်လေးမိ၊ အတင်း ... အတင်း ... နမ်း ... နမ်းလို့ ခင်နွေကြောက်ပြီး ထွက်ပြေးတာ၊ လှေ ... လှေကားမှာ ခင်နွေ ချော်ကျမလိုဖြစ်တော့ အစ်ကိုနိုင် ထိန်းရင်း နှစ်ယောက်လုံး ကျသွားတာ၊ အဲဒါ ဘာနဲ့ထိသွားလဲ ခင်နွေ မသိဘူး၊ အစ်ကိုနိုင် ဘာဖြစ်သွားပြီလဲဟင်၊ သေ ... သေသွားပြီလား"

တုန်တုန်လှုပ်လှုပ်လေး မေးနေသည့် ခင်နွေ့ကို ဒေါ်မိ စူးစိုက်ကြည့်နေသည်။ ငယ်ကတည်းက သွေးသားရင်းပမာ ထိန်းကျောင်းလာရသည့် နိုင်သန့်၏သွေးတွေနှင့် သေမလား ရှင်မလားမသိရသည့် အခြေအနေမို့ နိုင်သန့်ကို ချစ်သည့်စိတ် ပူပန်ရသည့်စိတ်က တစ်ကိုယ်လုံး ဖုံးအုပ်ထားသည်မို့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ညည်းကို ချစ်စကားပြောရတာနဲ့ ဒီလောက်ကြီး တောင် ရက်စက်ရသလား ခင်နွေရဲ့၊ ဒီမှာ ... နိုင်လေး တော့ သေပါပြီ၊ ညည်းဟာလေ ... မမြင်ရတဲ့ဒုက္ခတလေး ဆိုပြီး အသနားပိုခဲ့ရတာ၊ ညည်း ရက်စက်လှပါလားဟင်၊ နိုင်လေးက ညည်းကိုချစ်တာကိုများ နာတယ်လို့ ထင်နေ သေးသလားဟဲ့"

ဒေါ်လေးမိ ပြောပြီးငိုတော့ ခင်နွေ မျက်ရည်တွေကျ လာသည်။

"ဒီမှာကြည့်ပါဦး နိုင်လေး သေပြီ သေပြီထင်ပါရဲ့"

ဒေါ်မိမှာ ရူးမတတ် ငိုယိုနေချေပြီ။

"ငါလဲ နိုင်လေးရဲ့ကိုယ်ကြီးကို မသယ်နိုင်၊ မဖြစ်ပါဘူး ဟိုဘက်ခြံကို အကူအညီတောင်းမှာပါ၊ အရေးထဲ တစ်အိမ် လုံး ဘယ်သူမှ မရှိကြဘူး၊ ဒီမှာ ခင်နွေ ... ညည်းတော့ လူသတ်မှုနဲ့ အဖမ်းခံရတော့မှာ"

ဒေါ်မိမှာ စိတ်ပူလျက် ပြောအပ်၏ မပြောအပ်၏ မသိ နိုင်တော့ဘဲ ပြောချကာ ပြေးလွှားထွက်သွားပါ၏။

ခင်နွေ ကြောက်လာသည်။ ချောက်ချားလာသည်။

"အစ်ကိုနိုင်"

ခင်နွေ ထိုင်လိုက်လျက် အစ်ကိုနိုင့်ကိုယ်ကို လှုပ်ခေါ် နေမိသည်။

"ဒီမှာကြည့်ပါဦး နိုင်လေး သေပြီ၊ သေပြီထင်ပါရဲ့"

ဒေါ်လေးမိ ငိုယိုပြောခဲ့သော စကား။

"ဒီမှာ ခင်နွေ၊ ညည်းတော့ လူသတ်မှုနဲ့ အဖမ်းခံရတော့မှာ"



ခင်နွေ ခေါင်းယမ်းသည်။

"ဟင့်အင်း ... အစ်ကိုနိုင့်ကို ခင်နွေ မသတ်ဘူး၊ ခင်နွေ မသတ်ဘူး ခင်နွေ့ကို မဖမ်းပါနဲ့ မဖမ်းပါနဲ့"

ခင်နွေ နောက်သို့ဆုတ်မိသည်။

ခင်နွေ့ဘက်မှာ မည်သူမျှ မရှိနိုင်။ ခင်နွေ ပြောတာကို မည်သူမျှလည်း မယုံနိုင်။ ခင်နွေ့ကို ဖမ်းမည်တဲ့။

ခင်နွေ ကြောက်လန့်တကြား အိမ်လေးကို ကျောဖြင့် ထိမိသည်အထိ နောက်သို့ဆုတ်သွားမိသည်။ မကြာမီ ဒေါ်လေးမိ ခေါ်လာသော အိမ်နီးချင်းမှ လူကြီးတွေ ရောက်လာကြတော့မည်။ ခင်နွေ့ကို ဖမ်းကြတော့မည်။

ခင်နွေ ခေါင်းလေးယမ်းသည်။ ချောက်ချားစွာ အိမ်နောက်ဖေးဘက်ကို တုတ်လေးထောက်စမ်း၍ အပြေးတစ်ပိုင်း လျှောက်သည်။ အုတ်ကန်လေးကို ကျော်ဖြတ်လာတော့ ခွေ စဉ်းစားသည်။ ဤအုတ်ကန်လေး၏ တောင်ဘက်မှာ အပြင်သို့ ထွက်၍ရသော နောက်ဖေး ခြံဝင်းတံခါးငယ်လေးတစ်ခုရှိသည်။ ခင်နွေ အမြဲရောက်ဖူးခဲ့သောနေရာ။

ထိုတံခါးလေးအနီးမှာ ဆူးပုပ်ပင်လေးရှိသည်။ ခင်နွေ ဆူးပုပ်ရွက်နုလေး မကြာမကြာ ခူးခဲ့ဖူးသည်ပဲ။

ခင်နွေ ငိုလည်းငို။ ခြံတံခါးလေးရှိရာသို့ သွားလည်း သွားကာ တုန်ယင်နေသော လက်ချောင်းလေးများဖြင့် တံခါး၏ မင်းတုန်းကိုဖွင့်သည်။ တံခါးလေး ပွင့်သွားတော့ ခင်နွေ ပြေးထွက် ခဲ့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ခလုတ်တိုက်လဲသည်မို့ ကမန်းကတန်း ပြန်ထရသည်။ နောက် တုတ်လေးထောက်၍ ကြောက်လန့်တကြား လျှောက်သည်။ နောက်ဖေး ခြံတံခါးလေးက ထွက်တော့ လမ်းသွယ်လေးထဲကို ရောက်သည်။

သိရှိငြိမ်နှင့် ဝေးရာကိုရောက်မှ ဖြစ်မည်ဆိုတာကိုတော့ ခင်နွေ သိထားသည်။ ခင်နွေ့ကို ဖမ်းမှာလည်းကြောက်သည်။ ပြီး ... အန်တီနှင့် အန်ကယ်တို့ကလည်း ခင်နွေ့ကို ရိုက်ကြမည်လားမသိ။

ပြီးတော့ ... အစ်ကိုပိုင်ကလည်း အစ်ကိုနိုင့်ကို ရက်စက်စွာသတ်သည်ဟု ခင်နွေ့ကို ခါးသီးစွာ ပြောဆိုဦးမည်။

အို ... ခင်နွေ ဘယ်အရပ်မှာ ပုန်းခိုရပါမည်လဲလေ။

ဆံနွယ်လေးများ ဖွားရရားလေး လွင့်ဝဲလျက် ခင်နွေ ကြောက်လန့်တုန်လှုပ်စွာ နောက်ဖေး လမ်းသွယ်လေးအတိုင်း လျှောက်လာနေမိသည်။ တဖြည်းဖြည်း ကားသံတွေကြားလာရသည်။

ခင်နွေ ဘာမှ မမြင်ရသည်မို့ ခြေဦးတည့်ရာ ဆက်လျှောက်မိပါပြီ။

ရုတ်ခနဲ ခင်နွေ ရှေ့သို့ တိုးထွက်လျှောက်လာမိကာ ကားတစ်စီး၏ ဘရိတ်ဖမ်းဆွဲသံ။ ခင်နွေ့ကို ပွတ်ကာတိုက်မိလိုက်တာ။ ခင်နွေ လဲကျသွားတာပဲ သိလိုက်ရသည်။

ခင်နွေ ဘယ်ကိုများ ရောက်လာပြီလဲလေ ... ဟု ချောက်ချားစွာ တွေးမိ၏။ ခြေထောက်ကလည်း အရမ်းနာနေသည်။

"မင်းက အရမ်းဖြတ်ကူးရလားကွ"



ကားတံခါးဖွင့်သံ၊ ဆူသံကို ခင်နွေ ကြားရသည်။

"ပါစင်ဂျယ်က မရတဲ့ကြားက လျော်ဖို့ကိစ္စက ပေါ်လာရသေးတယ်၊ ညည်း အတိုက်ခံတာ ကိစ္စမရှိဘူး၊ ငါ့ကားရောက်မှာကွ"

ခင်နွေ လက်အုပ်လေးချီလျက် အသံလာရာကိုမော့ကာ ...

"ခင်နွေ မမြင်ရလို့ပါ၊ ခင်နွေ မျက်စိမမြင်လို့ပါ အစ်ကိုကြီးရယ်"

ဟု ငိုရှိုက်ပြောလိုက်မိရပါပြီ။

❄ ✱ ❄

www.burmeseclassic.com



## ၂၃

ဒေါနှင့်မောနှင့် ငေါက်ငမ်းပြောမိပါသည့် အတော့ အသံတွေ ရုတ်ခြည်းတိတ်ကျသွားသည်။ ဒေါသတွေအစား သနား ရတာက နေရာယူလာသည်။

စောစောပိုင်းကလည်း လဲကျခဲ့သည့်ဟန်နှင့်တူသည့် မိန်းကလေး။ လက်တံတောင်မှာ လဲကျပွန်းပဲ့ရာကို တွေ့ရသည်။ သွေးတွေစို့နေ၏။

ပြီးတော့ ... အကျီရင်ဘတ် နေရာမှာလည်း သွေး ဟုထင်ရသည့် အရာတွေက စွန်းထင်းနေသည်။

မျက်နှာလေးကို ကြည့်လိုက်တော့လည်း ဒုက္ခရောက် လာရရှာသည့်အသွင်။

ကောင်မလေး၏ ဘေးမှာ လွင့်စဉ်ကျနေသော လက် ကိုင်ဝါးတောင်ဝှေးလေးကို တွေ့ရတော့ ရင်ထဲမကောင်းနိုင်တော့။

သူ မျက်မမြင်မိန်းကလေးကို အရမ်းသွားရပ်ါမိုလား ဟု အော်ငေါက်လိုက်မိခဲ့ချေပြီ။



ကောင်မလေး ကြည့်ရတာ ဒုက္ခရောက်လာတာတော့ သေချာသလောက်ရှိသည်။

မျက်မမြင်ဘဝမို့ ဤမိန်းကလေးကတော့ ဘယ်သူ့ ထိုမှ ရန်ရှာလာနိုင်မှာမဟုတ်။ နိုင်ကျင့်ခံလာရတာပဲ ဖြစ်မည်။

ကားတိုက်မိမလို ဖြစ်ခဲ့တာမို့ လူတွေကလည်း ဆုံးစံအတိုင်း စုရုံး စုရုံး ဖြစ်ချင်လာပြီ။

သူ ကောင်မလေး၏လက်ကို ဆွဲထူသည်။

"လာ ... လောလောဆယ် ငါ့ကားနဲ့ လိုက်ခဲ့၊ မင်းကို ငါ ဘာမှ ဒုက္ခမပေးဘူး၊ ဒီမှာ လူတွေအုံလာတော့မယ်၊ မင်း ကို ကြည့်ရတာ တစ်နေရာက ပြေးလာတဲ့ပုံပဲ၊ ကြာရင် မကောင်းဘူး၊ လာ ... လာ"

ကူညီလိုစိတ်ဖြင့်ပြောကာ ခင်နွေ့ကို ဆွဲခေါ်၍ ကားရှေ့ခန်းတံခါးကို ဖွင့်ကာ ထိုင်စေသည်။ ကောင်မလေး၏ တောင်ဝှေးလေးကိုလည်း သွားကောက်ခဲ့သည်။ လေးဘီးအငှား ကားလေးပေါ်မှာ ခင်နွေ့ကိုတင်လျက် နေရာမှ အတော ခွာခဲ့ပါ၏။

ကားမောင်းရင်း ကောင်မလေးကို သူ ငုံ့ကြည့်သည်။ ငိုထားမှန်းသိသာ၏။

လောလောဆယ်တော့ ဘာမှ မေး၍မကောင်း။ စိတ်ငြိမ်လောက်မှ မေးမှဖြစ်မည်။

ကားကို အိမ်ထဲသို့ပဲ ပြန်မောင်းလာခဲ့မိပါ၏။

မြောက်ဥက္ကလာထိ မောင်းလာကာ လမ်းငယ်လေး အတိုင်း ကားကို ကွေ့ဝင်လာလျက် အိမ်ငယ်လေးရှေ့မှာ ကားကို ထိုးရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... မိန်းကလေး ဆင်း၊ ဒါ ငါ့အိမ်ပဲ၊ အိမ်မှာ ငါ့အစ်မရှိတယ်၊ အပျိုကြီးပဲ"

မိန်းမဖော်ရှိတာကို သိအောင်ပြောပြပြီးမှ ကောင်မလေးကို အိမ်ပေါ်တွဲခေါ်လာသည်။ အိမ်က ဟောင်းပြီ။ အိမ်ရှေ့ကပြင်တွင် ခင်းထားသော ဝါးကြမ်းက အသံမြည်နေပြီ။

အတာ ... ကောင်မလေးကို ကြည့်မိတော့ ဖိနပ်ပင် ပါမလာတာ တွေ့ရ၏။

ပြေးရင်း လွှားရင်းဖြင့်ပဲ ကျွတ်ကျန်ခဲ့လေသည်လား၊ စပြေးကတည်းကပင် ဖိနပ်မပါခဲ့သည်လား။

ကောင်မလေးကြည့်ရတာ တုန်လှုပ်ချောက်ချားနေတာရော၊ ပူပင်သောကဖြစ်နေတာရော ရောပြွမ်းနေသည့်အသွင်။

"အစ်မ ... အစ်မ"

ညှော်ခန်းရှိ ဖျာလေးပေါ်မှာ ခင်နွေ ပခုံးလေးဖိ၍ ထိုင်နိုင်းပြီး အတာ အိမ်နောက်ဘက်မှ အဖီလေးထဲကို ကြည့်၍ လှမ်းခေါ်သည်။

"ဘာလဲ အတာ၊ ဒီနေ့ ပြန်လာတာ စောလှချည်လား"

ခါတိုင်းဆိုလျှင် ညရှစ်နာရီခွဲ၊ ကိုးနာရီလောက်မှ အုံနာကို ကားအပ်ပြီး အတာ ပြန်လာနေကျ။ ယခုကျတော့ ငါးနာရီပင် မထိုးသေး။

"လာပါဦး ... အစ်မရ"

"ခဏနေပါဦး အတာရဲ့၊ ဒီမှာ ထမင်းအိုးနပ်နေလို့"

ဖြေသံကို ခင်နွေ ကြားနေရသည်။



ခင်နွေ့ကို ကယ်တင်ခေါ်ငင်လာသူ၏ အမည်မှာ အတာဆိုတာကိုတော့ ခင်နွေ သိလိုက်ရပြီ။ အစ်မအပျိုကြီးရှိတယ်ဟု စောစောကပြောသည့်အတိုင်း အစ်မလုပ်သူနှင့် အိမ်ထဲမှာ ပြောနေဆိုနေကြပြီ။ အိမ်မှာ မိန်းမဖော်ရှိတာကိုတော့ ခင်နွေ ဝမ်းသာသည်။ တစ်အောင့်လောက်ကြာတော့ အိမ်ရှေ့ကို လျှောက်လာသည့် ခြေသံကြားရသည်။ အိမ်လေးက အတော်လေးဟောင်းနေပြီထင့်။ နည်းနည်း နင်းလျှောက်လိုက်သည်နှင့် ကြမ်းခင်းကအသံမြည်ချင်သည်။ ဝါးကြမ်းခင်းဆိုတာကို ခင်နွေ လက်လေးဖြင့် စမ်းကြည့်ရင်း သိနေ၏။

ရွာထဲမှာရှိစဉ်က လယ်တဲလေးကို ပြန်အမှတ်ရမိတော့ အဘကို တမ်းတစွာ သတိရမိရသည်။

"အဘရယ် ... အဘသမီး ဒုက္ခကို မြင်လှည့်ပါဦး"

ဟု ရင်တွင်းမှ တမ်းတပြောမိရပါပြီ။

"ဟဲ့ ... သူက ဘယ်သူတုံး"

ချောချောလှလှ သူစိမ်းမိန်းကလေးတစ်ယောက်ကို တွေ့ရသည်မို့ မအေးစိမ်း တအံ့တသြ မေးသည်။

ချောတာတော့ အတော့်ကိုချောသည့်ကောင်မလေး။

အစ်မလုပ်သူ၏အမေးကို အတာ ကိုယ်တိုင်ကလည်း မဖြေတတ်။ ဖျာလေးပေါ်မှာ ငြိမ်သက်စွာ မျက်နှာလေးညှိုးငယ်လျက်ထိုင်နေရှာသည့် ကောင်မလေးကိုပဲ ငေးကြည့်မိသည်။ လက်လေးတစ်ဖက်က ခြေထောက်လေးကို ဖိနှိပ်ထားတာ တွေ့ရသည်မို့ အတော်လေး နာနေရှာမည်ဆိုတာ သိရသည်။

www.burmeseclassic.com



အိမ်ပေါ်တက်လာစဉ် အတာ ဆွဲခေါ်လာတော့လည်း ခြေထောက်လေးကို အတော်လေး အားယူထောက်နင်းလျှောက် ရှာတာ မြင်ခဲ့ရသည်လေ။

"ဟဲ့ ... အတာ ဘယ်သူလဲဟဲ့"

မအေးစိမ်း စိတ်ထဲမှာ မောင်လုပ်သူ မိန်းမများ ခိုးလာလေသလားဟု စနိုးစနောင့်ဖြင့် သင်္ကာမကင်းဖြစ်မိသည်။

ရည်းစားသနံ ရှိပုံလည်းမပေါ်ခဲ့။ ခုကျတော့ ကောင်း မလေး ချောချောကို အိမ်ပေါ်အရောက် ခေါ်လာပြီ။

"အတာလဲ မသိဘူး အစ်မစိမ်းရ"

"ဟော ..."

မအေးစိမ်း၏နှုတ်မှ ဟောခနဲ ဖြစ်သွားရချေပြီတည်း

မောင်လုပ်သူကို နားမလည်နိုင်သလို ကြည့်ရင်း

"နင့်ဥစ္စာ မဟုတ်သေးပါဘူး အတာရယ်၊ နင်ပဲ ခေါ်လာ ပြီးတော့ မသိဘူးဖြစ်ရတယ်လို့၊ ဘာလဲ ငါ့ကိုကြောက်နေ တာ လား၊ နင် မိန်းမခိုးလာတယ်ဆိုလဲ ငါက မဆူပါဘူး ဟဲ့ ... အတာရဲ့၊ ဒီလောက်ချောချောလေးကို ငါကထဲ ချစ်မှာပါ"

ပွင့်ပွင့်ကြီး ပြောချလိုက်တာမို့ အတာမှာ အားနာ တကြီးဖြင့် ...

"ဟာ ... အစ်မစိမ်းကလဲ သူ့ခမျာ ဒုက္ခသည်ပါ၊ အရမ်း မပြောပါနဲ့၊ အားငယ်နေရရှာတဲ့အထဲမှာ"

မအေးစိမ်း မျက်မှောင်ကြီးတွန့်၍ တအံ့တသြကြီး မောင်လုပ်သူကိုကြည့်သည်။



"နို့ အစကတော့ ဒီကောင်မလေး ဘယ်သူဆိုတာ နင် မသိဘူးဆို၊ ခုကျတော့ ဘယ်လိုကဘယ်လို ဒုက္ခသည်ဆို ပြီး သိလိုက်ရပြန်တာလဲ"

အစ်မစိမ်းက စိတ်ရင်းသဘောရင်းကောင်းသည်။ အပြောအဆို ပွင့်လင်းကာ ခပ်ရှင်းရှင်းပြောတတ်ဆိုတတ်သည့်သူ။

အတာ သက်ပြင်းရှိုက်၍ ကောင်မလေးဘက်ကြည့် သည်။

"သူက မျက်စိမမြင်ဘူး အစ်မရဲ့"

"ဟယ် ... ဖြစ်ရလေ၊ ရုပ်ရည်လေးရှိရက်နဲ့ ကြောင်တောင် ကွယ်နေသတဲ့လား"

အတာ စိတ်မောရသည်။ အစ်မစိမ်းက ပြောလိုက် လျှင် ဘာမှ စဉ်းစားတာမဟုတ်။ စိတ်ထဲရှိရာကို ဟောဟောဒိုင်း ဒိုင်းကြီး ပြောချတတ်သူ။

"အစ်မစိမ်းကလဲ အရမ်းပြောနေတာပဲဗျာ၊ ဒီမှာ မိန်းကလေး မင်းနာမည် ဘယ်လိုခေါ်လဲ"

ကောင်မလေးက ငြိမ်နေသည်မို့ အတာ မေးရသည်။ ကောင်မလေးကို ဦးတည်ပြီး မမေးမချင်း ဤသူငယ်မကလည်း အာမှု ဝင်မပြော။ ငြိမ်သက်စွာ တိတ်တိတ်ဆိတ်ဆိတ် ထိုင်နေသည်။

"ကျွန်မနာမည် ခင်နွေပါ"

ခင်နွေ တိုးတိုးလေးဖြေသည်။

"ဟုတ်ပါပြီ၊ မင်း ဘယ်လိုဖြစ်ပြီး လမ်းမှာ ကားတိုက်ခံရမလို ဖြစ်ခဲ့ရတာလဲ၊ ဘယ်ကထွက်လာတာလဲ၊ ဘာတွေ ဖြစ်ခဲ့ တာလဲ ပြောပြစမ်းပါဦး"

www.burmeseclassic.com

www.burmeseclassic.com



မအေးစိမ်းမှာ စိတ်ထဲရှုပ်လာသည်။ ဘယ်ကမိန်းက
လေးမှန်းမသိ။ ဘာတွေ ရှုပ်ထွေးခဲ့မှန်းမသိ။ အိမ်တိုင်ရာရောက်
ကားနှင့်ပင် တင်ခေါ်လာသည့် မောင်လုပ်သူကို အပြစ်တင်ချင်နေ
ပြီ။

ခင်နွေ ခေါင်းလေးငုံ့လျက် အတန်ကြာ ငြိမ်နေသည်။

ပြီးမှ မျက်ရည်လေးဝဲကျလာလျက် ခင်နွေ့ ဘဝလေး
ကို အားလုံး အမှန်အတိုင်း မခြွင်းမချန် ပြောပြရပါ၏။

ခင်နွေ မျက်စိကွယ်ခဲ့ရတာ။ အဘနှင့် သီရိငြိမ်သို့
နောက်ပိုင်းတွင် ရောက်ခဲ့ရတာ။ အဘဆုံးပါးသွားခဲ့တာ။ အစ်ကိုနိုင်
နှင့် ကြုံတွေ့ခဲ့ရတာ။ ခင်နွေ ကြောက်လန့်ချောက်ချားစွာ ထွက်
ပြေးလာခဲ့ရတာ။

အားလုံးပြောပြပြီးတော့ အခန်းလေးမှာ တိတ်ဆိတ်
သွားသည်။ ခင်နွေ၏ ရှိုက်သံသာလျှင် ခပ်သဲ့သဲ့ရှိ၏။

"အဲဒါအစ်ကိုနိုင် သေပဲသေပြီလား မသိပါဘူး အစ်ကိုရယ်
ခင်နွေလေ အစ်ကိုနိုင့်ကို မသတ်ခဲ့တာအမှန်ပါ၊ တွန်းမချ
တာလဲ အမှန်ပါ၊ အဲဒီလောက်ထိ ခင်နွေ မရက်စက်ပါဘူး"

ခင်နွေ အမှန်အတိုင်းပြောနေခြင်းဆိုတာ အတာယုံ
ကြည်သည်။ အစ်မလုပ်သူကို ကြည့်တော့လည်း စိတ်မကောင်း
ဟန်ဖြင့် ငေးကြည့်နေတာမြင်၏။ ခင်နွေ့ကို အစ်မစိမ်းလည်း
သနားသွားပြီဆိုတာ အတာ နားလည်သွားရသည်။

"အင်း ... ဒီအတိုင်းဆိုရင် ဟိုက သေချင်မှလဲသေမှာ
ပြီးတော့ ခင်နွေက တမင် ဒီလိုဖြစ်ကောင်းစေဆိုပြီး လု
ခဲ့တာမှ မဟုတ်ဘဲ၊ ဒီတော့ ဒီလိုလုပ်ရအောင်"



"အေး ... လုပ်စမ်းပါဦး၊ ဘယ်လိုလုပ်မှာလဲ၊ ငါဖြင့် အဲဒီ
လောက် ဖယားရှုပ်တဲ့ အိမ်မျိုးကို ဒီကလေးမကို ပြန်တောင်
မပို့ချင်ပါဘူး ဟယ်"

အစ်မစိမ်းကဖြင့် ခင်နွေ့အဖြစ်ကို သိလိုက်ရတာ
နှင့် ခင်နွေ့လူလုံးလုံးဖြစ်သွားရပါပြီ။

"ကျွန်တော် ... အဲဒီဘက်ကို သွားပြီး စနည်းနာကြည့်မယ်၊
ဘာလဲ ခင်နွေ ... သီရိငြိမ် ... ဟုတ်လား၊ ခင်နွေ ပြေး
လာခဲ့တဲ့နေရာနဲ့ အလှမ်းဝေးမှာမှ မဟုတ်ဘဲ၊ အစ်ကို
သွားကြည့်မယ်လေ၊ ခင်နွေ အစ်ကို့ကားနဲ့ တိုက်မိမလိုဖြစ်
တဲ့နေရာနဲ့ မဝေးလှဘူး မဟုတ်လား"

ခင်နွေကိုယ်တိုင်ကလည်း အစ်ကိုနိုင့်အခြေအနေကို
သိချင်နေတာ အမှန်ပါ။ အစ်ကိုနိုင့်ကို မသေစေချင်ပါ။

"ကဲ ... ဒါဖြင့် အစ်ကို သွားမယ်၊ အစ်မ ခင်နွေ့ကို
ထမင်းလဲကျွေးလိုက်ပါဦး"

ပြောပြီးမှ သတိတရဖြစ်ကာ ကိုယ်တိုင်ပဲ ရေအိုးစင်မှ
ရေတစ်ခွက်ကို ခပ်ကာ ခင်နွေ့လက်ထဲ ရေခွက်ကို ထည့်ပေး
သည်။

"ရော့ ... သောက်လိုက်ဦး၊ ရောက်ရောက်ချင်း ရေတိုက်
ရမယ့်ဥစ္စာ မေ့နေတယ်၊ မင်းက အရမ်းမောပြီး စိတ်လှုပ်ရှား
လာရတာ"

အတာဆိုသူမှာ သဘောကောင်း စိတ်ဖြောင့်ပြီး
...၍တော့ ခင်နွေ နားလည်ထားရသည်။ ထည့်ပေးသောသည့်
ရေခွက်လေးကိုယူ၍ တစ်ကျိုက်ကျိုက် မော့သောက်မိသည်။ ရေ

www.burmeseclassic.com



အေးကိုသောက်လိုက်ရတော့ ခုန်နေသည့်ရင်က အတန်အသင့် ငြိမ်သက်သွားသည်ဟု ခံစားရ၏။

အစ်ကိုဟူ၍ ခင်နွေ ခေါ်မိသည့် အတာဆိုသူ၏ ခြေသံက အိမ်အောက်ဘက်သို့ ဦးတည်နေမှန်း ခင်နွေ သိနေရသည်။

တအောင့်လောက်ကြာတော့ ကားမောင်းထွက်သွားသံ ကြားရသည်။

"အင်း ... ပိုက်ဆံမရှိသူများ ကံဆိုးတတ်ပါရဲ့၊ ညည်းမှာ ဆင်းရဲပါတယ်ဆိုမှ မျက်စိကကွယ်ရသေးတယ်၊ တစ်ခါ အဖေက ခုံးရသေးတယ်၊ အတင်းချစ်စကားပြောတာလဲ ခံခဲ့ရသေးတယ်၊ ပြီးတော့ ... ထွက်ပြေးခဲ့ရသေး၊ ဟုတ်ပေ့ ညည်းကို ငါ သနားလိုက်ပါဘိအေ"

မအေးစိမ်း ခင်ညည်းညည်းပြောပြီး ခင်နွေ့ကို ကြည့်သည်။

ခင်နွေ့လက်မှ ဒဏ်ရာကို တွေ့တော့ ...

"ညည်းလဲကျခဲ့သေးတယ် ထင်တယ်၊ လက်မှာ ပွန်းပဲ့လို့ပါ လား လာ ... ငါ ရေနွေးနဲ့ ဆေးပေးမယ်၊ အိမ်မှာတော့ ပရုတ်ဆီပဲ ရှိတယ်အေ့"

မအေးစိမ်း ပြောပြောဆိုဆိုနှင့် ခင်နွေ့လက်ကိုတွဲ၍ နောက်ဖေး မီးဖိုခန်းဘက် တွဲခေါ်ကာ နောက်ဖေးကပြင်လေးသို့ ခေါ်ခဲ့သည်။ မီးဖိုဘေးမှာချထားသည့် ရေနွေးအိုးထဲမှ ရေနွေးကို ဇလုံထဲ ထည့်လောင်းသည်။ ရေနွေးကရားက စောစောက ချထားတာမို့ ပူနေသေးသည်။



ရေအေးကို အနေတော်လေး ရောစပ်ပြီး အဝတ် ဟောင်းတစ်စနှင့် ခင်နွေ့ဒဏ်ရာကို သန့်စင်ပေးသည်။ ဒဏ်ရာမှ သွေးစပ်ဖျဉ်းနာကျင်နေပေမယ့် ခင်နွေ မညည်း။ အောင့်၍ခံ၏။ ခုလို ကြင်ကြင်နာနာ ပြုစုတာကိုပဲ ကြည့်နူးကျေးဇူးတင်ရသည်မို့ မျက်ရည်ဝဲမတတ် ဖြစ်လာရသည်။

"နာသလား အေ့၊ နာမှာပေါ့လေ၊ လဲကျထားတာ ပွန်းပဲ့ထား တာ နည်းတာမှမဟုတ်ဘဲ၊ ပြီးတော့ အတာ့ရဲ့ကားနဲ့ တိုးပြီး ထပ်လဲရသေးတယ်၊ ညည်းဘဝနယ် မမြင်ပါဘူးဆိုမှ ဟိုနေရာလဲရ ဒီနေရာ အတိုက်ခံရနဲ့ သနားမိပါရဲ့အေ"

ပြောပြီး မအေးစိမ်း ဒဏ်ရာကို ရေနွေးနှင့် ဆက်၍ သန့်စင်ပေးသည်။

ခင်နွေ့ကို ခြေထောက်ကအစ ဆေးခိုင်းပြီး အိမ်တွင်း ခန်းထဲ ပြန်ခေါ်လာသည်။

"ညည်းအင်္ကျီမှာ သွေးတွေ ပေနေတယ်၊ ငါ့အင်္ကျီတစ်ထည် ကို ယူဝတ်ထား၊ အင်္ကျီကတော့ ဟောင်းတာပေါ့အေ၊ ညည်းနဲ့ဆို ပွနေမှာပဲ၊ ဒါပေမဲ့ သန့်သန့်ပြန့်ပြန့် လျှော်ဖွပ်ထားတာပါ"

သစ်သားသေတ္တာအဖုံးကို ဖွင့်၍ မအေးစိမ်း အင်္ကျီ တစ်ထည်ကို ထုတ်သည်။

ခင်နွေ့လက်ထဲ ထည့်ပေးသည်။

"အဲဒါကို ဝတ်၊ ငါ အပြင်ကစောင့်မယ်"

မအေးစိမ်း အိမ်တွင်းခန်းလေးမှ ဧည့်ခန်းလေးထဲ ထွက်သွားတော့ ခင်နွေ အင်္ကျီလဲဝတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အင်္ကျီလေးက ပွပွရရရှိ၏။ ပြောသည့်အတိုင်း ပုရုတ်လုံးနံ့လေး တသင်းသင်းနှင့်ရှိသည်။ အစ်မစိမ်းမှာ အဝတ်အစား သေတ္တာထဲ ပုရုတ်လုံးလေးတွေ ထည့်သည်အကျင့် ရှိဟန်တူ၏။

ချွတ်ထားသည့် အင်္ကျီလေးကို သေသေသပ်သပ်လေး ခေါက်၍ အခန်းထောင့်လေးမှာ လက်လေးဖြင့် စမ်း၍ သွားထားသည်။ ကိုယ့်အိမ်ကိုယ့်ရာမဟုတ်တော့လည်း ဘယ်နားမှာထားရမှန်း မသိနိုင်။

မအေးစိမ်းမှာ အခန်းထဲကို လှမ်းကြည့်တော့ ခင်နွေ အင်္ကျီလဲပြီးတာကို မြင်သည်မို့ ခင်နွေ့ကို ဧည့်ခန်းလေးထဲ ပြန်တွဲခေါ်လာသည်။

ခင်နွေ့လက်မှ ဒဏ်ရာကို ပုရုတ်ဆီဖြင့် ပွတ်လိမ်းပေး၏။

နောက် မီးဖိုထဲ တစ်ယောက်တည်း ဆင်းသွားသည်။ စားပွဲခုံချသံ၊ ထမင်းပန်းကန်ချသံ ပေါ်လာ၏။ တစ်အောင့်လောက်ပဲကြာမည်။ ခင်နွေ့ကို လာတွဲခေါ်သည်။

"လာ ... ထမင်းစားကြမယ်၊ အတာကတော့ ရောက်ဦးမှာ မဟုတ်ဘူး၊ ညည်း ဆာလှရောပေါ့၊ ငါနဲ့အတူစား၊ ဟင်းကတော့ ငါးပိရည်ကျို၊ ကန်စွန်းရွက်ကြော်ရယ်၊ သခွားသီးတို့စရာရယ်ပဲရှိတယ်၊ ဆင်းရဲသားကိုအေ့"

ခင်နွေ့ကို မအေးစိမ်းကိုယ်တိုင် ရေဇလားဖြင့် လက်ဆေးပေးသည်။



"ကြာတော့လဲ နေသားတကျနဲ့ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ ညည်း သိလာမှာပါအေ"

ဟု ပြောသေးသည်။

ထမင်းစားတော့လည်း ငါးပိရည်ကျို ခပ်ထည့်ပေးလိုက်၊ ကန်စွန်းရွက်ကြော် ထည့်ပေးလိုက်၊ သခွားသီးစိတ်လေးတွေ ပန်းကန်ထဲ ထည့်ပေးလိုက်နှင့် စေတနာဖြင့် ကျွေးမွေးသည်။

"ခင်နွေ ဘယ်လိုကျေးဇူးဆပ်ရမှန်းအောင် မသိတော့ပါဘူး အစ်မရယ်"

ခင်နွေ့ရင်တဲ ခံစားရသမျှ မျက်ရည်လေး ဝဲလျက် ပြောမိရသည်။

"မလိုပါဘူးအေ၊ ဒုက္ခရောက်သူကို ကယ်တင်တာ ငါတို့ ဗုဒ္ဓဘာသာယဉ်ကျေးမှုပဲအေ၊ အဲဒါ မင်္ဂလာပဲ"

စားသောက်ပြီးတော့ ခင်နွေ ရေဇလုံရှိရာကို အတင်း [illegible]ပြီး ပန်းကန်တွေ ဖွတ်ဆေးတော့ ခင်နွေ နေတတ်နေရဲလာအောင် မအေးစိမ်း ခွင့်ပြုလိုက်ရတော့သည်။ ပန်းကန်ဆေးတာကို ထိုင်ကြည့်ရင်း ...

"ဒီကောင်မလေး ဆေးကြောထားတာများ သန့်လို့၊ ပြန့်လို့ တော်လိုက်ချက်"

ဟု ရင်ထဲမှ ချီးကျူးမိသည်။

ခင်နွေ ဧည့်ခန်းလေးထဲမှာ ထိုင်လျက် အတာပြန်လာမည့်အချိန်ကို မျှော်နေမိသည်။

"အစ်ကို မသေပါစေနဲ့၊ မသေပါစေနဲ့"

ဟု ဆုတောင်းနေမိရသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ကပြင်လေးပေါ် တက်လာသည့် ခြေသံကို ကြားတော့ ခင်နွေ ခေါင်းလေးထောင်သွားရသည်။

"ဟဲ့ … အတာ ဘာတဲ့လဲ၊ မသေဘူးမဟုတ်လား"

မအေးစိမ်းကလည်း ဖြစ်ချင်တာကိုပဲ ထည့်မေးသည်။

"ကျွန်တော် အဲဒီအရပ်က လက်ဖက်ရည်ဆိုင်မှာထိုင်နေတာ၊ လက်ဖက်ရည်ဆိုင်နဲ့ အအေးဆိုင်တွဲဖွင့်ထားတာ၊ အဲဒီ သိရိုဗြိမ်နဲ့ သိပ်မဝေးဘူး၊ အဲဒီလိုဆိုင်မျိုးမှာက သတင်းစုံကို မြန်မြန်ကြားရတတ်တယ်လေ အစ်မရဲ့"

ဝါးခင်းကြမ်းပြင်ပေါ်လာထိုင်ရင်း အစမှရှိပြီး ပြောနေသည့် မောင်လုပ်သူကို မအေးစိမ်း စိတ်လက်မရှည်ချင်။

"ဟုတ်ပါပြီ၊ အဲဒါ ဘာတဲ့လဲ မသေဘူးမဟုတ်လား"

"အဲဒီအိမ်က နိုင်သန့်ဆိုတဲ့ကောင်လေးက ဆေးရုံတင်လိုက်ရတယ်လို့ ပြောတယ်၊ မသေဘူးတဲ့၊ အဲဒီနိုင်သန့်ကို သူ့အိမ်နီးချင်း လူကြီးတွေက လိုက်ပို့ရတာ၊ အမေ အဖေတောင် အိမ်မှာမရှိကြသေးဘူးတဲ့၊ ဘယ်သူလဲ ခင်နွေ၊ အဲဒီအိမ်က မိန်းမကြီးလေ"

"ဒေါ်လေးမိပါ"

အစ်ကိုနိုင် မသေဘူးဆို၍ ခင်နွေ ဝမ်းသာလှပါပြီ။ ဘုရားရှင်ကိုလည်း ရည်မှန်း ဦးချမိပါ၏။ အစ်ကိုနိုင့် အသက်ကို ဘုရားရှင် ကယ်ခဲ့ပေပြီ။

"အေး … အဲဒီ ဒေါ်လေးမိက သွားခေါ်တဲ့အိမ်က လူကြီးတွေပဲ ကားနဲ့ ချက်ချင်း ဆေးရုံပို့ရတာတဲ့၊ ဆရာဝန်က



ပြောတယ်တဲ့၊ အခြေအနေ မစိုးရိမ်ရတော့ပါဘူးတဲ့၊ ကုတော့ကုရတာပေါ့၊ ဆေးရုံတင်ထားရတယ်တဲ့"

သတင်းကတော့ အတိအကျပါပဲ။

"နေပါဦး … နင်က ဒီလောက်အတိအကျကြီး ပြောနိုင်ရအောင် ကိုယ်တိုင် သွားမေးခဲ့လို့လား"

မအေးစိမ်းကတော့ မေးလိုက်လျှင် ချက်ကျလက်ကျပါ။

"ရော် … အစ်မစိမ်းကလဲ အအေးနဲ့ လက်ဖက်ရည်ဆိုင်မှာ ကြားခဲ့ပါတယ်ဆိုမှ ရက်စတော့ရင်လို့ ခေါ်တယ်၊ အဲဒီမှာ သတင်းထူး သတင်းဆန်းဆိုပြီး အားရပါးရပြောနေတဲ့ ရပ်ကွက်တွေရဲ့စားပွဲက ကျွန်တော့်စားပွဲနဲ့ အနီးလေးဗျ၊ အဲဒီ ဒေါ်လေးမိ ပြေးခေါ်တဲ့အိမ်က လူကြီးရဲ့သားကိုယ်တိုင်က ပြောတာ၊ သူ့အဖေကိုယ်တိုင် ဆေးရုံကို လိုက်ပို့ရတာဆိုပဲ"

ဤတစ်ခါတော့ မအေးစိမ်း အတာ၏အဖြေကို ကျေနပ်သွားသည်။

"အဲဒီနိုင်သန့်ရဲ့ မိဘနဲ့ညီက နောက်မှ ဆေးရုံကို ရောက်သွားရတာတဲ့၊ ပြီးတော့ ခင်နွေ ထွက်ပြေးသွားတာလဲ ပြောနေကြတယ်၊ နိုင်သန့်က ရည်းစားစကားပြောလို့ ဖြစ်တယ်ဆိုတဲ့အကြောင်းကလဲ အဲဒီ ဒေါ်လေးမိဆိုတာ ငိုယိုပြောနေလို့ အဲဒီရပ်ကွက်ရဲ့အဖေက သိခဲ့ရတာတဲ့၊ ကိုယ့်သားဘက်က လွန်ထားတာရှိတော့ မိဘတွေမှာ စိတ်ကောင်းကြပုံမရဘူးတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အစ်ကိုနိုင်သန့် မသေဘူးဆိုတာ သိရ၍ ခင်နွေ ဝမ်းသာလှပါပြီ။

"ကဲ ... ခင်နွေ၊ သက်သောင့်သက်သာလှဲချေဦး၊ နောက်မှ ဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားကြတာပေါ့"

"အလို ... အတာ နေစမ်းပါဦး၊ အဲဒီအိမ်ကိုများ ဒီကလေးကို ပြန်ပို့ဖို့ စိတ်ကူးနေသလားတော်၊ အဲဒီလောက် ရည်းစားစကားပြောပြီး ကိုယ်ထိလက်ရောက်ရှိတတ်လွန်းတဲ့ အရပ်ကို ဘယ်လိုစိတ်ချရပါ့မလဲ၊ ပြီးတော့ သူတို့သား ခေါင်းကွဲရတဲ့အထိ ဖြစ်ရတာကို ကျေနပ်ကြမယ်တဲ့လား ဒီကလေးမ ဘယ်လိုမျက်နှာနဲ့ နေရဲ့ရှာပါ့မလဲ"

ဆင်းရဲပေမယ့် သူဆင်းရဲချင်း စာနာစံပြင်းစိတ်ဖြင့် မအေးစိမ်း ရှင်းရှင်းကြီး ပြောချတော့ အတာ ပြုံးသည်။

ခင်နွေ့ကို အစ်မစိမ်း အရမ်းကို သနားချစ်ချစ်သွားရှာပြီဆိုတာ အတာ သိသည်လေ။

❄ ❄ ❄



# ❀ ၂၄ ❀

"ခင်နွေ့ကို တွေ့အောင်ရှာပေးပါ ဗိုင်၊ ငါ သူ့ကိုတွေ့မှဖြစ်မယ်၊ ခင်နွေ့ကို ငါ ဒုက္ခပေးသလိုဖြစ်သွားပြီ၊ သူ့ခမျာ ဘယ်လောက်များ ကြောက်လန့်ချောက်ချားပြီး ထွက်ပြေးသွားရှာပါလိမ့်၊ ပြီးတော့ ကားတွေ ဘာတွေများ-အတိုက်ခံလိုက်ရရှာပြီလား၊ လောကကြီးမှာ ရှိမှရှိသေးရဲ့လား မသိပါဘူးကွာ၊ ငါလေ သူ့ကို ဘယ်လိုမှ မေ့ဖျောက်မရအောင် ချစ်နေမိတာ အမှန်ပါ"

နိုင်သန့် ပြောသမျှကို နားထောင်နေရသည့်အဖြစ်ကို [illegible] သူ့ရင်ကို ဆုပ်ညှစ်ထားသည့်နှယ်။

ဆေးရုံမှဆင်းလာသည့် နိုင်သန့်၏မျက်နှာမှာ သိသိ [illegible]သာ ချောင်ကျသွား၏။

ကိုနိုင် ဆေးရုံတင်ရသည့် နေ့တုန်းက သူ အလု[illegible] [illegible]ရုံမှ ပြန်ရောက်တော့ ဖေဖေနှင့်မေမေက ဆေးရုံကို လိုက်သွား[illegible]ပြီ။ ဒေါ်ဒေါ်မိ ပြောပြသမျှ တုန်လှုပ်စွာ သူ နားထောင်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုနိုင်က ခင်နွေ့ကို ချစ်စကားပြောရာမှ ဖြစ်လာ
သည့် အခြေအနေတဲ့လေ။

ခင်နွေလည်းရှိမနေတော့။ အဘယ်အရပ်ကို ရော
နေရှာပြီဆိုတာကိုလည်း မသိနိုင်။

ခင်နွေ့ကို ရှာချင်သည်က တစ်ဖက်။ ကိုနိုင့်အတွ
စိုးရိမ်ရသည်က တစ်ဖက်ဖြင့် ဆိုင်ကယ်ကို စက်ကုန်ဖွင့်၍ ဆေး
ရုံသို့ ပြေးရသည်။

မေမေနှင့်မေမေလည်း သူ့ထက် အနည်းငယ်စော
ဆေးရုံကို ရောက်လာကြသည်တဲ့။

အခြေအနေ စိုးရိမ်စရာမရှိဆိုတော့မှ ခင်နွေ့
ပြေးရှာရပြန်၏။

တုတ်ကောက်လေး စမ်းကာဖြင့် ခင်နွေ အဘ
အရပ်သို့ ဒိုရှိက်အားငယ်စွာ ထွက်ပြေးသွားရှာပါလိမ့်။

သီရိငြိမ်မှ အခြားနေရာသို့ ခင်နွေ မရောက်ဖြစ်
သီရိငြိမ်ကို ရောက်ရှိပြီးနောက်ပိုင်း တစ်လျှောက်လုံးမှာပဲ တ
ရာတည်း နေခဲ့ရသည်။

စိမ်းနေသော ဝန်းကျင်တွင် ခင်နွေလေး ဒုက္ခ
ရှာမည်ဆိုတာ သိနေရင်း သူ စိုးရိမ်ကြီးစွာဖြစ်ရသည်။

ဒါပေမဲ့ လမ်းတကာ လျှောက်မောင်းရှာဖွေပါလ
ခင်နွေ့ကို မတွေ့ခဲ့ရ။

ကိုနိုင်ကလည်း သတိရလာတာနှင့် ခင်နွေ့
တမေးတည်းမေးနေခဲ့သည်။



ခင်နွေ့ကို ဆူကြပူကြမှာကိုလည်း စိုးရိမ်ခဲ့သည်။
ကိုနိုင်၏ အမှားပါဟု မိဘတွေကိုပြောကာ ခင်နွေ့ကို ရှာပေးဖို့
ချည်း အစ္စးတစ်ပိုင်းဖြစ်လျက် စိတ်ပူပင်စွာ ပြောနေတတ်ပြန်သည်။

နောက်ဆုံးတော့ ခတ်ခတ်မာသည့် မေမေ ကိုယ်
တိုင်က ကိုနိုင့်ကို စိတ်ချမ်းသာစေချင်စိတ်ဖြင့် လိုက်ရှာစေခဲ့သည်
အထိပါ။

သူကိုယ်တိုင်လည်း ဆိုင်ကယ်တစ်စီးဖြင့် ကျောင်း
တက်ရက်တွေ ဖျက်ကာ ခင်နွေ့ကို ရှာနေမိခဲ့သည်။

ခင်နွေ့ကို ချစ်မြတ်နိုးရသည်နှင့်အမျှ ကြေကွဲခံစား
နေရသည်က ရင်နှင့်မဆံ့အောင် ဖြစ်နေရပါပြီ။

ကိုနိုင်၏ အချစ်ကြီးချစ်နေသည့် အဖြစ်ကို မြင်ရ
ပြန်တော့လည်း ကိုနိုင့်အတွက် စိတ်မကောင်းနိုင်။

ယခုလည်း သီရိငြိမ်၏ လေသာဆောင်တွင် ပက်
လက်ကုလားထိုင်လေးမှာထိုင်နေသည့် ကိုနိုင့်အတွေးထဲမှာ ခင်နွေ့
ကို တွေ့ရဖို့ ... ခင်နွေ့အတွက် စိုးရိမ်ဖို့ပဲ အာရုံနစ်နေသည်။

ကိုယ်တိုင် သွားရောက်ရှာဖွေနိုင်သည့် အခြေအနေ
မရှိသေး၍သာ ငြိမ်နေရခြင်း ဆိုတာကလည်း သိသာနေသည်။

"ခင်နွေ့ခမျာ မျက်စိမြင်ရရှာတာ မဟုတ်ဘူး၊ သူ့ခမျာ
ဘဝပေးကိုက အားနည်းလွန်းရရှာတာ၊ ငါလေ သူ့ကို
အစက ချစ်စိတ်ရယ်လို့ မဖြစ်ခဲ့တာအမှန်ပါ၊ ဒါပေမဲ့ ...
နောက်ပိုင်းမှာ သူ မိန်းကလေးပီသတာ လိမ္မာကလေးတွေ
မြင်လာတော့ အထင်ကြီးလာတယ်၊ အဲလို အထင်တကြီး
ဖြစ်နေတဲ့ ငါ့စိတ်ကိုလဲ ငါ သတိမထားမိခဲ့ဘူး ပိုင်"

www.burmeseclassic.com

www.burmeseclassic.com



နိုင်သန့် ကြေကြေကွဲကွဲ ပြောပြနေသမျှ သူ ငြိမ်

သက်နားထောင်နေရသည်ပါပဲ။

ဪ ... ကိုယ့်ရင်ထဲက အချစ်များကိုဖြင့် ဘယ်လို

မှ မဖွင့်သာတော့ပါချေပြီတကား။

မျှော်လင့်ခြင်းများစွာဖြင့် ရည်ရွယ်ချက်ကြီးကြီးထား

ကာ ခင်နှေ့ကို သူ အလုပ်အကိုင်ရမှ ဆေးတွေ ဘာတွေ ကုသ

ပေးပြီး လက်ထပ်ယူဖို့အထိ စိတ်ကူးခဲ့သမျှ ဆုံးဖြတ်မျှော်မှန်းထား

ခဲ့သမျှတို့သည် ကြေကွဲဖွယ်အတိဖြင့် ပြီးဆုံးရချေတော့မည့်အဖြစ်

ဪ ... ဆောက်တည်လိုပါသည့် မျှော်လင့်ချက်

သည် ဖြစ်ခွင့်မကြုံရချေပြီတကား။

ခင်နှေ့အတွက် ပူပင်သောကကို ရင်နှင့်မဆံ့ ခံစား

လျက် ခင်နှေ့ကို တွေ့အောင်ရှာဖွေနေရခြင်းသည်ပင်လျှင် ကိုနိုင်

ရင်ခွင်အရောက် ပေးအပ်ဖို့အတွက်ဆိုတာ သိနေရသည်

တိတ်ဆိတ်စွာ ပြိုကျပျက်ယွင်းသွားရပါသည့် သူ၏ ချစ်စံအိမ်လေး

အဖြစ်ကို တိတ်ဆိတ်စွာပဲ သိဝှက်ခံစားနေရရုံသာ။

"ငါ သူ့ကို အရမ်းသနားသွားတာက သူ့အဖေဆုံးတဲ့အ

တုန်းကပဲ ပိုင်၊ နောက်ပိုင်း ငါ သူ့ကို ချစ်မှန်းမသိ ချစ်

နေမိခဲ့ရတာ၊ သူနဲ့ နောက်ဆုံး ဆုံခဲ့ရတဲ့နေ့က သူ

အရမ်းကို ကြေကွဲအားငယ်ပြီး ငိုရှိုက်နေတာ မြင်တော့

ငါ သူ့ကို ငါ့မေတ္တာရိပ်မှာ အေးချမ်းနွေးထွေးစေချင်တ

တယ်၊ မေမေတို့ သဘောတူရင်တောင်မှ ငါသဘောနဲ့

သူ့ကို လက်ထပ်မယ်လို့ ဆုံးဖြတ်လိုက်မိတဲ့အထိ ဖြစ်

သားသွားခဲ့တယ် ...



ကျောင်းမပြီးလဲ မတတ်နိုင်ဘူး၊ ခင်နှေ့ကို လက်

ထပ်ပြီး အပြင်ကနေပြီး ပညာဆုံးခန်းအောင် သင်တော့မယ်

လို့ အုံ့ဩစရာကောင်းလောက်အောင် စွန့်လွှတ်စွန့်စားရဲ

တဲ့သတ္တိတွေ ငါ့ရင်မှာ ဖြစ်လာတယ် ပိုင်"

ကိုနိုင် ပြောနေပုံက ခင်နှေ့အတွက် ခံစားလျက်

ပြောနေသည့်ဟန်၊ လွမ်းဆွတ်တမ်းတနေသည့်ဟန်။ ပြီး ...

ကြေကွဲထိခိုက်နေသည့်ဟန်၊ ပူပင်ကြီးစွာ ဖြစ်နေသည့်ဟန်။

သူ ကိုနိုင့်ကို ငေးစိုက်ကြည့်လျက် တိတ်ဆိတ်စွာ

နားထောင်သူသက်သက် ဖြစ်နေရပါပြီ။

တကယ်တော့ ကိုနိုင်သည် သူ့ထက်ပြတ်သားခဲ့သူ

တစ်ယောက်။

သူ ခင်နှေ့ကို ဟိုးနှစ်တွေ အတန်ကြာရသည် အချိန်က

တည်းက မြတ်နိုးစွာ ချစ်နေခဲ့သည်။

ကာလသဖြင့် ထိုအချစ်ကို တမြတ်တနိုး သိမ်းဆည်း

ထားမိခဲ့သည်။

• ချစ်ရလေသော မိန်းကလေးကို ပန်းလေးအလှကြည့်

သလို အရိပ်တကြည့်ကြည့်နှင့် ချစ်မြတ်နိုးခဲ့ရသည်။

ခင်နှေ့ကို သူ့ဘဝအစစ ပြည့်စုံလာမည့်အချိန်ရောက်

မှ သူ့ဘဝထဲ အေးချမ်းစွာ ပန်းခင်းလမ်းကို ခင်းပေးလျက်

လျှောက်လှမ်းစေတော့မည်ဟု အချစ်သည်းစွာ ဆုံးဖြတ်ခဲ့သည်။

သူ့ဘဝ မပြည့်စုံခင် ခင်နှေ့ကို လက်တွဲခေါ်ငင်လိုသ

ည ခင်နှေ့ ပင်ပန်းဆင်းရဲမှာကို စိုးရိမ်ခဲ့သည်။ ကြမ်းတမ်းစွာ

ရှိသော ခင်နှေ့ဘဝလေးကို သူ့ရင်ခွင်တွင် ရှိရှိုက်ခိုက်မှာ

www.burmeseclassic.com

www.burmeseclassic.com



အရမ်းကို အေးချမ်းနွေးထွေးသော ဘဝလေးအဖြစ် ပိုင်ဆိုင်ခံ
စေချင်သည်။

ဩော် ... ချစ်ရလွန်းသည့်စိတ်ဖြင့် သူ့ရင်ထဲ
မေတ္တာထုကို ဖွင့်မပြောဖြစ်ခဲ့။

ထိုအချိန်မှာပင် သူ၏မေတ္တာ၊ ပွင့်ဦးလေးကို ကိုနိုင်
ပြတ်သားစွာ ချစ်ခွင့်ပန်ခဲ့ပြီး ဖြစ်ခဲ့ချေပြီ။

"သူ အဲဒီအိမ်လေးမှာ အရမ်းထိခိုက် ခံစားနေတာမြင်ရ
ငါ ဘယ်လိုမှ ဟန်ဆောင်မထားနိုင်တော့ဘူး၊ ငါ့အ
တွေဟာ ဖုံးဖိမရအောင် ငါ့ရင်ထဲက ဘွားခနဲ ပြတ်ပြ
သားသားပေါ်လာခဲ့တယ်၊ ငါကိုယ်တိုင်လဲ ဒီမိန်းကလေး
ရင်နဲ့အမျှ ချစ်နေမိပါလားဆိုတာ ကိုယ့်ကိုယ်ကိုယ်
ပြတ်သားသား နားလည်လာခဲ့တယ်၊ ဒါပေမဲ့ သူ ငြင်
တယ် ပိုင်၊ တုန်လှုပ်ချောက်ချားနေတဲ့ မျက်နှာလေ
ငြင်းခဲ့တယ်"

နိုင်သန့်၏ အသံ တိမ်ဝင်သွားသည်။

"ငါ သူ့ကို ဘယ်လောက်ချစ်နေမိပြီ၊ ဘယ်လော
လေးလေးနက်နက် ချစ်နေမိပြီဆိုတာ အဲဒီကတည်း
ငါ ပိုသိလာရတယ် ပိုင်"

နိုင်သန့်၏ မျက်ဝန်းများက ရီဝေနေကြသည်

"အခု ... သူမရှိတော့ဘူး ပိုင်၊ အဲဒီလို သူ မရှိတော့
ကို သိနေရတဲ့ ငါ့နှလုံးသားတွေ ရူးမတတ် ခံစားနေရ
ခင်နွေ့ကို တွေ့အောင်ရှာပေးပါ ပိုင်၊ သူ့ကို ငါ ပြန်
ရမချင်း ဘယ်လိုမှ ငါ နေတတ်တော့မှာ မဟုတ်ဘူး



နေလို့ရတော့မှာမဟုတ်ဘူး၊ သူ မျက်စိမမြင်ချင်လဲ ရှိပါစေ
ငါ လက်ထပ်ယူမယ်၊ ကုသလို့ ပြန်မြင်လာရင်လဲ ငါတို့ရဲ့
ကံတရားပဲ"

နိုင်သန့်၏အသွင်က ဆုံးဖြတ်ပြီးသည့်အသွင်။ ခင်နွေ့
အတွက် ခံစားနေရသည့်အဖြစ်ကို မျက်ရည်များ ရစ်ဝဲနေသည့်
မျက်ဝန်းအစုံဖြင့်ပင် မှန်းဆ နားလည်စေနိုင်သည့်အဖြစ်။

နိုင်သန့် ပြုံးသည်။ လှောင်ပြုံး။

"ငါတို့လူချမ်းသာတွေမှာ ဘယ်လောက် ကြံစက်တဲ့ အတ္တ
ဆိုတာ ရှိခဲ့သလဲ၊ ဘယ်လောက် ရွံ့မုန်းစရာကောင်းတဲ့
ဥပေက္ခာတရားဆိုတာ ရှိခဲ့သလဲ စဉ်းစားကြည့်စမ်းပါ
ပိုင်၊ ငါတို့မှာ အဲဒီ မျက်မမြင်မိန်းကလေးတစ်ယောက်ကို
ဆေးကုပေးဖို့ တတ်ကျွမ်းနားလည်တဲ့ သမားတော်တွေဆီ
ပို့ပေးဖို့ ငွေကြေးအင်အား ရှိနေပါလျက်နဲ့ မသိသလိုနေခဲ့
ကြတယ်လေ"

နိုင်သန့် ပြတ်ပြတ်သားသား သုံးသပ်ပြလာသမျှ
အမှန်တွေချည်းပါပဲလေ။

ဒါပေမဲ့ တစ်နေ့ကျလျှင် သူ့ချွေးနဲ့စာဖြင့် ခင်နွေ့
မျက်စိတွေ ပြန်မြင်လာအောင် ရည်ရွယ်ချက်ကြီးကြီး သူ ထား
ခဲ့ပါသည့်အဖြစ်ကိုတော့ ကိုနိုင့်ကို သူ မပြောပြတော့ပါ။

"အခု ... အဲဒီ အတ္တကြီးမားတဲ့အမှားတွေ၊ ဥပေက္ခာတရား
ကြီးခဲ့ကြတဲ့အဖြစ်တွေအတွက် ငါ ခံစားနေရပြီလေ၊ ခင်နွေ့
ဟာ ငါ့အတွက် နှလုံးသွေးကြောလို ဖြစ်နေပြီ၊ သူမရှိရင်
ငါ ဘယ်လိုမှ ဘဝငြိမ်းချမ်းတော့မှာ မဟုတ်ဘူး ပိုင်"

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုချင်းမို့ နိုင်သန့် ခံစားနေရသမျှ ပွင့်အန် ချပြနေမိသည်။

ကိုနိုင့်ရင်ထဲမှာ ခံစားနေရသမျှ ရင်ပေါ့သွားစေဖို့ သူ တိတ်ဆိတ်စွာ နားထောင်ပေးနေရပေမယ့် သူ့ရင်မှာ ပြုန်းပြုန်း ကြေမွ ကြေကွဲခံစားနေရတာကို ဘယ်သူ သိနိုင်ပါမည်လဲလေ။

"ငါ အပြင်ကို ထွက်ပြီး ရှာနိုင်တဲ့အခြေအနေရောက်လာရင် ခင်နွေ့ကို မတွေ့တွေ့အောင်ရှာမယ် ပိုင်၊ ခု ... လောလော ဆယ် မင်း ရှာပေးပါကွာ၊ တွေ့အောင်ရှာပေးပါ"

သူ ကိုနိုင့် လက်တွေကို ဆုပ်ကိုင်ထားလိုက်မိသည်။

"ပိုင် တွေ့အောင်ရှာပါ့မယ် ကိုနိုင်၊ ပိုင်ကိုယ်တိုင်ကလည်း ခင်နွေ့ကို သီရိဗြိမ်ရဲ့အရိပ်မှာ အေးအေးချမ်းချမ်း ရှိနေတာ ကို မြင်ချင်တဲ့သူပါ"

ထိုအခိုက်မှာ မေမေ ရောက်လာသည်။

ဒေါ်ခင်လေးမြတ်မှာ ပင်ကိုအားဖြင့် အဆင့်အတန်း ခွဲလိုစိတ်ရှိခဲ့တာတော့အမှန်ပါ။ ခင်နွေ့လို မိန်းကလေးကို သူ့ဆင်း အဖြစ် မြင်ထားသည့်အဖြစ်ပါ။

အမှန်အားဖြင့် သားကြီးနိုင်သန့်က ခင်နွေ့ရဲ့ လက်ထပ်ခွင့်ပြုပါရန် ခွင့်လာပန်လျှင် သဘောတူမိမှာလည် မဟုတ်ပါ။

ဒါပေမဲ့ ခုလို သားကြီးလုပ်သူ ရင်နှင့်မဆံ့အောင် ထိခိုက်ခံစားနေရှာ မြင်ဖန်များလာတော့ သားကြီးကို စိတ်ချမ်း သာစေချင်လာသမျှ ခင်နွေ့ကို ချွေးမအဖြစ်လက်ခံဖို့ ဆုံး လိုက်ရသည်ပါပဲ။



"ဒီကိစ္စမှာ ကလေးမလေး ထွက်ပြေးသွားရတဲ့အကြောင်း ထဲမှာ သား ကိုနိုင်ရဲ့ ပယောဂလဲပါတယ် ခင်လေး၊ ဒီက လေးမ ဒုက္ခရောက်ရင် ကိုကိုတို့ သီရိဗြိမ်ဟာ တာဝန်အရှိ ဆုံးပဲ"

ဟုလည်း ခင်ပွန်းသည် ဦးမင်းသန့် ပြောခဲ့သည်လေ။

"နေသာရဲ့လား နိုင်"

သားကြီး၏လက်ကို ဆုပ်ကိုင်လျက် ဒေါ်ခင်လေး မြတ် မေးသည်။

"သက်သာပါတယ် မေမေ"

မေမေ အရောင်းအဝယ်ကိစ္စတွေမလုပ်ဘဲ အိမ်မှာပဲ နေကာ နိုင်သန့်ကို ပြုစုနေခဲ့ပါ၏။ ပိုင်သန့် ထရပ်သည်။

"ကိုနိုင့်ကို ဆေးတိုက်ခဲ့ပြီးပြီ မေမေ၊ ဒေါက်တာဦးထွန်း မြင့်ကတော့ ဆယ်နာရီလောက်မှပဲ ရောက်လာမှာပါ"

ဟု ပြောကာ အိမ်ပေါ်ထပ်မှ ဆင်းခဲ့သည်။

"ပိုင်လေး ..."

သူ အောက်ထပ်ရောက်တော့ ထမင်းစားခန်းမှ ဒေါ်ဒေါ်မိ ထွက်လာကာ ခေါ်သည်။

"ခင်နွေ့အကြောင်း ဘာကြားသေးလဲကွယ်"

ဒေါ်ဒေါ်မိမှာ ပြောမိဆိုမိခဲ့တာကို ယူကျုံးမရဖြစ်နေ ရှာသူပါ။

"လိုက်ရှာနေတာပါပဲ ဒေါ်ဒေါ်မိ၊ ဒါပေမဲ့ မျက်စိမမြင်တဲ့ ခင်နွေ့ကို ဘယ်လိုလုပ်ပြီး လမ်းတွေပေါ်မှာ တွေ့နိုင်ပါ့ မလဲ ဒေါ်ဒေါ်မိရယ်၊ ခင်နွေ့ဟာ ဘယ်လိုလုပ်ပြီး လမ်းပြင်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထွက်နိုင်ပါ့မလဲ၊ ဘယ်လိုအစကောက်ပြီး ဘယ်လိုလိုက်ရှာရမှန်းကိုမသိတာ ခက်တယ်၊ ပိုဆိုးတာက ခင်နွေ့ဓာတ်ပုံလေးတစ်ပုံတောင်မှ မရှိတဲ့အဖြစ်ပဲ၊ ဓာတ်ပုံရှိရင်လဲကောင်းသား၊ သတင်းစာထဲထည့်ပြီး ကြေညာလို့ရတယ်"

"ဒေါ်မိလဲ ခင်နွေ့ကို မာမာထန်ထန်ကြီး ပြောမိခဲ့တယ်ကွယ်၊ သူ့ခမျာ ကြောက်နေရှာတာ၊ မျက်စိမမြင်ရှာတဲ့ ဒီကလေးကို နိုင်လေးကိုချစ်တဲ့ဇောနဲ့ မာမာထန်ထန်ကြီး ပြောမိလိုက်တယ်ကွယ်၊ ဒေါ်မိ မှားခဲ့လိုက်တာ၊ ဒါ ... ဒေါ်မိ အပြစ်ပါ"

ဒေါ်မိ မျက်ရည်လေးတစမ်းစမ်းနှင့် နောင်တရမဆုံးပြောနေတော့ သူ စိတ်မကောင်းနိုင်။

နေရာမှ တိတ်ဆိတ်စွာ လှည့်ထွက်ခဲ့ကာ အိမ်ရှေ့မှာ ထိုးရပ်ထားသည့် ဆိုင်ကယ်ပေါ် တက်ထိုင်လိုက်သည်။

ဆိုင်ကယ်ကို စက်နှိုးထွက်လာခိုက် ခင်နွေ့ကို တွေ့အောင် ဘယ်လိုရှာရပါ့ဟု လမ်းစရှာမရစွာ တွေးနေရသည်။

ခင်နွေရယ် ...

ပိုင်လေ ခင်နွေ့ကို သိပ်ချစ်နေရပါတယ်။ ချစ်တဲ့နွေလေးအတွက် ဘယ်လောက်ထိ သောကမီးလောင်မြိုက်နေရတယ်ဆိုတာ ပိုင့်နှလုံးသားကသာ သိတာပါ ခင်နွေ။ ချစ်တတ်လာတဲ့ အရွယ်ကတည်းက တမြတ်တနိုးချစ်ခဲ့ရတဲ့ ချစ်ခြင်းတွေနဲ့ ညီတဲ့ ကြေကွဲလောင်မြိုက်ခြင်းဝေဒနာတွေကို ပိုင် ခံစားနေရပါပြီ။

အဲဒီနေ့က ပိုင် အားကစားရုံကြီးကို သွားမိခဲ့တာ နောင်တရမဆုံးအောင် ဖြစ်နေတယ် ခင်နွေ။



ဒီလိုအဖြစ်တွေ ကြုံကြိုက်ရမယ်ဆိုတာသိရင် ပိုင်သွားပါဘူး နွေလေးရယ်။

ပိုင်ရှိနေရင် နွေလေး ဒီလို ဖြစ်မှာမဟုတ်ဘူး။

နွေလေးအနားမှာ ပိုင်ရှိနေရင် ကိုနိုင်ကလည်းအဲဒီလိုချစ်ခွင့်ပန်ဖို့အခြေအနေတွေ ရှိသွားခဲ့ရမှာမဟုတ်ဘူး။

ခင်နွေ ပိုင့်ကို ဘယ်လောက် အားကိုးတယ်ဆိုတာပိုင် သိတယ်။

ခုတော့ ခင်နွေအားကိုးရတဲ့ ပိုင် မရှိတဲ့အချိန်မှာခင်နွေ ချောက်ချားတဲ့စိတ်၊ အားငယ်တဲ့စိတ်တွေနဲ့ ဘယ်လိုထွက်ပြေးသွားခဲ့ရှာမလဲ။

ဘယ်နေရာများ ရောက်နေရှာပြီလဲ။

ပိုင် ... ရင်တစ်ခုလုံး ကျိုးကြေပျက်ပြုန်းသလိုခံစားနေရပါတယ် ခင်နွေ။

ပိုင့်အချစ်တွေက နှလုံးသားမှာ မျက်ရည်စက်လက်နဲ့ခင်နွေ့ကို တမ်းတနေစေပါပြီ။

ပိုင် ရှုံးရပါတော့မယ် ခင်နွေရယ်။

မျက်ရည်စက မျက်လုံးအိမ်ဝယ် ဝေသီလာချေပြီသည်။

❊ ✱ ❊

www.burmeseclassic.com

www.burmeseclassic.com



## ၂၁

"ဒီမှာ အစ်မစိမ်းပြောတဲ့ အင်္ကျီမျိုး တစ်ရာဖိုးလေးထည်ရတဲ့ ဥစ္စာလေ၊ လဟာပြင်မှာ ရောင်းတာတွေ့လို့ ဝယ်လာတာ အသစ်တွေပဲ၊ ကြည့်ရတာ ခေါင်းစည်းတဲ့ပဝါစတွေကို နှစ်ထည်စပ်ချုပ်ထားတဲ့ ပုံစံမျိုးနော်"

ခေါင်းစွပ်အင်္ကျီလေးထည်ကို စက္ကူအိတ်လေးနှင့် ထည့်ထားသည့်အတိုင်း မအေးစိမ်းရှေ့ချပေးလျက် အတာ ပြောသည်။

အင်္ကျီလေးတွေက ပေါ့ပေါ့ပါးပါးရှိ၏။ ခင်နွေ့ ကိုယ်နှဲ့နှဲ့လေးနှင့်ဆိုလျှင် အတော်ပင်ချောင်နိုင်သေးသည်။

"တစ်ထည်ကို ခြောက်ဆယ့်ငါးကျပ်ဆိုတဲ့ အင်္ကျီလေး တွေ့တာနဲ့ ဝယ်ခဲ့တယ်၊ ဖာလေးတွေနဲ့ဆိုတော့ အလှသာ အစ်မစိမ်းရ"

အတာပြောပြကာ နောက်ထပ်စက္ကူအိတ်လေးတ အိတ်ကို ချပေးပြန်သည်။



"ဒါက ထဘီစ၊ မြန်မာဖြစ်ဗျ၊ ရန်ကုန်ရိုက်လို့ပြောတာပဲ၊ ချေးလဲသက်သာတယ်၊ အဆင်လဲလှတယ်၊ ခင်နွေ့နဲ့တော့ လိုက်မှာ၊ အစ်ကိုတို့က ဆင်းရဲသားဆိုတော့ သိပ်အကောင်းစားကြီးတွေတော့ မတတ်နိုင်ဘူးပေါ့ ခင်နွေ့ရယ်၊ ဒါပေမဲ့ ဒီအင်္ကျီလေးတွေက လှတယ်"

ခင်နွေ့မှာ အားနာစိတ်ပင်ဖြစ်ရသည်။

ဤမောင်နှမနှင့် အတူနေရသည့်ရက်လေးတွေ ရလာလေ စိတ်ရင်းကောင်းကြတာကို သိလာရလေပါ။ မရှိသည့်ကြားမှ ယခုလို ဝယ်လာပေးတာကို သိနေရသည်မို့ အရမ်းအားနာရသည်။

"ဘာလို့ ဝယ်လာရတာလဲ အစ်ကိုရယ်၊ ခင်နွေ့မှာ အဝတ်အစား သိပ်မလိုဘူး၊ ခင်နွေ ထွက်ပြေးလာတုန်းက ဝတ်ထားတဲ့အင်္ကျီကလဲ ဝတ်လို့ရနေတာပဲ၊ အစ်မစိမ်းက တစ်စုံထပ်ပေးထားတာဆိုတော့ နှစ်စုံတောင်ရှိနေတာ၊ တစ်ထည်ဝတ် တစ်ထည်လျှော်လှန်းထားရင် ရပါတယ်၊ ခင်နွေ့အတွက် အလှအပဆိုတာ မလိုပါဘူး အစ်ကိုရယ်၊ ခင်နွေ့ကို ကျွေးမွေးစောင့်ရှောက်ထားရတာနဲ့ပဲ ကုန်ကျလှပါပြီ"

သိသိတတ်တတ်လေး ပြောနေတာကို မအေးစိမ်းမှာ ကြည့်ရင်း ခင်နွေ့ကို ပို၍ သနားလာရသည်။

အတာမှာ ခေါင်းယမ်းလိုက်ရင်း ...

"မဟုတ်တာ ... ဒါတွေ ပြောမနေနဲ့တော့၊ အစ်မ ထမင်းကျက်ပြီမဟုတ်လား၊ ထမင်းစားရအောင်၊ နေ့လယ်ဘက် ဒီဘက်လာတဲ့ပါဝင်ဂျယ်ရလို့ လာပို့ပေးရင်း အိမ်ကို တစ်ခါတည်းဝင်လာခဲ့တာ၊ ဒီအင်္ကျီလေးတွေလဲ ဝင်ပေးရင်းပေါ့"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ခင်နွေ့ကို အကျီသစ်လေးတွေ ပေးချင်၍ တမင်လာခဲ့ခြင်းပါ။ ပါစင်ဂျယ်ရသည်ဆိုတာ ရှက်၍ပြောခြင်းပါ။ တကယ်က ပါစင်ဂျယ်မရခဲ့။ ထမင်းရှုနေသည့် အစ်မစိမ်း အနီးသို့ အတာ သွားထိုင်သည်။

"အစ်မစိမ်း"

"ဟေ ... ဘာလဲ ငါတို့ ထမင်းစားပြီးပြီ၊ နင် ပြန်လာမယ်လို့မှ မထင်တာ၊ ငါရော ခင်နွေ့ရော နေ့လယ်စာစားပြီးကြပြီ၊ နင်တစ်ယောက်ပဲကျန်တယ်"

"မဟုတ်ပါဘူး အစ်မစိမ်းရာ၊ အဲဒီအကျီလေးတွေကို ချုပ်ရိုးထပ်လိုက်ရတယ်တဲ့၊ ချုပ်ရိုးက သိပ်မခိုင်ဘူးတဲ့၊ ဈေးချုပ်သဘောမျိုးတဲ့၊ အဲဒါ အစ်မစိမ်း သွားပြီး မမြင့်ရဲ့စက်ဆိုင်မှာ ချုပ်ရိုးလိုက်ပေးလိုက်ပါဦး၊ တစ်လက်စတည်းထဘီပါ ချုပ်ပေးပေါ့၊ အစ်မစိမ်းအတွက်လဲ ထဘီတစ်ထည် ဝယ်လာသေးတယ်၊ ချုပ်ခကေ ဘယ်လောက်ကုန်မှာတဲ့လဲ၊ အတာ့ ဒီနေ့ရခဲ့တာ ငါးဆယ်တော့ရှိပြီ"

အိတ်ကပ်ထဲမှ ပိုက်ဆံကို ဘယ်လက်ဖြင့် နှိုက်ထုတ်၍ပေးတော့ အရိုးခံ ရှေ့ယို့ အတာ့ကို မအေးစိမ်း သဘောကျစွာ ပြုံး၍ကြည့်သည်။

"ချုပ်ရိုးလိုက်တာနဲ့ ထဘီသုံးထည် ချုပ်တာ သိပ်မကုန်ပါဘူး အတာရဲ့၊ မင်းမှာလဲ ဒီညီမတစ်ယောက်ရလိုက်တာ ရွှေထုပ်ကောက်ရသလိုပါပဲလား"

ဟု ချစ်စနိုးလေးပြောယူရသည်အထိ အတာ့စေတနာတွေက သိသာနေရသည်လေ။



"အစ်မ ဘာသိလို့လဲ၊ ခင်နွေ့ကို ကားနဲ့ တိုက်မိမလိုဖြစ်တုန်းက အတာ ဒေါနဲ့မောနဲ့ ဆူငေါက်နေတာ၊ ခင်နွေခမျာ ရှိနိုးပြီး ကြောက်လန့်တကြား သူ့ မမြင်ရလို့ပါဆိုပြီး ပြောရှာတဲ့ပုံလေးကို မြင်ရတော့ ရင်ထဲမှာ ဆို့သွားရတာဗျ၊ ဘယ်လိုသနားသွားမှန်းကို မသိဘူး၊ အစ်မစိမ်းမြင်ရင်လဲ အတာ့ထက်တောင်မှ သနားသွားမှာ"

"ငါကလဲ ဒီကလေးမကို သနားနေတာပါပဲတော်၊ အေး ... မင်းလဲ သနားပါ၊ ငါ ကျေနပ်ပါတယ်"

မအေးစိမ်းမှာ ထမင်းလိုက်ပွဲကို ယောက်မကြီးနှင့်ကော်၍ ပန်းကန်ပြားထဲထည့်ရင်း ရယ်မောပြောသည်။

"အေး ... တိုင်လိုက်ရဦးမယ်၊ နင့်ညီမ ခင်နွေကို တားမရဆီးမရနဲ့ ဖြစ်နေရပြီ အတာ၊ နင့်အဝတ်အစားတွေရော ငါ့အဝတ်အစားတွေရော အတင်းလျှော်လှန်းထားတာ ဟိုမှာကြည့်"

အိမ်ရှေ့ကပြင်မှာ တန်းထားသည့် ကြိုးတန်းမှာ လှန်းထားသည့် အဝတ်တွေကို မအေးစိမ်း ပြသည်။

အိမ်လေးပေါ်တက်လာကတည်းက အဝတ်တွေလှန်းထားတာကို အတာ မြင်ခဲ့ပြီးသား။ အစ်မစိမ်း လျှော်လှန်းထားတာဟု ထင်ခဲ့တာမို့ ...

"အတာ့အဝတ်တွေ ယူမလျှော်ပါနဲ့ အစ်မစိမ်းရ"

ဟု ပြောမည်ဟု ဆုံးဖြတ်ထားတာ။

ယခုကျတော့ ခင်နွေ လျှော်ထားတာတွေ ဖြစ်နေသည်။

www.burmeseclassic.com



"ပြီးတော့ ငါ မနက်ကို ဈေးသွားတုန်း နောက်ပိုင်းက ဒီဝါးကြမ်းခင်းတွေကို ရေပတ်နဲ့ လိုက်တိုက်ထားသတဲ့လေ"

လူပုံသေးနွဲ့နွဲ့၊ နုနုနယ်နယ်လေးနှင့် စက်စက်ယို အောင်လှရှာလွန်းပါသည့် ခင်နွေ လုပ်ကိုင်ပင်ပန်းတာကို မအေးစိမ်း ပင် မကြည့်ရက်နိုင်သလို ဖြစ်နေရသည်။

"ဟုတ်သားပဲ၊ ခင်နွေ ဘာလို့ အဲဒါတွေ လုပ်နေရတာလဲ ငါတို့ကဆင်းရဲပေမယ့် ဒီငါးပိချက်နဲ့ ပဲကြီးဟင်း၊ တည် သီးတို့စရာလို ဆင်းရဲသားဟင်းကို ငစိန်ဆန်ထမင်းနဲ့ အဝတော့ နင့်ကို ကျွေးထားနိုင်ပါတယ်ဟာ၊ ငါတို့စားသလို နင် စားရမှာပဲ၊ အဲဒီထမင်းစားရတဲ့အတွက် ဒီအိမ်လေးမှာ နေတဲ့အတွက် အလုပ်တွေ တုံ့ပြန်ကျေးဇူးအနေနဲ့ မလုပ်ပါ နဲ့ဟာ ငါတို့က ဆင်းရဲပေမယ့် စေတနာ မဆင်းရဲပါဘူးဟ"

ပြောလိုက်လျှင် ရိုးရိုးရှင်းရှင်းကြီး ပြောတတ်တာ အတာမှာလည်းရှိသည်။

"မဟုတ်ပါဘူး အစ်ကိုရဲ့ဟိုမှာတုန်းကလဲခင်နွေ အဲဒီအလုပ် တွေ လုပ်နေကျပါ၊ ခင်နွေ ကောင်းကောင်းလုပ်တတ်ပါ တယ်၊ ဘာမှမလုပ်ဘဲနေရတော့ ခင်နွေ ပျင်းတယ် အစ်ကို ခင်နွေက ထမင်းဟင်းကျတော့လဲ မမြင်မကမ်းနဲ့ဆိုတော့ ချက်လို့ မရဘူး မဟုတ်လား၊ ဒီတော့ ဒီလိုအဝတ်လျှော် ကြမ်းတိုက်လောက်၊ အိုးခွက်ဆေးတာလောက်တော့ လုပ် ချင်တာပေါ့"

ခင်နွေ ပြောရင်း အစ်ကိုပိုင့်ကို သတိရလာသည်။



အစ်ကိုပိုင်တုန်းကလည်း ခင်နွေ ခုလိုလုပ်ကိုင်ပြီ ဆိုလျှင် ဝင်ဝင်လုရင်း လုပ်ကိုင်ပေးသွားတတ်သည်ပါပဲလေ။

ခင်နွေ လုပ်နေကျပါဟု ပြောတိုင်းလည်း စိတ်လက် ကိုစွာဆူပူတတ်သည်ပါပဲ။

ခင်နွေ သိရိုင်ငြိမ်ကို မပြန်ဝံ့တော့ဘဲ ကျောခိုင်းခဲ့သည့် နောက် အစ်ကိုပိုင် ခင်နွေ့ကိုများ လိုက်ရှာနေလေဦးမည်လား။

အန်တီနှင့် အန်ကယ်တို့ကရော ခင်နွေ့ကို အရေ ဆုတ်ချင်လောက်အောင် ဒေါသဖြစ်နေကြချေပြီလား။

ခင်နွေ ငိုင်ခနဲဖြစ်သွားတာကို ကြည့်လျက် အစ်မစိမ်း က ...

"ကဲပါ အတာရယ် ငါပဲ နင့်ကို တိုင်တာပါ၊ ငါပဲ နင့်ကို ပြန်ပြီး အဲဒီကောင်မလေးကို မဆူဖို့တားရတော့မှာပဲ၊ သူ ဒီလောက်လုပ်ချင်တာ လုပ်ပါစေ၊ သူပြောတာ ဟုတ်ပါတယ် လေ၊ ဒီတိုင်းကြီးနေနေရမယ်ဆိုတော့လဲ အနေကျပ်ရှာမှာ ပေါ့၊ ဒါပေမဲ့ ခင်နွေ၊ ညည်း အဝတ်လျှော်ရင် ငါပါ ဝိုင်း လျှော်မယ်"

အတာ ထမင်းစားပြီးသွားပြီမို့ လက်ဆေးစလုံမှာ လက်ဆေးသည်။ ပန်းကန်တွေကို အသံမကြားအောင် သိမ်းပြီး နောက်ဖေးကပြင်သို့ ထွက်ကာ ပန်းကန်တွေဆေးသည်။

ခင်နွေ မသိအောင် ဆေးခြင်းပါ။

"ကဲ ... အစ်မစိမ်း၊ အတာ သွားလိုက်ဦးမယ်၊ ညာကြ နည်းနည်းနောက်ကျချင်ကျမယ်၊ ပါစင်ဂျယ် ကိုနိုင်သ လောက် ဆွဲလိုက်ဦးမယ်၊ ကားကို အုံနာဆီ ညကျပြန်အပ်

www.burmeseclassic.com



ပြီးမှပဲ ပြန်လာမှာနော်၊ ထမင်းစားနှင့်၊ ခင်နွေ မင်း
အစ်မစိမ်းနဲ့ အတူစားနှင့်”

ပုဆိုးကိုမ,၍ ပါးစပ်သုတ်ပြီး အတာ အိမ်ပေါ်မှဆ
မည်လုပ်တော့ ...

“အစ်ကို ခင်နွေ့ကို အဝတ်အစားကအစ ဝယ်ပေးနေ
အတွက် အစ်ကိုနဲ့ အစ်မစိမ်းကို ခင်နွေ ကန်တော့ပါတယ်

ဟု ခင်နွေ လက်အုပ်လေးချီပြောတော့ အ
ရင်ထဲမကောင်းနိုင်။

ဤမျှ လိမ္မာရေးခြားရှိပါသည့် မိန်းကလေးကို
လေးပြန်မြင်အောင် မကုပေးကြသည့် လူချမ်းသာမိသားစုကို
ချင်၏။

“တောက် ... ငါသာဆို ကုပေးလိုက်တာ ကြာလှပြီ”

ဟု တွေးသည်။

“သာဓုပါဗျာ ... သာဓု ... သာဓုပါ၊ ငါ့ညီမ
ဆန္ဒပြည့်ပါစေဗျား”

ဟု အတာ ဆုလှမ်းပေးသည်။ လူရိုးမို့ ဟန်ပန်
တတ်။ ခင်နွေ ကန်တော့တာကိုလည်း ရှက်စိမ့်စိမ့်ဖြစ်၏။

လူကြီးနေရာထား၍ အကန်တော့ခံရတာကို
အတာ မနေတတ်။

“ဩော် ... အစ်မစိမ်း၊ အဝတ်တွေ ချုပ်ရိုးလိုက်ဖို့
နဲ့ဦးဗျ၊ ခင်နွေ ရေမိုးချိုးပြီး အဝတ်သစ်လေးဝတ်
ကြားလား၊ ခုဝတ်ထားတဲ့အင်္ကျီက ပွနေလိုက်တာ နှ
စရှိတယ်”



သေချာထပ်မှာပြီး အတာ အိမ်လေးပေါ်မှဆင်းသွား
သည်။

“အတာ ပဲကြမ်းကြော် နည်းနည်းဝယ်လာခဲ့၊ အစ်မစိမ်း
နှပ်ထားတဲ့ လက်ဖက်လေးနဲ့ ညနေကျ သုပ်စားကြရအောင်”

ဟု အစ်မစိမ်း လှမ်းမှာတာကို ...

“ဟုတ်ကဲ့”

ဟု ခေါင်းညိတ်ဖြေရင်းမှ သတိတရဖြင့် ...

“အစ်မစိမ်း ... အင်္ကျီ”

“အေးပါ၊ ချုပ်ရိုးလိုက်ဖို့ မမြင့်စက်ဆိုင်ကို ငါ သွားပါမယ်
ဟဲ့”

“ဟာ ... မဟုတ်ဘူး အစ်မစိမ်းရယ်၊ စက်ဆိုင်သွားရင်
ခင်နွေ့ကို အိမ်မှာချန်မထားခဲ့နဲ့၊ ဟိုမှာကြာနေရင် ခင်နွေ
တစ်ယောက်တည်းဖြစ်နေမှာ၊ ဘယ်သူလာလို့လာမှန်းသိရှာ
တာမဟုတ်ဘူး၊ ခေါ်သွား” ဟုမှာသည်။

တကယ်က ရုပ်ရည်လေးချောညက်နေသည့် ခင်နွေ့
အတွက် စိတ်ပူ၍မှာခြင်းပါ။

မတော် ... ခင်နွေ့လာစော်ကားသွားရင် ဘယ့်နှယ်
လုပ်ပါ့မည်တဲ့လေ။

မဖြစ်။ နောက်ကို အစ်မစိမ်း ဈေးသွားချိန်ဆိုလျှင်
အိမ်မှာနေပေးမှ ဖြစ်မည်ဟု အတာ တွေး၏။ အစ်မစိမ်းကို
မနက်စောစော ဈေးသွားခိုင်းရမည်။ အစ်မစိမ်းဈေးကပြန်လာမှ
ဘားမောင်းထွက်မည်ဟု အတာ ကြိုတင်တွေးထားလိုက်ရပြီ။

“အစ်မစိမ်း”

www.burmeseclassic.com

www.burmeseclassic.com



ကားစက်နှိုးပြီးမှ အတာ ထပ်ခေါ်ပြန်တာမို့ ...

"ဩော် ... ဘာလဲဟဲ့"

"လမ်းကြုံနေတာပဲ အစ်မစိမ်းရ၊ တစ်ခါတည်း အတာ့ကား နဲ့တင်ခေါ်သွားမယ်လေ၊ အပြန်ကျမှ ခေါ်ကျွင်ပြန်ကြပေါ့။ ဒီလမ်းပဲဥစ္စာ"

ကားမထွက်နိုင်ဘဲဖြစ်နေသည့် အတာ့ကို အစ်မစိမ်း လက်မြှောက်လိုက်ပါပြီ။

"ကဲ ... ခင်နွေ ... ထ၊ ညည်းရော ငါရော အတာ့ကားနဲ့ သွားကြရအောင် အိမ်တံခါးပိတ်ခဲ့မယ်၊ အင်း ... ဒီကောင် စိတ်ပူတာကိုမြင်မှ ငါလဲ စိတ်ပူလာမိတယ်အေ့၊ ဟုတ်ပါရဲ့၊ ညည်းအိမ်မှာ ကျန်ခဲ့တော့ တစ်ယောက်တည်း ဘယ်သူ ဘယ်ဝါလာမှန်းလဲ သိနိုင်တာမဟုတ်ဘူး၊ မဖြစ်ပါဘူးအေ ညည်းကို ချန်ချန်ထားခဲ့လို့ မဖြစ်ပါဘူး"

ဟု အစ်မစိမ်း ပြောသည်။

ခင်နွေမှာ မျက်ရည်လေးများဝဲလုမတတ် ကြည်နူး ပါပြီ။ ငွေကြေးကြွယ်ဝချမ်းသာ မရှိကြပေမယ့် မေတ္တာကြွယ်ဝ ပြည့်လျှံလွန်းပါသည့် မိသားစုလေးမှာ ခင်နွေ နေခွင့်ကြုံရပါ ပြီတကား။

အိမ်ရှေ့ကပြင်တွင် လှန်းထားသော အဝတ်တွေ အစ်မစိမ်း ပြန်ရုပ်ပြီး အိမ်ထဲမှာထားသည်။

"အဝတ်က သိပ်ရှိတာမဟုတ်ဘူး ခင်နွေရဲ့၊ အပြင်မှာ လှန်းထားရင် သူခိုးက ဝင်ရုပ်သွားမှ ဟုတ်ပေ့ဖြစ်နေမှာ"



ဟု အစ်မစိမ်းပြောပုံကို နားထောင်ရင်း ခင်နွေ ပြုံးမိရသည်။

"ဟိုဘက်က ညွှန့်ညွှန့်ရေ၊ ငါ အပြင်ခဏသွားမလို့၊ အိမ် ဘက်ကို အားတဲ့အခါ ကြည့်လှည့်ဦးဟေ့"

ကလေးတွေ တစ်ပြုံကြီးဖြင့် အလုပ်များနေတတ်သူ ညွှန့်ညွှန့်မှာ တကယ်တမ်းကျတော့ ဤအိမ်ဘက်ကို ကြည့်ဖို့သတိ ရချင်မှရတော့မှာကို သိနေပါလျက် ထုံးစံအတိုင်းမှာဖြစ်အောင် အစ်မစိမ်း မှာသည်။

"ဟုတ်ကဲ့ အစ်မစိမ်း၊ ကြည့်ထားလိုက်ပါ့မယ်"

နို့ညှာကောင် ရေချိုးပေးဖို့ပြင်နေသည့် ညွှန့်ညွှန့်က လည်း ထုံးစံအတိုင်း ပြန်ဖြေသည်။ ဒါပေမဲ့ အစ်မစိမ်း ပြန်ရောက် လို့ တံခါးတွေဖွင့် ထမင်းတစ်အိုးလောက် ကျက်လျှင်တောင်မှ အစ်မစိမ်းတစ်ယောက် ပြန်ရောက်နေပြီဆိုတာ ညွှန့်ညွှန့် သိခဲ့ဖူး တာမဟုတ်။

ဘာပဲဖြစ်ဖြစ် ဒီလို သွားခါနီးလာခါနီး အိမ်ကြည့် လိုက်ပါဦးဟုမှာခဲ့တော့ ရင်ထဲ သွားရတာ ပိုစိတ်ဖြောင့်သလိုရှိတာ မို့ အစ်မစိမ်းကလည်း အမြဲမှာခဲ့နေကျပါ။

"ငါတို့က ရှိကြတာမဟုတ်ဘူးအေ့၊ ရှိတာလေးကိုတော့ ဂရုစိုက်ရတယ်၊ တစ်ခုပျောက်ပျက်သွားရင် ပြန်ဝယ်ရတော့ အသစ်လိုအပ်တာတွေကို မဝယ်ရဘူးပေါ့၊ ပျောက်တဲ့ပစ္စည်း မျိုး အမျိုးတူကို ပြန်ဝယ်ရတော့ နှစ်ခါကုန်သလိုဖြစ်နေတာ"

ဟု ခင်နွေ့ကို အစ်မစိမ်း ရှင်းပြနေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ့ကို ကားနောက်ခန်းထဲ တွဲတင်ပေးပြီး နှစ်ယောက်အတူထိုင်၍ ကားနှင့်ထွက်ခဲ့ကြသည်။ ခင်နွေ့ကို နောက်ခန်းမှာထားခဲ့ပြီး အစ်မစိမ်း ရှေ့ခန်းမှာသွားမထိုင်ရက်။ ခင်နွေ့ကို သွားထိုင်ခိုင်းလျှင်လည်း အစ်မစိမ်းကို နောက်ခန်းမှာထားပြီး သွားထိုင်မှာမဟုတ်။ ဒါကြောင့် နှစ်ယောက်စလုံး နောက်ခန်းမှာ ထိုင်ဖြစ်သွားကြရသည်။

ကားလေးပေါ်မှာ ခင်နွေ့ထိုင်ရင်း ငြိမ်သက်လိုက်ပါသည်။

သြော် ... ခင်နွေ့ကို သူဆင်းရဲမိသားစုမှာကျတော့ ခင်နွေ့ကို တန်ဖိုးတရှိဖြင့် နေရာလေးပေးထားကြချေသည်။

သိရိငြိမ်မှာရှိခဲ့စဉ်က ခင်နွေ့သည် ဘာများအရေးပါ ဖြစ်ခဲ့ပါမည်လဲလေ။

အစ်ကိုပိုင်ကတော့ ခင်နွေ့ကို အရေးတယူရှိသည် ဒါပေမဲ့ သနားရုံသက်သက်ပါ။

အဆင့်ဟူမဟုတ်သည်မို့ ခင်နွေ့ကို တန်ဖိုးမထား တာပဲဖြစ်ခြိမ့်မည်။

ခင်နွေ့ဟာ မိုက်မဲစွာ အစ်ကိုပိုင့်ထံမှ မေတ္တာ မျှော်လင့်စောင့်စားမိခဲ့ဖူးသည်လေ။

အကျော်ပွင့်ဆိုတာ ပင်ပျိုထက်မှာပဲရှိရှိ တန်ဖိုးထား လှမ်းလင့်ခူးယူသူဆိုတာ ရှိခဲ့ချေသည်မှ မဟုတ်ချေဘဲလေ။

ခူးချူရန် ပင်ပန်းသည်ဟု ထင်လေမလားဟူသော အတွေးနှင့် ကြွေကာချပေးလျှင်တောင်မှ အရေးတယူကောက် နမ်းမည့်သူ မရှိနိုင်ခဲ့သည့်အခြေ။



သြော် ... အစ်ကိုပိုင်ရယ်။

ကောက်ယူစေကြွေကာပေးသူမှာ ... ခုတော့လေ ... ဝေဒနာလေးတွေနဲ့ပဲ ဖြေသိမ့်ခဲ့ပါပြီရှင်။

ဖြေသိမ့်လိုက်ရပါပြီ။

မျက်ရည်စသည် ဝေစပြုလာပါချေပြီတည်း။

❁ ✱ ❁

www.burmeseclassic.com

www.burmeseclassic.com





အဖြူမှာ အဝါစွက်ကာပ

ဝါဖျော့ဖျော့ ပွင့်ညှာရယ်

လှပစွာလှိုင်ကြူသင်းပေမယ့်

ထွေးယူကာ ဘယ်သူမွှေးပါလိမ့်

အိမ်နီမို့စံ အကျော်ပန်းကိုဖြင့်

လှမ်းလင့်ကာ ဘယ်သူနမ်းချင်လိမ့်

ဝဲစီမို့စမ့် ညှို့မျက်ရည် ...။

အပွင့်နိုင်နိုင်

ပင်မြင့်မှာ လှိုင်လှိုင်ပွင့်ကာပ

ခူးမှာလား မျှော်လင့်ချင်

သူမမင် ... သူမခူးလေတော့

ပွင့်ဖူးညှာ ကြွေကာချပေးပါ၍

ကောက်ကာသာနမ်းလေဦးမှာလား

ခင်ဖုန်းမှာဖြင့် မျှော်လင့်ချင် ...။







အပွင့်ကြွေအနေလန်းပေမယ့်

ဂုဏ်တင့်မဝေ ... သည်ငွေပန်းကိုဖြင့်

လှမ်းလင့်လို့သူမယူ

မကြည်ဖြူမျက်နှာတိမ်းရင်လဲ

ဘဝမွဲတိုယ့်အခြေ

ကိုယ့်အနေကိုယ်သာသိသည်မို့

ကောက်ယူစေ ကြွေတာပေးသူမှာ

ဝေဒနာလေးတွေနဲ့

ဩော် ...

ဖြေသိမ့်ခဲ့မယ် ...။ ။

❁ ✱ ❁



www.burmeseclassic.com

www.burmeseclassic.com



# ❀ ၂၆ ❀

“တကယ်ဆိုမှကွာ၊ ငါ့အမေကပြောပြတာ၊ အဲဒါ အကန်းတဲ့၊ မင်းကို ငါက ဘာလို့ညာပြောရမှာလဲ”

ခင်နွေ ရေချိုးနေသည့် ရေစည်ပိုင်းပြတ်လေးက တစ်ဖက်မှာနေသည့် ညွန့်ညွန့်၏ အိမ်ခြံစည်းနှင့်နီးသည်။

အဝတ်တွေလျှော်ပြီးနောက် ခင်နွေ ရေချိုးနေစိုက် တစ်ဖက်ခြံဆီမှ ငြင်းခုန်နေသံလေးတွေကို ခင်နွေ ကြားနေရသည်။

တစ်ဖက်ခြံနှင့် ခင်နွေတို့ နေထိုင်ရာ ခြံလေးကို စည်းရိုးခြားထားသည့် သစ်သားတန်းလေးတွေကို ခင်နွေ လက်လေးဖြင့် ထိကိုင်လျက် ရင်ထဲမှာ မကောင်း။

ခင်နွေ့ကိုကြည့်၍ ခပ်ကျိတ်ကျိတ် ငြင်းခုန်နေကြတာကို ခင်နွေ မှန်းဆနားလည်မိသည်။

“ဟာ ... ဘယ်ကလာ ကန်းရမှာလဲ၊ ဟိုမှာ မတွေ့ဘူးလား အဝတ်တွေလျှော်ထားတာ၊ ပြီးတော့ ဒီလောက်ရုပ်ချောတာ မကန်းဘူးကွ”



“အောင်မာ ... ရုပ်ချောတာနဲ့ မကန်းတော့ဘူးလား၊ အဝတ်လျှော်တာက အကျင့်ပါနေလို့ပါ၊ ငါ့အမေက ပြောပြတယ်၊ တချို့အကန်းတွေက အလုပ်လုပ်တတ်တယ်တဲ့”

အကန်း။

ခင်နွေ့ရင်ထဲမှာ ဆို့တက်လာရသည်။ အကန်းဘဝကို ပိုင်ဆိုင်ရခြင်းသည် လူဖြစ်ရှုံးနေရသည့်နှယ်ပါတကား။

လူတွေနှင့် အဆင့်အတန်းချင်းမတူသည့်နှယ် အားငယ်ညှိုးသိမ်ခြင်းဖြစ်ရသည်။

အကန်းဟူသော ဝေါဟာရကိုက နင့်နင့်သီးသီး ရှင့်ရှင့်သီးသီး ရှိလှချေသည်ဟု ခင်နွေ ခံစားမိသည်။

ခင်နွေ ရေမြန်မြန်ချိုးသည်။

“ကြည့်ပါလားကွ၊ ဆပ်ပြာတွေ ဘာတွေဆို ခြေသောက်တွေကအစ ခြေဖဝါးတွေကအစ ဖြူနေအောင်တိုက်တာ၊ မမြင်ဘဲ အဲဒီလို တိုက်တတ်ပါ့မလား”

ဆင်ခြေကန်ငြင်းနေသည့် ချာတိတ်အသံကိုလည်း ကြားနေရဆဲ။ ကြည့်ရတာ ချာတိတ်နှစ်ကောင် မလှမ်းမကမ်းမှကို ကြည့်ရနေကြတာဖြစ်မည်။

ကိုအတာတို့အိမ်မှာ အကန်းမလေးတစ်ယောက် ရောက်နေတယ်ဆိုသောသတင်းက အိမ်ချင်းကပ်နေသော အရပ်ထဲမှာမို့ ပျံ့လွှယ်ခဲ့သည်ထင့်။

“ဟာ ... မင်းကလဲ နားဝေးလိုက်တာ၊ ထုံလိုက်တာ၊ ငါတို့နှစ်ယောက် ဒီလောက်ကြည့်နေကြတာ သူ မြင်ရင် ငါတို့ကို ဆူမှာပေါ့ကွ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ဆူရမှာလဲကွ၊ ငါတို့က ကလေးတွေပဲဥစ္စာ၊ အလကားပြေး၊ အဲဒါ မျက်စိမြင်တယ် မကန်းဘူး"

အကြောက်အကန်ငြင်းပြီး ပြေးသွားသော ခြေသံကို ကြားရ၏။

ခင်နွေ ရေချိုးပြီး မျက်နှာလေး ညှိုးဖျော့လျက် ကိုင်နေကျတုတ်လေးကို ထောက်၍ ရှေ့ကို စမ်းလျှောက်လာရသည်။ နေရာသစ်ဆိုတော့ ခင်နွေ သွားလာရတာ မကျွမ်းသေး။ တုတ်လေးကို ထောက်၍ ရှေ့နေရာမှာ တုံးတို့ ကျောက်ခဲတို့ မရှိ ခြေလှမ်းရွှေ့သည်။

"ဟော့ကောင် တွေး၊ ဟိုမှာကြည့်၊ တုတ်ကြီးနဲ့ စမ်းလျှောက်သွားတာ မမြင်ဘူးလား အကန်းပါဆိုမှ၊ ကဲ ... ငါနိုင်ပြီ"

ခင်နွေ ရင်ထဲ နင့်ခနဲဖြစ်သည်။

"စောစောက အဝတ်လျှော်ပြီးသားတွေ လှမ်းတုန်းက အ မလှန်းဖြစ်ဘူးကွ၊ ဒေါ်စိမ်း လှန်းပေးခဲ့ရတာ မင်းမြင် တာပဲ၊ ဒေါ်စိမ်းက ကူလုပ်တာကို မင်းက ငြင်းချင်တယ် ဟောကြည့် ... တုတ်ကြီးနဲ့ ထောက်စမ်းလျှောက်နေတာ မြင်ပြီလား ဘာငြင်းမလဲ"

ကျယ်လောင် ကျယ်လောင်နှင့် ပြောနေသမျှ ခင်နွေ စိတ်ထိခိုက်စွာ ကြားနေရသည်။

သီရိငြိမ်မှာတုန်းကတော့ ဤသို့ ကလေးတွေ အ တွေ၏ အပြောအဆိုမျိုး မခံခဲ့ရဖူး။ ခြံထဲမှာ ပန်းလေးတွေ၊ မြက်ခင်းလေးတွေနှင့် နေခဲ့ရသည်။ ဘာဂျာလေးမှုတ်ပြီး တစ်ယောက်တည်း ပျော်အောင်နေခဲ့ရသည်။



ထိုစဉ်တုန်းကတော့ လူတွေနှင့် လူတွေကြားထဲမှာ အတူရောဝင်နေထိုင်ချင်စိတ်လေးတွေ တစ်ခါတစ်ခါ ဆန္ဒဖြစ်တည်ခဲ့ဖူးသည်။

ဒါပေမဲ့ ပန်းလေးတွေ မြက်ခင်းလေးတွေက ခင်နွေ့ကို အဖော်အဖြစ်ဘဲ နေခဲ့ကြသည်။ တိတ်ဆိတ်စွာဖြင့် နေပေးခဲ့ကြသော အဖော်များ။

ဘာဂျာလေးကလည်း ပျော်မြူးဖွယ် တေးသံလေးဖြင့် ခင်နွေ့အပါးမှာ ရှိခဲ့သည်။

ယခု လူတွေကြားထဲရောက်လာတော့ ခင်နွေ့ကို အကန်းဟူ၍ ထိုးနှက်စကားဖြင့် လှောင်နေကြချေပြီလားလေ။

"ဟော့ ... ကောင်လေးတွေ၊ ဘာတွေ ကျယ်လောင်ကျယ်လောင် ပြောနေတာလဲ၊ ကလေးက ကလေးအရာနေတာ မဟုတ်ဘူး၊ လာ ... ခင်နွေ ဒီသရဲမှင်စာလေးတွေကြောင့် စိတ်မကောင်းဖြစ်မနေနဲ့"

ချာတိတ်တွေ ပြောသံဆိုသံ ကျယ်လောင်လောင်ကြီးကြောင့် အစ်မစိမ်း အိမ်လေး၏ နောက်ဖေးကပြင်ဘက် ထွက်လာ ချာတိတ်တွေကို အော်ငေါက်လိုက်လျက် ခင်နွေ့ထံ လျှောက်လာကာ တွဲခေါ်ခဲ့သည်။

"ဒီလိုပဲပေါ့အေ၊ ငါတို့နေရာက ဆင်းရဲသားရပ်ကွက်ဆိုတော့ စိတ်ထဲဝင်ဝင်စားစားရှိရင် သိသိသာသာပဲကြည့်ကြပြောကြတာ၊ ပြီးတော့ ညည်းက ရုပ်လေးချောနေတော့ ပိုပြီး ဂရုစိုက်ချင်ကြတာပေါ့အေ၊ ရုပ်ချောချောလေး မျက်စိမမြင်ဘူးဆိုတာမျိုးကလဲ စိတ်ဝင်စားစရာပဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



မအေးစိမ်းမှာ ခင်နွေ့ကို တွဲခေါ်လာရင်း နှစ်သိမ့်စကားပြောရရှာသည်။ ချာတိတ်နှစ်ကောင်ကတော့ ကော့နေအောင် ပြေးနှင့်ကြပြီးပြီ။

ခင်နွေ တုတ်လေးထောက်၍ သွားနေပါက ကြာနေမှာမို့ မအေးစိမ်းပဲ တွဲ၍ခေါ်လာလိုက်သည်။

"ကိစ္စမရှိပါဘူး အစ်မစိမ်းရယ်၊ ခင်နွေ့က တကယ်လဲ ကန်းနေတာကို၊ ကန်းတဲ့သူကို အကန်းလို့ခေါ်တာ အမှန်အတိုင်းခေါ်တာပဲမဟုတ်လား"

ဝဲလာသောမျက်ရည်ကိုထိန်း၍ ခင်နွေ အသံတိုးတိုးလေးဖြင့်ပြောသည်။

မအေးစိမ်းမှာ သက်ပြင်း ဟင်းခနဲချလျက် ...

"ကဲ ... စိတ်မကောင်းစရာမတွေးနဲ့၊ ငါ သနပ်ခါးတောင် သွေးထားပေးပြီးပြီ၊ ညည်း ပါးကွက်လေးကွက်ဦးမလား ငါ လိမ်းပေးမယ်လေ"

နွမ်းပါးသော်လည်း ချစ်ခြင်းမေတ္တာမှာတော့ ပြည့်စုံရှာပါသည့် အစ်မစိမ်းတို့မောင်နှမကို ခင်နွေ ဘယ်လိုကျေးဇူး ဆပ်ရမှန်းပင် မသိနိုင်အောင်ပါ။

"အစ်မစိမ်း သဘောလေ၊ လိမ်းပေးပေါ့၊ ခင်နွေ ဟိုးငယ်ငယ်တုန်းက ရွာမှာ ပါးကွက်ကြားလေးနဲ့ နေခဲ့တာပေါ့ အဲဒီတုန်းကတော့ မှန်လေးရှေ့ချ သနပ်ခါးလူး မှန်ထဲက ခင်နွေ့ရုပ်လေးကိုကြည့်ပြီး သနပ်ခါးပါးကွက်လေးကို ဘီး လေးနဲ့ အစင်းကြောင်းလေးတွေဖြစ်အောင် ခြစ်ရတာ"



ကြည်ကြည်နူးနူးလေး ခင်နွေ ပြောသမျှ နားထောင်ရင်း အစ်မစိမ်း ခင်နွေ့ကို သနပ်ခါးလူးပေးသည်။ မျက်လွှာလေး ပိတ်ချထားလျက် ကလေးလေးလို ငြိမ်ခံနေသည့် မျက်နှာလေးကို ငေးကြည့်မိလျက် ...

"ကော်ပတ်ရုပ်လေးကျနေတာပဲ"

ဟု အစ်မစိမ်း တွေးသည်။

မျက်တောင်ရှည် မည်းမည်းထူထူ ခက်ခက်ကြီးကလည်း လှလိုက်ပါသည့်အမျိုး။

"လှလိုက်တာအေ၊ ညည်းမျက်နှာ နနဝင်းဝင်းလေးမှာ ပါးကွက်လေးက ဝင်းအိနေတာပဲ၊ ရေချိုးပြီးစ သနပ်ခါး လူးထားရင် ပိုပြီး ဝင်းနေသလိုရှိတယ်အေ့"

မျက်ခုံးမွေးပေါ်မှ သနက်ခါးမှုန်လေးများကို သွားခွတ်တံသေးသေးလေးဖြင့် ခြစ်ပစ်ရင်း အစ်မစိမ်း ပြောသည်။

မအေးစိမ်းမှာ သနပ်ခါးတော့ ကြိုက်သည်။ မနက်မိုးလင်းတာနှင့် သနပ်ခါးကို မှုန်နေအောင် လူးသည်။ တခြားမိတ်ကပ်တို့ ဘာတို့ ညာတို့ မလူး။ ရှိလည်းမရှိ။ ဝယ်လဲမဝယ်နိုင်။ သနပ်ခါးကိုပဲ အခေါက်ကုန်အောင်သွေးလိမ်း။ နောက်ထပ် တစ်တုံးဝယ်ဖြစ်သေးလျှင် သနပ်ခါးအပွေးတုံးကြီးကိုပဲ တဂျစ်ဂျစ်လိမ်းသည်။

"ဟဲ့ ... အတော ဒီနေ့ အပြင်စောလှချေလားဟဲ့"

အိမ်ရှေ့မှာ ကားလေးထိုးရပ်လျက် အိမ်ပေါ်တက်လာသော အတောနှင့် အခန်းတွင်းမှ ထွက်လာသော ခင်နွေနှင့် အစ်မစိမ်းတို့ ဆုံကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အတာမှာ သနပ်ခါးလေးပါးကွက်ကြား ကွက်ကာ သန့်ရှင်းဖြူစင်စွာရှိနေပါသည့် ခင်နွေ့ကို မြင်လိုက်ရသည်နှင့် အမောပြေသည်သို့ ခံစားရ၏။

ရေချိုးပြီးစပြဖြစ်မည်ဟု အတာ တွေးမိသည်။ ဆံနွယ်လေးများမှာ ရေစိုစိုနှင့် ရှိနေသည်လေ။ နဖူးပြင်စပ်မှ ဆံရင်းလေးတွေမှာ ရေစိုလျက် ရှိနေသေးသည်။

ခင်နွေနှင့်ပတ်သက်လာလျှင် အသေးစိတ်လေးက အစ အမှတ်ထင်ထင်ကြည့်မိတတ်သည်က အတာ့အတွက် ပြုမြဲတာဝန်တစ်ခုလိုဖြစ်နေပြီ။

သနပ်ခါးလေး ဝင်းမှုန်အိစွာရှိလျက် လှနိုင်လွန်းပါသည့် ခင်နွေ့ကို အိမ်ပြန်ချိန်တိုင်း တွေ့ရခြင်းကိုက တစ်နေ့တာပင်ပန်းခဲ့သမျှကို အမောပြေ ပြေစေသည့်နယ်ပါ။

"အစ်မစိမ်း မေ့သွားပြီလားဗျ၊ လမ်းထိပ်က မခင်တို့သား အမိကို ဘူတာပို့ပေးဖို့ မနက်စောစောကတည်းက အော်ဒါမှာထားတာကော၊ အဲဒါ အိမ်ကို ဒီအချိန်ပြန်လာပြီး တစ်ခါတည်းရေမိုးချိုး ထမင်းစားသွားမလို့ ရော ... ဒီမှာ အစ်မစိမ်းမှာထားတဲ့ ခေါက်ဆွဲသုပ်"

ကြွပ်ကြွပ်အိတ်အသေးလေးထဲမှာ စားရန်အသင့်ပြုသည့် ခေါက်ဆွဲထုပ်လေးကို ကမ်းပေးပြီး ရေလဲပုဆိုးလေး သွားယူသည်။ အတာ့အခန်းက အစ်မစိမ်း၏ အခန်းနှင့် မျက်နှာချင်းဆိုင်အခန်း။ ခင်နွေက အစ်မစိမ်းနှင့် အတူအိပ်သည်။

ခန်းဆီးစအဟောင်းလေးတွေက အခန်းတံခါးပေါ်မှာ တပ်ထား၏။



သန့်သန့်ပြန့်ပြန့်နေတတ်သော အစ်မစိမ်းမှာ အိမ်ငယ်ငယ်ဟောင်းအိုအိုလေးကို ပင့်ကူအိမ်တစ်မျှင် မရှိအောင် ဖုန်မရှိအောင် သန့်ရှင်းစွာထားတတ်သည်။ သေချာလှည်းကျင်းတတ်သည်။ ဘုရားစင်ဆိုလျှင်လည်း ... ပန်းဆီမီးဖြင့် သစ်သီးဆွမ်း၊ သောက်တော်ရေနှင့် ရှိတတ်သည်။ နံနက်တိုင်းလည်း ဘုရားကိုကို ဆွမ်းတော်တင်သည်။

ယခု ခင်နွေ့အလိုကျ ဘုရားပန်းအိုးလဲ လှယ်တာ၊ ဆွမ်းတော်တင်တာ၊ သစ်သီးဆွမ်းကပ်တာ၊ သောက်တော်ရေလဲတာတွေကို ခွင့်ပြုထားရသည်။

မမြင်ပေမယ့် ခင်နွေက ဘုရားပန်းအိုးကို လက်လေးဖြင့် ပန်းကိုင်းလေးတွေ ပွင့်ဖတ်လေးတွေကို စမ်းကြည့်ပြီး ပန်းအိုးထိုးသွားတာက လှနေသည်။ ဘုရားပန်းပူဇော်ထားတာကို ကြည့်လျှင် မျက်မမြင်မှ ပူဇော်ထားတာဟုပင် ထင်စရာမရှိ။

အတာ ရေချိုးဖို့ ဖလားလေးနှင့် ဆပ်ပြာခွက်ကို ကိုင်လျက် ကပြင်လေးအတိုင်း နောက်ဖေးဘက်မှ ဆင်းတော့ အစ်မစိမ်း လိုက်သွားကာ ...

"အတာ ပြောရဦးမယ်၊ ဟိုဘက်က ညွန့်ညွန့်ရဲ့သားဆိုးပေကောင်လေး သံချောင်းကို သိတယ်မဟုတ်လား၊ အဲဒါ ဟိုဘက်အိမ်က အတူးကို ခေါ်လာပြီး ခင်နွေ ရေချိုးနေတုန်း အကာန်းဆိုပြီးပြသလေ၊ ငါ ထွက်ဆွဲလိုက်ရတယ်၊ ခင်နွေခမျာ စိတ်အားငယ်ရှာတာပေါ့၊ ဒီကလေးတွေကို စိတ်ပျက်ပါရဲ့ဟယ်"

အတာ ဒေါသထောင်းခနဲထွက်၏။

www.burmeseclassic.com

www.burmeseclassic.com



"တောက် ... နောက်ဆိုရင် သူ့အမေ သွားတိုင်ပစ်ပေါ့ အစ်မစိမ်းရဲ့၊ ဒီလောက်ဆိုးတဲ့ကလေးတွေ ရိုက်ပြဆုံးမနိုင်ရမှာ"

ပြောပြီး ရေပိုပါဝိုင်းပြတ်ဆီသို့ လျှောက်ခဲ့၏။

ဖြစ်ချင်တော့ သံချောင်းကို လေးခွတစ်လက်ဖြင့် ငှက်ပစ်ဖို့ချောင်းနေတာ မြင်ရသည်မို့ ...

"ဟေ့ကောင် သံချောင်း လာခဲ့စမ်း"

ဟု ခါးထောက်အော်ခေါ်သည်။

ငှက်ဖောကပ်နေ၍ အတော့ကို မမြင်လိုက်နိုင်သည့် သံချောင်းမှာ ကုပ်ချောင်းချောင်းလေးရပ်နေ၏။

"ဟေ့ကောင် သံချောင်း၊ မင်းက ငါ့ညီမကို အကန်းလေး ဘာလေးနဲ့ ပြောရအောင် မင်း အသက်က ဘယ်လောက်ရှိသေးလို့လဲ၊ လူကြီးမဟုတ် ဘာမဟုတ်နဲ့ လူကြီးတွေအကြောင်းကို မင်း ဝင်ဝင်ပြောစရာလား"

ရန်အတွေ့ကောင်းနေသည့် အတော့ကို သံချောင်း ဘာမျှ ပြန်အထွန့်မတက်ရဲ။

"မင်း ဟိုကလေးခေါ်လာ၊ ဒီကလေးခေါ်လာနဲ့ ငါ့ညီမကို ပြပြပြီး အကန်းလို့ပြောကြည့်၊ မင်းကို ကြိုးတုတ်ပြီးရိုက်ပစ်မယ်၊ မင်းပါးစပ်ကိုလဲ ငါ့လက်သီးနဲ့ ပိတ်ထိုးပစ်မယ် ဘာမှတ်လဲ"

ကြောက်သွားအောင် ချောက်လိုက်ပုံကြီးက မာန်[illegible] လွန်းနေတာမို့ သံချောင်းမှာ ယခုပဲ ကျောကော့အောင် အတီး[illegible] လိုက်ရသလို ကျောထဲ စိမ့်သွားရသည်။



"မင်းအမေကိုလဲ ငါ သွားတိုင်မယ်၊ ဘာလဲကွ၊ ငါ့ညီမ မျက်စိမမြင်တာကို မင်းက ဘာကိစ္စနဲ့ မောင်းလိုက်တီးနေရချင်ရတာလဲ၊ သံချောင်းနော် ကလေး ကလေးလိုနေ၊ လူကဖြင့် ရေမချိုးဘာမချိုးနဲ့ ချေးပေါက်လေးသစ် မည်းခြောက်ခြောက်နံစော်စော်နဲ့ ငါ ပိတ်တီးလိုက်ရ၊ သွား ... ရေချိုးချေ"

ခပ်တည်တည်နှင့် အတော ဆူကြိမ်းတော့ သံချောင်း ကုပ်ကုပ်လေးလစ်၏။ တကယ်တော့ ... ခင်နွေ့ကို အကန်းဟူ၍ သံချောင်း နောက်ထပ် မခေါ်အောင် အတော လုပ်ရခြင်းပါ။

ပြီးတော့ ... တကယ်လဲ ဒေါကန်တာ ပါပါသည်။ တဗွမ်းဗွမ်းနှင့် ရေချိုးပြီး ထမင်းမစားသေးဘဲ မညွန့်ညွန့်အိမ်သို့ အတာ သွားသည်။

ရှပ်အင်္ကျီအဖြူ ချည်ထည်ပုဆိုး အညိုကွက်လေးနှင့် တက်လာသော အတော့ကို မညွန့်ညွန့်မှာ ထုံးစံအတိုင်း ကလေး ခြောက်ယောက်နှင့် ရှုပ်ထွေးအလုပ်များစွာဖြင့် ...

"ဟော ... အတာ လာ"

ဟု နှုတ်ဆက်လိုက်စဉ်မှာပင် သံချောင်းမှာ မျက်နှာလေး ဆီးစေ့လောက်ကျန်တော့သည်။ တကယ်လည်း ရေမိုးချိုးထားသည့် သံချောင်း။

"အစ်မညွန့်၊ ဒီကောင်သံချောင်း အတော့ညီမလေး ခင်နွေ့ကို အကန်းဆိုပြီး ဟိုဘက်က အတူးကိုခေါ်ပြတယ်တဲ့လေ၊ ပြီးတော့ ... အော်ကျယ် အော်ကျယ်နဲ့ ပြောပြတာ ခင်နွေ့ကြားတော့ စိတ်အားငယ်မှာပေါ့၊ အဲဒါ နောက်မလုပ်ဖို့ ပြောပေးပါဗျာ၊ ခုနကပဲ အတောလဲ ဒီကောင့်ကို ဆူထားပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ခင်းထားသော ဖျာပေါ်တွင် အတာ ဝင်ထိုင်ပြီ ပြောတော့ သံချောင်းမှာ မျက်နှာငယ်လေးနှင့် အမေကိုလှမ်းကြည့် သည်။ တကယ်က အမေကိုယ်တိုင်ပဲ ပြောပြ၍ ထိုအစ်မ ခင်ဆို ဆိုတာ ကန်းနေတာဟု သိခဲ့ရသည်ပဲလေ။

ခုကျတော့ … အမေလုပ်သူမှာ မျက်နှာပျက်လျက် …

"သံချောင်း … အဲဒီလောက် လျှာရှည်ရအောင် နင့်အလုပ် လား"

သံချောင်း ပြန်မဖြေရဲ။ နို့ အမေကျတော့ ပြောပြီး တော့ဟု ပြန်မေး၍လည်း ရသည်မှမဟုတ်ဘဲလေ။ သူများအတင်း ပြောတာ လူကြီးအလုပ်ဟု နားလည်ပေးလိုက်ရတော့မလို ဖြစ်ခေ သည်။

"နောက်ကို အဲလို ကျပ်ကျပ်လုပ် နင့်ကို ဝါးခြမ်းပြား ဆော်မယ်၊ ငါ့ကို မျက်နှာငယ်လေးနဲ့ ကြည့်ပြမနေနဲ့"

မညွန့်ညွန့် ဆူလိုက်တာကို ကျေနပ်စွာ နားထောင်ပြီ အတာ ထရပ်သည်။

"အစ်မညွန့် … အတာ ပြန်မယ်၊ ထမင်းမစားရသေးဘူး အစ်မညွန့်တို့ရော စားပြီးပြီလား"

"တွေ့တဲ့အတိုင်းပဲလေ၊ ဒီအငယ်ဆုံးကောင် ဘာကောက် တယ်မသိဘူး၊ ကော့လန်နေအောင်ငိုနေတာ ဒီကလေ အငိုတိတ်မှပဲ စားဖြစ်မှာပဲ အဖေလုပ်သူကလဲ မရောက်သေ ဘူး"

မညွန့်ညွန့်၏ခင်ပွန်း ကိုဘမောင်မှာ စက်ရုံတာ အလုပ်သမားဖြစ်ပါ၏။



အတာ အိမ်ခြံဝါးဝရောက်ချိန်ကတည်းက ကလေး ငိုသံကိုတော့ ကြားခဲ့ရပြီးပြီ။ ထိုငိုသံကြားမှပင် တိုင်စရာရှိရာကို တိုင်လိုက်ရသည်။ နောက်တစ်ကြိမ် လာပြောဖို့ဆိုတာကလည်း ဘားမောင်းထွက်ရဦးမှာမို့ အချိန်ရနိုင်တော့မှာမဟုတ်။

ကလေးတငိုငိုကြားထဲမှ တိုင်ရ တောရတာကိုတော့ အတာ အားနာသည်။ ဒါပေမဲ့ မပြောဘဲ ပြန်သွားလျှင် မနက်ဖြန်ကျ တော့ နောက်ထပ်ချာတိတ်တစ်အုပ်ကို သံချောင်း ခေါ်လာပြီး ခင်နွေ့ကိုပြနေလျှင် အခက်။ ပြောသံဆိုသံများကို ကြားရလျှင် ခင်နွေ့ စိတ်ဆင်းရဲရှာမည်။ အားငယ်ရှာမည်။ ဒါကြောင့် တိုင်လိုက် ရသည်။

အတာ ထပြန်ခဲ့သည်။ အိမ်ပြန်ရောက်တော့ အစ်မ မီး ထမင်းခူးခပ်၏။ သုံးယောက်သား ထမင်းစားကြသည်။

ခေါက်ဆွဲသုပ်လေးလည်းပါသည်။ မုန်လာရွက်နှင့် မုန်လာဥကို မန်းကျည်းမှည့်ဖြင့် ချဉ်ရည်ဟင်းချက်သည်။ ငံပြာ ရည်ကို ပုဇွန်ခြောက်နည်းနည်းထောင်းထည့်၍ ငံပြာရည်ချက် ချက်သည်။ သခွားသီးတို့စရာပါသည်။ စား၍မြိန်သည်ပါပဲ။

"အတာ … ပြောခဲ့ပြီ အစ်မစိမ်း၊ သံချောင်းတော့ နောက် အဲလို လုပ်တော့မှာ မဟုတ်ပါဘူး"

အတာပြောပြီး ခင်နွေ့ကိုကြည့်သည်။ ချဉ်ရည်ဟင်း၊ ငံပြာရည်ချက်ကို ဟင်းရည်အားလုံးဆမ်းပြီး တိတ်ဆိတ်စွာစား သည့် ခင်နွေ့မျက်နှာလေးမှာ ညှိုးရိပ်သမ်းနေတာ အမှန်ပင်။

လူတစ်ဦးတစ်ယောက်၏ အားနည်းချက်ကို ကိုင်၍ ပြောင်ယူ၊ နောက်ပြောင်လိုက်သူအတွက် မထောင်းတာ။ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ခံစားရသူဘက်မှာ အရမ်းကြေကွဲ အားငယ်စေတတ်၊ ထိခိုက်ခံစားစေတတ်သည် မဟုတ်ပါလားလေ။

ခင်နွေ့မှာ မျက်မမြင်အဖြစ် အားနည်းချက်ရှိပြီးသား။ အားငယ်စိတ် အခံကလည်း ရင်မှာ တည်နေခဲ့ပြီးသား။ ခင်နွေ နေရာသစ်မှာ ခုလို ထပ်ကြုံရတော့ စိတ်ထိခိုက်ရှာမည်ပေါ့။

"ခင်နွေ ... အစ်ကိုပြောမယ်၊ ဘဝမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားပြီးနေတတ်ရမယ်၊ လူတိုင်းလူတိုင်းမှာ သောကဆိုတာ ရှိကြတာပါပဲကွယ်၊ သောကနည်းတာနဲ့ များတာပဲကွာမယ်၊ သောကကင်းသူရယ်လို့တော့ မရှိနိုင်ကြပါဘူး၊ ကလေးဆိုတာမျိုးက အဲလိုပဲ စိတ်ထဲထင်ရာကို ပြောချင်တတ်ကြတယ်၊ ထူးထူးဆန်းဆန်းရယ်လို့ ထင်တာမျိုးဆိုရင် ပိုပြီးပြောချင်တဘ်ကြတယ်၊ နောက်ကို သံချောင်း အဲလိုဆိုးတော့မှာ မဟုတ်ပါဘူးကွယ်"

ဟု ပြောသည်။

"မဟုတ်ပါဘူး အစ်ကို၊ ခင်နွေ အဲဒီသံချောင်းကို စိတ်ဆိုး ပါဘူး၊ မနက်ဖြန်ကျရင်လေ အဲဒီသံချောင်းကို ခင်နွေ့ ခေါ်လာပေးပါလား အစ်မစိမ်းရယ်၊ သူ့ကို ခင်နွေ့ဘဝ ပြောပြလိုက်ရင် နားလည်သွားမှာပါ၊ ကလေးတွေရဲ့စိတ် ထားကို ခင်နွေ သိတယ်၊ ခင်နွေကိုယ်တိုင်ကလဲ ကလေး ဘဝကကြီးလာခဲ့ရတာပဲမဟုတ်လား၊ သူတို့ ခင်နွေ့ ခင်သွားကြမှာပါ"

ခင်နွေ ပြောနေပုံလေးကို မောင်နှမနှစ်ယောက် ငေးကြည့်မိကြသည်။



စိတ်ထိခိုက်နေရှာသည်က သပ်သပ်၊ ကလေးတွေအပေါ် နားလည်ရှာသည်က သပ်သပ်ဖြစ်ပါသည့် ခင်နွေစိတ်သဘောထားကြီးပုံလေးကိုလည်း အထင်ကြီးသွားမိကြရသည်။

အတာမှာ ခင်နွေ့မျက်နှာ ငြိမ်းငြိမ်းအေးအေးလေးကို ငေးစိုက်ကြည့်ရင်း ဤမိန်းကလေး၏ မျက်နှာလေးကို ကြည့်ရသည်မှာ လမင်းလေးကို ကြည့်ရသည့်နှယ်ပါလားဟု တွေးမိရသည်။

အမျက်ဒေါသ၏ အရိပ်မရှိ။ မောဟ၏အရိပ်မရှိ။ ဟန်ဆောင်မှု လောဘ၏အရိပ်များလည်းမရှိ။ ပကတိငြိမ်းအေးသောမျက်နှာလေး။

ပန်းလေးတစ်ပွင့်ကို ကြည့်ရသည့်နှယ်။ လမင်းကြီးကို တွေ့ရသည့်နှယ်။

ရင်ကို ငြိမ်းအေးစေသော မျက်နှာလေး။

ဪ ... ရင်ငြိမ်းပန်းလေးတစ်ပွင့်သည် ဤအိမ်အားဝယ် ရှိနေချေပြီ။

ငွေဝန်းသော်တာလေးသည်လည်း ဤအိမ်ငယ်လေးသည် သာနေရချေပြီတည်း။

❋ ✱ ❋

www.burmeseclassic.com

www.burmeseclassic.com



# ( ၂၇ )

"နက်ကျော် သနားပါတယ် အတူး"

"ဟုတ်တယ်နော်၊ တောက် ... လိမ္မာလိုက်တာကွာ"

အတူးနှင့် သံချောင်းတို့နှစ်ယောက် ခင်နွေ့ရှေ့မှာ ထိုင်ရင်း ဒူးကလေးတွေပိုက်၍ စုတ်တသပ်သပ်နှင့်ပြောသည်။

ကလေးပီပီ ခွေးကလေးနက်ကျော်ကို ချစ်စိတ်နှင့် သနားနေကြပါ၏။

"မမြင်ဖူးလိုက်တာ နာတယ်ကွာ"

နက်ကျော်ကို မမြင်ဖူးလိုက်ရတာကို မချင့်မရဲဖြစ် လျက် သံချောင်း ညည်းသည်။

"အေး ... မမနွေ့ သနားပါတယ်၊ အစတုန်းက ငါတို့ မမနွေ့က မျက်စိမြင်တယ်ကွ၊ ခုမှ မမြင်ရတော့တာနော်"

ခင်နွေ့ ပြောပြသည်မို့ ခင်နွေ့ မျက်စိကွယ်ခဲ့ရပုံ ကို သိလိုက်ကြရပါပြီ။ စိတ်ထဲမှာ မမနွေ့ကို နောက်ထပ် ဘ တော့မှ အကန်းဟု မခေါ်တော့ဖို့ ဆုံးဖြတ်ထားကြသည်။



"မမနွေ့ လိုတာရှိရင် ကျွန်တော်တို့ကို ခိုင်းနော်၊ ဆီးပေါင်း ထုပ်တို့ ဘာတို့ ဝယ်စားချင်လဲပြော ဝယ်ပေးမယ်၊ မုန့် ဟင်းခါးဝယ်ခိုင်းချင်လဲပြော ဝယ်ပေးမယ်"

အိမ်ချင်း ပိုနီးသည့် သံချောင်းက အားတက်သရော ပြောသည်။

ဒေါ်အေးစိမ်က သံချောင်းနှင့် အတူးကို အိမ်သို့ ခေါ်လာကာ ခင်နွေ့နှင့် တွေ့ပေးသည်။ ခင်နွေ့က ဘဝ၏အဖြစ် လေးများကို ပြောပြသည်။

"မမနွေ့ကို သိပ်သနားတာပဲ"

ဟု ခင်နွေ့စကားအဆုံးတွင် သံချောင်း မျက်ရည် လေးလည်လျက် ပြောခဲ့၏။

ခင်နွေ့ သိသည်လေ။ ကလေးဘဝမှ ကြီးပြင်းလာရ သည်ပဲလေ။ ကလေးဆိုတာ အလွန်နူးညံ့သော နှလုံးသားပိုင်ရှင် လေးတွေမဟုတ်လား။ ခင်နွေ့အဖြစ်လေးတွေကို သိရလျှင် ခင်နွေ့ကို ကူညီကြမည့် မိတ်ဆွေကောင်းချာတိတ်လေးတွေ ဖြစ် လာမှာကို ခင်နွေ့ နားလည်ထားခဲ့ပြီးသားပါ။

"မမနွေ့ ... ကျွန်တော်တို့ အိမ်မှာ ခွေးကလေးတွေ ပေါက်နေတယ်ဗျ၊ မမနွေ့ တစ်ကောင်မွေးမလားဟင်၊ ကျွန်တော် ယူလာပေးမယ်၊ သူ့ကို နက်ကျော်လို လိမ္မာ အောင်မွေးပါလား၊ ယူလာပေးမယ်နော်"

အတူး ပြောပြီး အိမ်ကပြင်လေးပေါ်မှ ဆင်းသည်။ တစ်အောင့်လောက်ပဲကြာမည်။ ခွေးပေါက်ငယ်လေး တစ်ကောင် ပါလာ၏။

www.burmeseclassic.com

www.burmeseclassic.com



နက်ပြောင်နေသော အမွေးလေးများဖြင့် အမြီးဖျား လေးမှာသာ အညိုရောင်လေးပါလေရဲ့ရှိပါသည့် ခွေးကလေး။

"ခွေးလေးက အနက်လေးပဲဗျ။ သူ့ကို နက်ကျော်လို့ နာ မည်ပေးမှာလားဟင်"

ခင်နွေ ခေါင်းယမ်းသည်။ သစ္စာရှိသော နက်ကျော် ၏နေရာတွင် အခြားခွေးတစ်ကောင်ကို အစားထိုးသတ်မှတ်လိုက် ဖို့ကျတော့ ခင်နွေ မလုပ်ရက်။

မိုးထဲ ရေထဲ လေထဲမှာ အဘကို ပြေးခေါ်ပေးခဲ့ရှာ သည့် နက်ကျော်။

မြေကိုပင် ဝင်ခဲပေးကာ အသက်ဆုံးခဲ့၍ ခင်နွေ့ အသက်ကိုပေးခဲ့ရှာသော သစ္စာစောင့်ထိန်းသိနားလည်လွန်းပါသည့် နက်ကျော်ကို ခင်နွေ အမြဲလွမ်းနေမိတတ်ပါသည်။

"ဟင့်အင်း ... သူ့နာမည်ကို ဖိုးနက်လို့ပေးမယ်လေ မကောင်းဘူးလားဟင်"

ခင်နွေ ပြုံးလျက်ပေးတော့ သံချောင်း ခေါင်းညိတ် သည်။

"အောင်မယ် ... ဖိုးနက် ... ဟော့ကောင် ဖိုးနက်၊ မင်း ဒီမှာနေရမှာကွ၊ မမနွေကို အဖော်လုပ်ပေး၊ ကြားလား"

အဖွဲ့ကျသွားပြီဖြစ်သည့် ခင်နွေနှင့် ကလေးတွေ အစိမ်းစိမ်း ကြည့်လျက် စိတ်ချမ်းသာလာရသည်။ ခင်နွေ ချစ်သွားသည့် သံချောင်းနှင့် အတူးကို ကြည့်လျက် ...

"အေး ... နောက်ဆို ဒေါ်စိမ်း ဈေးသွားတဲ့အခါမှာ ဒီ မှာလာပြီး မမနွေကို အဖော်လုပ်ကြပေါ့၊ ဟုတ်လား"



"ခွေးလေးက သူ့အမေနဲ့ နို့ခွဲပြီလား"

ခင်နွေ မေးတော့ အတူး ခေါင်းလေးယမ်းပြသည်။

"ဟင့်အင်း ... နို့စို့တုန်းပဲ၊ သူ့အမေမရှိတုန်း ခိုးယူလာတာ"

ခင်နွေ ခွေးဝကစ်ကစ်လေးကို စမ်းကြည့်သည်။ တအီအီအသံပေးလျက် ခွေးလေးမှာ ခင်နွေ့လက်ထဲရှိနေသည်။

"ဒါဆို ပြန်သွားထားလိုက်နော်၊ ဒီလို နို့စို့တုန်းမှာ သူ့ အမေနဲ့ မခွဲရဘူး အတူးရဲ့ ရော ... ပြန်သွားထားနော်"

အတူး ခွေးလေးကို ပြန်ယူသည်။ ဖိုးနက်၏ အမေ ခွေးမတုတ်တုတ်မှာ ကလေးတွေ အနားကပ်လျှင်ပင် သွားတဖြီး ဖြီးနှင့် ရှိနေတတ်တာ။ ပြန်သွားထားချိန်မှာ ရှိနေလျှင်တော့ အိမ် ပေါ်မှာ ဂုန်နီအိတ်လေးခင်း၍ ဖိုးနက်ကို ထားခဲ့ဖို့ အတူး ကြံတွေးထားနှင့်သည်။ ကုတ်တုတ် မရှိချိန်ကျမှ ပြန်၍ သွားထား လိုက်မည်လေ။

"မမနွေက အတူးမှန်း ဘယ်လိုသိလဲဟင်၊ မြင်လဲမမြင်ရ ဘူးဆို"

ခွေးလေးကိုပိုက်၍ အတူးမေးတော့ ခင်နွေ ပြုံးသည်။

"အသံကိုမှတ်ထားတာပေါ့ အတူးရယ်၊ သံချောင်းအသံ ရော အတူးအသံရော၊ မမနွေ မှတ်ထားတာပေါ့"

ခင်နွေ၏ မျက်နှာလှလှလေးကို ငေးကြည့်မိလျက် ...

"မမနွေ ရုပ်ရှင်မင်းသမီးလုပ်ပါလား၊ ရုပ်ရှင်တွေထဲမှာ မျက်စိမမြင်တဲ့အခန်းကပါတဲ့ မင်းသမီးတွေရဲ့ ဇာတ်ကား ကို အတူး ကြည့်ဖူးတယ်၊ မမနွေဆိုရင် ပိုပီလှမှာ"

www.burmeseclassic.com

www.burmeseclassic.com



အတူး အပြောကို သံချောင်းက ထောက်ခံ၏။

"ဟုတ်တယ်၊ မင်းသား ချောချောလေးနဲ့လည်း တွဲရမှာ၊ ဟော့ ... အတူး၊ မမနွေဆိုရင် ဘယ်မင်းသားနဲ့ တွဲပေးရင် ကောင်းမလဲဟင်"

ဗီဒီယိုချိုးလေးတွေမှာ ခင်နွေ့ကို ချစ်လာကြသည်မို့ မင်းသမီးပင် ဖြစ်လိုက်စေချင်ကြပြီ။

"ရဲအောင်နဲ့ တွဲပေးမယ်ကွာ၊ မမနွေနဲ့ သိပ်လိုက်တာကွ"

အတူးကတော့ မင်းသားရဲအောင်၏ အမာခံပရိသတ်၊ ရဲအောင်ဇာတ်ကားဆိုလျှင် ဗီဒီယိုရုံမှာ သွားမော့နေပြီ။

"ဟော့ကောင်တွေ ... အံမယ် ... တယ်ဟုတ်ပါလား၊ ဒီနေ့ကျတော့ လေပေးလာဖြောင့်နေကြပါလားကွ ဟော"

ပြောပြီး ကပြင်လေးပေါ် ပြုံးရယ်လျက် အတော တက်လာသည်။

"အစ်မစိမ်းရေ ... ကားတော့ ဝပ်ရှော့အပ်ခဲ့ရပြီ၊ မနက် ဖြန်မှရမယ်၊ မနက်စောစော သွားယူရမယ်"

ဖွတ်ချက် ဖွတ်ချက်နှင့် ကားမှာ စက်သံမမှန်တော့ဘဲ ဖြစ်နေသည်။ ကာဘာရိုက်တာကလည်း ကြောင်ချင်နေသည်။ အတော ပြင်ကြည့်သေးသည်။ မရ။ ဝပ်ရှော့ဆရာနှင့်မှပဲ ကောင်းတော့မည်ဟုများ ဆုံးဖြတ်ထားလေသလားမသိ။ ကိုရွှေကားမှာ ဟိုနားတို့တို့၊ ဒီနားတို့တို့နှင့် လုပ်လုပ်လာသည်။ စက်နှိုးလျှင်လည်း တစ်ချက်တည်းနှင့်မရ။ တဂီးဂီး တဂဲဂဲနှင့် အူကြောင်ကြောင်လုပ်နေသည်။



နောက်ဆုံးတော့ ဝပ်ရှော့ဆရာမဟုတ်သည့် အတောမှာ လက်မြှောက်၍ ဝပ်ရှော့ပဲ ထိုးအပ်ခဲ့ရတော့သည်။ ကုန်မေဦးပေါ့ ကားပြင်ခ။ အံ့နာနှင့်မဆိုင်။ ကိုယ်ပဲစိုက်၍ပြင်။ ပြန်ရလမ်းမမြင်။

"ပိုက်ဆံကုန်မှာ နမြောမနေပါနဲ့တော့ အတောရယ်၊ ဒီကားဘီးလေးလိမ့်မှ ငါတို့ ဝမ်းစိုရတာ၊ ပြင်သာပြင်"

အစ်မစိမ်း ဆေးလိပ်ဖွာလျက် ခဏငြိမ်နေပြီးမှ မောင်လုပ်သူကို ပြော၏။

"ဦးတာ ... ကျွန်တော်တို့ ပြန်မယ်"

အတော ရောက်လာတော့ ငယ်ကြောက်လိုဖြစ်နေသည့် သံချောင်းပြောကာ အတူးနှင့် လစ်လေ၏။ အေး ... နောက်လည်း လာလည်ကြဟု အတော ချာတိတ်တွေ ခေါင်းပုတ်ပြော၏။

"မနမြောပါဘူး အစ်မစိမ်းရာ၊ ဒါပေမဲ့ ခင်နွေ့ကို ဆေးကုပေးချင်လို့ ပိုက်ဆံစုနေတာ နည်းသွားရတာပေါ့"

ဟု အစ်မစိမ်းကို ပြောလိုက်ချင်သည်။ ဒါပေမဲ့ အားမှာက ခင်နွေရှိနေတော့ မပြောဖြစ်။ ခင်နွေ သိလျှင် ပိုက်ဆံစုနေတာကို တားနေဦးမှာ သေချာသည်။

ဆေးလိပ်တိုကို ထိုင်ဖွာရင်း အတော ငြိမ်၍ စဉ်းစားနေသည်။ ခင်နွေ့မျက်နှာလေးကိုလည်း ငဲ့ကြည့်မိသည်။ ဤမိန်းမလေး၏ အဖြစ်စုံကို သိရှိခဲ့ရပြီးနောက် ပို၍ သံယောဇဉ်ကြီးခဲ့ရသည်။ ကံရဏာဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိကိုကုလျှင် ငွေဘယ်လောက်များ ကုန်လေမည် လဲမသိ။ လက်ထဲမှ နာရီ၊ စုထားတာလေးတွေနှင့် အစ်မစိမ်း၏ ရွှေကြိုးလေးကို ပေါင်နှံပြီးများ ကုလိုက်လျှင် ကုန်ကျမည့်ငွေ လောက်လေမည်လားမသိ။

မျက်စိကုဖို့ ခင်နွေ့ကိုခေါ်ပြပြီးမှ ငွေမလောက် မဖြစ်၍ မကုဖြစ်ဘဲ သွားရလျှင် ခင်နွေ့ကို စိတ်ဆင်းရဲအောင် လုပ်လိုက်သလို ဖြစ်မှာစိုးသည်။

ဒါကြောင့် ငွေလုံလောက်မှပဲ တစ်ခါတည်းပြ၊ တစ်ခါတည်းကု၊ နောက်တော့ တစ်ခါတည်းမြင်၊ အဘယ်လောက် များ ကောင်းလိုက်မည်လဲမသိ။

"ဒီနေ့တော့ ကားမောင်းစရာမရှိတော့ဘူး အစ်မစိမ်း၊ ရေခဲ ထမ်းလိုက်တော့မယ်"

အချိန်အားမထားတတ်သည့် အဘအကြောင်းတော့ အစ်မစိမ်း သိပြီးသားပါ။ အိမ်နီးပါးချင်းတွေကို ရေထမ်းရောင်းဦး မှာ အစ်မစိမ်း သိနေပြီ။

အထူးသဖြင့် လမ်းထိပ်က လက်ဖက်ရည်ဆိုင်ဆိုလျှင် ရေလိုနေတတ်သည့်ဆိုင်။

ယခုလို ကားပြင်ရက်မျိုးဆိုလျှင် အဘ သွားမေးပြီး ရေလိုသည်ဆိုလျှင် အထမ်းနှင့် ခပ်၍ ရေထမ်းကခယူတတ်သည့် အဖြစ်။ ပိုက်ဆံကတော့ တကယ်စုသည့် အဘ။ ဒါပေမဲ့ ယခု ခင်နွေ ရောက်လာတော့မှ ပို၍စုနေသည်။ ခါတိုင်းချိန်ထက် ညဉ့်နောက်အောင် ကားကို ပြေးဆွဲပြီးမှ အိမ်ကိုပြန်လာတတ်သည်။



ခင်နွေ့ကို ဆေးကုပေးချင်၍ ဆိုတာလည်း အစ်မ စိမ်းကို အဘ ဖွင့်ပြောပြထားသည်လေ။

ဤမောင်၏ သဲယောစဉ်ကိုလည်း အစ်မစိမ်း နား လည်လာရသည်။ ခင်နွေ့ကိုလည်း အစ်မစိမ်း အသနားပိုရသည်။ မျက်နှာလှလှလေးကိုလည်း ချစ်မဝ။ အကျင့်လေးကလည်း ဖြူဖြူ စင်စင်လေးမို့ အစ်မစိမ်း ခင်နွေ့ကို သွေးသားရင်းချာလို ချစ်နေမိ သည်။

"မင်း ထမင်းစားလိုက်ဦး၊ ငါ ထမင်းနူးလိုက်ဦးမယ်"

အစ်မစိမ်း ထမင်းသွားနူးနေခိုက် အဘ ခင်နွေ့ မျက်နှာလေးကို ငေးကြည့်မိ၏။ ဆင်းရဲနွမ်းပါးသည့် ဤဘဝလေး ထဲမှာ ခင်နွေ အဘယ်မျှကြာအောင် ခံနိုင်ရည်ရှိနိုင်ပါ့မလဲလေ။ ယခင်က နေခဲ့ရသည်ဆိုသည့် နေရာက လူချမ်းသာတို့၏အရိပ်။

ယခု ရှိနေရသည်က အမိုးအကာရှိရုံ အိမ်ငယ်လေး။

မျက်စိများ ပြန်မြင်၍ ဤအိမ်ကလေးကို ခင်နွေ မြင်လျှင် စိတ်များပျက်သွားလေမည်လား။ ဆင်းရဲလွန်းပါသည့် အဖြစ်ကို မျက်ဝါးထင်ထင် မြင်သွားလေလျှင် စိတ်ညစ်သွားလေ မည်လား။ ဘာမှ မမြင်ရခိုက်မှာတော့ မိုးလုံးလေလုံ နေရသည်မို့ ခင်နွေ ဘာမှ သိမည်မဟုတ်။

"ခင်နွေရယ် ... အစ်ကိုလေ ခင်နွေ့ကို မျက်စိလဲ ပြန်မြင် စေချင်တယ်၊ ဆင်းရဲနွမ်းပါးတဲ့ အစ်ကိုတို့အိမ်လေးကို မြင်ရင် အစ်ကိုတို့ဘဝကို မြင်ရင် ခင်နွေ စိတ်ညစ်သွားမှာ ကိုလဲ စိုးရိမ်တယ်၊ ဒုက္ခဆိုတာက မြင်မှသိရတဲ့ဒုက္ခဆိုတာ လဲရှိတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



အတော တွေးရင်း ဆေးလိပ်ပဲ ဖိဖွာနေမိသည်။

ခင်နွေ့ကို ဤအိမ်လေးမှာပဲ မခွဲမခွာရှိစေချင်သည်။ မြကြောမျှင်ယှက်ဖြာနေသည့် မျက်နှာဝင်းဝင်းလေးကို အတော ငေးကြည့်မိ၏။

ဤမိန်းကလေးကို ရင်နှင့်အမျှ ချစ်မြတ်နိုးမိနေချေပြီဆိုတာကို အတော နားလည်ထားခဲ့တာ ကြာခဲ့ပါပြီ။

ဖွင့်မပြောရက်တာကြောင့်ရော။ ဖွင့်မပြောသင့်တာကြောင့်ရော မဖွင့်အန်နိုင်ခဲ့။ အဆုံးစွန် အစ်မစိမ်းကိုပင် ဖွင့်မပြောဖြစ်ခဲ့။

တကယ်က ခင်နွေသည် မိမိ၏အရိပ်တွင် အားကိုးသမှုပြုလျက်နေရရှာသူလေး မဟုတ်ပါလား။

အနိုင်ယူသည့်သဘောမျိုး ဖြစ်မှာကို အတော စိုးရိမ်သည်လေ။

ခင်နွေသည် အတော့ဘဝတွင် အချစ်ဦးသာဖြစ်ပါချေသည်။ သြော် ... အချစ်ရဆုံး ဖြစ်ရပါချေသည်တည်း။

❋ ✱ ❋





ဤအရိပ် ...
ခင်နေးမှိတ်လို့ ပျော်မယ်ထင်
ကိုယ့်ဘဝင် ကိုယ့်အသည်း
စွဲမြဲယုံချင် ...။

ချစ်သူလေး ...
ရင်ဝယ်တွေးလို့ ထားလိုက်ချင်
ကိုယ့်ရင်ခွင် မင်းဝင်လှည့်
ချစ်ရတဲ့ ခင် ...။

စွဲမှာလား ...
ရတက်ပွားလို့ စိုးထိတ်ချင်
ကိုယ့်ရင်ခွင် မင်းရှောင်မပြေးနဲ့
သနားလှည့်ခင် ...။

နေပါနော် ...
ခင်ပျော်လှည့် ဤအရိပ်တွင်
မင်းသာလျှင် အချစ်ဦး
သက်မှူးက မင်းပဲ ခင် ...။

သြော် ...
သက်မှူးက မင်းပဲ ခင် ...။ ။

❋ ✱ ❋



www.burmeseclassic.com

www.burmeseclassic.com



## ၂၈

အကျော်ပင်ခြေတွင် ပင်စည်ကို မှေးမှီထိုင်လျက် ပိုင်သန့် ပန်းပွင့်ကြွေလေးများကို ငေးကြည့်နေသည်။

ခင်နွေ သူ့ကို ဤနေရာလေးမှာ ပန်းလေးတွေ သီလျက် စောင့်ခဲ့မြဲဖြစ်သည်။

တစ်ကြိမ်နှင့်တစ်ကြိမ် အချိန်အကွာအဝေးကို ပန်းကုံးလေးတွေနှင့် နှိုင်းဆ၍ သူ အပြန်နောက်ကျတာ စောတာကို သတ်မှတ်တတ်သည့် ခင်နွေ။

ညညတွေမှာ သူ မအိပ်နိုင်ခဲ့။ မျက်နှာမှာ သိသာစွာ ချောင်ကျနေပြီ။

နိုင်သန့်လည်း ဘာမှ မထူး။ သွားလာနိုင်သည့် နေ့ကတည်းက ခင်နွေ့သတင်းပဲ ဆိုင်ကယ်တစ်စီးနှင့် လိုက်စုံစမ်းနေသည်။

နိုင်သန့်မှာ မိမိပယောဂမကင်းဘဲ ခင်နွေ ဤသို့ရွာမှ ထွက်သွားရတာကို ဘယ်လိုမှ ဖြေယူလို့မရအောင် ကြေကွဲခံစားနေရသည်။



နိုင်သန့် ပြန်မရောက်သေး။

ဒါပေမဲ့ ပိုင်သန့် ဤနေ့တွင် သတင်းအစအနတစ်ခုတော့ ရခဲ့ပြီ။

ခင်နွေ နောက်ဖေးပေမ်းသွယ်လေးမှ ထွက်ပြေးခဲ့စဉ်က ကားတစ်စီးနှင့် တိုက်မိမလိုဖြစ်ခဲ့ရမည်။

သူ ဤသို့ပင် ထင်သည်။ ကွမ်းယာရောင်းသည့် ဆိုင်လေးမှ ကောင်လေးထံမှ ထိုသတင်းကို ပိုင်သန့် ကြားခဲ့ရသည်။

စီးကရက် ဝင်ဝယ်ရင်း မျက်မမြင်မိန်းကလေးတစ်ယောက် တွေ့မိ မတွေ့မိ စုံစမ်းကြည့်မိသည်။

"အစ်ကိုပြောတဲ့ ကောင်မလေးများဖြစ်မလားမသိဘူး၊ အဲဒီနေ့ညနေက ကျွန်တော် ဒီဆိုင်လေးမှာ ရှိနေတုန်း ကားတစ်စီးနဲ့ တိုက်မိမလိုဖြစ်သေးတယ်၊ ကားက အဌားလေးဘီးကားပဲ၊ ကောင်မလေးလက်ထဲမှာ ဝါးတုတ်တစ်ချောင်းပါတယ်၊ ဘာဖြစ်သွားသေးလဲတော့မသိဘူး၊ အဲဒီ ကားပေါ်က လူတစ်ယောက် ဆင်းလာပြီး တွဲခေါ်သွားတာပဲ"

ပိုင်သန့် သူ့ကိုယ်သူ ဒေါပွလိုက်ပါသည့်အဖြစ်။

တကယ်က ဤလမ်းသွယ်လေးမှ ခင်နွေ ထွက်ပြေးသွားသည်ဆိုလျှင် လမ်းသွယ်၏ ဟိုဘက် သည်ဘက် လမ်းထိပ်နေရာလေးတွေ၏ ဝန်းကျင်မှာ ဦးစွာစုံစမ်းရမည်ပေါ့။

ခင်နွေ့အတွက် ပူထူနေသည့် ဦးနှောက်က ခင်နွေကို ဟိုဟိုသည်သည်မှာ လိုက်ရှာနေဖို့လောက်ဝဲ ခေါင်းထဲမှာရှိနေသည်။

www.burmeseclassic.com



"အဲဒီကားကို မှတ်မိလားဟင် ညီလေး"

သူ မေးတော့ ကွမ်းယာရောင်းသည့် ကောင်လေး ခေါင်းယမ်းသည်။

"လေးဘီးအငှားကားပဲ အစ်ကို၊ ဒါပဲ သိတယ်၊ ကားက အပြာပဲပေါ့၊ အဲဒီကားပေါ်က ဆင်းလာတဲ့လူကလဲ အစ်ကို့လောက်ပဲအသက်ရှိမယ်"

ကြားရသည့် စကားအဆုံးမှာ သူ ရင်ထဲ လေးကျသွားခဲ့ရသည်။ ခေါ်သွားသည့် လူဆိုတာကလည်း အရွယ်မကြီးသေး။ လူကောင်းသူကောင်းမှ ဟုတ်ပါလေစ။

ခင်နွေ့အတွက် စိုးရိမ်လျက် ရင်ထဲတွင် ပူလောင်လာရသည်။

"ကျွန်တော်တောင် မနေ့ကမှ ပြန်ရောက်တာ၊ ပဲခူးက အစ်မ ဆေးရုံတက်ရတာနဲ့ အဲဒီကို သွားနေတာ"

ဟု ကွမ်းယာဆိုင်မှ ကောင်လေးက ဆက်ပြောသည်။ လမ်းဘေးတွင် တွန်းလှည်းအိမ်လေးဖြင့် ကွမ်းယာ၊ ချိုချဉ်၊ ဆေးလိပ်၊ စီးကရက်နှင့် နေကြာစေ့၊ အချဉ်ထုပ်တွေရောင်းသည့် ချာတိတ်လေးကို သူ နှုတ်ဆက်ကျေးဇူးတင်စကားပြောပြီး ပြန်ခဲ့ရသည်။

နေ့လယ်ဘက်ကျမှ အတွေးတစ်ခု ပေါက်လာ၍ သတင်းစာတိုက်သို့ သူ သွားခဲ့ပါ၏။

တွေ့ရှိပါက အကြောင်းကြားပါ။ သတင်းပေးပါက ကျေးဇူးဆပ်ပါမည်။



အသက်ဆယ့်ခုနစ်နှစ်အရွယ် သွယ်သွယ်နွဲ့နွဲ့ အသားဖြူဖြူဖြင့် မျက်စိမမြင်သော မိန်းကလေးတစ်ဦး ပျောက်ဆုံးသွားပါသည်။ တွေ့ရှိသူများမှ အကြောင်းကြားပါက ကျေးဇူးဆပ်ပါမည်။ ခေါ်ယူစောင့်ရှောက်ထားသူများမှလည်း အကြောင်းကြားပါက ထိုမိန်းကလေးအား လာရောက်ခေါ်ယူပါမည်။ မိန်းကလေး၏အမည်မှာ ခင်နွေ ဖြစ်ပါသည်။

ဟု ကြော်ငြာထည့်ကာ သီရိငြိမ်း၏လိပ်စာနှင့် တယ်လီဖုန်းနံပါတ်ကိုပါ ဖော်ပြထားသည်။

နောက်နေ့ သတင်းစာတွင် ပါလာမည်ဟုသိရ၏။

သတင်းစာတိုက်မှ ပြန်လာပြီးနောက် အကျော်ပင်အောက်တွင် ထိုင်ကာ ခင်နွေ့ကို အရမ်းသတိရနေမိသေည်။

ဩော် ... ငယ်ကတည်းက သံယောဇဉ် နှောင်ငင်ခဲ့လေသော မိန်းကလေး။

သူ၏ နှလုံးသားကို ငယ်စဉ်ကတည်းက ပိုးမျှင်လေးများပမာ ပျောင်းနွဲ့စွာ ရစ်ပတ်ချည်နှောင်လာခဲ့ပါသော မိန်းကလေး။

"ခင်နွေရယ် ... ပိုင်လေ၊ ခင်နွေနဲ့ ခုလို ဝေးနေရတာကို ဘယ်လိုမှ စိတ်နိုင်ရည်မရှိဘူး၊ ပိုင့်နှလုံးသားထဲမှာခံစားနေရတဲ့ ပူပင်ခြင်းတွေ ကြေကွဲရခြင်းတွေ၊ လွမ်းနေရတာတွေ မနိုင်းသာအောင်ပါ ခင်နွေရယ်၊ ကိုနိုင့်သောကကို ကြည့်ပြီး ဖွင့်မပြောသာတော့တဲ့ အချစ်အတွက် ကျိတ်ပြီးကြေကွဲခံစားနေရတဲ့ဒုက္ခ၊ ခင်နွေလေးအတွက် ပူပင်နေရတဲ့ ဒုက္ခတွေ ပိုင့်ရင်ကို ဖိစီးနေကြပါတယ် ခင်နွေ"

www.burmeseclassic.com

www.burmeseclassic.com



သူ ပွင့်ကြွေလေးများကို ကောက်ယူ၍ တစ်ယောက်တည်း တိတ်ဆိတ်စွာ ကြေကွဲခံစားရပါ၏။

ဤမြက်ခင်းပြင်လေးဝယ် ခြေလှမ်းလေးတွေက အစ မှတ်ရေစေလျက် ဘယ်နေရာမှာ ဘာရှိသည်ဆိုတာလေးတွေကို သူ ခင်နွေ့ကို စိတ်ရှည်စွာ လေ့ကျင့်ပေးခဲ့တာ။

ခင်နွေနှင့်အတူ အိမ်လေးမှာ ထမင်းတစ်ပန်းကန်တည်း ယူစားမိခဲ့တာ။

ခင်နွေနှင့်အတူ ဘာကျာလေးမှုတ်၊ သီချင်းလေးတွေ ဆိုခဲ့တာ။

အရာရာသည် တမ်းတလွမ်းဆွတ်စရာတွေ ဖြစ်နေရသည်။ ရင်ထဲတွင် ဆွတ်ဆွတ်ပျံ့ပျံ့ခံစားရသည်။

မမေနှင့် ဖေဖေမှာလည်း သားနှစ်ယောက်လုံး၏ သောကကို ရိပ်မိနေသည့်ပုံ။

အထူးသဖြင့် ဖေဖေသည် သူ့ရင်ထဲမှ ကျိတ်ခံစားနေရတာတွေကို နားလည်နေသည့်ပုံပါ။

ပိုင်သန့်နှင့် နိုင်သန့် ဤနှစ်ယောက်မှာ ခင်နွေ ဘယ်သူနှင့် ပို၍ ခင်မင်ရင်းနှီးသလဲ ဆိုသည့် မေးခွန်းကို ခေါ်ခေါ်ထဲ ဖေဖေ မေးမြန်းနေတာကို သူ မနေ့မနက်က ထမင်းစားခန်းထဲမှာ ကြားခဲ့သည်။

သူ့အသွင်ကလည်း ခင်နွေ မရှိတော့ ဆိုတာကို သိခဲ့ရပြီးကတည်းက ယခင်ကရှိခဲ့သော ဖျတ်လတ်တက်ကြွ လွတ်လပ်ပျော်ရွှင်နေသည့် အသွင်များ လုံးဝ ပျောက်ဆုံးလွင့်ပါး သွားခဲ့ရသည်ပဲလေ။



ကိုနိုင်သာ အချစ်သောကတွေဝေနေ၍ သူ့အဖြစ်ကို မရိပ်မိဘဲ ရှိချင်ရှိမည်။

ဖေဖေနှင့်မေမေကတော့ ရိပ်မိနေလောက်ပါပြီ။

သူ ခင်နွေ့အိမ်တန်းလျားလေးဘက်ကို လျှောက်သာကာ လှေကားလက်တန်းလေးပေါ် လက်တင်၍ အတန်ကြာ ငိုင်နေမိသည်။

လူသူမရှိတော့သည့် အိမ်ငယ်လေး။ တိတ်ဆိတ်ခြောက်သွေ့နေသည့် အိမ်ငယ်လေး။

လှေကားထစ်လေးမှာ သူ ထိုင်ချလိုက်လျက် မျက်နှာဝယ် မျက်ရည်များ ဝဲတက်လာသည်။

"ခင်နွေ ..."

သူ ခပ်တိုးတိုး ခေါ်မိသည်။ ယခင်တုန်းကလို ...

"ဟော ... အစ်ကိုပိုင် ခင်နွေ့ကို အဖော်လုပ်ပေးလေ၊ ဒါတွေက ခင်နွေ လုပ်နေကျပါ၊ ခင်နွေ့ကို စကားပဲပြောပေး"

ဟု ဝမ်းသာအားရလေး ခင်နွေ ပြောနေလိုက်လျှင် ဘယ်မျှ သူ့ရင်ငြိမ်းချမ်းရပါချေမည်နည်း။

"ပိုင်တွေ့ပါရစေ နွေလေးရယ်၊ နွေ့ကို ဘဝတစ်လျှောက်လုံးမှာ လုံးဝ ပြန်မတွေ့ရတော့ဘဲ ကွဲကွာပျောက်ဆုံးသွားရမယ့် အဖြစ်ကို ပိုင် အကြောက်ဆုံးပဲ၊ မင်းဟာ ပိုင့်ရင်ထဲမှာ နှစ်ရှည်လများ မြတ်နိုးစွာ ကိန်းအောင်းတည်ရှိခဲ့ရတဲ့ အချစ်ရဆုံး မိန်းကလေးပါ၊ ခင်နွေ့ကို ပိုင် တွေ့ချင်တယ်၊ ပိုင်လေ ရူးနေသလိုပါပဲကွယ်"

www.burmeseclassic.com

www.burmeseclassic.com



သူ လှေကားလက်ရန်းကို ကျောဖြင့် မှီချလိုက်ရင်း ခေါင်းကို ပင့်မော့ကာ မျက်ရည်မကျအောင် ထိန်းသည်။

ခင်နွေနှင့် ဝေးကွာနေရခြင်းသည် သူ့ကိုယ်ရှေ့ အစိတ်အပိုင်းတစ်ခုကို ဖယ်ထုတ်ပေးလိုက်ရသည်သို့ ခံစားနေ သည်။

ခင်နွေ၏ ပုံရိပ်လေးများကို သူ မမေ့နိုင်။ မြင်ယော နေမိဆဲ။ ခင်နွေ့ပြောဟန်လေးတွေ၊ သွားလာလှုပ်ရှားဟန်တေ တွေ အားလုံး သူ့နှလုံးသားတွင် ပြက်ပြက်ထင်ထင် အရိပ်ထ နေဆဲ။

သူ အသာထ,ရပ်သည်။

လှေကားထစ်လေးအတိုင်း တက်သည်။

တံခါးကို အသာတွန်းဖွင့်ကာ အိမ်လေးအတွင်း သူ ဝင်၏။ မလှည်းမကျင်းရသည်မှာ ကြာပြီမို့ အိမ်လေးထဲ ဖုန်တွေရှိနေပြီ။ ယခင်ရှိခဲ့သော ဖျာဟောင်းလေးကတော့ ခင်းလျ သားလေး ကျန်နေသည်။

ဤနေရာလေးတွင် ခင်နွေ အဝတ်လေးတွေ ခေါက်နေကျ။

သူနှင့် စကားပြောနေကျ။

"ခင်နွေရယ် အဲဒီနေ့က အဲဒီလို ဖြစ်မယ်ဆိုတာ သိ လေ ဗိုင် အားကစားရုံကို မသွားပါဘူး အချစ်ရယ်၊ ပါဘူး"

သူ အံ့တင်းတင်းခဲ၍ ထိန်းနေသည့်ကြားမှ မျ ရည်ဝဲစနဲ့ဖြစ်သည်။



လက်ကို နံရံတွင် ထောက်လိုက်ကာ ခေါင်းကို နံရံ တွင် ဖေးမှီလျက် နဖူးဖြင့် နံရံကိုထိကာ ...

"ခင်နွေရယ် ..."

ဟု ခပ်ကျိတ်ကျိတ် ခေါ်မိသည်။

လက်သီးဖြင့် နံရံကို သူ ရိုက်နေမိလျက် သူ မချုပ် ထိန်းနိုင်စွာ မျက်ရည်များ သွန်ကျလာကြပါချေသတည်း။

ထိုအခိုက် လူရိပ်တစ်ခု ပြန်လှည့်ထွက်သွားတာကို သန့် မမြင်။

အရာရာကို နားလည်လျက် နေရာမှ ထိမိုက်ခံစား ထွက်ခွာသွားသူမှာ နိုင်သန့်ပါ။

ခင်နွေ့ကို သတိရစွာဖြင့် ဤအိမ်ငယ်လေးဆီသို့ သန့်လည်း ထွက်ခွာလာမိခဲ့ရသည်။

သီရိဥမ်သို့ ပြန်လာပြီးသည်နှင့် နိုင်သန့် အိမ်ငယ် းဆီသို့ လျှောက်ခဲ့ခြင်းပါ။

ဒါပေမဲ့ အိမ်လေးပေါ်သို့ နိုင်သန့် မတက်ခဲ့လေ ဘူး။

ညီငယ်၏ ရင်တွင်းမှ ဝေဒနာကို နားလည်လိုက်ခဲ့ရ ့ နေရာမှာ တိတ်ဆိတ်ငြကွဲစွာ နောက်ကြောင်း ပြန်လှည့်ခဲ့ ချေပြီတည်း။

ဩော် ... ပိုင်သန့်လည်း ခင်နွေ့ကို ချစ်မြတ်နိုး ပါလားဟု နိုင်သန့် တိတိပပ နားလည်လိုက်ရချေပြီ။

ရင်ထဲတွင် ဆွတ်ဆွတ်ကျင်ကျင် ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာလို့ နိုင့်ကို ဖွင့်မပြောတာလဲ ပိုင်ရယ်၊ တကယ်က မင်းဟာ ခင်နွေ့ကို နိုင့်ထက်အရင် ချစ်နေရတဲ့သူပါ ဒါနဲ့တောင်မှ ကိုနိုင်အတွက် ရှာဖွေပေးနေရသတဲ့လား ပိုင်ရယ်၊ ခင်နွေ့ကို ကိုနိုင့်အတွက် ရှာဖွေပေးနေရသတဲ့လား မင်း၊ ဘယ်လောက်ခံစားခဲ့ရမလဲ ပိုင်ရယ်"

နိုင်သန့် ခြေလှမ်းကျဲကြီးနှင့် လျှောက်နေရင်း တွေ နေမိရပါပြီ။ ပိုင်၏ ညှိုးရိပ်သမ်းနေတတ်သော မျက်နှာ၊ ပိန် သွားသောအသွင်၊ ပျော်ရွှင်ရိပ်များ ကင်းဆဲနေတတ်သောအဖြ

ယခုမှ နိုင်သန့် အာရုံထဲမှာ ပြန်ဝင်လာရသည် ပိုင် အရမ်းခံစားနေရှာပါလားဆိုတာကို နားလည်လာသည်။

"ခွင့်လွှတ်ပါ ပိုင်၊ တကယ်က ပိုင့်နှလုံးသားလေး ကိုနိုင် ဝင်လုလိုက်သလိုပါ၊ ဒါပေမဲ့ ပိုင်ရယ်၊ ကိုနိုင်ဟ တကယ့်ကို မြတ်နိုးစွာ ခင်နွေ့ကို မေတ္တာအရင်းခံနဲ့ မိတာပါ၊ ချစ်မိတာပါကွာ"

မတွေးနိုင်မမျှိုနိုင်နှင့် နိုင်သန့်၏ရင်သည် ကျ လောင်ပိတ်သည်သို့ ခံစားရပါ၏။ အကယ်၍ ခင်နွေ့ကို တွေ့ ဆိုလျှင် ...

ခင်နွေ့ကို စွန့်လွှတ်နိုင်သည်အထိ ဆုံးဖြတ်နိုင် မည်လား နိုင်သန့် မသိ။ စွန့်လွှတ်လိုက်ဖို့အထိ နိုင်သန့်၏ သားက ခံနိုင်ရည်မရှိဘဲ ခယတောင်းပန်နေသည်။

ပိုင်သန့်၏ ကြိတ်မှိတ်ခံစားနေရပါသည့် အဖြ မသိကျိုးကျွန် ပြုလိုက်လျက် ခင်နွေ့ကို လက်ထပ်လိုက်ရ လားဟု နိုင်သန့် တွေးသည်။



ညီကို ငဲ့သည့်စိတ်နှင့် အချစ်ကို လက်မလွှတ်နိုင်သည့် စိတ်တို့ အားပြိုင်လွန်ဆွဲနေဆဲ။

နိုင်သန့် ခေါင်းတွေ ရှုပ်ထွေးလာရသည်။ ဒဏ်ရာရထားသည့်ခေါင်းက သိပ်စိတ်ရှုပ်လာလျှင် မူးနောက်နောက်ဖြစ်ချင်လာတတ်မြဲ။

ဆိုင်ကယ်တစ်စီးနှင့် ခင်နွေ့သတင်းကိုပဲဖြစ်ဖြစ်၊ ခင်နွေ့ကိုပဲဖြစ်ဖြစ် တွေ့လေကြားလေ ရနိုးဖြင့် ရှာဖွေဆဲကာလများမှာပင် တစ်ခါတစ်ခါ ခေါင်းက မူးနောက်ချင်လာသည်။ မူးနေတာကို သီရိပြုံမှာ ဘယ်သူ့ကိုမှ မပြော။ ပြောလျှင် ဆိုင်ကယ်ပေးစီးကြမှာမဟုတ်ဆိုတာ သိထားသည်လေ။

"ခင်နွေ့ရယ် ... မင်းကို ပြန်တွေ့ပါရစေ"

နိုင်သန့် ရင်နှင့်အမျှ ခံစားလျက် တမ်းတမိရပါပြီ။

❀ ✱ ❀

www.burmeseclassic.com

www.burmeseclassic.com



## ၂၉

"ဝန်းကျင်ဆိုတာက အဲဒါမျိုးပါပဲ အတာရယ်၊ အစ်မစိမ်းဖြင့် စိတ်လဲညစ်မိပါရဲ့၊ ခင်နှေကလဲ ချောတယ်မဟုတ်လား၊ ဇာတ်လမ်းကစတာ ညွန့်ညွန့်ပဲ အတာရဲ့၊ သံချောင်းကို မင်းသွားဆွတယ်မဟုတ်လား၊ အဲဒါ ခင်နှေ့ကို ဆတ်ဆတ်ထိ မခံနိုင်ဖြစ်နေတဲ့ မင်းကို ဝေဖန်တော့တာပေါ့၊ ဒီကောင်မလေးက ဒီလောက်ချောတာ၊ အတာက မကြိုက်ဘဲနေပါ့မလားပေါ့"

ခပ်တိုးတိုး အစ်မစိမ်း ပြောပြနေသမျှ ဆေးလိပ်တိုကိုမီးမှိုကာ တိတ်ဆိတ်စွာ အတာ နားထောင်နေသည်။ ဒါပေမဲ့ မျက်နှာမကောင်း။

ခင်နှေ့ကို သနားသည်လေ။ ခမျာ ကံအကျိုးပေးမကောင်း၍ မမြင်ရရှာသည့်အထဲ ဟိုပြော သည်ပြော အပြောခံရတာကတော့ စိတ်မကောင်းစရာ။

"ခင်နှေကလဲ မျက်စိမမြင်တာဆိုတော့ မင်းကို အားကိုးမှာပဲတဲ့၊ တစ်အိမ်တည်းတောင် အတူနေကြတာဆိုတော့



တော်ပါပြီ အတာရယ်၊ ငါ အဲဒီ ထင်ကြေးစကားကို မင်းကို ပြန်မပြောချင်တော့ဘူး၊ အစ်မစိမ်းဖြင့် ဟိုဘက်အိမ်က မဖွားရင်က အဲဒီညွန့်ညွန့်စကားတွေကို ပြန်ပြောပြတော့လေ ဒေါသဖြစ်ဖြစ်နဲ့ ညွန့်ညွန့်ကို ရန်တောင်သွားတွေ့ပစ်ချင်တာ၊ အကျယ်အကျယ်နဲ့ စကားများကြရင် ခင်နှေကြားသွားတော့ ဘယ်ကောင်းမလဲဆိုပြီး အောင့်အည်းသည်းခံလိုက်ရတာ"

အတာ သက်ပြင်းရှိုက်သည်။ ဆေးလိပ်တိုကိုပဲ မီးမှိုနေမိသည်။

"ခက်တာပဲ အစ်မစိမ်းရာ၊ ပါးစပ်တစ်ပေါက်ဟာ တယ်ပြီး ရှာပတ်တဲ့ လျှာရှည်ရှည်ကြီးကို သုံးပြီး လူတွေကို ဒုက္ခပေးတတ်ကြတာ ခက်တယ်ဗျ"

ဟု စိတ်ပေါက်ပေါက်နှင့် ညည်းမိသည်။

"အစ်မစိမ်း ... မနက်ဖြန် ခင်နှေ့ကို မျက်စိဆရာဝန်ကြီးရဲ့ဆေးခန်းကို ခေါ်သွားမလို့၊ ရွှေဘုံသာလမ်းမှာရှိတယ်၊ ချမ်းမြေ့ဆေးကုခန်းတဲ့၊ အဲဒါ အတာ ကားမောင်းရင်းနဲ့ လူနာတစ်ယောက်ကို အဲဒီပို့ပေးခဲ့ရတယ်၊ နယ်ကလာကြတာ၊ လူနာက ယောကျ်ားလေးတစ်ယောက်ပဲ၊ အဖေကြီးက လာကုပေးတာ၊ အဲဒီဆေးခန်းပို့ပါဆိုလို့ အတာ လိုက်ပို့ပေးရတယ်၊ လိပ်စာလဲမှတ်ထားတယ်၊ သိပ်မကုန်ဘူးတဲ့ဗျ၊ စမ်းသပ်ခတို့ ဘာတို့ ပေးရတယ်တဲ့၊ လိုအပ်ရင် ဆေးရုံတက်ဖို့ ညွှန်ကြားတယ်တဲ့၊ အဲဒါ မနက်ဖြန် ခင်နှေ့ကို ဆေးခန်းသွားပြမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



အတာ ပြောတာကို နားထောင်ရင်း အစ်မစိမ်း ဝမ်းသာအားရဖြင့် ...

"ဟုတ်လား ... ငါက ပိုက်ဆံတွေ တအားရှိမှ ကုလို့ရ မယ်မှတ်တာ၊ ကောင်းသားပဲ သွားကြတာပေါ့"

အတာ ဆေးလိပ်တိုကို စဥ့်ဆေးလိပ်ပြာခွက်မှာ ရှ ထားလိုက်ရင်း ...

"ကျွန်တော် စုထားတာလေးတွေလဲရှိတယ် အစ်မစိမ်း နာရီလေးလဲ ရောင်းလိုက်မယ်ဆိုရင် ဖြစ်မယ်ထင်တာပဲ လိုအပ်ရင် ဟိုနားသည်နားက ငွေချေးသုံးရမှာပေါ့၊ ဘာပဲ ဖြစ်ဖြစ် ခင်နွေ့မျက်စိ ပြန်မြင်သွားတယ်ဆိုရင် ခင်နွေ့ ဒုက္ခဆင်းရဲကို ကယ်တင်ရာရောက်တာပါပဲ အစ်မစိမ်းရယ်"

ခင်နွေ မကြားအောင် ခပ်တိုးတိုးပြောနေကြခြင်း ပါ။ ကပြင်လေးမှာ ခြင်တွေ တစီစီနှင့် ရောက်နေကြပြီ။

"အဲဒါ ... အတာ ဒီနေ့ ကားနဲ့ စောစောပဲပြန်လာခဲ့တယ် မနက်ဖြန် ခင်နွေ ကံကောင်းတဲ့အဖြေရအောင် ဘုရားသွား ကြမလားလို့ ကားကို ပြန်မအပ်သေးဘူး၊ ဘုရားကပြန်ပြီး အစ်မစိမ်းတို့ကို အိမ်ပြန်ပို့ပြီးမှပဲ အုံနာအိမ်မှာ ပြန်သွား ထားတော့မယ်"

ည,ညတွေမှာတော့ ကားကို အုံနာ၏အိမ်မှာပဲ ပြန် အပ်ထားနေရမြဲပါ။ အတာတို့ နေရာလေးကလည်း ကားထားရန် မရှိဘဲလေ။ ပြီး ... မီးလုံးတစ်လုံးပဲ ခိုးဖြုတ်သွားသည်ထား တန်ဖိုးက နည်းတာမှ မဟုတ်ချေပဲလေ။ အုံနာအိမ် ပြန်အပ်ထား တော့ တာဝန်လည်းငြိမ်းသည်။



"အေး ... ကောင်းတယ်၊ ဒါဖြင့် ငါ ခင်နွေ့ကို အဝတ် အစားလဲခိုင်းလိုက်ဦးမယ်၊ ထမင်း အရင်စားလိုက်ရအောင်၊ ပြီးမှ အဝတ်အစားလဲပြီး ဘုရားသွားကြရတာပေါ့၊ ခင်နွေ့ ကိုလဲ ဘုရားမှာ ဆုတောင်းခိုင်းရမယ်၊ မျက်စိပြန်မြင်အောင်၊ တော်သေးတာပေါ့ အတာရယ်၊ ငါတို့က ဗဟုသုတရှိတာလဲ မဟုတ်ဘူးမဟုတ်လား၊ ပိုက်ဆံတွေ တအားလိုနေမလားလို့ မဝံ့မရဲဖြစ်နေရတာ၊ အေး ... ခင်နွေ့မျက်စိ ပြန်မြင်ရင် ပြီးတာပါပဲ"

စေတနာအရင်းခံပြည့်ဝလွန်းပါသည့် အစ်မစိမ်း၏ စိတ်ကိုလည်း အတာ နားလည်ပါသည်။

"ငွေလိုလဲ ငါ့ရွှေကြိုးလေးရှိပါတယ်ဟဲ့ အတာရဲ့၊ ဒီဝန်းကျင် မှာ ခင်နွေ မျက်နှာငယ်နေရတာ အကန်းဆိုပြီး ပြောခံနေ ရတာ ရင်ထဲက မချိဘူးဟဲ့ သိလား"

ဟု အစ်မစိမ်း ပြောရှာသည်။

ထမင်းစားပြီးကြတော့ ပန်းကန်တွေ ခင်နွေ ဆေး သည်။

အစ်မစိမ်းက ပန်းကန်တွေ သိမ်းဆည်းပြီး ...

"ခင်နွေ ... အစ်မစိမ်း သနပ်ခါးလူးပေးမယ်၊ ဘုရား သွားကြမလို့"

ဘုရားသွားကြမလို့ဆိုသည့် စကားကိုကြားတော့ ခင်နွေ့မျက်နှာလေး ဝင်းကြည်သွားရှာသည်။

သြော် ... ခင်နွေ ဘုရားကို ဘယ်တုန်းက ရောက် ခဲ့လို့လဲလေ။ အဘခများ ဥယျာဥ်ထဲမှာ တကုပ်ကုပ်လုပ်ရ၊ ပန်း

www.burmeseclassic.com

www.burmeseclassic.com



မျိုးကောင်းတွေ ရှာဝယ်ရ၊ အိမ်မှာ ချက်ပြုတ်ရနှင့် အလုပ်မအား အောင်ရှိရတာမို့ ခင်နွေ့ကို ဘုရားပို့နိုင်ရှာတာမဟုတ်။

ယခုကျတော့ အစ်မစိမ်းတို့က ခင်နွေ့ကို ဘုရားပို့ပေးမည်တဲ့လေ။

"ဟုတ်လား ... တကယ်လားဟင်၊ ဘယ်ဘုရားကို သွားဖူးရမှာလဲဟင်"

ခင်နွေ ကလေးလေးလို ပျော်ရိပ်လေးနှင့် မေးနေတာကို အတာ ငေးစိုက်ကြည့်ရင်း ရင်ထဲ ကြည်နူးနေရသည်။ အရမ်းကို ချစ်မြတ်နိုးဖွယ် မိန်းကလေးပါလားဟုလည်း တစ်ဆက်တည်းတွေမိရပြန်သည်။

တကယ်တော့ မျက်မမြင် ယောကျ်ားလူနာလေးကို ပို့ပေးပြီးနောက် ကားဖြင့် လှည့်မပြန်နိုင်ဘဲ ယောင်ပေပေနှင့် ချမ်းမြေ့ဆေးကုခန်းရှေ့မှာ ဝေ့လည်ဝေ့လည်နှင့် အတာ ဖြစ်ခဲ့ရသည်။

လူနာတွေကလည်း အတော်များသည်။ မျက်စိမှာ တိမ်ဖြစ်တာ။ ရေတိမ်စွဲတာ။

မျက်စိနာတာ။ မျက်စိကိုက်တာ။ မျက်စိရောဂါဝေဒနာရှင်တွေ အတော်များသည်။

ချည်ကြမ်းပုဆိုးဟောင်း တိုတိုလေးဝတ်လျက် ယောင်လည်လည်လုပ်နေသည့် အတာ့ကို ဆေးကောင်တာမှစာရေးလေးပင် အာရုံပြုမိတာမို့ ...

"အစ်ကို ... ဟိုခုံတန်းမှာ ဝင်ထိုင်ပြီးစောင့်ရင် ရပါတယ်၊ အစ်ကို့နာမည်စာရင်းပေးထား"



ပြောခဲ့တာမို့ နာမည်စာရင်းပေးသွင်းဖြစ်လျက် အချိန်အတော်ကြာအောင် စောင့်ခဲ့ရသည်။ အတာ့အလှည့်ရောက်တော့ ယို့ယို့လေးပင်ဝင်ခဲ့၏။

ဆရာဝန်ကြီးနှင့်တွေ့ဖို့ဆိုတာ အတာ့နာမည်ကို အစောင့်က စာရင်းအမှတ်စဉ်အတိုင်းခေါ်သည်။ အတာ ထရပ်တော့ ဆရာဝန်နှင့်တွေ့ဖို့ ဝင်ခွင့်ပြုသည့်အနေဖြင့် အခန်းတံခါးကို ဖွင့်ပေးသည်။ ဝင်ပေရော့ ...

အတာ့အသွင်က ညှိုးနွမ်း နွမ်းပါးသည့်အဖြစ်ကတော့ သိသာထင်ရှားနေသည်။

ရိုရိုကျိုးကျိုးဟန်လေးဖြင့် ခပ်ယို့ယို့လေးဝင်လာသည့် အတာ့ကို မျက်စိအထူးကုဆရာဝန်ကြီး ဦးထက်အောင်မှ ...

"လာ ... ထိုင်၊ ဘယ်လိုဖြစ်တာလဲ ပြောပါ"

ဟုမေးသည်။ ဒါပေမဲ့ အတာကိုယ်တိုင် မျက်စိဝေဒနာမခံစားရတာကိုတော့ ဆရာဝန်ကြီး ရိပ်မိပုံရ၏။ ပြုံးနေသည်။

"ကျွန်တော့်ညီမလေး မျက်စိကွယ်နေလို့ပါ၊ အဲဒါ ဆရာဆီလာပြမယ်ဆိုရင် ဟို ... ဘယ်လောက်၊ ဟို ... ပိုက် ... ပိုက်ဆံ ဘယ်လောက်ရှိမှ လုံ ... လုံလောက်ပါ့မလဲဆိုတာ သိ ... သိချင်လို့ပါ၊ ကျွန်တော် ပိုက်ဆံစုချင်လို့ပါ"

အတာ တံတွေးတနင်နင်နှင့် အားနာကြောက်ရွံ့စွာ အရဲစွန့်မေးရခြင်းပါ။ မတော် မင်းက ငါ့ကို ဘာပိုက်ဆံကားပြောတာလဲကွ ဟု ဆရာဝန်ကြီးက ဟောက်ထုတ်လိုက်လျှင် ဒုက္ခ။ အတာကလည်း ပိုက်ဆံ ဘယ်လောက်ရှိမှ ကုလို့ရမည်ဆို

www.burmeseclassic.com

www.burmeseclassic.com



တာကို သိချင်သည်။ ဒါမှ ... ပိုက်ဆံစုရတာ အဆင်ပြေမည်။ ဘယ်လောက်ရှိလျှင် ရပြီဆိုတာ သိနိုင်မည်လေ။ ယခုကျတော့ လက်ထဲမှာ စုမိတာနှင့်လောက်ပါ့ဖြစ်ပါ့မလားဆိုတာကိုပဲ တွေးတွေးနေရသည်။ ဘယ်လောက်ကုန်မည်မှန်းလဲ မသိ။ လိပ်စဲတင်းလင်းနှင့် မရေမရာဖြစ်ဖြစ်နေရတာကို သေချာအောင် စွန့်ပြီးလာမေးရခြင်းပါ။

ဒါပေမဲ့ ဆရာဝန်ကြီးက ပြုံး၍ အတာ့ကိုကြည့်ကာ...

"မင်းညီမကို ခေါ်ခဲ့လေ၊ ဘယ်လောက် ပိုက်ဆံရှိရမယ်လို့ မဟုတ်ပါဘူးကွာ၊ မနက်ဖြန် ခေါ်လာခဲ့၊ ငါက မရှိတဲ့လူကိုလဲ ကူညီတတ်တဲ့ ဆရာဝန်ပါကွ၊ ကဲ ... ဒါဆို မနက်ဖြန် မင်းညီမ ခေါ်လာခဲ့ ဟုတ်လား"

အတာ့မှာ ဝမ်းသာလိုက်ရပါသည့်အမျိုး။ ကြင်နာနားလည်တတ်ပါသည့် ဆရာဝန်ကြီးကိုလည်း ထိုင်ကန်တော့ချင်လောက်အောင် ကြည်ညိုလေးစားသွားရသည်။

"ဪ ... မင်း ဘာလုပ်သလဲ"

"ကျွန်တော် သူများရဲ့ကားကို အငှားမောင်းပါတယ်ခင်ဗျ"

တရိုတသေလေး အတာ ဖြေတာကို နားထောင်ပြီး ခေါင်းညိတ်လျက် ...

"အေး ... မနက်ဖြန် ခေါ်လာခဲ့၊ ဒီအချိန်လောက်လာ"

ဟု ထပ်ပြောသည်။ အပြင်မှာ လူနာတွေရှိနေသေးတာမို့ အတာ လက်အုပ်ချီ၍ ကန်တော့ဟန်ပြုပြီးမှ ဝမ်းသာအားရ ပြန်ထွက်လာခဲ့ပါ၏။ ဝမ်းသာလိုက်ပါသည့်အမျိုး။ လေထဲ မြောက်နေအောင် ဝမ်းသာနေရသည်။



ကောင်တာစာရေးလေးဆီမှာ အနည်းအပါး စုံစမ်းခဲ့တာမို့ စမ်းသပ်ခ ပေးရတာကို၊ ကောင်တာမှာ ဆေးဝါးဝယ်ရတာတို့ သိခဲ့ရသည်။ လိုအပ်လျှင် ဆေးရုံတက်နိုင်းတာတို့ကိုလည်း သိခဲ့ရသည်လေ။

ဒါကြောင့်လည်း အိမ်ကိုစောပြန်ကာ သတင်းကောင်းကို အစ်မစိမ်းအား ပြောပြရခြင်းပါ။ ခင်နွေ့ကိုတော့ ဘုရားသို့ သွားနိုက်မှာ အစ်မစိမ်းနှင့်ပဲ ပြောပြနိုင်းတော့မည်လေ။

"အတာ ... ငါ ခင်နွေ့ကို ပြောပြလိုက်တော့မယ်"

ဟု အစ်မစိမ်း လှမ်းပြောလာတော့လည်း ခေါင်းညိတ်ပြလိုက်ရသည်ပါပဲ။

"အေး ... ညည်းကို မနက်ဖြန် မျက်စိဆရာဝန်ကြီးဆီ ခေါ်သွားမလို့၊ ညည်း ... အစ်ကို စီစဉ်လာတယ်၊ အဲဒါ အခု ရွှေတိဂုံဘုရားသွားမယ်၊ ညည်း ... မျက်စိ ပြန်မြင်ရဖို့ ဆုတောင်းကြားလား"

အစ်မစိမ်း ဝမ်းသာအားရ ပြောတာကို ခင်နွေ ငြိမ်သက်နားထောင်နေရာမှ မျက်ရည်တွေ ဝိုင်းစုလာလျက် ချက်ချင်း ဖြိုင်ကျလာသည်။

"ခင်နွေ ဘာဖြစ်လို့ ငိုရတာလဲကွာ၊ အစ်ကို ပိုက်ဆံမကုန်ပါဘူး ခင်နွေရ ...

ပိုက်ဆံကုန်မှာ ကြောက်လို့လားဟင်၊ ဆရာဝန်ကြီးက သဘောကောင်းပါတယ်၊ ပြီးတော့ အစ်ကို့မှာ စုထားတဲ့ ပိုက်ဆံတွေလဲရှိပါတယ်၊ သိပ်ကုန်ပါဘူး ခင်နွေရ"

www.burmeseclassic.com

www.burmeseclassic.com



အတာ မျက်နှာမကောင်းရှာ။ ရိုးရိုးကြီး ဝင်ပြော
သမျှ ခင်နွေ နားထောင်ရင်း မျက်ရည်ပိုကျလာလျက် ...

"ခင်နွေ့အပေါ် ကျေးဇူးကြီးလွန်းလှပါတယ် အစ်ကို
အစ်မစိမ်းရယ်၊ ခင်နွေလေ ဝမ်းလဲသာတယ်၊ ပြီးတော့
ရင်ထဲမှာ တစ်မျိုးပဲ အဘကိုလဲ သတိရတယ်"

ခင်နွေ့အတွက် အကုန်အကျများကြမှာကိုလည်း
ခင်နွေ စိတ်မကောင်း။ ခင်နွေ့ကို ဂရုစိုက်ကြင်နာကြတာကိုလည်း
ကြည်နူးဝမ်းသာရသည်။ ပြီးတော့ ... သမီးလေးအတွက် ငွေရှာ
သည့် အဘကိုလည်း ခင်နွေ သတိရမိရသည်လေ။

"ကဲပါလေ ... ညည်းငိုတော့ ဟိုမှာ ညည်းအစ်ကို မျက်
နှာပျက်နေရရှာပြီ၊ သူ့ခမျာ အစ်မစိမ်းကို ဝမ်းသာအား
လာပြောပြနေတာ၊ ညည်းက ငိုတော့ ခမျာ ဘယ်မ
ကောင်းရှာမလဲ၊ ဝမ်းသာစရာပါအေရယ်၊ ကဲ ...
သနပ်ခါးလူးလိုက်ရအောင်၊ အစ်မစိမ်း လူးပေးမယ် လာ
လာ"

ခင်နွေ့ကို အစ်မစိမ်း ခေါ်တော့ ခင်နွေ မျက်ရည်
လေးသုတ်လျက် လိုက်သွားသည်။

အတာ မျက်နှာမကောင်းဖြစ်နေသည်ဆိုတော့လည်း
ခင်နွေ ဆက်မငိုရဲ။ မျက်ရည်ကိုသုတ်ပြီး ကလေးလေးလို သနပ်ခါး
လိမ်းပေးတာကို ငြိမ်ခံ၏။

အဝတ်အစားလဲပြီးသည်နောက် ကားလေးဖြင့်ဘုရား
သို့ သွားကြသည်။



အတာကိုယ်တိုင်ကလည်း ချည်ချောပုဆိုး မီးပွကျ
လေးနှင့် ရှပ်အင်္ကျီအဖြူ လက်ရှည်လေးကို ဝတ်ကာ ဘိုကေလေး
ကို ကြော့နေအောင်ဖြီးထားသည်။ စိတ်လိုလက်ရလေးကို သပ်သပ်
ရပ်ရပ်ဝတ်ထားသည့် အတာ့ကိုကြည့်ကာ ...

"ငါ့မောင်က အချောကြီးဟဲ့"

ဟု အစ်မစိမ်း ကြည်ကြည်နူးနူးတွေးသည်။

ဘုရားရောက်တော့ ခင်နွေ့ကို အစ်မစိမ်း ဂရုတစိုက်
တွဲခေါ်သည်။ နုသာရောင်ရင်စေ့အင်္ကျီ ချည်ထည်ပွင့်ရိုက် ရွှေအို
ရောင်လေးနှင့် ခင်နွေ့ကို ဘုရားဖူးလာသူတို့မှာလည်း တငေးငေး
ကြည့်သွားကြသည်သာ။

ရွှေအိုရောင်အပွင့်လေးများပါလျက် အနက်ခံချည်
ထည်ထဘီလေးနှင့် နုသာရောင် ရင်စေ့အင်္ကျီလေးဖြင့်ပင် ခင်နွေ့
အလှက ထင်းထင်းပပရှိနေတာအမှန်။

ရှည်လျားနက်မှောင်သော ဆံနွယ်ခက်ခက်ကြီးက
လည်း မြင်သူတိုင်းက တမက်တမောဖြင့် အထင်တကြီး အခါခါ
ကြည့်စေနိုင်စွမ်းသည့်အဖြစ်။

အရုပ်လေးလို လှနေလျက် ဘေးမှာ တွဲခေါ်လာတာ
ကို ခံရသည်မို့ မျက်မမြင်လေးများလားဟု စူးစမ်းသလိုကြည့်ကြ
သူတွေလည်း ရှိသည်။

ဘုရားကန်တော့စဉ် အတာမှာ ...

"အရှင်ဘုရား ... တပည့်တော်၏ညီမ ခင်နွေ မျက်စိနှင့်
ကွင်း အလင်းပြန်ရသည့်ဘဝကို ပေးသနားတော်မူပါ
ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဟု ဆုတောင်းရသည်။

ခင်နွေ့ကို အတာ ငုံကြည့်၏။ ပျပ်ဝပ်စွာ ယို့ယို့လေးရှိနေလျက် လက်အုပ်လေးချီကာ မျက်လွှာကို မှေးယှက်ဆုတောင်းနေသည့်ဟန်လေးကို သနားချစ်ကြင်စွာ တမေ့တမောငေးစိုက်ကြည့်မိသည်။

ကော့ညွတ်သော မျက်တောင်၏အလှက သားတိုက်အနေအထားမို့ ပို၍ ထင်ရှား၏။

သဘာဝအသွေးဖြင့် စိုရဲနေသော နှုတ်ခမ်းလွှာလေးတွေ ဆတ်ဆတ်တုန်နေတာမို့ ခင်နွေ အားငယ်စွာ ဘုရားရှင်ထံမှာ ဆုမွန်တောင်းနေရှာပြီဆိုတာကိုလည်း အတာ နားလည်သည်။ ကြင်နာသနားရခြင်းများစွာက အတာ့ရင်ဝယ် ပြည့်လျှံနေရပါပြီ။

အစ်မစိမ်းကလည်း တတွတ်တွတ် ဆုတွေတောင်းသည်။ ခင်နွေ့အတွက် ဖြစ်မည်ဆိုတာ အတာ နားလည်၏။

"ဘုရားတပည့်တော်မ၏ မျက်စိကို ပြန်လည်မြင်ရအောင် သနားတော်မူပါဘုရား၊ ဘုရားတပည့်တော်မ၏ ဖခင်ကြီးလဲ ကောင်းရာသုဂတိလားရသူ ဖြစ်ပါစေဘုရား၊ ဘုရားတပည့်တော်မ၏ ကျေးဇူးရှင် အစ်မစိမ်းနှင့် အစ်ကိုတို့လဲ ချမ်းသာကျန်းမာအောင် စောင်မတော်မူပါဘုရား၊ ဘုရားတပည့်တော်မ၏ အစ်ကိုပိုင်တို့မိသားစုလဲ ကျန်းမာချမ်းသာရှိကြပါစေဘုရား၊ ဘုရားတပည့်တော်မအား မျက်စိပြန်မြင်ရသည့်ဘဝကို ပေးသနားတော်မူပါ အရှင်ဘုရား"



လက်အုပ်လေးချီထားပါသည့် ခင်နွေ့ ကြာနှယ်ဖူးရောင်း လက်သွယ်သွယ်လေးများမှာ ဆတ်ဆတ်တုန်နေသည်။

ခင်နွေ့မျက်ဝန်းအိမ်မှာ မျက်ရည်ဥလေးများ တအိအိစီးရီလိမ့်ကျလာကြခိုက် ခင်နွေ ပျပ်ဝပ်စွာ မြတ်ရှင်ဘုရားအား ဦးချ ကန်တော့သည်။

"ခင်နွေရယ် ..."

မြင်ကွင်းကို အစမှအဆုံး ထိနိုက်စွာ ကြည့်နေရသူက အတာ။ ခင်နွေ့ကိုယ်လေးကို ပေးထူလိုက်လျက် မျက်ရည်ဥလေးများကို သုတ်ပေးလိုက် ချစ်စိတ်ကို ထိန်းလျက် ...

ကြင်နာခြင်းများစွာဖြင့်သာ ငေးစိုက်ကြည့်နေမိရပါချေသည်။

❁ ✱ ❁

www.burmeseclassic.com

www.burmeseclassic.com



စောစောက ယာဉ်ကြောကူးနိုင်သည့်နေရာရောက်ဖို့ကလည်း ရှေ့မှကားတွေကို စောင့်ရ။ ယာဉ်ကြောကူးနိုင်သည့်နေရာရောက်တော့လည်း ယာဉ်အရှင်းကိုစောင့်ရနှင့် အချိန်တွေကြာသွားရသည်လေ။

ဒါပေမဲ့ မျက်ခြည်ပြတ်မခံဘဲ ပိုင်သန့် ဆိုင်ကယ်ကို မောင်းသည်။

"တောက် ..."

သွားပြီ။ မီးနီနှင့်တိုးတော့ မချင့်မရဲဖြင့် စိတ်ညစ်လျက် သည်တိုင်းနေလိုက်ရသည်။ လေးဘီးကားအပြာလေးကား မီးနီလွတ်သည်မို့ မျက်စိရှေ့မှ ပျောက်သွားရချေပြီတည်း။

ဒါပေမဲ့ ... ပိုင်သန့်ကားနံပါတ်တော့ မှတ်ထားလိုက်သည်။ ရင်ထဲတွင် မောကျသွား၏။ လမ်းဘေးလက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့မှာ ဆိုင်ကယ်ကို ထိုးရပ်၍ ကော်ဖီခါးခါးပြင်းပြင်းတစ်ခွက်မှာသောက်သည်။ သံပရာသီးတစ်ခြမ်းကို ကော်ဖီထဲခြမ်းလိုက်ထည့်နိုင်းပြီး သောက်သည်။

ခင်နွေ။

ရှည်လျားသောဆံနွယ်ရှည်ကြီးသည်လည်း မပြောင်းဘဲ။

ဖြူနုသော အသား။ ကျက်သရေရှိသော အလှများည်လည်း ငြိမ်းအေးစွာသော မျက်နှာလေးဖြင့် မြတ်နိုးဖွယ်နေဆဲ။ အဝတ်အစားကအစ ပိုင်သန့် မှတ်မိနေသည်။ အင်္ကျီ နုံ့သာရောင်လေး။ ထဘီက အနက်ခံတွင် ရွှေအိုရောင်ပွင့်များပါသည့် ထဘီလေး။



# ၂၀

ပိုင်သန့် ဆိုင်ကယ်ကို အရှိန်မြှင့်လိုက်လျက် ရှေ့မှကားလေးကို သေချာကြည့်မိသည်။ အငှားလေးဘီးကားအပြာလေးတစ်စီး။

ပိုင်သန့်နှင့် ကားသုံးစီးလောက်ခြားထားသည်။ ပြီးတော့ ယာဉ်ကြောမတူ။

"ခင်နွေ ..."

ပိုင်သန့် လှမ်းအော်သည်။ သို့သော် ... ခင်နွေကြားဟန်မတူ။ ခင်နွေနှင့်အတူ အမျိုးသမီးကြီးတစ်ဦးကိုလည်း ကားနောက်ခန်းမှာ တွေ့နေရသည်။

ပိုင်သန့် ချက်ချင်း ထိုကားလေးနောက်ကို လိုက်၏။ ယာဉ်ကြောက မတူတော့ ချက်ချင်းကူးလိုက်၍မရ။ ကူးရသည့်နေရာရောက်မှ ယာဉ်အရှင်းကို ကြည့်ပြီးမှ ကူးရသည်။

"ခင်နွေ ..."

ကားသံတွေကြားထဲမှာ သူ့အသံကို ခင်နွေ ကြားဟန်မတူ။ ပြီးတော့ ... လေးဘီးကားလေးနှင့် သူ့ဆိုင်ကယ် အရမ်းဝေးသွားပြီ။

www.burmeseclassic.com



နေရောင်အောက်တွင် ကားလေး၏နောက်ခန်းမှာ ထိုင်လျက် ပါသွားတာကို မြင်လိုက်ရပါလျက် လိုက်မမီလိုက်သည့်အတွက် ဘယ်လိုမှ ဖြေ၍မရ။

ရင်ထဲတွင် နေမထိထိုင်မသာနှင့် မချင့်မရဲကြီးဖြစ်နေရသည်။

"ကြည့်ရတာ ခင်နှဲ့ကို အဲဒီကားပေါ်က အတူပါလာတဲ့မိန်းမကြီးက ခေါ်ထားတာဖြစ်ရမယ်။ ဂရုတော့စိုက်ပုံရပါတယ်၊ ခင်နှဲ့ပုံစံလေးကလဲ သပ်သပ်ရပ်ရပ်နဲ့ဆိုတော့ ဒုက္ခတော့ ကြုံရဟန် မတူပါဘူး၊ ကောင်းကောင်းမွန်မွန်တော့ထားမယ်ထင်ပါရဲ့၊ အဲဒီကားက ခင်နှဲ့တို့ဗိုားစီးလာတာလား၊ ဒါမှမဟုတ် ခင်နှဲ့ကို တွေ့လို့ ခေါ်သွားတယ်ဆိုတဲ့ကားများလား"

သူ တွေးလျက် သက်ပြင်းချမိသည်။

"ခင်နှဲ့ရယ် ... ပိုင့်ကို အသံသာကြားဖူးပြီး မမြင်ဖူးတော့ ပိုင့်ကို မြင်ရင်တောင်မှ ပိုင်မှန်း သိရှာမှာမဟုတ်ဘူး၊ ပိုင့်ခေါ်သံကိုများ ကြားလေမလားလို့ မျှော်လင့်တကြီးနဲ့ အော်ခေါ်မိပါရဲ့ ခင်နှဲ့ရယ်၊ ဒါပေမဲ့ နှဲ့လေးက မကြားခဲ့ပြန်ဘူး"

ပိုင်သန့် တိတ်ဆိတ်စွာ တစ်ယောက်တည်း ဖြေဆည်မရနိုင်ရအောင် ဖြစ်နေရသည်။ ခင်နှဲ့ကို တွေ့လိုက်ရပါလျက် မဆုံစည်းလိုက်ရခြင်းကို နှလုံးသားက ထိနိုက်ခံစားနေရပြီ။

စားပွဲစွန်းကို တင်းနေအောင် ဆုပ်ထားသည့်လက်ဖဝါးတွေ နာကျင်လာရသည်။



သူ့ရင်ထဲမှာ မောကျပ်လာသည့်နှယ်။

ခင်နှဲ့ကို ဆွဲခေါ်လျက် သီရိဋ္ဌေမိသို့ အပြီးပြန်ခေါ်သွားချင့်သည် ကြေကွဲဖွယ် လွဲခဲ့ရပြန်ချေပြီတကား။

ပိုင်သန့် ကျသင့်ငွေကိုပေးချေပြီး ဆိုင်ကယ်ကို အရှိန်မြှင့်မောင်းထွက်မိခဲ့ပါချေ၏။

အတာ၏ကားလေး ချမ်းမြေ့ဆေးကုခန်းရှေ့ ပလက်ဖောင်းဘေးတွင် ရပ်လိုက်သည်။

ကားနောက်ခန်းမှာ အစ်မစိမ်းနှင့် ခင်နှဲ့ ဆင်းလာ၏။

"လာ ... အစ်မစိမ်း၊ လာ ... ခင်နှဲ့၊ အစ်မစိမ်း လက်ကိုတွဲပြီးလိုက်ခဲ့"

ဤနေ့တွင်တော့ အတာကိုယ်တိုင်လည်း သပ်သပ်ရပ်ရပ်လေးဝတ်လာသည်။

မနေ့ညနေပိုင်းက ရွှေတိဂုံဘုရားသို့ သွားခဲ့စဉ်က ဝတ်ခဲ့သော အဝတ်ကို ပြန်ဝတ်ခဲ့၏။ အဝတ်ကောင်းဆို၍လည်း များများစားစား အတာ့ထံမှာ မရှိဘဲလေ။

ခင်နှဲ့လည်း မနေ့က အဝတ်လေးကိုပင် ပြန်ဝတ်လာသည်။ ဘုရားက ပြန်ရောက်တော့ ခင်နှဲ့ အဝတ်လေးတွေ သေချာခေါက်သိမ်းပြီး ယနေ့တွင် ပြန်ဝတ်လာသည်။

အစ်မစိမ်းကတော့ အင်္ကျီလက်စက်အဖြူနှင့် ပါတိတ်အညိုကို ဝတ်ထား၏။

"ထိုင် ... အစ်မစိမ်း၊ ဒီခုံတန်းရှည်လေးမှာ ထိုင်"

www.burmeseclassic.com

www.burmeseclassic.com



မနေ့က ရောက်ခဲ့ဖူးသည့်နေရာမို့ အတာကို အတာ သိနေပြီ။ ဘယ်နေရာမှာထိုင်ပြီး လူနာနာမည်ကို ခေါ်တာကို စောင့်ရမည်ဆိုတာ သိထားပြီလေ။

မနက်က နာမည်စာရင်းကို လာပေးထားပြီးခဲ့ပြီ။

လူကများတော့ ပွလောင်လောင်ကြီး ဖြစ်လာ၏။ ဒါတောင်မှ မျက်နှာကြက်ပေါ်မှ ပန်ကာက လည်နေသည်။

ခင်နွေကတော့ ငြိမ်ငြိမ်သက်သက်လေး ထိုင်နေသည်။ စိတ်လှုပ်ရှားနေမှန်းလည်း သိသာသည်။

ခင်နွေ့နဖူးပြင်ဝင်းဝင်းလေးမှာ ချွေးလေးတွေစို့သီးနေ၏။ မျက်နှာလေးလည်း မသိမသာ နီမြန်းမြန်းဖြစ်နေသည်။

မျက်စိပြန်မြင်ပါ့မလားဟူသော အတွေးသည် ခင်နွေ့ရင်ကို လှုပ်ရှားချောက်ချားနေစေမည်ပါပဲလေဟု အတာ တွေးမိလျက် ခင်နွေ့မျက်နှာလေးကို ငေးကြည့်ရင်း သနားနေမိရသည်။

"မခင်နွေ ..."

ရှေ့မှ လူနာလေးငါးခြောက်ဦးလောက် ဝင်သွားပြီးတော့ ခင်နွေ့အမည်ကို တံခါးစောင့်ကောင်လေး ခေါ်၏။

အတာ ကိုယ်တိုင်လည်း စိတ်လှုပ်ရှားသွားရသည်။

အရှင်မြတ်ဘုရား။ ခင်နွေ့မျက်စိတွေ ပြန်မြင်စေဖို့ အဖြေကို ရရပါလို၏ ဘုရားဟု ဆုတောင်းမိသည်။

အစ်မစိမ်းကိုကြည့်လိုက်တော့လည်း ဘုရားစာရွတ်နေတာကို မြင်၏။ တိုးတိုးလေးရွတ်နေသည်။ ခင်နွေ့အတွက် ရည်စူးပြီး ဘုရားစာရွတ်နေခြင်းပါ။



ခင်နွေ့မျက်နှာလေးကို ကြည့်လိုက်တော့လည်း ဖြူဖျော့ကျနေရှာပြီ။ စောစောက မြင်ခဲ့ရသော နီးမြန်းမြန်းမျက်နှာလေး မဟုတ်တော့ပြန်။ ကြောက်ရွံ့စိုးရိမ်စိတ်ဖြစ်နေရှာပြီဆိုတာ အတာ နားလည်၏။

ဖြစ်နိုင်လျှင် ခင်နွေ့ကို ပခုံးလေးမှ သိုင်းငင်ခေါ်ဆောင်သွားလိုက်ချင်သည်။

"လာ ... ခင်နွေ သွားရအောင်၊ အစ်မစိမ်း ခင်နွေ့ကို တွဲခေါ်လာနော်၊ လာ ... အစ်မ အတာ့နောက်လိုက်ခဲ့"

အတာ့နောက် အစ်မစိမ်းမှာ ခင်နွေ့လက်ကလေးကို ဆွဲ၍ လိုက်ခဲ့ပါ၏။

မျက်မှန်ထူကြီးနှင့် ဥပဓိရုပ်ကောင်းသလောက် သဘောကောင်းစိတ်ရှည်ပုံရသော ဆရာဝန်ကြီးကို မြင်လိုက်ရသည်နှင့် အစ်မစိမ်းမှာ ခင်နွေ့ကို ကုပေးနိုင်မည့်သူအဖြစ် ယုံကြည်အားကိုးလိုက်မိသည်ပါပဲ။

ဆရာဝန်ကြီး ဦးထက်အောင်ကလည်း အတာ့ကို မှတ်မိသည်။ ပြုံး၍ ...

"ကဲ ... လာ ... ထိုင်၊ သူ့ကိုလဲ ထိုင်ခိုင်းပါ၊ အဲဒီခုံတွေမှာ ထိုင်ပါ"

မျက်နှာကြက်ဆီမှ ပန်ကာကတော့ တဝီဝီလည်နေ၏။

"ကဲ ... အဖြစ်အပျက်ကို ပြောပြစမ်းပါဦး"

ဆရာဝန်ကြီးက လူနာ၏ ရာဇဝင်ကို အလျှင်စမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်နွေ့ သေသေချာချာ ပြောပြနော်၊ ဘယ်လိုကနေပြီး ဒီလိုဖြစ်ခဲ့ရတယ့်ဆိုတာ"

အတာ ပြောတော့ ခင်နွေ့ ခေါင်းညိတ်သည်။

နောက်တော့ ခင်နွေ့ ပြောပြရပါသည်။ ခင်နွေ့မျက်စိတွေ မိုးလေထန်သော နေ့တစ်နေ့တွင် ကွယ်သွားခဲ့ရသည့်အဖြစ်လေးကို ကြေကွဲချောက်ချားစွာ ပြန်လည်ပြောပြခဲ့ရပါပြီ။

ခင်နွေ့စကားဆုံးတော့ ခင်နွေ့မျက်နှာမှာ မျက်ရည်ကြောင်းလေးတွေ စီးသွယ်ကျနေချေပြီ။ ရှိုက်သံတစ်ချက် ပွင့်ထွက်မလာဘဲ ထိမိုက်ခံစားစွာ မျက်ရည်တွေ တအိအိလိမ့်ကျနေရှာသော မိန်းကလေးကို ဒေါက်တာဦးထက်အောင် သနားကြင်နာစွာ ကြည့်နေမိသည်။

လူနာ၏ရောဂါဖြစ်စဉ်အရတော့ တစ်နေရာသို့ လမ်းညွှန်ရမည့်သဘော ဖြစ်နေသည်။ ဒါပေမဲ့ လိုအပ်သော မျက်စိကို စမ်းသပ်စစ်ဆေးမှုကို ဦးထက်အောင် ပြုသည်။ ထင်သည့်အတိုင်းပင်။

"မိန်းကလေးကို ဦးနောက်နဲ့အာရုံကြော ဆရာဝန်ကြီးနဲ့ တွေ့ပေးဖို့လိုနေတယ်၊ ကျွန်တော့်မိတ်ဆွေ ဒေါက်တာကြည်သာဆိုတာရှိတယ်၊ အဲဒီကိုသွားပါ၊ ကျွန်တော် စာရေးပေးလိုက်ပါမယ်၊ ဘာမှ မစိုးရိမ်ပါနဲ့၊ ဦးကြည်သာလိုအပ်တာကို စမ်းသပ်ပြီး ကုသပေးပါလိမ့်မယ်၊ ဒါမျိုးက ဖြစ်တတ်ပါတယ်၊ သိပ်ပြီးစိုးရိမ်စိတ် မများပါနဲ့"



ရောဂါနှင့်ပတ်သက်၍ အသေးစိတ်ရှင်းပြမနေ။ လူနာကို အားလုံးအသေးစိတ်ရှင်းပြဖို့လည်း မလိုအပ်။ သက်ဆိုင်ရာဆရာဝန်ထံ ပို့ဆောင်ပေးဖို့သာ လိုအပ်သည်လေ။

စာတစ်စောင်ကို ဦးထက်အောင် ရေးသည်။

တည်ငြိမ်အေးချမ်းစွာ ပြုံး၍ အတာ့လက်ထဲကို ထည့်ပေးသည်။

"ကျွန်တော်ပြောမယ် ဒီကလေးမကို ကျွန်တော်ကိုယ်တိုင်လဲ ကရုဏာဖြစ်တယ်၊ ဦးကြည်သာနဲ့ ကျွန်တော် တွေ့လိုက်ပါဦးမယ်၊ အဲဒီကို သွားဖြစ်အောင်သွားပါ၊ ဦးနောက်နဲ့အာရုံကြောဆေးရုံကို သိတယ်မဟုတ်လား၊ အဲဒီကို သွားဟုတ်လား"

ခင်နွေ့ မျက်စိပြန်မြင်နိုင်ရေးအတွက် ဦးထက်အောင်ကိုယ်တိုင်ကလည်း ဆောင်ရွက်သင့်တာကို ဆောင်ရွက်ကူညီပေးမည့်သဘောမှန်း အတာ နားလည်သည်။

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော် မနက်ဖြန်ပဲ သွားလိုက်ပါမယ် ဆရာကြီး၊ ခင်နွေ့ ညီမလေး ... ဆရာကြီးကို ကန်တော့လိုက်"

အတာ ပြောတော့ ခင်နွေ့ ကြမ်းပြင်လေးပေါ်ထိုင်၍ လက်အုပ်ချီကန်တော့သည်။

"သာဓု ... သာဓု ... သာဓု ... လိုရာဆန္ဒ အစစပြည့်စုံရပါစေကွယ်"

ဦးထက်အောင် ဆုပေးသည်။

"ဩော် ... မောင်ရင်၊ ဒီကလေးမအတွက် ငွေရေးကြေး

www.burmeseclassic.com

www.burmeseclassic.com



ရေးကိစ္စ ခေါင်းထဲမှာ ထည့်မထားနဲ့ ကြားလား၊ မောင်မြင့် ဒီကလေးဆီက စမ်းသပ်ခ မယူနဲ့”

တံခါးစောင့်ကောင်လေးကိုပါ ဦးထက်အောင် လှမ်းပြောသည်။

“ဟုတ်ကဲ့ ဆရာကြီး”

ဟုဆိုကာ တံခါးစောင့်မောင်မြင့် တံခါးကိုဖွင့်ပေး၏။

အတာမှာ ဝမ်းသာလွန်း၍ မျက်ရည်များပင် လည်လာရသည်။ ဆရာကြီးကို လက်အုပ်ချီကန်တော့ခဲ့ကာ ခင်နွေနှင့် အစ်မစိမ်းကိုခေါ်၍ အခန်းလေးထဲမှ ထွက်ခဲ့ပါလေ၏။ ခင်နွေ၏ အနာဂတ်လေးသည် လှပလာချေလိမ့်မည်ဟု အတာ ယုံကြည်မျှော်လင့်လိုက်မိပါသည်။

❀ ✱ ❀



## ၃၀

“ဒီမှာကြည့် မချွေညွန့်၊ ငါတို့တော့ ပွပေါက်တိုးပြီကွ”

ခင်ပွန်းသည် ကိုဘမောင်တစ်ယောက် သတင်းစာတစ်စောင်ကို တပြုံးပြုံးနှင့်ယူလာရင်းပြောတော့ မီးဖိုထဲမှာ ချာတိတ်တစ်အုပ်ကို ညစာကျွေးနေသည့် ညွန့်ညွန့်မှာ မျက်မှောင်တွန့်ပစ်ရင်း ...

“ဒီမှာ အလုပ်များနေရတဲ့အထဲ ကိုဘမောင်ရယ်၊ ဘာလဲ အလုပ်ကအပြန် လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်ခဲ့ပြီပေါ့လေ၊ ပြီးတော့ ... ထုံးစံအတိုင်း သတင်းစာကို ငှားခဲ့ပြန်ပြီပေါ့”

“အဲဒါကြောင့်ခက်တာပေါ့ မချွေညွန့်ရာ၊ ဒီမှာ ငါ လက်ဖက်ရည်ဆိုင်မှာထိုင်တာ အလကားမဖြစ်ပါဘူးကွ၊ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်တစ်ခွက်လောက်သောက်၊ သတင်းစာလေးဖတ်”

“ဟုတ်ပါတယ်၊ တော်က လက်ဖက်ရည်သောက်ရတော့ကောင်းတာပေါ့၊ ဒီမှာဖြင့် ချွေတာရေးလုပ်ပြီး ချက်ပြုတ်နေရတာ”

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရွှေညွန့် ... ဒီမှာ ဒီသတင်းစာဖတ်ကြည့်"

သတင်းစာ၏ ကြော်ငြာပိုင်းကို လှန်လိုက်ပြီး ကြော်ငြာတစ်ခုကို လက်ဖြင့် ထောက်ပြသည်။

မညွန့်ညွန့် စိတ်လက်မပါဘဲ ဖတ်ကြည့်သည်။ ဖတ်ရင်း ဖတ်ရင်းဖြင့် စိတ်ဝင်တစားဖြစ်လာကာ ...

"ယောတော့် ... ဟိုဘက်အိမ်က ခင်နွေနဲ့ တူပါရဲ့၊ အကြောင်းကြားရင် ကျေးဇူးဆပ်မယ်ဆိုပဲ၊ ဒါပေမဲ့ ကောင်းပါ့မလား၊ အတာတို့မောင်နှမက ဒီခင်နွေ့ကို သံယောဇဉ်ကြီးနေကြတဲ့ပုံ"

ကိုဘမောင် မျက်မှောင်ကြီးကုတ်ကျသွားလျက် ...

"ဟ ... ဘာမကောင်းရမှာလဲ၊ ဟိုက ခင်နွေ့ကို ပြန်ခေါ်ချင်လို့ ကြေညာတာပဲကွ၊ ကြည့်ရတာ ဒွေးကြတဲ့ပုံပဲ၊ ကောင်မလေးလဲ ဒီတဲအိမ်သာသာအိမ်လေးကနေပြီး ပြောင်းသွားရတာပေါ့၊ ငါတို့လဲ ပိုက်ဆံလေး ဘာလေးရမှာ၊ သတင်းစာထဲကတောင် ထည့်ခေါ်တာပဲဥစ္စာ၊ တစ်ခုပဲရှိတယ်၊ ငါ သတင်းပေးတာကို အတာတို့မောင်နှမ မသိဖို့ပဲ အရေးကြီးတယ်"

ကိုဘမောင်ကတော့ သီရိငြိမ်ကို သတင်းပေးဖို့ ဆုံးဖြတ်ထားပြီးသား။ ဘာပဲဖြစ်ဖြစ်။ ငွေလေးဘာလေးရတော့ သုံးရသည်ပေါ့။

ကောင်မလေးကိုလည်း နေရာကောင်းသို့ ပို့ပေးရတာပဲဟု တွေးသည်။ ချမ်းသာသည့်နေရာကို ပြန်ရောက်မှာပဲလေဟု တွေးသည်။



"တယ်လီဖုန်းနဲ့တော့ အကြောင်းမကြားတော့ဘူး ရွှေညွန့်ရ၊ မနက်ဖြန် မနက်ပိုင်း ခပ်စောစောပြေးပြီး ကိုယ်တိုင်ပဲ သွားပြောလိုက်မယ်"

ဆေးလိပ်တိုကို မီး၄၊ ၅ ဖွာရှိုးနေကာ ... [illegible]

ဆေးလိပ်တိုကို မီး၄၊ ၅ ပြဲနေအောက်နေ့အတွက် စယားချနေသည်။

"ခပ်တိုးတိုးပဲ ပြောဦး ကိုဘမောင်၊ သံချောင်းက ခင်နွေ့ လူရှင်၊ တည့်လိုက်ကြတာမှ အရမ်း၊ ခုလဲ ဟိုမှာ ထမင်းစားနေတာ ကြားသွားပါ့မယ်"

မညွန့်ညွန့် သတိပေးတော့ ကိုဘမောင် ငြိမ်သွားသည်။

"လမ်းထိပ်က ကက်ဆက်ခွေနဲ့ စာအုပ်အငှားဆိုင်မှာ တယ်လီဖုန်းတော့ရှိတယ်၊ ဒါပေမဲ့ ဆက်လို့မကောင်းဘူး မိညွန့်၊ မနက်ကျရင် ငါ့ကို ခပ်စောစောနှိုးဟာ၊ အလုပ်ကို မသွားခင် အဲဒီကိုဝင်ပြီး ပြောပြရအောင်"

ကိုဘမောင်ကတော့ သီရိငြိမ်ကို သတင်းပို့ပေးဖို့ပဲ စိတ်ကရောက်နေသည်။

"တော် ထမင်းစားတော့မယ် ဟုတ်လား၊ အိမ်ရှေ့မှာပဲ စားပွဲဝိုင်းချပြီး ထမင်းပွဲပြင်ပေးမယ်လေ"

ညွန့်ညွန့် မေးတော့ ကိုဘမောင် ခေါင်းယမ်းသည်။

မျက်နှာမှာ ချွေးတွေကိုသုတ်ရင်း ...

"ငါ အရင်ရေချိုးလိုက်ဦးမယ်"

ဟု ဆိုကာ ရေချိုးဖို့ နောက်ဖေးရှိ ရေစည်ရှိရာသို့ ရေလဲပုဆိုးနှင့် ဆပ်ပြာခွက်ကို ယူကာ ထွက်သွား၏။

❈ ❈ ❈

www.burmeseclassic.com

www.burmeseclassic.com



## ၃၂

ခင်နွေ့ကို ဒေါက်တာဦးကြည်သာထံ ခေါ်သွားမို ကိစ္စရှိနေတာမို့ နေ့တစ်ပိုင်း ကားမထွက်တော့ဟု အတာ ဆုံးဖြတ် ထားသည်။

ဘာပဲဖြစ်ဖြစ် ခင်နွေ့အခြေအနေ ကောင်းမည်ဟု အတာ မျှော်လင့်ယုံကြည်သည်။ အစ်မစိမ်းက မနက်စောစောထ ကောက်ညှင်းပေါင်းသည်။ သုံးအိမ်ကျော်တွင်ရှိသော အကြော်ထဲ သို့ အတာသွားကာ ဘူးသီးကြော်၊ အာလူးကြော် ငါးကျပ်ဖိုးဝယ် သည်။ ရေနွေးကြမ်းနှင့် ကောက်ညှင်းပေါင်း အကြော်ကို စားကြ မည်။

အကြော်ထုပ်လေးနှင့် အတာ အိမ်ပေါ်ရောက်မို မှာပင် အိမ်ရှေ့မှာ အက်စ်အီးကားဖြူလေးတစ်စီး ထိုးရပ်လာ မို့ အံ့ဩစိတ်ဖြင့် အတာ ကြည့်မိသည်။

ကားရှေ့ခန်းတံခါးမှာ လူရွယ်တစ်ဦးဆင်းလာ မြင်၏။ အသားညိုဝင်းဝင်း၊ အရပ်မြင့်မြင့် ကျစ်ကျစ်နှင့် ပြန့်ပြန့် မျက်ခုံးထူထူ မျက်လုံးတောက်တောက်နှင့်လူရွယ်။



ထိုသူ့ကို အတာ မမြင်ဖူး။ သိလည်းမသိ။ ကား နောက်ခန်းဆီမှာလည်း အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီး တစ်ဦး ဆင်းလာကြသည်။ လူရည်သန့် လူချမ်းသာထဲကမှန်း သိသာ၏။

ဆင်းလာသော လူရွယ်၏မျက်နှာတွင် စိတ်လှုပ်ရှား နိုပ်များကို သိသာထင်ရှားစွာ အတာ တွေ့မြင်နေရသည်။

ချည်ချောပုဆိုးအညို၊ ဇွပ်ကျယ်ချိုင်းပြတ်လေးနှင့် မို့ အိမ်နေရင်း ချက်ချင်းထွက်လာသည့်အသွင်။ အရေးတကြီးနိုင် သည့် အမူအရာကလည်းရှိနေသည်။

တောက်လျှောက် အိမ်လေးပေါ်သို့ တက်လာပုံက သည်း အလောတကြီးနိုင်လှသည်မှာ အမှန်။

ကြည့်ရသည်မှာ အတာ့ကိုပင် အာရုံစိုက်မိဟန်မတူ။ အိမ်လေးထဲမှ တစ်စုံတစ်ယောက်ကိုပဲ အရေးတကြီးတွေ့လိုသည့် ဟန်။

အတာ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ခင်နွေ့ကိုများ လာရှာတာများလား။ အတာ့ကို ာတစ်ခွန်းမျှမမေးနေတော့ဘဲ အိမ်ထဲသို့ တောက်လျှောက်ကြီး င်လာလိုက်သည့်အဖြစ်မို့ အတာ တွေးမိလိုက်ရပါပြီ။

"ခင်နွေ ..."

လှိုက်ခါနေသော ခေါ်သံ။ မျက်ရည်များ ဝဲရစ်လာ တ် ခင်နွေ့ဘေးတွင် ရတ်ခြည်းရောက်ကာ အနားတွင် ထိုင် ိုက်မိလျက် ခင်နွေ့လက်လေးကို မလွှတ်တမ်း ဆုပ်ကိုင်ထား မှာ ပိုင်သန့်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပိုင် ... အစ်ကိုပိုင် မဟုတ်လားဟင်"

ခေါ်သံကို ကြားလိုက်ရပြီးနောက် ခင်နွေ့လက်လေး တွေကို အုပ်မိုးဆုပ်ကိုင်ထားပါသည့် သူမှာ အစ်ကိုပိုင်ဆိုတာ ခင်နွေ့ သိသည်ပေါ့။

ခင်နွေ့ကို ငယ်ကတည်းက အလိုလိုက် စိတ်ရှည်ခဲ့ ပါသော အစ်ကိုပိုင့်အသံကို ခင်နွေ့ ဘယ်လိုမှ မမှတ်မိရှိနိုင်ပါ့မလဲ လေ။

ခင်နွေ့မျက်ဝန်းလေးတွေ ရုတ်ခြည်း ရွှန်းတောက် သွားတာ။ ဝမ်းသာကြည်နူးသွားတာ။ အားလုံးကို ပိုင်သန့် မလွတ် တမ်း တွေ့မြင်နေရသည်။

"ခင်နွေ့ရယ် ... ပိုင် ရှာလိုက်ရတာ၊ အရူးလိုပါပဲ ခင်နွေ့ ရယ်၊ ပိုင်လေး အရူးလိုပါ၊ ဒီမှာ စမ်းကြည့်စမ်း ခင်နွေ့ ပိုင် ဘယ်လောက် ပိန်သွားသလဲဆိုတာ"

ဘာဆိုဘာကိုမှ သတိမရတော့။ ဖေဖေနှင့်မေမေ့ကို လည်း ပိုင် မေ့ခနဲ ဖြစ်သွားရသည်။ ခင်နွေ့ကို တွေ့ရသည့် တစ်ခဏ ခင်နွေ့နှင့် သူတို့နှစ်ယောက်တည်း ရှိနေသလို အရှ ခံစားနေရသည်လေ။ ပျောက်ဆုံးလက်လွှတ်လိုက်ရမည့်သို့ ရှိ ပါသည့် သူ၏နှလုံးသား ပုလဲရတနာလေးကို ပြန်လည်တွေ့မြင် ရခိုက် သူ မျက်ရည်ဝဲစွာ ခံစားနေရသည်။

ခင်နွေ့လက်လေးတွေကို ထွေးယူလျက် သူ့မျက်နှာ ပေါ် အုပ်စီးစမ်းသပ်စေမိလျက် ...

"ခင်နွေ့ကို ဆက်မတွေ့ဘဲ နေရမယ့်အဖြစ်တွေ ကြုံလာ ရရင် ပိုင် ရူးမှာပဲ ခင်နွေ့၊ ပိုင် ရူးမှာ"



ခင်နွေ့မျက်ဝန်းမှ မျက်ရည်လေးတွေ စီးသွယ်ကျ လာပါချေပြီတကား။

"အစ်ကိုပိုင်ရယ်၊ ခု ဘယ်လိုလုပ်သိတာလဲဟင်၊ အန်ကယ်နဲ့ အန်တီရော ခင်နွေ့ကို စိတ်မဆိုးကြဘူးလား၊ ပြီးတော့ အစ်ကိုပိုင်ရော ခင်နွေ့ကို ဒေါသမဖြစ်ဘူးလား၊ မမုန်းဘူး လားဟင် ..."

အစ်ကိုပိုင် အရမ်းကို ပိန်သွားတာကိုတော့ ခင်နွေ့ သိလိုက်ရသည်။ အစ်ကိုပိုင့်မျက်နှာလေးကို တွေ့မြင်သိချင်ဇောလေး နှင့် ခင်နွေ့ စမ်းစမ်းကြည့်ခဲ့မှုသည်ပဲလေ။

ဖေဖေနှင့်မေမေ့ကို ခင်နွေ့ မေးလာမှ ပိုင်သန့် သတိ ရလာသည်။ ကပြင်တွင်ရပ်လျက် စိတ်ထိခိုက်စွာ ကြင်နာသော မျက်ဝန်းများဖြင့် ရပ်ကြည့်နေပါသော ဖေဖေနှင့်မေမေ။

သူ ခင်နွေ့လက်လေးကို မလွှတ်မိသေး။

"ခင်နွေ့ကို တွေ့ရပြီ ဖေဖေ"

ဟု ဝမ်းသာလွန်းစိတ်ဖြင့် ကလေးတစ်ယောက်လို အော်ပြောလိုက်မိသည်။

ဦးမင်းသန့်ရော ဒေါ်ခင်လေးမြတ်ပါ ဤသားငယ် ၏နှလုံးသားတွင် ဤမိန်းကလေးသည် တည်တံ့ခိုင်ခံ့လွန်းစွာဖြင့် ရှိရစ်နေခဲ့ပြီးချေပြီဆိုတာ နားလည်လာ၏။ ကလေးနှစ်ယောက်၏ သံယောဇဉ်ရိပ်လေးကို မျက်နှာလေးတွေမှာ သနားကြည်နူးစဖွယ် တွေ့မြင်နေရပြီးခဲ့ပြီပဲလေ။

"ဖေဖေနဲ့မေမေက ခင်နွေ့ကို မမုန်းပါဘူး၊ စိတ်လဲမဆိုး ပါဘူး၊ ကိုနိုင်လဲ ခင်နွေ့အတွက် အရမ်းစိတ်မကောင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ ခင်နွေ့ကို အစ်ကိုပိုင်ရော၊ ကိုနိုင်ရော လိုက်ရှာကြတယ်"

သူ ခင်နွေ့ရင်ထဲမှ စိုးရိမ်ရိပ်လေးတွေ လွင့်စဉ်သွားအောင် ခပ်ဖြည်းဖြည်းရှင်းပြသည်။

ခင်နွေ ရင်ထဲ ကြည်နူးလိုက်ရပါဘိ။ အစ်ကိုပိုင်သည် ယခုလိုပင် ဟိုးယခင်ကတည်းက လေအေးအေးဖြင့် ရှင်းပြ နှစ်သိမ့်တတ်သည်ပဲလေ။ ခင်နွေ အားငယ်သည့်အခါ ဝမ်းနည်းနေသည့်အခါမျိုးမှာ ဤသို့ပင် လေသံအေးအေးဖြင့် စိတ်ရှည်လက်ရှည် ပြောဆိုရှင်းပြတတ်သည်။ ဖျောင်းဖျတတ်သည်။ အားပေးနှစ်သိမ့်တတ်သည်။

အစ်ကိုပိုင်ထံမှ မပြောင်းမလဲ ဆက်လက်ရရှိရပါသည့် ကြင်နာမှုများကို ရင်ငြိမ်းစွာ ခင်နွေ ခံယူရပြန်ပါချေပြီတည်း။

"အစ်ကိုနိုင်ရောဟင် ..."

အပြစ်ရှိသူလေးလို မျက်နှာငယ်လေးနှင့် ခင်နွေ မေးရှာသည်။

"အစ်ကိုနိုင် အိမ်မှာ ကျန်ခဲ့တယ် ခင်နွေ၊ သူလဲ ခင်နွေ့ကို သီရိငြိမ်က မျှော်လင့်တကြီး စောင့်နေရှာပါတယ်"

ပြောပြီး ပိုင်သန့် ငိုင်ခနဲဖြစ်၏။ မည်သို့ဆိုစေ ချစ်သော ခင်နွေ သီရိငြိမ်သို့ ပြန်လည်ခေါ်ဆောင်သွားရမည့်အဖြစ်အတွက်တော့ သူ ကြည်နူးကျေနပ်ပါသည်။

ရင်တွင်းမှ မေတ္တာထုကို သိုသိပ်ထားလျက် ကိုနိုင်အတွက် နောက်ဆုတ်ပေးလိုက်ရသည်ပဲ ရှိစေဦး အေးချမ်းသော အရိပ်တွင် ခင်နွေ ရှိနေရပြီဆိုလျှင် သူ ကျေနပ်ကြည်နူးပေးလိုက်



ပါမည်လေ။ မဆုံစည်းလိုက်ရသည့် အချစ်ဦးအတွက် ခံစားရမှုများကို သိုသိပ်ကြိတ်မှိတ်ခံစားရရုံသာ။ ဩော် ... သက်ဆုံးတိုင်မျှ ခံစားလိုက်ရရုံသာ။

"ခင်နွေ ... အန်ကယ်နဲ့ အန်တီလဲ ပါလာကြတယ်"

ဦးမင်းသန့်ထံမှ အသံထွက်လာတော့ အသံလာရာဆီသို့ ခင်နွေ လက်အုပ်လေးချီလိုက်ကာ ...

"ခင်နွေ ကန်တော့ပါတယ် အန်ကယ်နဲ့ အန်တီရယ်၊ ခင်နွေလေ အစ်ကိုနိုင့်ကို တမင်တွန်းချပစ်ခဲ့တာမဟုတ်ပါဘူး၊ ခင်နွေ့မှာ အပြစ်ရှိတယ်ဆိုရင် ခင်နွေ ကန်တော့ပြီး တောင်းပန်ပါတယ်ရှင် ..."

သနားစဖွယ်လေး စိုးထိတ်အားငယ်စွာ ပြောနေရှာပုံလေးကို ဦးမင်းသန့်နှင့် ဒေါ်ခင်လေးမြတ်တို့မှာ သနားနေမိရပါပြီ။

"မဟုတ်တာ ကလေးရယ်၊ ဒီကိစ္စမှာ မိန်းကလေးမှာ ဘာအပြစ်မှမရှိဘူး၊ သားကြီးရဲ့ အပြုအမူအတွက် အန်ကယ်တို့ ကတောင် ကလေးကို ပြန်တောင်းပန်ရမလိုပါ၊ ကိုဘညွန့် မရှိတော့တဲ့အချိန်မှာ ကလေး ဒီလိုကြုံရတယ်ဆိုတာ အလွန် အရုပ်ဆိုးတယ်၊ ဖြစ်လဲမဖြစ်သင့်ဘူး၊ ပြီးတော့ ... သားသမီးရဲ့ရင်ထဲက ကိစ္စတွေကို သတိမထားမိနိုင်လောက်အောင် စီးပွားရေးဇောကပ်နေကြတဲ့ အန်ကယ်တို့မှာလဲ တာဝန်ရှိတယ်၊ ဘာမှ မကြောက်နဲ့ မိန်းကလေး၊ ကလေးကို ဘယ်သူကမှ စိတ်မဆိုးကြဘူး"

ဦးမင်းသန့် လူကြီးပီသစွာပြောကာ အိမ်တွင်းသို့ ဝင်သည်။ တကယ်လည်း သားတွေ၏အရေးကိစ္စနှင့်ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



ဇနီးဖြစ်သူနှင့် ယခင်နေ့တွေကတည်းက ဦးမင်းသန့် ပြောခဲ့ပြီးသား။

"ကိုယ်တို့မှာ ချမ်းသာကြွယ်ဝမှုဆိုတာ ရှိပြီးသား၊ ဒါပေမဲ့ စီးပွားရေးကိုပဲ ဇောကပ်ပြီး အိမ်ကသားတွေရဲ့ အရေးကိစ္စကို အကဲခတ်အာရုံစိုက်ဖို့ မေ့ထားကြတယ်၊ ကိုဘညွှန့်ရဲ့ သမီးလေး မျက်စိကွယ်နေတဲ့ကိစ္စကိုတောင် ဆေးကုသပေးဖို့တောင်မှ သတိရဖော်မရခဲ့ကြဘူး၊ ဒီလိုအရွယ်လေးတွေမှာ နှလုံးသားရေးရာကိစ္စလေးတွေ ဝင်လာတတ်ပါလားဆိုတာကိုပဲ ဂရုမစိုက်ခဲ့ကြဘူး၊ ဘာပဲဖြစ်ဖြစ် ဒီမိန်းကလေးရဲ့ကိစ္စဟာ ကိုယ်တို့မှာ တာဝန်အရှိဆုံးပဲ၊ ကိုယ်တို့သားနှစ်ယောက်ထဲက မိန်းကလေးနှစ်သက်တဲ့သားကို ပေးစားဖို့ ဆုံးဖြတ်ထားပြီးပြီ"

ဟု ပြောခဲ့ပြီးသား။ သားနှစ်ယောက်စလုံး၏ ရင်တွင်းမှ မေတ္တာထုကိုလည်း နားလည်ထားခဲ့ပြီးပြီ။ ဝန်းကျင်မှာလည်း ဤမိန်းကလေး၏ အဖြစ်လေးက သိသင့်သလောက် သိကုန်ကြပြီ။

လူသားချင်းစာနာစိတ်ဖြင့်ပင်ကြည့်ကြည့်၊ တာဝန်အရပင်ကြည့်ကြည့် တာဝန်အရှိဆုံးမှာ သီရိငြိမ်ပဲဖြစ်နေသည်။

ဒေါ်ခင်လေးမြတ်မှာလည်း သားနှစ်ယောက်၏ သောကအပူမီးကို မြင်မိပြီးခဲ့ရပြီမို့ ခင်နွေ့ကို သမီးလေးတစ်ယောက်လို သဘောထားနိုင်ဖို့ ဆုံးဖြတ်ထားခဲ့ပြီးပါပြီ။ စိတ်သောကဝေဒနာခံစားနေရသည့် သား၏မျက်နှာကိုကြည့်နေရသည့် ဆင်းရဲဒုက္ခကိုလည်း မိခင်တစ်ယောက်အနေနှင့် မခံစားနိုင်တော့။



ခင်နွေ့အပေါ် ဆေးကုပေးသင့်ပါလျက် တာဝန်မဲ့ခဲ့မိသည့် အတွက်ကြီးမားမှုအတွက်ပင် ရှက်စိမ့်စိမ့် ပြန်ဖြစ်နေမိရသည်။

ခင်နွေ့သည် ငယ်ကတည်းက သီရိငြိမ်မှာ ရှိခဲ့သည့်ကလေး။ ကိုယ်ကျင့်တရားကအစ လိမ္မာယဉ်ကျေးတာ ဒေါ်ခင်လေးမြတ် သိထားပြီးသားပါ။

နောင်တနှင့် အသိတရားသည် ဒေါ်ခင်လေးမြတ်၏ နှလုံးအိမ်တွင်းသို့ ရောက်ရှိလာခဲ့သည်နှင့်အမျှ ခင်နွေ့ကို ချစ်ကြင်သနားစိတ်က ပြည့်ဝစွာ ရောက်ရှိလာပြီးခဲ့ရပါပြီတည်း။

"ကိုနိုင် စိတ်ဆိုးလို့ လိုက်မလာတာလားဟင်"

ခင်နွေ့ သူ့ကို ခပ်တိုးတိုးလေး မေးရှာသည်။

"မဟုတ်ပါဘူး၊ ခင်နွေ့ကို ကိုနိုင်က သိပ်တွေ့ချင်နေတာ"

သူ ပြန်ဖြေသည်။ တကယ်တော့ ကိုနိုင်မှာ အပြစ်ရှိသူမို့ မလိုက်ဝံ့သည့်အဖြစ်နှင့် ကျန်နေရစ်ခဲ့ခြင်းပါ။

"ငါ့အသံကို ကြားရင် ခင်နွေ့ ကြောက်ပြီး ပြန်လိုက်လာရဲတော့မှာမဟုတ်ဘူး ပိုင်၊ အဲလိုသာဆိုရင် ငါ ရင်ကွဲရလိမ့်မယ်၊ ငါ အိမ်ကပဲစောင့်နေမယ်၊ ခင်နွေ့ကိုပါလာအောင် ခေါ်လာခဲ့ပါကွာ"

ဟု ဆို့နင့်ကြေကွဲစွာ ပြောခဲ့ရှာသည့် ကိုနိုင့်အသံကို ပြန်လည်ကြားယောင်လာမိသည်။

ခင်နွေ့ကို ကိုနိုင် ချစ်မြတ်နိုးနေတာ သိရသည်မို့ ကိုနိုင့်ကိုလည်း သူ သနားရသည်မှာ အမှန်ပါ။

နှလုံးသားရေးရာကိစ္စသည် ရင်မောဖွယ်အဖြစ် ရှိနေလင့်ပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဟုတ်ပါရဲ့၊ ဒီက သူငယ်နဲ့ ဘာမှကိုမပြောရသေးဘဲ ခင်နွေ့ကို တွေ့လိုက်ရတာနဲ့ပဲ အားလုံးမေ့လျော့ကုန်သလိုဖြစ်သွားရတယ်၊ ဦးနာမည်က ဦးမင်းသန့်ပါ၊ ဒါက ခင်လေးမြတ် ဦးရဲ့ဇနီးပဲ၊ ဟိုက သား ပိုင်သန့်၊ ဦးတို့ရဲ့သီရိငြိမ်အိမ်မှာ ဒီမိန်းကလေး ခင်နွေ နေခဲ့ဖူးတယ်၊ ခုလို မိန်းကလေးကို စောင့်ရှောက်ပေးထားတဲ့အတွက် သိပ်ကိုကျေးဇူးတင်ပါတယ် မောင်ရင်၊ ဒီက ညီမကိုလဲ ကျေးဇူးတင်ပါတယ်"

အတာ ဘာမျှ ပြန်မပြောနိုင်။ ရင်ထဲမှာ ဆို့ကျပ်နေ၏။

ခင်နွေ့ကို လာခေါ်ကြခြင်းပါလားဆိုတာကို နားလည်လာသည်။

ပိုင်သန့်ဆိုသူ၏ ခင်နွေ့အပေါ်ထားရှိသော မေတ္တာထုကိုလည်း ကြည့်မြင်ရရုံမျှဖြင့်ပင် အတာ နားလည်သွားရသည်။

ထိုပိုင်သန့်ဆိုသူနှင့် ဆုံစည်းရခိုက် မြင်လိုက်ရပါသည့် ခင်နွေ့မျက်ဝန်းရိပ်မှာ ရွှန်းလဲ့ကြည်စင်သည့် အရိပ်များကိုလည်း အတာ နားလည်ရသည်လေ။

ရင်နှင့်အမျှ မြတ်နိုးမိရပါသည့် မိန်းကလေးသည် ဤသူဆင်းရဲ၏အရိပ်မှာ ထွက်ခွာသွားလင့်ချေဦးတော့မည်။

ဆုံးရှုံးသည့်အခြေကို အတာ နားလည်ထားပြီးခဲ့ရပြီ။

ဆို့နင့်စွာ ခံစားနေရမှုကို အတာ ထိန်းသည်။ အခြေအနေကိုက မိမိ၏အရိပ်သည် အခိုက်အတန့် တစ်ထောက်နားရုံမျှသာ ထိုက်သင့်သောအရိပ်ပေပဲလေ။



အစ်မစိမ်းမှာ မျက်နှာအပျက်ကြီးပျက်နေရှာပြီ။

"အန်ကယ်နဲ့ အန်တီရှင့် ... ဒါ ... ခင်နွေ့ကို ကယ်တင်စောင့်ရှောက်ထားတဲ့ အစ်ကိုပါ၊ ကိုအတာလို့ခေါ်ပါတယ်၊ အစ်မစိမ်းက အစ်ကို့ရဲ့အစ်မပါ၊ ခင်နွေ့ကို သိပ်ချစ်ပါတယ်၊ ဒီနေ့တောင်မှ ခင်နွေ့မျက်စိကိုပြဖို့ ဆရာဝန်ကြီးဆီ ခေါ်သွားမလို့"

ဒေါ်ခင်လေးမြတ်မှာ ရှက်သွားရသည်။ ကိုယ့်ထံမှာ နှစ်ကြာရှည်နေခဲ့သည့် ခင်နွေ့ကို မိမိတို့ဘက်က ဆေးကုဖို့ မစဉ်းစားမိခဲ့ရသည့် အဖြစ်အတွက် ရှက်စိတ်ဖြစ်ရသည်။

"ကျေးဇူးတင်ပါတယ် မောင်ရင်ရယ်၊ ခင်နွေ့ကို အန်တီတို့ကပဲ တာဝန်ယူပြီး ကုသပေးလိုက်ပါ့မယ်၊ ခုလို ဂရုတစိုက်စောင့်ရှောက်ပေးတာကို ကျေးဇူးတင်လွန်းမက တင်လှပါပြီ အိမ်ကိုလဲ လာလည်ပါ မောင်ရယ်၊ ဒီကညီမလဲ လာလည်ပါ၊ အန်တီတို့ ခင်နွေ့ကို တစ်ခါတည်းပဲ ခေါ်သွားပါရစေ"

အတာ့ရင်တို့ ကွဲကြေချေသည့်သို့ ခံစားရပါ၏။

"ဟုတ်ကဲ့ ... ခေါ်သွားပါ"

ဟု ပြောထွက်နိုင်စွမ်း မရှိတော့နိုင်။ အကွဲကွဲအကြေကြေ ခံစားနေရပါသည့်အဖြစ်ကြောင့် လည်ချောင်းတနင်နင်နှင့်သာ ဖြစ်နေရသည်။ ဘာသံမျှ ထွက်မလာနိုင်။ ဘာမျှလဲ ပြောနိုင်။

ဤအကြိမ်တွင်တော့ ခင်နွေ ငိုင်သွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



သီရိငြိမ်ကို လိုက်သွားဖို့ဆိုသည့်နေရာမှာ အစ်ကိုတာနှင့် အစ်မစိမ်းကို ခင်နွေ ချန်ထားရစ်ခဲ့ရမှာမို့ မခွဲနိုင်သလို ခံစားရပါ၏။

ပြီး ... ခင်နွေ့ကို ဆေးကုပေးဖို့အထိ အစ်ကိုတာက စီစဉ်ပေးရှာသည့်အဖြစ်။

ခင်နွေ လိုက်သွား၍ ကောင်းပါ့မည်လားလေ။

ဒါပေမဲ့ ခင်နွေ့ကို ကုသပေးဖို့ဆိုတာ အစ်ကိုတာတို့မှာ ငွေကုန်ကြေးကျများရှာမည်။ အစ်ကိုတာနှင့် အစ်မစိမ်းတို့ နွမ်းပါးချို့တဲ့တာ ခင်နွေ သိပါ၏။

ဒါပေမဲ့ အစ်ကိုတာနှင့် အစ်မစိမ်းကို ထားရစ်ထွက်ခွာသွားရမှာ ရင်ထဲမှာ ကြေကွဲနေရသည်။

"ခင်နွေ လိုက်ခဲ့နော်၊ ထ, ခင်နွေ့ကျေးဇူးရှင် အစ်ကိုနဲ့ အစ်မကို ကန်တော့လိုက်"

ခင်နွေ ငြိမ်နေသည်။ အစ်ကိုပိုင် ပြောနေတာကို ကြားပေမယ့် ခင်နွေ ငြိမ်နေသည်။ အစ်ကိုတာများ ဘာများပြောလာချေမည်လဲဟူသော အတွေးဖြင့် ငြိမ်နေမိသည်။ အစ်မစိမ်းထံမှ ရှိုက်သံကို စတင်ကြားရတော့ ခင်နွေ မျက်ရည်တွေ လိမ့်ကျလာသည်။

ခင်နွေ အစ်ကိုတာ့ထံမှ စကားသံကို စောင့်ဆိုင်းနေမိဆဲ။

ဘာသံမျှ ကြားမလာတော့။

"ခင်နွေ လိုက်သွားရမှာလား အစ်ကို ..."

ဟု ခပ်တိုးတိုးလေး မေးသည်။



ပိုင်သန့် မျက်နှာပျက်ကျသွားလျက် အတာ့ကို လှမ်းမော့ကြည့်လာသည်။

အတာ့ထံမှ လိုက်မသွားပါနဲ့ဟု ပြောလိုက်လျှင် ခင်နွေ လိုက်ပါတော့မည်လား ဟူသော စိုးရိမ်မှုက သောကကြီးစွာ နှလုံးအိမ်ကို လာရောက်ဖိစီးနေကြချေပြီ။

အတာ သိလိုက်ပါသည်။ ပိုင်သန့်၏ မျက်ဝန်းရိပ်မှ သောကကို သိလိုက်ပါသည်။

အံကို တင်းတင်းခဲထားလျက် အတာ ဘာမျှ ပြန်မပြောနိုင်။

သြော် ... ဤ တဲအိမ်လေး၌ ချစ်သော ခင်နွေ့ကို ထာဝရဆွဲခေါ်ထားခြင်းသည် ချစ်မြတ်နိုးရလွန်း၍ပင် ဖြစ်စေတော့။ ချစ်ရာရောက်ပါမည်တဲ့လားလေ။ ချို့တဲ့နွမ်းပါးသူ၏ ကုသပေးမှုထက် ပြည့်စုံကြွယ်ဝသူထံ ဆေးကုသခံယူဖြစ်ခြင်းက ခင်နွေ့အတွက် ပို၍ စိတ်ချရချေမည်။ မည်သည့်အရာကို ကုသမှုအတွက် ကုန်ကျရမည်ပဲရှိစေ။ လွယ်လင့်တကူ ပြီးပြည့်စုံစွာ ခင်နွေ ခံယူရခြိမ့်မည်။

မိမိဘက်က မပြည့်မစုံနှင့်ဖြစ်နေလျှင် ဆေးကုသခံရပါသည့် ခင်နွေ့ကို ထိခိုက်သွားနိုင်သည်။

အတာ အံကို တင်းခနဲ ကြိတ်လိုက်လျက် အိမ်၏ နံရံတွင် ချိတ်ထားသော ရုပ်အင်္ကျီရှိရာသို့ သွားကာ တုန်ယင်နေသည့် လက်ချောင်းလေးများဖြင့် အိတ်ကပ်တွင်းမှ စာရွက်ခေါက်လေးကို ထုတ်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဦးထက်အောင်မှ ဒေါက်တာဦးကြည်သာထံ ရေးပေးသည့်စာ။

"ဦး ..."

ဦးမင်းသန့်၏အသံတွင် ရပ်ကာ အက်ကွဲနေသော အသံဖြင့် အတော ကြိုးစားခေါ်သည်။

နှလုံးသားကို ရင်မှ နုတ်ပေးလိုက်ရသည့်သို့ ခံစားနေရပါ၏။

"ဒါ ... မျက်စိဆရာဝန်ကြီး ဦးထက်အောင်က ဒေါက်တာဦးကြည်သာဆီ သွားဖို့ လမ်းညွှန်ပြီး ဒေါက်တာကြည်သာဆီကို ဒီစာနဲ့အတူ ခင်နွေ့ကိုခေါ်သွားဖို့ မှာထားပါတယ်၊ ဦးတို့ ဆက်လက်ဆောင်ရွက်နိုင်အောင် ကျွန်တော် ဦးလက်ထဲ အပ်ပါတယ်"

ခင်နွေ့ကို ခေါ်သွားဖို့ ဖြေလိုက်ရပါသည့်အဖြေ။ အစ်မစိမ်းထံမှ ငိုရှိုက်သံကို အတော ကြားနေရသည်။ သို့သော် အစ်မဖြစ်သူကို အတော မကြည့်။ ခင်နွေ့ကိုလည်း အတောမကြည့်။ အတော့ရင်အုံသာ နိမ့်မြင့်လှုပ်ခါနေရသည့်အဖြစ်။

ခင်နွေ ခေါင်းလေးငုံ့ကျသွားရသည်။ အစ်ကိုသည် ခင်နွေ့ကို သီရိငြိမ်သို့ လိုက်သွားရန် ပြောဆိုလိုက်ချေပြီဟု နားလည်လိုက်ရသည်လေ။

ခင်နွေ လက်လေးဖြင့် အစ်မစိမ်းကို စမ်းသည်။ ရှိုက်သံကို ကြားနေရသည်မို့ ခင်နွေ မျက်ရည် ကျလာသည်။

"အစ်ကို ... အစ်မစိမ်း သောမှာ စဏလာထိုင်ပေးပါလားဟင်၊ ခင်နွေ မသွားခင် ကန်တော့ပါရစေ"



ခင်နွေ ခပ်တိုးတိုးပြောသမျှကို အတော အံတင်းတင်းခဲ၍ နားထောင်နေရသည်။

ထိုအခါမှ ခင်နွေ မျက်နှာလေးကို အတော လှမ်းကြည့်သည်။ ခင်နွေ့ကို ပြန်မလွှတ်ချင်သည့်စိတ်က ရင်ကို နှိပ်စက်နေကြပြီ။

အတော ဘာမျှ မပြော။ တိတ်ဆိတ်စွာ အစ်မစိမ်းသောမှာ သွားထိုင်သည်။

"အစ်ကို ရောက်ပြီ၊ ခင်နွေ ကန်တော့မယ်ဆိုရင် ကန်တော့တော့လေ"

အသံကို တည်ငြိမ်အောင်ထိန်းနေရပေမယ့် အက်ကွဲလိုက်ခါနေတာကို ဘယ်လိုမှ ဖုံးကွယ်မရနိုင်။

ခင်နွေ လက်အုပ်လေးချီသည်။

"ခင်နွေ့ဘဝက ထည့်သူကထည့်ရင် လိုက်သွားရမယ့်ဘဝပါ အစ်ကိုရယ်"

ဟု ရင်ထဲမှတွေးရင်း မျက်ရည်သာကျလာရသည်။

"အစ်မစိမ်းနဲ့ အစ်ကို့ကို ခင်နွေ ကန်တော့ပါတယ်၊ ခင်နွေ့မှာ အပြစ်ရှိရင် ခွင့်လွှတ်ပါ၊ ခင်နွေ့ကို ချစ်ခင်ကြင်နာစွာ စောင့်ရှောက်ခဲ့တဲ့ ကျေးဇူးကို ခင်နွေ ဘယ်တော့မှ မမေ့ပါဘူး၊ ဒီမှာနေရတာ ခင်နွေ ပျော်လဲပျော်ပါတယ်၊ ခင်နွေ့ဆီ လာခဲ့ကြပါဦးနော်၊ ခင်နွေ့ကို မေ့မသွားဘူးဆိုတာ ခင်နွေ ယုံပါတယ်"

ခင်နွေရယ်။ ပြောတတ်လိုက်တာဟု အတော ကြေကြေကွဲကွဲ တွေးနေခိုက်မှာပင် ခင်နွေ ကန်တော့နေရှာပြီ။

www.burmeseclassic.com



လည်ချောင်းတနင်နင်နှင့် ဆုမပေးနိုင်ဘဲ အတာ ဖြစ်နေရသည်မို့ အစ်မစိမ်းသာ ရှိုက်သံနှင့် ဆုပေးရှာသည်။

"သာဓု ... သာဓု ... သာဓုပါ မိန်းကလေးရယ်၊ ဘုရား တရားသံဃာရဲ့ ဂုဏ်ကျေးဇူးကို မမေ့နဲ့ မိန်းကလေးရဲ့ မျက်စိတွေ ပြန်မြင်ပါစေလို့ အစ်မစိမ်း ဆုတောင်းပါတယ် ကွယ်"

အတာ ဘာမျှ ပြန်မပြောနိုင်။ ကိုယ်ကို ကိုင်းလိုက်မိကာ ခင်နွေ့ခေါင်းလေးကိုသာ တုန်ယင်နေသော လက်ဖြင့် အသာအယာ သပ်ပေးမိသည်။

ဦးမင်းသန့်နှင့် ဒေါ်ခင်လေးမြတ်မှာ ဤမိသားစု၏ သံယောဇဉ်ကြီးမှုကို မြင်ရတော့ စိတ်မကောင်းနိုင်။ ပိုင်သန့်မှာ ခေါ်သွားရမှာကိုလည်း မတရားသလိုကြီးဖြစ်လာရသည်။ ထားခဲ့ရအောင်ကလည်း ဘယ်လိုမှ မဖြစ်နိုင်။

အနေရခက်သလို ပိုင်သန့် ဖြစ်လာရသည်။

မနက်စောစော ကိုဘမောင်ဆိုသူ ရောက်လာကာ ခင်နွေ့ရှိရာလိပ်စာကို သီရိပြိမ်မှာ လာပေးခဲ့သည်။

ဖေဖေကိုယ်တိုင် ကျေးဇူးဆပ်ခြင်းအဖြစ် ငွေတစ်ထပ်ကို ကိုဘမောင်အားပေးခဲ့သည်။

မိမိလာရောက်လိပ်စာပေးတာကို မပြောပြပါနှင့်ဟု ကိုဘမောင်ဆိုသူက ကြိုတင်တောင်းပန်ထားခဲ့သည်။ အိမ်နီးချင်းမို့ အမုန်းပွားမှာစိုး၍ပါဟု ဆိုထားခဲ့သည်။ သြော် ... ဤမိသားစုသည် ခင်နွေ့အပေါ် အရမ်းကိုကောင်းရှာမှန်း ကိုဘမောင် ဆိုသူလည်း သိထားခဲ့ပြီးဖြစ်ရချေမည်။



ပိုင်သန့်မှာ မြင်ကွင်းကို မကြည့်ရက်စွာ ဖြစ်လာလျက် မျက်နှာကို ခပ်လွှဲလွှဲပြုနေလိုက်ရပါ၏။

"ကျွန်တော် တစ်ခုပဲတောင်းပန်ပါရစေ ဦးရယ်၊ ခင်နွေ့ကို ခွဲစိတ်ကုသရင်ပဲဖြစ်ဖြစ် ခင်နွေ့အခြေအနေကို ကျွန်တော်တို့မောင်နှမကိုတော့ အသိပေး၊ အကြောင်းကြားပါဗျာ၊ ခင်နွေ့ကို ကျွန်တော်တို့လဲ လာကြည့်ပါရစေ"

အတာ ဆို့ဆို့နင့်နင့် ဤအခွင့်အရေးတစ်ခုတည်းကိုသာ တောင်းဆိုမိရှာပါ၏။

"စိတ်ချပါ မောင်ရင်၊ ဦးတို့ အကြောင်းကြားပါ့မယ်၊ အိမ်ကိုလဲ လာလည်ပါ၊ အခွင့်သာရင် မိန်းကလေးကိုလဲ ဒီကိုအလည်အပတ် ပို့ပေးပါ့မယ်"

ဦးမင်းသန့် ကတိပေးပါ၏။

"သား ... ခင်နွေ့ကို ခေါ်သွားတော့ ခင်လေးလဲ တွဲခေါ်သွား"

ခင်နွေ့ကို တွဲခေါ်သွားတော့ မျက်ရည်သုတ်လျက် ခင်နွေ့လိုက်သွားရှာသည်။

"ခင်နွေ့ သွားမယ်နော်"ဟု ရှိုက်သံလေးဖြင့် ပြောသွားတာလေးကို နှလုံးကွဲကြေလျက် အတာ ကြားလိုက်ရသည်။

ခင်နွေ့ ကားလေးပေါ် တက်သွားသည်အထိ တိတ်ဆိတ်စွာ ငေးကြည့်နေမိသည်။

"မောင်ရင် ... ဦး ဒါလေး ပေးခဲ့ပါရစေ၊ ကျေးဇူးတင်လွန်းလို့ပါကွယ်"

www.burmeseclassic.com



စက္ကူဖြင့် ထုတ်ပတ်ထားသည့်အထဲမှာ ငွေတွေ ရှိနေမည်ဆိုတာ အတာ သိနေသည်။

အတာ ခေါင်းယမ်းပြပါ၏။

"မယူပါရစေနဲ့ ဦး၊ ကျွန်တော့်စေတနာကို သိတယ်ဆိုရင် မပေးပါနဲ့ဗျာ"

ဦးမင်းသန့် ခေါင်းညိတ်သည်။ အတာ့မျက်နှာမြင်ရ ရုံဖြင့် အတာ အဘယ်မျှ စိတ်ထိခိုက်နေရှာတာကိုလည်း နားလည် သည်။

"ဦး သွားမယ် မောင်ရင်၊ ဦးပေးခဲ့တဲ့ ကတိကို မမေ့ပါ ဘူး၊ မောင်ရင့်ကို ဦး အကြောင်းကြားပါ့မယ်"

ခင်နွေ့ကိစ္စကို ရည်ညွှန်းပြောမှန်း အတာ နားလည် သည်။

"မျက်စိပြန်မြင်ပါစေ ခင်နွေ"

ဟု အတာ ဆုတောင်းသည်။

ဦးမင်းသန့် အိမ်ပေါ်မှဆင်းသွား၏။ အတာ နောက်မှ တိတ်ဆိတ်စွာ လိုက်သွားသည်။

အိမ်ရှေ့ကပြင်လေး၏တိုင်ကို လက်တစ်ဖက်ဖြင့် ကိုင်လျက် ကားတွင်းမှ ခင်နွေ့မျက်နှာလေးကိုပဲ ကြည့်နေမိသည်။

ကားလေးထွက်သွားတော့ အတာ မျက်ဝန်းကို စုံမှိတ်ချလိုက်သည်။

မျက်ဝန်းအိမ်မှ မျက်ရည်များက ထိုအခါမှ ကျလာ ကြပါချေ၏။



အတာ အိမ်လေး၏ညောင်စောင်းဘက်သို့ ကိုယ်ကို ပြန်လှည့်သည်။

သိမ်နုပ်သော အိမ်၏ညောင်စောင်းဝယ် အစ်မစိမ်း မျက် ရည်ကျနေဆဲ။

နောက် စောစောက အတာ ဝယ်လာခဲ့ပါသည့် အကြော်ထုပ်လေးသည်လည်း ငြိမ်သက်စွာ အခန်း၏ထောင့်ရှိ စားပွဲငယ်လေးထက်မှာ ရှိနေဆဲ။

ဩော် ... ဝေးရချေပြီတကား။

အတာ အံတင်းတင်းခဲထားသည့်ကြားမှ မျက်ရည် ကျသည် ပြိုကျလာပြန်၏။

"မင်း ဘာလို့ ပြန်လွှတ်လိုက်တာလဲ အတာ"

ဟု အစ်မစိမ်း၏ မေးခွန်းကို အတာ ပြန်မဖြေ။ အံတင်းတင်းကြိတ်လျက် မျက်ရည်သာ ကျနေမိသည်။ ခင်နွေ့ အတွက်ပါ အစ်မစိမ်းရယ်ဟုပင် ဖြေနိုင်အားမရှိတော့။

အိမ်လေးက တိတ်ဆိတ်စွာရှိနေ၏။

❁ ✱ ❁

www.burmeseclassic.com

www.burmeseclassic.com



## ၃၃

သီရိဂြိမ်၏ ဥယျာဉ်ဝယ် လူးလာတုံ့တင်လျှောက် လျှက်။ ကားပြန်အလာကို စိတ်စောစွာစောင့်နေမိရသူမှာ နိုင်သန့်ပါ။

ခင်နွေ ပါလာပါမည်လား။ မလိုက်လိုဟုများ ငြင်းလိုက်ချေမည်လား။

ကားလေးဝင်လာတော့ နိုင်သန့် ခြေလှမ်းကျဲကြီးနှင့် အိမ်၏ပေါ်တီကိုရှိရာသို့ လျှောက်သည်။ ရင်တွေ အရှိန်လှုပ်ရှားနေ တာအမှန်။ နှလုံးသွေးများ ပွက်နွေးစွာ လည်ပတ်နေသည်သို့ ခံစား ရသည်။

ကားနောက်ခန်းတံခါး ပွင့်သွားသည်။ မေမေ ဆင်း လာ၏။

မေမေ လက်ကမ်းလိုက်တာကို မြင်သည်။ ဖြူနု သွယ်နွဲ့သောလက်အစုံလေး မေမေ့လက်ထဲ ပါလာတာမြင်ရသည့် အခိုက် ကြည်နူးဝမ်းသာရခြင်းက ရင်အနှံ့ပျံ့ချေသတည်း။

သြော် ... ချစ်ရပါသော ခင်နွေလေး ပါလာချေပြီ တကား။



နေရာတွင် စုံရပ်မိလျက် မြင်ကွင်းကိုပဲ မမှိတ်မသုန် နိုင်သန့် ကြည့်နေမိဆဲ။

အပျော်ရိပ်သည် နိုင်သန့်ကို အေးမြစွာ ပေးခဲ့ချေ ပြီတည်း။

ခင်နွေ့ကိုယ်နွဲ့နွဲ့လေး ကားတွင်းမှ သိမ်မွေ့ညင်သာ စွာ ထွက်လာတာ။

ခြေဖမိုးဖြူအိအိလေးတွေ တံခါးဆီမှ မြေဆီသို့ ဆင်းလာထောက်မိတာကအစ နိုင်သန့် ငေးစိုက်ကြည့်နေမြဲ။

သီရိဂြိမ်တွင် ခင်နွေ ပြန်လည်ရောက်ရှိလာချေပြီ ဆိုသောအသိသည် နိုင်သန့်၏ရင်ကို အေးငြိမ်းစေနိုင်ခဲ့ပြီ။

ပန်းပုရုပ်လေး သွန်းထုထားသည့်နှယ် လှနိုင်အား ရက်သော ချစ်မိလွန်းသူလေး၏ အနီးအပါးသို့ နိုင်သန့် မသွားဝံ့။ အနည်းဆုံး ခြေသံကြားလိုက်သည်နှင့် လူတစ်ယောက်လာနေပြီဆို တာလောက်တော့ ခင်နွေ သိသွားမည်သာ။

ထိုသူသည် နိုင်သန့်များလားဟူသော အတွေးဖြင့် ခင်နွေ လန့်သွားမှာကို နိုင်သန့် စိုးရိမ်သည်။ ထိတ်လန့်ချောက် ချားသွားသည့် မျက်နှာလေးကိုသာ မြင်လိုက်ရလျှင် ရင်ကွဲရချေ သည်။

ကားရှေ့ခန်းဆီမှ ဖေဖေနှင့် ပိုင်သန့် ဆင်းလာတာ ကိုလည်း တိတ်ဆိတ်စွာရပ်၍ နိုင်သန့် ကြည့်နေသည်။

သြော် ... ကိုယ့်အဖြစ်သည် ချစ်ရသူလေးအပါးသို့ ဝမ်းသာစိတ်ဖြင့်ပင် မသွားပိုင်သာသည့် အခြေပါတကား။

မျက်ရည်ရိပ်သည် မျက်ဝန်းဝယ် ဝေ့သီ၏။

www.burmeseclassic.com



ဖေဖေ လက်ယပ်လှမ်းခေါ်မှ နိုင်သန့် အညင်သာဆုံးသော ခြေလှမ်းများဖြင့် လျှောက်ခဲ့သည်။

အနီးရောက်လျှင် ခင်နွေ့မျက်နှာ နုနုဝင်းလေးကို ငေးခနဲ ကြည့်မိလျက် ဘာမှ မပြောနိုင်ဘဲ ရှိ၏။

မင်း ကိုယ့်ကို ခွင့်လွှတ်ပါ ခင်နွေ့ရယ်။

အပြစ်ရှိသူမို့ ကိုယ် မင်းရဲ့ဘေးမှာ ရောက်နေပြီဆိုတာတောင် အသိမပေးဝံ့ရတဲ့သူပါကွယ်။

ဒါပေမယ့်လေ ... ကိုယ့်ရင်မှာ မင်းကိုချစ်တဲ့အချစ်တွေ ရှိနေတယ် ခင်နွေ့။ မင်းဆိုမှမင်း။ မင်းတစ်ယောက်တည်းကိုပဲ ချစ်မြတ်နိုးရတဲ့အချစ်တွေ ရှိနေကြပါတယ်ကွယ်။

ဒါပေမဲ့ ... ကိုယ်လေ မင်းလေးကို ခင်နွေ့ရယ်လို့တောင် နှုတ်က မခေါ်ဝံ့လောက်အောင် ဖြစ်နေရပါပြီ။ ကိုယ်ခေါ်လိုက်ရင် မင်း ကြောက်လန့်သွားမှာကို ကိုယ် အစိုးရိမ်ဆုံးပဲ။

အဲဒီအဖြစ်ကို ကိုယ့်နှလုံးသားက ဘယ်လို ခံနိုင်ရည်စွမ်းနဲ့ ကြည့်စေနိုင်ပါ့မလဲ။

နိုင်သန့် အတန်ကြာ ခင်နွေ့ကို ငေးကြည့်သည်။

နှုတ်ခမ်းသာ တစ်ချက် လှုပ်ခနဲဖြစ်၏။

နောက် ဖေဖေ့လက်ကို တုန်ယင်နေသောလက်ချောင်းလေးများဖြင့် ဆုပ်ကိုင်လိုက်လျက် ...

"ကျေးဇူးတင်ပါတယ် ဖေဖေ"

ဟု အသံတိုးတိုးလေးဖြင့် ပြောသည်။ ခင်နွေ့ကို ခေါ်လာပေးသည့်အတွက်ဆိုတာ အားလုံး နားလည်၏။

ခင်နွေ့ကို တစ်ချက် နိုင်သန့် ထပ်ကြည့်သည်။



ဝဲလာသော မျက်ရည်ကို ထိန်းလျက် နိုင်သန့် အိမ်တွင်းသို့ ခြေလှမ်းကျဲကြီးနှင့် ဝင်သွားသည်။

လှေကားထစ်များအတိုင်း နိုင်သန့် တောက်လျှောက်တက်သွားသည်။

အခန်းတွင်းသို့ရောက်တော့ ကုလားထိုင်တွင် အားအင်ပြတ်သူပမာ ထိုင်ချလိုက်မိလျက် စားပွဲပေါ်လက်ထောက်ကာ ဆံစများကြားတွင် လက်ကို ထိုးသွင်းလျက် ဝေဒနာကို တစ်ယောက်တည်း တိတ်ဆိတ်စွာကြိတ်မှိတ်ခံစားရ၏။

တစ်ကိုယ်လုံး ချူးချူးကျသွားသည်သို့ ခံစားရလေသည်။

"မင်း ... ငါ့ကို မုန်းနေမယ်ဆိုတာ သိနေတယ် ခင်နွေ့၊ ကြောက်နေမယ်ဆိုတာလဲ သိနေတယ်၊ ဒါပေမဲ့ ငါ့နှလုံးသားက မင်းဆီက အချစ်ကို လိုချင်နေတယ်၊ မင်းဆီက မြတ်နိုးမှုကို တမ်းတနေတယ်၊ ဒါပေမဲ့ မင်းဆီက ငါ မလိုချင်ဆုံးအရာတွေကိုပဲ ရမယ်ဆိုတာ ငါ သိနေတယ် ခင်နွေ့၊ ငါ ရင်မဆိုင်နိုင်ဘူး၊ အဲဒီအဖြစ်ကို ငါ ဘယ်လိုမှ ရင်မဆိုင်နိုင်ဘူး ခင်နွေ့"

နိုင်သန့် ကြေကြေကွဲကွဲတွေးလျက် ရင်ထဲတွင် ကျင်ခနဲ နာသွားရသည်။ နှလုံးသားဆီမှ စူးစူးအောင့်အောင့် ခံစားလာရသည်။

ခင်နွေ့ကိုချစ်သော အချစ်သည် တော်ရုံမျှမဟုတ်တာ နိုင်သန့် ကြာလေပို၍ သိလာရလေပါ။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ... မင်းကို ငါ စကားတွေ ပြောချင်တယ် ခင်နွေ၊ မင်းရဲ့လက်လေးတွေကို အကြင်နာငွေ့တွေနဲ့ ထွေးဆုပ်လို့ကြိုဆိုခဲ့ချင်ပါတယ်၊ ငါ့ရင်မှာ နှစ်ထားရပါတဲ့ အချစ်တွေကိုလဲ ပြောပြချင်ပါတယ်၊ ဒါပေမဲ့ အပြစ်ရှိခဲ့ဖူးတဲ့ကိုယ် ဘယ်လို အဲဒီအခွင့်အရေးတွေကို ရနိုင်ပါ့မလဲ ခင်နွေရယ်"

ခံစားရသမျှ နှလုံးအိမ်ကို ဆုပ်ညှစ်ချေနေသည့်နယ်ပါ ကကား။

ချစ်ရလွန်းသူကို မြင်နေရပါလျက် စကားလေးတစ်ခွန်းသော်မျှ ပြောရဲသာသည့် ဘဝထက်၊ အဘယ်အရာသည် ကြေကွဲမှုယ်ဖတိ ရှိဦးမည်နည်း။

သြော် ... ချစ်မိသည့်ဝန်သည် ... ကိုယ့်ကို ကြေကွဲမှုဖြစ်စေပြီ။ မှားမိခဲ့သည့်ဝန် ကိုယ့်အလွန်ဟု ပန်ခံလိုက်သည့်တိုင် ချစ်သူလေးထံမှ အချစ်တွေကို ရနိုင်ပါမည်တဲ့လားလေ။

ရနိုင်ပါချေဦးမည်တဲ့လား။

"မင်း ... ငါ့ကို မမုန်းလိုက်ပါနဲ့ ခင်နွေရယ်၊ မမုန်းလိုက်ပါနဲ့"

နှုတ်မှ ပွင့်ထွက်လာသောစကား။

မျက်ရည်က ကျမှန်းမသိ ကျလာသည်။

ခင်နွေရှိရာအရပ်ကို သိရစဉ်တစ်ခဏ ချက်ချင်းလိုက်သွားလိုပေမယ့် ကိုယ့်အသံ ခင်နွေ ကြားလျှင်ဖြင့် ပြန်ပါလာမှာမဟုတ်ဟူသော ဗျာပါဒသောကတွေဖြင့် ချုန်နေရစ်ခဲ့ရပါသည့်အဖြစ်။



သြော် ... ချုန်နေရစ်ခဲ့ရပါသည့်အဖြစ်။

စားပွဲပေါ်တွင် ထောက်ထားသော လက်တံတောင်သည် ဖြုတ်ခြည်း လျှောကျလျက် စားပွဲပေါ် မျက်နှာမှောက်ချလိုက်ကာ နိုင်သန့် ဖြေဆည်မရနိုင်စွာ မျက်ရည်ကျလာသည်။

"မင်းကို ငါ သိပ်ချစ်နေတယ် ခင်နွေ၊ အဲဒါ ဘယ်လိုမှ ပြောင်းလဲတားဆီးလို့မရအောင် ငါ့နှလုံးသားမှာ ဖြစ်တည်ရှင်သန်နေတဲ့ အဖြစ်မှန်ပဲ၊ မင်းဟာ ငါ့နှလုံးသား၊ ငါ့သွေးကြောတွေ ဖြစ်နေပြီ ခင်နွေ၊ မင်းမရှိတဲ့ ငါ့ဘဝ မရပ်တည်နိုင်ဘူး၊ မရပ်တည်နိုင်ဘူး"

သူရှုးတစ်ယောက်နှယ် နိုင်သန့် ခံစားနေရစိုက်လက်အစုံ နိုင်သန့်ပခုံးပေါ် ညင်ညင်သာသာကျလာသည်။

နိုင်သန့် ခေါင်းမော့လာတော့ နားလည်ခြင်းများစွာဖြင့် တိတ်ဆိတ်စွာ ကြည့်နေပါသော ပိုင်သန့်။

"ခင်နွေဟာ ... ကိုနိုင့်ကို ခွင့်လွှတ်ပါတယ် ကိုနိုင်၊ သူ ကိုနိုင့်ကို တွေ့ချင်ရှာပါတယ်၊ ကိုနိုင် သူ့အပေါ် စိတ်ဆိုးနေမှာကိုသာ ကြောက်နေရှာတာပါ၊ ကိုနိုင် ခင်နွေ့ကို သွားတွေ့လိုက်ပါလား"

ပိုင်သန့် ပြုံး၍ အစ်ကို၏ ပခုံးကို တင်းတင်းဆုပ်သည်။

ကိုနိုင် အဘယ်မျှ ခံစားနေရရှာတာကို သူ အားလုံးအခါးရွက်ကိုဖွင့်စဉ်ခိုက် တွေ့မြင်ခဲ့ရပြီးခဲ့ပြီပဲလေ။

အသံမပြုဘဲလျက် တိတ်ဆိတ်စွာ သူ ရပ်နေစဉ်တစ်လျှောက်လုံး ကိုနိုင်၏ မထိန်းချုပ်နိုင်လွန်းစွာ လဲလဲပြိုပြို

www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရသမျှတွေကို တွေ့မြင်ရခိုက်မှာပင် ခင်နွေ့ကို သူ ဆုံးရှုံးခဲ့ရပြီဆိုတာ နားလည်၏။

ကိုနိုင်၏ နှလုံးသားကို ကွဲကြေစေလျက် ခင်နွေ့ကို သူ မည်သို့ခေါ်ယူရက်ပါမည်လဲ။

သူ ကိုနိုင်၏ ကိုယ်ကို ဆွဲထူသည်။

အောက်ထပ်သို့ နှစ်ယောက်အတူ ပြန်ဆင်းခဲ့သည်။

ခင်နွေ့ရှေ့သို့ ညီအစ်ကိုနှစ်ယောက် ရောက်တော့ ပိုင်သန့် ကြိုးစားပြုံးရင်း ကိုနိုင့်ကို ကြည့်သည်။

မျက်ရည်ရစ်ဝဲလျက် ခင်နွေ့ကို ကြည့်နေပါသည့် ကိုနိုင့်လက်ကို တင်းတင်းဆုပ်လျက် ...

"ခေါ်လိုက်လေ ကိုနိုင်"

ဟု ခပ်တိုးတိုးပြောသည်။

မေမေနှင့် မေမေက စာကြည့်ခန်းထဲ ဝင်သွားကြသည်။

တကယ်တော့ လူကြီးတွေမို့ ဆက်နေနေရအောင်က လည်း အနေခက်ရှာသည်လေ။

"ခေါ်လိုက်လေ"

ခပ်တိုးတိုး သူ ထပ်ပြောသည်။

နိုင်သန့် ခင်နွေ့ကို ငေးစိုက်ကြည့်နေဆဲ။

ခေါ်လိုက်လေ ကိုနိုင်ဟူသော အစ်ကိုပိုင့်အသံကြောင့် ခင်နွေ့ရှေ့တွင် အစ်ကိုနိုင် ရောက်နေပြီဆိုတာ ခင်နွေ သိလိုက်ရသည်။

ခင်နွေ ခေါင်းလေးမော့ လက်အုပ်လေးချီကာ ...



"ခင်နွေ ကန်တော့တောင်းပန်ပါတယ်၊ အစ်ကိုနိုင် ခင်နွေလေ အစ်ကိုနိုင့်ကို တမင်ဒုက္ခရောက်စေချင်လို့ နာကျင်စေချင်လို့ လုပ်ခဲ့တာ မဟုတ်ပါဘူး၊ ယုံပါ အစ်ကိုနိုင်ရယ်၊ ခင်နွေ့ကို အပြစ်ပေးပါ ခင်နွေ ကန်တော့တောင်းပန်ပါတယ်၊ ခင်နွေ့အပေါ်မှာ ငယ်စဉ်ကတည်းက သီရိဗြိမ်ဟာ ကျေးဇူးကြီးလှတဲ့ ကျေးဇူးရှင်ပါ၊ ခင်နွေ ကျေးဇူးမကန်းပါဘူး အစ်ကိုနိုင်ရယ်"

မျက်ရည်ဥလေးများ လိမ့်သွယ်စီးကျလာပါသည့် ခင်နွေ့မျက်နှာလေးကို မကြည့်ရက်နိုင်စွာဖြင့် နိုင်သန့် ကိုယ်ကို ကိုင်းညွှတ်လိုက်မိကာ ခင်နွေ၏ လက်အုပ်ချီထားသော လက်သွယ်ဖရောင်းလေးများကို သတိလက်လွတ် ဆုပ်ကိုင်လိုက်မိလျက် တင်းတင်းဆုပ်ကိုင်ထားရင်း ...

"မဟုတ်ဘူး ခင်နွေ၊ ငါ ... ငါကသာ မင်းကို ကန်တော့တောင်းပန်ရမှာပါ ခင်နွေရယ်၊ မင်းကိုလေ ... မင်းကို ငါ လိုက်ရှာခဲ့ပါတယ် ခင်နွေ၊ မင်း မရှိတဲ့နောက်မှာ နောင်တရနေတဲ့ ရင်၊ ကြေကွဲခံစားနေရတဲ့ ရင်နဲ့ ရှာနေခဲ့ပါတယ်၊ မင်း ငါ့ကို မကြောက်ပါနဲ့ ခင်နွေ၊ ဖြေစမ်းပါ ခင်နွေရယ်၊ မင်း ငါ့ကို မကြောက်ဘူးလို့ပဲ ဖြေစမ်းပါ"

မျက်ရည်ကျလျက် နိုင်သန့် ပြောနေမိသည်။

လောလောဆယ် နိုင်သန့် အရာရာကို မေ့နေမိလေပြီ။ ဘယ်သူ့ကိုမှ သတိမရတော့။

ခင်နွေနှင့် နှစ်ယောက်တည်း နေသည်သို့ ခံစားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ့နှုတ်မှ ကြားလာရမည့် အဖြေစကားကိုပဲ ချောက်ချားမှုကြီးစွာဖြင့် စောင့်ဆိုင်းနေရသည်။

"အစ်ကိုနိုင် ခင်နွေ မကြောက်တော့ပါဘူး အစ်ကိုနိုင်"

ခင်နွေ ခပ်တိုးတိုးလေး ဖြေသည်။

အစ်ကိုနိုင့်မျက်ဝန်းမှ ကျလာသော မျက်ရည်စက်က ခင်နွေ့လက်ဖမိုးလေးပေါ် ကျလာခဲ့သည်က ဤအဖြေကို မပေးလိုက်ခင်ကလေးတွင်မှ ကျလာခဲ့သည်ပဲလေ။

ခင်နွေ့လက်လေးကို ဆုပ်ကိုင်ထားသည့် အစ်ကိုနိုင့်လက်တွေ အေးနေလျက် တဆတ်ဆတ်တုန်နေတာကိုလည်း ခင်နွေ သိနေရသည်ပဲလေ။

အဘယ်မျှထိ အစ်ကိုနိုင် ကြေကွဲခံစားနေရှာသည်ဆိုတာ ခင်နွေ နားလည်လာသည်။

အစ်ကိုနိုင့်ကို ကြောက်ရပါသည့်စိတ်တွေ ပို၍ ဝေးလွင့်သွားသည်သို့ ခံစားလာရသည်။

အစ်ကိုနိုင့်ကို သနားလာမိရပါသည့် ခံစားမှုက ခင်နွေ့ထံမှာ တည်ရစ်သွားခဲ့ပြီ။

ခင်နွေ မျက်ရည်လေး ဝဲတက်လာလျက် နောက်ထပ် ခပ်တိုးတိုးလေး ထပ်ဖြေသည်။

"ခင်နွေလေ အစ်ကိုနိုင့်ကို မကြောက်တော့ပါဘူး အစ်ကိုနိုင်"

အေးငြိမ်းစွာ နိုင်သန့်၏ နှလုံးသားသို့တိုင် စီးဝင်သွားပါသည့် အသံလေး။

"ခင်နွေရယ် ..."



ခင်နွေလက်လေးကို ထွေးဆုပ်ဆွဲယူ လိုက်မိလျက် နိုင်သန့် ခေါင်ငုံလိုက်မိကာ ...

လက်ဖဝါးနုနုလေးကို ရင်တွင်အပ်ထားလိုက်မိရပါသတည်း။

❋ ✱ ❋

www.burmeseclassic.com

www.burmeseclassic.com



## ၃၄

"ဦးနောက်နဲ့အာရုံကြော ခွဲစိတ်ဆရာဝန်ကြီး ဦးကြည်သာက ခင်နွေ့ကို လိုအပ်တဲ့စမ်းသပ်မှု အားလုံးလုပ်ပြီးတော့ ခင်နွေ့ မျက်စိကွယ်ရတာက ခေါင်းမှာ ထိခိုက်ဒဏ်ရာရပြီး အာရုံကြောကို ထိခိုက်လို့ကွယ်ရာမို့ ခေါင်းပိုင်းကို ခွဲစိတ်ပြီး အာရုံကြောကို ပြန်လည်ကောင်းမွန်အောင်လုပ်ရမှာမို့ ဆေးရုံတက်နိုင်းပါတယ် ကိုအတာ၊ အဲဒါ ခင်နွေ့ကို ဆေးရုံတင်ခဲ့ပါတယ်"

အတာ့ကို ပိုင်သန့် လာရောက်ပြောပြသည်။

ဆေးလိပ်တိုကိုဖွာလျက် အတာနားထောင်၏။ ဘာပဲဖြစ်ဖြစ် ခင်နွေ့ကို ခွဲစိတ်ကုသကြတော့မည်။ ခင်နွေ့မျက်စိတွေ ပြန်မြင်ဖို့မျှော်လင့်ချက်သည် လက်တစ်ကမ်းသို့ ရောက်ရှိနေချေပြီ။

"မနက်ဖြန် ခင်နွေ့ကို ခွဲစိတ်ကုသပါမယ်ကိုအတာ၊ မနက်ကို ကျွန်တော် လာခေါ်ပါ့မယ်၊ အစ်မကြီးလဲ လိုက်ခဲ့ပါ၊ ခင်နွေ့ သတိရလာတဲ့အခါမှာ ကိုအတာတို့ အစ်မကြီးတို့ကို တွေ့ချင်တယ်ဆိုတာလဲ တတွတ်တွတ်ပြောနေရှာတာပါ"



အတာ့ရင်ထဲ ကြည်နူးသွားရသည်။ ဘာပဲဖြစ်ဖြစ် အစ်ကို့ကို သတိရစိတ်၊ တွေ့မြင်ချင်စိတ်ကို မျက်စိပြန်မြင်မြင်ချင်း တွေ့မြင်ချင်တဲ့အဖြစ်ကို ကြားရတော့ ကြည်နူးချမ်းမြေ့ရပါတယ် ခင်နွေ့ဟု ရင်မှာ တိုးတိတ်စွာ ခံစားတွေးထင်မိ၏။

"ကျွန်တော် သီရိခြိမ်ကို လာခဲ့ဦးမလို့ပါပဲ၊ ဒါပေမဲ့ဗျာ မရောက်ဖြစ်ခဲ့ပါဘူး"

အတာ ထိုမျှသာပြောသည်။ အစ်မစိမ်းနှင့် အတူ ခင်နွေ့ကို တွေ့ချင်စိတ်ဖြင့် သီရိခြိမ်သို့ သွားဖို့ အတာ အခါခါ စဉ်းစားမိပေမယ့် မသွားဖြစ်ခဲ့။

ခင်နွေ့ကိုတွေ့ပြီး သီရိခြိမ်မှာ ထားရစ်ခဲ့ကာ မောင်နမနှစ်ယောက် ပြန်လာခဲ့ကြရမည့်အဖြစ်အတွက် ခံနိုင်ရည်စွမ်း ရှိမှာမဟုတ်တာကို နားလည်ထားသည်။

ထပ်၍ ဝေဒနာခံစားရမည့်အဖြစ်ကို နှလုံးသားက ခံနိုင်ရည်စွမ်းမရှိ။

ဒါကြောင့် သီရိခြိမ်သို့ အတာ မသွားတော့။

"ဪ ... ကိုပိုင်သန့်၊ ဒါ ခင်နွေ့အတွက် ရည်စူးပြီး ကျွန်တော် စုထားတဲ့ငွေလေးပါ၊ အတိုင်းအတာ မများလှ ပေမယ့် ဒီငွေကို ခင်နွေ့ဆေးကုသမှုမှာ ထည့်သုံးပေးပါဗျာ"

အိမ်ခန်းတွင်းဝင်သွားပြီး ပြန်လာတော့ စက္ကူလေးနှင့် သေချာထုပ်ပတ်၍ အပေါ်မှ သားရေကွင်းဖြင့်ပတ်စည်းထားသည့် အထုပ်လေးတစ်ထုပ်ကို အတာ လာပေးသည်။

ပိုင်သန့် မယူရက်။ ဒါပေမဲ့ အတာ့မျက်နှာကိုရော၊

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ကိုပါ သိထားသည့်မို့ မငြင်းရက်ပြန်။ အတာပေးလာသည့် အထုပ်လေးကို တိတ်ဆိတ်စွာ လှမ်းယူသည်။

"ဪ ... မောင်ပိုင်သန့်၊ ဒါ ... အစ်မစိမ်းရဲ့ ဂုဏ်တော် ပုတီး၊ ခင်နွေ့ကို ပေးပေးပါ၊ ခေါင်းအုံးအောက်မှာထားအိပ်လို့ပြော၊ အချိန်ရခိုက်မှာလဲ ပုတီးစိပ်ဖို့ အစ်မစိမ်းက မှာတယ်လို့လဲပြောပေး၊ အိမ်မှာ အစ်မစိမ်း ခင်နွေ့အတွက် ဘုရားမှာ အာရုံပြုပြီး ဒီနေ့ တစ်နေ့လုံး ဆုတောင်းပေးနေမယ်လို့လဲပြောပြ၊ မနက်ဖြန်ကျရင်သာ မောင်ပိုင်သန့် အစ်မစိမ်းတို့ကို စောစောလာခေါ်"

တကယ်လည်း အစ်မစိမ်း ဤနေ့ တစ်နေ့လုံး ဘုရားစင်ရှေ့မှာပဲ ရှိတော့မည်ဆိုတာ အတာ နားလည်သည်။

သံယောဇဉ်နှင့် မေတ္တာ၏သရုပ်ကို ဟန်ဆောင်၍ လုပ်ဆောင်နိုင်သည့်အမျိုးမှ မဟုတ်ချေဘဲလေ။ အစ်မစိမ်းတို့မောင်နှမ၏ သံယောဇဉ်နှင့် အေးမြသော မေတ္တာကို ပိုင်သန့် အသိအမှတ်မပြုဘဲမနေနိုင်။ ဤမောင်နှမ၏ ဖြူစင်အေးမြသော မေတ္တာထု၏ လေးနက်မှုကိုလည်း ပို၍ နားလည်လေးစားလာရသည်။

အစ်မစိမ်းပေးလာသည့် ဂုဏ်တော်ပုတီးကို တရိုတသေ အင်္ကျီ၏အပေါ်အိတ်ကပ်တွင် ထည့်သည်။ နံ့သာပုတီးလေးမို့ နံ့သာနံ့သည် သင်းတပျံ့ပျံ့ရှိ၏။

"ဘုရား တရား သံဃာကို မမေ့နဲ့လို့ အစ်မစိမ်းက မှာတာကိုလဲ ပြောပြလိုက်နော်"

အစ်မစိမ်း မှာသမျှ သူ ခေါင်းညိတ်ပြသည်။



"ဟုတ်ကဲ့ ... စိတ်ချပါ၊ ခင်နွေ့အတွက် ခုလို ချစ်ကြဆုတောင်းပေးကြတာတွေကိုလဲ ကျွန်တော် သေချာပြောပြပေးပါမယ်၊ အစ်မစိမ်း ဒီမှာ ဘုရားမှာ ဆုတောင်းနေမှာမို့ ဆေးရုံကို ဒီနေ့ မလိုက်ဖြစ်တာကိုလဲ ပြောပြပါမယ်၊ ကိုအတာ ဒီနေ့ လိုက်ခဲ့ဦးမလား"

တကယ်က အတာ လိုက်ချင်နေတာ အမှန်။ ပိုင်သန့်က မခေါ်သေးဘဲရှိနေတာမို့ မပြောသာဘဲ ငြိမ်နေခဲ့ရခြင်းပါ။

ယခု လောလောဆယ် ခင်နွေသည် သီရိငြိမ်၏ အရိပ်မှာ ရှိသွားခဲ့ရပြီမို့ သီရိငြိမ်၏ ခွင့်ပြုခေါ်ငင်မှသာ လိုက်ပါနိုင်မည့်အခြေအနေ မဟုတ်ပါလားလေ။

"ကျွန်တော် လိုက်လို့ရတယ်ဆိုရင် လိုက်ချင်ပါတယ် ကိုပိုင်သန့်"

ပိုင်သန့် အတာ့လက်ကို ဆုပ်ကိုင်လိုက်လျက် ...

"ဘာလို့ လိုက်လို့မရမှာလဲ ကိုအတာ၊ ကိုအတာဟာ ခင်နွေ့ ကျေးဇူးရှင်လဲဖြစ်တယ်၊ အစ်ကိုတစ်ယောက်လဲ ဖြစ်တယ်၊ ဘာလို့ လိုက်လို့မရမှာလဲ ကိုအတာ လာပါ"

သူ အတာ့ပခုံးကို သိုင်းဖက်၍ ကားလေးရှိရာသို့ ခေါ်ဆောင်လာခဲ့သည်။ အစ်မစိမ်းမှာ အတာနှင့် ပိုင်သန့်တို့၏ ကျောပြင်ကို ကြည်နူးသော အပြုံးနှင့် ငေးကြည့်ကျန်ခဲ့ရသည်။

ကားလေး၏ ရှေ့ခန်းတံခါးကို ဖွင့်ကာ အတာ့ကို ဦးစွာထိုင်စေပြီးမှ ပိုင်သန့် ကားကို ကွေ့ပတ်ကာ ဒရိုင်ဘာနေရာတွင် ဝင်ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားလေးစက်နှိုးထွက်ကာ ပျောက်ကွယ်သွားသည် အထိ အစ်မစိမ်း ငေးကြည့်ဆဲ။

ဦးနောက်နှင့် အာရုံကြောဆေးရုံကြီးရှေ့ ကားရပ်ရမည့်နေရာတွင် ကားကို ရပ်ခဲ့ကာ အတာ့ကို ဦးဆောင်၍ ခင်နွေရှိရာသို့ သူ ခေါ်ဆောင်ခဲ့သည်။

ဖြူစင်သော အိပ်ရာခင်းလေးခင်းထားသည့် ခုတင်ထက်တွင် ခင်နွေ့ကို အတာ လှမ်းမြင်ရသည့်အခိုက် မမြင်ခဲ့ရဖူးကာ နှစ်လကြာရှည်ခဲ့ရသည့်ပမာ အတန်ကြာငေးစိုက်ကြည့်မိသည်။

နောက်မှ သတိရလာကာ ပိုင်သန့်ကို အတာ ကြည့်မိ၏။ ပိုင်သန့်ကိုယ်တိုင်ကလည်း ခင်နွေ့မျက်နှာလေးကို ကြည့်နေတာ မြင်၏။ ဒါပေမဲ့ ပိုင်သန့်၏ မျက်ဝန်းရိပ်တွင် ကြေကွဲရိပ် ထင်နေသည်ဟု အတာ ထင်သည်။

အဘယ်အကြောင်းအရာသည် ကြေကွဲဖွယ်အဖြစ်ဖြင့် ပိုင်သန့်၏ရင်ကို ကြိုတင်၍ နှိပ်စက်နေခဲ့ချေပြီနည်း။ အတာ စိတ်မောစွာ တွေးမိရပြန်သည်။

ခင်နွေ့ခုတင်ဘေးတွင် ရှိနေသည့် ဦးမင်းသန့်နှင့် ဒေါ်ခင်လေးမြတ်၏ ဘေးတွင် ရှိနေသည့်သူမှာ ပိုင်သန့်နှင့် ရုပ်ချင်းဆင်တူသယောင်တော့ရှိသည်။ အရမ်းကြီးတူနေတာမဟုတ်ပေမယ့် ညီအစ်ကိုမှန်းတော့ သိသာသည်။ ဘာကြောင့်ဆို ထိုရုပ်နေသည့်သူသည် ဒေါ်ခင်လေးမြတ်နှင့် ရုပ်ရည်ချင်း အတော်ကြီးတူနေသည်လေ။

"လာ ... ကိုအတာ"



ပိုင်သန့် အတာ့လက်မောင်းကြီးကို ဆုပ်ကိုင်၍ ခေါ်လာသည်။ ပိုင်သန့်၏ စိတ်ရင်းစိတ်ထားသည် နားလည်တတ်၊ သိတတ်သော စာနာစိတ်များပြည့်ဝနေသည့် စိတ်ထားမျိုးဆိုတာ ပို၍ နားလည်လာရသည်။ ပစ္စည်းဥစ္စာက အစ အင်အားနည်းပါးချို့တဲ့သူအဖြစ် မသိမ်ငယ်ရအောင် တရင်းတနှီးပုံဖြင့် အတာ့လက်ကို ဆွဲခေါ်လာခြင်းဆိုတာလည်း အတာ နားလည်သည်။

"ခင်နွေ ဒီမှာ ဘယ်သူ ရောက်လာတယ်လို့ထင်လဲဟင်"

ခုတင်ဘေးတွင် ရပ်လိုက်လျက် ပိုင်သန့် ပြောတော့ အတာ ခင်နွေ့မျက်နှာဝင်းဝင်းလေးကို ပြုံး၍ကြည့်မိသည်။

ခင်နွေ့ခေါင်းလေး မတ်ခနဲ ဖြစ်လျက် စဉ်းစားသလိုလေးဖြင့် ...

"အစ်ကိုပိုင်သန့် ဘယ်သူနဲ့ အတူလာတာလဲဟင်၊ ဟို ... ဟို ... အစ်ကိုတာကို ခေါ်လာတာလားဟင်"

အတာ့ရင်ထဲ ကြည်နူးသွားရပါချေပြီတည်း။

ဩော် ... ခင်နွေသည် သူတို့မောင်နှမကို တမ်းတနေဆဲပါတကား။

ရှည်လျားနက်မှောင်သော ဆံနွယ်ခက်ခက်ကြီးကို တစ်ချောင်းတည်းကျစ်ချထားကာ ဖြူလွလွ ရင်စေ့အင်္ကျီဖြူ ယောထဘီ အနက်လေးဖြင့် ရင်ငြိမ်းဖွယ် အလှတရားများဖြင့် ရှိနေပါသော ခင်နွေ့ကို တမြတ်တနိုး အတာ ငေးခဲ့ကြည့်မိသည်။

"အစ်ကိုတာလားဟင် ..."

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ့လက်ကလေး ရှေ့သို့ ဆန့်လျက် ဟိုဟိုသည်သည် လက်ကလေးဖြင့် ရှာသလို ဖြစ်နေတော့ ...

"ဟုတ်ပါတယ် ညီမလေးရယ် ... အစ်ကိုပါ"

ဟု ခင်နွေ့လက်လေးကို ဆုပ်ကိုင်လိုက်မိလျက် အတာ အေးချမ်းစွာဖြေသည်။

ရင်ထဲတွင် ငြိမ်းအေးနေရသည်မှာလည်း အမှန်။ ခင်နွေ့မျက်နှာလေး မြင်လိုက်ရလျှင် အတာ့ရင်သည် ငြိမ်းရမြဲပါပဲလေ။

"အစ်မစိမ်းရောဟင် ..."

"ခင်နွေ့အတွက် ဘုရားမှာ ဆုတောင်းနေတယ် ခင်နွေ"

ပိုင်သန့်မှာ အတာ့အဖြေအဆုံးတွင် အင်္ကျီအိတ်ကပ်တွင်းမှ ဂုဏ်တော်ပုတီးလေးကို ထုတ်ယူလျက် အတာ့ထံသို့ ကမ်းပေးသည်။ အတာ လှမ်းယူလိုက်ကာ ...

"ဒါ အစ်မစိမ်း ပေးလိုက်တဲ့ ဂုဏ်တော်ပုတီး ခေါင်းအုံးအောက်မှာထားအိပ်နော်၊ အစ်မစိမ်းက အဲလိုမှာလိုက်တယ်၊ ပြီးတော့ ခင်နွေကိုယ်တိုင်လဲ ပုတီးစိပ်တဲ့၊ ဘုရား တရား သံဃာကိုလဲ မမေ့နဲ့တဲ့"

"ဟုတ်ကဲ့ပါ"

နံ့သာပုတီးလေးကို တရိုတသေ ခင်နွေ ယူသည်။

ခင်နွေ့ရင်ထဲမှာ ကြည်နူးနေရသည်ပါပဲလေ။ ခင်နွေ့ဝန်းကျင်မှာ မေတ္တာများဖြင့် ပြည့်ဝနေသူများ ခြံရံဝိုင်းရံရှိနေချေကြသည်လေ။



"အဘရယ် ... ခင်နွေ့အဖြစ်ကို မြင်ရင် အဘ ဘယ်လောက်များ ဝမ်းသာရှာမလဲဟင်၊ ခင်နွေ မျက်စိပြန်မြင်ခဲ့ရင် အဘ ဘယ်လောက်များ ဝမ်းသာရှာမလဲ၊ ပြီးတော့ ... ခင်နွေလေ အဘကို တွေ့ချင်လိုက်တာ၊ ရှိစေချင်လိုက်တာ အဘရယ် ..."

ခင်နွေ မျက်ရည်လေးဝဲခနဲဖြစ်တော့ ပိုင်သန့် သိလိုက်ပါပြီ။ အဘကို ခင်နွေ သတိရနေချေပြီဆိုသော အသိ။ ခင်နွေ့မျက်နှာလေးကိုကြည့်လျက်။ ခင်နွေ့မျက်ဝန်းလေးမှ ခံစားရသည့်အရိပ်လေးများကိုကြည့်လျက်။ ခင်နွေ့ရင်ထဲမှာ ဘာတွေဖြစ်နေပြီဆိုတာ သူ သိသည်လေ။ ခင်နွေ၊ အဘကို သတိရလာခိုက်တိုင်းမှာ ဤမျက်နှာရိပ်လေးကို သူ မြင်မြင်နေခဲ့ရသည်ပဲလေ။ ကြေကွဲရိပ်ထင်သော မျက်နှာလေး။

တမ်းတရိပ်ထင်သောမျက်နှာလေး။ ခင်နွေ့အပေါ် နားအလည်ဆုံးမှာ သူသာလျှင် မဟုတ်ပါလားလေ။ ခင်နွေ့ကို သူ နားအလည်ဆုံး။

"ဪ ... ကိုအတာ၊ ဒါ ကျွန်တော့်အစ်ကိုပါ၊ နိုင်သန့်လို့ ခေါ်ပါတယ်၊ ကိုနိုင် ဒါ ကိုအတာလေ၊ မိုင် ပြောပြောပြတဲ့ ခင်နွေ့ကို စောင့်ရှောက်ထားတဲ့ သူဆိုတာပေါ့၊ ကိုအတာနဲ့ ကိုနိုင်တို့ လူချင်းမဆုံဖြစ်ကြသေးဘူး မဟုတ်လား"

ခင်နွေလည်း အာရုံပြောင်းစေ၊ အတာနှင့် ကိုနိုင့်ကိုလည်း သိစေခင်စေဟူသော သဘောဖြင့် ပိုင်သန့် ပြောသည်။

"ဟုတ်ကဲ့ ... စောစောကတည်းက ကိုအတာဆိုတာ ကြားလိုက်ရတာမို့ ကျွန်တော်ကတော့ သိနေပါပြီ၊ ခင်နွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြောနေဆိုနေကြတာမို့ နှုတ်မဆက်သေးဘဲ စောင့်နေတာပါ။

ကိုအတာကို သိပ်ကျေးဇူးတင်ပါတယ်ဗျာ"

နိုင်သန့် ပြုံး၍ပြောသည်။ အတာ့လက်ကိုလည်း တရင်းတနှီး လာရောက်ဆုပ်ကိုင်သည်။

ခင်နွေ့ကို စောင့်ရှောက်ပေးသည့်အတွက် ကျေးဇူးတင်ကြောင်းပြောနေသည့် နိုင်သန့်၏မျက်ဝန်းကို ပိုင်သန့် ကြည့်မြင်ရခိုက်။

ကိုနိုင့်မျက်ဝန်းတွေထဲတွင် မနာလိုရိပ်များ ရှိနေသည်ဟု ပိုင်သန့် ထင်သည်။

ညီအစ်ကိုချင်းမို့ သူ နားလည်သည်။ ကိုနိုင့်မျက်ဝန်းတွေကို ပြုံးရိပ်ပြထားပေမယ့် မနာလိုသော အရိပ်သည် ဟိုးအတွင်းပိုင်းဆီ၌ ထင်နေသည်ဟု သူ နားလည်ထားသည်။လေ

ဪ ... ကိုနိုင့်ရင်ထဲတွင် ပိုင်ဆိုင်လိုခြင်းဟူသော အချစ်ကို အတ္တစိတ်ကြီးမားလွန်းစွာဖြင့် ရှိနေသည့်အဖြစ်။ အချစ်သည်းလွန်းစွာ ရှိနေသည့်အဖြစ်။

သက်ပြင်းမှုုင်မှုုင်ကို သူ ရှိုက်ချလိုက်မိပါချေ၏။

❃ ✱ ❃



# ❧ ၃၅ ❧

ခုတင်ထက်မှ ခင်နွေ့မျက်နှာလေးကို သူ မမှိတ်မသုန် ကြည့်နေမိဆဲ။

ရင်ထဲမှာ ပူပန်မှုက အထွတ်အဖျားသို့ တိုင်နေပြီ။

ခင်နွေ မျက်စိ ပြန်မြင်ပါမည်လား။

ဒေါက်တာဦးကြည်သာကတော့ အောင်မြင်မှုအတိန်းအမှတ်အဖြစ် လက်မထောင်၍ ပြုံးပြသွားခဲ့သည်လေ။

ခွဲစိတ်ကုသမှု အောင်မြင်သည့်သဘော။

ဒါပေမဲ့ ကာယကံရှင်၏ အမြင်အာရုံတွင် တကယ်ခြင်လာပြီဆိုမှ စိတ်ချလက်ချရှိရမည်။ ခေါင်းတွင် ပတ်တီးဖြူစည်းနှောင်ထားသည့် ခင်နွေ့မျက်နှာလေးကို သူ ငေးစိုက်ကြည့်နေဆဲ။

ငယ်စဉ်က အကျော်ပင်၏အရိပ်မှာ ရှိခဲ့ကြသည့်အဖြစ်များ။ အကျော်ပွင့်များကို သီကုံးရင်း သူ့ကိုစောင့်ခဲ့သည့် ခင်နွေ့အသွင်လေးများ။

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေနှင့်ပတ်သက်၍ မျှော်လင့်ချက်ကြီးဖြင့် အမြန်ဆုံးဘွဲ့ရ၊ အလုပ်ရ ခင်နွေ့ကို ဆေးကုသပေးလိုသည့်အဖြစ်များ။ ယခုတော့ ... ခင်နွေသည် ကံကောင်းလွန်းစွာဖြင့် ပိုမိုစောသော အချိန်ကာလ်တွင် ခွဲစိတ်ကုသခံလိုက်ရပြီ။

ဤအတွက် သူ ဝမ်းသာပါသည်။ သူ့လစာစွမ်းအားဖြင့် ခင်နွေ့ဘဝ အလင်းတန်းကို မရရှိစေနိုင်သည့်တိုင် ယခုလို စောစီးစွာ အမှောင်ကမ္ဘာမှ လွတ်ရာလမ်းကို ခင်နွေ ရရှိလိုက်သည့်အတွက်တော့ သူ ကြည်နူးဝမ်းမြောက်မိပါသည်။

ခင်နွေ့ခုတင်ဘေးတွင် သူ့လိုပင် နိုင်သန့်နှင့် အတာသည်လည်း တိတ်ဆိတ်စွာ ရပ်နေဆဲ။

အစ်မစိမ်းကတော့ ဘုရားစာတွေ ရွတ်နေသည်။

မေမေက ခင်နွေ့မျက်နှာလေးကို ကြည့်လျက် တတွတ်တွတ် ဆုတောင်းနေသည်။ ဖေဖေကတော့ လူကြီးပီပီ ပူပင်သောကကို ထိန်းထားနိုင်သည်။ ခင်နွေ့အတွက် စိတ်လှုပ်ရှားပူပင်နေတာကို ထိန်းထားနိုင်သည်။

ခင်နွေ သတိမရလာသေး။

သူ ခင်နွေ့လက်လေးကို ထွေးဆုပ်လိုက်ချင်သည်။ ခင်နွေ့ဆံနွယ်လေးများကို သပ်တင်ပေးလိုက်ချင်သည်။

ဒါပေမဲ့ ကိုနိုင်ရှိနေသည်လေ။ ကိုနိုင့်မျက်နှာသည်လည်း သောကရိပ်များ သိသာစွာထိုးကျနေသည်ပဲ။

ပြီး ... အတာ။ ကိုအတာသည်လည်း အရာရာကို ပူပန်နေသည့်အသွင်။

ပြင်ပတွင် မိုးသားရိပ်များ ပြိုဆင်းလာနေပြီ။



မကြာမီ မိုးရွာတော့မည်ထင့်။

ပိုင်သန့် နေရာမှခွာကာ ပြတင်းအနီးတွင် သွားရပ်သည်။

"ခင်နွေရယ် ... ခင်နွေ့မျက်စိတွေ ပြန်မြင်ရပါစေလို့ ပိုင်အမြဲဆုတောင်းနေတဲ့သူပါ၊ ခင်နွေ့ကို မျက်စိပြန်မြင်စေချင်တဲ့သူတွေထဲမှာ ပိုင့်လောက် ဆန္ဒပြင်းပြတဲ့သူ ရှိနိုင်မယ်လို့မထင်ဘူး ခင်နွေ၊ ခင်နွေ့ကို ပိုင် ဆုံးရှုံးလိုက်ရပေမယ့် ခင်နွေ့မျက်စိတွေ ပြန်မြင်လာမယ်၊ ကိုနိုင်နဲ့ ဘဝသက်ဆုံးအေးချမ်းတဲ့အရိပ်မှာ သောကငြိမ်းငြိမ်းနဲ့ နေသွားရမယ်ဆိုရင် ပိုင် ကျေနပ်ပါတယ် နွေလေးရယ်"

ပြတင်းပေါင်ကို သူ ဆုပ်ကိုင်ထားဆဲ။ ခန်းဆီးစဖြူဖြူလေးသည် လေအတိုးတွင် ဖျတ်ခနဲလွင့်၏။

"ခင်နွေ့ကို ငယ်ကတည်းက ကြီးခဲ့ရတဲ့သံယောဇဉ်ကနှယ်ပြီး ချစ်မြတ်နိုးခဲ့ရတဲ့ ပိုင့်အချစ်ကို ပိုင် ဘယ်တော့မှ ဖွင့်ဟနိုင်ခွင့်ရှိတော့မှာ မဟုတ်ဘူး နွေလေးရယ်"

သူ ပြင်ပကို ငေးကြည့်နေဆဲမှာပင် မိုးဖွဲဖွဲလေးရွာချလာသည်။ ညိုနေသော မိုးရိပ်ကြောင့် မကြာမီ မိုးသည်းလာတော့မည်ဆိုတာ သူ သိသည်မို့ ပြတင်းတံခါးရွက်ကို သူ ပိတ်လိုက်သည်။

မှန်ပြတင်းတွင် မိုးရေများ လာရောက်ထိခတ်၏။ တဖြည်းဖြည်း မိုးပေါက်တွေ ကြီးလာသည်။

ခင်နွေ သတိမရသေး။ မေ့ဆေးရှိန်မပြယ်သေး။ သူ့ထဲနက်မှောင်သော မျက်တောင်ရှည်ကြီးများ မေးယှက်ငြိမ်သက်

www.burmeseclassic.com

www.burmeseclassic.com



နေသည့် ခင်နွေ့မျက်နှာလေးကို သူ ထပ်ကြည့်မိပြန်သည်။ ခြော် ... မပိုင်သာတော့မည့် အချစ်ဦးလေး။

အရှုံးအမှုးချစ်နေပါသည့် ကိုနိုင့်လက်ထဲမှ ခင်နွေ့ကို ဘယ်လိုအင်အားဖြင့် ညီတစ်ယောက်အနေနဲ့ လုယူရက်ပါတော့မည်လဲလေ။

ပြီး ... လုလည်းမလုယူသင့်သည့်အဖြစ်။

ခင်နွေ့ခေါင်းအုံးလေး ဘေးတွင် အစ်မစီမ်းပေးထားသော နံ့သာပုတီးလေးရှိနေသည်။

အတာ့ကို သူကြည့်မိတော့ ခင်နွေ့မျက်နှာလေးကို ငေးကြည့်နေတာမြင်၏။

ခုတင်ဘေးတွင် မလှုပ်မယှက် ရပ်လျက်ရှိနေသော အတာ။

ရှိလာမည့်အဖြေအတွက် စိတ်စောစိတ်မောနေသည့် အတာ။ ခင်နွေ့မျက်စိတွေ ပြန်မြင်ပြီဆိုလျှင် အတာ့ဘဝသည် ပြည့်စုံပြီဟု ထင်၏။

ခင်နွေ့ကို သိရှိငြိမ်မှုလည်း ဆွဲခေါ်သွားဖို့ အတာ ဘယ်တော့မှ လုပ်မှာမဟုတ်။

တဲသာသာအိမ်ငယ်လေးထဲမှာ ခင်နွေ့ဘဝကို နစ်မြှုပ်စေမည် စကားဦးသည် ခင်နွေ့ကိုချစ်နေသည့် အဖြစ်အား ပြောလိုက်ခြင်းဆိုတာ အတာ နားလည်သည်။

အတာ မလုပ်ရက်နိုင်။

အရိပ်ကြည့်သည့်နယ် တမြတ်နိုးနိုး ချစ်မိသည်က နှလုံးသားမှအဖြစ်။



ချစ်ရလွန်းသူလေးကို ဆင်းရဲသော ဘဝထဲ ဆွဲမနှစ်ရက်သည်က ဦးနောက်မှအသိ။

သူဆင်းရဲ၏နှလုံးသားမှ အချစ်ကို သူဆင်းရဲ၏ ဦးနောက်က တားဆီးပိတ်ပင်နေသည်။

ဤသည်ကလည်း အလွန်ချစ်တတ်သည့် အချစ်ကြောင့်ဖြစ်ပေါ်လာရသော ဦးနောက်၏ အသိတရား။

ချစ်လွန်း၍ တားမြစ်ပိတ်ပင်နေသော ဦးနောက်၏ အသိတရား။

အတာ ခင်နွေ့ဘေးတွင်း ပူပင်ခြင်းများစွာဖြင့် ရှိနေရသည်က ခင်နွေ့မျက်ဝန်းလေးတွေ ပြန်မှ မြင်ပါ့မလားဟူသော ပူပင်မှုကြောင့်ပါ။

နောက် ချစ်ရသူလေးကို မြင်ခွင့်ကြည့်ခွင့်လေးရခိုက် မြတ်နိုးစွာ ကြည့်နေမိသည့်အဖြစ်။

အစ်မစီမ်း၏ ဘုရားစာရွတ်သံကို တိုးတိုးလေးကြားနေရဆဲ။

ဦးမင်းသန့်နှင့် ဒေါ်ခင်လေးမြတ်မှာ သားကြီးနှင့် သားငယ်တို့၏ ရင်တွင်းမှ ဝေဒနာကို ရိပ်စားမိထားကြသည်မို့ အရာရာကို ဆုံးဖြတ်နိုင်မည့်သူမှာ ခင်နွေသာဖြစ်ခြိမ့်မည်ဟု ဆုံးဖြတ်သားပြီးသားပါ။

ခင်နွေ့မျက်ဝန်းလေးတွေ ပြန်မြင်လာချိန်တွင် ခင်နွေ့ ဆုံးဖြတ်ပါစေတော့ ဟု မိဘများအနေဖြင့် ဆုံးဖြတ်ထားပြီးသားပါ။

ခင်နွေ့ကိုယ်လေး လှုန့်ခနဲ တစ်ချက်ဖြစ်ခိုက် နိုင်သန့် ထိုယ်ကြီးကိုင်းသွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ခင်နွေ ..."

ဟု စိတ်လှုပ်ရှားစွာခေါ်သည်။

ခင်နွေ့ကိုယ်လေး လွန့်ခနဲအဖြစ် ရှေ့သို့ တိုးမည်ပြုသည့် ပိုင်သန့်၏ခြေလှမ်းတွေ တုံ့ခနဲဖြစ်လျက် နောက်သို့ တစ်လှမ်းဆုတ်သွားရသည်။ သူသည် ကိုနိုင့်ကို ဟုပြိုင်မည့်သူ မဖြစ်စေရ။

ဤအသိဖြင့်ပင် သူ ကိုနိုင့်နောက်မှပင် ရပ်လျက် ခင်နွေ့မျက်နှာလေးကို ငေးကြည့်နေမိသည်။ စိတ်လည်း အရမ်း လှုပ်ရှားနေမိသည်။

ခင်နွေ့မျက်လွှာလေးတွေ ပွင့်လာချေတော့မည်လား။

ဦးခေါင်းထက်တွင် ပတ်တီးဖြူစည်းနှောင်ထားပါသည့် ခင်နွေ့မျက်နှာလေးကို မမိတ်မသုန် ပိုင်သန့် ငေးစိုက်ကြည့်နေဆဲ။

ခင်နွေ့မျက်လွှာလေးတွေ ပွင့်လာလျှင် ...

"အစ်ကိုပိုင် ..."

ဟုများ ခေါ်လာလိုက်ချေမည်လား။

မခေါ်လိုက်ပါနဲ့ခင်နွေရယ်။ အစ်ကိုနိုင်လို့ပဲ ခေါ်လိုက်ပါကွယ်။

ခင်နွေ့ကို သိပ်ချစ်နေတဲ့ ကိုနိုင်ဟာ အရူးတစ်ယောက်လို အစွဲအလမ်းကြီးလွန်းနေတယ် ခင်နွေ။ သူ ရင်ထဲမှာ ကြေကွဲစွာ တွေးနေမိရပါပြီ။

ခင်နွေ့မျက်ဝန်းတွေ ပြန်မြင်ရပြီဟူသော စကားမျိုးကိုပဲ ကြားရချေမည်လား။



အဘယ်မျှ သူ ဝမ်းသာလိုက်ရပါမည်လဲလေ။

အနှစ်နှစ်အလလ သူ မျှော်လင့်စောင့်စားခဲ့ရသော အချိန်ကာလသည် မဝေးလှစွာ လက်တစ်ကမ်းနှာတစ်ဖျားသို့တိုင် ရောက်ရှိနေသည့်အဖြစ်။

ခင်နွေ့အာရုံထဲမှာ ရှုပ်ထွေးနေသည်။ မီးခိုးချား တိမ်များ။

ပြီး မိုးပေါက်ကြီးများ။ လေတိုးသံများ။

ချွေးကလေးနက်ကျော် ကိုယ်ပေါ်မှာ မိုးရေတွေ ရွဲလျက် ပြောင်လက်နေတာ မြင်နေရသည်။

ဟော ... လယ်တဲလေး။ အဘကိုလည်း မြင်နေရသည်။

ခင်နွေ ကြာကန်ထဲမှာ ကြာပန်းတွေ ဆင်းချိုးနေမိပြန်ပြီ။

မိုးသည်းသည်းကြီးထဲမှာ ခင်နွေ မိုးကာလေး တင်းတင်းဆုပ် အုပ်မိုးထားလျက် သွက်သွက်လျှောက်နေသည်။ နက်ကျော်က ခင်နွေ့ဘေးမှာ။ သစ်ပင်ကြီးတစ်ပင်အောက် ခင်နွေ မိုးခိုနေခိုက် မိုးကြိုးပစ်သံကြီးကို ကြားရ၏။ လေပြင်းတိုက်သံကိုလည်း ကြားရသည်။ အပေါ်မှ မြည်သံကြားရ၍ မော့ကြည့်တော့ တရိပ်ရိပ်ပြေးလာသော သစ်ကိုင်းကြီး။

ပြိုကျလာသည့် သစ်ကိုင်းကြီး။

ထိုအခိုက် ခင်နွေ ကြောက်လန့်တကြားအော်သည်။ အဘ ခင်နွေ့ကို လာဖက်သည်ဟု ထင်၏။

"အဘ ..."

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ အော်ခေါ်လိုက်မိသည်။ ရုတ်ခနဲ အဘ ပျောက်သွား၏။ မီးခိုးတွေ။

တိမ်တိုက်ကြားထဲ ခင်နွေ တစ်ယောက်တည်း လွင့်မျောနေသည်။

ဘယ်အရာကိုမှ တွယ်စရာမမြင်။ လွင့်လွင့်မျောမျော နှင့် ခင်နွေ့မှာ လေတိုက်ရာပါနေသည့် လဲမှို့ပွင့်လေးပမာ ဖြစ်နေသည်။

အဘကို တွေ့ရပြန်ပြီ။ လွင့်မျောနေသည့် ခင်နွေ့ကို အဘ၏လက်က ဖမ်းဆုပ်ကိုင်ထားနိုက် အဘကို တွယ်ဖက်ထားမိကာ ခင်နွေ ထပ်ခေါ်သည်။

"အဘ ..."

"ခင်နွေ ... ခင်နွေ"

ခေါ်သံတွေ ကြားလာရသည်။ ခင်နွေ ခေါင်းတွေ မူးနောက်နေသည်။ မကြည်လင်။

ခင်နွေ စဉ်းစားသည်။ ဘာတွေဖြစ်နေသည်သနည်း။ ပီပီပြင်ပြင် ဘာမျှ ဖြစ်မလာ။

ဝေခွဲမရသလို ဖြစ်နေ၏။

"အဘ ..."

ခင်နွေ ထပ်ခေါ်သည်။ အဘ။ အဘ ဘယ်ရောက်သွားချေပြီလဲ။

ခင်နွေ့လက်ကို ဆုပ်ကိုင်ထားသည့် အဘလက်တွေ ဘယ်ရောက်သွားချေပြီလဲ။

"ခင်နွေ ..."



ထပ်မံခေါ်လာသည့် ခေါ်သံ။ ပြီး ခင်နွေ့လက်လေးကို ဆုပ်ကိုင်ထားတာကိုလည်း သိလာသယောင်ရှိ၏။

ဒါပေမဲ့ ခေါ်သံက အဘ၏အသံမဟုတ်။ ဘယ်သူလဲ။ ခင်နွေ စဉ်းစားသည်။

နောက်ကျိနေသောရင်နှင့် ဦးနှောက်က မကြည်လင်။ ဝေခွဲမရ။

ခင်နွေ မျက်လွှာကိုအားယူ၍ ဖွင့်သည်။ ကြိုးစား ဖွင့်သည်။ ဘယ်သူတွေ ခင်နွေ့ကို ခေါ်နေချေသည်လဲ။

ခေါ်သံတွေထဲမှာ မိန်းမအသံတွေလည်းပါလာပြီ။ ဟုတ်သည်။ ခင်နွေ့ကို လူတော်တော်များများ ခေါ်နေကြသည်ပဲ။

ခင်နွေ့မျက်လွှာလေး တဖြည်းဖြည်း ပွင့်လာသည်။ လင်းခနဲ ဖြစ်၏။

ခင်နွေ့အတွက် အထူးအဆန်းဖြစ်နေသည်။ အလင်းရောင် ...။

ဟုတ်သည်။ အလင်းရောင်။ နေသားမကျသည့်နှယ် ခင်နွေ့မျက်လွှာလေး ပိတ်ကျသွားရသည်။

နောက်တစ်ခါ ထပ်၍ မျက်လွှာကို ဖွင့်မိပြန်၏။ အရိပ်များ။ လှုပ်ရှားယိမ်းယိုင်နေသော အရိပ်များ။ လေတိုက်၍ ကျူရုပ်တွေ လူးလွန့်နေသယောင် ထင်ရသော လူရိပ်များ။

လူရိပ် ...။ မူးနောက်ရီဝေနေသည့်ကြားမှ ခင်နွေ နှလုံးသားသည် ဒိတ်ခနဲခုန်၏။ စိတ်တွေ အရမ်းလှုပ်ရှားသွားရသည်။

"လူတွေ ..."

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ့နှုတ်မှ မသဲမကွဲ ထွက်လာသောအသံ။

ခင်နွေ့လက်ကို လှုပ်ကြည့်သည်။

"မလုပ်နဲ့ ခင်နွေ၊ ခင်နွေ့လက်မှာ သွေးသွင်းထားတယ်"

တားမြစ်လိုက်သံ။ အစ်ကိုပိုင့်အသံများလား။

ရုတ်ခနဲမို့ လက်ကို ငြိမ်လိုက်မိပြန်သည်။

ခင်နွေ ကြိုးစား၍ မျက်လွှာကို ဖွင့်မိပြန်သည်။

လူရိပ်မကွဲ။ မည်သူတွေမှန်း မသိ။ ဒါပေမဲ့ မြင်နေရပြီ။

"ခင်နွေ မြင်နေရတယ်၊ ခင်နွေ့ဘေးမှာ ဘယ်သူတွေလဲဟင်"

ခင်နွေ လေသံလေးလေးဖြင့် ခပ်တိုးတိုးမေးနေသည်။

လူအားလုံး ရှေ့သို့ တိုးသွားကြကာ ...

"ဟယ် ... ခင်နွေလေး ပြန်မြင်ပြီ"

ဟု ပြော့ကြဆိုကြသံတွေ ထွက်လာ၏။

ခင်နွေ မေ့ဆေးရှိန်က မပြေတပြေမို့ မျက်လွှာလေး ပြန်ပိတ်ကျသွားပြန်သည်။

ပြန်မြင်ပြီ။ ခင်နွေလေး ပြန်မြင်ပြီ။ စောစောကပြောသည့်အသံ။

ခင်နွေ့နားထဲမှာ အထပ်ထပ် လာမြည်နေသည်သို့ ရှိ၏။

❄ ✱ ❄



# အခန်း ၃၆

သူ့ မျက်ရည်များ ဝဲတက်လာလျက် ရင်ထဲတွင် ကြည်နူးလိုက်ရပါပြီ။

သြော် ... ဘယ်သောအခါကမျှ ဤအထိ ရင်ထဲ မအေးငြိမ်းစဖူး။

ခင်နွေ့မျက်ဝန်းလှလှလေးနှင့် ပြန်မြင်ရချေပြီ။ လူ့၏ဘဝ ... လူ ဖြစ်ရကျိုးနပ်ချေပြီတည်း။

ခင်နွေ့လက်ကလေးဇာ ဆုပ်ကိုင်ထားသည့် ကိုနိုင့်လက်လေးကို တစ်ချက်ထပ်မံကြည့်မိသည်။

ဤလက်သည် ခင်နွေ့ဘဝတစ်လျှောက်တွင် တွဲခေါ်သွားမည်ဟု ကြွေးကြော်ထားသည့်လက်။

ခင်နွေ့ကို အရူးအမူး မြတ်နိုးလွန်းစွာ ချစ်နေရသူတစ်ဦး၏လက်။

ဘယ်သောအခါမှ ခင်နွေ့ကို ချစ်မြတ်နိုးပါသည့်သူ၏ အချစ်များကို ဖွင့်ဟမပြောတော့ဟု ဆုံးဖြတ်ထားခဲ့ပြီးသည့်နောက်။ ဤ ကိုနိုင်၏ လက်က ခင်နွေ့ကို ထွေးဆုပ်ထားသည်ကို အေးချမ်းသောရင်ဖြင့် ကြည့်နိုင်ရမည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မရ။ ချစ်သော နှလုံးသားက နာကျင်နေသည်။ ဆုံးရှုံးခံလိုက်ရသည့်အဖြစ်အတွက် နှစ်ရှည်လများ ကာလကြာရှည်စွာ ချစ်လာရပါသည့် အချစ်တွေက ငိုရှိုက်နေကြသည်။

ပြီး ... ခင်နွေ့အနီးတွင် သူ အဘယ်မျှထိ ဟန်ဆောင်ပြီး ရှိနေနိုင်ပါမည်နည်း မရနိုင်။ ခင်နွေ့အနီးမှာ မခွဲမခွာ ရှိနေသော ကိုနိုင်၏အပေါ်တွင် ပေါ်တန်သော အပြုံးမျိုးကို သူ ဟန်ဆောင်ပြုံးနိုင်ပါ့မည်လား။

ကိုနိုင့်ရှေ့တွင် သူ့နှလုံးသားတွင်းမှ မြတ်နိုးရမှုများကို မဖုံးဖိသာဘဲ လှစ်ပြလိုက်သလို ဖြစ်သွားမှာကို သူ စိုးရိမ်သည်။

ငယ်သံယောဇဉ်ဖြင့် ချစ်လာရပါသည့်အချစ်။ ခိုင်မြဲလွန်းပါသည့်အချစ်။ ဦးနှောက်က ကိုနိုင့်မေတ္တာကိုထောက်၍ အဘယ်မျှတားတား သူ့နှလုံးသား၏ကြေးမုံဖြစ်သော သူ့မျက်ဝန်းများမှ မြတ်နိုးရိပ်ကို ကိုနိုင် မြင်တွေ့သွားမှာ စိုးသည်။

ခင်နွေ၏ မျက်စိပြန်မြင်ရသောအဖြစ်အတွက် ကြည်နူးဝမ်းမြောက် အရမ်းခံစားနေမိရသမျှကို ကိုနိုင် မြင်သွားလျှင် သူ့ရင်ထဲမှအဖြစ်ကို သိသွားနိုင်သည်။

ကိုနိုင့်ထံမှအချစ်ကို လုမယူရက်တော့သည့်နောက် ဤနှလုံးသားတွင်းမှ ခံစားရိပ်မိသည်ကိုလည်း ကိုနိုင် မမြင်စေချင်။ မမြင်သည်ကလည်း အဖြစ်သင့်ဆုံး။

သူ နေရာမှ အသာအယာ ခြေသံမကြားအောင် လှောက်ခဲ့သည်။



စေ့ပိတ်ထားသော မှန်တံခါးရွက်ကို အသာတွန်းဖွင့်၍ ပြန်လည်စေ့ပိတ်ခဲ့သည်။

အခန်းတွင်းမှ သူ ထွက်ခဲ့တာကို ဘယ်သူမှ အာရုံမစိုက်လိုက်မိကြ။

အားလုံး ခင်နွေ့ထံ အာရုံရောက်နေသည်လေ။ ဝမ်းသာနေကြသည်လေ။ ခင်နွေ့လက်လေးတွေ လှုပ်ရှားလာတုန်းကတော့ သူ စိုးရိမ်တကြီး တားလိုက်မိသေးသည်။

"မလှုပ်နဲ့ ခင်နွေ ... ခင်နွေ့လက်မှာ သွေးသွင်းထားတယ်"

ဟူသော စိုးရိမ်စကား။ ခင်နွေ့လက်လေးတွေ ရုတ်ခြည်း ပြန်ငြိမ်သွားခဲ့သည်။

သြော် ... ခင်နွေသည် သူ့အသံကို မှတ်မိသွားခဲ့ချေသည်လား။

ခင်နွေ စတင်၍ သတိလည်ရစဉ်ခိုက် သူ့အသံကို မှတ်မှတ်သားသား ကြားသိသွားခဲ့ချေမည်လား။

"ခင်နွေရယ် ... ပိုင့်ကို သိပ်မြင်ချင်တယ်ဆိုတဲ့ ခင်နွေရယ်၊ ခင်နွေ ပထမဆုံးမြင်ရတဲ့သူ ဖြစ်ချင်တဲ့ ပိုင်တို့ရဲ့ငယ်တုန်းက စိတ်ကူးတွေ မျှော်လင့်ခြင်းတွေ ဖြစ်မလာနိုင်တော့ဘူး နွေလေးရယ်၊ ဖြစ်မလာနိုင်တော့ပါဘူး"

သူ ကွဲကွဲကြေကြေ ခံစားရသမျှ အံကို တင်းတင်းခဲသည့်ကြားမှ မျက်ရည်ဝဲချင်၏။

မျှော်လင့်ချက်များများထားမိသည့် အဖြစ်သည် လက်တွေ့တွင် ဖြစ်မလာနိုင်လျှင် မျှော်လင့်ချက် ထားမိသည်နှင့်ညီမျှသော ကြေကွဲမှုကို နက်နက်ရှိုင်းရှိုင်းခံစားရသည်ပဲလေ။

www.burmeseclassic.com

www.burmeseclassic.com



သူ ဒေါက်တာဦးကြည်သာ၏ အနားယူခန်းတွင်းသို့ ဝင်သည်။

သူဝင်လာတော့ ဒေါက်တာဦးကြည်သာ အနားယူနေရာမှ သူ့ကိုလှမ်းကြည့်၏။

"ကျွန်တော့်ညီမကို မျက်စိပြန်မြင်အောင် ခွဲစိတ်ကုသပေးတဲ့ ဆရာကြီးကို ကန်တော့ပါတယ်ခင်ဗျာ"

သူ ကြမ်းပြင်တွင်ထိုင်လျက် ကန်တော့တော့ ဦးကြည်သာ ခေါင်းညိတ်လျက် ဆုပေးသည်။

"သာဓုပါမောင်ရယ် ... သာဓုပါ၊ ဦးတို့ဆရာဝန်တွေရဲ့ တာဝန်ပိုင်းပဲ မောင်ရယ်၊ ခုလို ဝေဒနာရှင်တွေ ဝေဒနာသည်တွေကို စိတ်ချမ်းမြေ့ရအောင် လုပ်ပေးခွင့်ရနေတာကိုပဲ ဦးအနေနဲ့ ဝမ်းသာကြည်နူးရလှပါပြီ၊ ကလေးမလေး သတိရလောက်ပြီဆိုတာ ဦး ခန့်မှန်းမိတယ်၊ ခုပဲ ဦး သွားကြည့်မလို့"

ဦးကြည်သာ ထရပ်တော့ သူလည်း အခန်းတွင်းမှ လိုက်ထွက်ခဲ့သည်။

ဒါပေမဲ့ ... သူ ဦးကြည်သာနောက်မှ လိုက်မသွားတော့။

ဆေးရုံလှေကားမှ ဆင်းကာ ရပ်ထားသည့်ကားရှိရာသို့ လျှောက်သည်။

ဤနေ့တွင် အိမ်မှ ကားနှစ်စီးစလုံးကို ယူလာသည်။ အရေးကြီးကိစ္စ ကြုံလျှင် ပြေးနိုင်လွှားနိုင်ရန်နှင့် အတာတို့မောင်နှမလည်း ပါသည်မို့ ပြန်လိုက်ပို့နိုင်ရန် ကားနှစ်စီးစလုံး ယူလာသည်။



အက်စ်အီးကားဖြူလေးကို မနက်က သူ မောင်းခဲ့သည်။ ကားသော့က သူ့ဆီမှာရှိနေသည်။ ကားတွင်းသို့ သူ ဝင်ကာ စက်နှိုးမောင်းထွက်ခဲ့၏။

"ဘာလို့မမြင်ရမှာလဲ ခင်နွေ၊ တစ်နေ့ကျရင် မြင်ကိုမြင်ရမယ်၊ အဲဒါ ယုံထား၊ ခင်နွေ ပြန်မြင်တဲ့တစ်နေ့မှာ အစ်ကိုပိုင်က ရှိုးတွေမိုးတွေနဲ့ ခင်နွေ့ရှေ့မှာ လက်ကြီးပိုက်ပြီး ခပ်ကြားကြား ရပ်ပြမှာဗျ"

အကျော်ပင်ကြီးအောက်မှာ ယခင်တုန်းက သူပြောခဲ့သောစကား။

သူ၏မျက်နှာကို သိမြင်ချင်စောဖြင့် လက်ဖဝါးနုနုလေးများဖြင့် စမ်းကိုင်ကြည့်ခဲ့ရှာသော ခင်နွေ၏ချစ်စရာအသွင်လေးများ။

တကယ်တမ်းကျတော့ ဘာမျှ ဖြစ်မလာနိုင်ချေပြီတကား။

အံတင်းတင်းခဲထားသည့်ကြားမှ မျက်ရည်ဝဲတက်လာသည်။ ဘယ်ဘက်ရင်အုံတွင် စူးကျင်သည်သို့ ခံစားရ၏။

ကား၏လက်ကိုင်ကို ထိန်းကိုင်ထားသည့် လက်တွေ ခသိမသာတုန်လာသည်။

မြတ်နိုးရသည့် ကာလများ ကြာရှည်စွာဖြင့် ရှိရပါသည့်ငယ်ချစ်ဦး။

ဝသုန်ဤမြေကိုပင် တိုင်တည်၍ ချစ်ခဲ့ပါသည့် ငယ်ချစ်ဦး။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ဝေးရေချပြီတည်း။

ဤသို့ဝေးရဖို့လည်း သူကိုယ်တိုင်ပဲ ဆုံးဖြတ်ခဲ့ရခြင်း။

ခွင့်လွှတ်ပါ ခင်နွေရယ်။

နွေလေး မျက်စိမြင်မြင်ချင်း ပိုင့်ကို မြင်ချင်ရှာမယ်ဆိုတာ ပိုင် သိတယ်။

နွေလေးကို ဂရုမစိုက်၊ နွေလေးအပေါ် နားမလည် အလေးမထားသလိုပုံမျိုးနဲ့ ပိုင် ခုလို ထွက်သွားခဲ့တာကို နွေလေး ခံပြင်းမယ်ဆိုတာလဲ တွေးမိပါရဲ့ကွယ်။

ဒါပေမဲ့ ခင်နွေရယ် ...။

ပိုင်က ဝေးရမယ့်လူပဲလေ။

ဒီနည်း ဒီလမ်းကိုပဲ ပိုင် ရွေးချယ်ရမှာပေါ့။ ပိုင် ရန်လုပ်မှာပေါ့။

ဒါပေမဲ့ ခင်နွေရယ်။ ပိုင့်နှလုံးသားက သည်းထန်ကြီးစွာ ငိုကြွေးနေကြပါတယ်ကွယ်။

လမ်းကွေ့သို့အရောက် သူ ကားကို ကွေ့ချသည်။ အရှိန်လည်းများ၏။

ဆိုင်ကယ်တစ်စီးကို ဝင်ကျုံးမိမလိုဖြစ်၏။ ကမန်းကတန်း ကားလက်ကိုင်ကို ထိန်း၍ တစ်ဖက်သို့ကွေ့၏။

ကားခေါင်းလည်းထွက်သွားကာ ရှေ့ဆီမှ ကားနောက်မြီးပိုင်းကို ဝင်တိုက်မိ၏။

ကားနောက်ခန်းမှာ အိမ်ဆောက်ပစ္စည်း သံချောင်းရှည်ကြီးများနှင့် သစ်များ တင်ထားသည့်ကား။



ပစ္စည်းတင်ထားသည့်ယာဉ်အဖြစ် အမှတ်အသားလေးလည်း ကားနောက်ပိုင်းမှာ တွဲလောင်းလေး ထင်ရှားစွာ ချိတ်ဆွဲထားသည့် ကားနောက်မြီးပိုင်းကို မထိန်းနိုင်စွာ ဝင်တိုက်မိရုံက် ကားရှေ့ခန်းမှန် ကွဲသွားလိုက်တာကို ပထမဦးစွာ သူ သိလိုက်သည်။ သစ်သားတန်းက မှန်ရှိရာကို ထိုးဖောက်လာသည့်နှယ်။ ကိုယ့်ကားက ဝင်တိုးသလိုကြီး ဖြစ်သွားရတာမို့ ကမန်းကတန်း ဘရိတ်ကိုဖမ်းသည်။

မှန်စတွေ ကွဲစဉ်လာတာကိုလည်းသိ၏။ ကားဘရိတ်အဆွဲ ခေါင်းရှေ့ငိုက်အကျမှာ ကွဲနေသော ကားရှေ့မှန်စစူးချွန်ချွန်နားသို့ မျက်နှာ ငိုက်ခနဲပါသွားလိုက်တာကို သိရုံက် အမြန်ပြန်မတ်သည်။

ဒါပေမဲ့ သူ့ပါးတစ်ဖက်ကို ဆွဲခြစ်ချလိုက်သည့်နှယ် စားလိုက်ရသည့်ပြီးနောက် ပူနွေးသော သွေးများ ဖြာခနဲစီးကျလာတာကို အထိတ်တလန့်ဖြင့် လက်နှင့် အုပ်မိုးသုတ်လိုက်မိသည်။

သွေးတွေ တပေါက်ပေါက် တတောက်တောက် ကျလာနေ၏။

"ဟာ ... ဆေးရုံကိုပို့မှရမယ်"

လူအုပ်ကြီးကတော့ ထုံးစံအတိုင်း ဖြစ်လာပြီ။

လူအုပ်တွင်းမှပြောသံကို ကြားလိုက်ရ၏။

"ဟာ ... ပါးမှာ ဓားနဲ့ခွဲထားသလိုကြီးပါလား"

ခေါင်းတွေ ရီဝေမူးနောက်လာသည်သို့ ခံစားရ၏။

❀ ✱ ❀

www.burmeseclassic.com

www.burmeseclassic.com





မြတ်နိုးရက်ရှည်
ချစ်မိနေပြီ၊ တွယ်တာရည်စူး
ငယ်ချစ်ဦးတည် ...
သခင်သိလှည့် ယုံစေချင် ...။

နှစ်တိုးသက်သေ
မေတ္တာတွေကြည်။ ရင်ထဲထိသေ
အချစ်တွေပြည့် ...
ဘဝင်ငြိမှုယ်ကိုယ်နှံမင် ...။

ထပ်တိုးချစ်နေ
သစ္စာတွေလည်း၊ အသည်းထဲမှာ
တိုးလျှက်သာရှိ ...
သခင်ကြည့်လှည့် ဝသုန်မြေတစ်ခွင် ...။

ဪ ...
သခင်ကြည့်လှည့် ဝသုန်မြေတစ်ခွင် ...။ ။





## ၃၇

"မဟုတ်ဘူး အစ်ကိုပိုင် တစ်ခုခုဖြစ်နေတယ်၊ ခင်နွေ့ကို ခုလို အစ်ကိုပိုင် လာမတွေ့ဘဲနေတာကိုက အစ်ကိုပိုင် မလာနိုင်လို့ဆိုတာ ခင်နွေ့ သိတယ်၊ အစ်ကိုပိုင် လာနိုင်ရင် ဘယ်တော့မှ ဒီလိုနေမှာမဟုတ်ဘူး၊ ခင်နွေ့ကို လာတွေ့မှာ သေချာတယ်၊ ခင်နွေ့ကို အစ်ကိုပိုင်နဲ့ တွေ့ပေးကြပါ"

ခင်နွေ့ ငိုရှိုက်တောင်းပန်မိပါပြီ။

ခင်နွေ့ ခွဲစိတ်ကုသပြီး ကောင်းစွာသတိရလာကတည်းက ပထမဆုံး ရှာဖွေမိသည်မှာ အစ်ကိုပိုင်ပါ။

အိပ်ရာထက်တွင် လဲလျောင်းနေသည့်ဘဝ။ နောက် ခင်နွေ့ အမှိုဖြင့် ထိုင်နိုင်သည့်အချိန်။

ထိုကာလများအထိ အစ်ကိုပိုင် လုံးဝ ပေါ်မလာခဲ့။

ခင်နွေ့ အစ်ကိုပိုင့်ကို တစ်မေးတည်းမေးခဲ့သည်။

ခင်နွေ့ ငယ်ကတည်းက အရမ်းတွေ့ချင်ခဲ့ရပါသည့် အစ်ကိုပိုင်၏ မျက်နှာကို မတွေ့ရ။

ခင်နွေ့ အားလုံး၏မျက်နှာကို မြင်ခွင့်ရခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ခင်နွေ့အပေါ် စိတ်ရှည်ခဲ့ နားလည်ခဲ့ပါသော အစ်ကိုပိုင်သည် အဘယ်ကြောင့် ခင်နွေ့ကို မတွေ့ဘဲ နေနေရပါသနည်း။

"ခင်နွေ မခွဲစိတ်ခင်နေ့မှာတောင် အစ်ကိုပိုင် ရှိနေတာပဲ၊ ခင်နွေ ခွဲစိတ်တဲ့နေ့မှာ ဘယ်နည်းနဲ့မဆို အစ်ကိုပိုင် ဒီဆေးရုံမှာရှိနေရမယ်၊ ရှိကိုရှိရမယ်ဆိုတာ ခင်နွေ သိတယ်၊ ဒါပေမဲ့ အစ်ကိုပိုင် ခင်နွေ့ကို လာမတွေ့ဘူး၊ ဒါ ... တစ်ခုခု အစ်ကိုပိုင် ဖြစ်ကိုဖြစ်လို့ဆိုတာ ခင်နွေ သိတယ်"

ခင်နွေ ဆေးရုံမှ ဆင်းခွင့်ရသည့်နေ့တွင် ခင်နွေ ငိုရှိုက်၍ပြောမိပါ၏။

အစဉ်တစိုက် အစ်ကိုပိုင်နှင့်တွေ့လိုကြောင်း ပြောခဲ့စဉ်တစ်လျှောက်လုံးမှာလည်း အန်ကယ်ဦးမင်းသန့်နှင့် အန်တီလေး ဒေါ်ခင်လေးမြတ်တို့ မျက်နှာမကောင်းခဲ့ကြတာ ခင်နွေ တွေ့မြင်နေရသည်။

ပြီး ... အန်ကယ်နှင့် အန်တီလေးတို့၏ အသွင်များက အရမ်းစိတ်သောကဖြစ်နေရသည့်အသွင်။ ခင်နွေ့ထံမှာ ရှိနေချိန်မှာလည်း တစ်နေရာသို့သွားစရာရှိနေသေးသည့်အသွင်။ အန်တီလေး၌ မျက်ခွံလေးတွေမို့နေတာလည်း ခင်နွေ တွေ့မြင်နေရသည်။

အစ်ကိုပိုင့်ကို မတွေ့ရတာရော၊ အန်ကယ်နှင့်အန်တီလေးတို့ မျက်နှာမကောင်းကြတာရော၊ အစ်ကိုနိုင် ငိုင်တွေနေတာတွေကြောင့်ရော၊ ခင်နွေ ဘယ်လိုမှနေ၍မရ။ အစ်ကိုပိုင် ဘာဖြစ်သလဲဆိုသည့်မေးခွန်းကို အထပ်ထပ် မေးနေခဲ့ရသည်။ ဒါပေမဲ့ အဖြေမရနိုင်ခဲ့။



အစ်ကိုတာနှင့် အစ်မစိမ်းကို မေးတော့လည်း ခေါင်းပဲယမ်းပြကြသည်။

"အစ်ကိုနိုင် ခင်နွေ့ကို ပြောပြပါ၊ ခင်နွေ အစ်ကိုပိုင့်ကို ကန်တော့ပါရစေ၊ ကျေးဇူးရှင်အားလုံးကို ခင်နွေ ကန်တော့ခဲ့ရပြီးပါပြီ၊ အစ်ကိုပိုင်တစ်ယောက်တည်းကိုပဲ ခင်နွေ မကန်တော့ရသေးတာပေါ့၊ ခင်နွေ့ကို ငယ်ကတည်းက အလိုလိုက်ခဲ့တဲ့ အစ်ကိုပိုင့်ကို ခင်နွေ တွေ့ပါရစေ"

ခင်နွေ အစ်ကိုနိုင့်ကို တောင်းပန်ပြောတော့လည်း မရ။

ခင်နွေ အားလုံးကို တုန်လှုပ်ချောက်ချားစွာ ကြည့်သည်။

အားလုံး မျက်နှာမကောင်းကြ။

မတွေးကောင်းသောအတွေးသည် ဆိုးဝါးစွာ ခင်နွေ့နှလုံးသားကို ပြင်းပြင်းထန်ထန် ထိုးဖောက်လာသည်။

"သူ ... သူ ... အစ်ကိုပိုင် မရှိတော့ဘူးလား ဟင် ... သူ မလာနိုင်တော့ဘူးလား ... ဟုတ်လား"

ခင်နွေ မျက်လွှာလေးချသွားကာ ခပ်တိုးတိုးလေး တစ်ယောက်တည်း မေးဖြေနေသလိုလေးပြောသည်။

နောက် ... အိပ်ရာလေးပေါ် ခွေခွေလေး ပြန်လှဲလိုက်ကာ မျက်ရည်ပေါက်ကြီးများ ဖြိုးဖြိုးဖြောက်ဖြောက် ကျလာသည်။ တအိအိ ပြိုဆင်းလာရသည်။

အစ်ကိုပိုင် ကွယ်လွန်ခဲ့လေပြီလား။ အဘယ်သို့သော အဖြစ်ဖြင့် ကွယ်လွန်ခဲ့ပါလေသနည်း။

www.burmeseclassic.com



ခင်နွေ ရှိုက်ကြီးတငင် ငိုချလိုက်ရှာပါပြီတည်း။

အတာမှာ မျက်နှာလွှဲလိုက်ရသည်။

"အဖြစ်မှန်ကို အစ်ကို ပြောပြချင်ပါတယ် ခင်နွေရယ်၊ ဒါပေမဲ့ ပြောမပြရက်ပြန်ဘူး ခင်နွေ၊ ခင်နွေရဲ့ အစ်ကိုပိုင်အပေါ်မှာထားခဲ့တဲ့ ခင်နွေ့သံယောဇဉ်ကို သိရလေလေ ပြောမပြရက်လေပါ ခင်နွေရယ်"

အတာ သက်ပြင်းရှိုက်မိသည်။

ချစ်ခြင်း ...။ ချစ်ခြင်း၏ခံစားရမှု။

ချစ်မိသူကို ချစ်မြတ်နိုးစိတ်ဖြင့် ရင်မှာ သိုဝှက်ချစ်ရစဉ်ကာလက ကြည်နူးခြင်းဆိုတာကိုလည်း ခံစားရသည်။ အေးချမ်းခြင်းဆိုတာလည်း ခံစားရသည်။ မျှော်လင့်ခြင်းဆိုတာလည်း ရှိနေရသည်။

ဒါပေမဲ့ ဝေးရချေပြီဆိုသောအသိကို ပြတ်ပြတ်ထင်ထင်သိလာရချိန်တွင် ကြေကွဲခံစားခြင်းဆိုတာကို နှလုံးသားမှ ခံနိုင်ရည်စွမ်းမရှိဖွယ် ထိရှခံစားရစေသည်။ ပြီး ... မည်သို့အခြေအနေမျိုးမှာပဲရှိစေ မိမိသည် နောက်ဆုတ်လိုက်ရသူအနေဖြင့်ပင် ရှိစေဦး။ ချစ်သောသူကိုတော့ စိတ်ချမ်းသာစေချင်သည်။ အစ်ကိုပိုင်ဟု တသသမေးနေသည့် ခင်နွေ့ကို ခင်နွေ၏အစ်ကိုပိုင် ရှိရာသို့ ပို့ပေးလိုက်ချင်သည်။ ဤသည်က အတာ၏ရင်မှာ ရှိရပါသော အမှန်တရားပါ။ ဒါပေမဲ့ ဒေါ်ခင်လေးမြတ်တို့က လောလောဆယ် အသိမပေးပါနှင့်ဦးဟု တောင်းပန်ထားကြသည်။ ဦးမင်းသန့်ကလည်း ထိုသဘောအတိုင်းပင်။



"အဖြစ်မှန်ကို စောပြီး အသိပေးလိုက်ရင် မိန်းကလေး ပိုပြီး စိတ်ထိခိုက်ရမှာစိုးလို့ပါ"

ဟု တောင်းပန်ကြတော့လည်း အတာ ဖွင့်မပြောသာတော့။

ခင်နွေ ဆေးရုံက ဆင်းခွင့်ရပြီမို့ ဒေါ်မိ ပစ္စည်းတွေသိမ်းတော့ ခင်နွေ လိုက်သိမ်းသည်။ ဒေါ်မိက အေးအေးငြိမ်းငြိမ်း နေဖို့တား၏။

စကားမပြောသလောက်ဖြစ်သွားသော ခင်နွေ့အဖြစ်ကို ဒေါ်ခင်လေးမြတ်ပင် မကြည့်ရက်နိုင်သလို ဖြစ်လာသည်။

ခင်နွေ ခုတင်လေးကို ငေးခနဲကြည့်၏။

ခင်နွေ ခွဲစိတ်ကုသမခံရခင် တစ်နေ့ကပင် အစ်ကိုပိုင် ဤနေရာလေးကို နောက်ဆုံးလာခဲ့သေးသည်။ ယခုတော့ ခင်နွေ့ထံ အစ်ကိုပိုင် ဘယ်တော့မှ လာချေတော့မည်မဟုတ်။ သြော် ... လာနိုင်တော့မည်မဟုတ်။

ခင်နွေ့ရင်ထဲမှာ အစ်ကိုပိုင် ကွယ်လွန်သွားပြီဟု စွဲမြဲယုံကြည်ထားလိုက်မိပါပြီ။ ကျေးဇူးရှင် ဒေါက်တာဦးကြည်သာကို ခင်နွေ ကန်တော့သည်။

"ခင်နွေ့အဘဟာ ခင်နွေ့ကို မျက်စိ သိပ်မြင်စေချင်ပါရတယ် ဘဘ၊ ခင်နွေ့ကို ခုလိုပြန်မြင်အောင် ဘဘကုသပေးတာကို ခင်နွေ သေသည်အထိ ကျေးဇူးမမေ့ပါဘူး ဘဘရယ်၊ ဘဘကို ခင်နွေ ကန်တော့ပါတယ်"

ဆေးရုံရှိ ဦးကြည်သာ၏ ရုံးခန်းလေးမှာ ခင်နွေ ပုပ်ဝပ်စွာထိခြင်းငါးဖြာဖြင့် ကန်တော့ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"သာဓု ... သာဓု ... သာဓုပါသမီးရယ်၊ သမီးရဲ့မျက်စိခုလို အလင်းကို ပြန်ရပိုင်ဆိုင်ရသလို ဘဝမှာလဲ ထာဝရ အေးချမ်းတဲ့အလင်းကို ရပါစေကွယ်၊ အောင်မြင်ပါစေ"

ပေးတဲ့ဆုနဲ့ ပြည့်ပါစေဟု ခင်နွေ ဆုတောင်းရပါသည်။

နောက်နေ့တွင် အစ်ကိုတာပြောသည့် ချမ်းမြေ့ဆေးကုခန်းမှ ဒေါက်တာဦးထက်အောင်ကို ခင်နွေ သွားကန်တော့ပါမည်။ ဒေါက်တာဦးကြည်သာထံ ဦးထက်အောင်မှ ကိုယ်တိုင်သွားတွေ့ကာ ခင်နွေ့ကို ဂရုစိုက်ပေးရန် ကူညီပေးရန် ပြောခဲ့သည်ဟု ဦးကြည်သာကိုယ်တိုင် ပြန်ပြောပြခဲ့သည်လေ။ သူငယ်ချင်းတွေမို့ ဦးကြည်သာက ဦးထက်အောင်၏စေတနာကို သိထားခဲ့ပြီးသား။ ငွေကြေးကအစ လိုအပ်လာလျှင် ကူညီမည်ဟု ဦးထက်အောင် ပြောပြခဲ့သည်တဲ့။

"အဲဒီ မိန်းကလေးအနီးမှာ လူချမ်းသာတွေရှည်းပဲ"

ဟု ပြန်ပြောခဲ့စဉ်က ဦးထက်အောင်ပင် နားမလည်နိုင်သလို ဖြစ်သွားခဲ့ရသည်တဲ့လေ။ ဤသည်က ခင်နွေ့ကို ဦးကြည်သာကိုယ်တိုင် ရယ်မော၍ ပြောပြခဲ့သည်မို့ ခင်နွေ သိရခြင်းပါ။

"ခင်နွေ သွားပါတော့မယ် ဘဘ"

"အေး အေး ... ကျန်းမာရေးကို ဂရုစိုက်၊ ဟုတ်လား"

ဆရာဝန်မို့ ကျန်းမာရေးကိုပဲ ဦးစားပေး၍ မှာကြားသည်။



ခင်နွေ စားရမည့်ဆေးများကိုလည်း တစ်လစာ ပေးထားပြီးပြီ။

"သမီးရေ ... ကိုထက်အောင်ဆီတော့ သွားလိုက်ဦး၊ သမီးကို ခွဲစိတ်တဲ့နေ့က လာကြည့်သွားသေးတယ်၊ အခြေအနေကောင်းတယ်ဆိုတာ သိသွားတယ်၊ သမီးကတော့ မေ့ဆေးရှိန်မပြေတပြေပဲရှိသေးတာကိုး၊ နောက်ရက်တွေတော့ သူလဲ အလုပ်များတော့ မလာဖြစ်တော့ဘူးကွယ်၊ ဖုန်းနဲ့ပဲလှမ်းမေးတယ်၊ ကြည့်ရတာ သမီးအပေါ်မှာ အတော်ကရုဏာ သက်သွားပုံရတယ်"

ဦးကြည်သာ မှာတော့ ခင်နွေ တရိုတသေလေးပင် ...

"ဟုတ်ကဲ့ပါ ဘဘ"

ဟုဖြေသည်။ ပြီးလျှင် ဆေးရုံမှာ ဆင်းခဲ့ပါ၏။

"ထိုင် ... ခင်နွေ၊ အထဲဝင်လိုက်"

ဆေးရုံရှေ့မှာ ရပ်ထားသည့် ကားလေးထဲဝင်ဖို့ အစ်ကိုနိုင် ကားတံခါးကို ဖွင့်ပေးသည်။ ဒေါ်မိနှင့်အတူ ခင်နွေ ဝင်ထိုင်၏။

ခင်နွေ ရင်ထဲမှာ တမ်းတနေရသူက အစ်ကိုပိုင်။

သြော် ... မြင်ပင် မမြင်ဖူးလိုက်ရပါသည့်အဖြစ်။

ခင်နွေ မျက်ရည် အိခနဲအကျ နောက်ကြည့်မှန်မှ တစ်ဆင့် မြင်လိုက်ရသည့် နိုင်သန့်မှာ သက်ပြင်းရှိုက်လိုက်ရပါပြီ။

သီရိဗြိမ်ရှေ့သို့ ကားလေးထိုးရပ်သွားတော့ ဒေါ်မိ ကားပေါ်မှ အလျင်ဆင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုင်သန့်၏ ကားနောက်မှ ဦးမင်းသန့်နှင့် ဒေါ်ခင်လေးမြတ်၊ အဘ၊ အစ်မစိမ်းတို့ စီးနင်းသည့်ကားလေးက ရပ်သွားသည်။

ခင်နွေ သီရိဗြိမ်၏ ပေါ်တီကိုအောက်တွင် ရပ်နေမိသည်။

ခင်နွေ စိတ်ကူးနှင့် မှန်းကြည့်သည်။

ခင်နွေ မျက်စိမမြင်စဉ်က လျှောက်ခဲ့ဖူးသောနေရာလေးများ။

ခင်နွေ သွားလာခဲ့ဖူးသော နေရာလေးများ။

စိတ်အစဉ်တွင် ရှိသည့်အတိုင်း ခင်နွေ တဖြည်းဖြည်း ဆက်လျှောက်သည်။

ပန်းခင်းတွေကို ခင်နွေ မြင်နေရပြီ။ အသွေးစုံ အမျိုးစုံသော ပန်းခင်းများ။

အဘ စိုက်ပျိုးခဲ့လေသော ပန်းခင်းများ။

ခင်နွေ့ကို ဘယ်သူမှ မဟန့်တား။

စိတ်ထိခိုက်စွာ လိုက်လံကြည့်နေကြသည်။ ရပ်တန့်၍ ပေါ်တီကိုအောက်မှာပင် ကျန်ခဲ့ကြသည်။

ခင်နွေ ဆက်လျှောက်လာခဲ့ပါ၏။ ဟို အိမ်နောက်ဘက်စီမှ မြင်နေရသော ရေနံရည်ဝနေသော အိမ်ငယ်လေး။ သစ်သားတန်းလျားငယ်လေး။

ထိုနေရာ ထိုအိမ်လေးသည် ခင်နွေနှင့်အဘ နေခဲ့သောနေရာ။



ခင်နွေ ဆက်လျှောက်လာမိသည်။ မြက်ခင်းပြင်၏ အစပ်ကို ရောက်လာချေပြီ။

မြက်ခင်းအတိုင်း ခင်နွေ ဆက်လျှောက်သည်။

ခင်နွေ့နှာဖျားလေးတွင် သင်းပျံ့သော ရနံ့က လေပြန်နှင့်ပါလာသည်။ ခင်နွေ့ကို သင်းသောရနံ့က ဦးစွာဆီးဖက်လိုက်သည့်နှယ်။

ခင်နွေ အတန်ကြာ ရပ်လျက် မြင်ကွင်းကို ငေးကြည့်မိသည်။

ဖြူလွှလွှပွင့်လွှာတွင် ဝါပြေပြေလေးအလယ်တွင် သင်းပါသည့်ပန်း။

အခက်ဖြာဖြာဖြင့်ရှိနေပါသော အကျော်ပင်။ မြက်ခင်းစိမ်းလဲ့လဲ့သည် ပင်ခြေတွင် ရှိနေ၏။ အပွင့်ကြွေတွေက မြသားကော်ဇောထက်တွင် ဖွေးမွှန်လဲ့စွာ ရှိနေကြသည်။

ခင်နွေ ပန်းပင်လေးအောက်သို့ လျှောက်ခဲ့ကာ မြက်ခင်းလေးပေါ် ထိုင်လိုက်သည်။

တုန်ယင်နေသော လက်ချောင်းလေးများဖြင့် ပန်းကြွေလေးများကို ကောက်သည်။

"အစ်ကိုပိုင်ရယ် ..."

ခင်နွေ ပန်းကြွေလေးများကို မျက်နှာတွင် အပ်၍ ရှိုက်ငင်ငိုကြွေးလိုက်မိပါပြီ။

"ခင်နွေ မျက်စိမြင်ရတဲ့နေ့မှာ ခင်နွေ့ရှေ့မှာ လက်ကလေး ပိုက်ပြီး ရပ်ပြမယ်ဆို၊ ခင်နွေ ပထမဆုံးမြင်ရမယ့်သူဟာ အစ်ကိုပိုင်ပဲ ဖြစ်ရမယ်ဆို"

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ ရင်ကွဲမတတ် ခံစားနေရပါ၏။

"ခင်နွေ မျက်စိမမြင်ရတဲ့အချိန်တုန်းက အစ်ကိုပိုင့်ကို ဒီနေရာလေးမှာ လာလာစောင့်ခဲ့တယ်၊ အဲဒီတုန်းကတော့ အစ်ကိုပိုင် အမြဲလာနေကျ၊ ခု ခင်နွေ မျက်စိပြန်မြင်တဲ့အခါ ကျတော့ မလာတော့ဘူးလား အစ်ကိုပိုင်ရယ်"

ခင်နွေ တစ်ယောက်တည်း အရူးမလေးလို ပြောပြော ငိုနေမိပါပြီ။

"ပထမ အခါက ခင်နွေ့ကို ထားရစ်ခဲ့တယ်၊ အခု အစ်ကို ပိုင်က ခင်နွေ့ကို ထားရစ်ခဲ့ပြန်ပြီ၊ ခင်နွေ့ကိုချစ်တဲ့ သူတွေ ဘာလို့ ခင်နွေနဲ့ ဘုရားရှင်က ခွဲလိုက်ရတာလဲ၊ ဘာလို့ ခွဲလိုက်ရတာလဲနော်"

ခင်နွေ၏ ဘေးဝယ် အရိပ်တစ်ခု ကျလာ၏။

ခင်နွေ မော့ကြည့်တော့ အစ်ကိုနိုင်။

ခင်နွေ မျက်လွှာလေးပြန်ချလိုက်ကာ ပန်းကြွေလေး များကို ငေးစိုက်ကြည့်မိသည်။

အစ်ကိုပိုင် မရှိတော့တာကို ခင်နွေ ပို၍ သိလာသည်။ ခင်နွေ ရောက်ရောက်ချင်း သီရိဥယျာဉ်မြိမ်၏ ပေါ်တီကိုအောက်မှာ အစ်ကိုပိုင်သာရှိလျှင် ခင်နွေ့ကို လာကြိုမည်မှာမလွဲ။

ယခုတော့ တိတ်ဆိတ်ငြိမ်သက်နေသော အိမ်ကြီးကို သာဖြစ်ခဲ့ရသည်လေ။

အိမ်ဖော်မိန်းကလေးအသစ်ဟု ထင်ရသည့် ဖြူဖြူ သွယ်သွယ် ကောင်မလေးတစ်ယောက်ကိုသာ ခင်နွေ တွေ့ခဲ့ရသည်။



ယခင်က သီရိငြိမ်မှာ ဒေါ်ဒေါ်မိပဲရှိခဲ့တာ။ ယခု တွေ့ရသည့်မိန်းကလေးကို ခင်နွေ သိလည်းမသိ။ ဒါပေမဲ့ အိမ် ဖော်ဟုတော့ ခင်နွေ ထင်သည်။

တစ်နေရာဆီမှ အစ်ကိုပိုင် ထွက်လာနိုးနှင့် မျှော် ကြည့်မိရာမှ မည်သူမျှ ထွက်မလာတော့ အကျော်ပင်ရှိရာအရပ်ဆီ သို့ ခင်နွေ လျှောက်လာခဲ့ခြင်းပါ။

"ခင်နွေ ..."

အစ်ကိုနိုင် ခေါ်သံကြောင့် ခင်နွေ ခေါင်းလေးမော့ လာသည်။

ဤနေရာလေးမှ ခင်နွေ မခွာချင်။ အဘ စိုက်ပျိုး ရာဥယျာဉ်လေးအနီးရှိနေရာ။ အစ်ကိုပိုင်နှင့် ကြည်နူးစွာပြောဆို ခဲ့ဖူးသောနေရာ၊ ဤနေရာလေးမှာ ခင်နွေ နေချင်သေးသည်။

"ခင်နွေ့ကို အစ်ကိုနိုင် ပိုင်ရှိတဲ့နေရာကို ခေါ်သွားမယ်၊ တစ်ယောက်နဲ့တစ်ယောက် ဒီလောက်သံယောဇဉ်ကြီးနေ ကြတဲ့သူနှစ်ယောက်ဟာ ဆုံသင့်နေပြီလို့ အစ်ကိုနိုင် ထင် တယ်"

ယတိပြတ်ဆုံးဖြတ်ပြီးသည့်ဟန်ဖြင့် အစ်ကိုနိုင် ပြော လာတော့ ခင်နွေ ...

"ဟင် ... အစ်ကိုပိုင် ရှိတဲ့နေရာ ..."

ဟု ခပ်တိုးတိုးပြောသည်။ နောက် အစ်ကိုပိုင်၏ လက်ကို ဆုပ်ကိုင်မိရင်း ...

"တကယ်လား အစ်ကိုနိုင်၊ အစ်ကိုပိုင် တကယ်ရှိနေလား ဟင်၊ ဒါ ... ဒါဖြင့် သူ ခင်နွေ့ကို ဘာလို့ မတွေ့ဘဲရှောင်

www.burmeseclassic.com

www.burmeseclassic.com



နေတာလဲဟင်၊ ခင်နွေ့ကို ဘာလို့ ဒီလောက်မုန်းသွားရတာလဲ”

အစ်ကိုပိုင် ရှိတယ်ဟူသော အတွေးဖြင့် လက်ခနဲ မျက်နှာလေး ရွှန်းကြည်လန်းသွားတာ။ ချက်ချင်း မျက်နှာလေး ညှိုးကျအားငယ်သွားတာ အားလုံးကို နိုင်သန့် တွေ့မြင်နေရသည်။

“ဖေဖေနဲ့မေမေကလဲ ပြောတယ်၊ ပိုင့်ဆီကို ခင်နွေ့ကို ခေါ်သွားတော့တဲ့၊ ခင်နွေ သိပ်စိတ်ထိခိုက်နေပြီတဲ့၊ တွေ့သင့်တဲ့သူနှစ်ယောက်ဟာ ဘာကြောင့် အချိန်တွေဆွဲပြီး ဝေးနေကြရမှာလဲတဲ့၊ ကိုနိုင်လဲ ဒီလိုပဲ သဘောရတယ်၊ ပိုင်က ဘယ်လောက်ပဲတားတား သူ့အလိုဆန္ဒထက် ခင်နွေ့ ဝေဒနာက ပိုဆိုးနေပြီ၊ လာ ... အစ်ကိုနိုင် လိုက်ပို့ပေးမယ်”

ခင်နွေ မျက်ရည်တွေ လိမ့်လူလာ၏။ ရက်စက်လိုက်တာ အစ်ကိုပိုင်ရယ်ဟု ကြေကွဲစွာတွေးမိသည်။

“အစ်ကိုပိုင်က ခင်နွေ့ကို မတွေ့ချင်ဘူး၊ ဟုတ်လား နေပါစေတော့ အစ်ကိုနိုင်ရယ်၊ အစ်ကိုပိုင် ခင်နွေ့ကို မတွေ့ချင်ဘူးဆိုရင် ခင်နွေ ဘယ်လောက်ပဲ အစ်ကိုပိုင့်ကို တွေ့ချင်တွေ့ချင် လိုက်မတွေ့တော့ပါဘူး၊ အစ်ကိုပိုင့်ကို စိတ်မညစ်စေချင်တော့ဘူး”

ပြောပြီး ခင်နွေ ရှိုးရှိုက်ငိုသည်။ အစစအရာရာကို ဆုံးရှုံးလိုက်ရသည့်အသွင်။ မျှော်လင့်ခြင်းများ ပျောက်ဆုံးသွားရသည့်အသွင်။

“မဟုတ်ဘူး ခင်နွေ၊ ပိုင်ဟာ မင်းကို မတွေ့ချင်တာမဟုတ်ပါဘူးကွယ်၊ သူ အတွေ့မခံဝံ့ရှာတာပါ”



ခင်နွေ နားမလည်သလိုလေး မော့ကြည့်လာသည်။

မျက်ရည်စများ စိုစွတ်နေသော မျက်ဝန်းလေးကို အပေါ်စီးမှ နိုင်သန့် မြင်နေရ၏။ လုပ်ကျွက်သရေရှိလှပါသည့် မျက်နှာလေး။

သြော် ... အရှုံးအမှုး စွဲလမ်းမြတ်နိုးမိရပါသည့် မျက်နှာလေး။

ညီ ... ပိုင်သန့်၏ ရင်ထဲမှာ ဤမိန်းကလေးရှိနေတာကို သိလိုက်ရသည့်တိုင် မစွန့်လွှတ်နိုင်လောက်အောင် စွဲလမ်းမြတ်နိုးရပါသည့် မိန်းကလေး။

ဒါပေမဲ့ ယခုတော့ ဤမိန်းကလေးကို နိုင်သန့် မိမိ၏ဘဝထဲသို့ မခေါ်ရက်နိုင်တော့။

ဒဏ်ရာအရှိန်နှင့် ပိုင်သန့် ဖျားနေစဉ်က ကယောင်ကတမ်းနှင့် ပြောသမျှ စကားတွေထဲမှာ ခင်နွေ့ကို ပိုင် ဘယ်လောက်ချစ်မြတ်နိုးတာ၊ သံယောဇဉ်ကြီးတာ၊ ခင်နွေ့ကို လက်လွှတ်ဆုံးရှုံးရမှာ သိနားလည်လာရခိုက် အဘယ်မျှကြေကွဲခံစားရတာ၊ ဒါပေမဲ့ အစ်ကိုလုပ်သူကို အနိုင်မယူရက်။ အသည်းမခွဲရက်တာမို့ နောက်ဆုတ်ပေးဖို့ ဆုံးဖြတ်ထားတာတွေ အားလုံး ဖျားရှိန်နှင့် ကယောင်ကတမ်းပြောသမျှ နိုင်သန့်ရော ဖေဖေနှင့် မေမေရော ကြားခဲ့ကြရသည်ပဲလေ။

ပိုင်သန့် ကားဆက်ဆီးဒင့်ဖြစ်၍ ဆေးရုံတင်လိုက်ရသည့် သတင်းကို ကြားကြားချင်း ခင်နွေမသိအောင် အားလုံး ချေပြးခဲ့ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာ ဒဏ်ရာကြီးကို ချုပ်ရတာ။ နောက်အဖျားတွေဝင်လာခဲ့တာ။

ဒါတွေအားလုံး နိုင်သန့် ဘယ်လိုနှလုံးသားနှင့် ဥပေက္ခာပြုရက်နိုင်ပါတော့မည်လဲလေ။

နားမလည်နိုင်သလိုလေး ငေးကြည့်နေရှာသည့် ခင်နွေ့မျက်နှာလေးကို ငုံ့ကြည့်ကာ နိုင်သန့် ပြုံးပြသည်။

"လာ ... ခင်နွေ၊ သူ ... မင်းကို တွေ့ရင် နှင်ထုတ်ရက်မှာ မဟုတ်ပါဘူးကွယ် ... လာ"

❋ ✱ ❋



## အခန်း ၃၀

"ပိုင် ... ပွဲရုံနောက်ဖေး အိမ်ငယ်လေးမှာ သွားနေမယ်၊ ကိုနိုင်နဲ့ ခင်နွေ လက်ထပ်ပြီးကြတဲ့အခါမှ ပိုင် သီရိခြံကို ပြန်လာခဲ့မယ်"

ဟု ဆေးရုံဆင်းသည့်နေ့မှာ ပိုင်သန့် ပြောခဲ့သည့်အဖြစ်။

ပိုင်သန့်ကို ပို့ပေးခဲ့ရသည့်နေရာ။

ယခုတော့ ခင်နွေ့ကိုခေါ်၍ နိုင်သန့် ကိုယ်တိုင် ဤနေရာလေးသို့ ရောက်လာခဲ့ရချေပြီတည်း။

"လာ ... ခင်နွေ"

ပွဲရုံနေရာနှင့် အိမ်လေးမှာ အတန်အလှမ်းဝေးသည်။ ပြတင်းပေါက်တွေမှာ ခန်းဆီးဖြူလေးများ တပ်ထား၏။

တံခါးမကြီးကိုတော့ စေ့ထားတာ မြင်ရသည်။

ခင်နွေ ကားလေးပေါ်မှဆင်းတော့ နိုင်သန့် ရှေ့မှ ဦးဆောင်၍ အိမ်လေးပေါ်တက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ့ရင်တွေ အရမ်းခုန်နေရသည်။ အစ်ကိုပိုင်သည် အဘယ်အတွက်ကြောင့် ခင်နွေ့ကို အတွေ့မခံဝံ့ရပါသနည်း။ အဘယ်ကြောင့်နည်း။ ခင်နွေ စဉ်းစား၍မရ။

နိုင်သန့် တံခါးကို အသံမမြည်အောင် တွန်းဖွင့်သည်။ စေ့ရုံသာစေ့ထားသော တံခါးရွက်က ပွင့်သွား၏။

ဧည့်ခန်းလေးမှာ ရှင်းနေသည်။ ပစ္စည်းပစ္စယလည်း များများစားစားမရှိ။ စားပွဲတစ်လုံး၊ စာကြည့်မီးအိမ်က စားပွဲပေါ်မှာရှိသည်။ မီးအုပ်ဆောင်းတပ် မီးအိမ်။

ကုလားထိုင်သုံးလုံးရှိသည်။ စားပွဲပေါ်မှာ စာအုပ်သုံးလေးအုပ်နှင့် သတင်းစာနှစ်စောင်ရှိသည်။

ဧည့်ခန်းထောင့်မှာ မတ်တတ်ပန်ကာတစ်လုံး ရှိနေသည်။ ဒါပဲရှိသည်။

ဤနေရာလေးမှာ အစ်ကိုပိုင် အဘယ်ကြောင့် လာရောက်နေရပါသနည်း။

ခင်နွေ တွေတွေလေး ရပ်၍ ငိုင်ကျသွားရသည်။ ပြီး ... ခင်နွေ အရမ်းတွေ့မြင်ဖူးချင်ပါသည့် အစ်ကိုပိုင့်ကို ခင်နွေ တွေ့မြင်ရတော့မည်လေ။

"ပိုင် ..."

အစ်ကိုနိုင် ခေါ်သံကြောင့် ခင်နွေ ပို၍ စိတ်တွေ လှုပ်ရှားလာရသည်။ အစ်ကိုပိုင် ထွက်လာနိုင်မည့်နေရာမှာ ခန်းဆီးစလေး ကာထားသည့် အတွင်းခန်းတံခါးဆီမှာသာ ဖြစ်နိုင်သည်။ အသက်မရှူမိတော့ဘဲ ငေးခနဲ ကြည့်နေမိသည်။ အစ်ကိုပိုင် ထွက်လာချေတော့မည်။



"ပိုင် ..."

အစ်ကိုနိုင် ထပ်ခေါ်လိုက်ချိန်မှာပင် အပြာရောင် ခန်းဆီးလေး လှုပ်ရှားတိမ်းဖယ်လိုက်တာကို ခင်နွေ စိတ်လှုပ်ရှားစွာ တွေ့မြင်လိုက်ရပါ၏။ ခင်နွေ့ နှလုံးသွေးတွေ ပူနွေးစွာ စီးနေသည်သို့ တစ်ကိုယ်လုံး ပူနွေးလာသယောင်ထင်ရ၏။

"ဟင် ..."

ခန်းဆီးကို သိမ်းဖယ်လိုက်သော လက်ချောင်းများ။

နောက် ... ပေါ်ထင်လာသော လူတစ်ယောက်။

နိုင်သန့် နောက်နားတွင် ရပ်နေသော ခင်နွေ့ကို မြင်လိုက်ရသည်နှင့် ဟင်ခနဲ ချက်ချင်း ခန်းဆီးစကို ပြန်ချကာ တစ်ကိုယ်လုံး ပြန်ကွယ်သွားစေလျက် ...

"ဘာဖြစ်လို့ သူ့ကို ဒီနေရာ ခေါ်လာရတာလဲ ကိုနိုင်၊ ပြန်ခေါ်သွားစမ်းပါ၊ ပြန်ခေါ်သွားစမ်းပါ၊ သူ့ကို ပိုင် မတွေ့ချင်ဘူးလို့ ပြောထားလျက်နဲ့ ဘာလို့ ခေါ်လာရတာလဲ"

အက်ကွဲလိုက်ခါနေသော အော်သံ ...။ အော်ပြောလိုက်ပါသည့်အသံ။ ဒါပေမဲ့ အရမ်းကို ထိခိုက်ခံစားနေရသည့် အသံအဖြစ် ခင်နွေ နားလည်နေရသည်လေ။

"မဟုတ်ဘူး ပိုင်၊ ငါ ရှင်းပြမယ်"

"မရှင်းပြနဲ့ ပိုင် ပြောမယ်၊ ခင်နွေ့ကိုခေါ်သွား၊ ကိုနိုင် ပြန်တော့၊ ခေါ်ပြန်တော့"

အရမ်းကို ခံစားပြောရှာပါသည့် အက်ကွဲနေသော အသံကြီး။

www.burmeseclassic.com

www.burmeseclassic.com



ရင်ကိုခွဲ၍ ထွက်လာသည့်အသံဟု ထင်မှတ်လောက်ဖွယ် ငိုသံက ပါလာနေပြီ။

"မင်း ပြန်ခေါ်သွားပါ ကိုနိုင်၊ ပိုင် မတွေ့ချင်ဘူးဆိုတာ သေချာပြောထားလျက်နဲ့ကွာ၊ ဘာလို့ သူ့ကို ဒီနေရာအထိ ခေါ်လာရတာလဲ၊ မင်းကို ပိုင် မှာထားတဲ့ကိစ္စကိုသာ ပြီးမြောက်အောင်လုပ်ပါ"

ထိထိနိုက်နိုက် ပြောလာပါသည့်အသံ။

"မဟုတ်ဘူး ပိုင်၊ ခင်နွေ့နှလုံးသားထဲမှာ ငါ ရှိမနေဘူး၊ ရှိနေတာက မင်းပဲ၊ ခင်နွေ ဘယ်လောက်ခံစားနေရတယ်ဆိုတာ မင်းမှ မမြင်ရဘဲ၊ မြင်နေရတဲ့ ငါတို့အားလုံး ဘယ်လောက်ထိ စိတ်ထိနိုက်ရတယ်ထင်သလဲ"

ပြောပြီး နိုင်သန့် ခန်းဆီးစကို ဖယ်၍ အတွင်းသို့ ဝင်သွားသည်။ ခင်နွေသာ မျက်ရည်ကျဂျက် အခန်းပြင်မှာ ကျန်ရစ်ခဲ့၏။

"ခင်နွေ ဘယ်လောက်ထိ ခံစားနေရရှာတယ်ဆိုတာ မင်းမှ မမြင်ရဘဲကိုးကွ၊ ငါ ခင်နွေ့ဝေဒနာကို မကြည့်ရက်နိုင်တော့ဘူး ပိုင်၊ ငါ့နှလုံးသားကလဲ မကြည့်ရက်နိုင်တော့ဘူး၊ သူဟာ မျက်စိပြန်မြင်ကတည်းက မင်းကိုပဲ တမ္ဗမ္ဗခေါ်နေတာ၊ တွေ့ချင့်နေတာ၊ မင်းကိုပဲ မေးနေတာ၊ ဘယ်လောက်ကြာသွားပြီလဲ ပိုင်၊ ခင်နွေ အဲဒီလို ခံစားနေရတာ ဘယ်လောက်ကြာသွားပြီလဲ၊ အချစ်အတွက် ခံစားရတဲ့ဝေဒနာဟာ ကြေကွဲခံစားနေရတဲ့အဖြစ်တွေ၊ ဝမ်းနည်းအားငယ်ရတဲ့အဖြစ်တွေ အဲဒီအဖြစ်တွေဟာ မိနစ်လောက်ပဲရှိပါစေ၊



ခံစားရတဲ့အတိုင်းအတာက ပြင်းထန်တယ်ကွ၊ ခုဟာက တစ်နေ့တစ်ရက်မဟုတ်တော့ဘူး ပိုင်၊ ခင်နွေ ဒီလောက်အထိ အလူးအလဲ ခံစားနေရတာကို ငါ ကြည့်မနေနိုင်တော့ဘူး"

နိုင်သန့် ပြောသည်။ ဆက်တိုက် မနားတမ်းပြောသည်။ ပြောနေရင်းပင် မျက်ရည်ဝဲချင်လာသည်။ ကိုယ်တိုင်ပင် ချစ်ခြင်း၏ဝေဒနာကို ခံစားနေရသည်ပဲလေ။

အချစ်မှဖြစ်တည်လာရသော ကြေကွဲဆုံးရှုံးရခြင်းဆိုသည့် ဝေဒနာအတိုင်းအတာ မြင့်မားမှုကို နိုင်သန့် မနိုင်ဝန်ထမ်းနေရရင်းဖြင့် နှလုံးသားကို ကြေမွနေစေခဲ့ပြီးချေပြီပဲလေ။

"ဒါကြောင့် ငါ ခင်နွေ့ကို ဒီနေရာ ခေါ်လာခဲ့တယ် ပိုင်၊ ဘာကြောင့်ပဲဖြစ်ဖြစ် မင်း ခင်နွေ့ကို တွေ့လိုက်ပါ၊ သူ့ကို မင်း သနားတယ်ဆိုရင် စိတ်ချမ်းသာစေချင်တယ်ဆိုရင် မင်း သူ့ကို တွေ့လိုက်ပါကွာ"

ပိုင်သန့် ခေါင်းယမ်းသည်။ အခန်း၏တစ်ဖက်နံရံရှိရာသို့ သွားကာ နံရံကို လက်ဖြင့် မေးတင်ထောက်၍ ခေါင်းပဲယမ်းသည်။

"ပိုင် ဘယ်လိုလုပ်ပြီး ခင်နွေ့ကို တွေ့ရမှာလဲ ကိုနိုင်၊ သူ့ကို ဘယ်လိုအင်အားတွေသုံးပြီး တွေ့ရဲတဲ့ သတ္တိကို ပိုင် မွေးယူရမှာလဲ၊ သူ ... သူ ပိုင့်ကို ဒီလိုအခြေအနေမျိုးနဲ့တွေ့ဖို့ စိတ်ကူးထဲမှာတောင် မရှိနိုင်ဘူး၊ မရှိခဲ့နိုင်ဘူး ကိုနိုင်၊ သူ ... သူ သိပ်ကိုကြောက်သွားလိမ့်မယ်၊ အဲဒီအဖြစ်ကို ပိုင် မြင်ရင် ပိုင် ..."

www.burmeseclassic.com

www.burmeseclassic.com



ပိုင် ဘယ်လို ခံနိုင်ရည်ရှိပါတော့မလဲ ကိုနိုင်ဟူသော စကားကို မဆက်တော့နိုင်။ အသံ တိမ်ကျသွားလျက် မျက်ရည်သာ ပြိုဝဲကျဆင်းလာရသည့်အဖြစ်။

နှလုံးသားကို ကြီးမားသော တူကြီးနှင့် ထုနှက်ပစ်သည်သို့ ခံစားနေရသည်။

သူ့ပုံရိပ် ခဏတာလေးမျှ ရိပ်ခနဲ ထင်သွားတာကို လှမ်းကြည့်တွေ့မြင်လိုက်သည့် ခင်နွေ့မျက်နှာလေးတွင် ထူးခြားထိတ်လန့်သွားတာမျိုးကို သူ မတွေ့လိုက်ရသည့်အတွက်ပင် ဖြေသာဖွယ်ရှိနေရသေးသည်။ မျက်နှာတစ်ခြမ်းကို ခင်နွေ ရိပ်ခနဲ မြင်လိုက်ခွင့်ကြုံလိုက်ရသည်ပဲလေ။ ဒါပေမဲ့ ခင်နွေ့ကို သူ အဘယ်သို့သော အားကိုယူ၍ ဤဘဝကို ပြနိုင်ပါမည်လဲ။ မဖြစ်နိုင်။ အဘယ်နည်းနှင့်မျှ မဖြစ်နိုင်။

"အစ်ကိုပိုင် ခင်နွေပါ"

ခင်နွေ့ခေါ်သံလေး နောက်ပါးမှ ရောက်လာတာကို ချောက်ချားစွာ သိလိုက်ရသည်နှင့် ...

"မလာနဲ့ ... မလာနဲ့"

ဟု တုန်လှုပ်စွာ သူ အော်သည်။ နောက် မျက်မှန်ကို လက်မောင်းနှင့်ကွယ်၍ အခန်းနံရံကို မျက်နှာအပ်ထားတာ သူ စတင်၍ ငိုရှိုက်လိုက်မိပါချေပြီတည်း။

တိုးတိတ်စွာ သဲ့သဲ့မျှ ပွင့်ထွက်လာသော ရှိုက်သံ။

ခင်နွေ ရပ်နေဆဲ။ စောစောက အစ်ကိုနိုင်နှင့် အစ်ကိုပိုင်တို့ ပြောနေသမျှ စကားများကို ခင်နွေ တစ်ဖက်ခန်းမဆီမှ အတိုင်းသား ကြားနေရသည်ပဲလေ။



ရိပ်ခနဲ မြင်လိုက်ရရုံရှိဆဲတွင်ပင် ချက်ချင်း တံခါးမှ ခန်းဆီးလေး ပြန်ပိတ်ကျသွားကာ ခင်နွေ့ကို တွင်တွင်ကြီး ပြန်ခေါ်သွားဖို့ ပြောနေသည့် အစ်ကိုပိုင့်အသံတွေမှာ မုန်းတီးနာကြည်းရိပ်များ မပါတာကို ခင်နွေ သိသည်ပေါ့။

အစ်ကိုပိုင်၏ အသံကို ခင်နွေ ငယ်ကတည်းက တရင်းတနှီး ကြားခဲ့ရသည် မဟုတ်ပါလား။

ချစ်ခင်အားကိုးရပါသော အစ်ကိုပိုင်၏ အသံတွေကို ခင်နွေ နားလည်နေခဲ့သည်။

အစ်ကိုပိုင် ပျော်နေတာ။

အစ်ကိုပိုင် စိတ်ရှုပ်နေတာ။

အစ်ကိုပိုင် စိတ်ထိခိုက်နေတာ။

အစ်ကိုပိုင် ဒေါသကြီးလာတာ။

အားလုံးကို အစ်ကိုပိုင့်အသံ ကြားရုံမျှဖြင့် ခင်နွေ နားလည်နိုင်ခဲ့သည်မှာ ယခုမှ မဟုတ်။ ဟိုးယခင်ကတည်းကပဲလေ။

ယခု အစ်ကိုပိုင် ခင်နွေ့ကို ရှောင်နေခြင်းမှာ ကြေကွဲခံစားနေရသောရင်ဖြင့် ဆိုတာကို ခင်နွေ နားလည်နေရသည်။

ခင်နွေ့ကို မုန်းတီး၍ အစ်ကိုပိုင်က မောင်းနှင်ထုတ်နေသည်ဆိုလျှင် ခင်နွေ ထွက်ခွာပေးမည်သာ။ ယခုလို အသံလအပြိုပြို ထိခိုက်ခံစားနေရရှာပါသည့်အဖြစ်ကို သိနေရပါလျက် ခင်နွေ မည်သို့ ထားရစ်ထွက်ခွာသွားနိုင်ပါမည်လဲ။ ခင်နွေ အခန်းလေးအတွင်းသို့ ဝင်လိုက်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်နွေ ဝင်လာတာကိုမြင်သည့် အစ်ကိုနိုင်က ခေါင်းညိတ်ပြုံးပြကာ ခေတ္တနေပြီးမှ လက်တစ်ဖက် မြှောက်ပြကာ အခန်းတွင်းမှ ထွက်သွားသည်။ အိမ်ပေါ်မှဆင်းသွားသော ခြေသံကို ကြားရ၏။ နောက် ကားမောင်းထွက်သွားသံ။

"အစ်ကိုပိုင် ခင်နွေလေ အစ်ကိုပိုင့်ကို တွေ့ချင်လွန်းလို့ လာခဲ့ရတာပါ၊ အစ်ကိုပိုင် မမြင်ချင်ဘူးဆိုတာ သိနေရက်နဲ့ အစ်ကိုပိုင် ခင်နွေ့ကို ရှောင်နေတယ်ဆိုတာ သိနေရက်နဲ့ ခင်နွေလေ အစ်ကိုပိုင့်ကို မြင်ချင်လွန်းတဲ့စိတ်တစ်ခုတည်းနဲ့ လိုက်လာခဲ့တာပါ အစ်ကိုပိုင်ရယ်၊ ခင်နွေ့ကို နှင်မထုတ်ပါနဲ့"

"မဟုတ်ဘူး ... ပြန်ပါ ခင်နွေ ... ပြန်ပါကွာ၊ ဘာလို့နေရစ်ခဲ့တာလဲ ပြန်ဆို ... ပြန်"

ခေါင်းယမ်းလျက် ဖွတ်အတင်း နှင်နေသည့် အစ်ကိုပိုင့်ကို ခင်နွေ မျက်ရည်များဝေနေသော မျက်ဝန်းများဖြင့် ကြည့်နေမိသည်။

အခန်းနံရံကို မျက်နှာအပ်လျက် မျက်နှာကို လက်မောင်းဖြင့်ကွယ်ကာ ကြေကွဲခံစားနေသော အစ်ကိုပိုင်။

"ခင်နွေ မပြန်နိုင်ဘူး အစ်ကိုပိုင်၊ အစ်ကိုပိုင် ခင်နွေ့ကို မုန်းပြီး နှင်ထုတ်တာမဟုတ်ဘူးဆိုတာ ခင်နွေ သိတယ်၊ အစ်ကိုပိုင့်အသံကို ခင်နွေ နားလည်တယ်"

ခင်နွေ အစ်ကိုပိုင့်ကျောပြင်ကို ငေးစိုက် ကြည့်နေမိဆဲ။



အစ်ကိုပိုင့်ထံမှ ဘာသံမျှ ထပ်ထွက်မလာ။ ကျောပြင်သာ သိမ့်ခနဲ တုန်သွားတာမြင်ရ၏။ အစ်ကိုပိုင် ကျိတ်၍ မျက်ရည်များကျနေပြီဆိုတာ နားလည်လာသည်။

"အစ်ကိုပိုင် ခင်နွေ့ကို ကြည့်လှည့်ပါဦး အစ်ကိုပိုင်ရယ်၊ အစ်ကိုပိုင့်ကိုလဲ ခင်နွေ ပြန်မြင်ပါရစေ၊ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် ခင်နွေ့ကို ဒီလို မတွေ့မမြင်ရအောင်တော့ ရှောင်မနေပါနဲ့ အစ်ကိုပိုင်ရယ်"

ခင်နွေ့အသံ တိမ်သွားကာ ရှိုက်သံပွင့်ထွက်လာသည်။ ငိုရှိုက်သံဖြင့်ပင် ကလေးလေးလို ပူပူဆာဆာ တောင်းဆိုနေသည်။ တောင်းပန်နေသည်။ ဤအသံလေးသည် သူ့နှလုံးသားကို နာကျင်ခံစားနေရစေချေပြီတည်း။

"ခင်နွေဟာ အစ်ကိုပိုင့်အတွက် မီးလိုပူစေမယ့် သူအဖြစ် သတ်မှတ်ထားလိုက်ပြီလား ဟင်၊ ခင်နွေလေ ... အစ်ကိုပိုင့်ကို စိတ်ချမ်းသာစေချင်ပါတယ်၊ ခင်နွေ့ကြောင့် ဒီလောက်ထိ ကြေကွဲခံစားနေရတာလဲ ခင်နွေ မကြည့်ရက်တော့ပါဘူး၊ ခင်နွေ အစ်ကိုပိုင့်ကို ကန်တော့ပါတယ်"

ခင်နွေ ရှိုက်သည်။ နောက် ... ကြမ်းပြင်တွင် ကျုံ့ကျုံ့ထိုင်သည်။ ပျပ်ဝပ်စွာ ကန်တော့သည်။ မျက်ရည်က ထိန်းမနိုင် သိမ်းမရ ကျနေကြရပြီ။

"ခင်နွေ ထင်ခဲ့ဖူးတယ် အစ်ကိုပိုင်၊ ခင်နွေ့ကို နားအလည်ဆုံးလူဟာ အစ်ကိုပိုင်ပဲလို့၊ အဘ မရှိတော့တဲ့နောက်မှာ ခင်နွေ အားကိုးယုံမှတ်ခဲ့ဖူးပါတယ်၊ ခင်နွေလေ အဘရယ်ပြီးတော့ အစ်ကိုပိုင်ရယ်ကို အားကိုးယုံကြည်ကိုးစားခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဘက ခင်နွေ့ကို ဒေသခွဲခွဲသွားခဲ့တယ်၊ အစ်ကို ပိုင်က ခင်နွေ့ကို အကြောင်းပြချက်မရှိဘဲနဲ့ စိမ်းကားပြတ်တောက်စွာ ရှင်ကွဲခွဲပစ်လိုက်ပြီ၊ ခင်နွေ့ သိပ်ဝမ်းနည်းတယ်"

ခင်နွေ့အသံလေး တိမ်ကျသွားတာ၊ ပွင့်ကန်ကျလာသည့်နယ် သည်းသည်းထန်ထန် ငိုကြွေးလိုက်တာ၊ အားလုံးကို သူ ကြားနေရသည်။

"ရက်စက်လိုက်တာ အစ်ကိုပိုင်ရယ်၊ ခင်နွေ့ကို ရက်စက်လိုက်တာ"

ရင်ကို ထိစေတ်စေသော အသံလေး။

မျက်စိကို စုံမှိတ်အံတင်း ထိန်းနေခိုက်မှာပင် ရှိုက်သံနှင့်အတူ ပြေးထွက်သွားသည့် ခြေသံလေးကို ကြားလိုက်ရသည်။

ထိတ်ခနဲ သတိတစ်ချက်ဝင်၏။ အိမ်ငယ်လေးရှေ့မှာ ကားမရှိ၊ ကားက ထွက်သွားပြီ။

ဟုတ်သည်။ ခင်နွေ့ကို သူ တွင်တွင်နှင်ထုတ်နေမိခြင်းသည် အဘယ်မျှ ရက်စက်လိုက်ပါသနည်း။

ကိုနိုင် မရှိတော့။ ထွက်သွားပြီ။ ခင်နွေ့ကို ထားခဲ့ပြီး ထွက်သွားပြီ။

ခင်နွေ့ စိတ်ညစ်ညစ်နှင့် လျှောက်ထွက်သွားလေမည်လား။

"ခင်နွေ့ ..."

သူ စိုးရိမ်စိတ်ဖြင့် လှမ်းအော်ခေါ်သည်။

စိုးရိမ်တကြီးလည်း အိမ်ရှေ့ခန်းလေးဆီသို့ လျှောက်ခဲ့သည်။



အိမ်ရှေ့ဝရန်တာလေးဆီ ရောက်နေပြီဖြစ်သော ခင်နွေ့ ခြေလှမ်းလေးတွေကို တုံ့ဆွဲလိုက်သည်က အစ်ကိုပိုင့်ခေါ်သံ။

ချက်ချင်း ခင်နွေ့ နောက်ကြောင်းကို ပြန်လှည့်ပြေးလာမိသည်။ အစ်ကိုပိုင် ခင်နွေ့ကို ခေါ်လာချေပြီပဲလေ။

မျက်နှာကို လက်ဝါးဖြင့် အုပ်မိုးလျက် အိမ်နံရံကို ကျောဖြင့်မှီထားသော အစ်ကိုပိုင်။ ခင်နွေ့ သူ့ရှေ့ရောက်လာနေပြီဆိုတာ သူသိနေသည်။

"ခင်နွေ့"

သူ့အသံတွေ အက်ကွဲလိုက်ပါနေ၏။

"အဆိုးဝါးဆုံးအခြေအနေကို ရင်ဆိုင်နိုင်တဲ့ စိတ်ကို အရင်ဆုံးမွေးနော်၊ ပြင်ဆင်ထား၊ ခင်နွေ့ သိပ်တွေ့ချင်တဲ့ အစ်ကိုပိုင့်ကို ခင်နွေ့ မြင်ရတော့မယ်၊ ခင်နွေ့ သိပ်တွေ့ချင်နေတဲ့ အစ်ကိုပိုင့်ကို ခင်နွေ့ မြင်ရပါတော့မယ်ကွယ်"

သူ ဆို့ဆို့နင့်နင့်ပြောမိလျက် မျက်နှာပေါ်မှာ အုပ်မိုးထားသည့်လက်ကို တိမ်းဖယ်ပေးလိုက်ရပါပြီ။ သူ ခင်နွေ့ကို မကြည့်ရဲ။ မျက်စိကို စုံမှိတ်ထားလိုက်လျက် အံကို တင်းတင်းခဲထားသည်။

ခင်နွေ့ ကြောက်သွားလေပြီလား။ ချောက်ချားသွားလေပြီလား။ ဒါမှမဟုတ် စိတ်ပျက်သွားချေပြီလား။

သူ မမြင်ချင်။ သူ အရိပ်တကြည့်ကြည့်နှင့် မြတ်နိုးရသူလေး၏ မျက်နှာမှာ ထင်ဟပ်လာသည့် အဖြစ်များကို သူ မကြည့်ရဲ။ မကြည့်ဝံ့။

www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်က ထိန်းထားသည့်ကြားမှ မျက်ဝန်းအိမ်မှေးပိတ်ထားသည့်ကြားမှ စီးကျလာကြသည်။

ခင်နွေ မမိုတ်မသုန် မှင်တက်၍ ကြည့်နေမိဆဲ။

မျက်ခုံးထူထူ၊ အသားညိုဝင်းဝင်း၊ မြင့်မားကျစ်လျစ်သောအရပ်။

ပခုံးကျယ်ကျယ်၊ မေးရိုးပြန့်ပြန့်ဖြင့် အစ်ကိုပိုင်။ ထူထဲသော ဆံနွယ်တို့က နဖူးပြင်ပေါ်မှာ ဝဲကျနေသည်။

ဒါ ... ဒါပေမဲ့ ... အစ်ကိုနိုင်၏ ဘယ်ဘက်ပါးပြင်တွင် ထင်ရှားသော အမာရွတ်ကြီးက ကန့်လန့်ဖြတ် အရုပ်ဆိုးစွာ တည်ရှိနေချေသည်တကား။

"ဖြစ်ရလေ ... အစ်ကိုပိုင်ရယ်"

ခင်နွေ တွေးမိရင်း မျက်ရည်များ ကျလာရသည်။

ဤအတွက် အစ်ကိုပိုင်သည် ခင်နွေ့ကို ရှောင်နေခြင်းပါလား ဆိုတာကိုလည်း သိလာရသည်။

"တွေ့ပြီ မဟုတ်လား ခင်နွေ၊ ဒီမှာ စမ်းကြည့်စမ်းပါဦး၊ မင်းရဲ့လက်လေးတွေနဲ့ ဟိုတုန်းကလို စမ်းကြည့်စမ်းပါဦး၊ မင်း မမြင်ရခင်တုန်းက စမ်းကြည့်ခဲ့ဖူးတဲ့ မျက်နှာနဲ့ အခု မင်းမြင်ရပြီးတဲ့နောက်မှာ စမ်းကြည့်ရတဲ့ မျက်နှာ မတူတော့ဘူးကွ ... မတူတော့ဘူး"

ခင်နွေ့ကို ရုတ်ခနဲ သူ ကြည့်လိုက်မိစဉ် တိတ်ဆိတ်စွာ မော့ကြည့်နေရှာသော အဖြစ်ကိုမြင်ခိုက် ဝေဒနာအလုံးအလဲဖြင့် သူ ... အရူးတစ်ယောက်လို ခင်နွေ့လက်လေးတွေကို စိတ်လိုက်မာန်ပါ ဆွဲယူလျက် သူ့မျက်နှာကို ထိစမ်းခိုင်းနေမိသည်။



နောက် ... ခင်နွေ လက်လေးတွေကို မလွှတ်ဘဲ မျက်နှာကို အုပ်မိုးထားစေလျက် ခင်နွေ့လက်ကလေးတွေပေါ်မှာ သူ့လက်ကို ဖိအုပ်ထားမိသည်။

"အစ်ကိုပိုင်"

ခင်နွေ့ထံမှ ငြိမ်းအေးစွာ ခေါ်လာပါသည့် အသံလေး။

"ဒီဒဏ်ရာကြောင့် ခင်နွေ့ကို နှင်ထုတ်နေတာလားဟင်၊ ခင်နွေ့ကို ဘာလို့ အထင်သေးရတာလဲ အစ်ကိုပိုင်ရယ်"

သူ ခင်နွေ့လက်လေးတွေ အုပ်မိုးထားရာ မျက်နှာမှ လက်လေးတွေကို ဖယ်ခွာလိုက်မိသည်။ ဒါပေမဲ့ ခင်နွေ့လက်လေးတွေကို မလွှတ်မိသေး။

"ခင်နွေ"

သူ ခင်နွေ့မျက်နှာလေးကို မြတ်နိုးစွာ ကြည့်မိလျက် ခေါ်လိုက်မိသည်။

နောက်မှ သတိဝင်လာကာ ခေါင်းကို တွင်တွင်ယမ်းသည်။

"မဟုတ်ဘူး ခင်နွေ"

ခင်နွေ သူ့လက်တွေကို အတင်းဆုပ်ကိုင်ထားသည်။

မလွှတ်။

"အစ်ကိုပိုင် ... ဟိုးအရင်တုန်းက အကျော်ပင်ကြီးအောက်မှာ ခင်နွေနဲ့ အတူရှိခဲ့တာတွေကို ခဏလောက် ပြန်တွေးကြည့်ပါဦးလားဟင်"

www.burmeseclassic.com



ခင်နွေ့ စိတ်ရှည်လက်ရှည်လေး ကလေးတစ်ယောက်ကို ချော့မော့ပြောသလို နားဝင်အောင် ပြောနေတာ သူနားလည်သည်။

မျက်စိကို စုံမှိတ်လိုက်ကာ သက်ပြင်းကို သူ ရှိုက်သည်။

"အဲဒီတုန်းက ခင်နွေ့က မျက်စိမမြင်ဘူးလေ၊ ခင်နွေ့ အားငယ်နေတဲ့အချိန်၊ စိတ်ထိခိုက်နေတဲ့အချိန်တွေမှာ အစ်ကိုပိုင် ခင်နွေ့အနားမှာ ရှိနေခဲ့တယ်၊ အားပေးနှစ်သိမ့်ခဲ့တယ်"

အကျော်ပွင့်ကြွေများ ရှိနေရာ မြက်ခင်းပြင်လေး။

အကျော်ပွင့်ကြွေများကို သီကုံးနေပါသည့် ကောင်မလေး။ ထိုမိန်းကလေး အနားတွင်ရှိနေလျက် နှစ်သိမ့်ဖျောင်းဖျ အားမာန်ဖြစ်စေမည့်စကားများကို ပြောခဲ့ပါသည့် ကောင်လေး။

အားလုံးသည် သူ့မျက်ဝန်းရိပ်တွင် ပုံရိပ်ပြန်ထင်လာပါ၏။

"အဲဒီတုန်းက အကန်းမလေး ခင်နွေ့ကို အစ်ကိုပိုင် ကန်းနေမှန်းသိနေရက်နဲ့ သံယောဇဉ်ကြီးခဲ့တာပဲ မဟုတ်လား၊ မျက်စိမြင်တာ မမြင်တာ သံယောဇဉ်နဲ့ မဆိုင်ပါဘူး အစ်ကိုပိုင်၊ အဲဒီလိုပဲပေါ့ အစ်ကိုပိုင်ရယ်၊ ခုလိုအချိန်မှာ ဟိုးတစ်ခါတုန်းက ခင်နွေ့အနားမှာ အစ်ကိုပိုင် ရှိခဲ့သလို ခင်နွေ့လဲ ဒီအချိန်မှာ အစ်ကိုပိုင့်အနားမှာ ရှိနေရမှာပေါ့၊ ခွင့်လဲပြုရမှာပေါ့၊ ခင်နွေ့ရင်ထဲမှာ ဘယ်လောက်ထိ သံယောဇဉ်ကြီးရတယ်ဆိုတာ အစ်ကိုပိုင် သိပါတယ်"



သူ ခင်နွေ့မျက်နှာလေးကို မမှိတ်မသုန် ငေးစိုက်ကြည့်နေမိရင်းမှ ကြည်နူးမျက်ရည်များ ဝဲလာရသည်။

ခင်နွေ့လက်လေးတွေ သူ့မျက်နှာပေါ် ဖွဖွညင်ညင် လာထိသည်။

နဖူး။ နှာတံ။ ပါးပြင်။ ဆံနွယ်ထူထူများ အားလုံးကို ဟိုးယခင်တုန်းကလိုပင် ခင်နွေ့ ဖွဖွညင်ညင် စမ်းသပ်ကြည့်နေသည်။

"အားလုံးဟာ အရင်တုန်းကလိုပါပဲ အစ်ကိုပိုင်၊ ဘာမှ မပြောင်းလဲပါဘူး၊ ရင်ထဲက ရှိတဲ့သံယောဇဉ်ဟာ ဘယ်အရာကိုမှ အပြောင်းအလဲမဖြစ်စေနိုင်ပါဘူး အစ်ကိုပိုင်"

"ခင်နွေ့ရယ် ..."

သူ သန်မာသော လက်များဖြင့် ခင်နွေ့ပခုံးလေးကို ဆုပ်ကိုင်လိုက်မိလျက် ရင်နှင့်အမျှ မြတ်နိုးရစိတ်၊ အထင်ကြီးရစိတ်များဖြင့် ခေါ်ငင်လိုက်မိရပါပြီ။ တစ်ဆက်တည်းခင်နွေ့ကိုယ်လေးကို ရင်ခွင်တွင်း သိမ်းကျုံးပွေ့ယူထားလိုက်မိချေသည်။

ခင်နွေ့ပခုံးလေးပေါ် ခေါင်းကို မှေးမှိတ်လျက် မေးဖျားဖြင့် ထိလိုက်ရင်း ...

"ခင်နွေ့ရယ် ..."

ဟု ခပ်တိုးတိုး ခေါ်နေမိသည်။

ခင်နွေ့လက်လေးတွေ သူ့ကျောပြင်ကို သိုင်းဖက်လာတာကိုလည်း ကြည်နူးစွာ သိနေရသည်။

သူကိုယ်တိုင်လည်း ခင်နွေ့ကိုယ်လေးကို မလွှတ်တမ်း ထွေးပိုက်ထားမိရပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲတွင် ကြည်နူးငြိမ်းချမ်းခြင်းဆိုတာ ခံစားနေရပါပြီ။

"ခင်နွေလေ ... အစ်ကိုပိုင့်ကို မျက်စိမြင်တဲ့နေ့ကတည်းက မေးနေခဲ့ရတာ၊ အစ်ကိုပိုင့်ကို တွေ့ချင်လွန်းလို့ ငိုလိုက်ရတာ၊ အစ်ကိုပိုင် ဘာများဖြစ်လို့ ခင်နွေ့ဆီမရောက်ပါလိမ့်လို့လဲ စိတ်ပူလိုက်ရတာ"

သူ ခင်နွေ့ကိုယ်လေးကို ရင်ခွင်မှခွာ၍ မျက်နှာလေးကို အနီးကပ် တစိမ့်စိမ့်ကြည့်နေမိသည်။ ခင်နွေ့ပါးပြင်လေးပေါ်မှ ကျနေသည့် ဆံနွယ်မျှင်လေးကိုလည်း ဖွဖွညင်ညင် ဖယ်ပေးမိသည်။

"မပြောနဲ့တော့ ခင်နွေ၊ အခု ပိုင့်ကို တွေ့ရပြီပဲ၊ ပိုင်မှားသွားခဲ့တယ် နော်၊ ခင်နွေ့ကိုလဲ စိတ်ဆင်းရဲအောင် လုပ်မိလိုက်သလို ဖြစ်သွားတယ်၊ ပိုင်လဲ ရှုမတတ်ခံစားရတာပါပဲ နွေလေးရယ်"

သူ တိုးတိုးတောင်းပန်သည်။ ခင်နွေ့ပါးပြင်လေးကိုလည်း ဖွဖွညင်ညင် နမ်းရှိုက်မိသည်။ ပထမဆုံး နမ်းရှိုက်မိရပါသည့်အနမ်းဦး။

သူ့ပါးမှာ ဒဏ်ရာရရှိပြီးသည့်နောက် ကိုနိုင်က ခင်နွေ့ကို လက်မထပ်နိုင်ဟု အတိအလင်း သူ့ကို တစ်နေ့မှာ ပြောခဲ့သည်။

ခင်နွေ့နှလုံးသားထဲမှာ သူသာရှိနေသည်။ နိုင်သန့်ရှိမနေပါဟု နိုင်သန့် အတိအလင်း သူ့ကို ပြောခဲ့သည်။



ခင်နွေ တစ်ချိန်လုံး သူ့ကိုပဲ မေးနေတာကိုလည်း ပြောပြခဲ့သည်။ ဒါပေမဲ့ သူလက်မခံခဲ့။ ကိုနိုင့်ကို ညှာစိတ်။ ခင်နွေ့ကိုညှာတာစိတ်ဖြင့် ဇွတ်ငြင်းခဲ့သည်။ နောက်ဆုံးတွင် ဘယ်လိုနည်းနှင့်မျှ ခင်နွေ့ကို လက်မထပ်ဟု ကိုနိုင် အပြတ်ပြောခဲ့သည့်တိုင် သူ ခေါင်းမာနေခဲ့ဆဲ။

ယခုတော့ ... ခင်နွေ့ကို သူ မရက်စက်နိုင်တော့။ ခင်နွေ့မေတ္တာကိုလည်း အသိအမှတ်မပြုဘဲ မနေနိုင်တော့။ ဥပေက္ခာလည်းမပြုရက်နိုင်တော့။ အထင်မကြီးဘဲလဲ မနေနိုင်တော့။

"ခင်နွေ ... ပိုင် ပြောပြမယ်နော်၊ ပိုင်လေ ... ခင်နွေ့ကို ဟိုးအရင်ကတည်းက ချစ်လာခဲ့ရတာပါ၊ ပိုင့်ရဲ့နှလုံးသားကို နိုင်မြဲအောင် အချစ်ပိုးချည်တွေနဲ့ ခင်နွေက ရစ်ချည်သွားခဲ့တာပါ၊ အဲဒီပိုးချည်လေးတွေဟာ ကာလကြာရှည်အောင် အထပ်ထပ် ချည်ထားတာမို့ သံမဏိမျှင်တွေထက်တောင် ခိုင်မတ်ပါတယ်ကွယ်၊ ပိုင်လေ ... ခင်နွေ့ကို ဟိုးအရင်ကတည်းက လက်ထပ်ဖို့အထိ တမြတ်တနိုး ချစ်ခဲ့ရတဲ့သူပါကွယ်"

ရင်မှဖြစ်တည်လာရပါသော သစ္စာစကားကို သူ ဖွင့်ဟဝန်ခံလိုက်မိရပါပြီ။

ခင်နွေ့မျက်နှာလေးကို တစိမ့်စိမ့်ကြည့်လျက် နဖူးပြင်လေးကို သူ နမ်းရှိုက်လိုက်မိပြန်သည်။ အားလုံး သိမ့်သိမ့်မွေ့မွေ့ ညင်ညင်သာသာ။ ဆံနွယ်လေးများကိုလည်း ဖွဖွသပ်တင်ပေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... ဘဝသည် အရာရာပြည့်စုံ အေးချမ်းသည်သို့ ခံစားရလေသည်တကား။

"ချစ်လိုက်ရတာ ခင်နွေရယ်"

ဟု မေးဖျားလေးကို မော့စေလျက် တမြတ်တနိုးကြည့်ရင်း တိုးတိုးလေး ပြောမိသည်။

ခင်နွေ့ ကိုယ်လေး သူ့ရင်ခွင်ထဲ တိုးဝင်လိုက်တာ။

ခင်နွေ့ခေါင်းလေး သူ့ရင်အုံမှာ မှေးမှီလာတာ။

ခင်နွေ့လက်ကလေးတွေ သူ့ကျောပြင်ကြီးကို အားကိုးတကြီး ဖက်တွယ်ထားလာတာကို သူ ကြည်နူးစွာသိနေရပြီလေ။

နောက် အလှတရားများဖြင့် ထုံမွမ်းနေပါသည့် ပန်းပုသူ့စလေးကို ပိုင်ပိုင်ထွေးလျက် မြတ်နိုးမက်မပြေစွာ နမ်းရှိုက်လိုက်မိပါချေသတည်း။

ဩော် ... ပိုင်နှလုံးသားကို ထာဝရတိုင် နှောင်လေတဲ့ ငွေပိုးမျှင်လေး ခင်နွေရယ်။

ထပ်ထပ်ရစ်ချည်သော ငွေပိုးမျှင်သည် သံမဏိမျှင်ထက် နှလုံးသားကို ပိုမိုခိုင်မြဲစွာ နှောင်ဖွဲ့တတ်ပါချေသည်။

သံယောဇဉ်ကို နှယ်လျက် မြတ်နိုးမှုကို အခြေတည်ကာ သိမ်မွေ့နူးညံ့သော ချစ်ခြင်းငွေပိုးမျှင်များဖြင့် ကာလကြာရှည်စွာ ရစ်ပတ်ဖွဲ့နှောင်ထားသော အချစ်သည်လည်း ပိုမို၍ ခိုင်မြဲပါချေသည်တကား။



*ထပ်ထပ်ရစ်တည်*
*ငွေပိုးချည် သူလေရစ်လေတော့*
*မြဲခိုင်ပေါ့ နှလုံးတွင် ...။*

*သံမဏိမျှင်*
*သူ့ခိုင်ချင်မှ ခိုင်လေမယ်*
*ငွေပိုးသွယ် ထပ်ထပ်နှယ်လျှင်ဖြင့်*
*ရှုံး မဖြစ်တယ် ...။*

*ချစ်သခင် ပိုးမျှင်လေးလိုပဲ*
*တစ်သက်လျှင် ရစ်တွယ်မျှေးခိုဆဲပေမို့*
*တစွဲစွဲ တငင်ငင်*
*သူလေလျှင် ရစ်ချည်စွမ်းပေရဲ့*
*ဩော် ...*
*နှောင်လေတဲ့ ငွေပိုးမျှင် ...။*

www.burmeseclassic.com